www.burmeseclassic.com



BURMESE CLASSIC .com

ဤမှန်သောသစ္စာစကားကြောင့်

# ဖြစ်ဦးမင်း

# THE PROMISE

by

DANIELLE STEEL

www.burmeseclassic.com

www.burmeseclassic.com


ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် ၄ ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် ၄ ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး


# မြတ်ငြိမ်း

# ဤမှန်သောသစ္စာစကားကြောင့်

**The Promise**
*by*
**Danielle Steel**


ဒေဝမွန် စာပေလုပ်ငန်း
အမှတ် ၁၁၅၁၊ အောင်သုခလမ်း (၄၀) ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။
[ ၁၊ ဩဂုတ်၊ ၂၀၀၃ ]

www.burmeseclassic.com


| | | |
|---|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ◆ | ၅၈၂/၂၀၀၃(၅) |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ◆ | ၅၈၁/၂၀၀၃(၆) |
| ထုတ်ဝေမှု | ◆ | ပထမမူ၊ |
| အကြိမ် | ◆ | ပထမအကြိမ်။ ဧပြီလ၊ ၁၉၈၂ ခုနှစ်။ ငြိမ်းအေးစာယဉ်။<br>ဒုတိယအကြိမ်။ ဩဂုတ်လ၊ ၂၀၀၃ ခုနှစ်။ |
| အုပ်ရေ | ◆ | ၈၀၀ |
| စာစီ | ◆ | KZaw DTP |
| စာပြင်၊ စာမျက်နှာဖွဲ့ | ◆ | ဇောဇော် |
| မျက်နှာဖုံး ပန်းချီဒီဇိုင်း | ◆ | ကိုဆန်း |
| အတွင်းဖလင် | ◆ | ငြိမ်းအေး |
| မျက်နှာဖုံးဖလင် | ◆ | STARS |
| စာအုပ်ချုပ် | ◆ | ကိုတင်အေး(လှိုင်) |
| ထုတ်ဝေသူ | ◆ | ဦးမြင့်ဆွေ<br>အမှတ် ၁၁၅၁၊ အောင်သုခလမ်း၊ (၄၀)ရပ်ကွက်<br>ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | ◆ | ဒေါ်ခင်လှ(မြ ၀၁၅၇၈)<br>စာပေလောကပုံနှိပ်တိုက်၊<br>အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| အရွယ်အစား | ■ | ၄.၈ × ၇.၂ လက်မ။ စာမျက်နှာ ၃၃၀။ |
| မြန်မာပြန်စာမူ မူပိုင် | ■ | မြတ်ငြိမ်း |
| ဒုတိယအကြိမ်ပုံနှိပ် မူပိုင် | ■ | ဆွေမှုန် စာပေလုပ်ငန်း |
| တန်ဖိုး | = | ၈၀၀ ကျပ် |


# ၁

အားဇတ်တက္ကသိုလ် ပရိဝုဏ် အတွင်းရှိ အဓိပတိ ဝိလျှံအီးလျော့ အထိမ်းအမှတ် အဆောက်အအုံ ရှေ့တွင် လုလင်ပျို တစ်ဦးနှင့် လုံမပျို တစ်ဦး။

စက်ဘီး ကိုယ်စီ ဆွဲယူလိုက်ကြသည်။

မေလ နံနက်ခင်း၏ နေခြည်လွှာသည် သူတို့ နှစ်ယောက်ကို ရွှေရောင်ဖြင့် ဆွတ်ဖျန်း လွှမ်းခြုံထားဘိသို့။

ပို၍ နုပျိုနေကြသည်။ ပို၍ လန်းဆန်းနေကြသည်။ ကလေးမ၏ ဆံပင် ဘိုဘိုကလေးများမှာ နေခြည်နုနုတွင် တဖိတ်ဖိတ် လက်နေသည်။ တစ်ဦးကို တစ်ဦး အတန်ကြာအောင် စိုက်ကြည့်နေကြသည်။ အပြုံး ကိုယ်စီဖြင့်။ မျက်လုံးချင်း ဆုံတော့ လုံမပျိုက လွင်လွင်ကလေးရယ်လိုက်သည်။

လုလင်ပျိုမှာ ဗိသုကာ ပါရဂူဘွဲ့ ယူတော့မည့် မိုက်ကယ်ဟီးလ်ယဒ်။ မိန်းကလေးက ပန်းချီ အဓိက ကျောင်းသူမကလေး နန်စီမက်အယ်လစ်စတာ။

“ကဲ ... ဆိုပါဦး၊ ဗိသုကာလောင်းကြီးရဲ့။ ရင်ထဲမှာ ဘယ်လို ဖြစ်နေလဲ ဟင်”

“နောက် နှစ်ပတ်အကြာ ကိုယ် ဗိသုကာ ဒေါက်တာဘွဲ့ ရတော့မှ ဒီ မေးခွန်းကို မေးမှပေါ့”

မိုက်ကယ်က နဖူးပြင်ပေါ်တွင် ဝဲကျနေသည့် ရွှေရောင် ဆံပင်ကို နောက်သို့ သပ်တင်လိုက်ရင်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com



"သွားစမ်းပါ။ သူ့ ဒေါက်တာဘွဲ့ကြီး။ ဒီက မေးတာကဖြင့် တစ်မျိုး မနေ့ညက တွေ့ပြီး ဘယ်လို နေလဲလို့ မေးတာ"

နန်စီ မျက်စောင်းကလေးခဲကာ ချစ်စရာ အပြုံးကလေးဖြင့် ရန်တွေ့တေ မိုက်ကယ်က သူငယ်မ၏ တင်ပါးကို ဆတ်ခနဲ လှမ်းပုတ်လိုက်ပြီး

"မေးနေရသေးလား မချောရယ်။ အပျော်ဆုံးနေ့ပေါ့။ မင်းကောဟင်

သည်တော့ နန်စီ စက်ဘီးပေါ် လွှားခနဲ ခုန်တက်ပြီး ရှေ့မှ စီးပြေး မခို့တရို့ အမူအရာဖြင့် သမင်လည်ပြန် ကြည့်လျက်–

"တူတူပဲပေါ့..."

မကြာသေးခင်ကမှ မိုက်ကယ် ဝယ်ပေးထားသည့် မွေးနေ့ လက်ဆော စက်ဘီးလှလှကလေးနှင့် လိုက်ဖက်လှသည်။ ကြည့်လို့ ကောင်းလှသည်။

အော်...နန်စီလေး။ ချစ်ရလွန်းသည့် နန်စီလေး။ ချစ်ရက်တွေရှည်ကြာ ပေမဲ့ စိတ်ကူးကလေးတွေ ယဉ်လို့ကောင်းဆဲ။ အိပ်မက် လှလှကလေးတွေ မက် လို့ကောင်းဆဲ။ ခုဆို နှစ် နှစ် တင်းတင်းပင် ပြည့်ခဲ့ပါပြီ။

အချစ်နှင့် မဆုံစည်းခင် ဟားဗတ် တက္ကသိုလ် ရောက်စ ဘဝကတော ခြောက်သွေ့လှသည်။ ငြီးငွေ့ဖွယ် ကောင်းလှသည်။ ဒုတိယနှစ်တွင်လည်း ဘ မှု မည်မည်ရရ မရှိလှ။ ပျော်ပျော်ပိုက်ပိုက် မနေမိ။ အခြား အခြားသော ကျော သားတွေ လိုချင်တပ်မက်သည့် အရာတွေကို သူမှ မလိုချင်ဘဲကိုး။ ရက်ကလ ကောလိပ်နှင့် ဗာဆာကောလိပ်က မိန်းကလေးဆောင်တွေ ဘက်သို့လည်း ခြေ မလှည့်ချင်တော့။ စင်စစ် ဥပစာကောလိပ် ကျောင်းသား ဘဝကတည်းက သည် အဆောင်သူတွေကို ထည်လဲနှင့် တွဲခဲ့ဖူးပြီ မဟုတ်လား။ သို့ပေမဲ့ မိုက်ကယ ဆန္ဒ မပြည့်ဝခဲ့။ သူ့တွင် တစ်စုံတစ်ရာကို အမြဲတစေ လိုအပ်နေခဲ့သည်။ နှစ်နှ ကာကာ ထွေးထွေးနွေးနွေးရှိမည့် အချစ်ကို ရင်ထဲက တောင့်တလာသည်။ သည အချစ်မျိုးကို တမ်းတတတ်ပြီ ဆိုသည်နှင့် ရင်မှာ ဟာတတ်လာသည်။ သည်တော အကြင်နာပါသည့် အချစ်မျိုးကို နှလုံးသားက ဆန္ဒပြုလာသည်။

ပြီးခဲ့သည့် နွေတုန်းကတော့ သည်ဆန္ဒကို ဖြေရှင်းသည့် အနေဖြင့် မိမိထက အသက်ကြီးသည့် အမျိုးသမီး တစ်ဦးနှင့် ရှုပ်မိသည်။ သည်ဇာတ်လမ်းကို မေ မသိ။ အမျိုးသမီးက မေမေ့ သူငယ်ချင်း။ မေမေ့ထက်တော့ ငယ်သည်။ သူက 'ဗိုဂ်' မဂ္ဂဇင်းတွင် အယ်ဒီတာ။ အစကတော့ တော်တော် ပျော်စရာကောင်းသည်





[...]က် လေးဆယ်နား ကပ်နေပြီဖြစ်သည့် မမ အယ်ဒီတာက လှမှ လှ။ ပြီးတော့ [...]ာ်စရာ ကောင်းမှ ကောင်း။ စင်စစ် သည်ဇာတ်လမ်းသည် သူတို့ နှစ်ယောက် [...]ုံး အတွက် စိတ်ပြောင်းစိတ်လွှဲ ကိစ္စကလေး သက်သက်ပါ။ နောက် နန်စီနှင့် [...]တွေ့တော့မှ မမ အယ်ဒီတာသည်လည်း သူ့ အသည်းနှလုံးက ရှာဖွေနေသည့် [...]ခ်မျိုး မဟုတ်မှန်း သိလာရတော့သည်။

သည်အကြောင်းကို နန်စီ၏ ဘော့စတွန် ပန်းချီ ပြခန်းကို သွား ကြည့်မိ [...]သည့်နေ့ ကတည်းက သဘောပေါက်လိုက်သည်။ သူ့ ပန်းချီကားတွေမှာ ခြောက် [...]သွ့လွန်း၊ အထီးကျန်နိုင်လွန်းသည့် ဘဝကို သရုပ်ဖော်ထားသည့် ကားတွေ။ [...]မေရိကန် ကျေးလက်၏ ငြီးငွေ့ဖွယ် ရှုခင်းများ၊ ပန်းချီဆရာ၏ လွမ်းမောဖွယ် [...]ထီးကျန် ဘဝနှင့် ပတ်ဝန်းကျင်ကို ဖော်ညွှန်းသည့် စုတ်ချက်များ။ ကားတွေ [...]ို ငေးကြည့်ရင်း ပန်းချီဆရာ ဆွဲခေါ်သွားရာသို့ လိုက်ပါနေမိ၏။ ရင်ထဲတွင် [...]ုပ်ချားလာသည်။ ပန်းချီဆရာကို ကိုယ်တိုင် မြင်ဖူးချင်လာသည်။

အလှသစ်ကို စတင် တွေ့မြင်ရစဉ်က ဦးထုပ်နီကလေး ဆောင်းလို့။ သား [...]အကျီ တစ်ပတ်နွမ်းကလေးကို လှမ်းလို့။ အသားအရေက နို့ပြည်ဝင်းညက်လှ [...]ည်။ မျက်လုံး ရွှဲရွှဲကြီးတွေက အရောင် တဖျပ်ဖျပ်။ မိန်းကလေး တစ်ဦး၏ [...]လှကို မြင်ရုံဖြင့် သည်တစ်ခါလောက် ဘယ်တုန်းကမှ ရင်မခုန်ခဲ့ဖူးကြောင်း [...]ိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိသည်။

ထိုနေ့က ပန်းချီကား နှစ်ချပ် ဝယ်ဖြစ်ခဲ့သည်။ ပန်းချီဆရာမကို ညစာ [...]ကျွေး ဖြစ်ခဲ့သည်။ သည်အဆင့်တွင် အကြာကြီး တန့်နေခဲ့သည်။ နန်စီ [...]သည့် မိန်းကလေးက တိမ်းလွယ်ညွတ်လွယ် မိန်းကလေးမျိုး မဟုတ်။ အလွန် [...]လေးနက်သည့် မိန်းကလေး။ အသက်အားဖြင့် ၁၉ နှစ်သာ ရှိသေးသည့်တိုင် [...]သ အဓိပ္ပာယ်ကို နားလည်နေသော မိန်းကလေး။ အစွန့်ပစ်ခံဘဝ၏ အထီးကျန် [...]ဒနာကို သေသေချာချာ ခံစားနားလည်နိုင်သည့် မိန်းကလေး။

ဘဝကို မိဘမဲ့ ဂေဟာမှ စခဲ့ရသူ မဟုတ်လား။ မိဘမဲ့ ဂေဟာတွင် သမီး [...]ယ်ကို အပ်နှံပြီးနောက် မကြာမီ သေဆုံးသွားခဲ့သည့် မိခင်ကို မှန်းဆ၍မျှပင် [...]င်ယောင် မကြည့်နိုင်ခဲ့သည့် ဘဝမျိုး။ ကလေး ဘဝ၏ အစောဆုံး အတွေ့အကြုံ [...]များကို မှတ်မိနေပါသေးသည်။ သည်အတွေ့အကြုံတွေကတော့ အေးစက်စက် [...]ခန်း ကြီးတွေ၊ လူစိမ်းသူစိမ်းတွေ၏ အနံ့အသက်တွေ၊ အိပ်ရာကလေး ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျိတ် ငိုခဲ့ရသည့် အချိန်တွေ။ အရွယ်ရောက်သည့် တိုင်အောင် ဘဝ အစပိုင်း အနိဋ္ဌာရုံ များသည် အရိပ်သဖွယ် ကပ်ငြိလိုက်ပါနေသည်။ ထို့ကြောင့် အထီးကျန် ဘဝ လောင်းရိပ်အောက်မှ ရုန်းမထွက်နိုင်ရှာဘဲ ဖြစ်နေခဲ့သည်။

သို့ရာတွင် မိုက်ကယ်နှင့် တွေ့ဆုံ သိကျွမ်း ခင်မင်လာခဲ့သည့် အချိန် တွင်မှ...

မွှန်မြတ်သန့်စင်သော အချစ်တွေ၊ ထွေးနွေးသော အကြင်နာတွေ၊ အပြ အလှန် လေးစား နားလည်မှုတွေနှင့် ဘဝ နှစ်ခုကို ချစ်ဗိမာန်ကလေး တစ် အဖြစ် လှလှပပ အခိုင်အမာ တည်ဆောက်ခဲ့ကြသည်။ သို့သော် သူတို့ ချစ်ခရီး လမ်းကြောင်းသည် ပန်းခင်းလမ်းချည်းသက်သက် ဖြစ်မလာခဲ့ပါချေ။ နန်စီကို ချစ်ခဲ့မိသည့်အတွက် တွေ့ကြုံ ရင်ဆိုင်ရမည့် ပြဿနာတွေကို မိုက်ကယ် မသိ မဟုတ်။ မေမေ ပြောနေကျ စကားလုံးဖြင့် ပြောရလျှင် နန်စီက 'အသွင်မတူ သည့် မိန်းကလေး မဟုတ်လား။ ဤကား မေမေ ဘက်မှ မြင်မည့် အမြင် စင်စစ် အသွင်မတူစရာ ဟူ၍ ဘာမျှ မရှိ။ နန်စီသည် သာမန် ဧကျာင်းသူ တစ်ဦးမျှသာ မဟုတ်။ ဘဝ အဓိပ္ပာယ်ကို ရှာဖွေနေသည့် အောင်မြင်နေသည့် ပန်းချီ ဆရာမ တစ်ဦး ဖြစ်နေပြီ။ ခုခေတ် မိန်းကလေးများလို ခုမြင် ခုကြိုက်ထဲက မဟုတ်ဘဲ ချစ်သူကို စဉ်းစဉ်းစားစား ရွေးတတ်သည့် မိန်းကလေးပါ။

ချစ်သက် နှစ်နှစ် တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်သည့်တိုင် တစ်ဦးကို တစ်ဦး တစ်ရံတစ်ဆစ်ကလေးမျှ ငြိုငြင်အောင် မလုပ်ခဲ့ကြ။ တစ်ယောက်ကို တစ်ယောက် အလွန် နားလည်ခဲ့ကြသည်။ မိုက်ကယ့် ဘဝနှင့် ပတ်သက်၍ နန်စီ မသိတာ ဘာမျှ ကျန်နိုင်တော့မည် မထင်။ အဆောင်တကာ လှည့်ပြီး ပွဲခဲ့သည့်အကြောင်း တွေကအစ မမ အဲယ်ဒီတာ ကိစ္စ အထိ သိထားပြီးပြီ။ သူ ငယ်စဉ်က ဘယ်လို အိပ်မက်မျိုးတွေ မက်ပြီး ဘာတွေ ကြောက်တတ်သည် ဆိုသည်ကစ သိထားပြီး ပြီ။ ပြီးတော့ မိုက်ကယ့် အပြောအရနှင့်ပင် မမြင်ဖူးသေးသည့် သူ့ ပတ်ဝန်းကျင် နှင့် သူ့ မိခင်ကြီးကို ခင်မင်နေမိပြီ။

မိုက်ကယ့် ဘဝကျတော့လည်း ငွေခွန်းကိုက်၍ မွေးလာသည်ဟု ပြောရမည် လား မသိ။ ကြွင်းထီးဖြူ အသင့်ရှိနေသော အိမ်ရှေ့ဥပရာဇာ တစ်ပါး၏ ဘဝ မျိုး။ သူ့ အနာဂတ်သည် အားလုံး ပန္နက်ချပြီးသား။ ဤအချက်ကိုတော့ မိုက်ကယ် တစ်ယောက် ဘယ်တုန်းကမျှ မလေးမစား သဘောမထားခဲ့။ တစ်

စ်ရုံ သည်အနာဂတ်ကို တွေး၍ပင် ကြောက်လာတတ်သေးသည်။ မေမေ့ မှန်းချက်တွေ အတိုင်း အားလုံး ဖြစ်လာနိုင်ပါမည်လား။ နန်စီကတော့ ကယ့် အရည်အချင်းကို လုံးဝ ယုံသည်။

မိုက်ကယ်တို့ အဘိုးသည် နိုင်ငံတော် ဗိသုကာကြီး ဖြစ်၏။ မိုက်ကယ့် သည်လည်း သည်လုပ်ငန်းကို ဆက်၍ အမွေခံ ထိန်းသိမ်းခဲ့၏။ သည်ဇရာမ န်းကြီးကို စတင်ခဲ့သူမှာ အဘိုး ဖြစ်သော်လည်း မိုက်ကယ့် မိဘများ ထက်တွင်မှ ကော့တာ ကုမ္ပဏီနှင့် ဟီးလ်ယာဒ် ဗိသုကာ လုပ်ငန်း ပေါင်းစပ် ပိုမို ကြီးပွား အောင်မြင်လာခြင်း ဖြစ်သည်။ လုပ်ငန်းသာမက မျိုးရိုးပါ ပေါင်းစပ်ပြီး ယနေ့ ကော့တာဟီးလ်ယာဒ် ကုမ္ပဏီကြီးကို အဓိကရ တည်ထောင် ခဲ့ကြသည်။

ရစ်ချတ်ကော့တာသည် ငွေရှာသည့် နေရာတွင် အလွန် နာမည်ကြီးသူ ၏။ သို့သော် မ,တည်ရင်းနှီးငွေတွေမှာမူ ဟီးလ်ယာဒ် အနွယ်တို့၏ ဘိုးဘွားပိုင် တွေ၊ ဟီးလ်ယာဒ် မျိုးဆက်ကို လူ့ မလိုင်အလွှာထဲဝင်အောင် ပို့ပေးသည့် တွေ ဖြစ်သည်။ မိုက်ကယ်သည် သူ လျှောက်ရမည့်လမ်းကို မျှော်ကြည့်ပြီး ခါတစ်ခါတော့ ရင်လေး၍ပင် နေတတ်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ၍တော့ မဟုတ်။ နန်စီကမူ မိုက်ကယ့် အရည်အသွေးကို အကြွင်းမဲ့ယုံသည်။ ကယ်သည် တစ်နေ့တွင် ကော့တာဟီးလ်ယာဒ်၏ ဦးစီးချုပ် ဖြစ်ကို ဖြစ်လာရ ည်မှာ မြေကြီးလက်ခတ်မလွဲ။

အစပိုင်းတွင် သူတို့ နှစ်ယောက် သည်လို နောင်ရေးတွေကို အကြိမ်ကြိမ် ွေးနွေးဖြစ်ခဲ့ကြသည်။ အလေးအနက် စဉ်းစားခဲ့ကြသည်။ မိုက်ကယ်ကတော့ မိသားစု တာဝန်နှင့် မိမိ လုပ်ငန်းကို အထောက်အကူပြုနိုင်သည့် ဇနီးလောင်း ရထားပြီဟု အခိုင်အမာ ယုံကြည်ထားသည်။

မလှမပရှိခဲ့သည့် နန်စီ၏ အတိတ် ဘဝသည် မိုက်ကယ်၏ အနာဂတ်နှင့် ည်သို့မျှ ပတ်သက်ခြင်း မရှိစေရ။ ဤကား မိုက်ကယ့် အတွေး။ နန်စီ အနေဖြင့် သူ့ ရင်ထဲတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့သော ဘဝဟောင်းကို အလွယ်တကူ င် ဖျောက်ဖျက်ပစ်နိုင်မည် မဟုတ်ပေ။

မိုက်ကယ်သည် နန်စီ အချစ်ကို ရခဲ့သည့်အတွက် ဂုဏ်ယူမဆုံး၊ ချစ်သူကို ကြင်နိုးမဆုံး ရှိနေသည်။ ကြည့်လေ၊ ဘယ်လောက် ချစ်စရာကောင်းနေလိုက်ပါ

www.burmeseclassic.com



သလဲ။ မျက်နှာကို မော့မော့ထားလျက်။ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိလျက် သလုံးသား ဖွေးဖွေးကလေးဖြင့် စက်ဘီးကို နင်းလျက်။ ရံဖန်ရံခါ နောက်သို့ လှည့်ကြည့်ပြီး ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ဖြင့် ရှေ့မှ တရိပ်ရိပ် ပြေးနေသော ချစ်သူ

အမီလိုက်ပြီး စက်ဘီး ပေါ်က ဆွဲချပစ်လိုက်ချင်သည်။ ပြီးတော့ မြက်ခ နုနုကလေးပေါ်တွင်...။ မနေ့ညကလိုလေ။ ပျော်စရာ အကြောင်းကလေးတွေ ပြန်တွေးမိပြီး သူ့ နောက်သို့ အမီနင်းလိုက်သွားသည်။

“ဟေး...ကောင်မလေး၊ နေဦးလေ”

ခဏကလေးကြာတော့ မီလာသည်။ စက်ဘီး နှစ်စီး ရင်ပေါင်တန်း စီးလာကြသည်။ မိုက်ကယ်က စက်ဘီး နှစ်စီး အကွာအဝေးကို လက်ဆန့်ပြီး တိုင်းလိုက်သည်။ လက်တစ်ကမ်း အကွာမှ ယှဉ်၍ စီးလာကြသည်။

“ဒီနေ့ မင်းလေး သိပ် လှတာပဲ နန်စီ”

မိုက်ကယ့် အသံသည် နွေဦးလေနှင့်အတူ ဆွတ်ပျံ့ ကြည်နူးနေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး စိမ်းစို လန်းဆန်းလျက်။ လောကကြီး တစ်ခုလုံး နှလုံး မွေ့လျော်ဖွယ်ရာအတိ။

“မင့်ကို ကိုယ် ဘယ်လောက် ချစ်တယ် ဆိုတာ သိရဲ့လားဟင်”

“သိသားပဲ။ ဒီက ချစ်တာရဲ့ တစ်ဝက်လောက်လေ”

“မရွှေချောရေ့၊ ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်ဗျ”

မိုက်ကယ် ပြောပုံကို သဘောကျပြီး နန်စီ ရယ်နေသည်။ ထူးထူးဆန်းဆန်း ကလေးတွေဆို သူ သိပ် ပြောတတ် လုပ်တတ်သည်။ စတွေ့ကြသည့်နေ့ကလည်း ပန်းချီပြခန်း ထဲမှာ သူ ပြောပုံကို ကြည့်လေ။ ပန်းချီကားတွေ အားလုံး သူ့ကို မရောင်းလျှင် သူ့ အဝတ်အစားတွေ ချက်ချင်း ချွတ်ပစ်မယ်တဲ့လေ။

“ကိုယ် မင်းကို ချစ်တာ အနည်းဆုံး မင်းထက် ခုနစ်ဆတော့ သာမယ်ထင် တယ် နန်စီ”

“ဟင့်အင်း...ဟင့်အင်း၊ မဖြစ်နိုင်ဘူး။ ဒီက ပိုတာ”

နန်စီက အပြုံး မျက်နှာကလေးကို မော့ပြီးပြောရင်း ခပ်သွက်သွက် နင်း ပြေးပြန်သည်။

မိုက်ကယ် နောက်က အမီလိုက်သည်။

“မင်းက ပိုတယ် ဆိုတာ မင်း ဘယ်လိုလုပ် သိလဲကွယ်”

ဒုတိယအကြိမ်



“ခရစ္စမတ်ဘိုးဘိုး ပြောတာပေါ့”

နန်စီက ပြောပြောဆိုဆို လမ်းကျဉ်းကလေး ထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ နှစ်ယောက်စလုံး ပေါ့ပါးရွှင်လန်းနေကြသည်။ ရွှေရင် သိမ့်သိမ့်ခုန်နေကြသည်။ [illegible]ခဲ့သော်မှ လုံးကျစ်ပြည့်ဖြိုးသည့် တင်သားအစုံသည် ဂျင်းဘောင်းဘီအောက် တွင် နိမ့်တုံမြင့်တုံဖြင့်။ ခါးကျဉ်ကျဉ်ကလေးသည် ယိမ်းကာနွဲ့ကာဖြင့်။ ပခုံး သား ဝိုင်းဝိုင်းကလေး ပေါ်တွင် ဆွယ်တာနီနီကလေးသည် ကပိုကရိုဖြင့်။ ပြီး တော့ ချစ်စရာ ဆံပင်နုနုကလေးများသည် လေတွင် တလွင့်လွင့် တဝဲဝဲ။

သည်လို ရှုခင်းမျိုးကိုသာ ကြည့်နေရမည် ဆိုလျှင် တစ်သက်လုံး ထိုင်ကြည့် နေနိုင်မည် ထင်၏။ တကယ်တော့ ချစ်သူကို တစ်သက်လုံး သည်လို ကြည့်နေနိုင် အောင်ပင် သူ ကြိုးစားနေသည် မဟုတ်လား။ စောစောက သူ ပြောခဲ့သည့် ချစ်ကြောင်းကုန်စင်တို့ကား သစ္စာစကားတွေချည်း မဟုတ်လား။

ခပ်သွက်သွက် အမီ နင်းလိုက်သွားပြန်သည်။ မီတော့ ပခုံးသားကလေးကို အသာ လှမ်းပုတ်ပြီး

“လက်ထပ်ကြစို့လားကွယ်”

BURMESE CLASSIC .com

နန်စီ့ မျက်နှာကလေး ပန်းနုရောင်သို့ ပြောင်းသွားသည်။ ပါးပြင် နုဖွေး ဖွေးပေါ်တွင် နတ်သမီးကလေးတွေ အလှခြယ်ပေးထားသည့် မှဲ့ခြောက်ကလေး တွေက ရွှေမှုန်ကလေးတွေ ကြဲထားသည့်နှယ်။

“တို့ အကြင်လင်မယား ဖြစ်လိုက်ကြစို့ကွာ...နော်”

နှစ်နှစ်တိုင်တိုင် စောင့်ခဲ့ရပြီ မဟုတ်လား။ အချိန်တန်၍ ထုတ်ပြောပြီဆို တော့လည်း ရင်ထဲ တစ်မျိုးကြီး။ ပျော်လည်း ပျော်ရဲ့။

“မိုက်ကယ်ကလည်းကွယ်၊ ဘာလို့ ဒါလောက် အလောတကြီး နိုင်နေရ တာလဲ”

သူ ကြည့်ရသည်မှာ အထိတ်တလန့် ဖြစ်နေပုံ။ အလွန်အမင်း စိုးရိမ်နေပုံ။ မေမေ့ကို မပြောရသေးသည့် အတွက် တွေးပူနေပုံ။ မိန်းမသား ဆိုတော့လည်း ပူပင်ရှာမည်ပေါ့။

“ဘယ်က အလောတကြီးရမှာလဲ။ နှစ်ပတ်ကြာလို့ ဘွဲ့ယူပြီးပြီးချင်း လက်ထပ်ဖို့ စိတ်ကူးနေတာ ခင်ဗျာ”

ဆွေမှုန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာ အခမ်းအနားကလေးကို ကျဉ်းနိုင်သမျှ အကျဉ်းရုံး၍ လုပ်ကြဖို့ သဘောတူထားကြသည်။ သူ့ခမျာ မိဘ အသိုင်းအဝိုင်း မဲ့နေရှာသည် မဟုတ်လား။ နောက် တစ်ချက်က မင်းပရိသတ်ကို ဧည့်ခံနေဖို့ထက် ချစ်သူ နှစ်ဦး အတူတူနေဖို့ အတွက် အချိန်ပိုယူရမည်။

"ကိုယ် ဒီည နယူးယောက်ကို ဆင်းသွားပြီး မေမေ့ကို ပြောတော့မလို့ နန်စီ"

"ဟင်...ဒီည၊ ဟုတ်လား"

နန်စီ့ လေသံတွင် စိုးရိမ်ကြောင့်ကြမှုတွေ အပြည့်။ နောက်ပြီး စက်ဘီးကို ဖြည်းဖြည်းချင်း လှိမ့်ရပ်လိုက်သည်။ မိုက်ကယ် ခေါင်းညိတ်သည်။

ပတ်ဝန်းကျင်မှ တောင်ကုန်းကလေးများသည် အလှဆိုက် သီးနှံခင်းကလေးများဖြင့် စိမ်းစိုလျက်။ နန်စီသည် လေးနက်သည့် အတွေးဖြင့် ငေးနေသည်။

"အမေက သဘောတူပါ့မလားကွယ်"

ခေါင်းငုံ့လျက်က ညိုးငယ်စွာ မေးသည်။ ချစ်သူ့ မျက်နှာကို မော်မကြည့်ရဲ။ အဖြေကို စိတ်ထဲမှ မှန်းဆပြီး ကြောက်နေမိသည်။

"အိုကွယ်၊ အချစ်ကလည်း ပူစရာ မဟုတ်တာ တွေးပူမနေစမ်းပါနဲ့"

မိုက်ကယ်က ဖွတ်အားပေးလိုက်ရသည်။ စင်စစ် သူတို့ ရှေ့ရေးတွင် တွေးပူစရာတွေ၊ ရင်မအေးစရာတွေ တစ်ပုံတစ်ပင်ကြီး။ ဒါကို နှစ်ယောက်စလုံး၏ ရင်ထဲက အလိုလို သိနေကြပြီးသား။ မိုက်ကယ့် အမေ မာရီယံသည် မိန်းမဆန်သည့် မိန်းမမျိုး မဟုတ်။ အလွန်ထက်သည့် အမျိုးသမီးကြီး။ ဆက်ဆံရေးတွင် နူးညံ့သိမ်မွေ့သလောက် အလုပ် လုပ်ရာတွင် အလွန် ပြတ်သားသည်။ နောက်ပြီး ဖွဲ့နှင့် မာန်နှင့် လုပ်တတ်သည်။ အဖေ ဆုံးပြီးတော့ အဖေ့ လက်ငုတ် ဇရာမ လုပ်ငန်းကြီးကို အရှိန်မပျက် ဦးစီး လုပ်ကိုင်ခဲ့သည်။ နောက် ခင်ပွန်းသည် ဆုံးပြန်သည့်အခါ အားသစ်မာန်သစ်များဖြင့် မိသားစု လုပ်ငန်းကြီးကို ဆက်လက် ထိန်းသိမ်းခဲ့သည်။ မာရီယံကို မည်သည့် အရာကမျှ မလွှမ်းမိုးနိုင်။ မည်သူ တစ်ဦးတစ်ယောက်ကမျှ ဦးမဆောင်နိုင်။ မည်သည့်အခါမျှ ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့နေတတ်သည့် မိန်းမစားမျိုး မဟုတ်။ တစ်ဦးတည်းသော သားဖြစ်သူအား သူလိုချင်သည့်ပုံကို ခွင်ကျသွင်းယူခဲ့သည်။





မေမေ့ အကြောင်း ကောင်းကောင်းသိသည့်အတွက် ချစ်သူကိုသာ စိတ်မပူဖို့ နှစ်သိမ့်နေရသည်။ တိုက်ပွဲကတော့ ပြင်းထန်လိမ့်မည် ဖြစ်ကြောင်း သိပြီးသား ဖြစ်နေ၏။ မာရီယံက သူ့ကို ဘယ်လို သဘောထားမည် ဆိုသည့် အချက်ကို နန်စီကလည်း သိနားလည်ပြီးသား ဖြစ်ပါသည်။

မာရီယံသည် သားအပေါ်တွင် လျှို့ဝှက်ချက် မထားဘဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံခဲ့သည်။ ပန်းချီဆရာမကလေး တစ်ယောက်နှင့် အပျော်တွဲနေသည်ဟု မှတ်ယူခဲ့သည်။ အလေးအနက် ဖြစ်နေကြောင်း သိသောအခါ သားဖြစ်သူကို နယူးယောက်သို့ခေါ်ပြီး အမျိုးမျိုး ဖျောင်းဖျသည်။ ချော့ချော့မော့မော့ ပြောသည်။ ယုယုယယ သိမ်းသွင်းသည်။ ပြီးတော့ ဒေါသူပုန် ထပြသည်။ နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်သည်။ မက်လုံးတွေပြပြီး ရာဇသံပေးသည်။ ထိုမှ နောက် ပိုင်း သည်အကြောင်းကို ပွင့်ပွင့်လင်းလင်း မဆွေးနွေးတော့။ စကားစပ်၍ပင် မပြောတော့။

သည်အပြုအမူကို မိုက်ကယ်က အားတက်စရာ လက္ခဏာဟု ယူဆခဲ့သည်။ နန်စီကမူ ရင်မအေးလှ။ မာရီယံ ဆိုသည့် အမျိုးသမီးကြီးကို ဖော့မတွက်ရဲ။ အခြေအနေအရ ခဏလွှတ်ထားခြင်းသာ ဖြစ်မည်။ နောက်ထပ်လည်း နယူးယောက်သို့ မခေါ်တော့။ ဖွဲ့ချက် အသစ်တွေလည်း မတပ်တော့။ ဆူခဲ့ပူခဲ့သည့်အတွက် တောင်းပန် စကားမျိုးကိုမူ မာရီယံ ထံမှ မမျှော်လင့်စကောင်း။ ဤသို့ဖြင့် ပြဿနာသည် လိပ်ခဲတည်းလည်းဖြင့် မတင်မကျ ဖြစ်နေခဲ့သည်။ အတက် အကျမရှိ တန့်နေခဲ့သည်။ မာရီယံ အတွက်တော့ နန်စီ ဆိုသည့် မိန်းကလေးနှင့် ပတ်သက်သည့် ပြဿနာသည် ရေးကြီးခွင်ကျယ် လုပ်လောက်သည့် ပြဿနာမျိုး မဟုတ်။

မျက်နှာမွဲ အထီးကျန် ဘဝ၏ နာကြည်းဖွယ်ရာ အခြောက်အခြားအနက်သည်တစ်ကြိမ်ကတော့ နန်စီ အဖို့ အထိနာလှသည်။ မိခင် မေတ္တာကို မခံစားခဲ့ရဖူးသဖြင့် မိုက်ကယ့် မိခင်ကို အမေရင်းနှယ် ချစ်လိုခင်လိုလှပါသည်။ မာရီယံ အကြောင်းကို အိပ်မက်ပင် အကြိမ်ကြိမ် မက်ဖူးသည်။ မာရီယံကလည်း သူ့ကို သမီး တစ်ယောက်လိုများ မေတ္တာဖြင့် တုံ့ပြန်ခဲ့ပါလျှင် ဘယ်လောက် ကောင်း လိုက်ပါမည်နည်း။ မိုက်ကယ် အတွက် ဝေယျာဝစ္စတွေ မာရီယံနှင့်အတူ လုပ်ပေးဖို့ ဆိုပါတော့။ သို့ရာတွင် သည်လို မေတ္တာမျိုးကို မာရီယံ ထံမှ မျှော်လင့်နေခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် စိတ်ကူးယဉ် သက်သက်သာ ဖြစ်ကြောင်း နန်စီ နားလည်ပါသည်။ သို့ပေမဲ့ မလွဲသာ မရှောင်သာ ဖြစ်လာသည့် တစ်ချိန်ချိန်တွင် သူ့ အမေသည် သူ့ဘက် ပါလာရမည်ဟု မိုက်ကယ်က နန်စီကို ဖွတ်ယုံကြည်စေခဲ့သည်။ အမေက ငြင်းလျှင် ဘယ်လို လုပ်ကြမည်လဲဟု မေးကြည့်တော့ မိုက်ကယ်က အရွယ်ရောက်နေကြပြီပဲ၊ ကားတစ်စီးငှားပြီး နီးရာ တရားရုံးကို ပြေးလက်ထပ်လိုက်ရုံသာ ရှိတာပေါ့ဟု ပြောသည်။ သည်တုန်းက နန်စီ ပြုံးရုံသာ ပြုံးနေမိသည်။ သည်လောက် လွယ်သည့် ကိစ္စ မဟုတ်မှန်း သိနေသည်လေ။ နောက်ဆုံး စိတ်ကို လျှော့ထား လိုက်သည်။ နှစ်နှစ်မျှပင် ချစ်ခဲ့ကြပြီပဲ။ စိတ်ထဲတွင် အကြင်လင်မယား သဖွယ် ရင်းနှီးနေကြပြီပဲ။ လက်မထပ်ဖြစ်လည်း အကြောင်း မဟုတ်တော့။

တော်တော်နှင့် စကား မဆိုမိကြ။ နှစ်ယောက်သား မတ်တတ်ရပ်လျက် ပတ်ဝန်းကျင်မှ ရှုခင်းစိမ်းစိမ်းတွေကို ငေးကြည့်နေမိကြသည်။ မိုက်ကယ်က နန်စီလက်ကို ဆွဲယူပြီး "ချစ်တယ်ကွယ်" ဟု အားမလိုအားမရ ပြောတော့ နန်စီက ခေါင်းကလေး ငုံ့လျက်က "တူတူပဲပေါ့" ဟု ခွန်းတုံ့ပြန်သည်။ မိုက်ကယ်က ချစ်သူ့ မျက်နှာကို မော့စေလျက် စိုးရိမ်အားငယ်စိတ်တွေ လွှမ်းနေသည့် မျက်လုံးများကို ငုံ့နမ်းလိုက်သည်။ သို့သော် နှစ်ဦးစလုံး၏ ရင်ထဲတွင် ဗလောင်ဆူနေသည့် ပြဿနာသည် ငြိမ်းအေးမသွားပါတကား။

မာရီယံထံမှ ချမှတ်မည့် စီရင်ချက်။

နန်စီ သက်ပြင်း တစ်ချက်ချပြီး စက်ဘီးကလေးကို မြက်ခင်းပေါ်သို့ လှဲချ လိုက်သည်။ နောက် မိုက်ကယ် ရင်ခွင်ထဲသို့ ညင်ညင်သာသာလေး ဝင်သည်။

"ချောချောမောမော ဖြစ်ပါစေလို့ ဆုတောင်းပါတယ် အချစ်ရယ်"

"အေးပါဆို။ အသာ ကြည့်နေ။ အားလုံး အဆင်ပြေမှာပါ။ ကဲ...လာ လေ။ ရပ်နေတာ ကြာပြီ။ ဆက်စီးကြရအောင်"

မိုက်ကယ်က ပြောပြောဆိုဆို နန်စီ့ တင်ပါးကို တစ်ချက် ပုတ်ကာ သူ့ စက်ဘီးကလေးကို ဆွဲထောင်ပေးလိုက်သည်။ ပြုံးပြုံးရွှင်ရွှင်ဖြင့် ခရီးဆက်ကြပြန် သည်။ ရယ်ရင်းမောရင်း ကျီစယ်ရင်းနှင့် မာရီယံသည် သူတို့ ကမ္ဘာတွင် မရှိတော့ သည့်နှယ်။

တကယ်တမ်းကျတော့ မာရီယံသည် အမိကရအဖြစ် တည်ရှိနေရုံမက အရာရာကို လွှမ်းမိုးထားသည့်၊ အရာရာတိုင်းကို ဦးဆောင်ညွှန်ကြားနေသည့်





အတ္တာန် တစ်ခု အနေဖြင့် ရှိကိုရှိနေပါသေးသည်။ အစကတော့ မိုက်ကယ့် အငေါ် ပွဲကိုင်ဦးစီး။ ခုတော့ နန်စီ့ ဘဝကိုပါ ရောယှက်လွှမ်းမိုးနေချေပြီ။

နေလုံးကြီးက မြင့်သည်ထက် မြင့်တက်လာပြီ။ သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကျော်တက်လိုက်၊ စလိုက်၊ နောက်လိုက်ဖြင့်။ မြန်ရုံခါတွင် အတွေးကိုယ်စီဖြင့် ငြိမ်သွားလိုက်။ ကမ်းခြေ ရောက်ခါနီးတော့ ရှုမ်းတည့်လုပြီ။ မြင်ဖူးသလိုလိုရှိသည့် အတွဲ တစ်တွဲက တူရူဘက်မှ သူတို့ဆီသို့ လာနေသည်။

အေဗရီပါလား။ သူ့ နံဘေးတွင် ခြေတံရှည်ရှည်ဖြင့် ကောင်မလေး တစ်ယောက်။ သူတို့ ကြည့်ရသည်မှာ အပျော်ကြီး ပျော်လာကြသည့်ပုံ။

"ဟေး...မင်းတို့ နှစ်ယောက် ပွဲခင်းဘက် သွားမလို့လား"

အေဗရီက အပြုံးဖြင့် လှမ်းမေးရင်း လက် တစ်ဖက် ဝှေ့ကာ သူ့ ကောင် လေးနှင့် မိတ်ဆက်ပေးသည်။ ကောင်မလေး နာမည်က ဂျက်နက်။ အပြန် အလှန် 'ဟဲလို' လုပ်လိုက်ကြသည်။ နန်စီက နဖူးပေါ်တွင် လက်ဖြင့် နေရောင် ကာပြီး ပွဲခင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ပွဲခင်းနေရာမှာ အတန်လှမ်း သေးသည်။

"ပွဲဈေးခင်းမှာ ဘာများ ထူးထူးခြားခြား ပျော်စရာရှိလို့လဲကွ"

"ဟိုမှာ ကြည့်လေ။ ငါတို့ နိုင်လာတဲ့ ပန်းရောင်ခွေးရုပ်ကလေး"

အေဗရီက ဂျက်နက်စက်ဘီး၏ နောက်ထိုင်ခုံပေါ်မှ ခြင်းကလေးကို ပြောက်ညွှန်း ထိုးပြသည်။

"လိပ်ကလေးက တစ်ကောင်၊ ဘီယာက နှစ်ဘူး။ ပြောင်းဖူးတွေလည်း ပါမှပေါ့ဗျား။ ဇရာမ အဖူးကြီးတွေ"

"တို့ကို ပြန်ရောင်းခဲ့ပါလားကွာ" မိုက်ကယ်က နန်စီ့ကို လှမ်းကြည့်ပြီး ပြောရင်း "တို့ ဝယ်ထားလိုက်ကြရအောင်နော်"

"ကောင်းတာပေါ့။ သူတို့ ပြန်ကြတော့မှာပဲ"

ပြောသာ ပြောရသည်။ သူတို့ ကြည့်ရသည်မှာ တစ်နေရာရာသို့ သွားဦး မည့်ပုံ။ ဂျက်နက်က အေဗရီကို လှမ်းကြည့်ဟန်နှင့် အေဗရီက ဂျက်နက်ကို ပြန်ကြည့်ဟန်များကို နန်စီ ဖျတ်ခနဲ အကဲခတ်လိုက်မိသည်။ သူတို့ နှစ်ယောက် ကို နန်စီ အသာ ပြုံးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်တယ်။ ပြန်မှထင်တယ်။ တို့ လစ်လာတာ မနက် ၆ နာ
ကတည်းက။ တော်ကြာ အတီးခံနေရဦးမယ်။ မင်းတို့ ဒီည ငါ့ အခန်းမှာ ည
စားကြပါလား"

အေဗရီ၏ အခန်းမှာ မိုက်ကယ့် အခန်းနှင့် နှစ်ခန်း သုံးခန်းသာ ခြားသည်

"ကဲ...ပြောလေ။ အေဗရီ ဖိတ်တာကို သွားစားနိုင်မလား ဆိုတာ"

နန်စီက ပြုံးပြုံးကလေး မေးတော့ မိုက်ကယ်က ခေါင်းကို ခပ်သွက်သွက်
ခါပြီး

"ဟင့်အင်း...ဒီည ကိုယ် မအားဘူး"

မိုက်ကယ့် ခေါင်းထဲတွင် လျှပ်ပြက်သလို အသိ တစ်ခု ဝင်းလက်သွား
သည်။ သည်ည နယူးယောက်သို့ သွားဖို့ကိစ္စထက် အရေးကြီးတာ ဘာများ
နိုင်ဦးမည်လဲ။

"အိုကေလေ။ ဒါဖြင့် နောက်မှ ဆုံကြတာပေါ့"

အေဗရီနှင့် ဂျက်နက်တို့သည် လက်တွေ ဝှေ့ယမ်း နှုတ်ဆက်ပြီး စက်ဘီး
ကိုယ်စီဖြင့် ထွက်သွားကြသည်။

နန်စီက မိုက်ကယ်ကို စိုက်ကြည့်လျက်

"ဒီည တကယ်သွားမလို့လား ဟင်"

"အေးပါဆို။ ဒီကိစ္စ ပုမနေစမ်းပါနဲ့ နန်စီရယ်။ ဩော်...ဒါထက် ဒီကောင်
ကြီးကို အလုပ်ပေးဖို့ မေမေက သဘောတူလိုက်ပြီ"

"ဟုတ်လား။ အေဗရီ အလုပ် ရသွားပြီ။ နန်စီ ဝမ်းသာလိုက်တာဟယ်"

နှစ်ယောက်သား ပွဲဈေးတန်းဘက်သို့ ဆက်၍ စီးလာခဲ့ကြသည်။

"ဟုတ်တယ်။ တို့ နှစ်ယောက် တစ်ပြိုင်တည်း အလုပ် ဝင်ကြရမှာ။ ဒါပေမဲ့
တစ်နေ့ရာတည်းတော့ မကျဘူး။ တစ်မြို့စီ နေရလိမ့်မယ်ထင်တယ်"

အေဗရီနှင့် မိုက်ကယ်မှာ သူငယ်တန်း ကတည်းက တတွဲတွဲ နေခဲ့ကြကာ
ညီအစ်ကို အရင်းတမျှ ချစ်ကြသည့် သူငယ်ချင်းတွေ ဖြစ်၏။

"အဲဒါ အေဗရီ သိပြီးပြီလားဟင်"

မိုက်ကယ် ခေါင်းခါပြသည်။ ပြုံးလျက်။

"ခန့်စာရမှ သိပစေ။ သူ အံ့ဩအောင် တမင်ချိုထားတာ"

မိုက်ကယ့် အပြုံးက နန်စီ မျက်နှာပေါ်သို့ ကူးစက်သွားသည်။





"သူ သိပ်တတ်တယ်။ အဲဒါလေးတွေကြောင့် ပိုပို ချစ်နေရတာ သိလား"

"ခုလို ပြောဖော်ရတာ ကျေးဇူးတင်ပါတယ်။ မောင့်ဇနီးလေးရယ်"

"ကြည့်စမ်း ကြည့်စမ်း၊ သူ သိပ်ကဲတယ်။ မပြောနဲ့။ နားရှက်စရာတွေ"

တကယ်တော့ နားဝင်ချိုလှ၊ အမြဲ ကြားလိုလှသော စကားလုံးကလေးတွေ
...မိုက်ကယ့် မျက်နှာ ရုတ်ခြည်း တည်ငြိမ်သွားပြန်သည်။

"ဘာဖြစ်လဲ။ နားယဉ်သွားအောင် ကြိုပြီး အခေါ်ကျင့်နေတာ"

"သွား၊ သူ့ အချိန်နဲ့သူပေါ့။ ခု လောလောဆယ်တော့ နန်စီဟာ နန်စီပဲ
...နေစေ ရှင်ရယ်"

"အချစ်ကလည်းကွယ်၊ နှစ်ပတ်ပဲ လိုတော့တဲ့ဟာ။ လာ...ပြိုင်စီးမယ်"

ပခုံးချင်းယှဉ်ပြီး တအားအပြိုင် နင်းကြပြန်သည်။ မောဟိုက်နေသည့်ကြား
...ဟားဟား အော်ဟစ်ရယ်မောရင်း ပွဲဈေးခင်းသို့ မိုက်ကယ်က စက္ကန့်
...ယ်သာ စော၍ ရောက်နှင့်သည်။ နေပူရှိန်ကြောင့် သူတို့ မျက်နှာတွေမှာ
...း‌လျက်။ စိတ်လွတ်လက်လွတ် ပျော်ရွှင်နေကြသည့်အသွင်။

"ဘာ အရင်စားကြမလဲ"

မေးသာ မေးလိုက်ရသည်။ မိုက်ကယ် ဘာစားမည်ကို စိတ်ထဲက အလိုလို
...နေသည်။

"မေးနေရသေးလား။ ပြောင်းဖူးမုန့်ပေါ့"

စက်ဘီးတွေကို သစ်ပင် တစ်ပင်တွင် ထောင်ထားခဲ့ကြသည်။ ကျိုးနှင့်
...ဖုတ် ဖြစ်နေသည့် တောပွဲဈေးတွင် စက်ဘီး ပျောက်မှာကို ပူစရာမလို။
...ချင်းချိတ်ပြီး ပွဲဈေးတန်းထဲသို့ ဝင်လာကြသည်။ ဆယ်မိနစ်ခန့် လျှောက်
...ည့်ပြီး မုန့်ဆိုင် တစ်ဆိုင် ရှေ့တွင် ရပ်လိုက်ကြသည်။ မတ်တတ်ရပ်လျက်ပင်
...တွေ ပလုတ်ပလောင်း စားကြသည်။ အသားညှပ် ပေါင်မုန့်နှင့် ဘီယာအေး
...ည်း သောက်ကြသည်။ နန်စီက ဇရာမ နို့အေးချောင်းကြီး တစ်ခု ထပ်ဝယ်စား
...ည်။

"ဒါကြီး ကုန်အောင်စားမယ်။ ဟုတ်လား"

"ဟင်း...ဟင်း၊ ဘယ်လောက် အရသာရှိလဲ" ဟု နန်စီ ပလုတ်ပလောင်း
...ပြောသည်။ သူ့ မျက်နှာကလေးမှာ ကလေးငယ် တစ်ယောက်လို အပြစ်ကင်း
...လှလေစွ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတာပဲလို့ ခဏခဏ ပြောတာ ဘာလို့လဲ။ သိလား"

မေးစေ့နှင့် နှုတ်ခမ်း တစ်ဝိုက်တွင် ပန်းရောင် နို့နှစ်ရည်တွေ ပေကျံလျက်
ပြုံးပြသည်။ မိုက်ကယ်က လက်ကိုင်ပဝါ ထုတ်ပြီး သုတ်ပေးရင်း

"ကလေးကျနေတာပဲ။ ရော့၊ ပြောင်အောင် ထပ်သုတ်။ တို့ ခာတ်ပုံရိုက်
ရအောင်"

"ဘယ်မှာ ရိုက်မှာလဲဟင်"

နှာခေါင်းဖျားတွင် ပေကျံနေသည့် မလိုင်တွေကို သုတ်ပစ်ရင်း နန်စီ
ပြန်မေးသည်။

"ဟိုမှာလေ"

ခာတ်ပုံဆိုင်ကလေးကို မိုက်ကယ် လက်ညှိုး ထိုးပြပြီး ပြောသည်။ အဝ
အစား အမျိုးမျိုး ဝတ်ပြီး ကြိုက်ရာပုံတူကို ရိုက်နိုင်သည့် ယူးထူးဆန်းဆ
ခာတ်ပုံဆိုင်ကလေး။ ခာတ်ပုံဆိုင်ရောက်တော့ ပုံစံရွေးကြသည်။ မိုက်ကယ်
'ရက်ဒ်ဘတ်တလာ' လုပ်ပြီး ရိုက်မည်။ နန်စီက 'စကားလက် အိုဟာရာ' ပုံရို
မည်။

*[မာဂရက်မစ်ချယ်ရေး၊ ဆရာမြသန်းတင့် မြန်မာပြန် လေရူးသုန်သုန် ဝတ္ထု
ထဲမှ မင်းသားနှင့် မင်းသမီး။ မြန်မာပြန်သူ]*

မထင်ဘဲနှင့် ခာတ်ပုံတွေက ကောင်းနေသည်။ နန်စီသည် ခာတ်ပုံထဲတွင်
လှချင်တိုင်း လှနေသည်။ ကြွေတောမည့်နှယ် နုနယ်ပျိုမျစ်သည့် မျက်နှာ
သေးသွယ်ကျစ်လျစ်သည့် ကိုယ်နေဟန်မှာ ဂါဝန်ရှည်ကြီး အောက်မှာပင် ပေ
လွင်နေသေးသည်။ မိန်းမ ပီသလှသည့် အမေရိက တောင်ပိုင်းသူတို့၏ အလှ
ဖော်ကျူးနေသည်။ မိုက်ကယ်ကလည်း တကယ့် 'ရက်ဒ်ဘတ်တလာ' ဂိုက်ဖမ်း
နေသည်။ ခပ်ဆိုးဆိုး၊ ခပ်ကြမ်းကြမ်း ပုံစံမျိုး။

ခာတ်ပုံဆရာက မိုက်ကယ်ထံမှ ပိုက်ဆံကို လှမ်းယူပြီး ခာတ်ပုံတွေ ထုတ်
ပေးရင်း

"နှစ်ပုံလုံး သိပ် မိတာဗျာ။ ကူးပြီး ဆိုင်မှာ ချိတ်ထားပါရစေ"

နန်စီ တစ်ယောက် ဘဝင်ခွေ့သွားသည်။

"ကျေးဇူးတင်ပါတယ်ရှင်" ဟုပင် ပြောလိုက်မိသေးသည်။ မိုက်ကယ်
နှုတ်ခမ်းတွင်မူ ပီတိလျှမ်းသည့် အပြုံး။ ဘယ်လောက် ချစ်စရာကောင်းသည်





ချင်သူပါလဲ။ မင်း နောက်နှစ်ပတ်ဆိုရင်. . . နန်စီက သူ့ လက်မောင်းကို လှမ်း
ဆွဲလိုက်သဖြင့် အတွေး ပြတ်သွားသည်။

"ဟိုမှာ ဟိုမှာ၊ မိုက်ကယ်။ ကြိမ်ကွင်း ပစ်နေကြတယ်"

ငယ်ငယ်ကလေးကတည်းက ကျောင်းပျော်ပွဲရှင်ပွဲတွေမှာ ကြိမ်ကွင်းပစ်ရ
သည်ကို ဝါသနာ ပါလှသည်။ မိဘမဲ့ ကျောင်းမှ သီလရှင်များက ပိုက်ဆံကုန်သည့်
အလုပ်မို့ ကစားခွင့် မပြုခဲ့။

"နန်စီ ကစားချင်လိုက်တာကွယ်"

"လာလေ၊ ကစားချင် ကစားပေါ့"

မိုက်ကယ်က ဦးခေါင်းကို မသိမသာညွှတ်၍ လက်မောင်းကို ကွေးပေးလိုက်
သည်။ နန်စီက လက်ချင်းချိတ်လိုက်သည်နှင့် ကွင်းပစ်ခန်းဆီသို့ ဟန်ပါပါ
ငြိမ့်ငြိမ့်ကလေး တွဲခေါ်သွားသည်။ နန်စီ ပျော်လွန်းနေ၍ ဟန်နှင့်ပန်နှင့်ပင်
လျှောက်ဖြစ်တော့။ ခုန်ဆွခုန်ဆွနှင့် လိုက်လာသည်။ ကလေးငယ် တစ်ယောက်
နှယ် ပျော်နေသည့် ချစ်သူကိုကြည့်ပြီး မိုက်ကယ် ပီတိတွေ ဖြာနေမိ၏။

"တကယ် ကစားမှာနော်"

"ဩော် အချစ်ကလည်း ကစားပါဆို"

မိုက်ကယ်က အရောင်းစားပွဲမှ လူ တစ်ယောက်ဆီတွင် ကြိမ်ကွင်း တစ်
ဒေါ်လာဖိုး ဝယ်လိုက်သည်။ အရောင်းသမားက ကွင်းတွေ အများကြီး အပို
ပေးလိုက်သည်။ တစ်ဒေါ်လာဖိုးဝယ်ပြီး ကစားသူက ခပ်ရှားရှား မဟုတ်လား။
ပထမဦးစွာ နန်စီသည် ကစားချင်လွန်း၍သာ ချစ်သူကို ပူဆာမိသည်။ တစ်ခါမျှ
မကစားဖူးသည် မဟုတ်တော့ မှန်းချက်နှင့် နှမ်းထွက် မကိုက်။ ကြိမ်ကွင်းတွေက
ဘာကို မချိတ်မိဘဲ အလွဲလွဲ အချော်ချော်။ မိုက်ကယ်ကတော့ အပျော်ကြီး ပျော်နေ
သည့် ချစ်သူကို ပြုံး၍သာ ကြည့်နေသည်။

"နေပါဦး၊ အချစ်က ဘာကို မဲပြီး ပစ်နေတာလဲဟင်"

"ဟိုမှာ မိုက်ကယ်၊ ဟိုဘက်မှာ ရောင်စုံ ပုတီးလေး"

သူ့ အသံမှာ တိုးတိုးကလေး။ သည်ပုတီးကလေးကို ဘယ်လောက် ဘယ်
လောက် ရယူချင်နေသည်မသိ။ လိုချင်တပ်မက်စိတ်ကြောင့် သူ့ မျက်လုံးတွေ
အရောင်တဖျပ်ဖျပ် တောက်နေသည်။

"အဲဒီလို ရောင်စုံပုတီးကလေးမျိုး တစ်ခါမှ မဝဆွဲဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဘဝ ကတည်းက စွဲကပ်ခဲ့သည့် ဆန္ဒ။ တောက်တောက်ပြောင်ပြောင် လှလှပပကလေးတွေ။

"အဲဒါ မဲနေတာနဲ့ ဟိုဘက်က ခွေးရုပ်ကလေး လွတ်သွားဦးမယ်နော်"

ခွေးရုပ်ကလေးက ဂျက်နက်ရခဲ့သည့် ခွေးကလေးမျိုး။

" ဟင့်အင်း...ဟင့်အင်း၊ ပုတီးကုံးကလေးပဲ လိုချင်တယ်"

"အို...ရ ရမှာပေါ့။ ကိုယ့် ချစ်သူ အတွက်ဆို ဖြစ်ကို ဖြစ်ရစေမယ်။ ဟောဒီမှာ ကြည့်"

ပထမကွင်း လွဲသွားသည်။ ဒုတိယကွင်း ဆားထွက်သွားသည်။ တတိယကွင်းကျမှ ပုတီးကုံးကလေးကို စွပ်သွားသည်။ ဆိုင်ရှင်က ပုတီးကုံးကလေးကို ရယ်ရယ်မောမောဖြင့် ပေးသည်။ မိုက်ကယ်က နန်စီ့ လည်ပင်းတွင် ဆွဲပေးလျက်

"ဟော ပြင်သစ်မလေးနဲ့ တူသွားပြီ။ ကဲ မှာဒ်မွာဇယ်၊ ကျွန်တော်ဝို့ ဒီ ပုတီးကုံးကလေးကို အာမခံထားမှ ထင်တယ်"

"သွား၊ သူများ ပုတီးလေးကို လာမနောက်နဲ့။ ကြည့်စမ်း၊ ဘယ်လောက် လှလိုက်လဲလို့"

လည်ပင်း တစ်ဝိုက်မှာ ပုတီးစေ့ကလေးတွေကို ငုံ့ကြည့်ပြီး လက်ချောင်းကလေးတွေဖြင့် တို့ကြည့်ရင်း အမြတ်တနိုး ပြောနေသည်။

"ပုတီးကုံးကလေးက လှတော့ လှပါရဲ့။ ဒါပေမဲ့ ပုတီး ပိုင်ရှင်လောက် မလှပါဘူးကွာ။ ကဲ...နောက် ဘာ လိုချင်သေးလဲ။ ပြော"

သည်တော့ နန်စီက ရယ်ကျဲကျဲဖြင့်

"နို့အေးချောင်း ကြီးကြီး တစ်ခု"

နို့အေးချောင်း တစ်ချောင်း ထပ်ဝယ်ပေးပြီး ဈေးတန်းတွေ လျှောက်ကြည့်ရင်း စက်ဘီးတွေ ထားခဲ့သည့် နေရာဆီသို့ ပြန်လျှောက်လာကြသည်။

"အချစ် ပင်ပန်းနေပြီလားဟင်"

မိုက်ကယ်က မေးတော့

"ဟင့်အင်၊ ပင်ပန်းပါဘူး"

"ဒါဖြင့် ကမ်းခြေအရောက် သွားကြရအောင်နော်။ လှိုင်းတွေ ကြည့်ရအောင်လေ"

"ကောင်းတာပေါ့"





ရှေ့သို့ ဆက်သည့် ခရီးတွင် စကား မပြောဖြစ်ကြ။ အတွေးကိုယ်စီဖြင့် နင်းလာကြသည်။ စောစောကလောက် မမြူးကြတော့။ တစ်ယောက် အကြောင်း တစ်ယောက် တွေးလာကြခြင်း ဖြစ်၏။ သည်တော့ မိုက်ကယ့် ကိုယ်တွင်းမှ သွေးခုန်နှုန်းတွေ မြန်လာသည်။ ချစ်သူကို ထွေးပွေ့ယုယချင်စိတ်ဖြင့် ပူနွေးလာသည်။ တကယ်တော့ နန်စီကလည်း ညွတ်ချင်ချင်။ ကမ်းခြေ မရောက်မီ သစ်ပင်ကြီး တစ်ပင် အောက်က မြက်ခင်း စိမ်းစိမ်းကလေး ပေါ်တွင် နားကြသည်။ နန်စီက ကမ်းခြေ ရှုခင်းကိုကြည့်ပြီး "လှလိုက်တာနော်" ဟု ရင်သပ်ရှုမော ပြောလိုက်တော့ မိုက်ကယ်က

"အေးနော်"

မြက်နုနုကလေးတွေ ထူထပ်သည့် နေရာတွင် ထိုင်ချလိုက်ကြသည်။ ဟိုအဝေးမှ ရေပြင်အောက်တွင် ငုပ်လျှိုးနေကြသည့် ကျောက်ဆောင်တွေ အပေါ် လှိုင်းတွေ ဖြတ်သွားကြသည့်အခါ ရေလှိုင်းတွေ ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားပုံကို ငေးကြည့်နေကြသည်။

"အချစ်ကို ဒီ ခေါ်လာချင်တာ ကြာလှပြီ"

"နန်စီ သိပ် ပျော်ပါတယ် မောင်ရယ်"

နှစ်ယောက်သား လက်ချင်း ချိတ်ထားလိုက်ကြသည်။ အတန်ကြာ စကား မဆိုမိကြ။ နန်စီက ဝုန်းခနဲ ထရပ်လိုက်သည်။ မိုက်ကယ် တအံ့တသြဖြင့်

"ဘာဖြစ်တာလဲဟင်"

"လုပ်စရာရှိလို့"

"ဟို ချုံကလေးတွေ နံဘေးမှာလား"

"သွား...လူရုပ်၊ ဒါပဲ တွေးနေ"

နန်စီ ပြောပြောဆိုဆို ကမ်းခြေဆီသို့ ပြေးဆင်းသွားသည်။ ဘာများလုပ်လို့ပါလိမ့်ဟူသော သိချင်စိတ်ဖြင့် နောက်မှ ခပ်မှန်မှန် လျှောက်လိုက်သွားသည်။ နန်စီသည် ကျောက်တုံးကြီး တစ်တုံးကို အားနှင့်မာန်နှင့် တွန်းနေ၏။ ကျောက်တုံးကြီးက တုပ်တုပ်မျှ မလှုပ်။

"ဟော့...ကလေးမ၊ ကူတွန်းပေးမှာပေါ့။ ဘာ လုပ်မလို့လဲ"

မိုက်ကယ်မှာ ချစ်သူ၏ အပြုအမူကို စဉ်းစား၍ မရနိုင်ဘဲ ရှိနေသည်။

"ခဏလေး ခဏလေး ကြည့်ချင်တာ မိုက်ကယ်ရဲ့။ တွန်း...တွန်း ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က ခြေကန်ပြီး တအားတွန်းတော့ ကျောက်တုံးကြီး တဖြည်းဖြည်း ကြွလာပြီး တစ်ဖက်သို့ စောင်းကျသွားသည်။

နန်စီက လည်ပင်းမှ ပုတီးကုံးကလေးကို အပြေးအလွှား ဖြုတ်သည်။ လက်ထဲတွင် ခဏကိုင်ထားပြီး မျက်စိကို မှိတ်ထားလိုက်သည်။ ပြီးတော့ ကျောက်တုံးအောက် တည့်တည့်ရှိ သဲထဲတွင် မြှုပ်လိုက်၏။

"ကဲ...ကျောက်တုံးကြီးကို သူ့နေရာသူ ပြန်တွန်းပေး"

"ပုတီးလေး ပြန်ယူလို့ ဘယ်ရတော့မလဲ"

နန်စီ ခေါင်းညိတ်သည်။ မျက်လုံးများကမူ ပုတီးလုံးကလေး မြှုပ်နှံထားရာမှ မခွာ။ ကျောက်တုံးကြီးကို နေရာ ပြန်ချပြီးမှ

"အဲဒီ ပုတီးကုံးလေးဟာ ချစ်သက်သေပဲ။ ဟောဒီ ကျောက်တုံးကြီး ရှိနေသရွေ့ ဟောဒီကမ်းခြေနဲ့ ဟောဒီ သစ်ပင်ကြီးတွေ တည်နေသရွေ့ မပျောက်မပျက် တည်ရှိနေလိမ့်မယ်။ ဟုတ်ပြီလား"

"ဟုတ်ပါပြီတဲ့ဗျာ။ ဟုတ်ပါပြီတဲ့။ တို့တစ်တွေ သိပ်များ စိတ်ကူးယဉ်လွန်းနေပြီလားကွယ်"

မိုက်ကယ် ပြုံးပြီးပြောတော့ နန်စီက-

"ဘာဖြစ်လို့ စိတ်ကူးမယဉ်ရမှာလဲ မောင်ရဲ့။ ချစ်ရတယ်၊ အချစ်ခံရတယ်ဆိုတာ တော်ရုံကုသိုလ်မျိုးနဲ့ ရတာမှ မဟုတ်တာ။ အချစ်ကို သက်သေထူတယ်၊ အထိမ်းအမှတ် လုပ်တယ်၊ ပြီးတော့ ချစ်သက်သေ ပစ္စည်းကလေးကို လုံလုံခြုံခြုံ ထွေးထွေးနွေးနွေး ထားတယ်"

"ဟုတ်ပါပြီတဲ့ ဗျာ။ ကိုယ့် အချစ်ကလေးပြောတာ သစ္စာစကားတွေပါတဲ့"

"ကဲ...ဒါဖြင့် သစ္စာဆိုမယ်။ ကျွန်တော်မသည် ဤမည်သော အချစ်သက်သေ ပုတီးကုံးကလေးကို ထာဝစဉ် သတိရနေပါမည်။ သည်ကျောက်ဆောင်အောက်တွင် မြှုပ်နှံထားရှိသည်ကို ထာဝစဉ် မမေ့မလျော့ ရှိနေပါမည်။ ကဲ... သူ့ အလှည့်၊ ဆို"

ချစ်သူက လက်မောင်းကို လှုပ်ပြီး ပြောတော့ သူ့ မျက်နှာကလေးကို ငုံ့ကြည့်ပြီး ပြုံးနေမိသည်။ ဘယ်တုန်းကမျှ သည်လောက် ချစ်စရာမကောင်းခဲ့ဟု ထင်လိုက်သည်။ ပြီးတော့ သူ့ အလိုကျ သစ္စာစကား ဆိုရသည်။





"ကျွန်ုပ် မိုက်ကယ်ဟီးလ်ယဒ် ကတိသစ္စာ ဆိုပါသည်။ ကျွန်ုပ်သည် ချစ်သူအား ဘယ်သောအခါမှ ခွဲခွာနှုတ်ဆက်သည့် စကားလုံးများ ရေရွတ်ခြင်း မပြုပါ"

ရယ်စရာဟူ၍ မည်မည်ရရ မရှိပါဘဲ နှစ်ယောက်သား ရယ်နေမိကြသည်။ ငယ်ငယ်တို့သာ ခံစားတတ်သည့် အရသာမျိုး။ လွတ်လပ်နေသည်၊ ပေါ့ပါးနေသည်။ တိမ်ညွှန့်တိမ်စိုင်တွေ ဆီသို့ ပျံတက်ရဦးမည်လား။ တစ်နေ့လုံး ပျော်နေကြသည်။ လောကသည် သူတို့ အတွက် နှလုံးမွေ့လျော် ပျော်ဖွယ်ရာအတိ။

"ပြန်ကြစို့။ တော်ပြီထင်တယ်ကွယ်"

မိုက်ကယ်က ပြောတော့ နန်စီ ခေါင်းညိတ်သည်။ စက်ဘီးတွေ ထားခဲ့သည့်နေရာသို့ လက်ချင်းချိတ်ပြီး ပြန်လျှောက်ခဲ့ကြသည်။

နောက် နှစ်နာရီ အကြာတွင် ကျောင်းနှင့် ကပ်လျက်ရှိသည့် နန်စီ အခန်းသို့ ပြန်ရောက်လာကြသည်။ မိုက်ကယ်က ဆိုဖာ တစ်လုံး ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ အခန်း ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်အံ့သည်။ သည်အခန်းကလေးနှင့် ဘယ်လောက်အထိ ရင်းနှီးနေသည်လဲ။ သည်အခန်းကလေးတွင် ငြိမ်းချမ်းပျော်ရွှင်မှု ဘယ်အတိုင်းအတာအထိ ရှိသည်ကို သတိထားလိုက်မိ၏။ ကိုယ့်အိမ်ကိုယ့်ရာလို ဖြစ်နေပြီ မဟုတ်လား။ အဆောင်ဆောင် အခန်းခန်းနှင့် အမေ့ အိမ်ကြီးက သည်အခန်းကလေးလို ထွေးထွေးနွေးနွေး မရှိလှ။ အမေ့အိမ်ကို ကိုယ့်အိမ်ကိုယ့်ရာလို မထင်သည်မှာ ကြာပြီ။ သည်အခန်းကလေးသည် ချစ်သူ၏ အငွေ့အသက်တို့ဖြင့် အမြဲတမ်း အသက်ဝင်နေသည်။

အနုစိတ်နှစ် အလလက ချစ်သူ့ လက်ရာ ပန်းချီကားတွေကလည်း ကြည့်လို့မဝနိုင်။ သူ ရွေးသည့် အရောင်တွေကိုက ထွေးထွေးနွေးနွေး ရှိလှသည်။ မြေကြီးရောင် ခပ်များများ။ အလယ်ခန်းမှ ဆိုဖာခုံ ရှေ့မှာလည်း ကတ္တီပါ အညိုရောင်။ မွေးရှည်ကော်ဇောကတော့ သူငယ်ချင်း တစ်ယောက်ထံမှ ပြန်ဝယ်ထားခြင်း ဖြစ်၏။ ဘယ်ထောင့်ကို ကြည့်လိုက် ကြည့်လိုက် ပန်းပွင့်တွေချည်း။ သည်တော့ ချစ်ရနံ့ဖြင့် အစဉ် မွှေးပျံ့နေသည်ပေါ့။ ပြီးတော့ သူ့ အမြတ်တနိုး စိုက်ထားသည့် ရွက်လှပန်းပင်ကလေးတွေကလည်း စိမ်းလို့ စိုလို့။ ထမင်းစားခန်းမှ ကျောက်စားပွဲမှာ မှုံ့တစ်ပေါက် မစွန်းဘဲ ဖြူဖွေးသန့်စင်နေသည်။ ပြီးတော့ သူ အိပ်သည့် ရှေးဟောင်း ကြေးဘုတ်ကြီး။ ချစ်သူ နှစ်ဦး အပျော်ကြူးကြပြီ ဆိုလျှင် အသံအမျိုးမျိုးဖြင့် အော်ညည်းပေးတတ်သည့် ဘုတ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ အခန်းကလေးက ကိုယ့်အတွက် ကောင်းကင်ဘုံပါပဲ နန်စီ"

နန်စီက အခန်းကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ စိတ်ထဲတွင် ကြည်နူး သွားသည်။

"တူတူပဲပေါ့။ လက်ထပ်ပြီးရင် ဘယ့်နှယ်လုပ်မလဲဟင်"

"ဟောဒီ အလုအပတွေ အကုန်သယ်သွားမှာပေါ့။ ပြီးတော့ ဒီပစ္စည်းတွေ နဲ့ ထိုက်တန်တဲ့ အိမ်လေး တစ်လုံး နယူးယောက်မှာ ရှာမယ်လေ။ ဟေး...ဟို ကားက အသစ်ပါလား"

သုံးချောင်းထောက် ပန်းချီကားခုံ ပေါ်တွင် ပုံကြမ်းလောင်းထားသည့် ကား တစ်ကား။ မပီတိုးဝါး အဆင့်မှာပင် ပုံက အားရှိနေသည်။ ရွှင်းပုံ။ ကွင်းပြင် တွေ၊ သစ်ပင်တွေ။ ကားခုံဆီသို့ ထသွားကြသည်။ သစ်ပင် တစ်ပင်၏ ခွကြား တွင် တက်၍ပုန်းနေသော ကောင်လေး တစ်ယောက်။ ခြေထောက် နှစ်ချောင်း တွဲလောင်းချလျက်သား။

"သစ်ပင်ကို အရွက်တွေထည့်လိုက်ရင် သူ့ကို ဖုံးသွားမလားဟင်"

"မပြောနိုင်သေးဘူး မိုက်ကယ်။ ဖုံးချင် ဖုံးသွားနိုင်တယ်။ ဒါပေမဲ့ သူ သစ်ပင်ပေါ်မှာ ရှိနေတယ် ဆိုတာတော့ သိသာနေမှာပါ။ သဘောကျလားဟင်"

"သိပ် ကြိုက်တယ်"

နန်စီ့ မျက်နှာကလေးမှာ လမင်းထက် နှစ်လေးသာနေသည်။ သူ့ လက်ရာ တွေကို လေးလေးစားစား အကဲဖြတ်တတ်သည့် ချစ်သူပါကလား။

"ကားပြီးသွားရင် မောင့်ကို မင်္ဂလာလက်ဖွဲ့ အနေနဲ့ ပေးမယ်နော်"

"တကယ်နော်။ နေဦး၊ မင်္ဂလာဆောင် ဆိုလို့"

လက်မှ နာရီကို ငုံ့ကြည့်သည်။ ညနေ ငါးနာရီထိုးပြီ။ ခြောက်နာရီ လေယာဉ်ပျံကွင်း အရောက်သွားရမည်။

"လစ်တော့မှ ဖြစ်မယ်"

"သူ တကယ်သွားတော့မလို့လား ဟင်"

"သွားမယ်လေကွယ်။ ဒါလောက် အရေးကြီးတဲ့ ကိစ္စ ဘယ်မှာရှိမလဲ နန်စီ။ ချက်ချင်း ပြန်လာခဲ့မှာပါ။ မေမေ့ဆီ ၇ နာရီ ၈ နာရီလောက် အရောက် သွားရမှာ။ ည ၁၁ နာရီ လေယာဉ်ပျံနဲ့ ပြန်ခဲ့မယ်လေ။ သန်းခေါင်လောက်ဆို ပြန်ရောက်မှာပါ။ ကဲ...ဟုတ်ပြီလား။ မ,စိတ်ပူလေး"





"ဒါဖြင့်လည်း သွားလေ"

နန်စီက လေးပင်စွာဖြင့် သဘောတူလိုက်သည်။ စိတ်ထဲတွင် လေးနေ သည်။ မသွားစေချင်။

"ချောချောမောမော ဖြစ်ကောင်းပါရဲ့နော်"

"စိတ်ချနေပါကွယ်။ အချစ်ကလည်း"

ပြော၍သာ ပြောနေကြသည်။ မေမေ မာရီယံ အကြောင်းကို နှစ်ယောက် လုံးက သိနေကြသည်။ သူ လုပ်ချင်သည်ကို မရမက လုပ်တတ်သူ။ မကြားချင် သည့် အကြောင်းအရာကို ဟန်ဆောင်ပန်ဆောင်ပင် နားမထောင်တတ်သူ။ သူ့ ဘဝသည် ဘာတွေ ဘာတွေနှင့်သာ သင့်တင့်လျောက်ပတ်သည်ကို ခွဲခွဲခြားခြား နားလည်ထားသူ။ ဗူးဆိုလျှင် ဖရုံ မသီးသည့် မေမေ။ သည်တစ်ပွဲတွင်တော့ မေမေ့ကို အနိုင်ယူရလိမ့်မည်။ အချစ်နှင့် ပတ်သက်လာပြီလေ။ အားလုံးကို ကျော်ဖြတ်ရတော့မည်ပေါ့။

ချစ်သူကို ရင်ခွင်ထဲသို့ တစ်ချက် ဆွဲသွင်းလိုက်သည်။ ပြီးတော့ စပို့ရှပ် အင်္ကျီ ကော်လာတွင် လည်စည်းကို ကမန်းကတန်း စည်းသည်။ ကုလားထိုင် တစ်လုံးပေါ် တင်ထားသည့် ဂျာကင် အင်္ကျီကို ဆွဲယူသည်။ မနက်က ထားခဲ့သည့် အင်္ကျီ။ နယူးယောက်တွင် ပူလောင်အိုက်စပ်မည်ကို သိသည်။ ဘယ်လောက်ပဲ ပူပူ၊ မေမေနှင့် တွေ့တော့မည်ဆိုလျှင် အပေါ်အင်္ကျီ ပါရမည်။ လည်စည်း ပါရမည်။ ဟစ်ပီဆန်ဆန် ဆင်ယင်ထုံးဖွဲ့မှုမျိုးကို မေမေ ဘယ်တုန်းကမျှ လက်မခံ။ ပြီး တော့ လူမှုဆက်ဆံရေးတွင် အလွန် အဆင့်အတန်း ခွဲသည်။ သာမန် အညတရ အလွှာထဲက ဆိုလျှင် မာရီယံ လှည့်ကြည့်လိမ့်မည် မဟုတ်။ နန်စီလို မိန်းကလေး မျိုးကို ဆိုပါတော့။ ခုတော့ သူတို့ နှစ်ယောက် ရင်ဆိုင်ကျော်လွှားရမည့် ပြဿနာ အတိမ်အနက်ကို နန်စီကော မိုက်ကယ်ပါ သဘောပေါက်နေကြသည်။

တံခါးဝတွင် နှစ်ယောက်သား နှုတ်ဆက်အနမ်း နမ်းကြသည်။

"ကံကောင်းပါစေ မောင်ရယ်"

"သိပ် ချစ်တယ်ကွယ်"

တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော အခန်းထဲတွင် နန်စီ တစ်ယောက်တည်း။ ခြောက်သွေ့စွာ ထိုင်ကျန်ရစ်သည်။ နေ့လယ်က ရိုက်လာသည့် ဓာတ်ပုံတွေကို ငေးကြည့်နေမိသည်။ ရက်ဒ်ဘတ်တာလာနှင့် စကားလက် အိုဟာရာ။ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်၏ အသည်းနှလုံးတွင် အမြဲတမ်း အသက်ရှင်နေကြသည့် ချစ်သူ နှစ်ဦး။ ၁၉ ရာစုခေတ် ဖိုးရိုးဖားယား အဝတ်အစားတွေဖြင့် တစ်မျိုး ကြည့်ကောင်းနေသည်။ ရှင်မြူးကြည်နူးနေသည့် ချစ်သူ နှစ်ဦး။ အလွန်မတန် သိမ်မွေ့ပြီး လေးနက်နိုင်ကျည်သည့် မေတ္တာမျိုးကို မာရီယံဆိုသည့် မိုက်ကယ်တို့ အမေ ခံစားနားလည်နိုင်ပါမည်လား။

* * *

၂

ထမင်းစားခန်း ထဲမှ ကော်ဖီစားပွဲမှာ ကန်ရေပြင်လို ကြည်လင် တောက်ပနေသည်။ ရွှေရောင်နှင့် အပြာရောင် ရောစပ်ထားသည့် ပန်းကန်များ၏ အရိပ်နှင့် စားပွဲ တစ်ဖက်စွန်းတွင် တင်ထားသည့် နှီနှစ်ရောင် လက်သုတ်ပဝါ၏ အရိပ်တွေသာ စားပွဲ မျက်နှာပြင်တွင် အတိုင်းသား ထင်ဟပ်နေသည်။ ပန်းကန်များ၏ ဟိုမှာဘက်တွင်တော့ ငွေသားအတိပြီးသည့် ကော်ဖီဖျော် အသုံးအဆောင်များ။ ပြီးတော့ ပန်းတိမ်လက်ရာမြောက် ငွေခေါင်းလောင်းကလေး တစ်ခု။

မာရီယံဟီးလ်ယဒ်သည် သက်ပြင်း တစ်ချက်ချပြီး ကုလားထိုင် နောက်မှီပေါ်သို့ မှီလိုက်သည်။ ညှိထားပြီး စီးကရက်ကို တစ်ချက် ဖွာသည်။ ပင်ပန်းနွမ်းနယ်နေပုံပင်။ တနင်္ဂနွေ ရုံးအားရက်များသည် မာရီယံအတွက် ပို၍ ပင်ပန်းရသောနေ့များ ဖြစ်၏။ ရုံးဖွင့်ရက်တွေထက် ပိုပြီး အလုပ် လုပ်ရသည် မဟုတ်လား။ ကိုယ်ရေးကိုယ်တာ ပြန်စာတွေ ရေးရသည်။ ထမင်းချက် တင်ပြလာမည့် ရက်သတ္တပတ် အတွက် ဟင်းလျာစာရင်းကို စစ်ဆေးအတည်ပြုပေးရသည်။ အိမ် ဘဏ္ဍာစိုး၏ အစီရင်ခံစာများကို လေ့လာပြီး အိမ်အတွက် လိုအပ်သော ပြင်ဆင်မှုများကို ညွှန်ကြားရသည်။ အလွန် ငြီးငွေ့ဖွယ်ကောင်းလှသည့် အလုပ်တွေ။ သို့သော် သည်အလုပ်တွေကို မာရီယံ လုပ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ လုပ်ငန်းခွင်သို့ မဝင်မီကတည်းက လုပ်လာခဲ့သည်မို့ ခင်မွန်းသည် ကွယ်လွန်ပြီး အလုပ် တာဝန်တွေ လက်ပြောင်း ယူရသည့် အခါတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို အိမ်ရှေ့ကွင်း ဆောင်ရွက်သည့်နေ့ အဖြစ် ဆက်လက် သတ်မှတ်ခဲ့၏။ ထိုသည့်နေ့တွင် ကလေးထိန်းကို အနားပေးပြီး သည်နေ့သာ သားငယ်နှင့်အတူ နေချိန် ရသည်။ သားအကြောင်း တွေးလိုက်မိသည်နှင့် မာရီယံ၏ နှုတ်ခမ်းတွေ မသိမသာ ပြုံးလာသည်။ မျက်လုံးတွေ မှေးစင်းသွားသည်။ ဘယ်လောက် ပျော်စရာ ကောင်းသည့် အချိန်တွေပါလဲ။ ဘယ်သူမျှ အနှောင့်အယှက် မပေးနိုင်သည့်အချိန်တွေ။ သားအမိ နှစ်ယောက် အတွက် ရှားရှားပါးပါး ကိုယ်ပိုင် အချိန်တွေ။ ခုတော့ သည်တနင်္ဂနွေမျိုးတွေနှင့် ဝေးခဲ့သည်မှာ ကြာတောင်းကြာခဲ့ပြီ။ မာရီယံ၏ မျက်တောင်ကော့ရှွန်းရှွန်းတို့တွင် မျက်ရည်ဥကလေးတွေ ခိုတွဲလာသည်။ ကျောက်ဆစ်ရုပ်လို မလှုပ်မယှက် ထိုင်နေလျက်က ၁၈ နှစ်တိုင်ကြာခဲ့ပြီဖြစ်သော အတိတ်၏ မြင်ကွင်းများကို မြင်ယောင်လာမိသည်။ မိုက်ကယ်က ၆ နှစ်သား ကလေး။ သည်တုန်းကဆို အမေမှ အမေ။ အမေကလည်း ဖတဆိုး သားကလေး အပေါ် အချစ်ကို ပုံအောထားခဲ့သည်။ သားအတွက်ဆိုလျှင် ဘာပဲလုပ်ပေးရ လုပ်ပေးရ။ လုပ်လည်း လုပ်ပေးခဲ့သည်။ သူသည် ဘိုးစဉ်ဆောင်ဆက် အမွေ အနှစ်တွေ ဆက်လက် ထိန်းသိမ်းခဲ့သည်။ ပြီးတော့ သားလက်သို့ ဝကွက်အပ်ဖို့ ရည်စူးထားခဲ့သည်။ ဤကား သားအတွက် တန်ဖိုးအရှိဆုံး လက်ဆောင်မွန် မဟုတ်လား။ ကော့တာဟီးလ်ယဒ် ကုမ္ပဏီကြီး တစ်ခုလုံးလေ။ အမြတ်တနိုး ပျိုးထောင် ထိန်းသိမ်းခဲ့သည့် အလုပ်။ သားနှင့် ထပ်တူ မြတ်နိုးသော ကုမ္ပဏီ။

"မေမေက သိပ် လှနေပါလား..."

အံ့ဩလွန်းသဖြင့် မျက်လုံးတွေ ဝိုင်းစက်သွားသည်။ အိမ်၏ အလှကျက်သရေဆောင်ဖြစ်သည့် ထမင်းစားခန်း တံခါးဝတွင် ရပ်လျက်ရှိသော သားကို တွေ့လိုက်ရ၏။ သားကို တွေ့လိုက်ရမှ ပိုပြီး ငိုချင်လာသည်။ ဟို...ငယ်ငယ်တုန်းကလို ပြေးပြီး ပွေ့ဖက်မွှေ့ယမ်းပစ်လိုက်ချင်သည်။ သို့သော် သည်ဆန္ဒတွေ အစား ယှဲယှဲကလေးသာ ပြုံးပြဖြစ်လိုက်သည်။

"သား ဝင်လာတဲ့အသံ မေမေ မကြားလိုက်ဘူး"

လုံးဝ ဣန္ဒြေမပျက်။ မာရီယံ့ ရင်ထဲတွင် ဘာဖြစ်နေသည်ကို ဘယ်သူမျှ ခန့်မှန်းနိုင်လိမ့်မည် မဟုတ်။

"သား သော့နဲ့ သား ဖွင့်ဝင်လာတာလေ။ သား ဝင်ခဲ့မယ်နော်"





"လာလေ။ သား ဘာစားမလဲ၊ အချိုလား"

မိုက်ကယ်က အခန်းထဲသို့ ဖြည်းဖြည်းချင်း လှမ်းဝင်လာသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် သူ့ အပြုံးသည် သိပ် အားပါးတရ မရှိလှ။ ပြီးတော့ ငယ်စဉ်တအတိုင်း မေမေ့ ရှေ့မှ ပန်းကန်ကို ငုံ့ကြည့်သည်။ "ချော့ကလက် မဟုတ်လား မေမေ..."

မေမေက ရယ်ပြီး ခေါင်းယမ်းသည်။ သည်လိုကျပြန်တော့ သားဟာ ဘာမျှ မပြောင်းလဲသလိုပါပဲလား။

"ကိတ်ခွေပါ သားရဲ့။ စားမလား။ မက်တီ တစ်ယောက် မီးဖိုခန်းထဲမှာပဲ ရှိနေသေးတယ်။ သွားလေ"

"ကျွန်ပါဦးမလား မေမေ။ မက်တီ ရှင်းပစ်လိုက်ရောပေါ့"

သားအမိ နှစ်ယောက် ပြိုင်တူရယ်လိုက်ကြသည်။ မာရီယံက ခေါင်းလောင်းကလေးကို လှမ်းကိုင် လှုပ်လိုက်သည်။ မက်တီ ချက်ချင်း ရောက်လာသည်။ ဝတ်စုံ အနက်နှင့်။ မျက်နှာက ပြုံးချိုလျက်။ သို့သော် အသားအရေက ဖြူလျော့လျော့။ တစ်ချိန်လုံး အိမ်စေဘဝဖြင့် သူများအတွက် အသက်ရှင်နေရသူ။ တနင်္ဂနွေနေ့လောက်သာ ကိုယ်ပိုင် အချိန် ရှိရှာသူ။

"ဟုတ်ကဲ့ရှင့်"

"နင့် အစ်ကို အတွက် ကော်ဖီဖျော်ပေး။ သား မုန့်စားဦးမလား"

မိုက်ကယ် ခေါင်းခါပြသည်။

"ဒါဖြင့် ကော်ဖီပဲလုပ်"

"ဟုတ်ကဲ့ရှင့်"

တစ်ချက် သတိထားလိုက်မိသည်။ မေမေသည် အစေခံတွေကို ဘယ်တော့မျှ ကျေးဇူးတင်စကား ပြောလေ့မရှိ။ အစေခံတွေသည် မေမေ ခိုင်းဖို့ စေဖို့ မွေးလာကြသည့်နှယ်။ မေမေ့ စိတ်ထဲ သည်လိုပဲ ထင်နေဟန်ရှိ၏။ တစ်သက်လုံး အခြွေအရံတွေ၊ အခိုင်းအစေတွေ၊ အတွင်းရေးမှူးတွေနှင့် လိုလေသေးမရှိ နေခဲ့သူ မဟုတ်လား။ မေမေ့ ဘဝသည် အထီးကျန် ဘဝမျိုး ဖြစ်ပေမဲ့ ခေါက်ရိုးမကျိုးသည့် ဘဝမျိုးဖြင့် နေထိုင်ခဲ့သူပါ။

မေမေ့ အမေသည် မေမေ့ အစ်ကို ဖြစ်သူနှင့်အတူ မတော်တဆ ထိခိုက်မှုကြောင့် ကွယ်လွန်ခဲ့သည်။ တစ်ဦးတည်းသော မေမေ့အစ်ကိုသည်



www.burmeseclassic.com

www.burmeseclassic.com



ကော့တာဗိသုကာ လုပ်ငန်းကို အမွေဆက်ခံလုပ်ကိုင်နေသူ ဖြစ်၏။ သည်တုန်းက မေမေ သုံးနှစ်သမီးပဲ ရှိသေးသည်။ မေမေသည် ကော့တာ၏ အမွေကို ငယ်ငယ်လေး ကတည်းက ဆက်ခံခဲ့ရသူ ဖြစ်သည့်အလျောက် သည်လုပ်ငန်းသည် သူ့အသွေး သူ့အသားလို ဖြစ်နေပြီ။ သည်လုပ်ငန်းကို ဆက်လက် လွှဲပေးရန် သားဖြစ်သူ မိုက်ကယ်အပြင် ဘယ်သူ ဖြစ်နိုင်ဦးမည်နည်း။ သို့ကြောင့်လည်း သားကို လိုသည့်ပုံစံ မရရအောင် သွန်းလောင်းခဲ့သည်။ ယခုအချိန်အထိတော့ မေမေ မာရီယံ၏ လုပ်ဆောင်ချက်များသည် အချိန်ကိုက်၊ ကွက်တိဝင်ကျ ရှိနေသေးသည်။

"ကျောင်းအကြောင်း ပြောပါဦး သားရဲ့"

"ပြီးတော့မှာပါ မေမေ။ နှစ်ပတ်ပဲ လိုပါတော့တယ်"

"ဟုတ်သားပဲ။ သားအတွက် မေမေ ဘယ်လောက် ဂုဏ်ယူနေတယ်ထင်လဲ။ ပါရဂူဘွဲ့ရဖို့ ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ အထူးသဖြင့် ဗိသုကာပညာရပ်မှာပေါ့။ သား နားလည်ပါတယ်နော်"

မေမေ့ စကားက တစ်မျိုးကြီးပဲဟု ထင်လိုက်မိသည်။ ငယ်ငယ်တုန်းကလို ဆိုလျှင်တော့ "ဟာဗျာ၊ မေမေကလည်း" ဟု ဆိုမိမည်လား မသိ။

"နောက် တစ်ပတ်ဆို အေဗရီဆီ အကြောင်း ကြားလိုက်တော့မယ်။ သား မပြောသေးဘူး မဟုတ်လား"

သူငယ်ချင်းဖြစ်သူ အံ့သြစေချင်၍ မပြောဘဲ ချိုထားသည်ကို မေမေက ကလေးဆန်သည်ဟု ထင်သည်။

"ဟုတ်တယ် မေမေ။ မပြောသေးဘူး။ ဒါမှ ဒီကောင် သိပ် အံ့သြသွားမှာ"

"ဒါပေါ့ သားရဲ့။ သူ့အတွက် မမျှော်လင့်နိုင်တဲ့ အလုပ်မျိုးပဲ"

"ဒါပေမဲ့ သူနဲ့ ဒီအလုပ်နဲ့ ကောင်းကောင်း ထိုက်တန်ပါတယ် မေမေရယ်"

"ကြည့်သေးတာပေါ့ သားရယ်"

ထုံးစံအတိုင်း မေမေ ဆိုသည့် မဲမေက သူ့ အယူအဆကို တစ်လက်မမျှ လျှော့မပေး။

"ဒါထက် သားကော အလုပ်ဝင်ဖို့အတွက် အသင့် ဖြစ်ပြီလား။ သားအတွက် ရုံးခန်းတော့ နောက်အပတ်လောက်ဆို အားလုံး ပြီးသွားလိမ့်မယ်"





သားအတွက် ပြင်ဆင်ထားသည့် ရုံးခန်း အကြောင်း တွေးမိတော့ မေမေ့ မျက်လုံးတွေ ပြုံးရယ်လာသည်။ ကျွန်းမှန်ကူကွက်တွေ အများကြီး သုံးထားသည့် ရုံးခန်းမျိုး။ မိုက်ကယ်တို့ ဖေဖေ ကြိုက်သည့် အပြင်အဆင်မျိုး။ ဘိုးစဉ်ဘောင်ဆက်က သုံးခဲ့သည့် သားရေဖုံး ကုလားထိုင်တွေနှင့်။ မေမေ ကိုယ်တိုင် လန်ဒန်မှ တကူးတကန့် ဝယ်လာသည့် ပရိဘောဂ ပစ္စည်းတွေ။

"သား ရုံးခန်းတွေ့ရင် သား သိပ်သဘောကျသွားမှာ"

"ဟုတ်လား။ နိပ်တာပေါ့ မေမေရာ"

မေမေ့ကို တစ်ချက်ပြုံးပြီး ကြည့်နေမိသည်။

"သားလည်း သဘောကျတဲ့ပုံလေး ဘာလေး ချိတ်ချင်သေးတယ် မေမေ။ ဒါပေမဲ့ အခန်း ပြင်ထားပုံကို ကြည့်ပါဦးမယ်လေ"

"သား ဘာမှ ထပ်ပြင်စရာ မလိုတော့အောင် မေမေ ပြင်ထားပြီးပါပြီ သားရယ်။ သားကြိုက်တဲ့ ပုံမျိုးတွေလည်း အများကြီး ချိတ်ထားပြီးပါပြီ"

နန်စီ့ပုံတွေ ချိတ်စရာ ရှိသေးသည် မဟုတ်လား။ သားတော်မောင်၏ အရိပ်အကဲကို စောင့်ကြည့်နေသည့် မာရီယံက မိုက်ကယ့် မျက်လုံးထဲတွင် အရောင်တစ်မျိုး လက်သွားသည်ကို ကောင်းကောင်းကြီး မြင်တွေ့လိုက်၏။

"ဒီမယ် မေမေ" ဟု စကား စ,နေစဉ် မက်တီ ဝင်လာသည်။ ကော်ဖီ လင်ဗန်းကို ကိုင်လျက်။

"ကျေးဇူးပဲ မက်တီ"

"ဟုတ်ကဲ့ အစ်ကိုလေး။ အစ်ကိုလေး ပြန်လာလို့ ဝမ်းသာနေတာ"

မက်တီက ထုံးစံအတိုင်း ပြုံးလျက်။ သားဖြစ်သူနှင့် အစေခံတွေ ဆက်ဆံရေးသည် အမေနှင့်လို မဟုတ်။ ရင်းရင်းနှီးနှီး ရှိကြသည်။

"မက်တီ ဘာများ လုပ်ပေးရဦးမလဲရှင့်"

"မလိုဘူး။ သွားတော့။ စာကြည့်ခန်းထဲ သွားကြမလား သား"

"ကောင်းသားပဲ မေမေ"

မေမေ့ ထမင်းစားဆောင်မှာ စိတ်ဖို့လွှင့်ချင်စရာ ကောင်းလှသည်။ အရေးကြီးသည့် ကိစ္စတွေ တိုင်ပင်ဖို့ ကောင်းသည့်နေရာမျိုး မဟုတ်။ ပြီးတော့ မေမေ့ကို တိုးတိုးတိတ်တိတ် စည်းရုံးဖို့ကောင်းသည့် နေရာမျိုးလည်း မဟုတ်။ မေမေ့ နောက်မှ ထလိုက်လာသည်။ ကော်ဇောခင်း လှေကား သုံးထပ်ကိုဆင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်သို့ ချိုးလိုက်သည်နှင့် စာကြည့်ခန်းသို့ ရောက်သည်။ စာကြည့်ခန်းမှ ကြည့်လျှင် ပဒ္မမရိပ်သာလမ်းနှင့် မြို့လယ် ပန်းခြံကို စီးမြင်နေရသည်။ အခန်းထဲတွင် မီးလင်းဖိုတစ်ခု ရှိသည်။ နံရံနှစ်ဖက်တွင်မူ တန်းစီထားသည့် စာအုပ်တွေ အပြည့်။ အခြား တစ်ဖက်တွင်တော့ ဖေဖေ့ ပုံတူ ဇရာမ ဆီဆေးကားကြီး အလွန် အသက်ဝင်သည်။ ငယ်ငယ်တုန်းကဆို ဖေဖေ့ပုံကို ခဏခဏ လာကြည့်ပြီး စကား ပြောပြောနေတတ်သည့် အတွက် မေမေ အတင်း ချော့ခေါ် ရဖူးသည်။ တစ်ခါတစ်ခါတွင် ပုံကြီးကို မေမေ တစ်ယောက်တည်း မော့ကြည့်ပြီး မျက်ရည် တသွင်သွင် စီးကျနေသည်ကိုလည်း မှတ်မိနေသေးသည်။

မေမေက ထိုင်နေကျ သူ့နေရာတွင် ဝင်ထိုင်၏။ မီးလင်းဖိုကို မျက်နှာမူထားသည့် ရှေးဟောင်း ကုလားထိုင်ကြီးမှာပေါ့။ လူဝီဘုရင် လက်ထက်က ထွန်းကားခဲ့သည့် ဗိသုကာလက်ရာ ကုလားထိုင်ကြီးမျိုး။ မေမေသည် ဝတ်နေကျ အရောင်ကိုပဲ ဝတ်ထားသည်။ မီးဖိုထဲမှ မီးရောင် ဝါကြန့်ကြန့်သည် မေမေ့ အလှကို ပို၍ ကျက်သရေ ရှိနေစေ၏။ ငါးဆယ့်ခုနစ်နှစ် အရွယ်သို့ ရောက်လာသည့်တိုင် မေမေသည် လှတုန်းလှဆဲပင်။ မိုက်ကယ်ကိုတော့ မေမေ့ အသက် သုံးဆယ့်သုံးနှစ်တွင် မွေးခဲ့ခြင်း ဖြစ်၏။

စောစောပိုင်းက မွေးဖို့ဖွားဖို့ရန် မေမေ့မှာ အချိန် မရှိခဲ့။ ကလေး မမွေးခင်ကဆို မြင်သူ ဗျာပွေလောက်သည့် အလှပိုင်ရှင်မျိုးပါ။ ဆံပင်အရောင်က မိုက်ကယ်နှင့် တစ်ရောင်တည်း။ ရွှေရောင်။ ခုတော့ ဆံစကလေးတွေ ဖြူစပြုလာပြီ။ မေမေ့ မျက်နှာပေါ်တွင် တွေ့မြင်နေကျ လှပနုပျိုခြင်း၏ အရိပ်တို့လည်း ဖျော့တော့လာပြီ။ နုပျိုခြင်း၊ လှပခြင်းတို့၏ နေရာတွင် တာဝန်တွေ၊ အားမာန်တွေက နေရာ ယူလာပြီ မဟုတ်လား။ ငှက်ပျောညွန့်ရောင် မျက်လုံးများတွင် မီးခိုးရောင် ရောယှက်လာချေပြီ။

"မေမေ့ စိတ်ထဲမှာ သိနေသလိုပဲ။ သား ပြန်လာတာ မေမေနဲ့ အရေးတကြီး တိုင်ပင်စရာရှိလို့ မဟုတ်လား။ ကဲ...ဆို"

မိန်းကလေး တစ်ယောက်ယောက်နဲ့များ မရှုနိုင် မကယ်နိုင် ဖြစ်လာလို့လား။ သူ့ကြားပဲ အတိုက်ခံရလို့လား။ သို့မဟုတ် သူကပဲ တိုက်ခဲ့လို့လား စသည် စသည်ဖြင့် တွေးပူလိုက်သေးသည်။ နောက်ဆုံး လာရင်းအကြောင်းကို သိရတော့မှ သက်ပြင်း ချနိုင်တော့သည်။





"ဒါလောက် အရေးကြီးလှလို့တော့ မဟုတ်ပါဘူး မေမေ။ အင်း... ဆွေးနွေးစရာလေးတွေတော့ သားမှာ ပါလာတယ်"

သည်စကားလုံးတွေ နှုတ်က ထွက်သွားပြီးမှ မှားမှန်းသိသည်။ သွားပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါပွလိုက်မိသည။ "ပြောစရာရှိတယ်" ဟုပဲ ပြောရမည်။ "ဆွေးနွေးစရာ ရှိတယ်" ဆိုကတည်းက သွားပြီ။ မေမေ့ကို နိုင်အောင် ဘယ်တုန်းက ဆွေးနွေးနိုင်ဖူးလို့လဲ။

"မေမေနဲ့ သားနဲ့ တစ်ယောက်ကို တစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောကြဖို့ အချိန်တော်ပြီလို့ ထင်တယ် မေမေ"

"ဟင်...သားကလည်း ခါတိုင်းတော့ မပွင့်လင်းတာ ကျနေတာပဲ"

"ဟုတ်တယ် မေမေ။ နေရာတိုင်းမှာတော့ ပွင့်ပွင့်လင်းလင်း မရှိခဲ့ဘူးပေါ့"

မိုက်ကယ် တစ်ကိုယ်လုံး အကြောတွေ ဆိုင်းနေပြီ။ နောက် ကျောဘက်မှ ဖေဖေ့ ပုံကြီးက သူ့ကို အားပေးနေသလိုလို။ ရှေ့သို့ ကိုယ်ကို ကိုင်းလိုက်ပြီး

"ဟုတ်တယ် မေမေ။ နန်စီ့ ကိစ္စမှာ သားနဲ့ မေမေ ပွင့်ပွင့်လင်းလင်း မရှိကြပါဘူး"

"နန်စီ ဟုတ်လား"

မေမေ့ မျက်နှာတွင် မည်သည့် ခံစားမှုမျိုးမျှ ရှာမရ။ ခုနထပြီး မေမေ့ ခုံကို ဆွဲလှုပ်ပစ်လိုက်ချင်သည်။ နန်စီဟု ခေါ်ပုံကိုက အစေခံတွေကိုခေါ်သည့် လေသံမျိုး။

"သားရဲ့နန်စီမက်အလစ္စတာကို ပြောတာပါ မေမေ"

"ဪ...အင်း...အင်း"

ငွေဇွန်းကလေးကို ကော်ဖီခွက်ငယ် ထဲသို့ အလွန့်အလွန် နှေးကွေးစွာ ထည့်ပြီး တဖြည်းဖြည်းချင်း မွှေနေလျက်က

"ဆိုစမ်းပါဦး သားရဲ့။ နန်စီနဲ့ ပတ်သက်ပြီး ဘာများ ပွင့်လင်းစရာရှိသေးလို့လဲ"

မေမေ့ မျက်လုံးတွေ အေးစက် မာကျောသွားကြလေပြီ။

"မေမေဟာ သားရဲ့ ချစ်သူကို လုံးဝ အသိအမှတ် မပြုဘူး။ ရှိတယ်တောင် ထင်ခဲ့ဘူးလေ။ ဒါပေမဲ့ သား ဒါကြောင့် စိတ်ဓာတ် မကျဘူး မေမေ။ သားဘက်က ပွင့်ပွင့်လင်းလင်း ပြောရရင် သားတို့ လက်ထပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင် နောက်ကျောကို ပြန်မှီလိုက်၏။ ပင့်သက် တစ်ချက် ရှူသွင်းလိုက်၏။ ပြီးမှ

"နှစ်ပတ်အတွင်း မေမေ၊ နှစ်ပတ်အတွင်း လက်ထပ်မှာ"

"ဟုတ်လား"

သည်မျှသာ ပြောသည်။

မာရီယံဟီးလ်ယဒ် ဆိုသည့် မေမေက ပကတိ တည်ငြိမ်လျက်။ ကျောက်ဆစ်ရုပ် တစ်ခုအလား။ အတန်ကြာမှ

"နေပါဦး သားရဲ့။ ကောင်မလေးမှာ ကိုယ်ဝန် ရှိလာလို့လား"

"ဟာ...မဟုတ်ဘူး မေမေ။ ဒီလို မဟုတ်ပါဘူး"

"အင်း...တော်ပါသေးရဲ့။ မေမေ မေးပါရစေဦး။ ဒါဖြင့် ဘာလို့ သူ့ကို လက်ထပ်မှာလဲ။ ပြီးတော့ ဘာလို့ နှစ်ပတ်အတွင်း လက်ထပ်ရမှာလဲ"

"ဘာပြုလို့ လက်ထပ်မှာလဲ ဟုတ်လား မေမေ။ ဘာပြုလို့ရမှာလဲ မေမေရယ်၊ ချစ်လို့ပေါ့။ သား သူ့ကို တကယ် ချစ်နေလို့ပေါ့။ ပြီးတော့ သား ဘွဲ့ရတော့မှာမို့ပေါ့။ ပြီးတော့ သားအလုပ်လုပ်တော့မှာမို့ပေါ့။ ပြီးတော့ အကောင်းဆုံးအိမ်ထောင်ဖက်လို့ သား ယုံလို့ပေါ့"

"အကောင်းဆုံးက ဟုတ်ပါပြီ။ ဘယ်သူ့အတွက် အကောင်းဆုံးလဲ သား"

မေမေ့ အသံသည် နူးညံ့နေဆဲ။ သို့သော် တိုက်ပွဲကတော့ စပြီ။ မေမေက ခြေတစ်ဖက်ကို အခြား ခြေတစ်ဖက်ပေါ်သို့ သိမ်သိမ်မွေ့မွေ့ကလေး လွှဲတင်လိုက်သည်။ မေမေ့ မျက်လုံးတွေကို ကြာကြာ ရင်မဆိုင်နိုင်ဘဲ မနေတတ်မထိုင်တတ်ဖြစ်လာသည်။ မေမေ့ အမူအရာသည် အလုပ်ဆန်လာ၏။ ရုံးခန်းထဲတွင် တွေ့ရတတ်သည့် ပုံစံမျိုး။ လူတကာကို လွှမ်းမိုး ဆုပ်ကိုင်တော့မည့် ဟန်မျိုး။

"အားလုံးအတွက် အကောင်းဆုံးပဲလို့ သား ယုံတယ် မေမေ"

"အဲဒီ အားလုံးဆိုတဲ့ အထဲမှာ မေမေတော့ မပါဘူး။ ဆန်ဖရန်စစ္စကိုမှာ ဆေးရုံကြီးဆောက်ဖို့ မေမေတို့ ကန်ထရိုက် ရထားတယ်။ ဧရာမ အလုပ်ကြီး။ သားအတွက် အလုပ်တွေ စီစဉ်ထားပြီးသား။ နောက် နှစ်နှစ်လောက် ကုန်းကုန်းကွကွ လုပ်ရဦးမှာ။ သားမှာ မိန်းမယူဖို့ အချိန် မရှိသေးဘူး။ ပွင့်ပွင့်လင်းလင်း မေမေ ပြောရရင်တော့ သား စောင့်စေချင်သေးတယ်"





မေမေက နူးညံ့လာလေလေ မျှော်လင့်ချက်နှင့် ဝေးသည်ထက် ဝေးလာလေလေဆိုသည်ကို သိနေသည်။

"နန်စီဟာ သားတို့ အလုပ်အတွက်ပါ အထောက်အကူ ဖြစ်စေမယ့် မိန်းကလေးမျိုးပါ မေမေ။ မေမေရော သားပါ စိတ်ချမ်းသာကြလိမ့်မယ်လို့ သား ယုံတယ်။ သိပ်ကို လိမ္မာတဲ့ မိန်းကလေးပါ မေမေ"

"လိမ္မာတယ် ဆိုတာ ဟုတ်ပါပြီတဲ့ သားရယ်။ မေမေတို့ မိသားစု စာရင်းဝင်ဖို့ကျတော့ စဉ်းစားရလိမ့်မယ်။ သူများတွေ အမနာပ ပြောကြမယ့် ကိစ္စကို သား ထည့်စဉ်းစားရဲ့လား"

မေမေ့ မျက်လုံးတွေထဲတွင် အောင်မြင်မှု အရိပ်အရောင်တွေ ယှက်သန်းလာသည်။ တဖျပ်ဖျပ် တောက်လာသည်။ သားကောင်ကို ထိုးသုတ်တော့မည့် ဒေါနှံရဲ့ မျက်လုံးမျိုး။

"ဘာ အမနာပလဲ မေမေ။ မေမေ ဘာတွေ ပြောနေတာလဲ"

"သားကို သူ ပြောမပြဘူးလား။ သူ ဘယ်သူဘယ်ဝါ ဆိုတာလေ"

ရင်ထဲမှ ဘုရား တလိုက်မိ၏။

"မေမေ ဘာဆိုလိုတာလဲဟင်။ ဘယ်သူဘယ်ဝါ ဆိုတာ"

"သူ့ မျိုးရိုးကို ပြောတာ။ မေမေ သေသေချာချာ ပြမယ်"

ကော်ဖီ ပန်းကန်ကို ခပ်သွက်သွက် ချလိုက်သည်။ သို့သော် ညင်သာလွန်းလှ၏။ ပြီးတော့ စားပွဲဆီသို့ ညက်ညက်ကလေး လျှောက်သွားပြီး အောက်ဆုံးအံဆွဲထဲမှ ဖိုင်တွဲ တစ်တွဲ ထုတ်ယူလာသည်။ လှမ်းပေးသည်။ ဘာမျှတော့ မပြော။ ဖိုင်တွဲကို ကိုင်ပြီး ငိုင်နေမိသည်။ လှန်မကြည့်ရဲသေး။

"ဘာတွေလဲ မေမေရာ"

"အစီရင်ခံစာ တစ်စောင်ပါ သားရဲ့။ မေမေ့ အလွတ်စုံထောက် တစ်ယောက်ရဲ့ အစီရင်ခံစာပါ။ သားရဲ့ ပန်းချီဆရာမလေး အကြောင်းလေ။ မေမေတော့ သိပ် သဘောမတွေ့လှဘူး"

မေမေ၏ အပေါ်စီးက အမြင်။ မေမေ့ မျက်နှာမှာ ဖြူဖျော့နေသည်။

"ကဲ...အေးအေးဆေးဆေး ဖတ်ပါဦး သားရယ်"

မဖတ်ချင်ဖတ်ချင်ဖြင့် ဖတ်ရသည်။ ပထမ စာ ၁၂ ကြောင်းမှာ နန်စီ့ မိဘအကြောင်း။ နန်စီ့ အမေမှာ နန်စီ ကလေးငယ် ကလေး ဘဝ ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲတွင် အသတ်ခံသွားရ၏။ နောက် နှစ်နှစ် အကြာတွင် နန်းစို အမေသည် အရက်၏ ကျေးကျွန် ဘဝဖြင့် သေဆုံးခဲ့ရသည်။ အဖေ ဖြစ်သူသည် စားပြမှုဖြင့် ထောင်ခုနစ်နှစ် ကျခံနေရင်း ထောင်ထဲတွင် အသတ်ခံရခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

"ဘယ်လိုလဲ သားရဲ့။ မျိုးကောင်းဆွေကောင်းတွေပါလား"

မေမေ့ အသံက မလိုတမာ နိုင်လှသည်။ အပေါ်စီးကနေပြီး အောက်ကလူကို ဖိထောင်းတော့မည့် ဟန်။ ဖိုင်တွဲကို ဝုန်းခနဲ စားပွဲပေါ် ပစ်ချလိုက်သည်။ စာရွက်တွေ ပြုတ်ထွက်ပြီး ကြမ်းပြင်ပေါ်သို့ လွင့်ကျကုန်သည်။

"ဒီ သွားပုတ်လေလွင့် အစီရင်ခံစာကို ကျွန်တော် မဖတ်ချင်ဘူး မေမေ"

"ဒါကို မဖတ်ဘဲနဲ့ မင်း သူ့ကို လက်ထပ်မယ် ဟုတ်လား"

"ဘာဖြစ်လဲ မေမေ။ သူ့ မိဘတွေ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော် ဂရုမစိုက်ဘူး။ အဲဒါတွေ သူနဲ့ ဘာဆိုင်လို့လဲ၊ သူ့ အပြစ်လား"

"သူ့ အပြစ်တော့ မဟုတ်ဘူးပေါ့ သားရယ်။ ဒါပေမဲ့ အဖြစ်ဆိုးတယ်ခေါ်ရမှာပေါ့။ သူ့ကို သား လက်ထပ်ရင် သားကိုပါ ကူးစက်လာတော့မှာပေါ့။ သား လေးလေးနက်နက် စဉ်းစားနော်။ ရောမ အလုပ်ကြီးကို သား ဦးစီးရတော့မှာ။ ငွေတွေ သိန်းသန်းကုဋေကိုင်ပြီး တခြား ကုမ္ပဏီတွေနဲ့ အပြိုင်ကျဲရမှာ။ သားကို ဘယ်ကီစ္စနဲ့မှ မှဲ့တစ်ပေါက် အစွန်းမခံနိုင်ဘူး။ လူများ မေးအငေါ့ မခံနိုင်ဘူး။ သား ဖွတ်လုပ်ရင် မေမေတို့ လုပ်ငန်းကြီး တစ်ခုလုံးကို ထိခိုက်နိုင်တယ်နော်။ သားရဲ့ ဘိုးဘိုးဟာ ဒီလုပ်ငန်းကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကတည်းက တည်ဆောက်ခဲ့ရတာ။ ဖေဖေတို့ မေမေတို့ သွေးနဲ့ချွေးနဲ့ ရင်းပြီး အမွေ ဆက်ခံခဲ့ကြရတာ။ သားလက်ထက်ကျမှ မိန်းကလေး တစ်ယောက်ကြောင့် ဒီလုပ်ငန်းကြီး ပျက်စီးရမယ်ဆိုရင် သား စဉ်းစားကြည့်ပေါ့။ မမိုက်ပါနဲ့ သားရယ်။ သား စဉ်းစားတတ်တဲ့အရွယ် ရောက်ပါပြီ။ နောက်နှစ်ပတ်ဆို သားရဲ့ ကျောင်းသား ဘဝ ကုန်ဆုံးတော့မှာပါ"

ခွန်အပြည့် အားအပြည့်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ဖြင့် မေမေ ပြောနေသည်။ မနိုင်မဖြစ် တိုက်ရမည့် တိုက်ပွဲအတွက် ဘာလုပ်ရ လုပ်ရ၊ ဘယ်နည်းကိုပဲ သုံးရသုံးရ သုံးတော့မည့်ပုံ။





"သား မိုက်တယ်။ ဒီကိစ္စကို မေမေ ဆက်မဆွေးနွေးနိုင်ဘူး။ သား ဖွတ်လုပ်ရဘူး၊ ဒါပဲ"

ခါတိုင်းလိုပါပဲ။ ခါတိုင်း ချုပ်နေကျ နိဂုံးအတိုင်းပါပဲ။ ဝုန်းခနဲ ထရပ်လိုက်၏။

"ဖွတ်လုပ်မယ်၊ လုပ်မယ်။ ကျွန်တော် နန်စီကို မဖြစ်မနေ လက်ထပ်မယ်"

အသံကုန် အော်ပြောလိုက်မိ၏။ အခန်းကို ထောင့်ဖြတ် လျှောက်သွားသည်။

"ဒီတစ်ခါ သား လျှော့မပေးတော့ဘူး မေမေ။ မေမေရဲ့ ဥပဒေသတွေ အောက်မှာ သိုးငယ်ကလေးလို သား ဆက်မနေနိုင်တော့ဘူး။ သားကို အလုပ်ထဲ သွင်း၊ ရုပ်သေးရုပ်လို မေမေ ကြိုးကိုင်ပြီး စေလိုရာစေ ဘဝမျိုး ကျွန်တော် အဖြစ်မခံနိုင်ဘူး မေမေ။ အလုပ်လုပ်ဆို လုပ်မယ်။ အလုပ်ချိန်မှာ သားကို မေမေ ပိုင်ချင်ပိုင်မယ်။ သားဘဝ တစ်ခုလုံးကိုတော့ မေမေ ရှေ့လျှောက်မပိုင်တော့ဘူး မေမေ။ သားဟာ လက်ထပ်ပိုင်ခွင့်ရှိတဲ့ အရွယ်လည်း ရောက်နေပြီ။ ပြည့်တန်ဆာ ဖြစ်နေပေစေ..."

"မိုက်ကယ်"

မေမေ အော်ပြီး ဟန့်တားလိုက်ချိန်တွင် တံခါးဝမှာ ခေါင်းလောင်းသံ မြည်လာသည်။

တစ်ယောက်ကို တစ်ယောက် ရူးရူးဝါးဝါး စိုက်ကြည့်နေကြသည်။ လှောင်အိမ်ထဲတွင် မာန်ဖီနေသည့် ကျားသစ် နှစ်ကောင်အလား။ အားချင်းမမျှပေမဲ့ တစ်ကောင်ကို တစ်ကောင် လန့်နေကြသည်။ အသက် မသေရေးအတွက် ရှိသမျှ ခွန်အားကို သုံးကြတော့မည် မဟုတ်လား။ အသေအလဲ ကုတ်ဖဲ့ သတ်ဖြတ်ပြီး ရမည့်အောင်ပွဲကို ငမ်းငမ်းတက် လိုချင်နေကြပြီ မဟုတ်လား။

ဒေါသ ကိုယ်စီဖြင့် တုန်ယင်နေသော သားအမိ နှစ်ယောက်။ အခန်း၏ တစ်ဖက်စွန်းစီတွင် ရပ်လျက်။ သည်အချိန်အတန့်တွင် 'ဂျော့ကာလိုဝေး' ဝင်လာသည်။ ဂျော့က အခြေအနေကို ချက်ချင်း အကဲခတ်မိလိုက်၏။ သားအမိ နှစ်ယောက် တိုက်ပွဲ ပြင်းထန်နေပါပြီကော။ ဂျော့သည် မာရီယံ၏ ညာလက်ရုံး။ အသက် ၅၀ ကျော် လူချော လူခန့်ကြီး။ အလွန် သိမ်မွေ့ညင်သာသူ။ ကော့တာဗီးလ်ယဒ်ကို ကန့်လန့်ကာ နောက်ကွယ်မှ စီမံအုပ်ချုပ်ပေးနေသူ။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်မှနေပြီး သူ့ ခွန်အားကို လူမသိ ရှင်မကြား အသုံးချနေရသည်ကိုပင် ဂျော့က ပို၍ ကျေနပ်နေသူ ဖြစ်၏။ ဤသို့ လျှို့ဝှက် သိပ်သည်းသည့် အရည် အချင်းကြောင့်ပင် မာရီယံ၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ခဲ့ခြင်း ဖြစ်၏။

မိုက်ကယ်တို့ ဖေဖေ ဆုံးပြီးစက မာရီယံသည် ရုပ်ပြ အဖြစ်သာ ကော့တာ ဟီးလ်ယဒ်ကို ဦးစီးနိုင်ခဲ့၏။ ကော့တာဟီးလ်ယဒ်၏ စက်ယန္တရားကို ပုံမှန်လည် ပတ်စေသူမှာ ဂျော့သာ ဖြစ်၏။ မာရီယံသည် ဂျော့ထံမှ တဖြည်းဖြည်း သင်ယူခဲ့ ရလေသည်။ ယခုကဲ့သို့ လုပ်ငန်း တစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် ဦးစီးနိုင်ပြီဖြစ်သည် တိုင်အောင် မာရီယံက ဂျော့ကို အားကိုးနေရဆဲ။ အရေးကြီးသည့် လုပ်ငန်းများ နှင့် ပတ်သက်လာလျှင် ဂျော့၏ အကြံဉာဏ်ကို လက်ခံရစမြဲ။ ဂျော့ဘက်ကလည်း မာရီယံ အတွက် ဆောင်ရွက်ရမည့် ကိစ္စထက် အရေးကြီးသည့် အရာဟူသည် သူ့အတွက် မရှိတော့ဟု သဘောထားသည်။ မာရီယံသည် သူ့ကို အမြဲလိုအပ် နေမည်ဟု ဂျော့ နားလည်ထားသည်။ ကြာတော့ သူတို့ နှစ်ယောက်သည် နှစ် ယောက်ပေါင်းမှ တစ်ယောက် ဖြစ်သလို တစ်ဦး၏ ဉာဏ်ရည်နှင့် တစ်ဦး၏ ခွန်အားကို အပြန်အလှန် အညမညပြုကာ လျှို့ဝှက်သိပ်သည်းစွာ ဆက်ဆံ ခဲ့ကြသည်။

သူနှင့် မာရီယံ ဘယ်၍ဘယ်မျှ ရင်းနှီးနေသည်ကို မိုက်ကယ် နားလည်နိုင် ပါ့မည်လားဟု ဂျော့ ရံဖန်ရံခါ တွေးကြည့်ဖူးသည်။ မာရီယံ၏ အသည်း ဖြစ် သည့် မိုက်ကယ် နားလည်နိုင်မည် မထင်။ ဘာ့ကြောင့် မာရီယံကို သည်မျှ သံယောဇဉ်ကြီးပြီး သည်အလုပ်ထဲတွင် ဘဝကို နှစ်မြှုပ်ထားကြောင်းကို မိုက်ကယ် မပြောနှင့်၊ မာရီယံပင် နားလည်နိုင်ပါမည်လား။ ကိစ္စ မရှိပါ။ ဂျော့သည် သူ၏ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကော့တာဟီးလ်ယဒ်ကို အလုပ်အကျွေး ပြုနေမည့်သူ ဖြစ်ပါသည်။ အင်း... အကယ်၍များပေ့ါလေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်.. မာရီယံကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်မိသည်။ ဂရုတစိုက် အလှခြယ်ထားသည့် မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သည်လို နှုတ်ခမ်း တင်းတင်း စေ့ထားပြီဆိုလျှင် မာရီယံ ဘယ်လောက် စိတ်လှုပ်ရှား နေသည်ကို ဂျော့ နားလည်လိုက်ပြီ။

"မာရီယံ နေကောင်းရဲ့လားဟင်"





မာရီယံ၏ ကျန်းမာရေး အခြေအနေကို ဂျော့က မိုက်ကယ်ထက် ပိုပြီး သိထားသူ မဟုတ်လား။ မာရီယံ၏ နှလုံးသည် အားရစရာ မကောင်းလှ။ ပို၍ ဆိုးသည်မှာ သွေးတိုးရောဂါ ဖြစ်၏။ မာရီယံ တော်တော်နှင့် ပြန်မဖြေ။ အတော် ကြီး ကြာမှ သားထံမှ မျက်နှာလွှဲလိုက်ပြီး

"သြော်...ဂျော့၊ လာ ဝင်လေ။ အင်း...အင်း...နေကောင်းပါတယ်။ ဘာမှ မဖြစ်ပါဘူး"

"ကိုယ်ဝင်လာတာ အနှောင့်အယှက်များ ဖြစ်နေပြီလား မာရီယံ"

"မဖြစ်ပါဘူး ဂျော့။ ကျွန်တော်လည်း ခုပဲ ပြန်တော့မလို့ပါ"

မိုက်ကယ်က ဂျော့ကို လှမ်းကြည့်ပြီး ပြောလိုက်၏။ မိုက်ကယ် တစ် ယောက် ဟန်ဆောင်ပြုံးကလေးပင် ပြုံးမပြနိုင်။

"ကျွန်တော် သွားမယ် မေမေ"

"မနက်ဖြန် မေမေ လာခဲ့မယ်။ တယ်လီဖုန်းနဲ့ မပြောချင်ဘူး"

ရင့်ရင့်သီးသီး ပြောလိုက်ဦးမည်ဟု မောင်းတင်လိုက်သေးသည်။ သို့သော် စကားလုံး ရှာမရ။ ဘယ်က အစပြန်ကောက်ရမှန်း မသိ။

"မိုက်ကယ်"

မိုက်ကယ်က သူ့ အမေကို လှည့်မကြည့်တော့ဘဲ ဂျော့နှင့် လက်ဆွဲနှုတ် ဆက်ပြီး စာကြည့်ခန်းထဲမှ ထွက်သွားသည်။ မာရီယံသည် ဒယိမ်းဒယိုင်ဖြင့် ကုလားထိုင် ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ တုန်ယင်နေသည့် လက်များ ဖြင့် မျက်နှာကို ဖုံးအုပ်လိုက်၏။ ဂျော့ကို ဘယ်လောက်ပင် ခင်မင်သည့်တိုင် သူ့ မျက်ရည်ကိုတော့ မမြင်စေလို။

"ဘယ်လို ဖြစ်ကြတာလဲ မာရီယံ"

"သူ သူ ဇွတ်တရွတ်တွေ လျှောက်လုပ်နေတယ် ဂျော့"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ ဒီလိုပဲ တစ်ခါတစ်ခါ မခံချင်စိတ်နဲ့ ပြောတတ်ကြတာပါ မာရီယံရယ်"

"ကိုယ်တို့ အရွယ်တွေမှာ ပြောရုံ ပြောကြတာ။ သူတို့ အရွယ်ကျတော့ စိတ်နောက်ကိုယ်ပါ လုပ်ကြတာ"

မာရီယံအဖို့ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီ။ နန့်စီ ကိစ္စနှင့် ပတ်သက်ပြီး ဆက်လိုက်ရသည့် တယ်လီဖုန်းတွေ၊ ရှာလိုက်ရသည့် အထောက်အထားတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ အရာမထင်တော့ပါတကား။ အလွတ်စုံထောက်၏ အစီရင်ခံစာလည်း မကယ်နိုင်တော့ပါတကားဟု သက်ပြင်း ချလိုက်သည်။ ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်သည်။

"ဒီနေ့ ဆေးသောက်ပြီးပြီလားဟင်"

ခေါင်းကို ယမ်းသည်ဆိုရုံမျှကလေး ယမ်းသည်။

"ဘယ်မှာလဲဟင် မာရီယံ"

"စားပွဲပေါ်က အိတ်ထဲမှာ"

ဂျော့က စားပွဲဆီသို့ လျှောက်သွားသည်။ ပြန့်ကြဲနေသည့် စာရွက်တွေအကြောင်း လုံးဝ မမေး။ စားပွဲ ပေါ်တွင် ဆယ့်ကိုးပဲရည် ရွှေခလုတ်တံကလေး တပ်ထားသည့် လက်ကိုင်အိတ်ကို လှမ်းယူလိုက်၏။ လွန်ခဲ့သည့် သုံးနှစ်က သူ ဝယ်ပေးခဲ့သည့် နှစ်ကူးလက်ဆောင်အိတ်ကလေး။ ဆေးအဖြူပြားကလေးတွေကို ထုတ်ယူသည်။ ရေ ငှဲ့သည်။ ဆေးတိုက်မည်ပြုတော့ ပြုံးပြီးပြောသည်။

"ဂျော့သာ မရှိရင် မာရီယံ ဘဝလည်း မလှယ်ဘူးနော်"

"မာရီယံ မရှိရင် ဂျော့ဘဝလည်း မလှယ်ဘူးကွယ်" ဟု ပြောလိုက်ချင်သည်။ သို့ပေမဲ့

"နားလိုက်ပါလား မာရီယံ။ ကိုယ် ပြန်မယ်နော်"

"မိုက်ကယ့် အတွက် စိတ်ညစ်ရတယ် ဂျော့ရယ်"

"ဘာလဲ၊ သူ့ကို အလုပ်လုပ်ဖို့ ပြောမရလို့လား မာရီယံ"

"အလုပ်ကိုတော့ သူ လုပ်မှာပါ။ ဟိုကိစ္စပါကွယ်"

နန်စီ ဆိုသည့် ကလေးမ ကိစ္စ။ သည်ကိစ္စကိုလည်း ဂျော့ သိပြီးသား။ သို့သော် ခုတော့ ဘာမျှ မဆွေးနွေးချင်သေး။ သူ ကြည့်ရသည်မှာ အကြီးအကျယ် စိတ်ဓာတ်ကျနေပုံရသည်။ ဆေးသောက်ပြီးတော့မှ မျက်နှာတွင် သွေးရောင်ကလေး ပြန်ဝင်လာသည်။ ဆေးလိပ်ဘူး ထဲမှ စီးကရက် တစ်လိပ် ထုတ်ယူသည်။ ဂျော့က မီးခြစ် ခြစ်ပေးရင်း မာရီယံ၏ မျက်နှာကို ငေးကြည့်နေသည်။ အလွန် ကျက်သရေရှိသည့် မျက်နှာ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေသည့် ကြားကပင် လှနေတုန်း။ သူ့ကြောင့် မိခင်ဖြစ်သူ မည်မျှ စိတ်ထိခိုက်ကျန်ခဲ့သည်ကို မိုက်ကယ် တစ်ယောက် တွေးမှ တွေးမိပါမည်လား။ မာရီယံ မျက်နှာညှိုးမှာ မကြည့်ရက်သည့် သူ့အဖို့ မိုက်ကယ်ကို အပြစ်တင်ချင်သလိုပင် ဖြစ်မိသည်။





သို့သော် တစ်ဖက်တွင် မိုက်ကယ် တစ်ယောက် မည်ရွေ့မည်မျှ ခံစားနေရသည်ကိုကော ဂျော့ မည်သို့ သိနိုင်ပါမည်နည်း။ လေယာဉ်ကွင်းသို့ အပြန်ကားပေါ်တွင် တစ်လမ်းလုံး မျက်ရည်ပူတွေ ကျလာခဲ့သည်ကို ဂျော့ မည်သို့ သိနိုင်ပါမည်နည်း။

လေယာဉ် မထွက်မီ မိနစ် နှစ်ဆယ် အလိုတွင် လေယာဉ်ကွင်းသို့ ရောက်သည်။ လေယာဉ်ကွင်းသို့ ရောက်ရောက်ချင်း နန်စီထံ ဖုန်းလှမ်းဆက်သည်။

"အခြေအနေ ဘယ်လိုလဲဟင်" သူ့ နှုတ်ဆက်သံကို ကြားလျှင်ကြားချင်း နန်စီက အလောတကြီး မေးသည်။

"ကောင်းပါတယ်။ ဒီမယ် နန်စီ၊ ခုချိန်ကစပြီး လုပ်စရာရှိတာ လုပ်တော့။ အိုးဆောင် သေတ္တာ တစ်လုံးပြင်ထား။ ပြီးတော့ အဝတ်အစား လဲထား။ နောက် တစ်နာရီခွဲအတွင်း ကိုယ် ပြန်ရောက်မယ်။ အားလုံး အသင့်ပြင်ထား၊ သိလား"

နန်စီ စိတ်ရှုပ်သွားသည်။

"ဘာအတွက်လဲ မိုက်ကယ် ဟင်"

မိုက်ကယ် တစ်ချက် ပြုံးလိုက်သည်။ နှစ်နာရီအတွင်း ပထမဆုံးအကြိမ် ပြုံးခြင်း။

"အချစ်ရေ...မောင်တို့ ဝွန်နီ့စားခန်း တစ်ခု ဖွင့်ရတော့မယ်။ တွေ့မှပဲ အားလုံး ပြောပြမယ်ကွယ်"

"ဘာတွေ လျှောက်ပြောနေတာလဲဟင်၊ ရူးနေပြီလား"

လွင်လွင်ကလေး ရယ်လိုက်သည်။ ဘယ်လောက် ချစ်စရာကောင်းသည့် သူငယ်မပါလဲ။

"ဟုတ်တယ်။ အချစ်ကြောင့် ကိုယ် ရူးရတာ"

တဖြည်းဖြည်း တည်ငြိမ်စ ပြုလာသည်။ ပြန်ရောက်သည်နှင့် ချစ်သူကို ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်မည်။ ဘယ်သူ ဖျက်ဖျက် မပျက်နိုင်တော့။ အမေ ခွဲ့လို့လည်း မကွဲနိုင်တော့။ စုံထောက်တွေ သောင်မြစ်တူးသည့် ကိစ္စကိုလည်း ခေါက်ထားလိုက်တော့။

ပင်လယ်ကမ်းခြေတွင် ရောင်စုံပုတီးကလေးဖြင့် သစ္စာဆိုပြခဲ့သည် မဟုတ်လား။ ဘယ်သောအခါမှ ချစ်သူကို နှုတ်ဆက်ခွဲခွာ စကား မဆိုရသည့် ကိုယ်ဖြစ်လိုသည်လေ။ ရင်ထဲက ဆိုခဲ့သည့် သစ္စာစကားပါ။ ချစ်ကတိ တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မရွှေနန်စီ၊ အဝတ်လဲပြီး အဆင်သင့်သာ လုပ်ထားပေတော့"

တယ်လီဖုန်း ပြောနေသည့် သူ့ မျက်နှာ ပြုံးချိုနေ၏။

နန်စီက အံ့သြလွန်းသည့် လေသံဖြင့်

"တကယ်၊ တကယ် ပြောနေတာ" ဟု သူနားကိုသူ မယုံသလို ပြန်မေးနေသည်။

"တကယ် မဟုတ်ဘူး။ နှစ်ကယ်။ ပြန်ရောက်ရောက်ချင်း လက်ထပ်မယ်"

"အို... မိုက်ကယ်"

"အိုတွေ ဘာတွေ နားမလည်ဘူး သွား။ သတို့သမီးနဲ့ နည်းနည်းတူအောင် အဝတ်ကလေး ဘာလေး လဲ၊ မြန်မြန်လုပ်"

"မိုက်ကယ်ကလည်းကွယ်၊ ညကြီးမင်းကြီးမှာ"

"လမင်းကြီး ထိန်ထိန်သာနေတယ်လေ၊ အချစ်ရယ်"

"သြော်...မိုက်ကယ်ရယ်"

နန်စီ့ နှုတ်ခမ်းပေါ်သို့ အဝေးမှ မိုက်ကယ့် အပြုံးတွေ ကူးစက်သွားသည်။ လက်ထပ်ဖြစ်တော့မှာပါကလား။ မိုက်ကယ်နှင့် တကယ် လက်ထပ်ဖြစ်တော့မှာပါကလား။

"တစ်နာရီ အတွင်း ကိုယ်ပြန်ရောက်လာမှာနော်။ သြော်... ဒီမယ် နန်စီ"

"ပြောလေ မိုက်ကယ်"

"ချစ်တယ်"

တယ်လီဖုန်းကို ကမန်းကတန်းချပြီး ကသောကမျော ပြေးသွားသည်။ ဘော့စတွန် လေယာဉ်ပေါ်သို့ နောက်ဆုံးတက်သည့် ခရီးသည်မှာ မိုက်ကယ်။ ဘယ်အရာကမျှ သူ့ကို တား၍ ဆီး၍ မရနိုင်တော့။

* * *

# ၃

အေဗရီ၏ အခန်း တံခါးကို ထုနေသည်မှာ ၁၀ မိနစ်ခန့်ရှိပြီ။ စိတ်မပျက်သေး။ ထပ်ထုပြန်သည်။ အထဲတွင် ရှိနေသည်ကို စိတ်ထဲက သိနေသည်။

"ဟေ့ကောင်... အေဗရီ။ သေတော့မှာပဲ၊ ဟေး... အေဗရီ"

ဒေါ်ပွပွနှင့် တအား ထုပြန်သည်။ သည်တော့မှ ခြေသံကြားရသည်။ တံခါး ပွင့်လာသည်။ အတွင်းခံ အဝတ်များနှင့် အိပ်ချင်မူးတူး ရပ်နေသော အေဗရီ။ လက်တွေက ဟိုပွတ်သည်ယမ်းနှင့်။

"ဟေးကောင်... ခုမှ ၁၁ နာရီပဲ ရှိသေးတယ်။ ဘယ်လိုဖြစ်ပြီး ဒီလောက် အအိပ်ပုတ်နေရတာလဲ"

သို့သော် အေဗရီ့ မျက်နှာပေါ်ရှိ အပြုံးရိပ်ကို တွေ့လိုက်ရမှ မိုက်ကယ် သေသေချာချာ ထပ်ကြည့်လိုက်ကာ

"ခွေးကောင်၊ ညက ဘယ်လောက် သောက်ထားသလဲ မသိဘူး"

"ခြေတွေလက်တွေတောင် မသယ်နိုင်လောက်အောင်ပေါ့"

အေဗရီသည် စပ်ဖြီးဖြီးဖြင့် ခူးမခိုင်ချင်တော့သည့် သူ့ ခြေထောက်တွေကို ငုံ့ကြည့်နေ၏။

"မြန်မြန် အမူးပြေအောင် လုပ်ကွာ။ မင့် အကူအညီ လိုတယ်၊ သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါကွာ။ အနိပ်စား အရက်တွေ သောက်ထားတာကွ။ ငါ့ဟာငါ ငြိမ့်နေစမ်းပါရစေ"

"ဟေ့ကောင် စကားမရှည်နဲ့။ သွား... အဝတ် ဝတ်ချေစမ်းကွာ"

"ဝတ်ထားတာပဲ။ ငါ ကိုယ်တုံးလုံးမှ မဟုတ်တာ"

မိုက်ကယ်က အတွင်းခန်း မီးကို ဖွင့်လိုက်တော့ စိတ်ပျက်လက်ပျက်ဖြင့် ရှုံ့တွနေသည့် အေဗရီ့ မျက်နှာကြီးကို တွေ့ရ၏။

"ဟေ့ကောင်၊ ဘာလုပ်မလို့လဲကွ။ ပြောဦးမှပေါ့၊ မင့်မေလွှား"

ဘာမျှ ပြန်မပြောဘဲ ပြုံးနေလိုက်သည်။ မီးဖိုခန်း ကျဉ်းကျဉ်းကလေးထဲသို့ လျှောက်သွားသည်။

"မင်း မီးဖိုချောင်ကလည်းကွာ၊ အမှိုက်ပုံကျနေတာပဲ"

"အေး... ငါ သိမ်းရမှာ ပျင်းတာနဲ့ မီးရှို့ပစ်မလို့"

"ဒီမယ် အေဗရီ၊ နောက်မနေနဲ့။ အရေးကြီးတယ်။ မြန်မြန်လုပ်၊ သွားရအောင်"

အေဗရီ့ မျက်နှာတွင် မျှော်လင့်ချက် ရောင်ခြည်တွေ သန်းသွားသည်။

"ဒါဖြင့် တို့ အမှတ်တရ သောက်ကြရအောင်။ အဲဒီ အရေးကြီးတဲ့ ကိစ္စအတွက်လေ"

"မင်း ကြိုက်သလောက် သောက်ရမယ်။ ဒါပေမဲ့ ခုမဟုတ်ဘူး၊ နောက်မှ"

"ဟာကွာ... မင့်ဟာကလည်း"

အေဗရီ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး ခေါင်းမော့ကာ ဆိုဖာနောက်မှီပေါ်သို့ မှီချလိုက်၏။

"မင်း မသိချင်ဘူးလား၊ ဘာကိစ္စလဲ ဆိုတာ"

"မသောက်ရတဲ့ ကိစ္စဆို ငါ စိတ်မဝင်စားတော့ဘူး မိုက်ကယ်။ နေဦး၊ ငါ သောက်စရာ အကြောင်းရှာလိုက်ဦးမယ်။ ဟေး... တို့ ဘွဲ့ရတော့မယ်လေ"

"ငါက မိန်းမပါ ရမှာ"

"ကောင်းတာပေါ့"

အေဗရီ ခုမှ မျက်လုံးကို ပြည့်ပြည့်ဝဝ ဖွင့်ကြည့်သည်။ ရှေ့သို့ ကိုင်းလာသည်။

"ဘာကွ။ ဟေ့ကောင်... ဘာပြောတယ်"





"ငါတို့ လက်ထပ်တော့မယ်လို့"

ကိုယ့်စိတ်ကိုယ် ပိုင်နိုင်သည့် ယောကျ်ား တစ်ယောက်၏ လေသံမျိုး။ မိုက်ကယ့် အသံတွင် ဂုဏ်ယူဝင့်ကြွားသံ ပါနေသည်။

အေဗရီ့ မျက်နှာကြီး ပြုံးသွားသည်။ မဲ့တ်မတ် ထိုင်လိုက်သည်။ ဟင်း... ဒါဆို တစ်ဝကြီး သောက်ရဦးမှာပါလား။

"စေ့စပ်ကြောင်းလမ်းပွဲပေါ့၊ ဟုတ်လား"

"ဘယ်ကလာ၊ လက်ထပ်ပါ့မယ်ဆို။ လက်ထပ်မှာ။ မင်္ဂလာဆောင်မှာ။ တို့ လင်မယား ဖြစ်တော့မှာ။ ကဲ... ရှင်းပြီလား"

"ခုချက်ချင်း၊ ဟုတ်လား" အေဗရီ စိတ်ရှုပ်သွားပြန်သည်။

"ဘယ်လို ဖြစ်လာတာလဲကွ။ မင်းဟာက ဒရောသောပါးကြီး"

"အေး... ခပ်လောလောပဲ။ မင်းက ငါ့ အခင်ဆုံး သူငယ်ချင်း တစ်ယောက်အနေနဲ့ လူပျိုရံ လုပ်ရမယ်၊ ဘယ့်နှယ်လဲ"

"မင်း... တကယ် ပြောနေတာလား။ ခွေးကောင်၊ မင်း တကယ်"

အေဗရီ ခုန်ထသည်။ တစ်ဖက်သို့ ယိမ်းထိုးပြီး ကော်ဖီစားပွဲနှင့် ခလုတ်တိုက်မိသည်။ ပါးစပ်မှ အယုတ္တအနတ္တတွေ ထွက်လာသည်။

"ကဲ... အဝတ်သွားလဲ ဟေ့ကောင်။ မင်းအတွက် ငါ ကော်ဖီ ဖျော်ထားမယ်။ ထပ်ပြီးလဲ နေဦးမယ်။ ငါ တွဲပို့ရမလား"

"ရပါတယ်ကွာ၊ မင်းကလည်း"

အာလေးကြီးနှင့် ပြောပြီး အခန်းထဲ ဝင်သွားသည်။ နောက် အဝတ်လဲပြီး ထွက်လာသည်။ လည်စည်းတွေ ဘာတွေ စည်းလျက်။ ဝတ်ထားသည်က စပို့ရှပ်။ မိုက်ကယ် ခေါင်းယမ်းလိုက်၏။

"တီရှပ် ဝတ်လာမှတော့ တီရှပ်နဲ့ စည်းတဲ့ လည်စည်းကလေး စည်းဖို့ကောင်းတာပေါ့ အေဗရီရာ"

"ဟုတ်လား။ နက်တိုင်စည်းရမလား။ ငါ ရှာမတွေ့လို့ကွ"

မိုက်ကယ် စိတ်ညစ်သွားသည်။ "ကဲပါကွာ၊ မင့် ဘောင်းဘီဇစ်ကိုပဲ ဆွဲပိတ်လိုက်ပါ၊ ဖြစ်သလိုပေါ့။ ငါ့လခွေး၊ ဖိနပ် တစ်ဖက်က ဘယ်မှာလဲဟ"

ကုန်းကုန်း ကုန်းကုန်းနှင့် ဖိနပ် တစ်ဖက် လိုက်ရှာနေသော မိုက်ကယ်ကို ငုံကြည့်ပြီး အေဗရီက အားရပါးရ အော်ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး... ငါ အမူးလွန်သွားသကွ။ ဒါပေမဲ့ မင့် ကိစ္စကို ငါမှ ကြုံမသိတာ မင်း မနက်က ငါ့ကို မပြောခဲ့ပါဘူးနော်"

"မနက်တုန်းက ငါ ကိုယ်တိုင်လည်း မသိသေးဘူးလေ"

အေဗရီ မျက်နှာကြီး ရှုံ့သွားပြန်သည်။ မျက်ခုံးတွေ တွန့်ပြီး

"ဘာ ဘာ၊ မနက်က မသိသေးဘူး၊ ဟုတ်လား"

"အေး"

"ဟော့ကောင်၊ မင်းဟာက ဟုတ်ကော ဟုတ်သေးရဲ့လားကွာ"

"ဟုတ်ပါတယ် အေဗရီရ။ ငါ ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောမနေပါ ရစေနဲ့ကွာ။ ငါ ဒီည စကားတွေ အများကြီး ပြောခဲ့ရပြီးပြီ။ နန်စီကို ဝင်ခေါ်တဲ့ အခါ မင်းကိုယ်မင်း ဣန္ဒြေ မပျက်အောင်သာ လုပ်၊ ဟုတ်ပြီလား"

မိုက်ကယ်က ပြောပြောဆိုဆို အငွေ့တထောင်းထောင်း ထနေသည့် ကော်ဖီ ပန်းကန်ကို လှမ်းပေးလိုက်သည်။ အေဗရီက ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ကော်ဖီ သောက်နေရင်း

"ငါ သောက်ထားတဲ့ ဂျင် အကောင်းစားလေးတွေတော့ အလဟဿ ဖြစ်ကုန်ပါပြီကွာ"

"တို့ လက်ထပ်ပြီးတာနဲ့ မင်းကို အဝတိုက်ပါ့မယ်ကွာ"

"နေပါဦး၊ မင်း ဘယ်မှာ စီစဉ်ထားသလဲ"

"မင်း ရောက်ရင် သိပ်ပျော်သွားမယ် အေဗရီ။ ငါ သဘောအကျဆုံး မြို့ကလေးပဲ။ ငယ်ငယ်တုန်းက နွေကျောင်းပိတ်ရက်မှာ ရောက်ခဲ့ဖူးတာ။ တစ် နာရီလောက်မောင်းရင် ရောက်သွားမှာပါ"

"မင်းမှာ လက်ထပ်စာချုပ်ပါ တစ်ခါတည်း ပါလာတယ်နော်"

"မလိုပါဘူးကွာ။ ကြည့်ရှင်းတာပေါ့။ ကဲ... သွားစို့"

အေဗရီက ကော်ဖီ လက်ကျန်ကို မော့ချလိုက်၏။

"ဟော့ကောင်... ငါ ဆားကနေပြီး ရင်တွေခုန်လာပြီ။ မင်း မကြောက်ဘူး လား"

အေဗရီကို ကြည့်ရသည်မှာ အတော်ကလေး အမူးပြေသွားပုံရသည်။ မိုက်ကယ်ကမူ တည်ငြိမ်မှု အပြည့်ဖြင့်။

"တစ်စက်ကလေးမှ မကြောက်ဘူး"





"မင်း လုပ်နေတဲ့ အလုပ်ကို မင်း နားလည်ပါတယ်နော်။ ဟို... လက်ထပ် တဲ့ ကိစ္စတွင် မဟုတ်ဘူးလေကွာ။ ငါလည်း မသိတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် နန်စီဟာ တကယ်တော်တဲ့ မိန်းကလေးပါ"

"တော်တယ် ဆိုတာထက်ကို ပိုပါတယ် အေဗရီရယ်။ ငါ လိုချင်တဲ့ အရည် အချင်းတွေ သူ့မှာ အားလုံး ရှိတယ်"

"မင်းတို့ နှစ်ယောက် သိပ် ဘက်ညီတာပဲကွာ။ ဂုဏ်ယူပါတယ် သူငယ် ချင်း"

အေဗရီ့ မျက်လုံးတွေထဲတွင် စာနာမှု အရိပ်ကလေးတွေ တလက်လက် တောက်နေသည်။ ထိုတဒင်္ဂတွင် သူငယ်ချင်း ဖြစ်သူ၏ လက်မောင်းကို မိုက်ကယ်က လက်နှစ်ဖက်ဖြင့် ဆုပ်ပြီး လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

သူတို့ နှစ်ယောက်စလုံး သွားဖို့ရန် စိတ်စောနေကြပြီ။

"ငါ့ကို ကြည့်ပါဦးကွ။ ဟုတ်မှ ဟုတ်ရဲ့လား"

အေဗရီက ဘောင်းဘီအိတ်ထဲမှ သားရေအိတ်ကလေးကို စမ်းကြည့်ရင်း လှမ်းမေးသည်။ ပြီးတော့ သော့တွဲကို ရှာသည်။

"တကယ့် ဓာတ်လိုက်ပဲ၊ အေဗရီ"

"သွားစမ်းပါကွာ၊ အရေးထဲမှာ။ ဟေး... ငါ့ သော့တွဲ ဘယ်မှာလဲ"

မိုက်ကယ် တအား အော်ရယ်နေသည်။ သော့တွဲမှာ သူ့ ခါးပတ်တွင် ချိတ်လျက်သား။

"လာကွာ အေဗရီ၊ သွားစို့"

သူငယ်ချင်း နှစ်ယောက် လက်ချင်းချိတ်ပြီး ထွက်လာခဲ့ကြသည်။ သီချင်း တွေ တကြော်ကြော် ဆိုလာကြသည်။ ဘယ်သူမျှ သူတို့ နှစ်ယောက်ကို သတိ မထားလိုက်မိကြ။ ကျောင်းပိတ်ချိန် နီးပြီမို့ အခန်းတိုင်း ဆူညံနေကြသည် မဟုတ် လား။

နောက် ၁ နာရီ အကြာတွင် စပတ်လမ်းရှိ နန်စီ အခန်း ရှေ့သို့ ကားထိုး ရပ်လိုက်သည်။ ကားဟွန်းတီးလိုက်တော့ နန်စီက ပြတင်းပေါက်မှ ဝမ်းသာအားရ လက်ပြသည်။ နန်စီအဖို့တော့ စောင့်နေရသည့် အချိန်မှာ ကမ္ဘာချီ၍ ကြာခဲ့သည် လေ။ အတင်း ပြေးဆင်းလာသည်။ ကားနားသို့ ချက်ချင်း ရောက်လာသည်။

www.burmeseclassic.com



သူတို့ နှစ်ယောက် နန်းစီကို ငေးကြည့်နေမိကြ၏။ စကားဆိုဖို့ ပထမဦးဆုံး သတိရသူမှာ မိုက်ကယ်။

"ကြည့်စမ်း၊ ဟေး...အေဗရီ။ ကြည့်စမ်း၊ ဘယ်လောက် လှလိုက်သလဲ လို့။ ဒီအဝတ်တွေ ဘယ်ကရလဲ နန်းစီ၊ ဟင်..."

"ဒီလိုပေါ့"

တစ်ဦးကို တစ်ဦး ပြုံးပြီး စိုက်ကြည့်နေကြသည်။ ကတိုက်ကရိုက် ဗရုတ်သုတ်ခ အခြေအနေနှင့် ညှို့နက် သန်းခေါင်ကြီး ဖြစ်နေသည့်တိုင် တတ်နိုင်သမျှ သတို့သမီးနှင့်တူအောင် ထုံးဖွဲ့ဝတ်ဆင်ထားသည်။ လွန်ခဲ့သည့် သုံးနှစ်က သူငယ်ချင်း တစ်ယောက်၏ မင်္ဂလာဆောင်တွင် အပျိုရံအဖြစ် ဝတ်ခဲ့သည့် အဝတ်တွေ။ ဇာဖြူဝတ်ရုံရှည်ကြီးရယ်၊ ခေါင်းပေါ်တွင် သရဖူဆန်ဆန် ဆောင်းရသည့် ပိုးပြာရောင် ခေါင်းစည်းရယ်။ မိုက်ကယ် လုံးဝ မျှော်လင့်မထားခဲ့သည့် ဆင်ယင်ထုံးဖွဲ့မှုမျိုး။ ဖိနပ်က အဖြူရောင်။ လက်ကိုင်ပဝါမှာ ရှေးလူကြီးတွေကိုင်သည့် ဇာနားကွပ် လက်ကိုင်ပဝါ။

"အဟောင်းနဲ့အသစ် ပေါင်းစပ်ထားတာလေ"

မိုက်ကယ်က ဘာဆက်ပြောရမှန်း မသိအောင် အကြောင်သား ငေးကြည့်နေမိသည်။ အေဗရီသည်ပင် နန်းစီ့ အလှကို ငေးကြည့်ရင်း အမူးတွေ လုံးလုံးလျားလျား ပြေသွားဟန်ရှိ၏။

"တကယ့် ရွှေမင်းသမီးကလေးပဲကွယ်။ တကယ် ပြောတာ နန်းစီ"

"ကျေးဇူးတင်ပါတယ် အေဗရီ"

"ဟေး၊ မင့်ကိုယ်ပေါ်မှာ ငှားထားတဲ့ ပစ္စည်းကော ပါသေးလား"

"အေဗရီ ဘာပြောတာလဲဟင်"

"သိတယ်မဟုတ်လား။ အသစ်ရယ်၊ အဟောင်းရယ် နောက်ပီး အငှားရယ် လေကွာ"

နန်းစီက ခေါင်းခါပြပြီး ရယ်နေသည်။

"ဒါဆို ဟောဒီမှာ"

အေဗရီ ခေါင်းကိုညွှတ်ပြီး သူ့ လည်ပင်းမှ တစ်စုံတစ်ခုကို စမ်းနေသည်။ တဒင်္ဂမျှကြာတော့ အေဗရီ့ လက်ထဲတွင် ချစ်စဖွယ် ရွှေဆွဲကြိုးကလေး ပါလာသည်။





"ကဲ... ဒီပစ္စည်းက ငှားတာနော်။ ငါ့ အစ်မက ငါ ဘွဲ့ယူမယ့်နေ့အတွက် ပေးထားတာ။ ဒါပေမဲ့ ငါက စောစောစီးစီးပဲ ဆွဲထားလိုက်တယ်။ ဒီတော့ မင်းတို့ လက်ထပ်ပွဲအတွက် ငါက ငှားတယ်ကွာ"

အေဗရီ ကားထဲမှထွက်ပြီး ဆွဲကြိုးကလေးကို နန်းစီ့ လည်တိုင်ကြော့ကြော့ ရှင် ဆွဲပေးလိုက်သည်။

"ဟုတ်တယ်ဟေ့၊ တကယ့်ကို ပို လှသွားတာပဲ"

မိုက်ကယ် ပြောပြောဆိုဆို ကားပေါ်မှဆင်းပြီး တံခါး ဖွင့်ပေးသည်။

"အေဗရီ၊ မင်း နောက်ဘက်သွားကွာ။ တို့နှစ်ယောက် ရှေ့မှာထိုင်မယ်"

ကားပေါ်တွင် ထိုင်မိသည်နှင့် မာရီယံ အကြောင်း မေးဖို့ နန်းစီ စိတ်ကူး ထိုက်သေးသည်။ ပြီးမှ မမေးတော့ဟု ဆုံးဖြတ်လိုက်၏။ သည်အချိန် သည်ကာလ ကား သူတို့ အကြောင်းတွေပဲ စဉ်းစားရမည်၊ တွေးတောရမည်။ မိုက်ကယ်နှင့် ကိုယ့် အကြောင်းတွေလေ။

"တစ်ညလုံး စိတ်မောလိုက်ရတာကွယ်၊ ဒါပေမဲ့ ပျော်တယ်နော်"

ထွက်လာခါစကတော့ တစ်ယောက်ကို တစ်ယောက် ရယ်မောနောက် ပြောင်၍ လာကြသည်။ နောက် အတွေးကိုယ်စီ ခေါင်းထဲ ဝင်လာပြီး တဖြည်းဖြည်းနှင့် နှုတ်ဆိတ်သွားကြသည်။ မိုက်ကယ်က ညဉ့်ဦးယံပိုင်းတွင် မိခင်နှင့် ဆင်ခဲ့ရသည့် တိုက်ပွဲကို ပြန်လည် မြင်ယောင်နေမိ၏။ နန်းစီကတော့ ဘဝတွင် အပျော်ဆုံးနေ့ တစ်နေ့အဖြစ် ရင်ခုန် ကြည်နူးနေမိ၏။

"အဝေးကြီး ကျန်သေးလားဟင်"

ရင်ထဲတွင် တစ်မျိုးကြီး ဖြစ်နေသည်။ ကြေမွနေပြီဖြစ်သည့် လက်ကိုင်ပဝါကလေးကို ဘယ်လက်နှင့် ညာလက် အကြောင်းမဲ့ ပြောင်းလိုက် ရွှေ့လိုက် သုပ်နေရာမှ မေးသည်။

"ငါးမိုင်ပဲ လိုပါတော့တယ် အချစ်ရယ်။ ရောက်တော့မှာပါ"

မိုက်ကယ်က ကားလက်ကိုင်ဘီးပေါ်မှ လက်တစ်ဖက်ကို နန်းစီ့ လက်ပေါ်သို့တင်ပြီး ဆုပ်နယ်နေသည်။

"ကိုယ်တို့ လင်မယားဖြစ်ဖို့ မိနစ်ပိုင်းကလေးပဲ လိုတော့တယ်နော်"

"ဒါလောက်ဖြစ်နေရင် မြန်မြန်မောင်းဟေ့။ ငါလည်း ချမ်းလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



အေဗရီက နောက်မှ လှမ်းအော်သဖြင့် သုံးယောက်သား ပြိုင်တူရယ်လိုက်
ကြသည်။ မိုက်ကယ်က ဓာတ်ဆီမောင်းတံကို အသာနင်းပြီး အရှိန်မြှင့်လိုက်
သည်။ အကွေ့ တစ်ခုကို ချိုးကွေ့လိုက်၏။ ရယ်သံတွေ ရုတ်ခြည်း ရပ်သွား၏
လမ်းလုံးပြည့် မောင်းလာသော ဒီဇယ်ထရပ်ကားကြီး တစ်စီး ဘွားခနဲ ပေါ်လာ
သည်။ ကားကြီး မောင်းလာသူသည် အိပ်ပျော်လာသလား မသိ။ သူတို့ကား
ကလေး တည့်တည့်သို့ အရှိန်ပြင်းစွာဖြင့် မညှာမတာ စွတ်ဝင်လာသည်။ နန်
နားထဲတွင် အေဗရီ၏ အထိတ်တလန့် အော်သံကို ကြားလိုက်ရသည်။ ပြီးတော့
နောက်ဆုံး ကြားလိုက်သည်မှာ သူကိုယ်တိုင် ငယ်သံပါအောင် အော်လိုက်သည့်
အသံ။ တစ်ဆက်တည်းတွင် ကမ္ဘာကြီး တစ်ခုလုံး ပေါက်ကွဲသွားသလို တိုက်မိ
သံတွေ တဝုန်းဝုန်း။ ကြေမွကွဲရှသံတွေ၊ လွင့်စဉ်ကျိုးပဲ့သံတွေ။ ထို့နောက်တွင်
တော့ တစ်လောကလုံး အမှောင်ကျသွားတော့၏။

မည်ရွေ့မည်မျှ ကြာလေသည် မသိ။ အေဗရီ သတိရလာသည်။ ခေါင်းက
ကားရှေ့မှန်ခုံနှင့် ထိုင်ခုံကြားတွင် ညပ်နေသည်။ နားတွေ အူနေသည်။ သူ
ပတ်ဝန်းကျင်ကို အမှောင်ထုက စိုးမိုးလျက်။ ဟင် ပါးစပ်ထဲတွင် သဲတွေပါလား
မျက်စိကို အားယူပြီး ဖွင့်သည်။ မျက်စိဖွင့်ဖို့ နာရီများစွာ အားစိုက်နေရသည်ဟု
စိတ်မှာ ထင်နေသည်။ မခံမရပ်နိုင်အောင် နာကျင်နေပါကလား။ မျက်စိထဲတွင်
စိုးတိုးဝါးတားအရာတွေ မြင်လာသည်။ ပထမတော့ မြင်ရသည့် အရာတွေကို
မယုံ။ ဘာတွေပါလိမ့်။ မျက်စိကို မှိတ်သည်။ တစ်ခါ ပြန်ဖွင့်ကြည့်သည်။ မိုက်ကယ်
ပါလား။ ကားရှေ့ခန်းတွင် သူနှင့် မိုက်ကယ်။ မိုက်ကယ့် မျက်နှာတွင် သွေးအလူး
လူး ဖြစ်နေသည်။ အိပ်မက်များလေလား။ မိုက်ကယ်က ဘယ်က ရောက်လာတာ
လဲ။ အတွေးကလေးတွေ တစ်မျှင်စီ ပေါ်လာသည်။

ဘုရား...ဘုရား။ ကားချင်းတိုက်တာပါကလား။ မိုက်ကယ် မောင်းလာ
တာထင်တယ်။ ခေါင်းကို အားရှိသမျှ ကြွကြည့်သည်။ သံတုံးကြီးနှင့် ဖိထားသလို
လုံးဝ လှုပ်ရှား၍ မရ။ အသာ မျက်လုံး ပြန်မှိတ်ထားလိုက်၏။ နောက်တစ်ခါ
ဖွင့်ကြည့်ပြန်သည်။ မိုက်ကယ်မှ မိုက်ကယ် အစစ်။ မျက်နှာပေါ်တွင် သွေးတွေ
တသွင်သွင် စီးကျနေသည်။ မိုက်ကယ့်ကို ကျော်ပြီးကြည့်လိုက်တော့ မှောက်နေ
သည့် ကားကြီးကို လှမ်းမြင်ရသည်။ ကားမောင်းသမားသည် ကားနံဘေးတွင်
လွင့်စဉ်ကျနေ၏။ အသက် ရှိတော့ဟန်မတူ။ နောက်တစ်ခု သတိထားလိုက်မိပြ





သည်။ သူတို့ ကားတစ်စင်းလုံး မှန်ဟူ၍ တစ်စတလေမျှပင် မရှိတော့။ သူတို့
ကိုယ်ပေါ်တွင် မှန်တုံးကလေးတွေက ဖုံးအုပ်နေသည်။ အတွေးစတွေကို တဖြည်း
ဖြည်းချင်း ဆက်စပ် သီကုံးနေမိသည်။ အားလုံးကို ဆက်စပ်မိလုနီး ဖြစ်လာသည်။
ဟင်... လာတုန်းက သုံးယောက် ထင်ပါရဲ့။ နန်စီ၊ ဟုတ်တယ်။ နန်စီ။ တို့
ဘယ်သွားကြတာပါလိမ့်။ ဦးခေါင်း တစ်ခုလုံး ကိုက်ခဲလာသည်။ ခြေတစ်ဖက်ဆီ
က မခံနိုင်လောက်အောင် နာလာသည်။ ဟော... ဟိုမှာ နန်စီ။ အကြေအမွ၊
အပျက်အစီးတွေပေါ်တွင် မှောက်လျက်သား။ ဘုရား... ဘုရား။ နန်စီ၏ ဝတ်ရုံ
မှာသည် အနီစွေးစွေး ဖြစ်နေပါပြီကော။ အသက်မှ ရှိသေးရဲ့လား မသိ။ အေဗရီ
သူ့ကိုယ်မှ ဝေဒနာတွေကို မေ့သွားသည်။ အံတစ်ချက် ကြိတ်လိုက်၏။ သူ့ကိုယ်
သူ တရွတ်ဆွဲပြီး နန်စီ အနားသို့ တိုးသွားသည်။ ကျန်သမျှ ခွန်အားကို ညှစ်ထုတ်
ပြီး ညင်ညင်သာသာကလေး ဆွဲလှန်လိုက်သည်။ နန်စီ တစ်ကိုယ်လုံးတွင် မှန်စ
တွေက နေရာအနှံ့။

ဘုရား...ဘုရား... နန်စီ မျက်နှာလှလှကလေး မရှိတော့ပါလား။ မျက်နှာ
နေရာတွင် သွေးအိုင်ထွန်းပြီး ကြေမွနေသည့် အရိုးတွေ၊ အသားတွေသာ ကျန်
တော့သည်။ မျက်နှာဟူ၍ မခေါ်နိုင်တော့။ စောစောက အသက်မှ ရှိသေးရဲ့လား
ဟု စိုးရိမ်တကြီး ဖြစ်မိသည်။ ခုတဒင်္ဂတွင်တော့ အေဗရီ့ စိတ်ထဲတွင် နန်စီ
တစ်ယောက် အသက် မရှင်စေချင်တော့။ သူ့ မျက်နှာပေါ်တွင် မျက်ရည်တွေ
စီးကျ လာသည်။ မျက်ရည်တွေ၊ သွေးတွေ။ သွေးတွေ၊ မျက်ရည်တွေ။
သည်နောက် နန်စီ ကိုယ်ပေါ်သို့ အရုပ်ကြိုးပြတ် မေ့မြောလဲကျသွားတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၄

မိုက်ကယ့် မျက်နှာတွင် သွေး တစ်စက်မျှ မကျန်တော့သလို ဖြူနေ၏။ မာရီယံ ဟီးလ်ယဒ်သည် ခုတင် နံဘေးတွင် ညှိုးငယ်စွာ ထိုင်၍ စောင့်ကြည့်နေသည်။ သားမျက်နှာကို ယူကျုံးမရ စိုက်ကြည့်နေသည်။ သားမျက်နှာသည် တဖြည်းဖြည်း မှုန်ဝါးသွားပြီး အခြား မျက်နှာ တစ်ခုအစား ဝင်လာသည်။ ဟိုတုန်းကလည်း သည်အခန်းမျိုး၊ သည်ခုတင်မျိုးမှာပါပဲ။ မိုက်ကယ်တို့ အဖေ ဖရက်ဒီ နှလုံးသွေးရပ်ပြီး သူ့ကို စွန့်ခွာသွားတာလေ။ ယခုတော့ သား။ ဟိုတုန်းကလည်း ခုလိုပင် ထိုင်နေခဲ့ရ၏။ ငြိမ်သက်စွာ။ ထိတ်လန့်စွာ။ အထီးကျန်စွာ။ နောက်တော့ ဖရက်ဒီသည် သူ့ကို...။ သက်ပြင်း တစ်ချက် ခပ်သွက်သွက် ရှိုက်လိုက်၏။ သည့်ထက်သည့် အထီးကျန်သည့် ဘဝကိုများ ရောက်သွားမှဖြင့်။ ဘုရား... ဘုရား။ မာရီယံ ငိုဖို့ပင် သတိမရတော့။ သည်အနိဋ္ဌာရုံ အတွေးတွေကို တွေးနေ၍မဖြစ်။ မတွေးနိုင်။ မတွေးရဲ။ သူ့ ခင်ပွန်းသည်ကား မရှိတော့ပြီ။ သို့ပေမဲ့ မိုက်ကယ်ကတော့ ရှိနေသေးသည်လေ။ သားကို အဆုံးမခံနိုင်။ အသက်ချင်းလဲပြီး ကယ်ရကယ်ရ သားကို ကယ်မည်။ သားကို ရှိသရွေ့ အင်အားဖြင့် တအားကုန်းဖက်ထားမိ၏။

အစောင့်ဆရာမ၏ မျက်နှာကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်လိုက်၏။ ဆရာမက မိုက်ကယ်၏ မျက်နှာကိုသာ တစ်ရံမလပ် စောင့်ကြည့်နေသည်။ သူ့ မျက်နှာတွင် မည်သည့် ခံစားမှုမျိုးမျှ ရှိဟန်မတူ။ တစ်နေ့နှင့် တစ်ည ရှိပြီ။





မိုက်ကယ် သတိ လည်မလာသေး။ သားဆီ နံနက် ငါးနာရီ ကတည်းက မာရီယံ ရောက်ခဲ့၏။ ၂၄ နာရီဖွင့်ထားသည့် အငှားကား ကုမ္ပဏီမှ ကားတစ်စင်းဆွဲပြီး ယူးယောက်မှ အပြင်းမောင်းနိုင်းလာခြင်း ဖြစ်၏။ ကားမရလျှင် မာရီယံ ခြေကျင် ပြေးလာမိမည်လားမသိ။ ရောက်ကတည်းက သား ခုတင် နံဘေးမှ မခွာ။ ဘယ်အရာကမျှ တားဆီး၍ မရ။ သား အသက်ရှင်ဖို့ သူ ဘာ လုပ်ပေးရမည်လဲ။ သူ့ ဘဝတွင် သားရယ်၊ အလုပ်ရယ်။ သည်နှစ်ခုသာ ကျန်တော့သည် မဟုတ်လား။ အလုပ် ဆိုသည်မှာလည်း သားအတွက်ပင် မဟုတ်လား။ သားကို အကောင်းဆုံးပေးမည့် အမွေမှာ အလုပ်နှင့် အောင်မြင်မှု သရဖူပင် ဖြစ်ရမည်။ သည်အတွက်ပင် မာရီယံတစ်ယောက် ဘဝကို အလုပ်တွင် မြှုပ်နှံပြီး ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်း ရှိသရွေ့ ကြိုးစားခဲ့သည် မဟုတ်လား။ သည်ရွေ့သည်မျှ ကြိုးမားခဲ့သည့် ရည်ရွယ်ချက်တွေကို ဘာမဟုတ်သည့် ကောင်မစုတ် တစ်ယောက်ကြောင့် အပျက်မခံနိုင်။ အနိစ္စတရားကြောင့်လည်း အပြုံကွဲ မခံနိုင်။ ဘုရား... ဘုရား။ ဘာ မဟုတ်သည့် ကောင်စုတ်မ တစ်ယောက်ကြောင့် ဖြစ်ရတာတွေချည်း။ သင်းကြောင့်။ သင်း စနက်။ သင်း ကြံဖန်မှုတာ။

ဆရာမက မိုက်ကယ့် မျက်ခွံကို ဆွဲချပြီး လက်ကောက်ဝတ်ကို စမ်းသည်။ မာရီယံ ဆရာမ နံဘေးသို့ ခပ်သွက်သွက် သွားရပ်၏။ ဆရာမ မျက်နှာတွင် ဘာများ ထူးထူးခြားခြား တွေ့ရမည်လဲဟု အကဲခတ်၏။ ဆရာမ နှုတ်မှ ရွတ်နေကျ စကားလုံးများသာ ထွက်လာသည်။

"အခြေအနေ မထူးသေးဘူး"

ဆရာမ ဝရန်တာဘက်ထွက်တော့ မာရီယံ နောက်မှလိုက်သွားသည်။ ဆရာမက လူနာအတွက်ထက် လူနာ့ အမေအတွက် ပို၍ စိတ်ပူသည့် လေသံဖြင့်

"အဒေါ် ညနေ ငါးနာရီမှာ ပြန်ဖို့ ဒေါက်တာဝစ်ဖီးက ကျွန်မကို အမိန့်ပေးထားပါတယ်။ အဒေါ့် ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့ အဒေါ်ရဲ့"

မာရီယံ သူ့ လက်မှ နာရီကို အထိတ်တလန့် ငုံ့ကြည့်၏။ ပြီးတော့ ဘောင်းပန်တိုးလျှိုးသည့် အပြုံးကို ပြ၏။ ငါးနာရီ ဆယ့်ငါးမိနစ် ရှိနေပြီ။ မိုက်ကယ့် အနားတွင် ထိုင်နေခဲ့သည်မှာ ၁၂ နာရီကျော်ပြီ။ ဗိုက်ထဲတွင် ကော်ဖီ နှစ်ခွက်ပဲ ရှိသည်။ ပင်ပန်းသည်လည်း မထင်။ ဆာလည်း မဆာ။ ဘာမျှလည်း မဖြစ်။ ဘယ်မှ သွားဖို့လည်း စိတ်မကူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဆရာမရယ်။ ဒါပေမဲ့ အဒေါ် အတွက် ဘာမှ မပူပါနဲ့။ ခဏလေး အောက်ထပ် ဆင်းနားပြီး ပြန်လာမှာပါ"

တကယ်တွင်မူ မာရီယံ တစ်ယောက် ဘယ်ကိုမျှ မသွား။ ဘား အနားက တစ်ဖဝါးမျှ မခွာ။ ဖရက်ဒီတုန်းကလို အဖြစ်မခံနိုင်တော့။ သူတို့တစ်တွေကတော့ သည်လိုပဲ နားခိုင်းကြသည်။ စားခိုင်းကြသည်။ နေ့လယ်စာ ထွက်စားနေသည့် နာရီဝက် အတွင်းကလေးမှာပင် မိုက်ကယ်တို့ အဖေ နောက်ဆုံး ထွက်သက်ကို ရှူသွားခဲ့သည် မဟုတ်လား။ သည်အဖြစ်မျိုး နောက်တစ်ကြိမ် အဖြစ်မခံနိုင်တော့။ ပြီးတော့ ဘားအနားတွင် သူ ရှိနေလျှင် ဘယ်သောအခါမျှ သေနိုင်မည် မဟုတ်ဟု မာရီယံ စွဲစွဲမြဲမြဲ ယုံနေ၏။

မိုက်ကယ့် ဒဏ်ရာတွေက အတွင်းကြေဒဏ်ရာတွေ များသည်။ မကြာမီ သတိရလာပါလိမ့်မည်ဟု ဆရာဝန်တွေက ပြောသည်။ ဖရက်ဒီတုန်းကလည်း သူတို့ သည်လိုပဲ ပြောခဲ့ကြသည်။ မာရီယံသည် အပြာနုရောင် နံရံကို အကြောင်သား ငေးကြည့်နေမိ၏။ နောက်ပြီး မျက်ရည်တွေ ဝေလာသည်။

"အဒေါ်ရယ်၊ နားလိုက်ပါတော့လားဟင်။ ဒေါက်တာဝစ်ဖီးက အဒေါ် အတွက် တတိယထပ်မှာ သီးသန့်ခန်း တစ်ခန်း ပြင်ပေးထားပါတယ်"

မျက်ရည်တွေကြားက ပြုံးပြလိုက်သည်။

"ကိစ္စ မရှိပါဘူး ဆရာမရယ်။ ရပါတယ်"

အခန်း တစ်ဖက်စွန်း ဆီသို့ လျှောက်သွားသည်။ ဆည်းဆာနေခြည်သည် မှန်ပြတင်းတွေကို ဖြတ်သန်းကာ အခန်းတွင်းသို့ အလင်းရောင် ပေးနေဆဲ။ နယူးအင်္ဂလန်မြို့ကလေး၏ ဝတ်ကျောင်းတော်ကြီးများ နောက်ကွယ်တွင် ပုန်းကွယ်ငုပ်လျှိုးစ ပြုနေပြီဖြစ်သည့် နေဝန်းကြီးကို ငေးကြည့်ရင်း ပထမဆုံး အကြိမ်အဖြစ် စီးကရက် တစ်လိပ်ကို ထုတ်သောက်သည်။

ကံကောင်းသည်ဟု ဆိုရမည်။ နယူးအင်္ဂလန်သည် ဝေးသည်ဟု ထင်ရသော်လည်း ဘော့စတွန်မှ တစ်နာရီလောက်နှင့် အရောက် မောင်းလာနိုင်ခဲ့၏။ ထို့ကြောင့် အကောင်းဆုံး ဆရာဝန်ကြီးများကို ခေါ်ယူကုသချိန် ရလိုက်သည် မဟုတ်လား။ ရွှေ့ပြောင်း၍ ရသည်နှင့် တစ်ပြိုင်နက် မိုက်ကယ်ကို နယူးယောက်သို့ ပြောင်းဖို့ စီစဉ်ထားသည်။ လောလောဆယ်တွင်မူ စိတ်ချရလောက်သည့်





ဆေးရုံ ... ဆမားတော်ကြီးများ လက်တွင် အပ်ထားသည်။ မိုက်ကယ့် ဒဏ်ရာတွေက အဖေရီ့ ဒဏ်ရာတွေထက် ပြင်းထန်သည်။ အဖေရီ၏ အရိုးတွေ ကျိုးသွားသော်လည်း သတိရနေသည်။ အခြေအနေ ကောင်းနေသည်။ ထို့ကြောင့် သူ့ အဖေသည် နေ့လယ်ပိုင်း ကတည်းက ဘော့စတွန်သို့ သူနာပြုကားဖြင့် ပြန်ခေါ်သွားနိုင်ခြင်း ဖြစ်၏။ အဖေရီမှာ လက်မောင်း တစ်ဖက်နှင့် ပေါင်တစ်ဖက် ကျိုးသွားသည်။ ပြီးတော့ ပခုံးညှပ်ရိုးနှင့် ခြေတစ်ဖက်လည်း ကျိုးသေးသည်။ သည်အထဲ သူ့ အခြေအနေက ကောင်းနေသည်။

ကလေးမလေးကော ဘယ်လို နေပါလိမ့်။ မတတ်နိုင်။ သူ့ အပြစ်နှင့်သူ ပဲ။ မကြံအပ် မစည်အပ်သည်ကို ကြံစည်ကျူးလွန်သည့် မိန်းကလေး။ မာရီယံ သည် စီးကရက်ကို ခပ်ဆတ်ဆတ် ထိုးချေလိုက်၏။ သူလည်း အခြေအနေ ကောင်းသွားမှာပါလေ။ သေတော့ မသေစေချင်ပါ။ ရှင်ဖို့များပါသည်တဲ့။ သို့သော် သူ့ ပင်ကိုမျက်နှာတော့ ရှိတော့မည် မဟုတ်တော့ဘူးတဲ့။ အင်း... သူ့ အပြစ် သူ ခံသွားရခြင်းပဲပေါ့။ သားသမီးချင်း စာနာစိတ်ဖြင့် သူ့ကို သနားကြည့်သည်။ ရစ်ယာန် ဘာသာဝင် တစ်ဦး အနေဖြင့် တစ်စုံတစ်ယောက် အပေါ် ထားရှိအပ်သည့် မေတ္တာမျိုး မွေးကြည့်သည်။ မရ။ အသည်းနှလုံးက တူးတူးခါးခါး မုန်းတီးလာသည်။

"မာရီယံရယ်၊ နားဖို့ ပြောခဲ့တာလည်း မရပါလား။ မင်း ဘယ်သူ့ စကားကိုမှ နားမထောင်တော့ဘူးလားဟင်"

မိသားစု ဆရာဝန်လို ဖြစ်နေသည့် ဒေါက်တာဝစ်ဖီး သို့မဟုတ် မာရီယံ အတွက် ဝစ်ဖီး။ မာရီယံက ယဲ့ယဲ့ကလေး ပြုံးပြလိုက်သည်။

"ဒီလိုပဲ စောင့်နေချင်တယ် ဝစ်ဖီးရယ်။ သား အခြေအနေ ဘယ်လိုလဲဟင်"

မာရီယံက နဖူးရေတွန့်ပြီးမေးရင်း နောက်ထပ် စီးကရက် တစ်လိပ် မီးညှိလိုက်သည်။

"အခြေအနေ ကောင်းလာမှာပါလို့ ကိုယ် ပြောပြီးပြီကော။ သူ့ကို တို့ အချိန် ပေးရမယ်။ စိတ်ရှည်ရမယ်။ ဒဏ်ရာထက် လန့်တာကြောင့် ပိုပြီး ကြာကြာ နေနေတာ"

"မာရီယံလည်း သတင်းကြားတုန်းက သိပ် လန့်သွားတာပဲ ဝစ်ဖီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝစ်ဖီးက ကြင်နာသည့် မျက်လုံးတွေနှင့် ခေါင်းညိတ်ပြလိုက်သည်။ "သူ ဆိုးဆိုးရွားရွား မဖြစ်နိုင်ဘူး ဆိုတာကော သေချာရဲ့လား ဝစ်ဖီးဟင်" မာရီယံ ခဏဆိုင်းနေပြီးမှ ကြိုးကြိုးစားစား ဆက်ပြောသည်။

"ဦးနှောက်... ဦးနှောက် ဘာမှ မဖြစ်နိုင်ပါဘူးနော် ဝစ်ဖီး"

ဆရာဝန်က မာရီယံ့ လက်မောင်းကို ပုတ်ပြီး သူ့ နံဘေး ပြတင်းပေါက် ပေါင်ပေါ်တွင် ထိုင်လိုက်သည်။ သူတို့ နောက်ဘက်မှ မြို့ကလေး၏ မြင်ကွင်းကို ပြတင်းပေါက်က ဘောင်ခတ်ထားသဖြင့် ပို့စကတ်ကလေးနှင့် တူနေသည်။

"မာရီယံရယ် ပြောပြီးပါပြီကော။ တို့ အတတ်နိုင်ဆုံး ကြိုးစားနေကြတယ်လို့။ ကောင်းသွားမှာပါကွယ်၊ သိပ်လည်း ပူမနေပါနဲ့"

"ဘယ်လို ပြောလိုက်တာလဲ ဝစ်ဖီး။ သိပ်မပူလို့ ဘယ်ရမလဲ"

အလွန် တင်းမာ နိုင်ကျည်ပါသည် ဆိုသော အမျိုးသမီးကြီး ထံမှ ထွက်လာသည့် အားငယ်နွမ်းလျသံ။ မာရီယံ ထံမှ တစ်ခါမျှ မကြားဖူးခဲ့သည့် လေသံမျိုး။ ဒေါက်တာဝစ်ဖီးသည် မာရီယံကို အံ့အားတသင့် ငေးကြည့်နေမိ၏။ တကယ်တမ်းကျတော့ မာရီယံဟီးလ်ယဒ်တွင်လည်း ပျော့ကွက်ကလေးတွေ ရှိနေပါသေးကလား။ သို့ပေမဲ့ သည်ပျော့ကွက်တွေကိုမူ လူ အများသည် စိုးစဉ်းမျှပင် ရိပ်စားမိကြပုံမပေါ်။

"ကောင်မလေး အခြေအနေကော ဝစ်ဖီး"

ဒေါက်တာဝစ်ဖီး၏ မျက်စိ အောက်တွင်ပင် သူတို့တစ်တွေ သိထားခဲ့သည့် မာရီယံဟီးလ်ယဒ်၏ အသွင် ပြန်ပေါ်လာသည်။ ဆေးလိပ် မီးခိုးတွေတက်လာတော့ မျက်လုံးတွေ မှေးစင်းထားလိုက်ပုံ၊ မျက်နှာထား တင်းမာပုံ၊ အရာရာကို အနိုင်ယူမည့်ပုံ။

"သိပ်မထူးဘူး မာရီယံ။ လောလောဆယ်တော့ ဒီအတိုင်းပဲ။ တခြား ဒဏ်ရာတွေက ကုယူလို့ရပါတယ်။ ခွဲဖို့ စိတ်ဖို့ ဖြတ်ဖို့ ဆက်ဖို့တွေက ဒီမှာတင် ရတယ် မာရီယံ။ ဒါပေမဲ့ သူ့ မျက်နှာ အရင်အတိုင်း ပြန်ဖြစ်လာဖို့ ဆိုတာတော့ မလွယ်ဘူး။ အမေရိက ပြည်ထောင်စု တစ်ခုလုံးမှာတောင် ဒီဘက်က ကျွမ်းကျင်တာ တစ်ယောက် နှစ်ယောက်ပဲ ရှိတာ။ သူ့ မျက်နှာ တစ်ခုလုံးမှာ အသားစိုင်တွေရော၊ အရိုးတွေရော၊ အကြောတွေရော အားလုံး ရစရာမရှိအောင် ပျက်စီးသွားရှာတာ မာရီယံ။ မျက်လုံး နှစ်လုံးပဲ ပကတိအတိုင်း ကျန်တော့တာ"





"သူ့ မျက်နှာ သူ ပြန်ကြည့်နိုင်လေ ကောင်းလေပေါ့"

မာရီယံ၏ နှုတ်ဖျားမှ ခုန်ထွက်လာသည့် မစ္ဆရိယစိတ်လွှမ်းသော စကား...ကြောင့် ဒေါက်တာဝစ်ဖီးသည် ပြတင်းပေါက်ဘောင် ပေါ်မှ အလန့်တကြား ...င်းလိုက်မိ၏။

"သြော်... မာရီယံရယ်၊ ကားမောင်းလာတာက မိုက်ကယ်ပါကွယ်။ ...ာင်မလေး မောင်းလာတာမှ မဟုတ်ဘဲ"

မာရီယံ ခေါင်းကိုသာ ညိတ်ပြလိုက်ပါသည်။ ဆရာဝန်အား ရှင်းပြမနေချင်...။ သည်အဖြစ်ဆိုးတွေ၏ တရားခံမှာ နန်စီသာ မဟုတ်ပါလား။

"မျက်နှာကို ဆက်မကုဘူး ဆိုရင်ကော၊ သူ ရှင်ပါ့မလားဟင်"

"ရှင်တော့ရှင်မယ်။ ဒါပေမဲ့ သေသွားတာကမှ ကောင်းဦးမှာပေါ့ မာရီယံ...။ ဘဝဆုံးပြီပေါ့။ နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတဲ့ မိန်းကလေး တစ်ယောက်ခမျာ ...ကောင်း ရှုမကောင်း မျက်နှာကြီးနဲ့ ဘယ်လိုလုပ်ပြီး အသက်ရှင်နေချင်တော့...၊ မဟုတ်ဘူးလား။ ဒါထက် ကောင်မလေးက လှလားဟင်"

"လှတယ်ထင်ပါရဲ့။ မသိဘူး ဝစ်ဖီး။ သူ့ကို တစ်ခါမှမှ မမြင်ဖူးတာ"

မာရီယံ့ မျက်လုံးတွေကော အသံပါ တင်းမာလာ၏။

"ဟုတ်လား။ ထားပါလေ၊ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်တော့ တကယ် ကြံ့ခိုင်...ကလေးမပဲ။ သူ နည်းနည်း သက်သာလာတာနဲ့ ဒီဆေးရုံကလည်း တတ်နိုင်...လောက် လုပ်ပေးကြမှာပါ။ ဒါပေမဲ့ မျက်နှာ အသား အစားထိုးဖို့ကို ဒီမှာ...မှ မလုပ်နိုင်ကြဘူး။ ကောင်မလေးမှာ ငွေကြေး ပြည့်ပြည့်စုံစုံ ရှိရဲ့လား ...ရီယံ"

"ဘယ်ကလာ"

မာရီယံ၏ နှုတ်ခမ်းမှ သေဒဏ် ချမှတ်လိုက်သည့်နှယ် ပေါ်ထွက်လာသည့် ...ခါးသီးသီး စကားလုံးများ။

"အင်း... ဒီလိုဆိုရင်တော့ သူ့ခမျာ ရွေးစရာလမ်း မရှိရှာပေဘူး။ ဒါမျိုး ...ပေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ကုသိုလ်ဖြစ် ကုမပေးကြဘူးဗျ"

"အဲဒီ အထူးကုတွေထဲမှာ ဝစ်ဖီး သိထားတဲ့လူများ ရှိလားဟင်"

"သိတာပေါ့။ တကယ်တော်တဲ့ ဆရာဝန်တော့ နှစ်ယောက်ပဲ ရှိတယ်။ ...တော်ဆုံး ဆရာဝန်က ဆန်ဖရန့်စစ္စကိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝစ်ဖီး၏ ခေါင်းထဲတွင် အလင်းရောင်တန်းကလေး တစ်
သန်းသွားသည်။ မာရီယံ၏ ငွေတွေနှင့်သာ ဆိုပါလျှင်။

"အဲဒီ ဆရာဝန် နာမည်က ပီတာဂရက်ဆင်တဲ့။ မတွေ့တာတော်
တော်တော် ကြာပြီ။ အသား အစားထိုးကုတဲ့ နေရာမှာ သူ့ကို ဘယ်သူမှ မလိုက်
နိုင်ဘူး"

"ဒီကလေးမကို သူ ကုလို့ရနိုင်ပါ့မလား"

မာရီယံကို လေးစားခြင်း၊ မြတ်နိုးခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် ဆရာဝ
သည် ဝမ်းသာအားရ ဖြစ်မိသည်။

"သူ ဆိုရင်တော့ သေသေချာချာ ဖြစ်နိုင်တယ် မာရီယံ"

ဆရာဝန်က ရှေ့တစ်ဆင့်တိုးပြီး ပြောသင့် မပြောသင့် စဉ်းစားနေသည်

"မာရီယံ စိတ်ဝင်စားရင် ကိုယ် သူ့ကို ဆက်သွယ်ပေးရမလား"

မာရီယံက ဆရာဝန်ကို အေးစက်မာကျောသည့် မျက်လုံးများဖြင့် အက
စေ့ကြည့်နေ၏။ သည်အမျိုးသမီး၏ ရင်ထဲတွင် ဘာတွေများ ရှိနေပါလိမ့်
ဆရာဝန်ခမျာ အနေရ အထိုင်ရ ကျပ်လာသည်။

"နောက်မှ ဆက်ဆွေးနွေးတာပေါ့ ဝစ်ဖီး"

"ကောင်းပါလေ့ မာရီယံရယ်"

ဆရာဝန်က နာရီကို ငုံ့ကြည့်ပြီး

"ကဲ... နားတော့ မာရီယံ။ ဆရာဝန် တစ်ယောက် အနေနဲ့ ပြောနေတဲ့
ကိုယ့် စကားကို နားထောင်ဦးမှပေါ့"

"မာရီယံ နားလည်ပါတယ်။ ဒါပေမဲ့ သားနားမှာပဲ နေမယ်။ ဝစ်ဖီးလည်း
သိတယ် မဟုတ်လား။ မိုက်ကယ့် အနားမှာ ကိုယ် ရှိနေမှ ဖြစ်မယ်လေ"

"ဒီလို လုပ်နေရင် ကိုယ့်ကိုယ်ကိုယ် အသေသတ်ရာ ကျနေလိမ့်မယ်နော်"

"ကိုယ် မသေနိုင်သေးပါဘူး ဝစ်ဖီးရယ်။ ကိုယ့်မှာ လုပ်စရာတွေ အများ
ကြီး ကျန်သေးတယ်"

"ဘာဖြစ်လို့ ဒါလောက် အပင်ပန်းခံတော့မလဲ မာရီယံ"

ဒေါက်တာဝစ်ဖီးသည် မာရီယံကို ကြည့်ပြီး မနာလိုချင်သလို ဖြစ်လာ
သည်။ သူသာ မာရီယံ၏ ဆယ်ပုံတစ်ပုံလောက် ကြိုးစားခဲ့ပါလျှင် ကမ္ဘာကျော်
ခွဲစိတ်ဆရာဝန်ကြီး တစ်ယောက် ဖြစ်နေလောက်ပြီ။





"အပင်ပန်းခံရဦးမယ် ဝစ်ဖီးရေ။ ခုဆို လုပ်စရာတွေက ပိုတောင် များ
လာပြီ"

မိုက်ကယ် အသက်ရှင်နေဦးမည် ဆိုလျှင်ပေါ့လေ။ မျက်စိကို မှေးလိုက်၏။
အမင်္ဂလာ အတွေးကို ခေါင်းထဲမှ မောင်းထုတ်လိုက်ရသည်။

"ကဲ... နောက် တစ်နာရီပဲ နေခွင့်ထပ်ပေးမယ်။ ပြန်လာလို့မှ မာရီယံ
နားသေးဘူး ဆိုရင် တစ်ခါတည်း မေ့ဆေးထိုးပြီး ဆွဲယူသွားမယ်။ ဟုတ်ပြီလား"

"ကောင်းပါပြီ ဝစ်ဖီးရယ်"

ကပျာကယာ ထပြီး စီးကရက်တိုကို ထိုးချေသည်။ ဆရာဝန်လုပ်သူ၏
ပါးကို အသာအယာပုတ်လျက် "ဒီမယ် ဝစ်ဖီး" ဟု ခေါ်သည်။ ပြီးတော့
မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ် ခတ်ရင်း ဆရာဝန်ကို မော့ကြည့်သည်။
ဘဲ့တခဏ်တွင် မာရီယံသည် နူးညံ့နေ၏။ လှပ နုံညားသည့် ကျက်သရေမျိုးဖြင့်
ပြုံးလဲ့နေ၏။ ပြီးတော့ "သိပ် ကျေးဇူးတင်တယ်" ဟု လှိုက်လှိုက်လှဲလှဲ ပြော
သည်။

ဆရာဝန်က ငုံ့ပြီး မာရီယံ့ ပါးကို ခပ်ဖွဖွကလေး နမ်းသည်။ မာရီယံက
ဆရာဝန့် လက်မောင်းကို ကိုင်ပြီး ညှစ်လိုက်၏။

ဆရာဝန်က ခါးဆန့်လိုက်ပြီး မတ်မတ်ရပ်သည်။

"သူ နေကောင်းလာတော့မှာပါ မာရီယံ။ မယုံရင် ကြည့်နေ"

မိန်းကလေး အကြောင်းကို ပြန်မစရဲတော့။ နောက်မှ ဆွေးနွေးမည်။
ဆရာဝန်က ပြုံးရုံသာ ပြုံးပြပြီး လှေကားမှ ဆင်းသွားတော့ လှေကားရင်းတွင်
မာရီယံ တစ်ယောက်တည်း နွံ့လျအားငယ်စွာ ရပ်ကျန်ရစ်သည်။ တော်သေး
သည်။ ကျောကို အမြန်လိုက်ခဲ့ရန် လှမ်းမှာမိပေလို့။

မာရီယံ၏ ရင်ထဲတွင် နာကျင်နေသည်။ အထီးကျန် ဘဝကို ခုမှပိုပြီး
ခံစားနေရသည်။ လေးတွဲ့နှေးကန်သော ခြေလှမ်းများဖြင့် မိုက်ကယ့် အခန်းဆီ
ပြန်လျှောက်လာခဲ့သည်။ အချို့ အခန်းတွေက တံခါး ပိတ်လျက်။ အချို့ အခန်း
တွေက ဖွင့်လျက်။ အသက်ကို လုနေကြရသည့် အခန်းများ။ အပ်ကျသံကိုမှ
ကြားနိုင်မည် ထင်ရသည်။ မည်သည့် အခန်းကမျှ စကားပြောသံ မကြားရ။
အခန်း တစ်ခန်းကို ဖြတ်မည်အပြုတွင် အတွင်းမှ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရ
သည်။ အခန်း နံပါတ်ကို သတိပြုမိတော့ မာရီယံ ခြေလှမ်းတုံ့သွား၏။ သည်



www.burmeseclassic.com

www.burmeseclassic.com



အခန်း နံပါတ်ကို သိထားပြီး မဟုတ်လား။ ဟနေသော တံခါးမှ အတွင်းဘက် အမှောင်ထုထဲသို့ လှမ်းကြည့်လိုက်သည်။

အခန်းထောင့်ရှိ ခုတင် တစ်လုံးကို ခပ်ရေးရေး မြင်နေရသည်။ အခန်းမှာ မှောင်လှ၏။ ခန်းဆီးတွေကို အလုံဆွဲပိတ်ထားသည်။ လှုနာကို အလင်းရောင် လုံး၀ မရစေရန် အမှောင်ချထားသည့် အခန်းမျိုး။ အခန်း၀တွင် အကြာကြီး ရပ်နေမိသည်။ ၀င်ဖို့မရဲသလို ဖြစ်နေသည်။ ၀င်မှ ဖြစ်မည်ကိုလည်း သိနေသည်။ ဖွဖွကလေးနင်းပြီး တစ်လှမ်းချင်း ၀င်လိုက်၏။ ပြီးတော့ ရပ်လိုက်ပြန်သည်။ ရှိုက်သံက ပိုမြန်လာသည်။ ပို ကျယ်လာသည်။

"ဘယ်သူလဲဟင်"

ကလေးမ၏ ဦးခေါင်း တစ်ခုလုံး ပတ်တီးတွေ ဖုံးနေသည်။ ပတ်တီးလုံး ကြီး ဖြစ်နေသည်။

"ဘာမှလည်း မမြင်ရပါလား... ဘယ်သူလဲဟင်"

သူ့ အသံ နည်းနည်း ပို ကျယ်လာသည်။

"ပတ်တီးတွေ ဖုံးနေလို့ မမြင်ရတာပါ။ မင့် မျက်လုံးတွေ ဘာမှ မဖြစ်ပါ ဘူး"

ရှိုက်သံက ပို၍ သည်းထန်လာသည်။

"မင်း သတိရနေပြီလား"

မာရီယံ၏ အသံက အနိမ့်အမြင့် မရှိ။ အားပေးနှစ်သိမ့်သည့် လေသံမပါ။ ခံစားမှုဟူ၍ ဘာမျှ မရှိသည့် အသံမျိုး။ မာရီယံ ကိုယ်တိုင်လည်း အိပ်မက်ထဲတွင် ရပ်နေရသလို ဖြစ်နေ၏။ ဘာဆက်ပြောရမှန်း မသိ။ သူနှင့် တွေ့တော့ တွေ့ရ မည်။ မတွေ့၍ မဖြစ်။ မိုက်ကယ် အတွက် သူ့နှင့်တွေ့မှ ဖြစ်မည် မဟုတ်လား။

"မင်းကို သူတို့ အိပ်ဆေး မပေးဘူးလား"

"ပေးပါတယ်။ ဒါပေမဲ့ ကျွန်မ အိပ်မပျော်ဘူး"

"သိပ် နာနေလားဟင်"

"နာရမှန်းလည်း မသိတော့ပါဘူးရှင်။ ဒါထက် ဘယ်သူလဲဟင်"

ဘယ်သူဘယ်ဝါဟု ပြောရမည်ကို ၀န်လေးနေသည်။ ကြောက်ရွံ့နေသည်။ ဘာမျှ ဆက်မပြောဘဲ နံဘေးရှိ ကုလားထိုင်တွင် ၀င်ထိုင်လိုက်သည်။ ကလေးမ ၏ လက်တွေမှာလည်း ဘာမျှ သုံးမရတော့သည့် ပတ်တီးထုပ်ကြီး အဖြစ် မလှုပ်





ယောက်။ ၀စ်ဖီး ပြောထားသည်ကို သွားသတိရမိ၏။ မျက်နှာကို ကာကွယ်ဖို့နှင့် ဆံတံကိုင်ဖို့ လက်တွေသည်လည်း မျက်နှာနှင့်အတူ ပျက်စီးသွားပြီဟု ၀စ်ဖီးက ပြောခဲ့သည်။ သူ့ ဘ၀ဖြစ်သည့် ပန်းချီ ဘ၀သည်လည်း ပျက်စီးသွားပြီပေါ့။ သူ့ အလှအပတွေ၊ သူ၏ နုငယ်ပျိုမျစ်ခြင်းတွေ၊ သူ၏ ပန်းချီဘ၀..။ ဤအရာ တွေသည် သူ၏ အချစ်ဇာတ်လမ်းနှင့်အတူ နိဂုံးချုပ် ဇာတ်သိမ်းသွားချေပြီ။ သူနှင့် ဆက်ပြောရမည့် အကြောင်းအရာသည် မာရီယံ ခေါင်းထဲ ၀င်လာသည်။

"နန်စီ"

ပထမဆုံးအကြိမ် အဖြစ် ကလေးမ၏ နာမည်ကို မာရီယံ ခေါ်လိုက်ခြင်း။ တကယ်တော့ မခေါ်၍လည်း မဖြစ်တော့။

"သူတို့ သူတို့၊ ဟို ဆရာ၀န်တွေ။ မင့် မျက်နှာ အကြောင်းကို ပြောပြသေး လားဟင်"

မေမေ မာရီယံ၏ အသံမှာ နူးညံ့ပျော့ပျောင်းနေသည်။ အခန်း တစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။ ပြီးတော့မှ ရှိုက်သံကလေးများ ပတ်တီးတွေကြားထဲမှ ထိုးထွက်လာသည်။

"မင်း မျက်နှာ ဘယ်လို ဖြစ်သွားတယ် ဆိုတာ သူတို့ ပြောပြသေးလား"

မမေးရက် မေးရက်ဖြင့် ဇွတ်နှစ်မေးလိုက်ရသည်။ မပြောလျှင်လည်း ပြီးမည် ကိစ္စ မဟုတ်။ မိုက်ကယ်ကို သည်ကလေးမ စွန့်လွှတ်ရမည်။ စွန့်လွှတ်လျှင် သူ့ ဘ၀ကို ပြန်ပြီး လှလှပပ ဖြစ်စေမည်။ သည် တစ်ခုကိုတော့ မာရီယံ သတ္တိရှိရှိ ဆုံးဖြတ်ထား၏။

"မင်းကို အရင်အတိုင်း ပြန်ဖြစ်အောင်လုပ်ဖို့ ဘယ်လောက် ခက်တယ်ဆို တာ သူတို့ ပြောပြသေးလား"

ရှိုက်သံကလေးများတွင် မောသံဖက်လာသည်။ ပြီးတော့ လေသံမာမာဖြင့်

"သူတို့ အလကား ပြောတာပါ။ သူတို့က ပြောတယ်"

"မင်း မျက်နှာကို အကောင်း ပကတိပြန်ဖြစ်အောင် လုပ်ပေးနိုင်တဲ့ ဆရာ၀န် တစ်ယောက်ပဲ ရှိတယ် နန်စီ။ ဒေါ်လာသိန်းသန်းချီပြီး ကုန်ရလိမ့်မယ်တဲ့။ မင်းမှာ တော့ မိုက်ကယ့်မှာကော ပိုက်ဆံလည်း တစ်ပြားမှ ရှိကြတာ မဟုတ်ဘူး"

"အို... ပိုက်ဆံရှိလည်း ကျွန်မ သူ့ကို မလုပ်နိုင်ဘူး"

"ဒါဖြင့် မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး။ ကျွန်မ မသိဘူး"

ရှိုက်သံတွေ ထွက်လာပြန်သည်။

"မင်း မိုက်ကယ့်ကို ခုလို မျက်နှာမျိုးနဲ့ တွေ့ရဲပါ့မလားဟင်"

မိနစ်များစွာ ဘာသံမျှ ထွက်မလာ။ အတန်ကြာမှ ဆို့ဆို့နင့်နင့်ဖြင့် ဖြေ သည်။

"ဟင့်အင်း"

"မင်းကို သူ ဒီအတိုင်း ဆက်ချစ်သွားနိုင်မယ်လို့ကော မင်း ထင်ရဲ့လား။ တာဝန်အရ မင်းကို သစ္စာရှိရှိ ဆက်ပြီးချစ်ဖို့ ကြိုးစားတဲ့တိုင်အောင် ဘယ်လောက် ကြာကြာ ခံမယ်ထင်လဲဟင်။ မင်းကကော မင့်ဘဝ မလှမပကို ချစ်သူလက် ဝကွက်ပေးပြီးမှ တစ်သက်လုံး စိတ်ဆင်းရဲသွားရမယ့် ကိစ္စကိုကော စဉ်းစားမိ လား"

နန်စီ တစ်ယောက် ဆောက်တည်ရာမရ တုန်လှုပ်သွားသည်။ ရင်ထဲတွင် ဗလောင်ဆူနေသည်။ မာရီယံ ကိုယ်တိုင်သည်ပင် ရင်ထဲတွင် နင့်နေ၏။

"မင်းမှာ ဘာဆိုဘာမှ မကျန်တော့ဘူး နန်စီ။ မနေ့တစ်နေ့က ရှိခဲ့တဲ့ မင့် ဘဝဟာ ဒီနေ့ တစ်ခုမှ မရှိတော့ဘူး"

အကြာကြီး ငြိမ်နေကြပြန်သည်။ သည်ရှိုက်သံတွေကို မာရီယံ တစ်သက် မမေ့နိုင်တော့မည်မထင်။ ရင်နာနာနှင့်ပင် လုပ်စရာရှိသည်ကို ဆက်လုပ်ရပေတော့ မည်။

"မင်း သူ့ကို စွန့်လွှတ်ရတော့မယ် နန်စီ။ ခုလည်း စွန့်လွှတ်လိုက်ရပါပြီ လေ။ မင်း သူ့ကို တကယ် ချစ်ရင် အဲဒီလို သဘောပေါက်ထားရလိမ့်မယ်။ သူ့ ဘဝဟာ အညွန့်တလူလူနဲ့ပါ နန်စီ။ မင်း သူ့ကို ချစ်တယ် ဆိုရင် မင်း ဘာလုပ် သင့်တယ် ဆိုတာ မင်း သိမှာပါ။ မင်း အဲဒီလို လိမ္မာမယ် ဆိုရင်တော့ မင့် ဘဝ လှလှပပ ပြန်ဖြစ်လာနိုင်မယ် နန်စီ"

ကလေးမက ဆက်၍သာ ငိုနေသည်။ ဘာမျှ ပြန်မပြောတော့။

"မင့်အတွက် ဘဝသစ် တစ်ခုကို ကမ္ဘာသစ် တစ်ခုမှာ ပြန်စနိုင်ပါသေးတယ် နန်စီ"

မာရီယံက ကလေးမ အငိုတိတ်သည်အထိ စိတ်ရှည်လက်ရှည် စောင့်နေ လိုက်၏။





"မင်းကို မျက်နှာ အသစ် တစ်ခုရအောင် လုပ်ပေးမယ်လေ"

"ဘယ်လို လုပ်ပေးမှာလဲဟင်"

"ဆန်ဖရန်စစ္စကိုမှာ အသားအစားထိုးကုတဲ့ နေရာမှာ ပါရဂူမြောက်တဲ့ ဆရာဝန် တစ်ယောက် ရှိတယ်။ သူက မင်း မျက်နှာကို လှလှပပ ပြန်ဖြစ်လာအောင် လုပ်ပေးနိုင်တယ် နန်စီ။ မိတ်ကပ်လိမ်းဖို့ မျက်နှာကလေး တစ်ခု မင်း ပြန်ရလာအောင် သူက လုပ်ပေးနိုင်တယ်။ ကြာတော့ ကြာလိမ့်မယ်။ ငွေတွေ အချိန်တွေကို အများကြီး သုံးရလိမ့်မယ်။ ဒါပေမဲ့ ဘဝအသစ် တစ်ခု ပြန်ရမယ် ဆိုတော့ ကောင်းကောင်း တန်ပါတယ်လေ။ မဟုတ်ဘူးလား နန်စီ"

မာရီယံ၏ နှုတ်ခမ်းထောင့်တွင် အပြုံးရိပ်ကလေး တစ်ချက် သန်းသွားသည်။ သူ့အဖို့ ဒေါ်လာသိန်းချီတန်သည့် ကန်ထရိုက် လုပ်ငန်းကြီး တစ်ခုကို ရအောင် ဆွေးနွေးနေရသည်နှင့် ဘာမျှ မခြား။ တကယ်တော့ သည်ကိစ္စတွေ အားလုံး အတူတူပါပဲလေ။

ပတ်တီး အဖြူလုံးကြီး ထဲမှ သက်ပြင်းချသံ သဲ့သဲ့ကလေး ပေါ်ထွက်လာသည်။

"ကျွန်မတို့ အဲဒီလောက်မှ မတတ်နိုင်ဘဲ"

ကျွန်မတို့ ဟူသည့် အသုံးအနှုန်းကြောင့် မာရီယံ ကျောထဲတွင် စိမ့်သွား၏။ 'တို့' ဟူသည့် စကားလုံးသည် မိုက်ကယ်နှင့် နန်စီကို ကိုယ်စားပြုသည့် စကားလုံး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့။

မာရီယံ သက်ပြင်း တစ်ချက် ချသည်။ သူ့ကိုယ်သူ မတ်မတ်ထားပြီး ပြန်ထိန်းလိုက်သည်။

"ဟုတ်ပါပြီ။ မင်း မတတ်နိုင်ပေမဲ့ ကိုယ် တတ်နိုင်တယ်လေ။ ကိုယ် ဘယ်သူ ဘယ်ဝါ ဆိုတာ မင်း သိလောက်ပါပြီနော်"

"ဟုတ်ကဲ့"

"မင်း မိုက်ကယ်ကို စွန့်လွှတ်လိုက်ရပြီ ဆိုတာတော့ မင်း သဘောပေါက် ထားတော့၊ သိလား။ တို့လည်း သူ့ အသက်ကို လုနေရတုန်းပဲ။ အသက်ရှင်တဲ့ တိုင်အောင် မင်း ဘာဖြစ်သွားတယ် ဆိုတာ သူ သိပြီးတဲ့နောက် မင်းတို့ ဆက်ဆံရေးဟာ ဘယ်လိုမှ ပြန်လည် ရှင်သန်နိုင်တော့မှာ မဟုတ်ဘူး။ မင်း နားလည်ပါ ဘယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်"

"မိုက်ကယ်က သူ့ ဘဝကို သူ အနစ်နာခံပြီး မင်း အပေါ် သနားစိတ်နဲ့ လက်ထပ်တယ်ပဲ ဆိုပါစို့။ သူ့ ဘဝ ဘာဖြစ်သွားမယ် ဆိုတာ မင်း စဉ်းစားကြည့်စမ်း"

မာရီယံက အချစ်ဟူသည့် စကားလုံးကိုရှောင်ပြီး ပြောနေသည်။ သည်ကောင်မကလေးမျိုးသည် မိုက်ကယ့် အချစ်မျိုးနှင့် ထိုက်တန်သည်ဟု မာရီယံ မထင်။

"မင်း သဘောပေါက်တယ် မဟုတ်လား နန်စီ"

တော်တော်နှင့် စကားပြန် မရ။

"မင်း နားလည်ပါတယ်နော်"

"ဟုတ်ကဲ့"

ကလေးမ၏ အသံတွင် လေ အနိမ့်အမြင့် မရှိတော့။ အသက် မပါတော့ စက်ရုပ် တစ်ရုပ်က ပြောနေသည့် လေသံမျိုး။

"ဒီမယ် နန်စီ၊ မင်းကို အစီအစဉ် တစ်ခု ပြောပြမယ်။ နားထောင်၊ လား"

မာရီယံ ချိုသာလာပြန်သည်။ သားဖြစ်သူသာ ကြားလျှင် ဘယ်လော သတ်ပစ်ချင်လိုက်မည် မသိ။

"ကမ္ဘာကျော် ဆရာဝန်ကြီးတွေနဲ့ မင့် မျက်နှာကို အသားအစားထိုးပြီး အသစ်ပြုပြင်ဖို့ ကိစ္စကို မင်း စဉ်းစားကြည့်စမ်း။ ဘဝအသစ်၊ မျက်နှာအသစ် နန်စီ အသစ်တစ်ယောက် ဖြစ်လာမယ်လေ။ အရင်ကထက်တောင် ပိုလှလာ မယ်။ မိတ်ဆွေသစ်တွေနဲ့ ဘဝသစ်ကို မင်း ပြန်စနိုင်တယ်။ လှလှပပ ဝတ်ပြီး ဟိုတယ်တွေ၊ ရုပ်ရှင်ရုံတွေ၊ အလှအပဆိုင်ကြီးတွေကို မင်း ဝင်နိုင်ထွက်နိုင်မယ် ဘဝသစ်မှာ တွေ့မယ့် အမျိုးသားတွေနဲ့ မင်း တွဲနိုင်မယ်။ ဒါက ကိုယ့်အစီအစဉ် အတိုင်း မင်း လိုက်နာမယ် ဆိုရင် ဖြစ်လာမယ့် မင်းရဲ့ ဘဝသစ်ကို ပြောတာ လက်ရှိ အတိုင်း သွားမယ်ဆိုရင် ရင်ဆိုင်ရမယ့် ဘဝကိုကော စဉ်းစားကြည့်ပြီး လား။ မင်းကို မြင်တာနဲ့ လူတွေ ရှဲသွားကြမယ်။ ကလေးတွေ မင်းကို မြင်ရ လန့်အော်ကြမယ်။ ဒီတော့မင်း လမ်းတောင်ထွက်ရဲမှာ မဟုတ်တော့ဘူး။ အလို





ရင်း လူ့ ဘဝ အပြင်ရောက်သွားတော့မယ်။ အဲဒီ ဘဝ မရောက်အောင် ဘက်တစ်ဘဝကို မင်း ရွေးချယ်ခွင့်ရှိနေသေးတယ် နန်စီ"

မာရီယံက သူ့ စကားလုံးများကို နန်စီ အသည်းနှလုံးထဲသို့ နင့်ခနဲ နင့်ခနဲ ဝင်သွားစေ၏။

"ဟင့်အင်း... ကျွန်မမှာ ရွေးစရာလမ်း မရှိပါဘူး"

"ဘာလို့ မရှိရမှာလဲ၊ ရှိတယ် နန်စီ။ မင်းကို ဘဝအသစ် တစ်ခု တည် ဆောက်ပေးမယ်။ မျက်နှာ အသစ်တစ်ခုလည်း ဖန်ဆင်းပေးမယ်။ လူသစ် စိတ် သစ်နဲ့ ကမ္ဘာသစ် တစ်ခုမှာ မင့် ဘဝကို ပြန်စပေးမယ်။ အားလုံးပြီးသွားရင် တစ်မြို့မှာ အခန်းကြီး တစ်ခန်း ငှားပေးထားပြီး လိုလေသေးမရှိ ကြော့နေ အောင် ထားပေးမယ်။ မင်း တစ်သက်လုံး အတွက် ထိုင်စားနိုင်အောင် စီစဉ်ပေး မယ်ကွယ်။ တစ်နှစ် နှစ်နှစ်လောက်ဆို ဒီဘဝ အိပ်မက်ဆိုးကြီးကို မင်း မေ့သွား ပါ"

"နောက်ပြီးတော့ကော"

"မင်း လွတ်လပ်သွားပြီလေ။ အဲဒီ ဘဝသစ်ဟာ မင်း ကိုယ်ပိုင် ဘဝပဲ"

အကြာကြီး ငြိမ်တိတ်သွားသည်။ တိတ်ဆိတ်မှုက မဆုံးနိုင်တော့သလို။ စီ ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေသည့် အရောင်းအဝယ် ကန်ထရိုက် ချုပ် နီဂိုးပိုင်းကို မာရီယံ ဖွင့်ပြောတော့မည် မဟုတ်လား။

"အဲဒီ ဘဝသစ်နဲ့ မျက်နှာသစ်ဟာ မင်းရဲ့ ကိုယ်ပိုင် ဖြစ်စေရမယ်။ မင်း ဘက်က လိုက်နာရမှာကတော့ မိုက်ကယ်နဲ့ ဘယ်တော့မှ ပြန်မဆက်သွယ်ရဘူး။ ကယ်ကို မင်း အပြီးအပိုင် စွန့်လွှတ်လိုက်ရမယ်။ ကိုယ်ပေးတဲ့ ဘဝ လက် ဆောင်ကို မင်း လက်မခံဘူး ဆိုရင်တော့ မင်းဟာ ရှင်လျက်နဲ့ သေနေတဲ့ မိန်း လေး တစ်ယောက် ဖြစ်သွားရုံကလွဲပြီး ဘာမှ မဖြစ်နိုင်တော့ဘူး နန်စီ"

"ဒီ ပဋိညာဉ်ကို မိုက်ကယ့် ဘက်က ဖျက်ရင်ကော။ ကျွန်မက ရှောင်ပုန်း ပါပြီတဲ့။ သူက လိုက်ရှာရင်ကော"

"ကိုယ် လိုချင်တာက မင်းဆီက ကတိ တစ်ခုတည်းပါ။ ဝေးဝေးသွားပြီး ရှင်ပေးပါမယ်ဆိုတဲ့ ကတိ တစ်ခုတည်းပါ။ မိုက်ကယ့် ဘက်က ချိုးဖောက် ဟာ မင်းနဲ့ မဆိုင်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မိုက်ကယ်က ကျွန်မ နောက်ကို လိုက်လာရင် မိုက်ကယ့် တာ... နော်။ အဲဒီ ကတိကော ကျွန်မကို ပြန်ပေးမလား"

"ကိုယ် ကတိပေးတယ် နန်စီ"

မလှုပ်နိုင် မယှက်နိုင်သည့် ပက်လက်ဘဝကပင် နန်စီ ရင်ထဲတွင် စိတ်အ... တွေ တက်ကြွလာသည်။ မာရီယံ အပေါ် သူက အနိုင်ရနေသလို ခံစားလိုက်... သည်။ မိုက်ကယ့် စိတ်ကို သူ့ အမေ သိသည်ထက် နန်စီက ပိုသိသည် မဟု... လား။ မိုက်ကယ်သည် အဘယ်သို့သော အကြောင်းကြောင့်မျှ သူ့ကို အဆုံးခံ... မည် မဟုတ်ကြောင်း နန်စီ သိထားသည်။ ပုန်းနေသည့် ချစ်သူကို ရှေမြေအ... လိုက်ရှာမည့် မိုက်ကယ်ပါ။ အနိဋ္ဌာရုံ အဖြစ်ဆိုးကြီး၏ အလယ်တွင် မိုက်ကယ်... သူ့ကို တစ်ယောက်တည်း လက်တွဲဖြုတ်ထားရက်ပါမည်တဲ့လား။

မမြင်ရသည့် အားအင်တွေ နန်စီ ကိုယ်တွင်းသို့ စိမ့်ဝင်လာသည်။ အ... သည်ပင် ခွန်အား မဟုတ်လား။ မာရီယံဟီးလ်ယဒ် ဘယ်လောက်ပင် ကြိုး... ကြိုးစား၊ သူတို့ နှစ်ယောက်၏ အချစ်ကို ထာဝရ ခွဲထားနိုင်မည် မဟုတ်။ ...

တစ်ခုတော့ ရှိသည်။ မာရီယံ၏ အပေးအယူကိစ္စကို လက်ခံလိုက်သ... အတွက် အချစ်ကို သစ္စာမဲ့ရာ၊ မယုံကြည်ရာများ ရောက်နေလေမည်လား။ မတ... နိုင်။ မာရီယံဟီးလ်ယဒ်၏ အကူအညီကို မယူ၍မဖြစ်တော့။ အခြား နည်းလ... မရှိတော့။

"ဘယ်လိုလဲ နန်စီ"

မာရီယံက ရင်တထိတ်ထိတ်နှင့် စောင့်နေရာမှ မေးလိုက်၏။ အသက်ရှူ... ပင် မေ့နေသည်။ မိုက်ကယ့် အပေါ် ချစ်ထုံးဖြေလိုက်ပါပြီ ဆိုသည့် စကား... ကလေးကို ရင်တမမနှင့် စောင့်မျှော်နေသည်။

ပင်လယ်ကမ်းခြေတွင် မိုက်ကယ် ပြောခဲ့သည့် စကားလုံးကလေးများ... နန်စီ ပြန်လည် ကြားယောင်လာမိသည်။

"ကျွန်ုပ် မိုက်ကယ်ဟီးလ်ယဒ်သည် ချစ်သူအား နှုတ်ဆက်ခွဲခွာသ... စကားလုံးများကို မည်သည့် အခါမျှ ရေရွတ်ခြင်း မပြုပါ"

ဟူ၍ ပုတီးကုံးကလေးကို ကျောက်ဆောင်အောက်တွင် မြှုပ်ပြီး သစ္စာတို... ခဲ့သည်လေ။ ချစ်သူ၏ သစ္စာစကားကို အကြွင်းမဲ့ ယုံကြည်လာသည်။

"ကဲ... နန်စီ၊ ဘယ်လိုလဲ" ...ဆိုရင်

မာရီယံ ဆက်၍ သည်းမခံနိုင်တော့သဖြင့် ထပ်လောလိုက်သည်။

"ဟုတ်ကဲ့။ ကျွန်မ လက်ခံပါတယ်"

* * *

www.burmeseclassic.com

# ၅

နံနက် ဝေလီဝေလင်း အချိန်။ မာရီယံသည် သိုးမွေးဆွယ်တာ အနက်ရောင်ကို ဝတ်ဆင်ထားသည်။ ကလေးမအား လူနာတင်ယာဉ်ကြီး ပေါ်သို့ တင်သွားသည်ကို ဆေးရုံ တံခါးဝမှာ ရပ်ပြီး လှမ်းကြည့်နေသည်။ နန်စီ ထံမှ ကတိစကားရပြီး ကတည်းက နောက်ထပ် စကား လုံးဝ မပြောတော့ဘဲ လုပ်စရာရှိသည်များကို ချက်ချင်း အကောင်အထည် ဖော်ခဲ့၏။ ဝစ်ဖီးကို ဆန်ဖရန်စစ္စကိုမှ ဒေါက်တာ ပီတာဂရက်ဆင်နှင့် အမြန်ဆုံး အဆက်အသွယ်ပြုပြီး စီစဉ်စေ၏။ သည့်ဆေးရုံ မှ နန်စီ အမြန်ဆုံး ထွက်ခွာသွားဖို့ အရေးကြီးသည် မဟုတ်လား။ လေယာဉ်ပျံ လက်မှတ်ကို အထူးသီးသန့်ခန်းမှ စီစဉ်ပေးသည်။ အထူး သူနာပြု နှစ်ယောက် ထည့်ပေးသည်။ ငွေကို ရက်ရက်ရောရော သုံးသည်။ ရှေ့ဆက်ပြီး ဒေါ်လာ သန်းချီ၍ပင် ကုန်ရဦးမည်။ စီးကရက်လိပ်ကို ထိုးချေနေခိုက် ဒေါက်တာဝစ်ဖီး အနားရောက်လာသည်။

"သိပ်ကို ကံကောင်းတဲ့ ကလေးမပဲ မာရီယံ"

ဆရာဝန်က မာရီယံကို လေးစားမြတ်နိုးစွာ ကြည့်ပြီး ပြော၏။

"အင်း... ကံကောင်းမှာပါ။ ဒါထက် ဝစ်ဖီးကို ပြောရဦးမယ်၊ ဒီကိစ္စကို မိုက်ကယ် လုံးဝ မသိစေရဘူးနော်"

မာရီယံ စကား မဆုံးသေး။ သူက ဆက်၍





"တစ်ယောက်ယောက်ကြောင့် မိုက်ကယ် သိသွားမယ်ဆိုရင် သူ့ ဆေးကုသဖို့ အစီအစဉ်ကို ကိုယ် ချက်ချင်း ဖျက်ပစ်မှာနော်၊ သိလား ဝစ်ဖီး"

"ဘာဖြစ်လို့လဲ မာရီယံ။ သူ့ ဘဝအတွက် မာရီယံ ဒါလောက် အကုန်အကျခံပြီး လုပ်ပေးတာ မိုက်ကယ် သိသင့်တာပေါ့"

"ဟင့်အင်း မသိစေရဘူး။ ဒီကိစ္စကို တို့ နှစ်ယောက်တည်း အင်း... လေးယောက်ပေါ့လေ။ ဝစ်ဖီးနဲ့ ဒေါက်တာပီတာဂရက်ဆင်ပါဆိုရင် အဲဒီ လေးယောက်ပဲ သိစေရမယ်။ မိုက်ကယ် ဘာမှ မသိစေရဘူး။ သူ သတိရလာရင် ဘယ်သူမှ သူ့ကို မပြောရဘူး။ ရှင်းပြီလား ဝစ်ဖီး"

သားကလည်း ဘယ်သောအခါများမှ သတိရမည်လဲ မသိ။ ဝစ်ဖီး သည် လောက် တားမြစ်နေသည့်ကြားက သား၏ ခုတင် ဘေးတွင် သူ တစ်ညလုံး ထိုင်ငိုက်နေခဲ့သည်။ လုံးဝ ပင်ပန်းရမှန်း မသိ။ နန်စီနှင့် ဆွေးနွေးပြီး ကတည်းက စိတ်လက်ပေါ့ပါးပြီး ပြန်လည် အသက်ဝင်လာသလို ဖြစ်နေသည်။ သူတို့ နှစ်ယောက်၏ ဇာတ်လမ်းသည် နိဂုံးကမ္ဗတ် အဆုံးသတ်သွားပြီ မဟုတ်လား။ ကန့်လန့်ကာချ ဇာတ်သိမ်းလိုက်ပြီ မဟုတ်လား။ သားကို မေမေ ပြန်လည် ရှာလိုက်ပြီ။ မာရီယံသည် လုပ်သင့်လုပ်ထိုက်ဆုံး နည်းလမ်းနှင့် အကောင်းဆုံး နည်းလမ်းကို ရွေးချယ်လုပ်ကိုင်ပြီးခဲ့ပြီဟု ယုံကြည်နေ၏။

"ကဲ... ဘယ်လိုလဲ ဒေါက်တာဝစ်ဖီး။ သားကို ပြန်မပြောဘူး မဟုတ်လား"

သည်လို အသုံးအနှုန်းကို သုံးစွဲလိုက်သည်နှင့် ဝစ်ဖီး နားလည်လိုက်ပြီ။ ဆရာဝန်၏ ဆေးရုံကို မာရီယံဟီးလ်ယဒ် ငွေတွေ ဘယ်လောက် ပုံအောပြီး လှူဒါန်းထားသည်ကို သတိရစေရန် မာရီယံက ဝစ်ဖီးမှ ဒေါက်တာဝစ်ဖီးဟု ပြောင်းခေါ်လိုက်ခြင်း ဖြစ်၏။

"အင်းပါလေ၊ မာရီယံ မပြောစေချင်ရင် မပြောပါဘူး"

"ဟုတ်ပြီ ဝစ်ဖီး။ လုံးဝကို မပြောစေချင်ဘူး"

သူနာပြုကားမှ ဆွဲတံခါး အသံကို ကြားလိုက်ရ၏။ ဝှန်းခနဲ မပိတ်မီ ကလေးတွင် သူနာပြု နှစ်ယောက် ခြံရံလျက် နန်စီမည်သော မိန်းကလေးကို နောက်ဆုံး အကြိမ်အဖြစ် လှမ်းမြင်လိုက်ရ၏။ ဒေါက်တာပီတာဂရက်ဆင်၏ အသိအရ ဆန်ဖရန်စစ္စကိုတွင် နန်စီအား စောင့်ရှောက်ရန် သူနာပြုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ခြောက်လ၊ သို့မဟုတ် ရှစ်လခန့် လိုမည်။ မျက်လုံး အကြည်တော် မပျက်စီးသော်လည်း မျက်ခွံတွေ၊ နှာခေါင်းတွေ၊ ပါးရိုးတွေကို ပြုပြင်နေသရွေ့ ကာလပတ်လုံး မျက်လုံးပါ ပတ်တီး စည်းထားရမည်ဟု ဆိုသည်။ မျက်နှာ တစ်ခုလုံးကို အသစ် တည်ဆောက်ရမည် မဟုတ်လား။

သူတို့ကြိုတင်တွက်ဆမထားသည့် ကုန်ကျစရိတ် တစ်မျိုးလည်း ထပ်တိုး လာသည်။ နန်စီကို မူလ နန်စီ ပြန်ဖြစ်လာအောင် ဒေါက်တာပီတာဂရက်ဆင် မတတ်နိုင်။ နန်စီ နေရာတွင် အခြား မိန်းကလေး တစ်ယောက်အစား ဖြစ်ပေါ်လာ ဖို့သာ သူတတ်နိုင်မည်။ သည်တော့ ဘဝသစ် တစ်ခု၊ ပတ်ဝန်းကျင်သစ် တစ်ခု ကို ရင်ဆိုင်နိုင်ဖို့အတွက် စိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲမှုပါ လိုအပ်လာမည် ဖြစ်ရာ စိတ်ပညာ ဆရာဝန် တစ်ယောက်က အချိန်ပြည့် စောင့်ကြပ်ကုသပေးဖို့ လည်း လိုအပ်လာမည်။ မာရီယံက ဒေါက်တာပီတာ တင်ပြသမျှ အားလုံး လိုက်လျောရန် သဘောတူသည်။ စိတ်ကောရုပ်ပါ ပြောင်းလဲသွားမည်ဆိုလျှင် မိုက်ကယ့် အတွက် ပို၍ စိတ်အေးရမည်ပေါ့။ နောက် လေးငါးနှစ်ကြာမှ တစ်နေ ရာရာတွင် ပြန်လည် ဆုံဆည်းကြပြီး တစ်ဦးကို တစ်ဦး မှတ်မိနေသည့် အဖြစ် မျိုးကို မာရီယံ မကြားလို။ မမြင်လို။

ဒေါက်တာပီတာဂရက်ဆင်နှင့် ဆွေးနွေးချက်များကို အသေးစိတ် ပြန်တွေး နေမိ၏။ နံနက် လေးနာရီတွင် တယ်လီဖုန်းနှင့် ပြောကြခြင်း ဖြစ်၏။ ဆန်ဖရန် စစ္စကို စံတော်ချိန်နှင့် ဆိုလျှင် ညဉ့်တစ်နာရီသာ ရှိဦးမည်။ ဒေါက်တာပီတာသည် အလွန် ထက်မြက်ပြီး အလွန် စိတ်အားထက်သန်သည့် ဆရာဝန် ဖြစ်၏။ အသား အစားထိုးကုသည့် ဘက်တွင် ကမ္ဘာကျော် ပုဂ္ဂိုလ်လည်း ဖြစ်၏။ အသက် လေးဆယ်ခန့်သာ ရှိသေးသည့် လူငယ် ဆရာဝန်။ သူနှင့် ဆက်သွယ်မိသည့် အတွက် နန်စီအဖို့ အလွန့်အလွန် ကံကောင်းသည်ဟု ဆိုရမည်။ နန်စီအတွက် နေဖို့အခန်း၊ အဝတ်အစား၊ ဆယ့်ရှစ်လခန့် ခွဲစိတ်ကုသဖို့ အစီအစဉ်တွေ၊ စိတ် ပညာ ဆရာဝန် အတွက် ကုန်ကျစရိတ်နှင့် အထွေထွေ အသုံးစရိတ် အတွက် ပဏာမ အနေဖြင့် မာရီယံက ဒေါ်လာ လေးသောင်း ပို့ပေးရမည်။ မာရီယံအတွက် အလွန် သက်သာသည့် ဈေးနှုန်းတည်း။ မာရီယံက နံနက် ကိုးနာရီတွင် နယူး ယောက်ဘဏ်သို့ တယ်လီဖုန်း ဆက်မည်။ ငွေလေးသောင်းကို ဆန်ဖရန်စစ္စကို ဘဏ်မှ ဒေါက်တာပီတာဂရက်ဆင်၏ ငွေစာရင်းသို့ လွှဲပြောင်းပေးမည်။ သို့သော်





ဆန်ဖရန်စစ္စကို စံတော်ချိန်က နောက်ကျသဖြင့် ဒေါက်တာဂရက်ဆင်၏ ငွေစာရင်း သို့ မွန်းလွဲပိုင်းလောက်မှ ရောက်မည်။ သည်အတွက် ဒေါက်တာဂရက်ဆင် ...မ်ခြင်း မရှိ။ မာရီယံဟီးလ်ယဒ် ဘယ်သူဘယ်ဝါ ဆိုသည်ကို သူ သိထား ... ဖြစ်၏။ အမေရိကတွင် မာရီယံဟီးလ်ယဒ်ကို မသိသူဟူ၍ကော ရှိနိုင်ပါ့မည် ...။

“လာလေ မာရီယံ၊ မနက်စာ တစ်ခုခု စားကြရအောင်။ အထဲဝင်စို့လေ”

မာရီယံ အပေါ် သြဇာလွှမ်းဖို့ စိတ်ကူးကို ဝစ်ဖီး လက်လျှော့ထားလိုက်ပြီ။ ...ကလည်း နောက်တစ်နေ့မှ လာနိုင်မည် ဖြစ်ကြောင်း အကြောင်း ပြန်လာ ...ည်။

“မာရီယံ”

“ဟင်”

“မနက်စာလေ”

“နောက်မှ နော်က်မှ စားမယ် ဝစ်ဖီးရယ်။ သားကို ကြည့်လိုက်ဦးမယ်”

“ကိုယ်လည်း နှပဲ သွားကြည့်မှာပါ”

မာရီယံက အမျိုးသမီး အိမ်သာထဲသို့ ချိုးဝင်သွားသဖြင့် ဒေါက်တာဝစ်ဖီး ...ယောက်တည်း မိုက်ကယ့် အခန်းသို့ လာခဲ့သည်။ သို့သော် လွန်ခဲ့သည့် ...နာရီကမှ စစ်ဆေးကြည့်ရှုခဲ့ပြီး ဖြစ်၍ ဘာမျှ ထူးခြားလိမ့်ဦးမည် မထင်။ ...ာက် ငါးမိနစ်မျှ အကြာ မာရီယံ ဝင်လာတော့ မိုက်ကယ့် အခန်းသည် တိတ် ...တ်ငြိမ်သက်လျက် ရှိ၏။ ဝစ်ဖီးက ခုတင် နံဘေးတွင် ခပ်မတ်မတ် ရပ်နေ ...ည်။ သူနာပြု ဆရာမကလေးသည် အခန်းထဲမှ ခပ်သွက်သွက် ထွက်သွား၏။

နေရောင်ခြည်သည် နယူးအင်္ဂလန် မြို့ကလေးကို ဖြတ်၍ အခန်းတွင်းသို့ ...ဝင်နေ၏။ ရေပိုက်ခေါင်းမှ ကြွေခွက်အတွင်းသို့ ရေစက် ကျနေသံမှအပ ဘာ ...မျှမကြားရ။

တစ်ခန်းလုံးကို တိတ်ဆိတ်ခြင်းက လွှမ်းခြုံထားသည်။ မာရီယံ နှလုံးသွေး ...သွားတော့မတတ် ထိတ်လန့်သွားသည်။ ဘုရား... ဘုရား ဖရက်ဒီတုန်းက ...ည်း သည်လို တိတ်ဆိတ်မှုမျိုးပင်။ ဘုရား... ဘုရား။ အမှတ်မထင် လက် ...ဖက်ဖြင့် ရင်ကို ဖိထားလိုက်မိ၏။ ရှေ့ဆက် မတိုးရဲ။ အခန်းဝတွင် အငေါင့် ...ားကြီး ရပ်နေမိ၏။ ခုတင် ဆီသို့ မရဲတရဲ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်... မျက်လုံးထဲတွင် မျက်ရည်တွေ ချက်ချင်း ပြည့်လျှံလာသည် သားမျက်နှာကို လှမ်းမြင်လိုက်၏။ ကြည့်စမ်း။ အမေ့ကို ပြုံးကြည့်နေသော သား။ ဖရက်ဒီတုန်းကနှင့် မတူပါ။ လည်ချောင်းထဲတွင် ဆို့တက်လာသည် တုန်တုန် ယင်ယင်ဖြင့် ခုတင် ဆီသို့ လျှောက်သွားသည်။ ငုံ့ပြီး သား မျက်နှာ လက် နှစ်ဖက်ဖြင့် ညှပ်ထားလိုက်သည်။

"ဟဲလို... မေမေ"

ဘယ်လောက် ရင်အေးစေသည့် စကားလုံးကလေးများပါလဲ။ မာရီယံ မျက်နှာသည် ပြုံးနေပြီး မျက်လုံးထဲမှ မျက်ရည်ဥတွေ ပါးပြင် ပေါ်သို့ တလိမ့်လိ ဆင်းလာသည်။

"သား... မေမေ့သား၊ မေမေ့ အချစ်ဆုံး သား"

"မေမေ့ကိုလည်း သား ချစ်ပါတယ် မေမေ"

သားအမိ နှစ်ယောက်ကို စောင့်ကြည့်နေသည့် ဒေါက်တာဝစ်ဖိး မျက်ရည် မဆည်နိုင် ဖြစ်သွားသည်။ နုနုနယ်နယ် ငယ်ငယ်ချောချော လူတော်ကလေး တစ်ယောက်။ ပြန်လည် အသက်ဝင် လှုပ်ရှားလာပြီ။ အသက်ကယ်ဖို့ စွမ်းအာ ရှိသ၍ ကြိုးစားခဲ့သည့် မိခင် ဖြစ်သူ၏ အသည်းနှလုံးတွင် မည်မျှ လှုပ်ခတ နေမည် မသိ။ ဒေါက်တာဝစ်ဖီးသည် တိတ်တိတ်ဆိတ်ဆိတ်ပင် အခန်းထဲ ထွက်ခွာလာခဲ့၏။

မာရီယံသည် သားကို ရွှရွှကလေး ဖက်လိုက်၏။ မိုက်ကယ်က သူ့ အမေ ၏ ဆံပင်တွေကို သပ်ပေးရင်း "သိပ် မပူပါနဲ့တော့ မေမေ။ သား နေကောင်းသွား မှာပါ။ သား ဆာလိုက်တာ မေမေရယ်"

မာရီယံ သဘောကျလွန်းသဖြင့် ရယ်လိုက်၏။ ဘယ်လောက် ချစ်စ ကောင်းတဲ့သားလဲ။ ယခု တစ်ကြိမ် အသက်ဝင် လှုပ်ရှားလာသော သားသည် အချင်း မဖြစ်ပွားမီက သား မဟုတ်။ သူ လုံးလုံးလျားလျား ပိုင်သည့်သား ဖြစ်သွားပြီ။ သားအချစ်ကို ဘယ်သူနှင့်မျှ မျှဝေယူရန် မလိုတော့။

"ကျွေးမှာပေါ့ သားရဲ့။ သား အကြိုက်ဆုံး၊ အကောင်းဆုံး၊ အခမ်းနား ဆုံး မနက်စာကို စားရစေမှာပေါ့။ ဝစ်ဖီးကို မေးကြည့်လိုက်ဦးမယ်နော်"

"ဝစ်ဖီးကို ခေါက်ထားလိုက်စမ်းပါ မေမေရာ။ သား ဆာလှပြီ"





သည်လို ရိုင်းရိုင်းပျပျ လမ်းပေါ်မှ စကားလုံးတွေကို ဘယ်တုန်းကမျှ မခဲ့သည့် မာရီယံ။ ခုတော့ သားအလိုလိုက်ဖို့က လွဲပြီး ဘာမျှ မသိတော့။ ကယ့် မျက်နှာ တစ်ချက် အုံ့မှိုင်းသွားသည်။ ဘာ့ကြောင့် သည်အခန်းထဲ ာက်နေသည်ကို ရုတ်ခြည်း သတိရသွားသည့်နှယ်။ စောစောကတော့ အာသီး ကလေးငယ်လို ရေခဲမုန့်စားဖို့နှင့် အမေကို တွေ့ဖို့သာ တောင်းဆိုနေသည်။ သည့်ထက်အရေးကြီးသည့် ကိစ္စတွေ အများကြီး ရှိနေသေးကြောင်း ရသွားပြီ။ ထထိုင်ဖို့ ကြိုးစားသည်။ အမေ့ကို ဘာကစပြီး ဘယ်လို မေးရ ည်လဲ။ အမေ့ မျက်နှာကို မော့်ကြည့်သည်။ အကဲခတ်နေသည်။ အမေ ဖြစ်သူ မျက်လုံးများသည် သား၏ လက်ချောင်းကလေးတွေ ပေါ်တွင်သာ စူးစိုက် သည်။ သား၏ လက်ချောင်းကလေးများကို ဆုပ်နယ်ပေးနေသည်။

"စိတ်အေးအေးထားပါ သားရယ်"

"မေမေ သား သတိရပြီ။ ဟိုညက ဟိုညက သူတို့တွေကောဟင်"

"အေဗရီ့ကို သူ့ အဖေ လာခေါ်သွားပြီ သား။ ဘော့စတွန် ဆေးရုံကို ပြောင်းတင်မယ်တဲ့။ သူလည်း တော်တော် နာတယ်။ သားလောက်တော့ ဒဏ်ရာ ပြင်းဘူးပေါ့"

မာရီယံ သက်ပြင်း တစ်ချက် ချလိုက်သည်။ သား၏ လက်ကို ပို၍ တင်းတင်း ဆုပ်ထားလိုက်သည်။ နောက်မေးမည့် မေးခွန်းကို ကြိုသိနေသည် ဟုတ်လား။

"ဒါဖြင့် နန်စီ... နန်စီကော မေမေ"

နန်စီ ဆိုသည့် အမည်ကို သူ့ နှုတ်မှ ထွက်လာချိန်တွင် သူ့ မျက်နှာမှာ ၍ပင် ဖြူရော်သွားသည်။

"နန်စီလေ မေမေ"

သူ့ မျက်လုံးအိမ် ထဲတွင် မျက်ရည်တွေ ပြည့်လျှံလာပြီ။ အမေ့ မျက်နှာက ဖြေကို ပြောပြနေပြီ မဟုတ်လား။ မာရီယံက သား နံဘေးတွင် ထိုင်လိုက်သည်။ သားမျက်နှာကို တယုတယ ပွတ်သပ်ပေးနေသည်။

"သား စိတ်ခိုင်ခိုင်ထားနော်။ ဆရာဝန်တွေ အတတ်နိုင်ဆုံး ကြိုးစားကြ တယ် သားရယ်။ ဒဏ်ရာတွေက သိပ်ပြင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



မာရီယံက ရှေ့ဆက်ပြောရမည်ကို ဝန်လေးနေသည့်နှယ် ခဏ ဆိုင်းလိုက်၏။

"ဒီမနက် အစောကြီးကပဲ ဆုံးသွားရှာတယ် သား"

"မေမေ သူနဲ့ တွေ့လိုက်သေးလားဟင်"

မိုက်ကယ်က သူ့ အမေ မျက်နှာကို ကြည့်ပြီး မေးသည်။ ပြီးမှ

"သားအဖြစ် ဆိုးလှချည်လား မေမေ။ သူ့ကို တွေ့တောင် မတွေ့လိုက်ရဘူး။ ဩော်... နန်စီရယ်"

မိုက်ကယ်သည် ခေါင်းအုံးနှင့် မျက်နှာကပ်ကာ ကလေးငယ် တစ်ယောက်လို ဝမ်းနည်းပက်လက် ငိုကြွေးရှာတော့သည်။ မာရီယံက သား၏ ပခုံးကိုကိုင်ပြီး အမျိုးမျိုး အားပေးနှစ်သိမ့်သည်။ မိုက်ကယ်သည် မောဟိုက်နွမ်းနွေသွားသည်အထိ ချစ်သူ့ နာမည်ကို တ ကာ တ ကာ ငိုကြွေးသည်။ အားရအောင် ငိုပြီးတော့မှ မိခင်ကို မော်ကြည့်သည်။ မိုက်ကယ့် မျက်နှာနေရာတွင် ယခင်က မမြင်ဖူးခဲ့သည့် အခြား မျက်နှာ တစ်ခုကို မာရီယံ တွေ့လိုက်ရ၏။ မိုက်ကယ် မဟုတ်တော့။ သူ့ ခန္ဓာကိုယ်တွင်းတွင် သူ့ ဘဝပါ ကွယ်လွန် အနိစ္စရောက်သွားသလို။ ပြီးတော့ သူ့ မျက်နှာမှာ လူသေအလောင်း တစ်ခု၏ မျက်နှာ တစ်ခုလို ဖြူရော်သွားတော့၏။

* * *

၆

ဆယာဥ်သည် တဖြည်းဖြည်း နိမ့်ဆင်းနေသည်။ မကြာမီ မြေပြင်ပေါ်သို့ ဆင်းတော့မည်ကို နန်စီ သတိထားမိသည်။ သူ့ လက်မောင်းကို တစ်စုံတစ်ယောက်က လာကိုင်သည်ကိုလည်း သိလိုက်၏။ တစ်လမ်းလုံး မကြာမကြာလာပြီး သူ့ လက်မောင်းကို ဆုပ်နယ် အားပေးခဲ့သော လက်။ ဆရာမ နှစ်ယောက်၏ အထိအတွေ့နှင့် နှစ်သိမ့် အားပေးမှုမှာ အတိုင်းအတာ တစ်ခု အထိတော့ စိတ်သက်သာရာရသလို ရှိသား။ ဆရာမ နှစ်ယောက်၏ လက်တွေကို ခွဲခွဲခြားခြားပင် မှတ်မိနေပြီ။ တစ်ယောက်၏ လက်မှာ နူးညံ့ပြီး ရှည်လျားသည်။ အေးစက်စက်ရှိပေမဲ့ ကိုင်တွယ်ပုံက အားရှိလှသည်။ အခြား တစ်ယောက်၏ လက်မှာမူ ထွေးထွေးနွေးနွေး ရှိသည်။ ပြည့်ပြည့်ဖြိုးဖြိုး ရှိသည်။ ကြင်နာမှု အပြည့်ပါသည်။ တစ်လမ်းလုံး အားပေးလာသည့်လက်။ အနာသက်သာအောင် ဆေးထိုးပေးသည့်လက်။ သူ့ အသံကလည်း သူ့ လက်တွေလိုပင် နူးညံ့သိမ်မွေ့လှသည်။ အခြား ဆရာမ တစ်ဦး၏ အသံကတော့ သူ့ လက်တွေနည်းတူ အားရှိလှသည်။ ခုတော့ သူတို့ နှစ်ယောက်စလုံးကို နန်စီ ခင်မင်နေမိပြီ။

"ရောက်တော့မယ် ညီမရေ။ ပင်လယ်ကွေ့ကိုတောင် မြင်နေရပြီ။ သိပ်မကြာတော့ဘူး"

ဆရာမ တစ်ယောက်က နှစ်သိမ့်အားပေးသည်။ စင်စစ် မိနစ် နှစ်ဆယ်မျှ နောက်ထပ် ပျံသန်းရဦးမည်။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပီတာဂရက်ဆင်သည် လေယာဉ် ဆင်းချိန်ကိုတွက်ပြီး ကားကို တအား မောင်းချလာခဲ့၏။ လမ်းကလည်း ရှင်းနေချိန် မဟုတ်လား။ လူနာတင် ကားကို လေယာဉ်ကွင်းသို့ ကြိုပြီး သွားခိုင်းထားပြီးပြီ။ အပြန်တွင် သူနာပြု ကားနှင့် ပြန်လိုက်လာမည်။ လူနာကလေးမကို သူကိုယ်တိုင် ကြပ်ကြပ်မတ် သယ်ယူချင်သည်။ သူကားကို နောက်နေ့မနက်မှ တစ်ယောက်ယောက်ကို ယူခိုင်း မည်။ လူနာကလေးမကို မမြင်ခင်ကတည်းက စိတ်ဝင်စားနေသည်။ မာရီယံဟီးထ ယဒ်နှင့် ဘယ်လို ပတ်သက်နေသည့် မိန်းကလေးပါလိမ့်။ ကုန်ကျမည့် ငွေပမာဏ မှာ နည်းနည်းနောနော မဟုတ်။ ခွဲစိတ်ကုသမှု ပြီးသွားသည့်တိုင် နန်စီကို မတောင့်မတ မကြောင့်မကြနေနိုင်အောင် ထားရှီးမည်။ လိုလေသေးမရှိ စီစဉ် ပေးပါမည်၊ ကြည့်ရှုစောင့်ရှောက်ပါမည်ဟု မာရီယံကို ဒေါက်တာဂရက်ဆင် ကတိပေးခဲ့ရ၏။

သည်ကိစ္စတွင် သာမန် လူနာနှင့် ဆရာဝန် ဆက်ဆံရေးမျိုးဖြင့် လုံလောက် မည် မဟုတ်ပေ။ တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးရမည်။ ပွင့်လင်းရမည်။ အပြန်အလှန် ယုံကြည်ကိုးစားမှုမျိုး ရှိရမည်။ ဒေါက်တာပီတာဂရက်ဆင် အနေ ဖြင့် လူနာကလေးမ အကြောင်းကို ချေးခါးအူမ သိထားရမည်။ နန်စီကလည်း အလွန့်အလွန် သတ္တိကောင်းရလိမ့်မည်။ အသစ် ဖြစ်လာမည့် မျက်နှာသည် သူကိုယ်တိုင် နှစ်မြို့က် လက်ခံနိုင်သော မျက်နှာမျိုး ဖြစ်လာအောင် ဆရာဝန်က ကြိုးစားရမည် ဖြစ်၏။ ဒေါက်တာပီတာဂရက်ဆင်သည် တစ်ဆယ့်ရှစ်လတိတိ သန္ဓေတည်ပြီး နန်စီ အသစ် တစ်ယောက်ကို မွေးဖွားပေးရမည့် မိခင်၊ သို့မဟုတ် ဖခင်ဟု ဆိုနိုင်သည်။

စင်စစ် သည်တိုက်ပွဲသည် သူတို့ နှစ်ယောက်စလုံး တက်ညီလက်ညီနွှဲရမည့် တိုက်ပွဲမျိုး။ ဒေါက်တာဂရက်ဆင်အတွက် ပွဲကြီးပွဲကောင်း တစ်ခု။ စွန့်စားခန်း တစ်ရပ်။ သူကတော့ သည်စွန့်စားခန်းကို ဖွင့်ဖြစ်ခဲ့သည့် အတွက် ဝမ်းသာနေ သည်။ မမြင်ဖူးခင်ကပင် နန်စီ ဆိုသည့် မိန်းကလေးကို သူ ခင်မင်တွယ်တာနေမိ ပြီ။ ထို့ကြောင့် နန်စီ၏ ဘဝသစ် မွေးဖွားပေးရေးအတွက် သူ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးစားတော့မည်ဟု သန္နိဋ္ဌာန် ချထားသည်။

နာရီကို ငုံ့ကြည့်ပြီး ခါတ်ဆီ မောင်းတံကို လပ်ဖိဖိကလေး နင်းလိုက်၏။ ကားအမြန်မောင်းခြင်းကို သူ အလွန် ဝါသနာထုံသည်။ ကိုယ်ပိုင် လေယာဉ်ကို





လေယာဉ်မောင်း မငှားဘဲ ကိုယ်တိုင် မောင်းသည်။ အားလပ်ချိန်များတွင် ရေခဲ ပြင် လျှောစီးသည်။ ရေငုပ်သည်။ ခြေလျင်တောင်တက်ရာတွင်လည်း ဥရောပ တောင်တန်းများသည် သူ ဖဝါးအောက် မရောက်ဖူးသည့် တောင်တန်း မရှိ သလောက်ပင်။ အမြင့်တွင် အလွန် ပျော်မွေ့သူတည်း။ အမြင့်သို့ ရောက်ဖို့ ကြိုးစားနေရလျှင်လည်း ပျော်နေသည့် လူစားတည်း။ အခြားသူတွေ မလုပ်နိုင် သည်ကိုမှ ရွေးလုပ်ပြချင်သည်။ ဖြစ်နိုင်ကြောင်း ပြချင်သည်။ ထို့ကြောင့်လည်း သူ့ အသက်မွေးဝမ်းကျောင်း ဆေးပညာကို သူ အမြတ်တနိုးထားခြင်း ဖြစ်၏။ သူ့ လုပ်ရပ်တွေသည် ဘုရားသခင်၏ အလိုတော်နှင့် မကိုက်ညီဟု လူတွေက ဆိုခဲ့သည်။ စင်စင် သူသည် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်ဖီလာပြုနေ ခြင်း မဟုတ်။ သူ့ ရင်ထဲမှ တားမရဆီးမနိုင် နိုးကြွနေသည့် အားအင်တွေ၊ စွမ်းကျင်မှုတွေကို အကောင်အထည် ဖော်နေခြင်းသာ ဖြစ်၏။

သူ့ ဘဝ အဘိဓာန်တွင် အရှုံးဟူသည် မရှိ။ သူ့ကို ဘယ်သူကမျှ ဘယ် အရာကမျှ အနိုင်မယူနိုင်။ သူ့ ဘဝ တစ်လျှောက် တွေ့ခဲ့ကြုံခဲ့သည့် ကောင်းကင် တွေ၊ တောင်တန်းတွေ၊ ပြီးတော့ အမျိုးသမီးတွေ၊ ပြီးတော့ သူ့ လူနာတွေ...။ ဘယ်အရာကမျှ သူ့ကို အနိုင်မယူနိုင်ခဲ့။ ခုဆို သူ့ အသက် ၄၇ နှစ်ရှိပြီ။ အောင်မြင် သရဖူကို ဆက်တိုက် ဆောင်းထားဆဲ ဖြစ်၏။ ယခုလည်း ပွဲကြီးပွဲကောင်း တစ်ခုကို ရင်ဆိုင်ရဦးမည်။ လူနာမကလေး နန်စီ၏ ဖွဲ့သတ္တိနှင့် သူ့ ပညာရပ် ပေါင်းစပ်ပြီး အနိုင်တိုက်ရဦးမည်။

နက်မှောင်နူနယ်သည့် ဆံပင်တွေသည် လေအဝေ့တွင် တငြိမ့်ငြိမ့် လွင့်ပျံ နေ၏။ သူသည် မီးခိုးရောင် ဘောင်းဘီနှင့် သိုးမွေးဆွယ်တာကို ဝတ်ဆင်ထား သည်။ ဆွယ်တာက အပြာနုရောင်။ သူ့ မျက်လုံးနှင့် တစ်ရောင်တည်း။ သူသည် ဝတ်အစားကို ကောင်းကောင်း ဝတ်တတ်ရုံမက အရောင်အသွေးကိုပါ ရွေးချယ် ဝတ်ဆင်တတ်သူ ဖြစ်၏။ အလွန် ကြည့်၍ကောင်းသူလည်း ဖြစ်၏။ သို့သော် သူတွေ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခြင်းတွင် သူ၏ ရုပ်ဆင်းရူပကာသည် အဓိက မဟုတ်။ သူ့ကို မြင်လျှင် လူတွေ ပထမဦးဆုံး သတိထားမိသည်မှာ သူ၏ လှုပ်ရှားမှု အမူအရာ ဖြစ်၏။ သူ့ လှုပ်ရှားမှုများမှာ လျင်မြန်ဖျတ်လတ်၏။ အားမာန်ပါ၏။ ဆွဲဆောင်မှု ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်လုံးတွေ တဖျပ်ဖျပ် အသက်ဝင်တောက်ပလာသည်။ သူ့ အသား ရောင်မှာ ညိုမောင်းနေဆဲ။ တဟီတီကျွန်းတွင် ရေကူးခဲ့သည်မှာ ရက်သတ္တ တစ်ပတ် မျှသာရှိသေးသည် မဟုတ်လား။

သူ လေယာဉ်ကွင်း ရောက်ချိန်နှင့် လေယာဉ်ပျံ ဆိုက်ချိန်သည် ကွက်တိ အံကိုက်ဖြစ်နေ၏။ ဂိတ်ဝတွင် သူ၏ သီးသန့် လက်မှတ်ကို ထုတ်ပြသည်။ ရဲသား တစ်ယောက်က သူ့ကို ဦးညွတ် နှုတ်ဆက်ပြီး ကားအတွက် စိတ်ချပါရန် ပြောလိုက်သေးသည်။ ပီတာဂရက်ဆင် ဆိုသည့် ပုဂ္ဂိုလ်ကား ဆန်ဖရန်စစ္စကို တွင် လူရိုသေ ရှင်ရိုသေ ပုဂ္ဂိုလ် တစ်ဦးပေတည်း။

လေယာဉ်ကွင်း ထဲသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ လူတွေ ကြားထဲတွင် ကိုယ်ကို စောင်းကာငဲ့ကာဖြင့် လေယာဉ်ကွင်း ကြီးကြပ်ရေးမှူး ရုံးခန်းသို့ တက် သုတ်ရိုက်သွားသည်။ အကျိုးအကြောင်း ခပ်သွက်သွက် ပြောသည်။ ကြီးကြပ် ရေးမှူးက ချက်ချင်း တယ်လီဖုန်း ကောက်ဆက်သည်။ ပြီးတော့ သူ့ကို ကွင်းထဲ သို့ ဆင်းသည့် လှေကား တစ်ခုဆီ ခေါ်သွား၏။ ထို့နောက် လေယာဉ်ကွင်း သုံး ကားငယ်ကလေး ပေါ်သို့ တင်ပေးလိုက်၏။ ကားငယ်ကလေးသည် မြေ တစ်စင်းကို လေးညို့မှ ပစ်လွှတ်လိုက်သည့်အလား ပြေးထွက်သွားသည်။ လူနာ တင်ကားသည် လေယာဉ်ကြီး အနီးတွင် အသင့်ရောက်နှင့်နေပြီ။ သူနာပြု လက်ထောက်များက လူနာကို သယ်ယူဖို့ အသင့် ပြင်ထားကြသည်။ သူ့ ... မောင်းပို့သည့် ကားသမားကလေးအား ကမန်းကတန်း ကျေးဇူးစကားဆို၍ လူနာတင်ကား ဆီသို့ ပြေးချလာ၏။ ကားထဲမှ အပြင်အဆင်ကို စစ်ဆေးသည်။ သူ့ ညွှန်ကြားချက်များ အတိုင်း တသွေမတိမ်း ရှိနေကြောင်း တွေ့ရမှ ကျေနပ် သွားသည်။ လမ်းခရီးတွင် လူနာ အခြေအနေ ဆိုးလာနိုင်သည်။ သည့်အတွက် လိုလေသေးမရှိအောင် လူနာတင်ကားထဲတွင် ပြင်ဆင်ထားရသည်။ လုပ်စရာတွေ က တစ်ပုံကြီး။ မြို့ထဲရှိ ဆေးရုံသို့ မြန်မြန်ရောက်မှ စိတ်အေးရမည်။

အခြား ခရီးသည်တွေကို ဆိုင်းထားပြီး နန်စီကို အရင်ဆုံး ဆင်းခွင့်ပြု သည်။ ရှေ့ပေါက်မှ သယ်ယူလာသည်။ လေယာဉ်မယ်တွေက မကြည့်ရက်သလို မျက်နှာလွှဲထားကြသည်။ ခန္ဓာကိုယ် တစ်ခုလုံး ပတ်တီးစည်းထားသည့် မိန်း ကလေး၏ လက်မောင်းတွေ၊ ခြေထောက်တွေတွင် ပလတ်စတစ်ပြွန်ချောင်းတွေ ပုလင်းတွေနှင့် ရှုပ်ရှက်ခတ်နေ၏။ သူနာပြုဆရာမ နှစ်ယောက်ကမူ ထမ်းစင် နံဘေးမှ ကပ်၍ နန်စီနှင့် စကား တပြောပြော ဆင်းလိုက်လာသည်။ ဒေါက်တာ ဂရက်ဆင်က ဆရာမ နှစ်ယောက်ကို လှမ်းကြည့်ပြီး အကဲခတ်လိုက်၏။ ငယ်သေးမဲ့ တော်ပုံရသည်။ စည်းစည်းလုံးလုံး ရှိပုံရသည်။ သူလိုချင်သည်မှာ ဒါပဲ ဖြစ်၏။ သူတို့တစ်တွေ တစ်နှစ်ခွဲခန့် လက်တွဲပြီး ဒိုးတူပေါင်ဖက် အလုပ်လုပ်ကြရမည် မဟုတ်လား။ အားလုံးသည် အရေးကြီးသည့် ကဏ္ဍမှချည်း ပါဝင်ကြရမည်။ တစ်ချက်ကလေးမျှ အမှားအယွင်း မခံနိုင်။ အားလုံးပင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အားသွန်ကြိုးစားကြရလိမ့်မည်။ နန်စီကတော့ အဓိက ဇာတ်ကောင်။

သူက လူနာထမ်းစင်ကို ကားထဲသို့သွင်းပြီးသည် အထိ စောင့်ကြည့်နေ ၏။ ဆရာမ နှစ်ယောက်ကို အပြုံးဖြင့် နှုတ်ဆက်သည်။ ဘာမျှတော့ မပြော။ နောက် နန်စီ နံဘေးတွင် အသာဝင်ထိုင်သည်။ ဆရာမ နှစ်ယောက်ကို အသံမပြု ဘဲ လက်ကာပြပြီးနန်စီ လက်ကို ကိုင်လိုက်၏။

"ဟဲလို... နန်စီ၊ ကိုယ် ပီတာပါ။ လမ်းမှာ အဆင်ပြေပါတယ်နော်"

နန်စီ ရင်ထဲတွင် လှုပ်ရှားသွားသည်။ အားတက်သွားသည်။ ဆရာဝန်၏ အသံမှာ လူနာကို နှုတ်ဆက်သံနှင့်မတူ။ သူ့ကို တန်းတူရည်တူ လူကောင်း တစ်ယောက်လို၊ မျက်နှာ မရှိသည့် ကြောက်စရာ သတ္တဝါ တစ်ကောင် မဟုတ် သလို တရင်းတနှီး ရှိလှသည်။

"ဘာမှ မဖြစ်ပါဘူးရှင်။ ဒေါက်တာဂရက်ဆင် ထင်ပါရဲ့"

သူ့ အသံမှာ နွမ်းနယ်နေသော်လည်း စိတ်အား ထက်သန်မှု ပါနေသည်။

"ဟုတ်ပါတယ် နန်စီ။ ဒါပေမဲ့ ပီတာလို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါနော်။ တို့ တစ်တွေ အတူတွဲပြီး ရက်ရှည်လများ အလုပ်လုပ်ကြရမှာ မဟုတ်လား"

ဆရာ ပြောပုံက အားတက်စရာ ကောင်းလှသည်။ အကယ်၍များ ပြုံး၍ ဖြစ်နိုင်လျှင် ပြုံးပြလိုက်ချင်စမ်းပါဘိ။

"နန်စီကို လာကြိုတာလားဟင်"

"ဒါပေါ့"

ဦးညွှတ်နှုတ်ဆက်လိုက်ချင်ပါဘိ။ သို့သော် လှုပ်၍မရ။

"ကျေးဇူးတင်ပါတယ်နော်"

"အို... ကြိုရမှာပေါ့ကွယ်။ အရင်တုန်းက မင်း ဆန်ဖရန်စစ္စကို ရောက် ဖူးလားဟင်"





www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း။ မရောက်ဖူးပါဘူး”

“မင်း သိပ် သဘောကျမှာပါကွယ်။ မင်းအတွက် အခန်း တစ်ခန်းလည်း ရှာပေးမယ်။ မင်း ဒီက တစ်သက်လုံး မပြန်ချင်ပဲတောင် ဖြစ်နေဦးမယ် နန်စီ။ လူတော်တော်များများဟာ ဆန်ဖရန်စစ္စကို မြေကို နင်းမိပြီးရင် မပြန်ချင်ကြတော့ဘူး နန်စီ။ ဒီမှာပဲ ခေါင်းချသွားတာများတယ်။ ကိုယ်လည်း ဒီဇာတိ မဟုတ်ပါဘူး။ ရှီကာဂိုကနေပြီး လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ရောက်ခဲ့တာ။ ဘယ်မှာ ပြန်နိုင်တော့လို့လဲ”

သူ့ ပြောပုံကို နန်စီ သဘောကျနေသည်။ ဆရာဝန်က နန်စီကို ပြုံးပြီး ငုံ့ကြည့်နေရင်း “ဒါထက် နန်စီက ဘော့စတွန် ဇာတိနော်”

ဒေါက်တာ ပီတာဂရက်ဆင်သည် နန်စီကို အပေါင်းအသင်းတွေက မိတ်ဆက်ပေးလိုက်သည့် မိတ်ဆွေ တစ်ဦးလို ဆက်ဆံနေသည်။ စင်စစ် နန်စီကို ခေတ္တမျှ အလုပ်အရှုပ် မရှိဘဲ အနားပေးလို၍ အချိန်ဆွဲနေခြင်း ဖြစ်၏။ နာရီ ပေါင်း များစွာ ပျံသန်းလာခဲ့ရသည် မဟုတ်လား။ ဆရာမ နှစ်ယောက်သည် ကား၏ အပြင်ဘက်တွင် သူနာပြု လက်ထောက် နှစ်ယောက်နှင့် စကားစမြည် ပြောနေသည်။ ရံဖန်ရံခါ ကားတွင်းသို့ လှမ်းပြီး အကဲခတ်ကြည့်ကြသည်။ ဒေါက်တာဂရက်ဆင်၏ အပြောအဆို အမူအရာကို ကြည့်ပြီး ဆရာမတွေကလည်း သဘောတွေ့နေသည်။

“ကျွန်မက ‘နယူးဟမ့်ရှိုင်းယား’ ကပါ။ အဲဒီမှာ ကြီးခဲ့တယ် ဆိုပါတော့လေ။ မိဘမဲ့ ကျောင်းတစ်ကျောင်းမှာ ကျွန်မ ကြီးပြင်းခဲ့ရတာပါ ဆရာ။ ဆယ့် ရှစ်နှစ် သမီးမှာမှ ကျွန်မ ဘော့စတွန်ကို ရောက်ပါတယ်”

“ဟုတ်လား။ သိပ် စိတ်ဝင်စားစရာ ကောင်းတာပဲကွယ်။ ချားလ်စ်ဒစ်ကင်း ဝတ္ထုတွေထဲက မိဘမဲ့ ကျောင်းမျိုးတော့ မဟုတ်ပါဘူးနော်”

သူ့ အသံ ပေါ့ပါး မြူးကြွနေသည်။ ရွှင်ပျ လိုက်လှဲနေသည်။ ချားလ်စ်ဒစ် ကင်း အမည်ပါလာသဖြင့် နန်စီက ကျိတ်ပြီး ရယ်မိသေးသည်။

“ဟင့်အင်း... အဲဒီခေတ်က မိဘမဲ့ ကျောင်းမျိုးတွေ မဟုတ်တော့ပါဘူး။ သီလရှင်တွေက ကလေးတွေအပေါ် သိပ်ကြင်နာကြပါတယ်။ သိပ် မွန်မြတ်တဲ့ အလုပ်ပါ။ နန်စီတောင် အားကျခဲ့ဖူးတယ်”

“ဟာ မဟုတ်တာ”





သူ့ လေသံကို သဘောကျပြီး နန်စီ ရယ်မိသည်။

“ဒီမယ် နန်စီ၊ တို့လုပ်ငန်း ပြီးသွားရင် မင်း ဘယ်လို ဖြစ်လာမယ်ထင်လဲ။ ဟောလိဝုဒ်မှာ ဝင်တိုးနိုင်တဲ့ ရုပ်မျိုး ဖြစ်လာမှာ ခင်ဗျာ၊ သိလား။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကိစ္စ အားလုံးပြီးရင် မင့် ဘဝကို ကွန်ဗင့်ကျောင်းဝင်းထဲမှာ မြှုပ်နှံ မထားပါဘူးလို့ ကတိပေးရမယ်နော်”

ဆရာ ပြောပုံက တရင်းတနှီး ရွှင်ရွှင်မြူးမြူး။ စင်စစ် သီလရှင် ဘဝကို စိတ်ကူးယဉ်ခဲ့သည်မှာလည်း ဟိုတုန်းက ဖြစ်ပါသည်။ သို့သော် ဒေါက်တာ ဂရက်ဆင်ကို ပြန်၍ ကျီစယ်ချင်လာသဖြင့် အဖြေကို တွဲဆိုင်းစွာ ပေးလိုက်၏။ စိတ်ထဲတွင်မူ ရယ်ချင်လျက်။

“ကောင်းပါပြီလေ”

“ကောင်းပါပြီလေလောက်နဲ့ မရဘူး။ ကတိ ပေးရမယ်။ ကတိ ပေးပါတယ်လို့ ပြော”

“ကတိ ပေးပါတယ်ရှင်”

“ဟင်... ဘာကို ကတိပေးတာလဲ။ အပြည့်အစုံ ပြောမှပေါ့”

နှစ်ယောက်သား ရယ်မိကြသည်။

“သီလရှင်မဝတ်ဖို့ ကတိပေးပါတယ်”

“အေး... ဒီလိုမှပေါ့”

ဒေါက်တာဂရက်ဆင်က ဆရာမ နှစ်ယောက်ကို လက်ယပ်ခေါ်လိုက်သည်။ ထိုအခါတွင် ကားသမားများက ရှေ့ဘက် ကားဦးခန်း ဆီသို့ ထွက်သွားကြသည်။ အားလုံး ခရီးစဖို့ အသင့်ဖြစ်နေပြီ။ ခရီးပန်းမည်စိုးသဖြင့် အချိန် ထပ်ဆွဲ ထားချင် [illegible]သည်။

“မင့် ဆရာမတွေနဲ့ ကိုယ့်ကို မိတ်ဆက်ပေးဦးမှပေါ့ နန်စီရဲ့”

“ဟုတ်ကဲ့။ လက်အေးအေးကလေးက လီလီ။ လက်နွေးနွေးကလေးက [illegible]ရှင်ပါ ဆရာ”

လေးယောက်စလုံး ရယ်လိုက်ကြသည်။

“ကျေးဇူးတင်ပါတယ် နန်စီ”

လီလီက သဘောကောင်းစွာဖြင့် ရယ်ရယ်မောမော ပြန်ပြောလိုက်သော်လည်း [illegible]ပြုံးနေသည်။ မိတ်ဆွေသစ်တွေနှင့် ဆက်ဆံရသည်မှာ ထွေးထွေးနွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



လုံလုံခြုံခြုံ ရှိလေစွဟု နန်စီ စဉ်းစားနေမိ၏။ ဆေးကုသမှု လုံးဝ ပြီးစီးသွားပြ[...] မိုက်ကယ်နှင့် ပြန်လည် ဆုံဆည်းကြပြီ ဆိုပါစို့။ မိုက်ကယ်သည် သူ့ကို ဘယ်[...] သဘောထားလေမည်လဲ ဆိုသည့်အချက်ကို ပထမဦးဆုံး စဉ်းစားမိသည်[...] ဒေါက်တာပီတာဂရက်ဆင်ကတော့ သူ ကြွေးကြော်ထားသည့် အတိုင်း အောင်မြ[...] အောင် လုပ်ပေးမည့် လူမျိုးဟု နန်စီ ယုံကြည်လိုက်ပြီ။

"ဆန်ဖရန်စစ္စကိုက မင်းကို ကြိုဆိုနေပါတယ် နန်စီ"

လီလီ၏ လက်အေးအေးများ နေရာတွင် နူးညံ့သော်လည်း သန်မာသေ[...] ပီတာဂရက်ဆင်၏ လက်တစ်ဖက်က အစားရောက်လာသည်။ ပြီးတော့ ညင်သ[...] သာသာကလေး ကိုင်တွယ်လိုက်သည်ကို နန်စီ သတိထားလိုက်မိ၏။ သူ[...] အခြား လက်တစ်ဖက်က နန်စီ့ပခုံးကို တစ်လမ်းလုံး ကိုင်ပြီး လိုက်ပါလာသည်[...] မရောက်ဖူးသည့်မြို့နှင့် မသိဖူးသည့် သူစိမ်းတွေ၏ အလယ်တွင် နန်စီသည်[...] စိမ်းမနေဘဲ ပျော်သလိုလိုပင် ရှိနေမိ၏။ သူ့ ခံစားချက်မှာ ကိုယ့်အိမ် ကိုယ့်ရာ[...] ပြန်လာသည်နှင့် မခြား။

* * *

# ၇

[...]နာတင်ကား တံခါး ငြိမ့်ခနဲ ပွင့်သွားပြီး ထမ်းစင်ကို ကျွမ်းကျင်စွာ ထုတ်ယူ[...]ကြကာ ဟိုတယ် အဆောက်အအုံထဲသို့ သယ်ယူခဲ့ကြ၏။ ဟိုတယ် မန်နေ[...]ာက သူတို့ကို စောင့်ကြိုနေသည်။ အခန်းပေါင်း များစွာ ပါဝင်သည့် ခရာမ[...]ိုတယ် ခန်းမကြီး တစ်ဆောင်ကို အသင့် ပြင်ထားပြီး ဖြစ်၏။ ဟိုတယ်တွင် [...]ရက် နှစ်ရက်သာ နေမည်ဖြစ်သော်လည်း ဟိုတယ် မန်နေဂျာက လိုလေသေး[...]အောင် ပြင်ဆင်ပေးထားသည်။ သဘာဝ လေရနိုင်အောင်လည်း စီစဉ်ထား[...]ည်။ မာရီယံသည် ဘော့စတွန်တွင် အလုပ်နှင့် ပတ်သက်သည့် အစည်းအဝေး[...]က်ရဦးမည်။ မိုက်ကယ်ကလည်း ဘော့စတွန် ဟိုတယ်တွင် ခဏတစ်ဖြုတ်[...]ခွင့်သေးသည်ဟု ဆို၏။ မာရီယံက သား အလိုကျ အစစ အရာရာ ဂရုတစိုက် [...]လျောနေသည်။

သူနာပြုတွေက မိုက်ကယ်ကို အိပ်ရာပေါ်သို့ သတိကြီးစွာဖြင့် ပွေ့ချသည်။

"ဟာ... မေမေကလည်း သားကို ဒုက္ခိတကြီးလို လုပ်ပေးမနေစမ်းပါနဲ့။ [...]လုံး ကောင်းနေပါပြီလို့ ပြောထားရက်သားနဲ့"

"ဒါပေမဲ့ သား သိပ် လှုပ်လှုပ်ရှားရှား မလုပ်ရသေးဘူးလေ"

"လှုပ်လှုပ်ရှားရှား၊ ဟုတ်လား မေမေ"

မိုက်ကယ်က အခန်းကြီးကို ဝေ့ကြည့်လိုက်၏။ စိတ်ပျက်လ[...]ပျက် [...] ညည်းတွားလိုက်သည်။ မာရီယံက သူနာပြုတွေကို ပိုက်ဆံပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ ပေးပြီးသောအခါ သူတို့တစ်တွေ ချက်ချင်း ပျောက်ကွယ်သွားကြတော့၏။ ဟိုတယ်ခန်း တစ်ခုလုံး ပန်းပွင့်တွေချည်း။ သစ်သီးမျိုးစုံပါသည့် ခြင်းတစ်လုံးကိုလည်း စားပွဲတစ်လုံးပေါ်တွင် လှမ်းမြင်လိုက်သည်။ မာရီယံ ပိုင်သည့် ဟိုတယ်။ ရင်းနှီးမြှုပ်နှံမှု တစ်ခု အနေဖြင့် သည်ဟိုတယ်ကို ဝယ်ထားသည်မှာ အတန်ပင် ကြာခဲ့ပြီ။

"ကဲ... သား ကောင်းကောင်း နားလိုက်၊ စိတ်ကို အေးအေးထား။ သား ဘာ စားချင်သေးလဲ"

မာရီယံက သူနာပြုနှင့် ထားချင်သေးသည်။ ဆရာဝန်တွေက မိုက်ကယ် စိတ် အနှောင့်အယှက် ဖြစ်မည်စိုး၍ သူနာပြုတွေ မလိုတော့ကြောင်း မှာလိုက်သည်။ သူ့ အခြေအနေမှာ ရက်သတ္တ နှစ်ပတ်လောက် အနားယူပြီးလျှင် အလု ခွင်သို့ ဝင်နိုင်တော့မည်။ သို့သော် အလုပ်မဝင်မီ မိုက်ကယ်တွင် လုပ်စရာ တစ် ရှိနေသေးသည်။

"သား... မနက်စာ စားတော့မလား ဟင်"

"ကဲ... စားမယ်၊ စားမယ်။ ပြည်ကြီးမျှော့ရယ်၊ ကမာကောင်ရယ်၊ ရှန် ရယ်၊ လိပ်ဥရယ်၊ ငါးကြီးဥရယ်"

မိုက်ကယ်က ဆောင့်ကြီးအောင့်ကြီးဖြင့် ပြောပြီး စိတ်ကောက်နေသော ကလေး တစ်ယောက်ပမာ ခုတင် ပေါ်တွင် ထထိုင်လိုက်သည်။

"ဟင်... သားကလည်း၊ ဘယ့်နှယ့်ဟာတွေ စံတွင်းတောင်းနေရတာတုံး"

လက်မှ နာရီကို ငုံ့ကြည့်ပြီး "မေမေတို့ အစည်းအဝေး စ,တော့မယ် ခုပဲ ဂျော့ ရောက်လာတော့မှာ။ သား စားချင်တာသာ မှာပြီး စားပေတော့"

ဟု ပြောပြောဆိုဆို ခရီးဆောင်အိတ်ပြားကလေးကို ကောက်ကိုင်သည်။ ပြီးတော့ နောက်သို့ လှည့်မကြည့်တော့ဘဲ အပြင်ခန်း ဆီသို့ ထွက်သွားသည်။ မရှေးမနှောင်းမှာပင် ဂျော့ ရောက်လာသည်။

"ဘယ့်နှယ်နေသေးလဲ မိုက်ကယ်"

"ဆေးရုံမှာ နှစ်ပတ်လုံးလုံး ဘာမှ အလုပ်မဖြစ်ဘဲ နေရတဲ့အချိန်တွေ နှမြောနေမိတယ် ဂျော့"

သူ့ အခြေအနေကို ခပ်ဖော့ဖော့ ပြောလိုက်၏။ သို့သော် သူ့ မျက်လုံး က နာကြည်း ဆွေးမြည့်နေဆဲ။ သည်အချက်ကို မာရီယံလည်း သတိပြုမိသည်။





သို့သော် သားအမိ နှစ်ယောက်သည် ယာဉ်တိုက်မှုနှင့် ထိခိုက်ဒဏ်ရာရသည့် အကြောင်းကို စပ်၍မျှ မပြောကြတော့။ ရှေ့လျှောက် လုပ်ဆောင်ရမည့် စီမံကိန်း တွေ အကြောင်းသာ ပြောဖြစ်ကြသည်။ အထူးသဖြင့် ဆန်ဖရန်စစ္စကိုတွင် ဆောက်မည့် ဆေးရုံကြီး အကြောင်း။

"မောင်ရင့် ရုံးခန်း ကိုယ် ဒီမနက် ဝင်ကြည့်ခဲ့သေးတယ် မိုက်ကယ်။ ဘကယ့် အပျံစားပဲ"

ဂျော့ ခပ်ပြုံးပြုံး ပြောပြီး ခုတင် ခြေရင်းတွင် ဝင်ထိုင်သည်။

"ဟုတ်လား ဂျော့"

အခန်းထဲ ပြန်ဝင်လာသည့် မေမေ မာရီယံကို မိုက်ကယ် လှမ်းကြည့်လိုက်သည်။ မီးခိုးနရောင် ဝတ်စုံကို ဝတ်လာသည်။ အတွင်းမှ အပြာနုရောင် ပိုး အလောက်စ်။ နားတွင် ပုလဲ နားကပ် ပန်ထားပြီး လည်တိုင်တွင် သုံးတန်းပါသည့် ပုလဲ ပုတီးကုံးကို ဆင်မြန်းထားသည်။

"မေမေက အရမ်းလှမနေဘူးလား ဂျော့"

"ကျက်သရေ ရှိပါပေ့ဗျား" ဂျော့က လှိုက်လှိုက်လှဲလှဲ ပြုံးပြီး ပြောလိုက်သည်။ မာရီယံက သူတို့ နှစ်ယောက်စလုံးကို လက်ကာပြလျက်

"သွားစမ်းပါ။ ဂျော့ စာရွက်စာတမ်းတွေ အစုံပါပြီလား။ နောက်ကျနေဦးမယ်"

"ပါပါတယ် မာရီယံ"

"ဒါဖြင့် သွားစို့"

မာရီယံက မိုက်ကယ့် ခုတင် ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကာ သားတော်မောင်၏ နဖူးကို ငုံ့နမ်းသည်။

"ကဲ... သား ကောင်းကောင်း နားလိုက်။ နေ့လယ်စာ မှာစားဖို့လည်း မမေနဲ့ဦး"

"ဟုတ်ကဲ့ မေမေ။ အစည်းအဝေးမှာ ကံကောင်းထောက်မပါစေ မေမေ"

"ကံတရားနဲ့ အစည်းအဝေးနဲ့ ဘာမှ မဆိုင်ပါဘူးကွယ်"

မာရီယံက ခေါင်းကို မော့မော့ထားပြီး ခပ်ပြုံးပြုံး ပြန်ပြောသည်။

ဂျော့နှင့် မာရီယံ ထွက်သွားသည်ကို မိုက်ကယ်က သေသေချာချာ လိုက်ကြည့်နေ၏။ သူတို့ ခြေသံ ပျောက်သွားသည်နှင့် ခုတင်ပေါ်တွင် ထထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသာထိုင်ပြီး ဖြည်းဖြည်းချင်း စဉ်းစားနေသည်။ စိတ်ထဲတွင်တော့ ဘာ လုပ်ရမည်ကို သိနေပြီးသား။ နှစ်ပတ်လုံးလုံး စဉ်းစားထားခဲ့သည့် အစီအစဉ် မဟုတ်လား။ သည်ယုန်မြင်၍ သည်ချုံထွင်ခဲ့သည်ပဲ။ သည်လို နံနက်ခင်းမျိုးနှ သည်အခွင့်အရေးမျိုးကို လိုချင်၍ ဘော့စတွန် ဟိုတယ်တွင် တစ်ရက် နှစ်ရက် နားချင်သေးသည်ဟု မေမေ့ကို ပြောခဲ့ခြင်း ဖြစ်၏။ ဘော့စတွန်တွင် စာကြည့ တိုက်ကြီး တစ်ခု ဆောက်လုပ်ရေး ကိစ္စနှင့် ပတ်သက်ပြီး မေမေတို့ အလုပ် များမည်ကိုလည်း ကြိုတင် သိထားခဲ့သည်လေ။ စောင့်ခဲ့ရသည့် သည်နေ့ နေ့လယ် ပိုင်းကို ကိုယ်ပိုင် အချိန် အဖြစ် သုံးနိုင်တော့မည်။ သူတို့ မသိအောင် ပိပိရိရိ တော့ လိုသည်။ တစ်စုံတစ်ခုကြောင့် ပြန်လှည့်လာကြမည်စိုး၍ ခုတင်ပေါ်တွင် နာရီဝက်ခန့် ထိုင်လျက်သား စောင့်ကြည့်နေရသေးသည်။ စိတ်ချပြီဆိုမှ လုပ်ငန် ကို စသည်။ သည်နေ့လယ်ခင်း အတွက် စိတ်ထဲတွင် ကျိတ်ပြီး ကြိုတင် လေ့ကျ ခဲ့ရသည်မှာ အကြိမ်ပေါင်း မနည်းတော့။

ခုတင် ခြေရင်း ခုံတန်းပေါ်မှ အဝတ်သေတ္တာဆီသို့ ခပ်သွက်သွက် ထသွာ သည်။ အဝတ်အစားတွေ၊ ဖိနပ်တွေကို ထုတ်သည်။ သည်အဝတ်အစားတွေနှ ဝေးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေသလို စိတ်ထဲတွင် ခံစားလိုက်မိ အားနည်းလွန်း၍လား မသိ။ အဝတ်လဲရင်း မောနေသည်။ ဘောင်းဘီတွေ အကျႌတွေမှာလည်း ပွယောင်းယောင်း ဖြစ်နေသည်။ သုံး လေးကြိမ် နားပြီး အဝတ်လဲခြင်း ကိစ္စ ပြီးတော့၏။ လုပ်စရာရှိသည်ကိုတော့ ပြီးစီးအောင် လုပ် မည်။ သည်နေရာကို သည်နေ့ အရောက်သွားတော့မည်။ မည်သည့် အကြောင် ကြောင့်မျှ နောက်တစ်ရက်သို့ မရွှေ့နိုင်။ အဝတ်လဲသည့် ကိစ္စ၊ ခေါင်းဖြီးသည် ကိစ္စနှင့်ပင် နာရီဝက် ကုန်သွားပြီ။ ဟိုတယ်စာရေးကို တက္ကစီကား တစ်စ အသင့်ပြင်ထားဖို့ ဖုန်းဆက် ပြောလိုက်သည်။ အခန်းထဲမှ ထွက်ခဲ့ပြီး ဓာ လှေကားဆီသို့ လျှောက်လာသည်။ သူ့ မျက်နှာက ဖြူရော်ရော်။ သို့သော် ကိုယ့် အစီအစဉ်နှင့် ကိုယ့်စိတ်လှုပ်ရှားနေတော့ အားနှင့်မာန်နှင့် ဖြစ်နေ၏ သည်အစီအစဉ်၊ သည်အတွေးကြောင့် ဟိုတုန်းကလိုပင် တက်ကြွလန်းဆန် ပေါ့ပါးနေသည်။ ဘာမျှ မကျန်တော့သည့် ဘဝတွင် အသက်ပြန်ဝင်လာသလို တက္ကစီကားသည် ဟိုတယ်ရှေ့တွင် အသင့်စောင့်နေ၏။





ကားသမားကို လိပ်စာပြောပြီး နောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။ စိတ်ထဲတွင် ထူးထူးခြားခြား ပျော်နေသည်။ ဟိုတုန်းကနှင့်မခြား။ သူငယ်မနှင့် ချိန်းထားသဖြင့် သူငယ်မ၏ အခန်းသို့ သွားနေရသည်နှင့် မခြား။ သူ လာမည် ဆိုသည်ကို သူငယ်မက သိနေနှင့်ပြီး သူ့ကို စောင့်မျှော်နေသည့်အလား။ တစ်လမ်းလုံး ပြုံးလာခဲ့မိသည် ထင်၏။ ကားဆရာကို ဘောက်ဆူး မြက်မြက်ကြီး ပေးလိုက်မိသည်။

မစောင့်နိုင်းတော့ဘဲ ပြန်လွှတ်လိုက်သည်။ ဘယ်သူ့ကိုမှ စောင့်ခိုင်းမထားချင်။ အပေါ်တွင် အကြာကြီး နေဖြစ်ချင်နေဖြစ်မှာ မဟုတ်လား။ သည်အခန်းကလေးကို ပြန်မအပ်ဘဲ အိမ်လခ ဆက်ပေးနေပြီး ရံဖန်ရံခါ အလွမ်းပြေ လာနေဖို့ပင် စိတ်ကူးထားသည်။ နယူးယောက်မှ လေယာဉ်ပျံဖြင့်လာလျှင် တစ်နာရီပဲ ကြာသည်မဟုတ်လား။ တို့များရဲ့ အခန်းကလေးကို လက်လွှတ်မခံချင်ဘူး နန်စီရယ်။ တို့ နှစ်ယောက်ရဲ့ အခန်းကလေးပါနော်။ စိတ်ထဲတွင် ထွေးထွေး နွေးနွေး ရှိလှသည့်၊ တရင်းတနှီး ရှိလှသည့် အဆောက်အအုံကြီးကို မော့်ကြည့်လိုက်သည်။

"အချစ်ရေ... ကိုယ် လာပြီလေ"

အကြိမ်ပေါင်း ထောင်သောင်းမက ပြောနေကျ စကားလုံးလေးများကို စဉ်းစားရင်း နှုတ်က အမှတ်မထင် ထွက်သွားသည်။ သည်လို ပြောနေကျပါကွယ်။ အခန်းထဲကို ဝင်သွားတိုင်း သူ့ကို ပန်းချီကားခုံမှာ ထိုင်လျက် တစ်ကိုယ်လုံး ဆေးတွေ ပေကျံနေတာ တွေ့ရစမြဲပါ။ သူ့ ပန်းချီကားထဲတွင် သိပ် ရှာနဝင်နေပြီဆိုလျှင်တော့ တော်တော်နှင့် ခေါ်၍ မကြားတော့။ တစ်ခါတလေများ သူ့ အနားရောက်နေသည်ကိုပင် သူ မသိ။

လှေကားကို တစ်ထစ်ချင်း နင်းပြီး ဖြည်းဖြည်း တက်လာခဲ့သည်။ မော တော့ မောတာပေါ့။ သို့ပေမဲ့ အရမ်း ပျော်နေသည်လေ။ ကိုယ့်အိမ် ကိုယ့်ရာ ဆီကို ပြန်လာနေသည် မဟုတ်လားကွယ်။ အခန်းထဲသို့သာ ရောက်လိုစိတ် ဇောနေသည်။ သူ့ အနားမှာ နေချင်သည်။ သူ့ ပန်းချီကားတွေ အနားမှာ နေချင်သည်လေ။ သည်ပတ်ဝန်းကျင်၊ သည်အရာဝတ္ထု အားလုံးနှင့် အကျွမ်းတဝင် ရှိလွန်းလှသည်။ နေသားကျနေသည့် ပတ်ဝန်းကျင် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ သည်လှေကား တစ်ဝိုက်၏ အငွေ့အသက်တွေ။ တစ်နေရာရာမှ ရေပိုက်ခေါင်း ဖွင့်ချထားသံ။ လှေကားထောင့်ချိုး တစ်ခုမှ ကြောင်အော်သံ။ ကလေးငယ် တစ်ယောက် စကားပြောနေသံ။ ပြီးတော့ အပြင်ဘက်မှ ကားဟွန်းသံများ။ အခန်း တစ်ခန်းထဲမှ ထွက်ပေါ်နေသည့် အီတလီ သီချင်းသံ။ ဩော်... ဒါထက် သူ့ အခန်းထဲက ရေဒီယိုကို ပိတ်မှ ပိတ်ထားခဲ့မိရဲ့လား မသိ။ အခန်းဝရောက်တော့ သော့ကို လက်ထဲမှာကိုင်ပြီး အကြာကြီး ငိုင်နေမိသည်။ မျက်ရည်ပူတွေ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်ကို သတိပြုလိုက်မိသည်။ သည်နေ့အဖို့ ပထမဦးဆုံး အကြိမ် ကျသည့် မျက်ရည်ပူများ။

သူ အခန်းထဲမှာ မရှိတော့ပါတကား။ ချစ်ရသောသူ ဘယ်မှာမှ မရှိတော့ပါတကား။ ချစ်သူ သေသွားရှာပါပြီကော။ ဒါကို မသိ မဟုတ်။ အဖြစ်မှန်ကို သိနေပါသည်။

သူ သေသွားပြီ.... သူ သေသွားပြီ...။

အဖြစ်မှန်ကို သတိရနေစေရန် သည်စကားလုံးတွေကို မကြာမကြာ နှုတ်မှ အသံထွက်ရေရွတ်ခဲ့သည်။ အရှိကို အရှိအတိုင်း ရင်မဆိုင်ရဲသည့် လူပျော့ လူညံ့တွေလို မဖြစ်ချင်။ သည်လို လူမျိုးတွေကို ချစ်သူက စက်ဆုပ်ရွံရှာတတ်သည်လေ။ သွင်သွင်ရှူး မသွားအောင် ကိုယ့်ကိုယ်ကိုယ် သည်လို သတိသမ္ပဇဉ်နှင့် ယှဉ်၍ ထိန်းနိုင်သူဟု ထင်ခဲ့မိ၏။ သို့သော် အချစ်ကို ဆုံးရှုံးရသည့်အတွက် ဖြစ်ပေါ်လာသည့် ရင်မှ ဝေဒနာ လှိုင်းပုတ်ချက်က ပြင်းထန်လွန်းသည်မို့ ရံဖန်ရံခါတွင် သတိလွတ်သည့်အခါတွေ ရှိသည်။ သော့တံကို သော့ပေါက်ထဲသို့ ထည့်လိုက်သည်။ မဖွင့်သေးပဲ ခဏမျှ စောင့်နေသည်။ ဖွင့်လိုက်လျှင် ခါတိုင်းလို တံခါးဝတွင် ချစ်သူ ပေါ်လာလေမည်လား။ ဟင့်အင်း... သူ သေသွားပြီလေ။ ဘယ်သူမှ ပေါ်မလာနိုင်တော့ဘူးပေါ့။

တံခါးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ပါးစပ် အဟောင်းသား ဖြစ်သွား၏။

"ဟင်... ဘယ်ရောက်ကုန်ပါလိမ့်။ ဘုရား... ဘုရား"

ဘာဆို ဘာမှ မရှိတော့။ စားပွဲတွေ၊ ကုထားထိုင်တွေ၊ ရွက်လှပန်းပင်တွေ၊ ပန်းချီကားတွေ၊ အားလုံး မရှိတော့။ သုံးချောင်းထောက် ပန်းချီရေးခုံကအစ မရှိတော့။ အဝတ်အစားတွေလည်း မရှိတော့။





"နန့်စီ၊ ဩော်... အချစ်ရယ်"

နှုတ်မှ ထွက်သွားသည့် အသံကို နားက ပြန်ကြားလိုက်၏။ ရင်ထဲတွင် […]ကောက်လာသည်။ မငိုဘဲ မနေနိုင်တော့။ ရှိုက်ကြီးတငင် ငိုကြွေးရင်း ပြတင်း[…]က်တွေ လိုက်ဖွင့်သည်။ ရေခဲသေတ္တာလည်း မရှိတော့။ မည်မျှကြာအောင် […]န်းထဲတွင် တစ်ယောက်တည်း ရပ်နေမိသည် မသိ။ ကိုယ့်ကိုယ်ကိုယ် သတိ[…]းမိတော့ လှေကားကို တစ်ထစ်ကျော် ပြေးဆင်းနေမိပြီ။ အောက်ဆုံးထပ်ရှိ […]ောက်အအုံ တာဝန်ခံ ရုံးခန်းအရောက် ပြေးသွားသည်။ တံခါးကို တအား[…]သည်။ အဘိုးကြီး တစ်ယောက် တံခါးလာဖွင့်သည်။ ပုပုသေးသေးကလေး။ […]တ်လန့် တုန်လှုပ်နေပုံရ၏။ ဘယ်သူဘယ်ဝါ ဆိုသည်ကို မှတ်မိသွားပုံရတော့ […] မျက်နှာ ပြုံးလာသည်။ သူ့ အပြုံးကိုလည်း ဂရုမစိုက်မိ။ အဘိုးကြီး၏ […]ကျီကော်လာကို စုကိုင်ပြီး တအား လှုပ်ခါနေမိသည်။

"သူ့ ပစ္စည်းတွေ ဘယ်ရောက်ကုန်လဲ ပြောစမ်း။ ဘယ်မှာထားလဲ ပြော။ […]ျားကြီး ဘာလုပ်ပစ်လဲ။ ခင်ဗျား ယူထားသလား။ ခင်ဗျား မယူရင် ဘယ်သူ[…]သလဲ ပြော။ ဘယ်မှာလဲ သူ့ ပစ္စည်းတွေ"

"ဘာ ပစ္စည်းတွေလဲကွဲ့။ ဘယ်သူ... အို... ဘုရားသခင်။ ကျုပ်[…]ဘူး။ ကျုပ် ဘာမှ မလုပ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က သူတို့"

ဒေါသကြောင့် သိမ့်သိမ့်တုန်နေသည့် လက်များဖြင့် တအား လှုပ်ရင်း[…]က်ရည် တွေတွေကျကာ

"ဘယ်သူတွေလဲ သူတို့ ဆိုတာ"

အဘိုးကြီးမှာ ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေသည်။

"သူတို့ကို ကျုပ် မသိဘူး။ သူနာပြု ဆရာမ နှစ်ယောက်။ မစ္စနန့်စီ[…]... ဟိုဟာ ဖြစ်သွားပြီဆိုပြီး လာသယ်သွားတာပဲ။ ပထမနေ့က သူတို့ နိုင်[…]လောက် သယ်သွားကြတယ်။ နောက်နေ့ မနက်မှာ ပစ္စည်းဟောင်းဆိုင်က[…]ကြီးနဲ့ လာသယ်သွားတာပဲ"

သူနာပြုဆရာမတွေ ဘယ်က ဆရာမတွေလဲ။ ပစ္စည်းဟောင်းဆိုင်က ကား[…]နှင့် ဆိုပါကလား။ ခေါင်းထဲတွင် ဆူဝေနေ၏။ ဘယ်လိုမျှ ဆက်စပ်၍မရ။

"ကျုပ်လည်း မသိပါဘူးကွယ်။ အဝတ်ဖြူကြီးတွေနဲ့ ဆိုတော့ သူနာပြု[…]ရာမတွေပဲ အောက်မေ့တာပဲ။ သူတို့ ယူသွားတာက နည်းနည်းပါ။ လက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အိတ်တွေနဲ့ ပန်းချီကားတွေလောက်ပဲ။ ကားကြီးနဲ့ နောက်တစ်နေ့ လာသယ် သွားမှ အကုန်ပါသွားတာ။ ကျုပ် ဘာ တစ်ခုမှ မယူရပါဘူးကွယ်။ တကယ်တ ဒီလို သူတော်ကောင်းမလေးရဲ့ ပစ္စည်း"

ဆက်ပြီး နားမထောင်ချင်တော့။ လမ်းပေါ်သို့ ထွက်လာခဲ့သည်။

"ဟေး... ဒီမယ် သူငယ်"

အဘိုးကြီး အသံကြောင့် ပြန်လှည့်ကြည့်လိုက်သည်။

"စိတ်မကောင်းပါဘူးကွယ်" ဟု စိတ်မချမ်းမြေ့သည့် အသံဖြင့် လော ဝတ် စကားကို ဆိုသည်။ အသာ ခေါင်းညိတ်ပြပြီး လှည့်ထွက်ခဲ့သည်။

သူနာပြုဆရာမတွေ...။ ပစ္စည်းဟောင်းဆိုင်က ကားကြီး...။

လင်းတတွေ၊ သူနိုးသူဖှက်တွေ။ မိမျှားမိလျှင်တော့...။ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။ လမ်းပေါ်မှ တက္ကစီ တစ်စီးကို လှမ်းတားလို သည်။ ခေါင်းထဲတွင် ထိုးကိုက်လာသည်ကို သတိမထားမိ။ ကားပေါ်သို့ တ လိုက်သည်။

"အဟောင်းတွေ ရောင်းတဲ့နေရာ မောင်း"

"ခင်ဗျာ ဘယ်လို အဟောင်းတွေလဲ ဆရာ"

"ပရိဘောဂ အဟောင်းတွေ၊ အဝတ်ဟောင်းတွေ ဘာတွေ ရောင်းတဲ့ ဆိုင်တွေပေါ့ဗျာ"

"ဩော်... ဟုတ်ကဲ့"

ငါးမိနစ်ခန့် အကြာတွင် အဟောင်းဆိုင်တန်းသို့ ရောက်သည်။ ကာ သမားကို ပိုက်ဆံပေးလိုက်သည်။ ပြန်အမ်းငွေကို မယူခဲ့မိ။ ဆိုင်တွေရှေ့တွ ယောင်လည်လည် ဖြစ်နေသည်။ ဆိုင်ထဲ ဝင်သင့်မဝင်သင့် စဉ်းစားနေသေ သည်။ သည်ပစ္စည်းတွေကို နန်စီ့ အခန်းတွင်သာ နေထားတကျ ရှိစေလိုသည် ကြည့်လိုသည်။ အဟောင်းဆိုင်တွင် ဈေးနှုန်းကတ်ပြား ချိတ်အထားခံရသည် အဖြစ်မျိုးဖြင့် မမြင်ရက်နိုင်။ ကဲ... တွေ့ပါပြီတဲ့။ ဘာလုပ်မည်နည်း။ စိတ်ရှု ရှုပ်နှင့် ဆိုင်ထဲဝင်ခဲ့သည်။ နန်စီ့ ပစ္စည်းတွေနှင့် တူသည့်ပစ္စည်းပင် ရှာမတွေ့ ခေါင်းထဲက ထိုးကိုက်လာပြန်သည်။ ဆုံးပြီ။ အားလုံး ဆုံးပြီ ထင်ပါရဲ့။ မျက်ရည် တွေ ကျလာပြန်သည်။

ဒုတိယအကြိမ်



လမ်းပေါ် ပြန်ရောက်လာသည်။ မည်သည့်ကားကိုမျှ မတားတော့။ ဦးတည့် ရာသို့ လျှောက်သွားနေမိသည်။ ဘာဆိုဘာကိုမျှ မမြင်။ ဘာသံကိုမျှလည်း မကြား။ မိုးကုပ်စက်ဝိုင်းအောက်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သလို ခံစား နေရသည်။ ခေါင်းထဲတွင် ရီဝေ အုံ့မှိုင်းလာသည်။ ဆောက်တည်ရာမရ ဖြစ်လာ သည်။ တစ်ကိုယ်လုံး နွမ်းခွေပျော့ယိုင်နေပြီ။ သို့ပေမဲ့ အသည်းနှလုံးကတော့ ကျောက်တုံးကျောက်ခဲ ဖြစ်သွားလေပြီတကား။

ပစ္စည်း အဟောင်းဆိုင်က အထွက်တွင် သူ့ ဘဝ တစ်ကဏ္ဍ တစ်ခန်း ရပ်သွားခဲ့ပြီဟု ခံစားလိုက်မိသည်။ အားလုံးကို သွေးအေးအေးဖြင့် စဉ်းစားနိုင် လာသည်။ ဆင်ခြင်တုံတရားဖြင့် တွေးဆတတ်လာသည်။ လမ်းအကူးတွင် မီးနီ ပြနေသဖြင့် ဖြတ်မကူးသေးဘဲ လမ်းတစ်ဖက်တွင် ရပ်စောင့်နေစဉ် လောကကြီး တစ်ခုလုံး အမှောင်ကျသွားတော့၏။

သတိရလာတော့ သူ့ အနားတွင် လူတွေ ဝိုင်းအုံနေ၏။ နောက်ပြီး မြက်ခင်း ကလေးပေါ် ရောက်နေ၏။ သည်နေရာသို့ ဘယ်သူ သယ်လာပါလိမ့်။ ရဲသား ကြီး တစ်ယောက်က သူ့ကို ငုံ့ကြည့်နေသည်။

"သူငယ်လေး ဘယ့်နှယ်နေသေးလဲ"

ရဲသားကြီးက အကဲခတ်နေသည်။ ဤသူငယ်သည် အရက်မူးသမားလည်း မဟုတ်။ ဆေးခြောက်သမားလည်း မဟုတ်။ အသားအရေက ဖြူဖပ်ဖြူရော်နှင့်။ နာလာတာ ဖြစ်မည်။ အစာမစားရလို့များလား။ အာဟာရပြတ်လို့တော့ မဟုတ် တန်ကောင်း။

"ဟုတ်ကဲ့။ ကျွန်တော် နေကောင်းသွားပါပြီ။ ဆေးရုံက ဒီမနက်မှ ဆင်း လာတာပါ။ လမ်းလျှောက်များသွားလို့ ထင်ပါတယ်"

ကြိုးစားပြီး မတ်တတ်ရပ်သည်။ ရဲသားကြီးက လူတွေကို ဘေးဖယ်ခိုင်းပြီး

"ရဲကားနဲ့ အိမ် လိုက်ပို့ပါ့မယ်"

"ရပါတယ်၊ ရပါတယ်။ ကျွန်တော် ကောင်းသွားပါပြီ"

"အို... မဟုတ်တာ။ ကျုပ် ပို့ပေးမယ်။ မောင်ရင် ဆေးရုံကို ပြန်သွားချင် လားဟင်"

"ဟာဗျာ။ မဟုတ်တာ"

"ကဲ... ဒါဖြင့် အိမ်ပဲ ပို့ပေးတာပေါ့"

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းတွင် ဆွဲထားသည့် ကြိုးမဲ့ တယ်လီဖုန်းဖြင့် ကားကို လှမ်းခေါ် နေသည်။

"ခု ချက်ချင်း ရောက်လာမှာပါ။ နေမကောင်း ဖြစ်နေတာ အကြာကြီးလား ဟင်"

ခေါင်းခါပြရင်း လက်ဖဝါးတွေကို ဖြန့်ကြည့်နေမိ၏။

"နှစ်ပတ်တည်းပါ"

ပါးက ဒဏ်ရာမှာ သေးသေးမျှင်မျှင်ကလေး ကျန်တော့သည်မို့ ရဲသားကြီး ရုတ်တရက် မမြင်နိုင်။

"ကဲ… မြန်မြန်တက်နော်"

ကားရောက်လာတော့ ရဲသားကြီးက တွဲပြီး ကားထဲအထိ ပို့ပေးသည် ပြုံးပြီး ကျေးဇူးစကား ဆိုလိုက်၏။ ဖျော့ရော်ရော် ဖြစ်နေသေးသည်မှ အ နေသာထိုင်သာ ရှိသွားပြီ။

ကားထွက်တော့ ကားမောင်းသည့် ရဲသားအား ဟိုတယ်နှင့် မလှမ်းမကမ်း လိပ်စာ တစ်ခုကို ပြောလိုက်၏။ ရောက်သောအခါ ကျေးဇူးတင်စကား ပြောပြီး ဆင်းသည်။ ပြီးမှ ဟိုတယ်သို့ ဆက်လျှောက်လာသည်။ သူ့ အခန်းသို့ သူ ပြန် ရောက်သည့်တိုင် ဘယ်သူမျှ ပြန်မရောက်ကြသေး။ ရောက်ရောက်ချင်း အဝတ် မြန်မြန်လဲပြီး လူနာနှင့်တူအောင် အိပ်ရာ ပေါ်တွင် လှဲနေမည်ဟု စိတ်ကူးသေး သည်။ နောက် သေသေချာချာ စဉ်းစားကြည့်တော့ သည်ကိစ္စမျိုးတွေ မလိုတော့ ကြောင်း သဲသဲကွဲကွဲပေါ်လာသည်။ လုပ်ချင်သမျှတွေကို လုပ်ခဲ့ပြီးပြီ။ အရာရောက် သည် မရောက်သည်မှာ တစ်ပိုင်း။ စင်စစ် မသိစိတ်က ရှာဖွေနေသည်မှာ နှန်စီး ပစ္စည်းတွေ မဟုတ်။ ခုတော့ ဘယ်မှာမျှ ရှာ၍တွေ့နိုင်တော့မည် မဟုတ်ကြောင်း နားလည်လာသည်။

ချစ်သူကို တွေ့နိုင်သည့် နေရာကား တစ်နေရာသာ ရှိတော့၏။ အကြင် အရပ်တွင်မူ ချစ်သူသည် အမြဲအစဉ် အသက်ရှင်လျက် ရှိပေလိမ့်မည်။ ထိုအရပ် ကား မိမိ၏ အသည်းနှလုံး တည်နေရာမှ လွဲ၍ အခြားအရပ် မဖြစ်နိုင်တော့ချေ။

မှန်ပြတင်းမှ အပြင်သို့ ငေးနေစဉ် အခန်း တံခါး ဖွင့်သံကြားရသည်။ နောက်သို့ ရုတ်တရက် လှည့်မကြည့်မိ။ သူတို့ ပြန်ပြောကြမည့် အစည်းအဝေး အကြောင်းတွေလည်း မကြားချင်။ သူတို့ ရှေ့တွင် နေကောင်းဟန်လည်း ဆောင်





နေချင်။ သို့ပေမဲ့ နေလို့ထိုင်လို့လည်း မကောင်းလှ။ ဘယ်တော့မှလည်း ယခင် လို ကျန်းကျန်းမာမာ ရှိနိုင်တော့မည် မဟုတ်တော့။

"ကြည့်စမ်း ကြည့်စမ်း။ သား ဘာလုပ်နေတာလဲ"

အသက်ကဖြင့် အစိတ်နား ကပ်နေပြီ။ မေမေ ပြောပုံက ခုနစ်နှစ်သား ကလေး တစ်ယောက်ကို ပြောနေသည့်နှယ်။ ပင်ပန်းနွမ်းလျစွာဖြင့် ဂျော့ကို ကြည့်ပြီး ပြုံးပြလိုက်ရ၏။

"ကျွန်တော် အိပ်ရာထဲမှာ ဆက်မနေနိုင်တော့ဘူး မေမေ။ အခန်းပြင်ထွက် ရ အချိန်ကျပြီ။ ဒီညပဲ ကျွန်တော် နယူးယောက်ကို ပြန်ရတော့မယ်"

"ဘာကွဲ့။ ဘာ ပြောတယ်"

"နယူးယောက်ကို သွားမယ်"

"ဟင်… သား ဘယ်လို ဖြစ်တာလဲ။ ဒီမှာ နေချင်သေးတယ်ဆိုပြီး"

မေမေ့ကို ကြည့်ရသည်မှာ တကယ့်ကို စိတ်ရှုပ်သွားသည့်ပုံ။

"မေမေလည်း ဒီမှာ အလုပ် ရှိနေတယ်။ ကျွန်တော့် အတွက်လည်း ဟိုမှာ အလုပ်တွေ ပုံနေရောပေါ့။ မနက်ဖြန် ကျွန်တော် အလုပ် ဝင်ချင်တယ်။ မဟုတ် ဘူးလား ဂျော့"

ဂျော့ တစ်ယောက် အထိတ်တလန့် ဖြစ်သွားသည်။ မိုက်ကယ့် မျက်လုံး တွေထဲမှ နာကြည်းခါးသီးမှု အရိပ်အယောင်တွေကို လှမ်းမြင်လိုက်သောကြောင့် ဖြစ်၏။ စင်စစ် သူ့ကို အလုပ်တွေ ပိနေသည်ကပင် ခပ်ကောင်းကောင်း ဖြစ်မည် ဟု ဂျော့ တွေးနေမိသည်။ သို့ရာတွင် သူ့ ကြည့်ရသည်မှာ အားရစရာ မရှိသေး။ သည့်အတွက် အိပ်ရာထဲမှာချည်း နေနိုင်းပြန်လျှင်လည်း အခြေအနေ ပို၍များ ဆိုးလာလေမည်လား။ စဉ်းစားစရာတွေ တိုးလာသည်။

"မင်း ပြောတာ မှန်တယ် မိုက်ကယ်။ ပထမတော့ နေ့ဝက်လောက်ပဲ အလုပ်တက်ပေါ့"

"ရှင်တို့ နှစ်ယောက်စလုံး ရူးနေကြလား ဂျော့။ ဒီမနက်မှ ဆေးရုံက ဆင်းလာတာရှင့်"

"မေမေ သားနေရာမှာ ခဏ ဝင်နေကြည့်ပါဦး"

ခေါင်းကို ခပ်မော့မော့ထားပြီး ပြောလိုက်သည်။ မာရီယံက နီးရာ ဆိုဖာ ပေါ်တွင် ထိုင်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ သားရယ်။ သားသဘော၊ သားသဘော"

"အစည်းအဝေး အကြောင်း ပြောပါဦး မေမေ"

မေမေနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီး အရေးတယူ မေးလိုက်သည်။ စိတ်ထဲတွင် ကျိတ်၍ ဆုံးဖြတ်လိုက်ပြီ မဟုတ်လား။ သူ့ ဘဝကို အလုပ်ထဲတွင် မြှုပ်နှံထားတော့မည်။ သူ ထွက်ပြေးခိုအောင်းရန် ကွန်းခိုရာမှာ အလုပ်သာရှိတော့သည် မဟုတ်ပါလား။

* * *

၈

"အားလုံး အသင့်ဖြစ်ပြီနော်"

"ဟုတ်ကဲ့၊ အားလုံး အသင့်ဖြစ်ပြီ ထင်ပါတယ်" ပန်း၏ အထက်ပိုင်းအစ်ခုလုံး ထုံနေသည်။ ဘာမျှ မရှိတော့သလို။ ကိုယ် ပေါ်တွင် ဦးခေါင်းမှ ရှိသေးရဲ့လားဟု နန်းစီ တွေးလိုက်မိသေးသည်။ ခွဲစိတ်ခန်း အလယ်တည့်တည့် မီးမောင်းကြီးတွေကြောင့် မျက်စိကို မှေးထားချင်သည်။ သို့သော် မျက်ခွံ့တွေကို ဆွဲချ၍မရ။

သူ့ မျက်နှာပေါ်သို့ စိုးမိုး၍ထားသော ဆရာ့ မျက်နှာကို အတိုင်းသား မြင်နေရ၏။ သေသေသပ်သပ် ရိတ်သင်ထားသော မုတ်ဆိတ်ကို အပြာရောင် ခွဲစိတ်ခန်း မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားသည်။ ဆရာ့ မျက်လုံးထဲမှ သူငယ်အိမ်မှာ ဟိုဘက် သည်ဘက် လူးလားခေါက်ပြန် ပြေးလွှားနေသည်။

ဆရာသည် လေ့လာရေးနှင့် ပြင်ဆင်ရေး အချိန်ကို သုံးပတ်တိတိ ယူလိုက်၏။ ဓာတ်မှန်တွေ စစ်ဆေးလိုက်၊ တိုင်းလိုက်ထွာလိုက်၊ ခွဲစိတ်မှု အစီအစဉ်တွေကို သူနှင့် စကား တပြောပြော ဆွဲလိုက်နှင့်။ နန်းစီ ဓာတ်ပုံဆို၍ တစ်ပုံတည်းသာ ဒေါက်တာပီတာ ရထားသည်။ အချင်း မဖြစ်ပွားမီ တစ်ရက်က ပွဲဈေးတန်းတွင် ရိုက်ခဲ့သည့်ပုံ။ ပုံက တစ်ခြမ်းမှောင်နေ၍ သိပ်အားမထားနိုင်။ သည့်တွင် ဒေါက်တာပီတာ အကြံတစ်ခု ရလာသည်။ ဓာတ်ပုံကို အားမကိုးလောက်။ နန်းစီ အသစ်သည် နန်းစီ အဟောင်းနှင့် တူရန်မလို။ လှသည်ထက် လှအောင်သာ



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ဖန်ဆင်းမည်။ အားလုံးပြီးစီးသွားလျှင် မူလ နန်းစီ မရှိတော့ဘဲ သူ့နေရာတွင် အခြား ရွယ်တူမိန်းကလေး တစ်ယောက် မွေးဖွားလာလိမ့်မည်။ နန်းစီကို ငုံ့ကြည့်ပြီး ဆရာဝန်က ပြုံးပြလိုက်၏။ သူ့ မျက်ခွံတွေ လေးလံလာပြီ ဖြစ်ကြောင်း သတိထားလိုက်မိ၏။

"မအိပ်နဲ့နော် နန်းစီ။ အိပ်တော့ အိပ်ချင်လိမ့်မယ်။ ဒါပေမဲ့ အိပ်လို့ မဖြစ်ဘူး။ တို့ စကား ပြောနေကြတာပေါ့"

အိပ်ပျော်သွားလျှင် ကိုယ့်သွေးနှင့်ကိုယ် လည်ချောင်းပိတ်သွားနိုင်၏ သည့်အချက်ကိုတော့ သူ့ကို ပြောပြထား၍ မဖြစ်။ ဝတ္ထုဇာတ်လမ်းတွေ၊ ပုံပြင်တွေ ပြောပြပြီး သူ့ကို မေးခွန်းတွေ မေးလိုက်၊ စဉ်းစားခိုင်းလိုက် လုပ်နေသည်။ မှတ်မိသမျှ သီလရှင်တွေ၏ နာမည်တွေကို ပြောပြခိုင်းသည်။

"မင်း သီလရှင် မလုပ်တော့ပါဘူး ဆိုတာ တကယ်နော်"

"ဟုတ်ကဲ့။ ကတိ ပေးထားပြီးပြီပဲ"

သုံးနာရီလုံးလုံး စကား တပြောပြောနှင့်၊ နောက်လိုက်ပြောင်လိုက်နှင့် ဆရာ့ လက်တွေသည် တစ်ချက်ကလေးမှ အနားမနေဘဲ ပြေးလွှားလှုပ်ရှားလျက်။ နန်းစီ အဖို့တော့ ဘဲလေးဇာတ် တစ်ခုကို ကြည့်နေရသည်နှင့် မခြား။

"နောက် နှစ်ပတ်ဆိုရင် မင်း ကိုယ်ပိုင်အခန်းကို ပြောင်းနိုင်ပြီ နန်းစီ။ ရှုခင်းလှလှတွေကို စီးမြင်နေရတဲ့ နေရာမျိုး ရွေးတာပေါ့။ ဟေး... အိပ်မငိုက်နဲ့လေ။ နန်းစီ မင့် အိပ်ခန်းထဲကနေပြီး ပင်လယ်ကမ်းခြေကို တိုက်ရိုက် မြင်နေတဲ့ အခန်းမျိုးဆိုရင် သဘောမကျဘူးလား"

"အို...သိပ်လှမှာနော် ဆရာ။ ဘာလို့ သဘောမကျဘဲ နေရမှာလဲ"

"ဒီဆေးရုံကနေ မြင်ရတဲ့ မြင်ကွင်းကိုကော။ နန်းစီ စိတ်များညစ်နေလား ဟင်"

"ဟင့်အင်း... လှပါတယ် ဆရာရဲ့"

"ဒါဆို တို့နှစ်ယောက်ထွက်ပြီး အတူတူ လိုက်ကြည့်မယ်လေ။ အကောင်းဆုံး နေရာကို ရွေးမယ်။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ" အိပ်ချင်နေသည့် ကြားက သူ့ အသံမှာ ရွှင်ပျနေ၏။

"အိပ်လို့ ရပြီလား ဆရာ"





"ခဏလေး လိုပါတော့တယ် ကလေးရယ်။ ခဏလေးနော်။ မင့် အခန်းကို အမြန်ဆုံး ပြန်ပို့ပေးမယ်။ အဲဒီတော့မှ တစ်ဝကြီး အိပ်လိုက်နော်"

"ဟုတ်ကဲ့ ဆရာ"

"မင်း ကိုယ်နဲ့ စကား ပြောရတာ ပျင်းနေလို့လား နန်းစီရယ်"

နန်းစီ တခစ်ခစ် ရယ်နေသည်။

"ကဲ... ပြောရင်းဆိုရင်း ပြီးသွားပြီ"

ဒေါက်တာပီတာက ခဏ ကျောဆန့်ရင်း သူ့ လက်ထောက် တစ်ယောက်ကို ခေါင်းညိတ် အချက်ပြလိုက်၏။ ဆရာမ တစ်ယောက်က ပေါင်ကို ဆေးအစ်လုံး ခပ်သွက်သွက် ထိုးလိုက်သည်။ ဒေါက်တာက နန်းစီ့ အနား တိုးလာပြီး မျက်လုံးတွေ ထဲသို့ ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။ ကျွမ်းဝင် ရင်းနှီးနေသော မျက်လုံးများ။

"ဒီနေ့ဟာ အမှတ်ထင်ထင်နေ့ပဲနော် နန်းစီ၊ သိလား"

"ဟုတ်ကဲ့၊ သိပါတယ်"

"သိတယ် ဟုတ်လား။ ဘယ်လိုလုပ် သိလဲ"

မိုက်ကယ် မွေးနေ့ မဟုတ်လား။ ဒါကိုတော့ ပြောမပြချင်။ သည်နေ့ မိုက်ကယ် နှစ်ဆယ့်ငါးနှစ် ပြည့်မည့်နေ့လေ။ မိုက်ကယ် တစ်ယောက် ဘာများ လုပ်နေမည်လဲ မသိ။

"ဒီလိုပဲ သိနေတာပေါ့"

"ကိုယ့်အတွက် တကယ် အမှတ်ထင်ထင်နေ့ပဲ နန်းစီ။ တို့နှစ်ယောက် ဖြတ်တွဲရမယ့် ခွဲစိတ်မှု ခရီးရှည်ကြီးရဲ့ အဖွင့်နေ့ပဲ။ ဒီခရီးအဆုံးမှာ မင်းရဲ့ မျက်နှာသစ် ရှိနေတယ်လေ။ ဟုတ်တယ် မဟုတ်လား"

ဆရာ့ အပြုံးကို ရေးရေးသာ မြင်ရတော့သည်။ ပြီးတော့ လုံးဝ အိပ်ပျော်သွားသည်။

***



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာမွေးနေ့ပါ ဆရာ"

"သွားစမ်းပါကွာ၊ မင်း ငါ့ကို အဲဒီလို မခေါ်နဲ့။ ငါ မကြိုက်ဘူး အေဗရီ"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ"

အေဗရီက သူ့ သူငယ်ချင်းကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။ လက် တ ဖက်က ချိုင်းထောက်ကို အားပြုကာ ကျန်တစ်ဖက်က မိုက်ကယ့် အတွင်းရေး မကလေးကို အားပြုရင်း ရုံးခန်းထဲသို့ ဝင်လာခဲ့ခြင်း ဖြစ်၏။ ရုံးခန်းကို ကောင်း ညွန့်ပေ့ ဆိုသည့် ခေတ်မီ အလှအပ ပစ္စည်းများဖြင့် ဖိတ်ဖိတ်တောက် ခြယ်သ ထားသည်။ အတွင်းရေးမှူးမကလေးက အေဗရီကို ကုလားထိုင် တစ်ခုတွင် ဖေး မမ နေရာချပေးပြီး ပြန်ထွက်သွားသည်။

"အဘွားကြီးကတော့ မင့် အခန်းကို ပျံနေအောင် လုပ်ပေးထားပါလား ငါ့ အခန်းကော ကောင်းရဲ့လားကွ ဟင်"

"မင့် အခန်း မင်း မကြိုက်ရင် ဒီအခန်းယူလေ။ ငါ ဒီအဆောင်အယောင် တွေကို ရွံလွန်းလို့"

"အင်း... ဟုတ်ပါပြီ။ ဒါထက် ဘာထူးသေးလဲ မိုက်ကယ်"

အေဗရီ ဘော့စတွန်မှ ရောက်လာကတည်းက မိုက်ကယ်နှင့် နှစ်ခါပဲ တွေ့ ရသေးသည်။ ပြောစရာတွေက အများကြီး။ သို့သော် တစ်ယောက်ကို တ ယောက် မမေးရက်၊ မပြောရက် ဖြစ်နေကြသည်။ နန်စီ အကြောင်း စဖို့ဆိုသည် မှာ သူတို့နှစ်ယောက်စလုံး အတွက် အလွန့်အလွန် မလွယ်သည့် ကိစ္စကြီး ဖြစ် နေ၏။ မစဉ်းစားရဲလောက်အောင် ဖြစ်နေ၏။

"နောက်တစ်ပတ်ဆို ငါ အလုပ် လုပ်နိုင်ပြီလို့ ဆရာဝန်တွေက ပြောတယ် မိုက်ကယ်"

မိုက်ကယ် ရယ်မောရင်း ခေါင်းယမ်းလိုက်၏။

"မဟုတ်နိုင်ပါဘူးကွာ။ မင့် ဒဏ်ရာတွေက နည်းတာမှ မဟုတ်ဘဲ အေးအေး နေပါဦး"

"နို့ မင်းကကော"

မိုက်ကယ့် မျက်လုံးတွေ တစ်ချက်မျှ ရီဝေသွားသည်။

"ငါက မင်းလို ကျိုးပဲ့တာမှ မဟုတ်ဘဲ"





တကယ်တော့ မိုက်ကယ်တွင် ရရှိထားသည့် အသည်းနှလုံး ဒဏ်ရာက ပြီး ပြင်းထန် ကြီးမားသည် မဟုတ်လား။ သည်ဒဏ်ရာကို တခြားလူတွေ သည်း မမြင်နိုင်။

"ငါ ပြောတဲ့ အတိုင်း မင်း တစ်လ နှစ်လလောက် အနားယူပါကွာ။ မင်း တို့ မောင်နှမ ဥရောပမှာ သွားလည်ကြပါလား"

"ဘာလဲ ငါက လက်တွန်းလှည်းထဲကနေပြီး ရေကူးနေတဲ့ ကောင်မလေး တွေကို ငေးနေရမှာလား။ ငါ အလုပ်တက်ချင်လှပြီ မိုက်ကယ်။ အများဆုံး နှစ် ပတ်ပဲ နေမယ်ကွာ။ ဘယ့်နှယ်လဲ"

"အေးလေ... ကြည့်သေးတာပေါ့"

သူငယ်ချင်း နှစ်ယောက် အချိန်ကြာမြင့်စွာ ငြိမ်နေမိကြသည်။ အတန်ကြာ မိုက်ကယ်က အေဗရီ့ မျက်နှာကို စိန်းစိန်းဝါးဝါး ကြည့်လိုက်၏။ သည်အကြည့် မျိုးကို အေဗရီ တစ်ခါမျှ မမြင်စဖူး။

"ပြီးတော့ တို့ ဘာ ဆက်လုပ်ကြမလဲ။ ဘယ်လို စခန်းသွားကြမလဲ"

"မင်း ဘာကို ဆိုလိုတာလဲ မိုက်ကယ်"

"အလုပ်လုပ်ဖို့ ပြောတာပေါ့ကွ။ တို့တစ်တွေ သေတဲ့အထိ အလုပ် လုပ်ကြ ရမှာ။ တို့မှာ လုပ်စရာတွေ အများကြီး အေဗရီ။ အသေအလဲ အပြိုင်အဆိုင် လုပ်ကြရမှာ"

"ဟ... မင်း သိပ်တက်ကြွနေပါလား မိုက်ကယ်။ ဘယ်သူ မြှောက်ပေးလို့ လဲ"

"သေတော့မှာပဲ။ ဟေ့ကောင်... ငါ တကယ် ပြောနေတာ။ ငါ့ ဘဝမှာ အလုပ် လုပ်ဖို့ကလွဲပြီး ဘာ ရှိသေးတော့လို့လဲ"

အေဗရီ နားလည်ပါသည်။ သည်တော့ နှစ်ယောက် တမင်ရှောင်ပြီး ပြော ကြသည့် စကားတွေကို မပြော၍ မဖြစ်တော့။

"မင်း ပြောတာ ဟုတ်ပါတယ် မိုက်ကယ်။ တို့ ပြဿနာပေါ်ပြီး ကတည်း က တို့ ဘဝမှာ ဘာမှ မကျန်တော့သလို ဖြစ်သွားပြီ ဆိုတာ ငါ စဉ်းစားမိပါ တယ်ကွာ။ ငါ့ကိုယ် ငါလည်း ထပ်ကာတလဲလဲ မေးခွန်းထုတ်မိပါတယ်။ ဘဝမှာ ဘာ အရေးကြီးဆုံးလဲ။ ငါ ရှေ့ဆက်ပြီး ဘာတွေ လုပ်ရမလဲ ဆိုတာ"

"ဆိုပါဦး။ ဒီတော့ မင်း ဘာ အဖြေထွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖြေရယ်လို့တော့ တိတိကျကျ မရပါဘူး သူငယ်ချင်းရာ။ ငါ သိတာ တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ဒီဘဝမှာ ခုလို အသက်ရှင်ပြီး ကျန်နေခဲ့တာကို ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ ခုတော့ ဘဝရဲ့ တန်ဖိုးကို ငါ ပိုပြီး နားလည်လာ သလိုပဲ။ အထူးသဖြင့် မသေဘဲ ရှင်ကျန်နေတဲ့ ဘဝရဲ့ တန်ဖိုးလေ"

အေဗရီ့ မျက်လုံးအိမ်များတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ အသံမှာ တုန်လာသည်။

"ငါ ငါ ငါ နားကို မလည်တော့ဘူး သူငယ်ချင်းရယ်။ ဘာလို့များ ခုလို ဖြစ်ရတာလဲဟင်။ ငါ ငါလေ"

အေဗရီ့ အသံ တိမ်ဝင်သွားသည်။

"ခုလိုဖြစ်မယ့်အစား ငါ ငါပဲ ဖြစ်လိုက်ပါတော့ မိုက်ကယ်ရာ" ဟု ဆို၍ နင့်နင့်ကြီး ပြောချလိုက်၏။

မိုက်ကယ် မျက်လုံးတွေကို စုံမှိတ်ထားလိုက်သည်။ ထိုင်ရာမှ ထပြီး စားပွဲ ကို ပတ်လျှောက်လာသည်။ သူငယ်ချင်း နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက် ကြ၏။ နှစ်ယောက်စလုံး၏ မျက်နှာများ ပေါ်တွင် မျက်ရည်ဥတွေ အဖြိုင်ဖြိုင် စီးဆင်းလျက်။ တစ်ယောက် လက်မောင်းကို တစ်ယောက် တင်းတင်း ဆုပ်ကိုင် လိုက်ကြသည်။ သူငယ်ချင်း ဆိုသည်မှာ ဒါပဲ မဟုတ်လား။

"ကျေးဇူးတင်တယ် သူငယ်ချင်းရယ်"

မိုက်ကယ်က ငိုသံဖြင့် ပြောသည်။ အေဗရီ မျက်ရည် သုတ်သည်။ အကျီ လက်မောင်းတွေ ရွဲသွားသည်။

"ဟေး... မိုက်ကယ်။ မင့် မွေးနေ့လေ။ တို့ နည်းနည်း သွားချကြ အောင်"

မိုက်ကယ် ရယ်လိုက်၏။ သူတို့ နှစ်ယောက် ကလေးတွေ ပြန်ဖြစ်သွားကြ သည်။ စိတ်လှုပ်ရှားမှု များစွာဖြင့်။ မိုက်ကယ် ခေါင်းညိတ်သည်။

"အေး... ငါးနာရီ ထိုးနေပြီပဲ။ အလုပ် မဟုတ်တဲ့ အစည်းအဝေးတွေ မတက်တော့ပါဘူးကွာ။ တို့ ဝက်သစ်ချ ခန်းမထဲ သွားကြရအောင်။ ပြီးတော့ ဘယ်သွားမလဲ ဆိုတာ စီစဉ်တာပေါ့"

မိုက်ကယ်က အေဗရီကို ဖေးကူပြီး အငှားကား တစ်စင်းပေါ်သို့ တက် လိုက်ကြသည်။ နှစ်ယောက်သား မူးလိုက်ကြသည်မှာ ခေါင်းချာစိုင်းနေတော့၏





ခန်းခေါင်ကျော်မှ အိမ်ပြန်ဖြစ်ကြသည်။ မိုက်ကယ် အိမ်အပေါ်ထပ်သို့ မတက် နိုင်တော့။ လှေကားစောင့်က တွဲပို့၍သာ ကိုယ့်အခန်း ကိုယ်ပြန်ရောက်ခြင်း ဖြစ်၏။

နောက်နေ့ နံနက်တွင် အိမ်ဖော်မကလေး တစ်ယောက် အခန်းရှင်းဖို့ ဝင် လာသည်အထိ မိုက်ကယ် ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေဆဲ။ ဘာပဲဖြစ်ဖြစ် မွေးနေ့ တစ်နေ့ကိုတော့ ကျော်ဖြတ်ပြီးသွားပေပြီ။

နောက်နေ့ နံနက်စာဝိုင်းတွင် မျက်လုံးတွေ ရီဝေဝိုးဝါး ဖြစ်နေ၏။ မေမေက သတင်းစာဖတ်ရင်း သူ့ကို စောင့်နေသည်။ မုန့်နှင့် ကော်ဖီ ပန်းကန်ကို ရှေ့တိုးပေး တော့ ရင်ထဲတွင် ပျို့တက်လာသည်။

"ဘယ့်နှယ်လဲ။ ညက တော်တော် ပျော်ခဲ့တယ်နဲ့ တူတယ်"

မေမေ့ အသံတွင် အနိမ့်အမြင့် မရှိ။

"အေဗရီနဲ့ပါ မေမေ"

"သိပါတယ်။ အတွင်းရေးမှူး ကောင်မလေး ပြောလို့။ အစရှိ အနှောင့် အယှက်တော့ မဖြစ်စေနဲ့နော်"

"ဘာကိုပြောတာလဲ မေမေ။ သောက်တာကို ပြောတာလား"

"မဟုတ်ဘူး။ အလုပ်မပြတ်ခင် စောစော ပြန်သွားတာကို ပြောတာ။ သား သူငယ်ချင်းကိုလည်း ပြောထား။ မေမေ မကြိုက်ဘူး။ ညက ဘယ်လိုပုံနဲ့ ပြန်လာလဲ၊ သိလား"

"သား ဘာမှ မမှတ်မိတော့ဘူး မေမေ"

ကော်ဖီနံ့ကြောင့် မိုက်ကယ် အန်ချင်နေဆဲ။ အဘွားကြီးက သတင်းစာကို စားပွဲပေါ်သို့ ချသည်။

"နောက် မေ့နေတာ ရှိသေးတယ်။ ဘာလဲ သိလား"

သူ့ကို စိန်းစိန်းကြည့်ရင်း အဘွားကြီးက ပြောသည်။

"ညက အိမ်မှာ ထမင်းစားပွဲ စီစဉ်ထားတယ်လေ။ ၉ နာရီ တိတိမှာ မေမေ သားကို နှစ်နာရီ တိတိ စောင့်နေတယ်။ ဧည့်သည်က ကိုးယောက်။ သားရဲ့ မွေးနေ့ပါတီလေ။ သတိရပြီလား"

ဒုက္ခပါကလား။ ရှုံမုန်းစရာကောင်းလိုက်သည့် လောကဝတ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ညှို့သည်တွေ ဖိတ်ထားတဲ့အကြောင်း သားကို မပြောပါဘူ ညစာ စားမယ်ပဲပြောတော့ သားနဲ့ မေမေ နှစ်ယောက်တည်းပဲ အောက်မေ့တ ပေါ့"

သည်တွင် ပြဿနာ စတော့သည်။

"မေမေနဲ့ ဆိုတော့ ဂရုစိုက်စရာ မလိုတော့ဘူးပေါ့။ ဒီလိုလား"

"ဒီလိုလည်း မဟုတ်ပါဘူး မေမေ။ သား မေ့သွားတာလည်း ပါပါတယ် ပြီးတော့လည်း ဒီနှစ် မွေးနေ့မှာ သား စိတ်မပါဘူး"

"အင်း... ထားပါလေ။ မေမေ ဝမ်းနည်းပါတယ်"

အဘွားကြီး အသံက ဝမ်းနည်းသည့် အသံ မဟုတ်။ သည်မွေးနေ့သ အခြားသော မွေးနေ့တွေနှင့် ဘာကြောင့် မတူရသည်ကို မေမေ မာရိယံ မ ကျိုးကျွံ ပြုနေသည်။

"ဒါထက် တစ်ဆက်တည်း မေမေ့ကို ပြောရဦးမယ်။ သား အခန်း တစ်ခ ငှားပြီး လွတ်လွတ်လပ်လပ် နေချင်တယ် မေမေ"

အဘွားကြီး ဆတ်ခနဲ ခေါင်းမော့လာသည်။ မျက်လုံးတွေက အဝိုင်းသာ

"ဘာဖြစ်လို့"

"သား ၂၅ နှစ်ပြည့်ပြီပဲ မေမေရယ်။ အလုပ်လည်း လုပ်နေပြီပဲ။ ကလေ တစ်ယောက်လို မေမေ့ အရိပ်ကို ခိုနေဖို့ မကောင်းတော့ဘူး ထင်ပါတယ်"

"ဟင့်အင်း...မသွားရဘူး။ သား ဘယ်ဆို ဘယ်မှ မသွားရဘူး"

အေဗရီ ဆိုသော သူငယ်၏ ဩဇာလွှမ်းမိုးမှုများလားဟု မာရိယံ တွေးမ မိသည်။ သည်ကောင်လေး၏ အကြံဉာဏ်ပဲ ဖြစ်ရမည်။

"နောက်မှ ပြောကြတာပေါ့ မေမေရယ်၊ သား သိပ် ခေါင်းကိုက်နေလို့ပါ"

"အရက်အနာကျနေပြီပေါ့၊ ဟုတ်လား"

မာရိယံ ထရပ်သည်။ နောက် လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"နောက် နာရီဝက်ကြာရင် ရုံးကို အရောက်လာခဲ့။ ဟိုစတာနက် လူတွေ ဆွေးနွေးမယ်။ သတိရတယ် မဟုတ်လား။ ဒါထက် လာကော လာနိုင်မှာလား"

"လာနိုင်ပါတယ်။ ဒါထက် သားအခန်းခွဲနေဖို့ ပြောမိတာ စိတ်မကောင် ပါဘူး မေမေ။ ဒါပေမဲ့ အချိန်တန်ပြီ ထင်လို့ပါ"





မာရိယံ မျက်မှောင်ကြုတ်ပြီး ခဏကြည့်နေသည်။ ပြီးတော့မှ သက်ပြင်း ယ် တစ်ခု မှုတ်ထုတ်သည်။

"ကောင်းပြီ မိုက်ကယ်။ သား ပြောတာ ဟုတ်ပါလိမ့်မယ်။ ကဲ... မနေ့က ဆုမတောင်းလိုက်ရတဲ့ အတွက် ဒီနေ့မှပဲ ဆုတောင်းပေးရမှာပေါ့။ သား မွေးနေ့ မှာ ပျော်ရွှင် ကျန်းမာပါစေ"

အဘွားကြီးက မိုက်ကယ့် နဖူးကို ငုံ့နမ်းသည်။ ခေါင်းကိုက်နေသည့် ကြားက ပြုံးပြီး မော့ပေးလိုက်ရသည်။

"စားပွဲပေါ်မှာ မွေးနေ့ လက်ဆောင်ကလေး မေမေ တင်ထားခဲ့တယ်"

"ဒုက္ခရှာမနေပါနဲ့တော့ မေမေရာ"

တကယ်တော့ မွေးနေ့ လက်ဆောင်တွေ ဘာတွေ မလိုတော့ပါ။ သည် အချက်ကို အေဗရီက သိသည်။ သို့ကြောင့် နောင် နှစ်တိုင်းလို လက်ဆောင်ပေး ခြင်း မပြုတော့။

"ဘာပဲဖြစ်ဖြစ် မွေးနေ့ဟာ မွေးနေ့ပဲပေါ့ သား။ မေမေ သွားမယ်။ ရုံးကျမှ တွေ့မယ်"

မေမေ ထွက်သွားတော့ တစ်ယောက်တည်း ထိုင်ရင်း အပြင်သို့ ငေးနေမိ ၏။ တော့စတွန်က အခန်းကလေးကိုပဲ အောက်မေ့တသနေမိသည်။ နယူးယောက် မှာ သည်အခန်းကလေးနှင့် တူသည့် အခန်း တစ်ခန်းတော့ မရရအောင် ရှာရ ည်။ သူ့ စိတ်ကူးကလေးတွေကို အကောင်အထည်ဖော်ဖို့ မိုက်ကယ် လက် လျှော့သေး။ ရှူးတယ်ပဲ ဆိုချင် ဆိုကြပါစေတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၉

"ဟဲလို... ဆူစန်၊ မစ္စတာဟီးလ်ယဒ် ရှိတယ်နော်"

အောဇရိက နာရီကို မော့်ကြည့်ပြီး မေးလိုက်သည်။ ညနေ ငါးနာရီထိုးနေပြီ။ အောဇရိကို ကြည့်ရသည်မှာ ပင်ပန်းနေပုံ။ တစ်နေ့လုံး ယားလို့ပင် ကုတ်ချိန်မရှိခဲ့။ ခုမှပင် ကျောဆန့်ရတော့၏။

"ဟုတ်ကဲ့ရှင့်၊ ရှိပါတယ်။ ကျွန်မ အကြောင်းကြားပေးရမလားဟင်"

ကလေးမက ပြုံးပြုံးချိုချို ပြန်မေးသည်။ ပိန်ကပ်ကပ် ခန္ဓာကိုယ်ကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် ကြိုးကြိုးစားစား ပြုပြင်ထားရသည့် ပုံစံမျိုး။ မာရီယာ ဟီးလ်ယဒ်က ဘယ်တော့မှ အတွင်းရေးမှူး ချောချောလှလှတွေ မငှား။ မိုက်ကယ်၏ ဆူစန်က အခြား အတွင်းရေးမှူးမကလေးထက်ပင် ပိုပြီး ပိန်သေးသည်။ အဘွား ကြီး စိတ်ကြိုက်ရွေးပေးထား သူတွေ။ အောဇရိက ကလေးမကို ကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

"ကိစ္စ မရှိဘူး။ ကိစ္စ မရှိဘူး။ ကိုယ့်ဘာသာကိုယ် သွားလိုက်မယ်"

မိုက်ကယ့် အခန်းဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။ လက်ထဲတွင် ဖိုင်တွဲတွေ ပိုက်လျက်။ ရောမ ဝက်သစ်ချ တံခါးကြီးကို ခေါက်လိုက်သည်။

အထဲမှ ဘာသံမျှ မကြားရ။ နောက်ထပ် ခေါက်လိုက်ပြန်သည်။

"ဟေး...မိုက်ကယ်" ဟု ခေါ်သည်။ ပြန်ထူးသံ မကြား။ လှုပ်ရှားသံလည်း မကြားရ။ ဆူစန်ကို လှည့်ကြည့်ပြီး မေးသည်။





"အထဲမှာ ရှိရဲ့လား ဆူစန်ရဲ့"

"ကျွန်မ သေချာပါတယ်"

ခပ်ပြင်းပြင်း ထပ်ထုသည်။ သည်တော့မှ ဝင်ခဲ့ဖို့ အသံပြုသည်။ အောဇရိ တံခါးကို အသာဖွင့်ပြီး အခန်းကို ဝေ့ကြည့်လိုက်သည်။

"မင်း အိပ်ပျော်နေတာလား မိုက်ကယ်"

မိုက်ကယ်က သူ့ သူငယ်ချင်းကို ပြုံးကြည့်နေသည်။

"အိပ်ပျော်နိုင်ရင် သိပ်ကောင်းပေါ့ကွာ။ ဒီမှာ ကြည့်ပါဦး။ အလုပ်တွေက ကောင်ပုံရာပုံ"

သူ့ ပတ်ပတ်လည်တွင် ဖိုင်တွဲတွေ။ နီအိမ်လို အဆောက်အအုံ ပေါက်စလေးတွေ။ ပုံစံတွေ၊ အစီရင်ခံစာတွေ ရှုပ်ယှက်ခတ်နေသည်။ လူ ဆယ်ယောက်လောက် လုပ်ရမည့် အလုပ်ကို မိုက်ကယ် တစ်ယောက်တည်း ဒိုင်ခံလုပ်နေသည်။

"ထိုင်လေကွာ"

"ကျေးဇူးပဲ သူဌေးမင်း" အောဇရိ မနောက်ဘဲ မနေနိုင်။

"မင်းဘိုးအေ သူဌေးမင်းလား။ မင်း လက်ထဲက ဖိုင်တွေက ဘာတွေလဲ။ ကိစ္စလား"

ဆံပင်ကို လက်နှင့် သပ်သည်။ ထိုင်သားကျနေပြီဖြစ်သော သားရေ ကုလားထိုင်ကြီး နောက်သို့ ပစ်မှီလိုက်သည်။ ခုတော့ အားလုံး နေသားကျသွားပြီ။ ပေယျာလကံနေသားကျနည်းမျိုး။ နံရံမှ ပန်းချီကားကြီးတွေကို တစ်ခါမျှ မကြည့်မိ။ ခမ်းနားထည်ဝါလှပါသည် ဆိုသော ရုံးခန်းကြီးကို တစ်ခါမျှ သတိမထားမိ။ အတွင်းရေးမှူးမကလေး ဆူစန်ကိုလည်း စေ့စေ့ မကြည့်မိ။ ဘဝ တစ်ခုလုံးကိုပင် မေ့ထားနိုင်ပြီပဲ။ အလုပ်စားပွဲပေါ်မှ အလုပ်တွေက လွဲပြီး ဘာကိုမှ ခေါင်းထဲ မထားတော့။ လေးလ တင်းတင်း ပြည့်ခဲ့ပြီ။

"ပစ္စည်းဝယ်ဖို့ ကိစ္စတွေဆိုရင် ငါ့ဆီ ယူမလာနဲ့ကွာ။ မင်းဘာသာမင်း ကြည့်ရှင်း"

"အေးပါ...။ ဒါထက် တို့ နောက်ဆုံးကြည့်တဲ့ ရုပ်ရှင်က 'ကွေ့မြစ်တံတား' နော်။ ရုပ်ရှင်လေး ဘာလေး ကြည့်ရအောင်ကွာ။ မင်း ပင်ပန်းလွန်းနေပြီ မိုက်ကယ်"

"အခြေအနေ ပေးတဲ့အခါ ကြည့်တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ စာရွက်တွေကို လှမ်းကြည့်ရင်း ပြန်ပြောသည်။

"ဘာတွေလဲ၊ မင်း လက်ထဲက ဖိုင်တွေက"

"အလကားပါ။ ဟန်ဆောင်ပိုက်လာတာ။ အဘွားကြီး တွေ့သွားရ
အလုပ် အကြောင်း ပြောနေတယ် ထင်အောင်လို့။ ငါ မင်းနဲ့ စကား ပြောချင်
လာခဲ့တာ"

အေဗရီကို ကြည့်ပြီး ပြုံးလိုက်သည်။ ကလေး ဘဝကို ပြန်ရောက်သွား
ပြန်သည်။ ငယ်ငယ်တုန်းကလည်း သည်လို လုပ်ခဲ့ကြဖူးသည် မဟုတ်လာ
ကျောင်းစာ စုကျက်မည်ဆိုကာ တွေ့ရာစာအုပ်တွေကို ဆွဲလျက် တစ်ယောက်
တစ်ယောက် ကူးပြီး လူကြီးတွေကို ပတ်တီးချခဲ့ကြသည်လေ။

"အဘွားကြီးက တစ်ချက်မှ အလစ်မပေးဘူးကွ။ ငါ လန့်တယ်"

သည်အချက်ကိုတော့ နှစ်ယောက်စလုံး သိကြသည်။ အလုပ်ချိန်တွ
ယောင်ခြောက်ဆယ် လုပ်သူကို မာရီယံဟီးလ်ယဒ်က လုံးဝ ခွင့်မလွှတ်။

"မင်း... ဒီနှေရာသီ 'ဟမ်ပတန်' ကို မသွားဘူးလား" မိုက်ကယ်
မေး၏။

အေဗရီက သူငယ်ချင်း ဖြစ်သူကို တွေကြည့်နေသည်။ အတန်ကြာမှ

"မင်း ဒါတွေ သတိရသေးတယ်နော်"

ဟမ်ပတန်သည် သူတို့ နှစ်ယောက် သွားနေကျနေရာ။ မိုက်ကယ့် မျက်
ဖြူရော်ရော် ဖြစ်သွား၏။

"မင်း သွားစေချင်လို့ ပြောတာပါ အေဗရီ"

"မင်းကကော မိုက်ကယ်။ မင်းကိုယ်မင်း မှန်ထဲ ပြန်ကြည့်မိရဲ့လာ
မင်းကို မြင်ရင် တစ္ဆေတောင် လန့်ပြေးမယ်၊ သိလား"

"အေးကွာ။ မင်း သတိပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

"ကျေးဇူးတင်တာ မတင်တာတွေ ဘေးချိတ်ထားလိုက်။ ငါလာတာ အဲ
ကိစ္စ ဆွေးနွေးမလို့ မိုက်ကယ်"

"တစ္ဆေလန့်တဲ့ ကိစ္စလား"

"ဒီမယ် မိုက်ကယ်၊ ငါ တကယ် ပြောနေတာ။ ဒီစနေ တနင်္ဂနွေမှာ တိ
ပင်လယ်ကမ်းခြေကိုသွားဖို့ အားလုံး စီစဉ်ပြီးပြီ။ မင်း မလိုက်ရင် ဖြစ်တဲ့နည်း
ငါ တရွတ်ဆွဲခေါ်မယ်၊ သိလား"





အေဗရီ အလေးအနက် ပြောနေကြောင်း သူ့ မျက်နှာက သိသာနေသည်။
မိုက်ကယ် ခေါင်းခါလိုက်၏။

"ငါ လိုက်ချင်ပါတယ် သူငယ်ချင်းရာ။ မနေ့က အစည်းအဝေးမှာ မင်း
လည်း ပါသားပဲ။ ကင်းဆပ်စီးတီး ကိစ္စ ဘယ်လောက် အရေးကြီးနေတယ်
ဆိုတာ မင်း သိသားနဲ့။ ဒေါလာ လေးသောင်း ခုနစ်ထောင် ကိစ္စ အတွက် ငါ
ခေါင်းခဲနေရတယ်။ မပြီးရင် ပြဿနာကွ"

"တခြား လူတွေလည်း ခွဲပြီး လုပ်ပေစေပေါ့ မိုက်ကယ်ရာ။ မင်းမှာ အင်ဂျင်
နီယာ ၂၃ ယောက်တောင် ရှိတာပဲ။ မင်း လုပ်မှပြီးမယ် ဆိုပြီး အစွဲအလမ်း
ကြီးမနေစမ်းပါနဲ့။ တစ်ပတ်တလေတော့ နားဦးမှပေါ့ကွာ"

နှစ်ယောက်သား ပြောဂျသာ ပြောနေကြသည်။ အကြောင်းရင်းကိုတော့
ရင်ထဲတွင် သိနေကြပြီးသား။ မိုက်ကယ်သည် အလုပ်ကို မူးယစ်ဆေးဝါးသဖွယ်
သဘောထားနေခြင်းသာ ဖြစ်၏။ အလုပ် ထဲတွင် ဘဝကို နှစ်မြှုပ်ထားလိုက်သော
အခါ ခံစားချက်တွေ အားလုံး ထုံထိုင်းသွားသည် မဟုတ်လား။ အလုပ်ကို ချစ်
မြတ်နိုးလွန်း၍ မဟုတ်ကြောင်းကို သည်အခန်းကြီးထဲ စဝင်သည့်နေ့ ကတည်းက
သူ ပြသခဲ့ပြီး ဖြစ်၏။ အလုပ် စဝင်သည့်နေ့က အခန်းထဲ ရောက်လျှင်ရောက်
ချင်း အလုပ်တွေကို ကြည့်ပြီး ဆဲဆိုရေရွတ်မိသည်လေ။

"ကိုယ့်ကိုယ်ကိုယ် ဒါလောက် ညှဉ်းရရင် တော်ရောပေါ့ မိုက်ကယ်။ နောက်
မလိုက်ချင်နေကွာ၊ ဒီတစ်ပတ်တော့ လိုက်ခဲ့"

"မလိုက်ချင်ပါဘူး အေဗရီရာ"

"သေတော့မှာပဲ။ ဟေ့ကောင်... မင်းကို ငါ ဘယ်လို ထပ်ပြောရဦးမှာ
လဲ။ မင်းကိုယ်မင်း ပြန်ကြည့်စမ်း။ မင်းကိုယ်မင်း သေကြောင်းကြံနေတာလား
ဟင်"

အေဗရီ့ အသံက ကျယ်လွန်းသဖြင့် ရုံးခန်းထဲတွင် ဟိန်းသွားသည်။
သူ့ စကားသံများကြောင့် မိုက်ကယ် လန့်ဖျပ်သွားသည်။ နောက်ပြီး စိတ်လှုပ်
ရှားမှုကြောင့် မဲ့ရွဲ့နေသည့် အေဗရီ့ မျက်နှာကို တွေ့လိုက်ရ၏။

"အဓိပ္ပာယ် မရှိတာတွေ လုပ်မနေစမ်းပါနဲ့ မိုက်ကယ်။ မင်းကိုယ်မင်း
ခုလို အသေသတ်နေတော့ကော သူ ပြန်ရှင်လာမှာတဲ့လား။ ပြောစမ်း။ မင်း
အသက် ၂၅ နှစ်ပဲ ရှိသေးတယ်။ ဒါကို မင့် အဘွားကြီးလို ဘဝ တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



အသေခံပစ်မလို့လား။ စားတယ်၊ အိပ်တယ်၊ ပြီးတော့ တစ်ချိန်လုံး ဒီ အလုပ်ထဲမှာပဲ ဘဝကို ဂူသွင်းထားတယ်။ မင်း အမေကို မင်း အားကျနေလို့လား မိုက်ကယ်။ ငါ မယုံဘူး ဟောကောင်။ မင်း ဒီလိုနေလို့ မရဘူးကွ။ မင့်ကိုယ်ထဲမှာ ငါ့ သူငယ်ချင်း မိုက်ကယ် ဆိုတာ မရှိသဘောက် ဖြစ်နေပြီ။ မင်းဟာ မိုက်ကယ်ကို ခွေးလို ညှဉ်းဆဲနေတယ်။ အဲဒါ ငါ မခံနိုင်ဘူး။ ငါ အင်မတန် ချစ်တဲ့ ငါ့ သူငယ်ချင်း မိုက်ကယ် ဘယ်မှာလဲ။ ပြောစမ်း။ မဖြစ်ဘူး၊ မင်းကို ငါ ဒီအတိုင်း ကြည့်မနေနိုင်ဘူး။ မင်းကို ငါ ဒီ ရုံးခန်းကြီး ထဲက ဆွဲထုတ်ရတော့မယ်။ ဒီမယ် မိုက်ကယ်၊ အပြင်မှာ ပျော်စရာတွေ၊ အစားထိုးစရာ ကောင်မလေးတွေ”

အေဗရီ စကား မဆုံးမီ မိုက်ကယ် ဝုန်းခနဲ ထ,လာသည်။ စားပွဲကို ပတ်ပြေးလာပြီး အေဗရီကို ဆွဲခါသည်။ သူ့ မျက်နှာမှာ ဖြူသည်ထက် ဖြူနေပြီ။

“ဟောကောင် ခုချက်ချင်း ထွက်သွား။ ငါ မင်းကို မသတ်မိခင် ထွက်သွား”

မိုက်ကယ် အသံကုန်ဟစ် အော်လိုက်သည်။ သူ့ အသံမှာ ဒဏ်ရာရနေသည့် ခြင်္သေ့ တစ်ကောင်၏ အော်သံမျိုး။ သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင်ရပ်ပြီး တုန်တုန်ယင်ယင် ဖြစ်နေကြသည်။ ဘာ့ကြောင့် ဤသို့ ပေါက်ကွဲရသည်ကို နှစ်ယောက်စလုံး သဘောပေါက် နားလည်လိုက်ကြသည်။

“ငါ တောင်းပန်ပါတယ် အေဗရီ”

နီးရာ ကုလားထိုင်တွင် မိုက်ကယ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ စားပွဲပေါ်တွင် လက်ထောက်သည်။ လက်ဝါး နှစ်ဖက် ထဲသို့ မျက်နှာကို မှောက်ချလိုက်သည်။

“တို့ ဒါလောက်နဲ့ ရပ်ကြရအောင်ကွာ” ဟု မော်မကြည့်ဘဲ ပြောသည်။ အေဗရီက သူ့ ပခုံးကို အသာညှစ်သည်။ ပြီးတော့ တံခါးကို ညင်ညင်သာသာ ပိတ်ပြီး ထွက်သွားတော့၏။

အေဗရီ ထွက်လာသောအခါ ဆူစန်က တအံ့တဩ ကြည့်နေသည်။ သို့သော် အေဗရီ ဘာမျှ မပြောဘဲ ဆက်လျှောက်သွား၏။ အတွင်းမှ အော်သံဟစ်သံများကို သူငယ်မ ကြားလိမ့်မည် ထင်သည်။ သူ့ ရုံးခန်းသို့ အပြန် ခန်းမဆောင်ထဲတွင် မာရီယံနှင့် ဆုံသည်။ သို့သော် ပုံစံ တစ်ခုကို ငုံ့ကြည့်ပြီး ဂျော့နှင့် စကား ပြောနေသဖြင့် သူ့ကို အဘွားကြီး မမြင်လိုက်။ မမြင်သည်ကပင် ခပ်ကောင်းကောင်း။ အဘွားကြီးနှင့် စကား ပြောလိုစိတ်ကို မရှိ။ မိုက်ကယ် လုပ်နေ





ပုံကို သည်အတိုင်း ကြည့်နေသည့်အတွက် အဘွားကြီးကို အေဗရီ မကျေနပ်။ အလုပ် လုပ်နေလျှင် သေအောင်လုပ်၊ မာရီယံဟီးလ်ယဒ်ကတော့ တားမြစ်လိမ့်မည် မဟုတ်။ တစ်ခါလာ ဘိုးဘွားအမွေအနှစ် ထိန်းသိမ်းရေး။ တစ်ခါလာ တော့တာဟီးလ်ယဒ် နယ်ပယ်တိုးချဲ့ရေး။ အေဗရီ စိတ်ကုန်စပြုလာပြီ။ အမှန်တော့ သူငယ်ချင်း အတွက် မခံမရပ်နိုင် ဖြစ်လာခြင်း ဖြစ်၏။

ထိုနေ့ ညနေ ၆ နာရီခွဲတွင် အေဗရီ ရုံးမှ ပြန်ခဲ့သည်။ လမ်းပေါ်မှ ပြန်မော့ကြည့်လိုက်တော့ မိုက်ကယ့် အခန်းတွင် မီးတွေ လင်းနေတုန်း။ ၁၁ နာရီ ၁၂ နာရီထိ သူ ပြန်ဦးမည် မဟုတ်။ အိမ်ပြန်တော့ကော သူ့ အတွက် ဘာ ထူးမည်နည်း။ လွန်ခဲ့သည့် ၃ လလောက်က ငှားထားသည့် အခန်း။ အခန်း ဖွဲ့စည်းပုံက နန်စီ အခန်းနှင့် တစ်ပုံတည်း။ တူသည့်အခန်းကို တမင် ရှာငှားသည်ဟုသည်း အေဗရီ ရိပ်မိသည်။ သို့သော် သည်အခန်းသို့ ရောက်ပြီး ကတည်းက မိုက်ကယ် ပိုမို ပြောင်းလဲသွားခဲ့၏။ ကျန်နေသေးသရွေ့ ဘဝ အငွေ့အသက်လေးများပါ သူ့ ခန္ဓာကိုယ်တွင်းမှ ခန်းခြောက် ပျောက်ကွယ်သွားသည့်နှယ် ဖြစ်လာ၏။ အလုပ်တွေကို မအိပ်မနေ လုပ်လာသည်။ အရူးတစ်ယောက်လို ဖြစ်လာသည်။ အခန်းကို တစ်ချက်မျှ ပြန်မကြည့်။ ပစ်စလက်ခတ်ထားသည်။ အခန်းမှာ အေးစက် တိတ်ဆိတ်ပြီး လူနေသည့် အခန်းနှင့်ပင် မတူ။

ပရိဘောဂဟူ၍ ခေါက်ကုလားထိုင် နှစ်လုံးနှင့် ခုတင် တစ်လုံးသာ ရှိသည်။ ပြီးတော့ ကြမ်းပြင် ပေါ်တွင် အိုမင်းဟောင်းနွမ်းလှပြီ ဖြစ်သည့် စားပွဲတင်မီးခွက် အဟောင်းကြီး တစ်ခု။ အခန်းမှာ လုံးဝ နေချင့်စဖွယ် မရှိ။ အထီးကျန်လှသည့် အခန်း။ ခြောက်သွေ့လှသည့် အခန်း။ အေဗရီ အဖို့တော့ သည်လို အခန်းမျိုးတွင် စိတ်ကူးနှင့်ပင် နေ၍မရ။ မိုက်ကယ်၏ ခေါင်းထဲတွင် လောကအနှံ့ကျင်ကိုမှ အမှတ်ထားမိသေးရဲ့လားဟု အေဗရီ သံသယ ဖြစ်လာသည်။ လွန်ခဲ့သည့်လ စောစောပိုင်းက ရွက်လှပန်းပင် ၃ ပင် သွားပို့ထားသည်။ လကုန်ရက်ပိုင်းတွင် အပင်တွေ အားလုံး သေကုန်သည်။ အရုပ်ဆိုး အကျည်းတန်လှသည့် အသွင်တွင် မီးအိမ်ကြီးနည်းတူ ရွက်လှပင်ခြောက်များသည် အခန်းထဲတွင် အသက်မဲ့ ကင်းမဲ့စွာ တည်ရှိနေကြသည်။ ဂရုစိုက်မည့်သူ မရှိ။ ယုယမည့်သူ မရှိ။

အေဗရီကတော့ သူ့ သူငယ်ချင်း၏ လက်ရှိ အခြေအနေကို လုံးဝ မကြည့်ချင်တော့။ သို့တိုင် သူလည်း ဘာမျှ မတတ်နိုင်။ နန်စီက လွဲပြီး ဘယ်သူမျှ မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်။ သို့ရာတွင် နန်စီက သေလွန်ခဲ့လေပြီ။ နန်စီ့ အကြောင်းကို စဉ်းစားလိုက်လျှင် အေဗရီပါ ဖြေမပြေနိုင် ဖြစ်ရသည်။ တစ်ကိုယ်လုံး ရခဲ့သည့် ဒဏ်ရာတွေ ပြန်လည် ပေါ်ပေါက်လာသည့်အလား နာနာကြည်းကြည်း ခံစားရသည်။ သူ့ ဒဏ်ရာတွေ ကုစားပျောက်ကင်းခဲ့ပြီး နှုတ်ယပ်မျှစ်ခြင်းတို့ ရှင်ပြန်ထမြောက်လာသည့်နည်းတူ မိုက်ကယ့် ဒဏ်ရာများကိုလည်း ပျောက်ကင်းအောင် ကုစား၍ ရစေချင်ပါသည်။ သို့သော် မိုက်ကယ်၏ ဝေဒနာမှာ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာက ပိုမို ပြင်းထန်နေကြောင်းကိုလည်း အေဗရီ နားအလည်ဆုံး ဖြစ်နေ၏။ မိုက်ကယ်၏ ဒဏ်ရာမှာ အတွင်းကြေ ကြေသည့် စိတ်ဝေဒနာမျိုး ဖြစ်ပါသည်။ သည်ဒဏ်ရာတွေကို သူ့ မျက်နှာနှင့် သူ့ မျက်လုံးတွေတွင်သာ မြင်တွေ့နိုင်၏။ ကြည့်လေ။ တင်းတင်း စေ့ထားတတ်သည့် နှုတ်ခမ်းတွေ။ ဟိုးအဝေး တစ်မျှော်တစ်ခေါ်ကြီးသို့ လှမ်းငေးနေသည့် မျက်လုံးတွေ။ သို့ပေမဲ့ သူ ကြည့်နေသည့် အရာကို သူ မြင်ချင်မှ မြင်သည်။ သူ့ အနားသို့ ဘယ်သူ ရောက်လာသည်ကို သူ သိချင်မှ သိသည်။ သည်အချိန် သည်သမယများကား သူ၏ သတိသမ္ပဇဉ်တွေ အထိန်းမဲ့ အကွပ်မဲ့ ဖြစ်နေသည့် အချိန်များ မဟုတ်ပါလား။

* * *

## ၁၀

"ကဲ... ကိုယ် ပြောတာ မမှန်လား မနန်စီ။ အပြင်ကို ကြည့်လိုက်စမ်း။ ဘယ်ာက်လှတဲ့ ရှုခင်းလဲ"

ဒေါက်တာပီတာဂရက်ဆင်က ဝရန်တာမှ လှမ်းပြောသည်။ တစ်ဦးကို င်ဦး ကြည့်လိုက်ကြ၏။ မျက်လုံး နှစ်စုံမှာ အရောင် တဖျပ်ဖျပ်။ နန်စီ့ မျက်နှာ င်ခုလုံးသည် မျက်လုံး နေရာကလေးများမှအပ ပတ်တီးထုပ်ကြီး အဖြစ် ရှိနေး‌ဆဲ။ လက်မှ ပတ်တီးများကိုတော့ ဖြေပြီးပြီ။ လက်ချောင်းကလေးတွေမှာ ခင်ကနှင့် မတူတော့သည့်တိုင် တစ်မျိုး ချစ်စရာကောင်းနေ၏။ နန်စီက သူ့ တ်ကလေးတွေကို မြှောက်ပြီး ကြည့်လိုက်သည်။

သူတို့ နှစ်ယောက် ထိုင်နေသည့် နေရာသည် ပင်လယ်ကွေ့ ရှုခင်းကို ကွင်းကျယ်ကျယ် လှမ်းတွေ့နေရသည့် နေရာ ဖြစ်၏။ လက်ဝဲဘက်ယွန်းယွန်း င် 'ရွှေမုတ်ဝ' တံတားကြီး၊ လက်ယာဘက်တွင် 'အယ်လ်ကာထရက်စ်' ကျွန်းလေး။ ဝရန်တာမှနေ၍ မည်သည့်ဘက်သို့ပင် ကြည့်ကြည့် ကြည့်လေရာတိုင်း င် ရှုမငြီးနိုင်သည့် မြင်ကွင်းတွေချည်း။ နေထွက်သည်ကို ကြည့်ချင်ကြည့်၊ ဝင်သည်ကို ငေးချင်ငေး။ သည်ဝရန်တာကလေးကို နန်စီက နှစ်ခြိုက်စွဲလမ်းမိပြီ။ တစ်နေကုန်ထိုင်၍ ရှုခင်းတွေကို ငေးမောနေတတ်၏။ ပီတာက သူ့ တိအတိုင်း သည်အခန်းကလေးကို ရှာပေးခဲ့သည်။ သည်အခန်းကို ပြောင်း ပြီး ကတည်းက ရာသီဥတုမှာ ဆက်တိုက် သာတောင့်သာယာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ သိပ် သဘောကျနေပြီ ပီတာ"

"ဒီလိုပဲ ဖြစ်ရမယ်လေ။ ဟေး… နေဦး၊ ခုမှ သတိရတယ်။ ဒီနေ့ ကိုယ် ဝယ်လာတာ ပြရဦးမယ်"

နန်းစီ ကလေးငယ် တစ်ယောက်သဖွယ် လက်ခုပ်လက်ဝါး တီးလိုက်

ပီတာ ရောက်လာပြီဆိုလျှင် တစ်မျိုး မဟုတ်၊ တစ်မျိုးပါလာတတ်သည် မဂ္ဂဇင်းတွေ၊ စာအုပ်တွေကတော့ တစ်ပုံကြီး ဖြစ်နေပြီ။ ဦးထုပ်ကလေးကလည်း ပုံဆန်းဆန်းကလေး။ ပတ်တီးတွေ ပေါ်တွင် ခြုံပြီး စည်းထားဖို့ ခေါင်းစည်းလှ ကလေးက တစ်ထည်။ လက်က ပတ်တီးတွေ ဖြေတုန်းကလည်း လက်အသ ကလေးတွေ အတွက် ဖွင့်ပွဲဆိုပြီး လက်ကောက် တစ်ရန် ဝယ်လာခဲ့သေးသည် ဆရာ ဝယ်ပေးသည့် လက်ဆောင်ပစ္စည်းတွေမှာ တောင်ကျရေလို တရဟော များပြားလွန်းနေပြီ။ သို့ပေမဲ့ သည်နေ့ပေးသည့် ပစ္စည်းကလေးကတော့ နန် ရင်အခုန်ရဆုံး ပစ္စည်းကလေး။ ဆရာက ဇရန်တာမှ ထသွားပြီး အခန်းထဲ ဝင်သွားသည်။ စက္ကူဘူးကလေး တစ်လုံးကို ကိုင်ပြီး ပြန်ထွက်လာသည်။ တော့ သူ့ ပေါင်ပေါ် တင်ပေးလိုက်သည်။ သေတ္တာကလေးက ခပ်လေးလေး

"ဘာများလဲ ပီတာရယ်၊ ဟင်… ကျောက်တုံးကြီးများလား"

ပတ်တီးတွေထဲမှ ပြုံးပြုံးကလေး ပြောတော့ ဆရာက ရယ်နေသည်။

"ဟုတ်တယ်။ ကျောက်မျက်ရတနာဆိုင်က အကြီးဆုံး မြကြီး တစ်လုံ ဝယ်လာတာ"

ဖွင့်ကြည့်လိုက်တော့ တကယ် မြတုံးကြီးထက်ပင် စွဲမက်စဖွယ်ကောင်း သည့် ပစ္စည်း တစ်ခု ဖြစ်နေသည်။ ရင်ခုန်နှုန်းတွေ မြန်သွားသည်။ သိပ်ကို သည့် ကင်မရာကလေး တစ်လုံး။

"အို… ပီတာရယ်။ ကင်မရာကို နန်စီ ဘယ့်နှယ်လုပ်ပြီး"

"ဘာလို့ မဖြစ်ရမှာလဲ။ အကောင်းဆုံး ပုံတွေ မင်း ရိုက်နိုင်ရမယ် နန်

ပန်းချီ မရေးနိုင်တော့သည့် အတွက် သူတို့ နှစ်ယောက်စလုံး ကျိတ် စိတ်မကောင်း ဖြစ်နေ၏။ လက်တွေ ပတ်တီးနှင့်တုန်းက မရေးနိုင်ခြင်း အကြောင်းပြ၍ ရသေး၏။ ယခုတော့ လက်တွေ လွတ်လပ်နေပြီ။ သို့သေ ပန်းချီရေးဖို့ စဉ်းစားလိုက်တိုင်း ရင်ထဲတွင် နင့်နင့်နဲနဲ ခံစားနေရသည်။ သ ဝေဒနာတွေက ပန်းချီရေးဖို့ကို အဟန့်အတား ပြုနေသည်။ ဆော့စတွန် အ





ဆရာမတွေ ဖြုတ်ယူလာကြသည့် ကားတွေကို ပြန်မကြည့်ချင်တော့။ အထုပ် ကို မဖြေဘဲ သည်အတိုင်း ပစ်ထားခဲ့သည် မဟုတ်လား။ ကြည့် ချင်စိတ်တွေ ခန်းနေပြီလေ။ တစ်ယောက်တည်း ပန်းချီကားခုံမှာ ထိုင်ဖို့ ဆိုသည်ကိုတော့ စားရဲပင် မရ။ ဓာတ်ပုံကျတော့ တစ်မျိုး ဖြစ်ချင်ဖြစ်လာ မည် ထင်၏။ သူ့ က်လုံးတွေ အရောင်တဖျပ်ဖျပ် လက်သွားသည်ကို ပီတာ ရင်တမမနှင့် င့်ကြည့်နေမိသည်။ အာရုံသစ် တစ်ခုနှင့် ဘဝသစ် တစ်ခု ဆီသို့ တည်လျှောက်လှမ်းပါတော့လား နန်စီရယ်။ ဘဝဟောင်းကတော့ မင်း စေချင်သည့် ပုံမျိုးဖြင့် မရှိတော့ဘူး မဟုတ်လား။ သည်တော့ အသစ်လေ…။ အသစ်ကိုသာ စပါတော့ နန်စီလေး။

"အညွှန်း စာအုပ်ကတော့ ကိုယ်ဖတ်လို့ နားမလည်ဘူးကွဲ့။ ကိုယ်က းစာလောက်သာ နားလည်တာ။ မင်းတော့ သဘောပေါက်မှာပါ နန်စီ"

"အို သိပ် ရတာပေါ့"

ခဏမျှ တွေသွားသည်။ ကင်မရာကို ကိုင်လျက်။ အညွှန်းစာအုပ်ကို ကိုင် က်။ အနားမှ ပီတာကိုပင် မေ့သွားသယောင်ယောင်။ တဒ်ဂလောက်နေမှ ထဲက စာအုပ်ကို အမှတ်မထင် ဇော့ယမ်းပြီး

"ဟိုဘက်ကို မျှော်ကြည့်လိုက်စမ်းပါ ပီတာရယ်။ ဘယ်လောက် ရိုက်ကွင်း ကောင်းလိုက်သလဲလို့"

သူ့ အာရုံကို စည်းရုံးနိုင်ပြီ ဖြစ်၍ ဒေါက်တာပီတာ ပျော်သွားသည်။ သည်အတွက် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးနေမိ၏။

နန်စီကတော့ အတွေးလျှဉ်ကြောဝယ် နစ်မျောသွားသည်။ နာရီဝက်ခန့်မျှ ကြာ၏။ နောက်မှ ပီတာကို သတိရပြီး ဆက်ခနဲ မော့ကြည့်သည်။ သူ့ လုံးတွေက ဆရာ့ကို ကျေးဇူး အထူးတင်လှကြောင်း ဖော်ကျူးနေသည်။

"နန်စီ ရဖူးသမျှထဲမှာ အလှဆုံး လက်ဆောင် ပစ္စည်းကလေးပါ ပီတာ"

အင်း… ပွဲဈေးတန်းမှာ မိုက်ကယ် ကြိမ်ကွင်းပစ်ပေးတဲ့ ရောင်စုံပုတီး လေးက လွဲလျှင်ပေါ့လေ။ ခေါင်းထဲတွင် ပေါ်ထွန်းလာသည့် အတွေးစကို ချင်း ဖြတ်တောက် မောင်းထုတ်ပစ်လိုက်ရသည်။ သည်သို့သော အခါမျိုး နန်စီ၏ သောက်ရူးကြယ် မျက်လုံးတွေပေါ်တွင် အတိတ်တစ္ဆေ တိမ်ညိုတွေ သွားတတ်စမြဲ။ သည်သို့ ဖြစ်လေတိုင်းလည်း ပီတာက သတိထားမိသည်



www.burmeseclassic.com

www.burmeseclassic.com



ချည်း။ တဖြည်းဖြည်းတော့ ဘဝသစ်ဘက်သို့ ကူးလာတန်ကောင်းပါရဲ့ဟု ပီတာ
မျှော်လင့်မိ၏။

"ဖလင်တွေကော ပါလားဟင် ပီတာ"

"ကင်မရာဝယ်မှ ဖလင်မပါဘဲ နေပါ့မလား ကလေးမရဲ့"

ဆရာဝန်က စက္ကူဘူးအသေး တစ်ခုထဲမှ ဖလင်လိပ်ကို ထုတ်ပြီး
ပေါင်ပေါ်တင်ပေးလိုက်၏။

"ဟုတ်ပါတယ် ပီတာရယ်။ ဆရာ့မှာ မေ့တယ် လျော့တယ် ဆိုတာ
မရှိတာ"

ကင်မရာထဲသို့ ဖလင် ထည့်ပုံက မြန်ဆန် သွက်လက်လှသည်။ ပြီးတော့
ပီတာ့ ပုံတွေကို တဖျပ်ဖျပ် ရိုက်နေတော့၏။ နောက် အပြင် ရှုခင်းတွေကို ရို
သည်။ နောက် ဝရန်တာ ပေါ်မှ ဖြတ်ပျံသွားသော ငှက်ကလေးကို ဖမ်းရိုက်
သည်။

"အစတော့ ပုံတွေ ကောင်းဦးမှာ မဟုတ်ဘူးပေါ့နော်"

ပီတာ ဘာမျှ မပြောဘဲ အံသော စောင့်ကြည့်နေသည်။ အကြာကြီး
ကြည့်နေသည်။ ပြီးတော့မှ ပန်းကို ညင်ညင်သာသာ သိုင်းဖက်ပြီး အခန်းထဲ
တွဲခေါ်လာခဲ့သည်။

"ဒီနေ့ ပါလာတဲ့ လက်ဆောင် တစ်ခုလေးဖို့ ကျန်သေးတယ် နန်စီ"

"ဘာလဲဟင်။ မာစီးဒီးကြီးလား"

"ဟင့်အင်း...အကောင်းပြောနေတာ"

ဆရာဝန်က နန်စီကို ငုံ့ကြည့်သည်။ ကြင်နာသော အပြုံးများဖြင့်။

"သိပ်ကို ထူးခြားတဲ့ အမျိုးသမီး တစ်ယောက်နဲ့ မင်းကို မိတ်ဆက်
မယ်။ တို့ သူငယ်ချင်း သုံးယောက် ဖြစ်သွားပြီပေါ့"

နန်စီ့ ရင်ထဲတွင် မနာလို ဝန်တိုမှုကလေးတွေ ပလုံစီလာသည်။ သို့
ဆရာ့ မျက်နှာထားကြောင့် တစ်မျိုး ပြန်ဖြစ်သွားသည်။ ဆရာ့ မျက်နှာမှာ တည်
လေးနက်နေ၏။ နန်စီက သူ့ကို စောင့်ကြည့် အကဲခတ်နေသည်ဟု ပီတာ
လည်လိုက်သည်။

"သူ့ နာမည်က 'ဖေးအယ်လီဆင်' တဲ့။ ကိုယ်နဲ့ ဆေးကျောင်းမှာ အတူ
တက်ခဲ့ကြတာပေါ့။ ဖေးဟာ အတော်ဆုံး စိတ်ကု ဆရာဝန်ပဲ နန်စီ။ သိပ်





တဲ့ အမျိုးသမီးပါ။ ပြီးတော့ ကိုယ့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းလည်း ဖြစ်တယ်
လေ။ သူ့ကို တွေ့ရင် မင်း သဘောကျမှာပါ"

"အဲဒီတော့"

နန်စီ စိတ်တွင် ဝေခွဲမရ ဖြစ်သွားသည်။

"အင်း... အဲဒီတော့ သူနဲ့ မင်းနဲ့ မိတ်ဆွေ ဖြစ်သွားရင် ကောင်းတာပေါ့။
ဒီ့ ဒီအကြောင်း ဆွေးနွေးကြဖူးသားပဲ"

"နန်စီ စိတ်မမှန်ဘူးလို့ ဆရာ ထင်လို့လားဟင်"

အသံက နာနာကြည်းကြည်း။ ကင်မရာကို ဘေးတွင် ချသည်။ ဆရာဝန်
ကို စူးစူးစိုက်စိုက် ကြည့်သည်။

"မဟုတ်ဘူး နန်စီ၊ မဟုတ်ဘူး။ ဒါကြောင့် မဟုတ်ဘူး။ မင်းမှာ စကား
ပြောဖော် နည်းလွန်းနေလို့။ ကိုယ်ရယ်၊ လီလီရယ်၊ ဂရက်ရှင်ရယ် သုံးယောက်
နည်းဆိုတော့ နည်းလွန်းတယ်။ မင်း မိတ်ဆွေကောင်း တစ်ယောက် မတိုးချင်
ဘူးလား"

မိတ်ဆွေကောင်းတဲ့။ မိတ်ဆွေကောင်း ရှိခဲ့ပြီပဲ။ မိုက်ကယ်လေ။ ခုတော့
ဒီတာပေါ့။ နောက်ထပ် ဘယ်သူများ လိုပါသေးလို့လဲ။

"ဆရာ့ သဘောပါလေ"

"ဆရာ ဆရာ ဆိုတဲ့ အသုံးအနှုန်းက ဘယ်က ရောက်ရောက်လာတာလဲ။
ပီတာ ဘယ်ရောက်သွားလို့လဲ နန်စီ"

တတ်လည်း တတ်နိုင်သည့် ပီတာ။ အလေးအနက် ဖြစ်နေသည့် အကြောင်း
အရာသည် ချက်ချင်း ပေါ့ပါးသွားသည်။ ပြုံးရသည်ပေါ့။

"ဖေး ဆိုတဲ့ အမျိုးသမီးမျိုးဟာ ထမင်းထုပ်နဲ့ လည်ရှာတောင် တွေ့ဖို့
ခဲတဲ့ အမျိုးသမီးမျိုး။ သိပ် ပြည့်ဝတယ်။ ကြင်နာတတ်တယ်။ ပြီးတော့
မင်း အကြောင်း ကြားပြီးကတည်းက မင်းကို သိပ် သနားနေတာ။ မင့် အကြောင်း
ကို သူ အစအဆုံး သိတယ်လေ"

"ဟင်... နန်စီကို သိတယ်။ ဟုတ်လား"

"အစအဆုံးပါဆို"

မာရီယံဟီးလ်ယဒ်နှင့် ဒေါက်တာဝစ်ဖီးတို့ ဖုန်းဆက်သည့် ညက ဒေါက်တာ
ဘာဂရက်ဆင်၏ နံဘေးတွင် ဖေးအယ်လီဆင် ရှိနေခဲ့၏။ သည်အထိတော့



www.burmeseclassic.com

www.burmeseclassic.com



နန်းစီတို့ အသိပေးဖို့မလိုဟု ထင်သည်။ ပီတာနှင့် ဖေးတို့ နှစ်ယောက်မှာ သူငယ် ချင်းလည်းမက သမီးရည်းစားလည်းမကျ နေလာခဲ့ကြသူတွေ။ အလုပ်ချင်းအ ဆက်စပ်နေပြီး တစ်ဦးကို တစ်ဦး အဖော်မွန်တွေဟု သတ်မှတ်ထားကြသူတွေ ရမ္မက်ရှိန်တက်သည့် အခိုက်တွင်တော့ ချစ်သူတွေပေါ့။

"သူ ဒီနေ့ နေ့လယ် ကော်ဖီ လာသောက်လိမ့်မယ်။ နန်းစီ သဘောတူရဲ့ လားဟင်"

ငြင်းဆန်ဖို့ မလွယ်တော့မှန်း နန်းစီ သိလိုက်သည်။

"သဘောမတူစရာ မရှိပါဘူး ပီတာရယ်"

အတွေးနယ်ချဲ့ပြီး ဧည့်ခန်းထဲတွင် ထိုင်နေမိသည်။ သည်ကမ္ဘာကမြေ ထဲသို့ နောက် တစ်ယောက် ဝင်လာသည့် အတွက် ဘဝင်သိပ်မကျချင်။ အရွ သဖြင့် မိန်းမသား တစ်ဦး ဖြစ်နေ၍။ စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်လာသည် မနာလိုချင် သလိုလို။

ဖေးနှင့် တွေ့တော့ နန်းစီ့ စိတ်တွေ ပြောင်းပြန် ဖြစ်သွားသည်။ ခင်မင်နှစ် ဖွယ်ကောင်းလိုက်သည့်ဖြစ်ခြင်း။ ပိန်ပိန်သွယ်သွယ်၊ အရပ်မြင့်မြင့်၊ ဆံပင်ဏ ရွှေရောင်၊ အလွန် ထက်မြက်သည့်ပုံ။ လျှင်မြန်ဖျတ်လတ်သည့် မျက်လုံးမျ တွင် အကြင်နာခိုးတွေ ဝေလျက်။ သူ့ မျက်နှာသည် မြင်ရသူ ရင်အေးစေမည့် မျက်နှာမျိုး။ စကားပြောလျှင် ဟာသဉာဏ်ရွှင်ရွှင်ဖြင့် ပြောတတ်၏။ သို့သော် တစ်ဖက်သားကို အလေးအနက် ထားကြောင်းလည်း ပေါ်လွင်သည်။ ပီတာ အမျိုးသမီး နှစ်ယောက်ကို အတူထားခဲ့ပြီး ထွက်သွားသည်။ သည်အတွက် နန်းစီမှာ ဝမ်းသာ၍ပင် နေမိသေး။

နှစ်ယောက်သား သောင်းပြောင်းထွေလာ စကား ပြောဖြစ်ကြသည်။ ကာ တိုက်မှု အကြောင်းကိုတော့ ဘယ်သူကမျှ စကားမစ။ ဘော့စတွန် အကြော ပန်းချီကားတွေ အကြောင်း၊ ဆန်ဖရန်စစ္စကို အကြောင်း၊ ဆေးကျောင်းအကြော စုံနေအောင် ပြောကြသည်။

ဖေးက သူ့ ဘဝ အကြောင်းတွေကို ပွင့်အောပြီး ပြောပြသည်။ နန်းစီကလည် မိုက်ကယ်မှလွဲ၍ ဘယ်သူ့ကိုမျှ မပြောခဲ့ဖူးသေးသည့် သူ့ အကြောင်းတွေ ပြောပြမိသည်။ မိဘမဲ့ ကျောင်းတွင် ကြီးပြင်းခဲ့ရသည့် ဘဝကို ပြန်ပြောပြရ ပီတာအား ပြောပြထားသည်ထက် ပြည့်ပြည့်စုံစုံ ပြောပြမိသည်။





ပီဘိ ကလေးငယ် ဘဝတွင် ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံတွေ၊ အထီးကျန် နိုင်မှုတွေ၊ သိတတ်သည့် အရွယ်တွင် ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါလဲဟု ထမဦးဆုံး စဉ်းစားရတာတွေ၊ ဘာ့ကြောင့် တစ်ကိုယ်တည်း အစွန့်ပစ်ခံခဲ့ရ သည်ဆိုသည့် ပြဿနာတွေကို အိတ်သွန်ဖာမှောက် ပြောပြမိသည်။ နောက်ဆုံး ဗာရီယံဟီးလ်ယဒ်နှင့် စီစဉ်ခဲ့သည့် အစီအစဉ်ကို ထုတ်ပြောမိသည်အထိ။ သည် အကြောင်းတွေကို ဖေးက လေးလေးစားစားနှင့် စိတ်ဝင်တစား နားထောင်သည်။ ကနာစိတ် အပြည့်ဖြင့် နားထောင်သည်။ နန်းစီကလည်း ကုန်လွန်ခဲ့သည့် လေးလ အတွင်း ကြုံတွေ့ခဲ့ရသည့် ဖြစ်ကြောင်းကုန်စင်မျှသာမက သူ့ ဘဝ တစ်ခုလုံးကို ပါ လှစ်ပြလိုက်၏။ မာရီယံနှင့် ပဋိညာဉ် ပြုခဲ့သည့် ကိစ္စကို ရင်ဖွင့်လိုက်ရသည့် အတွက် သူ့ ရင်ထဲတွင် တစ်ဆို့နေသော အလုံးကြီး ကျသွားသလို ခံစားလိုက်ရ သည်။

"မိသားစု ပုံစံနဲ့ တစ်ခါမှ မနေခဲ့ဖူးဘူးလေ။ မိဘမဲ့ကျောင်းက သီလရှင် တွေကိုပဲ မိဘလို အောက်မေ့ခဲ့ရတာ။ ဒါကြောင့်ပေါ့၊ မိုက်ကယ်ဆီကရော အေဗရီ ဆီကပါ မာရီယံ အကြောင်း ကြားရတော့ ခင်တွယ်ချင်စိတ်တွေ ပေါ်လာခဲ့တယ် လေ။ သူကလည်း ချစ်မှာပဲလို့ တွေးပြီး စိတ်ကူးတွေ ယဉ်ခဲ့တယ် ဖေးရယ်"

နန်းစီ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ပြည့်လာသည်။ နောက်ပြီး အဝေးသို့ ငေးကြည့်နေသည်။

"သူ့ကို မိခင် တစ်ယောက်လို ချစ်ချင်တာ မဟုတ်လား နန်းစီ"

နန်းစီ ခေါင်းညိတ်သည်။ မျက်တောင်ခတ်သည်။ မျက်ရည် မကျအောင် ထိန်းပြီး ရယ်လိုက်သည်။

"ဟုတ်တယ် ဖေး။ ကိုယ်ဟာ သိပ် ရူးပေါပေါ နိုင်ခဲ့တာပဲနော်"

"မဟုတ်ပါဘူး နန်းစီရယ်။ ဒါ သဘာဝကျပါတယ်။ ကိုယ်က မိနဲ့ ဖနဲ့ နေခဲ့ရတော့ ကိုယ့် ချစ်သူရဲ့ မိဘကို မိရင်းဖရင်းလို အားကိုးခင်မင်တတ်ကြ တယ်လေ။ မာရီယံက ခုလို မင်းကို လုပ်လိုက်တော့ မင်း သူ့ကို သိပ်နာကြည်း သွားမှာပဲနော်"

မေးလို့သာ မေးရသည်။ ဖေးက အဖြေကို သိနှင့်နေပြီး ဖြစ်၏။

"ဟုတ်တယ် ဖေး။ သူကလည်း နန်းစီကို တူးတူးခါးခါး မုန်းနေတာပါပဲ လာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါမလား နန်းစီ။ မင်း ပြောသလို ဆိုရင် မင်းကို မျက်နှာအသစ်နဲ့ လှလှပပ နေနိုင်အောင် သူ လုပ်ပေးပ့ါမလား"

အထက်တန်းကျကျ နေနိုင်ဖို့နဲ့ လိုလေသေးမရှိ စီစဉ်ပေးထားသည့် အကြောင်းကိုတော့ ဖေး ထည့်မပြော။

"ဒါက အပေးအယူ လုပ်ရတာကိုး ဖေးရဲ့။ နန်းစီက ချစ်သူ တစ်ယောက်လုံး စွန့်လွှတ်လိုက်ရတာလည်း ထည့်တွက်ဦးမှပေ့ါ။ သူ့ အတွက်ကော မိုက်ကယ့် အတွက်ပါ လမ်းရှင်းပစ်လိုက်တဲ့ သဘောပါ။ သူ စပြောကတည်းက ဒါကို နန်းစီ နားလည်လိုက်ပါတယ်။ အဲဒီ တဒင်္ဂကို ပြန်တွေးကြည့်ရင် ခုထိ ရင်နာနေတုန်းပါ ဖေးရယ်"

နန်းစီ သက်ပြင်းချသည်။ ပြီးမှ တိုးညင်းလှသော အသံကလေးဖြင့် ဆက်ပြောသည်။ "ဆုံးရှုံးခြင်းနဲ့ ဘဝကို စခဲ့ရသူပါ ဖေးရယ်။ ခုလည်း ဆက်ပြီး ဆုံးရှုံးရဆဲပါ"

"မိဘတွေ ဆုံးတာကိုကော မှတ်မိသေးလားဟင်"

"ဟင့်အင်။ နန်းစီ ငယ်ငယ်ကလေး ကတည်းက ဆုံးကြတာလေ။ မှတ်မိတာ တစ်ခုပဲ ရှိတယ်။ အဖေကော အမေကော မရှိတော့ဘူးဆိုတဲ့ အကြောင်း လာပြောကြတော့ ဝမ်းနည်းပက်လက် ငိုမိတယ်။ ဒါပေမဲ့ ဘာကြောင့် ငိုမိတယ် ဆိုတာ အဲဒီတုန်းက နားမလည်သေးဘူး ထင်ပါရဲ့။ အဲဒီ ကတည်းက ကိုယ့်ကိုယ်ကိုယ် အပယ်ခံ၊ အစွန့်ပစ်ခံလို့ ခံစားခဲ့ရတာပါ"

"ခုကော အဲ့ဒီလိုပဲ ခံစားနေရတယ်လို့ ထင်လားဟင်"

ဖေးက မှန်းဆပြီး မေးသည်။ ဖေး၏ မှန်းဆချက်မှာ လုံးဝ မှန်ကန်နေသည်။

"တူတူပဲ ထင်ပါရဲ့။ ရင်ထဲမှာ ဘာမှ မကျန်တော့သလိုပဲ။ အရင်အတိုင်း ပဲပေ့ါ။ လောကကြီးမှာ ငါ တစ်ယောက်တည်းပါလား ဆိုတဲ့ အတွေးမျိုးပဲ ပြန်ဝင်လာတာပဲ။ ဟိုတုန်းကတော့ မိဘမဲ့ ဂေဟာက ငါ့ကို ကြီးပြင်းလာအောင် စောင့်ရှောက်လိမ့်မယ်လို့ နားလည်ခဲ့တယ်။ ခုတော့ ပီတာက မာရီယံ့ ငွေတွေနဲ့ နန်းစီရဲ့ ခန္ဓာကိုယ်ကို ဖာထေးပေးလိမ့်မယ်ပေ့ါ။ အဲဒီ နောက်ပိုင်း ဘာတွေ ဖြစ်လာဦးမလဲ မသိတော့ပါဘူး ဖေးရယ်"





"မိုက်ကယ်ကို မင်း ဘယ်လို သဘောထားမလဲ နန်းစီ။ မင်းဆီကို သူ ပြန်လာမယ်လို့ ထင်လားဟင်"

"တစ်ခါတလေတော့ ထင်တယ်။ တစ်ခါတလေ မဟုတ်ပါဘူးလေ၊ တွေးစားလိုက်တိုင်း ပြန်ဆုံကြမယ်လို့ ထင်ခဲ့တာများပါတယ်"

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။

"ပြန်လည် ဆုံတွေ့မှာ မဟုတ်တော့ဘူးလို့ ထင်တဲ့အခါမျိုးကျတော့ ဘယ်လို ခံစားရလဲဟင်"

"အင်း တွေးကြည့်ဖူးတာပေ့ါ ဖေး။ ငါဟာ အရင်က ငါ မဟုတ်နိုင်တော့ဘူး၊ ငါ့ကို သူ ပြန်တွေ့ဖို့ ကြောက်များနေမှာလား။ ဘယ်လိုများ သူ ခံစားရလေမလဲနဲ့ပေ့ါ။ ဒါပေမဲ့ ခုလောက်ဆို ခွဲစိတ်ကုသနေတယ် ဆိုတာကော အခြေအနေများကြီး ကောင်းနေပြီ ဆိုတာကော သူ ကြားလောက်နေပါပြီ။ ဒါနဲ့တောင် သူ ရောက်မလာတာ စဉ်းစားစရာပဲနော်"

နန်းစီက ဖေးအယ်လီဆင်၏ မျက်နှာ တည့်တည့်ကို ကြည့်လိုက်သည်။

"အဲဒါကို နန်းစီ စဉ်းစားနေတယ် ဖေး"

"ဘာကြောင့်လဲ ဆိုတာ မင်း အဖြေထုတ်လို့ မရဘူးလားဟင်"

"ဟင့်အင်။ ကျေနပ်လောက်တဲ့ အဖြေကို မရဘူး ဖေး။ သူ့ အမေရဲ့ သည်းရုံးရေး အောင်မြင်သွားပြီလားလို့လည်း တွေးတဲ့အခါ တွေးမိရဲ့။ ပြီးတော့ အညတရ ကောင်မလေးကြောင့် ငါ့ ဘဝရဲ့ ဇရာမ စီမံကိန်းကြီးတွေကို ထိခိုက်မယ်ဆိုပြီး သူ့ဘာသာသူ စိတ်ပြောင်းသွားတာများလားလို့လည်း စဉ်းစားမိရဲ့၊ မာရီယံဟီးလ်ယဒ်က မိရိုးဖလာ လုပ်ငန်းကြီးကို သူ့ သားလက်ထက်မှာ အထွတ်အထိပ် ရောက်အောင် တွန်းပို့မယ့် အမျိုးသမီး မဟုတ်လား။ မိဘမဲ့ ဂေဟာထွက် ကလေကချေ မိန်းကလေး တစ်ယောက်နဲ့ ဘယ်မှာ ပတ်သက်ချင်ပါ့မလဲ။ နေနဲ့လ ရွှေနဲ့မြလိုဟာမျိုးပဲ ရှာပေးမှာပေ့ါ၊ မဟုတ်ဘူးလား"

"ရွှေတွေ မြတွေ၊ နေတွေ လတွေကို မိုက်ကယ်က ဂရုစိုက်လို့လား နန်းစီရဲ့"

"ဟိုတုန်းကတော့ ဂရုမစိုက်ဘူးပေ့ါ။ ခုတော့ မသိဘူးလေ"

"သူ့ကို မင်း တကယ် စွန့်လွှတ်လိုက်ရရင် ဘယ့်နှယ် လုပ်မလဲဟင်"

နန်းစီ နောက်တွန့်သွားသည်။ ဘာမျှတော့ ပြန်မပြော။ သို့သော် သူ့ မျက်လုံးများတွင် မျှော်လင့်ချက် ရောင်ခြည်တွေ တဖျပ်ဖျပ်။



www.burmeseclassic.com

www.burmeseclassic.com



"ရက်ရှည်လများ မင်း ခွဲစိတ်ကုသနေရတဲ့ ကိစ္စကို သူက လျစ်လျူရှုနေတယ်ဆိုရင်ကော မင်း သူ့ကို စိတ်ပျက်မသွားဘူးလားဟင်"

နန်စီ သက်ပြင်းချသည်။

"အင်း... ပျက်ချင် ပျက်မလားပဲ။ ရေရေရာရာတော့ မပြောတတ်ဘူးဖေး"

"ထားပါလေ။ အချိန်က အဖြေ ပေးပါလိမ့်မယ်။ ခုတော့ မင်း ဘယ်ကိစ္စမှာ ဘယ်လို ခံစားရတယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေဖို့ပဲ။ ဒါ အရေးကြီးဆုံးပဲ။ ဒါထက် မင့် အကြောင်း မင်း ဘယ်လို ခံစားရလဲ နန်စီ ဟင်နောက် ပေါ်လာမယ့် နန်စီ တစ်ယောက်ကို မင်း ဘယ်လို သဘောထားမလဲလို့မေးတာပါ။ စိတ်ထဲမှာ သိပ် လှုပ်ရှားနေမလား။ ဒါမှမဟုတ် သိပ်ကြောက်နေမလား။ မူလ ပုံမှန်ပြန်မဖြစ်နိုင်တော့တဲ့ အတွက် စိတ်ပျက်မလား။ ဒါမှမဟုတ်စိတ်သက်သာရာရမလား"

"စိတ်ထဲမှာတော့ ဖေး ပြောတာတွေ အားလုံး ခံစားနေရတာပဲ"

နှစ်ယောက်သား ပြိုင်တူ ရယ်မောလိုက်ကြသည်။

"အမှန်အတိုင်း ပြောရရင်တော့ မတွေးရဲလောက်အောင်ပဲ ဖေး။ စဉ်းစားကြည့်လေ။ နှစ်ဆယ့်နှစ်နှစ် လုံးလုံး မှန်ထဲမှာ မြင်တွေ့ခဲ့ရတဲ့ ကိုယ့်ရုပ်ပုံနေရာမှာ တခြား တစ်ယောက် အစားဝင်လာမယ် ဆိုတော့... တခြား အကြောင်း ပြောကြရအောင်ပါ ဖေးရယ်"

"မင်း တစ်ယောက်ယောက်ကို စိတ်ကူးနဲ့မှန်းပြီး ချစ်ဖူးလားဟင်"

"အင်း... တစ်ခါတလေ အဲဒီလိုမျိုး ဖြစ်ဖူးတယ်"

"ဘယ်လို စိတ်ကူးတတ်သလဲ နန်စီ"

"အမှန်အတိုင်း ပြောမယ်နော်"

"ပြောပါ၊ နန်စီ့ကို ယုံပါတယ်"

"မိုက်ကယ့်ကိုပဲ စိတ်ကူးတာပေါ့။ တစ်ခါတလေတော့ ပီတာ"

"မင်း ပီတာကို ချစ်နေတာလား နန်စီ"

ကောက်ကာငင်ကာ မေးလိုက်ပုံက ဖေး ဆိုသည့် အမျိုးသမီးနှင့် မတူတော့နန်စီ၏ စိတ်ကုဆရာဝန် ဒေါက်တာဖေးအယ်လီဆင်၏ပုံ ပေါ်လာသည်။

ဒုတိယအကြိမ်



"ဟင့်အင်... ပီတာကို ချစ်လို့ ဘယ်ရမလဲ ဖေး။ ပီတာဟာ တကယ့်ကိုအံ့သြစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါ။ တကယ့် မိတ်ကောင်းဆွေကောင်းပါ။ ပီတာ့ကိုဘယ်တုန်းကမှ မတွေ့ဖူးလိုက်တဲ့ ကိုယ့် အဖေလို ချစ်နေမိတာ ဖေးရဲ့။ ချစ်သူကတော့ မိုက်ကယ်မှ မိုက်ကယ် တစ်ယောက်တည်းရယ်လေ"

"အေးလေ... နောက် ဘာတွေ ဖြစ်လာဦးမယ် ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

ဖေးက သူ့ လက်မှ နာရီကို ငုံ့ကြည့်ပြီး အံ့သြသွားသည်။ သူတို့ စကားပြောနေကြသည်မှာ သုံးနာရီကျော် ကြာသွားခဲ့ပြီ။

"ဟယ်... ကြည့်စမ်း။ ခုနစ်နာရီတောင် ထိုးပြီ" နန်စီလည်း သူ့ နာရီကိုပြန်ကြည့်ပြီး မျက်လုံး ပြူးသွားသည်။

"ဟုတ်ပါရဲ့နော်၊ အချိန်တွေ ဘယ်လိုများ ကုန်သွားပါလိမ့်" ဟု အပြုံးဖြင့်ပြောသည်။

"လာခဲ့ပါဦးနော် ဖေး။ ပီတာ ပြောတာ သိပ် မှန်တာပဲ။ ဖေးက တကယ့်ကိုချစ်ဖို့ကောင်းတာ"

"ဟုတ်လား။ လာရမှာပေါ့ကွယ်။ ပီတာက ကိုယ်နဲ့ မင်းကို အမြဲ တွဲနေစေချင်တာ။ ဘယ့်နှယ်လဲဟင်"

"ဟာ... သိပ်ကောင်းပေါ့။ ဖေးနဲ့ စကား ပြောရတာ သိပ်ပျော်စရာကောင်းတာပဲ။ ဒီနေ့ ကြည့်လေ"

"နေ့တိုင်း နေ့တိုင်း သုံးနာရီ ကြာအောင်တော့ တို့ မပြောနိုင်ဘူး ထင်တယ်" နန်စီက တခါးဝသို့ လိုက်ပို့ရင်း ရယ်နေသည်။

"တစ်ပတ်ကို သုံးရက်၊ တစ်ရက်ကို တစ်နာရီဆို ဘယ့်နှယ်နေမလဲ။ ဒါကပုံမှန် ပြောတာလေ။ နန်စီနဲ့ ကိုယ်နဲ့ သူငယ်ချင်း ဖြစ်သွားပြီပဲ၊ အမြဲ တွဲကြတာပေါ့နော်"

"ကောင်းပါတယ် ဖေးရယ်၊ သိပ် ကောင်းပါတယ်"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြ၏။ နန်စီ ရင်တွေခုန်နေသည်။ ညသော်... ဖေးနဲ့ ပြန်တွေ့ဖို့ နှစ်ရက်တောင် စောင့်ရဦးမှာပါကလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

မီးလင်းဖို အနီးရှိ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် နန်းစီ သက်သောင့် သက်သာ ထိုင်နေသည်။ ခေါင်းကို နောက်သို့ မှီလျက်။ သည်နေ့ ဖေး၏ အခန်းသို့ ငါးမိနစ်စောပြီး ရောက်နှင့်နေသည်။ ဖေးနှင့် သိပ် စကားပြောချင်နေသည် လေ။ ဒေါက်မြင့်ဖိနပ်သံ တခွပ်ခွပ် ကြားရသည်။ နန်းစီ ပြုံးလိုက်၏။ ပြီးတော့ ကိုယ်ကို မတ်မတ်ထိုင်ပြီး ဖေးကို ကြိုနေလိုက်၏။

"ဟယ်... ဒီနေ့ အစာကြီးပါလား။ ဝတ်လာတာက မနီရဲလွန်းဘူးလား နန်စီရယ်"

ဖေးက တံခါးဝမှရပ်ပြီး ပြုံးနေသည်။

"ရဲလွန်းတာက အကြောင်း မဟုတ်ပါဘူးလေ။ မေးစေ့အသစ်ကလေး ကြည့်ရအောင်လို့"

နန်စီ့ အနား တိုးလာပြီး မျက်နှာ အောက်ပိုင်းကို ကြည့်သည်။ နှစ်ယောက်သား အပြုံးကိုယ်စီ ဆင်မြန်းထားကြသည်။ အောင်မြင်သော အပြုံးများ။

"ဘယ်လိုနေလဲဟင် ဖေး" မေးသာ မေးရသည်။ ဖေး၏ မျက်နှာတွင် အဖြေက ပေါ်နေပြီးသား။ ဖေးသည် ပီတာ၏ တန်ခိုးစွမ်းအင်ကို ရင်သပ်ရှုမော ဖြစ်နေပြီး တစ်ချိန်တည်းတွင် နန်းစီအတွက် အပျော်ကြီး ပျော်နေပုံရ၏။

"သိပ်ကို လှတာပဲ နန်းစီ၊ တကယ်ပါပဲကွယ်"





လည်တိုင် ကြော့ကြော့နှင့် လိုက်ဖက်လှသည့် မေးစေ့ သွယ်သွယ်ကလေး။ နှုတ်ခမ်းကလေးတွေက တပ်မက်ချင်စရာ။ ပခုံးသားအကျမှာ ဝိုင်းဝိုင်းညက်ညက်။ မြင်သူ ဗျာပွေလောက်မည့် မိန်းကလေး ဖြစ်လာရန် နောက်ထပ် ဘာမျှ ပြည့်စရာ၊ ဖွက်စရာ မလိုတော့။ ပီတာ တစ်ချိန်လုံး ဆွဲနေသည့် ပုံတွေ၊ ပန်းပုရုပ် အစိတ်အပိုင်းတွေသည် တဖြည်းဖြည်း စုစည်းမိလာပြီ။ ပုံပေါ်စ ပြုလာပြီ။

"ကြည့်စမ်း။ လိုချင်လိုက်တာကွယ် အဲ့ဒီမျက်နှာမျိုးလေး"

နန်စီက အားရပါးရ အော်ရယ်နေသည်။ မျက်နှာ အထက်ပိုင်းကိုမူ ပတ်တီးတွေအောက်တွင် မြုပ်နှံထားရဆဲ။ နန်းစီ ဆောင်းဖို့ အညိုရောင် ဦးထုပ်အဝိုင်းကြီး တစ်လုံး ဝယ်ထားသည်မို့ သည်ဦးထုပ်ကြီးကို ခပ်ငိုက်ငိုက် ဆောင်းပြီး နန်စီ အပြင်ထွက်နိုင်နေပြီ။ နောက်ပြီး သိုးမွေး ကုတ်အင်္ကျီ အညိုရောင်၊ ဖိနပ်ကလည်း အညိုရောင်။

ပီတာက သူ့ ကတိအတိုင်း နန်စီ့ အလှကို တစ်စစ အသက်သွင်းနေသည်။ ကိုယ်နေဟန်မှာ နဂိုက လှပြီးသားမို့ မျက်နှာကိစ္စ အားလုံးပြီးလျှင်တော့ အစ်ကို ကာလသားတို့ ရင်သပ်ရှုမော ဖြစ်ကြရဦးမည်ဟု ဖေးက တွေးနေသည်။

"ကိုယ့်ကိုယ်ကိုယ် လိပ်ပြာ မလုံသလိုပဲ ဖေးရယ်။ အန္တရာယ်တွေကို ကျော်ဖြတ်ခဲ့ပြီးလို့ ဝမ်းတော့ သာတာပေါ့လေ။ ဒါပေမဲ့ မျက်နှာက နန်စီနဲ့ မတူတော့ စိတ်ထဲ တစ်မျိုးကြီးပဲ။ မျက်နှာအသစ်ကို သဘောကျတာက တစ်ပိုင်းလေ"

"မူလ နန်စီနဲ့ မတူတော့တာကို မင်း သိပ် စိတ်အနှောင့်အယှက် ဖြစ်နေလားဟင်"

"ဒါလောက်ကြီး မဟုတ်ပါဘူး ဖေးရယ်။ ဒါပေမဲ့ နန်စီနဲ့ တူတာကလေးတွေတော့ တတ်နိုင်သမျှ ကျန်နေစေချင်တယ်လေ။ ခု နှုတ်ခမ်းတွေဟာ နန်စီ့ အရင်နှုတ်ခမ်းတွေထက် အများကြီး ပိုလှနေတာပဲ။ မျက်နှာ တစ်ခုလုံးမှာ နန်စီနဲ့တူတာ ရှာမရတော့ရင်တော့ ဒုက္ခပဲနော်"

"အကောင်းဆုံးကတော့ မင်း အသားမျှောလိုက်နေ နန်စီ။ နောက်ဆို မင်း ပျော်လာမှာပါ။ စိတ် လှုပ်ရှားစရာလေးတွေတောင် ဖြစ်လာဦးမယ်"

"ဖေး... ဘာကို ဆိုလိုတာလဲဟင်"

"ဒီလိုလေ။ တို့တစ်တွေ မင်းကို နန်စီ ပြန်ဖြစ်အောင် လုပ်နေတဲ့နေရာမှာ ပိုလှတဲ့ နန်စီ ဖြစ်အောင်လုပ်ကြမှာ။ ဒါကို မင်းက အသာကြည့်နေ။ ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ် ကြည့်သလိုသာ ကြည့်နေ။ အဲဒီနေရာမှာ ပီတာ လုပ်လို့ မရတာတွေ ရှိနေတယ်။ ဒါကျတော့ မင်းဘာသာမင်း လုပ်မှရမယ်။ ဥပမာကွာ မင်း ဟိုတုန်းက လမ်းလျှောက်ပုံကို မင်း သဘောကျရဲ့လား”

နန်စီ စိတ် ရှုပ်သွားသည်။ သည်အကြောင်းအရာမျိုးကို တစ်ခါမျှ မစဉ်းစားခဲ့မိ။ ဖေး၏ လူနာကြည့်ခန်းသို့ လမ်းပေါက်ခဲ့သည်မှာ လေးလ တင်းတင်းပြည့်ခဲ့ပြီ။ သည်အကြောင်းအရာမျိုးကို မပြောဖူးခဲ့ကြ။

“ဒါတော့ မသိဘူး ဖေး။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပုံနဲ့ လမ်းလျှောက်ခဲ့တယ်ဆိုတာ တစ်ခါမှ သတိမထားခဲ့မိဘူး”

“ကဲ... ဒါဖြင့် တို့ စဉ်းစားကြည့်ကြရအောင်။ အသံကျတော့ကော အသံ လေ့ကျင့်ခန်း သင်တန်းတက်ဖို့ မင်း တစ်ခါမှ စိတ်ကူးမကြည့်မိဘူးလား။ မင်း အသံက ကောင်းပါတယ်။ နူးညံ့တယ်။ သိမ်မွေ့တယ်။ ဒါပေမဲ့ လေ့ကျင့်ခန်း ယူလိုက်ရင် ဒီထက် ပိုပြီး စနစ်ကျလာမယ်။ ပိုပြီး ဂိတ်ဆန်လာမယ်။ မင်းမှာ ရှိပြီးသား အရည်အချင်းတွေကို ပိုပြီး လှပလာအောင် ဘာလို့ လုပ်မယူနိုင်ရမလဲ။ ဒါတွေဟာ ရင်ခုန်စရာ တစ်မျိုးကလေးတွေပေါ့။ ပီတာကလည်း သူ တတ်နိုင်တဲ့အပိုင်းတွေကို လုပ်ပေးနေတာပဲ။ မင်းကိုယ်တိုင် လုပ်လို့ရတာတွေကို ဘာလို့ မင်း မလုပ်နိုင်ရမလဲ။ မဟုတ်ဘူးလား နန်စီ”

နန်စီ၏ မျက်နှာ အောက်ပိုင်းကလေး ဝင်းပသွားသည်။ ဖေး၏ တိုက်တွန်းချက်ကို သူ သဘောတွေ့သွားသည်။

“ဒါဆို နန်စီ အဘက်ဘက်မှာ တိုးတက်လာနိုင်တာပေါ့နော်။ စန္ဒရားတီးမယ်။ လမ်းလျှောက်ပုံ ပြောင်းပစ်မယ်။ နာမည်တောင် ပြောင်းပစ်လို့ ရတာပဲနော် ဖေး”

“ဟိုး...ဟိုး... နန်စီ။ တစ်ထစ်ချင်း တက်ကြတာပေါ့ကွယ်။ ခြေလှမ်း မကျဲနဲ့ဦးလေ။ ပင်ကို နန်စီ မကျန်တော့ဘဲ ဖြစ်နေဦးမယ်။ မင်း လိုချင်တာက မူလ လက်ဟောင်း နန်စီကို အရည်အသွေးတွေ ထပ်တိုးလာဖို့ မဟုတ်လား။ တို့ အားလုံး ခြုံစဉ်းစားကြရအောင် နန်စီ။ ကိုယ့် စိတ်ထဲမှာ ထင်နေတယ် သိလား၊ မင်း အဲဒီလို လုပ်နိုင်ရင်လေ တို့ အားလုံး သိပ်စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေနဲ့ တွေ့ကြုံရလိမ့်မယ်လို့”

“အသံပါ အသစ်ရမယ် ဆိုရင် သိပ် လိုချင်တယ် ဖေးရယ်”





နန်စီ ခေါင်းကို နောက်သို့လှန်ပြီး တခစ်ခစ် ရယ်နေသည်။

“ဒီလိုလေ” ဟု ဆိုပြီး အောက်သံနှင့် အသံ ထွက်ပြတော့ ဖေးက ရယ်သည်။

“အဲ့ဒီ အသံမျိုး လုပ်တတ်ရင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေပါ တပ်ပေးဖို့ ပီတာကို ပြောလိုက်မယ်လေ”

“အိုး... ကြောက်စရာကြီး ဖြစ်နေမှာပေါ့”

နှစ်ယောက်သား ကျောင်းပိတ်ရက် သူငယ်ချင်းတွေလို ဖြစ်သွားကြပြန်သည်။ နန်စီက ထပြီး အခန်းထဲတွင် ဘဲလေး ကသလို ခပ်ဝဲဝဲကလေး လှည့်ပတ်လျှောက်သွားနေသည်။ ဘယ်လောက် ငယ်ရွယ်နုပျိုသည့် ကလေးမပါလဲ။ သူ့ကို ငေးကြည့်နေ၏။ သြော်... သူ့ခမျာ ခုမှ နှစ်ဆယ့်သုံးနှစ်ထဲ ဝင်ကာစလေး ရှိသေးတာပဲ။ သူ့ ဘဝ ကြီးပြင်းလာပုံက တကယ့်ကို ကြေကွဲစရာကြီး။ မွေးနေ့တွေ ရောက်လာလိုက်၊ လွန်သွားလိုက်နှင့် မွေးနေ့ပွဲ ဆိုတာကို တခြား ကလေးတွေလို နားလည်ခွင့် ရခဲ့ရှာမည် မဟုတ်။

“နန်စီ နားလည်ထားစေချင်တာ တစ်ခုတော့ ရှိတယ်ကွယ်”

ဒေါက်တာဖေးအယ်လီဆင်၏ အသံက လေးနက်လာသည်။

“ဘာများလဲ ဖေးရဲ့”

“ဘာကြောင့် မင်းကိုယ်မင်း အသစ် သိပ်ဖြစ်ချင်ရတာလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် နားလည်ထားရလိမ့်မယ် နန်စီ။ မိဘမဲ့ကျောင်းက ထွက်လာတဲ့ ကလေးတိုင်း မင်းလို ဆန္ဒမျိုး ရှိတတ်ကြတယ်ကွဲ့။ သူတို့ကိုယ်သူတို့ ဘယ်တော့မှ ပြည့်စုံတယ် မထင်ကြဘူးလေ။ မင်းကိုယ်မင်း ပြန်ကြည့်လေ။ မိဘတွေကို မတွေ့လိုက်ရတော့ မင်း ခန္ဓာကိုယ် ထဲမှာ တစ်ခုခု လိုနေသလိုလို၊ ပျောက်ဆုံးနေသလိုလို ခံစားရတယ်။ ပြီးတော့ ကိုယ့်မှာ ရှိထားတဲ့ ကိုယ်ပိုင် အစိတ်အပိုင်းတွေ အရည်အသွေးတွေကလည်း ကိုယ်ပိုင် မဟုတ်သလိုလို၊ အဲ့ဒီ ပင်ကို အရည်အသွေးတွေကို စွန့်ပစ်ဖို့ လွယ်တယ် နန်စီ။ ဒါကြောင့် တို့ ပြောတဲ့ အစီအစဉ်ဟာ မင်း အတွက် လွယ်လွယ်ကူကူ ဖြစ်နိုင်တဲ့ အစီအစဉ်ပဲကွဲ့”

နန်စီ ငြိမ်ပြီး နားထောင်နေသည်။ ဖေးက မီးဖို အနီးရှိ ကုလားထိုင်ကြီးပေါ်တွင် နောက်သို့ ပစ်မှီပြီး နန်စီကို ပြုံးကြည့်နေသည်။ စိတ်ရောဂါကုဆရာဝန်၏ အခန်းမှာ အံ့သြစရာ ကောင်းလောက်အောင် အပြင်အဆင် ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ အခန်းထဲသို့ ရောက်လာသည့် လူတိုင်းကို တမုဟုတ်ချင်း သက်သောင့် သက်သာ ဖြစ်သွားစေသည့် အခန်းမျိုး။ အဘွား လက်ထက်မှ အမွေရခဲ့သည့် ပါရှားကော်ဇောကြီးကို ခန်းလုံးပြည့် ခင်းထားသည်။ ကြေးဝါဖြင့်ပြီးသည့် နံရံကပ်မီးဆိုင်းကြီးများနှင့် မီးလင်းဖိုလက်ရန်း။ ခန်းဆီးတွေက ရေးပေါင်း ဇာနားကွပ်တွေ။ ပန်းချီကား သေးသေးကလေးများဖြင့် အခန်းထောင့်တွေကို ဖုံးကွယ်ထားသည်။ စာအုပ်စင်မှ စာအုပ်တွေမှာ စီစီရီရီ။

ပန်းအိုးတွေထဲမှ ကျောက်ခက်ပန်းများမှာ စိမ်းလျက်စိုလျက်။ သည်အခန်းကို ကြည့်ရသည်မှာ အိမ်ထောင် ထိန်းသိမ်းမှု နိုင်နင်းလှသည့် အိမ်ရှင်မ တစ်ဦး၏ အိမ်ခန်းနှင့် တူလှ၏။ ရောက်လာသူ ဧည့်သည်တွေကို စိတ်ကြည်လင်ချမ်းမြေ့အောင် အတတ်နိုင်ဆုံး ပြုပြင်ထားသည်။

"ကောင်းပြီ နန်စီ။ ဒီကိစ္စက စဉ်းစားဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ခုလောလောဆယ် ဆွေးနွေးစရာ တစ်ခု ရှိသေးတယ်။ နှစ်ကူးအားရက်တွေမှာ ဘာလုပ်ဖို့ စဉ်းစားထားလဲဟင်"

"ဘာကို စဉ်းစားရမှာလဲ ဖေးရဲ့"

နန်စီ မျက်လုံးတွေ မှေးစင်းသွားသည်။ စောစောကလေးက ရွှင်ပျမှုတွေ တမုဟုတ်ချင်း ပျောက်ကွယ်သွားကြပြီ။ သည်လိုပဲ ဖြစ်လာရမည် ဆိုသည်ကို ဖေးက ကြိုတွက်ထားပြီး ဖြစ်၏။ သို့သော် သည်မေးခွန်းက မမေး၍ မဖြစ်သည့် မေးခွန်း။

"ဒီလို အနားယူရမယ့် ရက်အားတွေမှာ မင်း ဘယ်လို ခံစားရလဲ။ ကြောက်နေလားဟင်"

"ဟင့်အင်း၊ မကြောက်ပါဘူး"

နန်စီ မတုန်မလှုပ် ဖြေသည်။ ဖေးက သူ့ကို စောင့်ကြည့်နေသည်။

"ဒါဖြင့် ဝမ်းနည်းနေလား"

"ဟင့်အင်"

"ကဲ... ကိုယ် မှန်းပြောတာတွေ တစ်ခုမှ မမှန်ဘူး။ ဒါဖြင့် မင်း ဘယ်လို ခံစားရတယ် ဆိုတာ ပြောစမ်းပါဦး"

နန်စီက ဖေးအယ်လီဆင်၏ မျက်နှာကို တည့်တည့် ပြန်ကြည့်လိုက်၏။ မျက်လုံးချင်းဆိုင်ပြီး စူးစူးရဲရဲ ကြည့်လိုက်၏။





"ဒါကို ဖေး သိချင်တယ် ဟုတ်လား"

နန်စီ မတ်တတ်ထသည်။ အခန်းကို ထောင့်ဖြတ်လမ်းလျှောက်သည်။

"စိတ်ထဲမှာ ခံစားရတာကို ပြောရရင်တော့ စိတ်ချဉ်ပေါက်တယ်လို့ပဲ ပြောရတယ် ဖေး"

"စိတ်ချဉ်ပေါက်တယ် ဟုတ်လား"

"ဟုတ်တယ်။ ပျို့ချင်အန်ချင်လာအောင် အော့နှလုံးနာလာအောင် စိတ်ချဉ်ပေါက်တယ် သိလား"

"ဘယ်သူ့ကိုလဲ ဟင်"

နန်စီ ကုလားထိုင်တွင် ပြန်ထိုင်ချသည်။ မီးဖိုထဲမှ မီးလျှံတွေကို ငေးကြည့်နေသည်။ ပြီးတော့ စကား ပြန်စသည်။ သည်တစ်ကြိမ် သူ့ အသံမှာ တိုးညင်းကြွဲသံ ပါနေသည်။

"မိုက်ကယ်ကိုပေါ့။ ခုလောက်ဆို သူ နန်စီကို ရှာတွေ့ဖို့ ကောင်းနေပြီလေ။ ဒီရောက်တာ ခုနစ်လတောင် ကျော်ခဲ့ပြီပဲ"

ခေါင်းကို မော့မော့ထား၏။ မျက်လုံး မှိတ်ကာ မျက်ရည် မကျအောင် ဆည်ထား၏။

"နောက်ကော၊ ဘယ်သူ့ကို ဒေါပွနေသေးလဲ။ မင်းကိုယ်မင်းလားဟင် နန်စီ"

"ဟုတ်တယ် ဖေး"

"ဘာဖြစ်လို့"

"ပထမ အချက်ကတော့ မာရီယံဟီးလ်ယဒ်ရဲ့ အပေးအယူကို လက်ခံမိလို့။ သူ့ကို မုန်းနေရက်က သူ့ အကူအညီကို ယူမိလို့။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ပိုမုန်းပါတယ်။ ကိုယ့်ဘဝကိုယ် ရောင်းပစ်လိုက်တာပဲဟာ"

"ဘဝကို ရောင်းပစ်တယ် ဟုတ်လား"

"ဟုတ်တယ်လေ။ တစ်မျက်နှာ ကွက်ကွက်ကလေး အတွက် တစ်ဘဝလုံး မုန်းလိုက်မိတယ်လို့ပဲ ထင်တယ်။ မဟုတ်ဘူးလား ဖေး"

လှတစ်မျက်နှာအတွက် စောစောကလေးကပင် ကြည်နူးနေခဲ့သေးသည်။ အခုတော့ ခါးခါးသီးသီး။ သူ့ ရင်ထဲတွင် နက်ရှိုင်းစွာ စူးဝင်နေသည့် နာကြည်းမှုတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်သေးဘူး ထင်ပါတယ် နန်စီရယ်။ ဒီဇာတ်လမ်း မင်း စခဲ့တုန်းက မျက်နှာ အသစ်ရဖို့ တစ်ခုတည်းမှ မဟုတ်ဘဲ။ ဘဝအသ တစ်ခုအတွက် မင်း လုပ်ခဲ့တာပါ။ မင့် အသက် မင့်အရွယ်နဲ့ ဒါကို မှားတယ်ပြေ လို့ ဘယ်ရမလဲ။ တခြား တစ်ယောက်ဆိုလည်း ဒီလိုပဲ လုပ်ရမှာပဲ မဟုတ်ဘူ လား"

"တခြား တစ်ယောက် ဒီလို လုပ်ရင်လည်း နန်စီလိုပဲ မိုက်မဲလို့ ဖြစ်မှာပေ့"

"နေပါဦး နန်စီရဲ့။ ခုလေးပဲ ဘဝအသစ် အကြောင်း ပြောနေကြသေးတယ် လေ။ ဘဝအသစ်၊ အသံအသစ်၊ နာမည် အသစ်၊ လမ်းလျှောက်ပုံကအစ အသ အားလုံး အသစ်။ တစ်ခုကလွဲရင်ပေါ့လေ"

နန်စီက ဖေး ဆက်အပြောကို စောင့်နေသည်။ သူ ဆက်မပြောချေ "မိုက်ကယ်ရယ်လေ။ ဘဝအသစ်တော့ ဟုတ်ပြီ။ အဲဒီ ဘဝ အသစ်မှာ မိုက်ကယ် မပါရင်ကော။ ဒါကို မင်း စဉ်းစားပြီးပြီလား နန်စီ"

"ဟင့်အင်း" မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ အပြည့်ဖြင့် နန်စီ ပြေ လိုက်၏။ တကယ်တော့ နန်စီ မုသားစကား ပြောနေမှန်း သူတို့ နှစ်ယောက် စလုံး သိကြသည်။

"တစ်ခါမှ မစဉ်းစားမိဘူး၊ ဟုတ်လား"

"မိုက်ကယ်ကို စွန့်လွှတ်ရမယ့် ကိစ္စကို စဉ်းစားတဲ့အခါ စဉ်းစားမိဖူးတယ် ဒါပေမဲ့ အစားထိုးဖို့ ဆိုတာမျိုးကိုတော့ တစ်ခါမှ မစဉ်းစားဖူးဘူး"

"အဲဒီလို စဉ်းစားမိတဲ့အခါ ဘယ်လိုနေလဲဟင်"

"သေပစ်လိုက်ချင်တာပေါ့"

ရင်ထဲမှလာသည့် စကားလုံးများ မဟုတ်ကြောင်း နှစ်ယောက်စလုံး သိနေ ကြသည်။

"ခုလည်း မင်း မိုက်ကယ်ကို ပိုင်ဆိုင်ရတာမှ မဟုတ်ဘဲ။ မင်း ပြေ သလောက်တော့ မဟုတ်သေးဘူး ထင်ပါတယ် နန်စီရယ်"

နန်စီက ပခုံး နှစ်ဖက်တွန့်ပြီး အဖြေ ပေးလိုက်၏။ သည်တော့ ဖေးကပင် စကား ဆက်ရသည်။ သူ့ အသံမှာ အတိုင်းအဆ မရှိ ညွတ်ပျောင်းနူးညံ့နေ၏

"အားလုံးကို လက်တွေ့ကျကျ စဉ်းစားဖို့ လိုလာပြီ ထင်တယ် နန်စီ"





"သူ နန်စီ့ဆီ ပြန်မလာတော့ဘူးလို့ ဖေးက ထင်နေတယ်ပေါ့၊ ဟုတ်လား" ဖေးကို ရန်စွယ်ငေါငေါ မေးလိုက်သည်။ စိတ်ဆိုးစရာ တခြား လူမှ မရှိ ...ဘဲ။

"ဒါတော့ မသိဘူးလေကွယ်။ ဘယ်သူမှလဲ မသိနိုင်ဘူး။ မိုက်ကယ် ကိုယ် ...မှပဲ သိမှာ"

"ဟုတ်တယ်၊ ဖေး ပြောတာ မှန်တယ်။ အလကား သူ အလကားပဲ" ပြောပြောဆိုဆို လမ်းထလျှောက်ပြန်သည်။ စိတ်ဆိုးမာန်ဆိုးဖြင့် လျှောက် ...သည့် ခြေလှမ်းတွေ တုံ့သွားသည်။ သံပတ်ကုန်သွားသော ကစားစရာ အရုပ် ...လေး တစ်ရုပ်နှယ်။ မျက်ရည်တွေ ပတ်တီးအောက်မှ တစ်ဆင့် ပါးပြင်ပေါ်သို့ ...ဆင်းလာသည်။ မီးဖို အနီးမှ လိုက်ကာစကို ဆွဲပြီး ဆုပ်ကိုင်ထားလိုက်သည်။

"ကြောက်တယ် ဖေးရယ်။ နန်စီ ကြောက်တယ်"

"ဘာကို ကြောက်တာလဲဟင် နန်စီ" နန်စီ့ နောက်ဘက်မှ လာသည့်အသံ ...ကရုဏာ အသံအပြည့်။

"အထီးကျန်ဘဝကို ပြန်ရောက်မှာရယ်၊ ဘဝဟောင်းက နန်စီ လုံးလုံး ...ာက်ကွယ်သွားမှာရယ်၊ ပြီးတော့ ပြီးတော့... နန်စီ ကျူးလွန်ခဲ့တဲ့ အမှား ...ွက် ဒဏ်ခတ်ခံရပြီထင်တယ် ဖေး။ မျက်နှာ တစ်ခု အတွက် အချစ်ကို စွန့် ...ဲ့ အပြစ်တွေလေ"

"အခုလည်း အားလုံးကို စွန့်ခဲ့ရပြီလို့ ခံယူထားတာပဲ မဟုတ်လား နန်စီ။ ...မ်းကို ရွေးခဲ့တဲ့ အတွက်၊ မာရီယံနဲ့ ပဋိညာဉ်ပြုခဲ့တဲ့ အတွက် မင်းကိုယ်မင်း ...မှ အပြစ်တင်နေနဖို့ မလိုဘူး။ နောက်ဆုံးကျမှ မင်းကိုယ်မင်း မှန်မှန်းသိမယ်။ ...အခါ မင်း သိပ်ပျော်မှာပါကွယ်"

"အင်း... ဖေး ပြောသလို ဖြစ်လာရင်တော့ ကောင်းတာပေါ့လေ" မီးဖိုဆီမှ ရှိုက်သံ သဲ့သဲ့ကလေးများ ထွက်နေဆဲ။ ဖေးက နိမ့်ချည်မြင့်ချည် ...နေသည့် နန်စီ့ ပခုံး သွယ်သွယ်ကလေးကို ငေးကြည့်နေမိသည်။

"ရှုံးပိတ်ရက်တွေကို ကြောက်တာပဲ ဖေး။ ပိတ်ရက်တွေနဲ့ ဆုံရမှာကို မိဘမဲ့ ...ောင်း ပြန်ရောက်မှာထက် ကြောက်သေးတယ်။ ခုဆို နန်စီ့ အနားမှာ ဘယ်သူ ...ရှိကြတော့ဘူး။ လီလီနဲ့ ဂရက်ရှင်လည်း ပြန်သွားကြပြီ။ ဖေးက စကိုင်းစီး ...ဦးမယ်။ ပီတာကလည်း ဥရောပကို တစ်ပတ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူ့ မျက်ရည်တွေ စီးကျလာပြန်သည်။ သည်မျက်ရည်တွေက တကယ့် ဘဝမှန်ကြောင့် ကျရသည့် မျက်ရည်တွေ။ ဒါကိုတော့ သူ ရင်ဆိုင်ပါ သူ့ကို တစ်ယောက်တည်း ထားခဲ့ရသည့် အတွက် မှားသည်ဟု ဖေး မယူ ပီတာ အမြင်ကလည်း အလားတူပင်။ စပ်ကူးမတ်ကူး ဘဝသစ်ကို သူ့ဘာသာ သူ အစမ်း လေ့ကျင့်ခိုင်းသည့် သဘော။ ပြီးတော့ သူတို့မှာလည်း သူတို့ ဘဝ သူတို့ မဟုတ်လား။ နန်စီ မပါသည့် ဘဝ စာမျက်နှာတွေ သူတို့မှာလည်း သေးသည်လေ။

"အပြင် စထွက်ဖို့ကောင်းပြီ နန်စီ။ ပတ်ဝန်းကျင်သစ်မှာ မိတ်သစ်ဆွေသ တွေ တွေ့လာမှာပေါ့ကွယ်"

"ဒီပုံကြီးနဲ့လား..." နန်စီက ဖေး ဘက်သို့ လှည့်ပြီး ဦးထုပ်ကို နောက် သို့ ဆွဲလှန်လိုက်သည်။ မျက်နှာ အပေါ်ပိုင်းတွင် ပတ်တီးတွေ အဖွေးသားနှ

"ဒီအတိုင်း လမ်းထွက်သွားရင် လူတွေလန့်ပြီး သေကုန်မှာပေါ့။ လူ တစ်ရွာနဲ့ မှားကုန်မှာပေါ့"

"ဒါလောက်လည်း ကြောက်စရာ မကောင်းတော့ပါဘူး နန်စီရယ်။ အ တမ်း စည်းထားရမှာမှ မဟုတ်တဲ့။ ပတ်တီး ဆိုတာ အပေါ်ယံ ဒဏ်ရာလော သာ စည်းရတယ် ဆိုတာ လူတွေ နားလည်ပါတယ်ကွာ"

"အင်း... ဟုတ်မလားပဲနော်" သို့သော် သူ့ စိတ်ထဲကတော့ ယုံယုံကြ ကြည် မရှိလှ။

"ထားပါလေ၊ နန်စီ သူငယ်ချင်းလည်း မလိုချင်ပါဘူး ဖေးရယ်။ နန် အတွက် အဖော်မွန် တစ်ခုလုံး ရှိနေပြီပဲ။ နန်စီ ကင်မရာကလေးလေ"

ပီတာ ပေးထားသည့် ကင်မရာကလေးကို နန်စီက ဘုရားပေးသည့်ဆု သဘောထားနေသည်။

"ဟုတ်သားပဲနော်။ နောက်ဆုံး ကူးထားတဲ့ပုံတွေ ဟိုနေ့က ပီတာ့ အခ ထဲမှာ တွေ့ခဲ့တယ်။ ပီတာကတော့ ကြွားလို့မဆုံး၊ ဂုဏ်ယူလို့မဆုံးဘဲ လာသမျှလူတွေကို ထုတ်ပြနေတာပဲ။ တကယ်လည်း ကောင်းတဲ့ပုံတွေပါ နန်စီ

"ဟုတ်လား... နန်စီ ပျော်လိုက်တာ"





သူ့ လက်ရာတွေကို ချီးကျူးသံကြားရတော့ စောစောက စိတ်ဝေဒနာတွေ နိုးကြာဖက်တွင် ရေမတင်သကဲ့သို့ လွင့်စဉ်ကုန်လေပြီ။ ကုလားထိုင် ပေါ်တွင် နဲ့ထိုင်ပြီး ခြေဆန့်လိုက်သည်။

"နန်စီ ဘဝကို ဘယ်လို ဆက်လျှောက်ရမှာလဲ ဖေးရယ်...ဟင်"

"တို့တစ်တွေ ဒီအတွက်ပဲ ဝိုင်းပြီး လုပ်နေကြတာ မဟုတ်လား နန်စီ။ ပင်နီးက မပြီးသေးဘူးလေ။ လောလောဆယ်တော့ တို့ ဒီနေ့ ပြောတဲ့ စ္စတွေကို လုပ်ဖို့ မစဉ်းစားဘူးလား။ ဂီတသင်တန်းတို့၊ အသံ လေ့ကျင့်ခန်းတို့ သေ။ မင်း ပျော်လာမှာ နန်စီ။ ပြီးတော့ အဲဒါတွေ အားလုံး ပေါင်းစပ်မိမှ ပြည့်စုံမှာ မဟုတ်လား"

"ဟုတ်ပြီ ဖေး။ နန်စီ စဉ်းစားမယ်။ စကိတ်စီးထွက်တာ ဘယ်လောက် ကြာမှာလဲဟင် ဖေး"

"နှစ်ပတ်တည်းပါကွယ်။ နန်စီကို ကိုယ် ဖုန်းနံပါတ် ပေးထားခဲ့မှာပါ။ ရေးကြီးရင် လှမ်းသာဆက်"

သွားသား သွားရမည်၊ စိတ်ချလက်ချတော့ မရှိလှ။ သည်လို အခြေအနေ နှင့် သည်လို အားလပ်ရက်များသည် လုံးဝ မဟပ်စပ်။ အလွန့်အလွန် စိတ် တ် ယိုယွင်းတတ်သည် မဟုတ်လား။ တချို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြသည်မှာ သည်အခြေအနေမျိုးနှင့် သည်လို ရာသီမျိုးတွေမှာ ဖြစ်၏။ သော် နန်စီကို ကြည့်ရသည်မှာ လောလောဆယ်တော့ အားရစရာ ကောင်း ပါသည်။ စိတ်ဓာတ်အားဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရှိနေပါသည်။ တစ်ယောက်တည်း ခဲ့ပြီး စိတ်ဂယောက်ဂယက် ဖြစ်မှာတစ်ခုပဲ ပူရသည်။

"ပြန်လာရင် နန်စီ ရိုက်ထားတဲ့ ပုံအသစ်တွေ ပြရမယ်နော်"

"သော်... ကြည့်စမ်း၊ ခုမှ သတိရတယ်"

နန်စီက ခုန်ထပြီး ခန်းမဆောင် ဘက်သို့ ထွက်သွားသည်။ ပြီးတော့ နှင့် ပတ်ထားသည့် အထုပ်ပြားပြား တစ်ခု ယူလာသည်။ စောစောက ခန်း ထဲတွင် ထားခဲ့သည့် အထုပ်။ ဖေး လက်ထဲသို့ ပြုံးပြုံးကလေး ပေးသည်။

"ဖေးအတွက် ခရစ္စမတ်လက်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖေးက ဝမ်းသာအားရ မွှင့်ကြည့်သည်။ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား။ သူ့ ပုံပါလား။ သူက ကိုယ်ဟန်ပြပြီး ဓာတ်ပုံဆရာက နာရီပေါင်း များစွာ စိတ်ကြိုက်စောင့်ရိုက်သည့် ပုံမျိုး။ အသက်ဝင်လှသည်။ နန်းစီ အခန်း ဝရန်တာတွင် ရပ်ပြီး အပြင်သို့ ငေးနေသည့်ပုံ။ ဆံပင်တွေက လေထဲတွင် ဝဲလို့။ ဝတ်ထားသည်က ပန်းရောင် ပိုးရှပ်အင်္ကျီ။ နောက်ခံက နေဝင်ချိန် ပုစွန်ဆီရောင်။ သည်နေ့ကို မှတ်မိနေ၏။ သို့သော် နန်းစီ ဓာတ်ပုံ ရိုက်လိုက်သည်ကို မသိလိုက်။

"ဘယ်အချိန် ရိုက်လိုက်တာလဲဟင်"

"ဖေး အလစ်မှာ ခိုးရိုက်တာပေါ့"

နန်းစီ ကျေနပ်နေသည်။ ကျေနပ်လောက်အောင်လည်း ဓာတ်ပုံက ကောင်းလွန်းနေသည်။ ကိုယ်တိုင်ဆေး၊ ကိုယ်တိုင်ကူးထားသည့်ပုံ။ တကယ့် ပညာသည်ကြီးများ၏ လက်စွမ်းပြပုံမျိုး။

"ဓာတ်ပုံဘက်မှာ မင်းစွံပြီ နန်းစီ။ ကြည့်စမ်း၊ ဘယ်လောက် ကောင်းတဲ့ပုံလဲ"

"ဖေးကလည်း လှလို့ပါလေ"

အမျိုးသမီး နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖက်လိုက်ကြပြီးတော့ နန်းစီက စိတ်မသက်မသာနှင့် ရွာလိုက်သည်။

"စကိတ်စီး ခရီးမှာ ပျော်ပါစေလို့ နန်းစီ ဆုတောင်းပေးမယ်နော်"

"နှင်းခဲတွေ ယူလာခဲ့ပေးမယ်နော်"

"ဟား... ပျော်စရာကြီးပေါ့"

နန်းစီက ဖေးကို ဖက်လိုက်ပြန်သည်။ မပြန်ခင် ခရစ္စမတ် ဆုမွန်များ အပြန်အလှန် ဆိုကြသည်။ နန်းစီ ပြန်သွားတော့ ဖေး တစ်ယောက်တည်း ငေးကျန်ခဲ့၏။ ဘယ်လောက် နှလုံးသား ဖြူစင်သည့် ကလေးမပါလဲ။ သည်လောက် လှပသည့်အရှုတ္တသန္တာန်ကို မာရီယံ တစ်ယောက် မမြင်နိုင် မတွေ့နိုင်ခဲ့ပါကလား

* * *

# ၁၂

"မစ္စတာ ဂျော့ ကဲလိုးဝေး ဖုန်းခေါ်နေပါတယ်၊ မစ္စတာ ဟီးလ်ယဒ်"

နှင်းတွေ သည်းထန်နေသည်မှာ ငါးနာရီ ခြောက်နာရီခန့် ရှိပြီ။ နယူးယောက် လမ်းတွေမှာ နှင်းတွေ ဖွေးနေသည်။ သို့သော် မိုက်ကယ် သတိ မထားမိ။ မနက် ခြောက်နာရီ ကတည်းက ရုံး ရောက်နေခဲ့သည်။ ခုဆိုညနေ ငါးနာရီ ထိုးပြီ။ အရေးတကြီး ပို့ရမည့် စာတွေကို လက်မှတ်ထိုးရင်း တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ ကင်းဆပ်စီတီ ကိစ္စတွေတော့ ပြီးသလောက် ရှိသွားပြီ။ ဘူဂတန်ကိစ္စက ပူနေဆဲ။ ဆန်ဖရန်စစ္စကို ဆေးရုံကြီး ဆောက်ဖို့ကလည်း အစ်မှောင့်။ အလုပ်က ပါးသွားသည် မရှိ။ ခေါင်းခဲစရာ ပြဿနာတွေ၊ လုပ်ငန်းအသေးစိတ်အချက်တွေက ဝိုင်းသည်ထက် ဝိုင်းလာသည်။ စာချုပ် ချုပ်ရေးကိစ္စတွေ၊ အသည်းဝေးတွေ...ဆုံးသည်မရှိတော့။ သည်အတွက် မိုက်ကယ်က ကျိတ်ပြီး ကျေနပ်နေသည်။

"ဂျော့လား။ ဆို၊ ဘာထူးလဲ"

"မာရီယံ အစည်းအဝေးခန်းထဲမှာ။ ဒီည တို့ ဘော့စတွန်က ပြန်ရောက်မယ့် လေကြောင်း မင်းကို ဆက်နိုင်းလို့။ နှင်း သိပ်မသည်းရင်ပေါ့လေ။ ကားမောင်းပြီး ရသေးရင်တော့ မနက်ဖြန်မှ ပြန်နိုင်လိမ့်မယ်"

"အဲဒီမှာ နှင်းတွေကျနေတယ်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က နွေခေါင်ခေါင်ကြီးတွင် နှင်းတွေကျနေသည်ကို တွေ့လိုက် ရသည့်အလား တအံ့တသြမေး၏။ ဂျော့ စိတ်ရှုပ်သွား၏။ တနိုင်ငံလုံး နှင်းတွေ ကျနေသည်ကို မိုက်ကယ် သိဟန် မတူ။

"နယူးယောက်မှာလဲ နှင်းမုန်တိုင်းကျနေတယ် ဆို။ မင့် ရုံးခန်း အပြင်ကို လည်း ခဏတစ်ဖြုတ် ကြည့်လိုက်စမ်းပါဦး မိုက်ကယ်ရာ"

သည်တော့မှ မိုက်ကယ် လှမ်းကြည့်မိသည်။

"အင်း... အင်း ဟုတ်တယ် ဂျော့။ ဝမ်းနည်းပါတယ်"

ကောင်လေးသည် ကျွဲလို နွားလို အလုပ်လုပ် နေ၏။ သူ့ အမေ တန်းကလို ဟု ဂျော့ တွေးနေသည်။ သူတို့ သားအမိက ကျိုးရှုန်း လုပ်နေတော့ သူတို့နှင့် ဆက်နွယ်နေကြသူတွေလည်း ပင်ပန်းကြရသည်။

"ကဲ ဒါဖြင့် စောစောက ပြောတဲ့ အတိုင်းပဲနော်"

ဂျော့ တစ်ချက် ရယ်လိုက်၏။

"မာရီယံက မင်း ရှိမရှိ ထောက်လှမ်း ခိုင်းတာကွ။ မနက်ဖြန် ခရစ်စမတ် ည မှာ ထမင်းစားပွဲ ရှိတယ်တဲ့နော်။ လူ သိပ်များများ မဖိတ်ပါဘူးတဲ့။ မင်း လာရမှာနော်၊ မိုက်ကယ်"

မိုက်ကယ်၏ သက်ပြင်းချသံကို ဂျော့ အတိုင်းသား ကြားလိုက်ရ၏။ လူသိပ်မများ ပါဘူးတဲ့။ မေမေ့ပါတီမှာ လူမများဘူး ဆိုလျှင် အနည်းဆုံး နှစ်ဆယ် သုံးဆယ်။ မသိသူတွေလည်း ပါရဲ့။ သိသူတွေကိုလည်း ဘယ်တုန်းကမျှ ခင်မင် စိတ် မဖြစ်မိ။ မလွဲမသွေ တွေ့ရမည်ကတော့ ဆွေကြီးမျိုးကြီးထဲက ကောင်မလေး တစ်ယောက်။ သူ့ အတွက်တဲ့လေ။

"စိတ်မကောင်းပါဘူး ဂျော့။ မေမေ့ကို တောင်းပန်လိုက်ပါ။ ကျွန်တော့်မှာ တခြားအစီအစဉ် ရှိပြီးသားမို့ မလာနိုင်ပါဘူးလို့"

"ဘာ၊ မလာနိုင်ဘူး ဟုတ်လား" ဂျော့က မနှစ်မြို့စွာ ပြန်မေးသည်။

"ဟုတ်တယ် ဂျော့။ လွန်ခဲ့တဲ့ အပတ်ကတည်းက ကျွန်တော် မေမေ့ကို ပြောမလို့ပါ။ ဟူစတန်ကိစ္စ ဝင်ရှုပ်လာတာနဲ့ မပြောဖြစ်တာပါ။ မေမေ နားလည် မှာပါဗျာ"

ဟူစတန်မြို့မှ မိုက်ကယ့် လက်ရာ အဆောက်အအုံတွေမှာ အံ့ဖွယ်ဘနန်း ထူးဆန်းလှသည်။ ခေတ်မီလှသည်။ သည်အလုပ်ကို ဘယ်လောက်အထိ စိတ်ဝင်





စားခဲ့သည်၊ နေ့မအား ညမအား လုပ်ခဲ့သည်ကိုမှ မေမေနားမလည်လျှင်လည်း တတ်နိုင်တော့။

"မင်း မလာနိုင်ရင်တော့ မင်းအမေ စိတ်ကောင်းမှာ မဟုတ်ဘူး မိုက်ကယ်။ ဒါပေမဲ့ မင်းမှာ ချိန်းထားပြီးသား ရှိတယ်ဆိုရင်တော့ သူ သဘောကျမှာပါ။ မင်း တကယ် အချိန်းအချက် လုပ်ပြီးသားနော်၊ နိပ်ကွဲလား"

"အပျံစားထဲကပဲ ဂျော့"

"တကယ်ဖြစ်မှာလား မိုက်ကယ်"

ဂျော့၏ လေသံမှာ စိတ်ပူသည့် လေသံ ပါလာသည်။ ဒုက္ခပါကလား။ သူတို့ ကျေနပ်အောင် မည်သို့ လုပ်ရပါမည်လဲ။

"ဘာမှ မပူနဲ့ ဂျော့၊ ရှင်းရှင်းသန့်သန့်ကလေးပါ"

"ကောင်းပါလေ့ကွာ။ ဒီ ခရစ်စမတ်မှာ မင်း ပျော်နိုင်ပါစေကွာ"

"ဂျော့ရေ၊ ကျွန်တော်လည်း အဲဒီအတိုင်း ပြန်ဆုတောင်းပါတယ်။ မေမေ့ကိုလည်း ရှင်းပြလိုက်ပါနော်"

"အေးပါ၊ ပြောပြလိုက်ပါ့မယ်"

တယ်လီဖုန်းပြန်ချပြီး ဂျော့ ပြုံးနေသည်။ အင်း တော်ပါသေးရဲ့။ မိုက်ကယ် တစ်ယောက် ပုံမှန် ပြန်ဖြစ်သွားလေပြီ။ မာရီယံလည်း ဝမ်းသာရှာမှာပါ။ ညစာပွဲသို့ မလာနိုင်ကြောင်း သိလျှင် ပထမတော့ ဒေါသပုန် ထဦးမည် မုချ။ စင်စစ် မိုက်ကယ်သည် ငယ်ငယ်ကလေး ရှိသေးသည်။ သူ့ဘာသာသူ လွတ်လွတ် လပ်လပ် ပျော်ရွှင်ခွင့် ရှိပါသည်။ လွန်ခဲ့သည့် နှစ်ဆယ်ငါးနှစ်က ခရစ်စမတ်ကို သတိရပြီး ဝီစကီ တကျိုက် မော့လိုက်၏။ ဗီယင်နာမှာ။ ထုံးစံအတိုင်း သူ့ အတွေးတွေ သံသရာ ချာချာလည်ပြန်သည်။ နောက်ဆုံးတွင်တော့ မာရီယံဆီ မှာ ရပ်တန့် သွားသည်ချည်း။

မိုက်ကယ့် တယ်လီဖုန်းမှာ အဆက်မပြတ် တဝွမ်ဝွမ်မြည်နေ၏။ ဘာအစီ အစဉ် ရှိသလဲဟု အေဗရီကလှမ်းမေးသည်။ အမေ့အိမ်မှာ ညစာစားမည်ဟု ဖြီး လိုက်၏။ ပြီးတော့ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီတွေ၊ ကန်ထရိုက်တာတွေ တစ် ယောက်ပြီး တစ်ယောက် ပြောလာသည့် ခရစ်စမတ်ဆုတောင်းတွေ။ ကြာတော့ စိတ်ညစ်လာသည်။ နောက်ဆုံးတစ်ယောက်ကို 'မဲရီးခရစ်စမတ်' ဟု ဝင်ကျေ အောင်ကုန်ရွတ်ပြီး တယ်လီဖုန်း ပြန်ချလိုက်ရင်း 'အရေးမပါတဲ့ ခရစ်စမတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ မဆုံးနိုင်တော့ဘူး' ဟု တစ်ယောက်တည်း အော်ပြောလိုက်သည်။

တံခါးဝတွင် တစ်ခါမျှ မကြားဖူးသည့် ရယ်သံတစ်ခု ထွက်လာသဖြင့် မိုက်ကယ် ကြောင်သွားသည်။ အေဗရီ ငှားလာသည့် အတွင်းဒီဇိုင်းပုံထုတ် ဗိသုကာမကလေး။ ခပ်ချောချောကလေး။ ဆံပင်ဖွားဖွားကြီး တွေက လည်တိုင်ပေါ်မှ တစ်ဆင့် နို့နှစ်ရောင် ပခုံးသား ပေါ်တွင် ဝဲနေ၏။ မျက်လုံးက အပြာရောင်။ မိုက်ကယ်သူ့ကို ဘယ်တုန်းကမျှ ဂရုမထားမိခဲ့။ သူ့အလုပ် စားပွဲပေါ်ရှိ ပန္နည်းတွေက လွဲပြီး ဘာကိုမျှ စောင်းငဲ့ မကြည့်ခဲ့ဖူး။

"မင်္ဂလာနှစ်ကူးကို ရှင် ဒီလိုပဲ ဆုတောင်းတယ်၊ ဟုတ်လား"

"အင်း၊ လူတိုင်းကိုတော့ မဟုတ်ပါဘူး"

ခပ်ပြုံးပြုံး ပြန်ပြောလိုက်မိသည်။ သည်အမျိုးသမီး ဘာလာလုပ်တာ ပါလိမ့်။ သူနှင့် တိုက်ရိုက် ဆက်ဆံစရာ ဘာအကြောင်းမျှ မရှိ။ သူ့ကို ဘယ်သူကမျှ လည်း လှမ်းမခေါ်ခဲ့။

"ကိစ္စကို ပြောပါဦး မစ္စ. . ." အရေးထဲ သူငယ်မ၏ နာမည်ကို မေ့နေလိုက်သေး။

"ဝင်ဒီ ပါရှင်၊ ဝင်ဒီတောင်းဆင်းပါ။ ကျွန်မ ခရစ်စမတ် ဆုမွန်ကောင်း တောင်းဖို့ ဝင်လာတာပါ"

ဩော် ဒီလိုကိုး။ လာပြီး ဖားတာ ထင်ပါရဲ့။ မိုက်ကယ် ပြုံးလိုက်သည်။ ကုလားထိုင် တစ်လုံးတွင် ထိုင်ရန် လက်ဟန်ပြလိုက်၏။

"မင်းကို သူတို့ ပြောမပြကြဘူးလား။ ငါဟာ မူလ လက်ဟောင်း *စကရု ပါလို့"

"ရုံးအဖွဲ့က ကျင်းပတဲ့ နှစ်ကူးပွဲကို ရှင် မတက်တော့ အဲဒီလိုပဲ ထင်လိုက် ပါတယ်။ ဒါပေမဲ့ သူတို့ပြောတော့ ရှင်က အလုပ်တွေ သိပ်လုပ်နေလို့ဆို"

"အခန်းအောင်းနေတော့ အသားရောင် လုလာတာပေါ့ကွာ"

"ဒီ့ပြင် ကိစ္စတွေကျတော့ကော"

---

* ချားလ်စ်ဒစ်ကင်း၏ Christmas Carole (၁၈၄၃) ဝတ္ထုထဲမှ ကပ်စေးနှဲ၊ လူ့ ဇွစာ ဓာတ်ကောင် တစ်ဦး။ (ခရစ်စမတ်တေး)





သူက ပေါင်တစ်လုံးကို အခြား ပေါင်တစ်လုံး ပေါ်သို့ လွှဲပြီး ဆင့်တင်လိုက် သည်။ သလုံးသား လုလုတွေကို မိုက်ကယ် လှစ်ခနဲ သတိပြုလိုက်မိ၏။ ဒါမျိုး တွေ မေ့မေ့လျော့လျော့ နေခဲ့သည်မှာ ကြာခဲ့ပါပြီကော။

"ကျွန်မကို လစာတိုးပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်ရှင်"

သူက အပြုံးဖြင့်ပြောတော့ ပြန်ပြုံး သွားဖြဲပြလိုက်ရသည်။ သည်ကလေးမ ဘာလိုချင်လို့ပါလိမ့်။ ဆုကြေးလား၊ သို့မဟုတ် နောက်တစ်ဆင့် ရာထူးတိုး လား။

"မင့်လစာ တိုးတာ အေဗရီကိုသာ ကျေးဇူးတင်ပါတယ်ကွာ။ ငါ ဘာမှ မသိပါဘူး"

"ဩော်၊ ဟုတ်လား"

ရှေ့ ဆက်ပြောစရာမရှိတော့။ ကလေးမက စိတ်ပျက်လက်ပျက် ထရပ် လိုက်သည်။ ပြီးတော့ ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လိုက်၏။ ပြတင်းပေါက် ခေါင်ပေါ်တွင် နှင်းတွေ ခုနစ်လက်မ ရှစ်လက်မထု တက်နေ၏။

"ဒီညတော့ အဖြူရောင် ခရစ်စမတ်ည ဖြစ်တော့မယ် ထင်ပါရဲ့။ ဒါလောက် နှင်းတွေ ထုထပ်နေမှတော့ အိမ်ပြန်ဖို့ လွယ်ပါဦးမလား မသိဘူး"

"ဟုတ်တယ်၊ ဘယ်လွယ်မလဲ။ တို့တော့ မပြန်တော့ဘူး ဒီမှာ ရှိသားပဲ"

မိုက်ကယ်က ရယ်ကျဲကျဲဖြင့် သားရေဖုံး ဆိုဖာရှည်ရှည်ကို လက်ညှိုးထိုး ပြသည်။ ကလေးမက ပြုံးလျက် ခရစ်စမတ် လောကဝတ် စကားများကိုရွတ်ဆိုပြီး ထွက်သွားသည်။ မိုက်ကယ် လက်မှတ်ထိုးစရာ စာရွက်တွေကို ဆက်ထိုးနေသည်။ ထို့နောက်ပြီး တကယ်ပင် ရုံးထဲတွင် အိပ်ပစ်လိုက်၏။ နောက်ညလည်း ထိုနည်း ...နှင့်။ သည်နှစ် ခရစ်စမတ် ရုံးပိတ်ရက်က စနေ တနင်္ဂနွေနှင့် တိုက်နေသည်။ ...ကယ် ဘယ်ရောက်နေမှန်း ဘယ်သူမျှမသိကြ။ ရုံး သန့်ရှင်းရေး သမားတွေ ...ည်း ရက်အားရကြသဖြင့် ရုံးပေါ်တွင် မရှိကြ။ မိုက်ကယ် တစ်ယောက်သာ ...ပေါ်တွင် သောကြာနေ့မှစပြီး တနင်္ဂနွေညအထိ ရှိနေသည်။ ထိုသို့ ရှိနေသည်ကို ...စောင့် တစ်ယောက်သာ သိသည်။ ဤသို့ဖြင့် ခရစ်စမတ် ရာသီ ကုန်လွန်သွား ...သည်။ သည်တော့မှပင် အခန်းသို့ ပြန်ရဲတော့၏။ စင်စစ် သူသည် ခရစ်စမတ် ...ပတ်သက်ဆက်နွယ်နေသည့် အတိတ်တစ္ဆေကို ရှောင်ပုန်းနေခြင်းသာ ဖြစ်၏။ ...အိမ်ခန်း ပြန်ရောက်တော့ တံခါးဝတွင် မေမေ ပို့ထားသည့် စာရော ခရစ်စမတ်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးကို တွေ့ရသည်။ အခန်းထောင့် အမှိုက်ပုံးနားတွင် ဆွဲထောင်ထား လိုက်သည်။

* * *

ဆန်ဖရန်စစ္စကိုတွင် နန်စီနှစ်ကူးပုံမှာ မိုက်ကယ်နှင့်စာလျှင် ခံသာပါသေး သည်။ အဖော်မဲ့ပုံချင်း၊ အထီးကျန်ပုံချင်းကတော့ အတူတူပင်။ နန်စီသည် ဘုရားရှိခိုးကျောင်းမှ ပြန်လာပြီး ညစာအတွက် ကြက် ကြော်သည်။ ခရစ်စမ သီချင်းတွေကို တစ်ယောက်တည်း တိုးတိုး ညည်းသည်။ ထိုည တော်တော်န အိပ်မပျော်။ သည်နေ့ကို ရောက်မလာစေချင်။ သို့သော် သည်နေ့ကို ရှောင် ပြေး၍မရ။ သတိရစရာတွေက ရင်နှင့်အမျှ မဟုတ်လား။ သူ့ အတွက် လက်ဆော နှစ်ခုရသည်။ ပီတာဆီမှ လက်ပွေ့အိတ် လှလှကလေးတစ်လုံး၊ ဖေးထံမှ ရယ်စ ဖွယ် စာအုပ် တစ်အုပ်။ တစ်နေ့လုံး ပက်လက်ကုလားထိုင်ပေါ်တွင် ခွေခွေကလေး ထိုင်ပြီး စာဖတ်နေခဲ့သည်။ ညနေ ခြောက်နာရီလောက် အထိ။ ပြီးတော့ စာအု ကို ဘေးချလိုက်သည်။ အညောင်းဆန့်သည်။ ပြင်ပလေကို ရှူချင်လာသည်။ လမ်းလျှောက်ချင်စိတ်လည်း ပေါက်လာသည်။

အနွေးထည် တစ်ထည်ကို ကောက်စွပ်လိုက်၏။ ဦးထုပ်နှင့် ကင်မရာ လှမ်းယူ၏။ မှန်ကိုတစ်ချက် ကြည့်ပြီး ပြုံးလိုက်သည်။ သူ့ အပြုံးသည် ဟိုအရ က အပြုံးနှင့် လုံးဝမတူတော့။ ပို၍ ပြည့်ဝသည့် အပြုံးမျိုး။ ပို၍ ရှင်ပျသည် အပြုံးမျိုး။ မျက်နှာ အပေါ်ပိုင်းသာ အားလုံးပြီးသွားလျှင် ဘယ်လိုနေမည် မသိ။ သည့်အကြောင်း တွေးကြည့်ရသည်မှာ အိပ်မက်ဆန်လွန်းလှသည်။ ပီတာ ပြောပုံကိုကြည့်လေ။ ခွဲစိတ်ကုသနေတာ မဟုတ်ဘူးတဲ့။ 'အလှ'ကို ဖန်ဆင်းနေ တာတဲ့။ ကာယကံရှင်အနေဖြင့် ခံစားရသည်က တစ်မျိုးကြီးပဲလေ။ ပသို့ဆို ကိုယ့်အပြုံးကိုတော့ ကိုယ်ဘာသာ ကိုယ် ကျေနပ်နေမိသည်။ ကင်မရာကို ပ တွင်လွယ်ပြီး ဓာတ်လှေခါးဆီသို့ လျှောက်လာခဲ့သည်။

လေတဖြူးဖြူး သုတ်နေသည့် ညနေခင်းက ကြည်လင်နေသည်။ သည် လုံးဝ နှင်းမကျ။ ဓာတ်ပုံရိုက်ဖို့ အကောင်းဆုံး အချိန်ဖြစ်၏။ ဆိပ်ကမ်းဘက်သို့





ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ လမ်းတွေမှာ လူရှင်းလှ၏။ ခရစ်စမတ်နှာ ကျနေကြသည့် အချိန်ကိုး။ မျက်နှာအပေါ်ပိုင်းမှ ပတ်တီးတွေကို ဖုံးကွယ်စေရန် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး လမ်းလျှောက်နေပုံကို ကိုယ့်ဘာသာ ကိုယ် စိတ်အမြင်ဖြင့် မြင်ယောင် ကြည့်ပြီး ရယ်လိုက်မိ၏။ ခေါင်းကို ငုံ့ရလွန်းသောအခါ ဟန်ချက်မှန်အောင် မလျှောက်နိုင်သဖြင့် လဲတတ် ပြိုတတ်သည်။ သို့ကြောင့် မလဲအောင် သတိထားလျှောက်ဖို့ ပီတာက ခဏခဏ သတိပေးခဲ့သည်။ ခုလည်း သတိထားပြီး လျှောက်နေသည့်ကြားက ခလုတ်တိုက်ပြီး လဲကျမလို ဖြစ်သွား သည့် အတွက် လန့်အော်လိုက်မိ၏။ ဟန်ချက်ပျက်သွားတော့ လက်တွေ ကိုးရိုး ကားရား ဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုယ် မနည်း ပြန်ထိန်းလိုက်ရသည်။ ကံကောင်းပေလို့။ ခွေးကလေးတစ်ကောင်ပေါ် လဲကျတော့မလို့။ ခွေးကလေးက အမွေးဖွားဖွားကလေး။ ကြောက်အားလန့်အားနှင့် သူ့ကိုကြည့်ပြီး ဟောင်နေ သည်။

"ဟော့ လုပ်မနေနဲ့။ ငါလည်း လန့်သွားတာပဲ။ နင်လည်း လန့်သွားတာ မဟုတ်လား၊ ကျေရောပေါ့"

လက်ဖျစ်တီးပြီး သူ့ အနား အသာကပ်သွားသည်။ ကျောကိုပွတ်ပေးတော့ အမြီးကလေး နန့်လာသည်။ အရုပ်ကလေးနှင့် တူလိုက်သည့်ဖြစ်ခြင်း။ သူ့ခမျာ ဆာနေရှာသည် ထင်ပါရဲ့။ ဘာမှလည်း ကျွေးစရာမပါ။ အမွေးဖွားလေး ကျောကုန်းကို ပွတ်ပေးလိုက်ပြန်သည်။ ပြီးတော့ မတ်တတ်ရပ်လိုက်သည်။ ခွေးပုကလေးက ချစ်စနိုး တစ်ချက်လှမ်းဟောင်သည်။ သူ့ကိုပြုံးပြီး "ကဲ သွားမယ်နော်၊ ဘိုင့်ဘိုင်" ဟု နှုတ်ဆက်ရင်း လမ်းဆက်လျှောက်တော့ ကောင်ငယ် လေးက နောက်မှ တကောက်ကောက် လိုက်လာသည်။

"ဒီမယ် ဟေ့ကောင်၊ ပြန်လေ။ အိမ်ပြန်တော့လေ"

နှင်၍မရ။ သူ တစ်လှမ်းလှမ်းလျှင် ကောင်ငယ်ကလေးကလည်း တစ်လှမ်း လိုက်လှမ်းသည်။ သူရပ်နေလျှင် အေးအေးဆေးဆေး ထိုင်စောင့်နေသည်။ အမြီးကလေး တနန့်နန့်။ ဒါကိုသဘောကျပြီး ရယ်နေမိသည်။ တကယ်ချစ်ဖို့ ကောင်းတဲ့ ခွေးကလေး။ ထိုင်ပြီး သူ့လည်ပင်းကို စမ်းကြည့်သည်။ လည်ပတ် လည်းမရှိပါလား။ သည်တော့မှ ဓာတ်ပုံရိုက်ဖို့ သတိရသည်။ သဘာဝအတိုင်း ကြည့်ပုံမျိုး မဟုတ်လား။

www.burmeseclassic.com



မွေးဖွားကလေး မြူးနေပုံ၊ ခုန်နေပုံ၊ ဟောင်နေပုံကို ပုံအမျိုးမျိုး ရအောင် လုပ်ပြီးရိုက်သည်။ နာရီဝက်ခန့်ကြာတော့ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဖြစ်သွားကြသည်။ ကိုယ်တော်ချောက ခုထိ အိမ်ပြန်ဖို့ စိတ်မကူးသေး။ "ငါ ဒါဖြင့် လာ ငါနဲ့လိုက်ခဲ့" ဆိုပြီး ကမ်းခြေဘက်သို့ ခေါ်သွားသည်။ ကမ်းနားရောက်တော့ ဂဏန်းဆိုင်တွေ၊ ပုစွန်ထုပ်ဆိုင်တွေကို ဓာတ်ပုံရိုက်ပြန်သည်။ ဘီယာ မူးနေကြသည့် ကမ္ဘာလှည့် ခရီးသည်တွေကိုလည်း ရိုက်သည်။ ပြီးတော့ငှက်တွေ လှေတွေ၊ အဖော်ကောင်လေး ပုံတွေကိုလည်း ထပ်ရိုက်သည်။ စိတ်ထဲတွင် ပျော်နေသည်ထင်မိ၏။ ခွေးကလေးက ခုထိ အနားမှ မခွာသေး။ သူ ကော်ဖီဆိုင် ထဲဝင်တော့လည်း လိုက်ဝင်လာသည်။ ခေါင်းကို ခပ်ငိုက်ငိုက် ထားပြီး စားချင် သည့် မုန့်တွေမှာသည်။ ခွေးပုလေးအတွက် အသားမုန့်တစ်ခု ဝယ်ကျွေးတော့ မွေးဖွားက စားပြီး တစ်ချက်ဟောင်ပြန်၏။

"ဘာလဲ၊ ငါ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောတာလား"

မွေးဖွား ထဟောင်သည်ကို သဘောကျပြီး ရယ်နေမိ၏။ ထိုစဉ်တွင် ရှ တစ်ယောက်က ကုန်းပြီး မွေးဖွား၏ ကျောကိုပုတ်သည်။ ပြီးတော့ နာမည်ဘယ်လို ပေးထားလည်းဟု မေးသည်။

"မသိဘူးရှင့်၊ ကျွန်မနဲ့ သူနဲ့သိတာ နာရီပိုင်းပဲ ရှိသေးတယ်"

"မင်းပြောတာ သူ နားလည်လားဟင်"

"နားလည်တယ် ထင်တာပဲ"

ထိုလူကြီးက ဘယ်နည်းဘယ်ပုံ သင်ပေးရကြောင်း ရှင်းပြနေသဖြင့် ကျေးဇူး တင်ကြောင်း ပြောလိုက်ရသေးသည်။ သည်ကောင် သည်လောက် ကပ်နေ လျှင်တော့ အိမ်အထိ ခေါ်သွားမည်ဟု စိတ်ကူးလိုက်မိ၏။ ကောင်ငယ်လေးက ထင်သည့်အတိုင်း နောက်မှ တကောက်ကောက် လိုက်လာသည်။ အခန်းရောက် တော့ ကီရစ္စာန် စောင့်ရှောက်ရေး အသင်းသို့ ဖုန်းဆက်သည်။ ခွေးပျောက် တိုင်သူ မရှိကြောင်း သိရသည်။

"ကဲ လာ၊ မင်း ရေမချိုးတာ တော်တော်ကြာပြီ ထင်တယ်"

ရေချိုးခန်းဆီသို့ ပွေ့ခေါ်သွားပြီး ချိုးကန်ထဲထည့်တော့ မွေးဖွားက မရုန်း မကန်ဘဲ ငြိမ်ခံနေသည်။ အကာယ်၍များ တစ်အား ခါလိုက်လျှင် မျက်နှာမှာ ပတ်တီးတွေ စိုကုန်တော့မည်။ သည်တော့ သတိနှင့် ဆပ်ပြာကို တိုက်ပေးရသည်

ဒုတိယအကြိမ်



ရေချိုးပြီးတော့ မွေးဖွား၏အရောင် ပြောင်းသွားသည်။ မီးခိုးနှင့်အညို မဟုတ် တော့ပဲ အဖြူနှင့်အညို ဖြစ်လာသည်။ အဖြူရောင်က တကယ့်ရေခဲပြင်လို ဆွတ်ဆွတ်ဖြူ။ အညိုက ချောကလက် အညိုရောင်။ လှလိုက်တာကွယ်၊ အရှင် သေပါပါစေနှင့်ဟု ကျိတ် ဆုတောင်းနေမိ၏။

တစ်ခါမျှ ခွေးမမွေးဘူးခဲ့။ တကယ်တော့ မွေးဖို့ အချိန်လည်း သူ့မှာ မရှိခဲ့။ သည်ကောင်ကလေးကိုတော့ မြင်မြင်ချင်း ချစ်နေမိပြီ။ ရေမိုးချိုးပြီး မျက်နှာ သုတ်ပဝါဖြင့် တစ်ကိုယ်လုံးကို သုတ်ပေးတော့ ကောင်ငယ်လေးက ခြေ လေးချောင်း ကိုထောင်ကာ ပယ်ပယ်နယ်နယ် ပစ်အိပ်ချပေး လိုက်သေး။ နာမည် ဘယ်လို ပေးရပါ့။ ဟုတ်ပြီ၊ မိုက်ကယ်ငယ်ငယ်က မွေးဖူးသည့် ခွေးငယ်လေး၏ နာမည်။ ဖရက်။ "ဟေး ဖရက်၊ မင်း အဲ့ဒီနာမည် သဘောကျရဲ့လား ဟင်"ဟုမေးတော့ နှစ်ချက်ဆက် ဟောင်ပြသည်။ သို့ဆိုလျှင် ဟုတ်ကဲ့ဟု ဖြေခြင်း ဖြစ်ရမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နန်စီ တံခါးဝဆီသို့ ခဏ ခဏ ခိုးကြည့်နေသည်။ မီးဖိုနံဘေးမှ ကုလားထိုင်တွင် ထိုင်နေသည့်ဖေးက

"ကဲ သူငယ်မ၊ မှန်မှန်ပြော။ ကိုယ် သွားနေတုန်း ဘာတွေဖြစ်သလဲ၊ တစ်ခုခု ပြောစရာရှိနေတယ် မဟုတ်လား"

ဖေးက နန်စီကို ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း တွေ့ရ၍ ဝမ်းသာနေသည်။

"သူငယ်ချင်းတစ်ယောက် ပါလာတယ် ဖေး"

"ဟုတ်လား၊ တယ်ဟုတ်ပါလား။ ကိုယ်သွားနေတဲ့ နှစ်ပတ်အတွင်း မင်းစွံသွားပြီ၊ ဟုတ်လား"

ဖရက်က အခန်းထဲသို့ ခုန်ပေါက်ပြီး ဝင်လာသည်။ သူ့ လည်ပင်းမှ လည်စည်း အနီကို သိပ်သဘောကျနေသည့်အလား။ သူ့ကိုရပြီး နောက်တစ်နေ့ အထိ ပိုင်ရှင် ပေါ်မလာသည့်အခါ နန်စီက တရားဝင် မှတ်ပုံတင်ပြီး မွေးလိုက်တော့၏။ နောက် လည်စီး ဝယ်တပ်ပေးသည်။ အိပ်ရာ အိပ်ခင်းကော၊ စားအိုး စားခွက်ကော ကစားစရာတွေ စုစုပေါင်း ဆယ့်ခုနစ်မျိုးတိတိ ဝယ်ပေးသည်။

"သူပဲ ဖေး၊ ဖေးနဲ့ မိတ်ဆက်ပေးမယ်နော်။ သူ့နာမည်ကလေ၊ ဖရက်တဲ့"

နန်စီက ဂုဏ်ယူသည့် မျက်နှာလေးနှင့် မိတ်ဆက်ပေးသည်။





"အေးကွယ်၊ လှလိုက်တာ။ ချစ်စရာလေးနော်။ နန်စီ ဘယ်ကရတာလဲ ဆင်"

"ခရစ်စမတ်ညမှာ တွေ့ကြတာလေ။ နိုဝဲလ်လို့ မှည့်ဖို့ကောင်းတာ။ ဒါပေမဲ့ ရက်က ပိုကောင်းပါတယ်လေ" သည်အကြောင်းကိုတော့ ဖေးကို ရှင်းမပြတော့။ ကယ်ကို ခုထိ သတိတရ ဖြစ်နေမိသည့်အတွက် ကိုယ့် ကိုယ်ကိုယ်လည်း းလာမိသည်။

"ဓာတ်ပုံတွေလည်း ပါလာတယ်၊ ဖေး ကြည့်ဖို့"

"ဟုတ်လား၊ သိပ်အလုပ် ဖြစ်နေတာပေါ့လေ။ ဒါဆို တို့ခဏခဏ ခရီးထွက် မှုထင်တယ်"

"မလုပ်ပါနဲ့ ဖေးရယ်၊ အဲဒီလိုတော့ မဟုတ်ပါဘူး"

နန်စီသည် တကယ်ပင် စိုးရိမ်ဟန် ရှိသွား၏။ သူ့ ပုံပန်းက ပျင်းရိ ခြောက် ..စွာဖြင့် တစ်ယောက်တည်း ကျန်ခဲ့သည့် အနေအထားကို ဖော်ကျူးနေ ...

"ဒါထက် ဖေးရေ၊ အသံ လေ့ကျင့်ခန်းကို မနက်ဖြန် စယူရတော့မယ်လို့ ..ာပြောတယ်။ ဒါဟာ ဘဝသစ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲတဲ့။ အက သင်တန်း ..တော့ မတက်နိုင်သေးဘူး။ မျက်နှာကိစ္စ လုံးလုံးပြီးမှတဲ့။ နောက်နှစ် နွေရာသီ ..ာက်မှ စတက်နိုင်မှာတဲ့"

"ဝမ်းသာလိုက်တာ နန်စီရယ်"

"နန်စီလည်း ဝမ်းသာနေတာဖေးရဲ့"

ထိုနေ့တွင်လည်း စကားတွေ ဖောင်ဖွဲ့ဖြစ်ကြသည်။ ထူးဆန်းသည်မှာ ..လအတွင်း ပထမဦးဆုံး အကြိမ်အဖြစ် မိုက်ကယ်အကြောင်း မပြောမိခြင်း ..၏။ ဖေး အံ့သြနေသည်။ မိုက်ကယ်အကြောင်း လုံးဝမပြောတော့ဟုများ ..း ဖြတ်လိုက်ပြီလား မသိ။

ထိုနောက်ပိုင်းတွင် နန်စီသည် သူ့ ရှေ့ရေး အစီအစဉ်တွေ အကြောင်း၊ ..သံလေ့ကျင့်ခန်း အကြောင်းနှင့် ဓာတ်ပုံအကြောင်း၊ ဖရက်အကြောင်းတွေသာ ..ပြောတော့၏။ မိုက်ကယ်အကြောင်း တစ်ခွန်းမျှ မဟတော့။ တစ်ခါတစ်ရံတွင် ..ာနှင့် ကားလျှောက်စီးသည်။ ပီတာက လူရှင်းသည့် လမ်းကိုရွေးပြီး ကား ခြေ ..သို့ မောင်းပို့လေ့ရှိသည်။ ဒဏ်ရာရခဲ့သည်မှာ တစ်နှစ်ရှိခဲ့ပြီ။ ပန်းတီးတွေ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ နန်းစီ ရုပ်ပုံလွှာသည် တစ်စတစ်စ လှလှပပ ပုံပေါ်စပြုနေသည်။ မျက်နှာ တစ်ဝိုက်မှ အရိုးတွေ ကျိုးပေါင်းတက်နေချိန်တွင် ယင်း အရိုးများပေါ်မှ အသားတွေက နေရာယူနေပြီ။ ဖေးက စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးကို တာဝန်ယူသည်။ ပီတာက ရုပ်ပိုင်းဆိုင်ရာကို တာဝန်ယူသည်။ ဤသို့ဖြင့် နန်းစီသည် ဘက်စုံရင့်ကျက်စွာ ပြောင်းလဲလာသော လူသစ်တစ်ယောက်အဖြစ် တစ်စတစ်စ သန္ဓေတည်လာတော့၏။

တစ်ခုသော နေ့လယ်ပိုင်းတွင် ဖေးက တအံ့တသြဖြင့် "ဘာလိုလို့နဲ့ နန်း ဒီကိုရောက်တာ တစ်နှစ်တောင် ပြည့်ခဲ့ပြီနော်"

မျက်နှာအပေါ်ပိုင်း၌ ပတ်တီးတွေ မရှိတော့။ ပါးရိုးအပေါ်ပိုင်းနှင့် မျက်လုံး တစ်ဝိုက်ကို ပီတာ 'ကိုင်' နေချိန်ဖြစ်၏။ ရောမ မျက်မှန်နက်ကြီးကိုတော့ တပ်ထား ရဆဲ။

"ဟုတ်တာပေါ့။ ပြီးခဲ့တဲ့ မေလကတည်းကပဲ။ ဖေးနဲ့ တွေ့တာတော့ ရှစ်လပဲ ရှိပါသေးတယ်။ နန်းစီ့ကို ဘယ်လို မြင်သလဲဟင်၊ နန်းစီ စိတ်မှန်ပါတယ် နော်"

သူ့အသံတွင် သူ့ကိုယ်သူ မယုံကြည်သည့် လေသံတွေ စွက်နေလေသည်။ လွန်ခဲ့သည့် သုံးရက်က အခွဲအစိတ်ခံရသည့်ဒဏ်က ပင်ပန်းလှ၏။ သည့်အတွက် ကြောင့်လားမသိ။

"မင်းဟာ စိတ်ပိုင်းဆိုင်ရာ သူလို ကိုယ်လိုပဲ ရှိနေတယ်ဆိုတာ မင်းကိုမင်း မယုံဘူးလား နန်းစီ"

"ဟင့်အင်း။ အထူးသဖြင့် မိုက်ကယ် အကြောင်း သိပ်စဉ်းစားတဲ့ အချိန်မျိုး မှာ ကိုယ့်ကိုယ်ကိုယ် မှန်တယ်လို့ကို မထင်ဘူး"

အတိတ်ကို အတိတ်မှာ မထားခဲ့နိုင်ကြောင်းကို နန်းစီ ဘက်မှ အတိအလင်း ဝန်ခံလိုက်ခြင်းဖြစ်၏။ နန်းစီ စိတ်ထဲတွင် မိုက်ကယ် သူ့ဆီ ပြန်လာလိမ့်မည်ဟု အမေနှင့် နားလည်မှု ယူနိုင်လိမ့်မည်၊ ပြီးတော့ ဝတ္ထုတွေထဲကလို ညားကြလေ သတည်းဟု ဇာတ်သိမ်း လိမ့်မည်ဟု ယုံကြည်နေဆဲ မဟုတ်လား။

"ဘာပြုလို့ စိတ်ထဲမှာ အဲဒီလို ယုံကြည်နေတာလဲ ဆိုတာတော့ ကိုယ် ဟာကိုယ် နားမလည် တော့ပါဘူး ဖေးရယ်"





"ဒီမယ် နန်းစီ၊ မင်း ခုအတိုင်း ဆက်နေလိုက်ဦး သိလား။ လူ့ လောက ကြီးကို နည်းနည်းကလေး ထပ်တိုးပြီး ဝင်ကြည့်လိုက်ဦး။ ပြီးတော့ ဘာလုပ်ရ မလဲ ဆိုရင် ပြီးခဲ့တာတွေ ပြန်တွေး။ မပြီးသေးတဲ့ အကြောင်းအရာတွေကို လည်း ကြံတွေး။ မင်း အတိတ်ကို ပစ်ပစ်ခါခါကြီး မေ့မထားနိုင်ဘူးဆိုတာ သဘာဝ ကျပါတယ် နန်းစီ။ အဲ့ဒါ ဘာပြုလို့လဲ သိလား။ အတိတ်ကို အနာဂတ်နဲ့ အစား ထိုးနိုင်သေးလို့။ ဒါပေမဲ့ ဒါက ထာဝရ မဟုတ်ပါဘူး၊ တဒင်္ဂပါ။ မယုံရင် မင်း စောင့်ကြည့်။ စိတ်အေးအေးထားပြီး စောင့်သာကြည့်"

နန်းစီ သက်ပြင်းချလိုက်သည်။ ရောမ သက်ပြင်းရှည်ကြီး။

"စိတ်အေးအေး ထားရဖန်များတော့ စိတ်ညစ်လာပြီ ဖေး။ ဒီမျက်နှာကြီးက ပြီးတော့ ပြီးဦးမှာလား ဟင်။ တစ်ခါတလေတော့ ပီတာကိုတောင် မုန်းလာ သလိုပဲ။ ဒါပေမဲ့ နန်းစီ သိပါတယ်လေ၊ ပီတာဟာ တကယ့်ကိုတော်တဲ့ ဆရာဝန် တစ်ယောက်ပါ။ ဒီ ထက်လည်း ဘယ် မြန်နိုင်တော့မှာလဲ နော်"

"မင်း ဒီမှာအချိန်ကုန်ရကျိုးနပ်ပါတယ် နန်းစီရယ်"

ဖေးက နန်းစီကို ပြုံးပြီး ကြည့်နေတော့ နန်းစီ ပြန်ပြုံးသည်။ ရှင်းသန့် ကြည်လင်သည့် အလှသည် ကလေးမ၏ မျက်နှာတွင် သိသိသာသာ ပေါ်လွင်နေ အသံလေ့ကျင့်ခန်း မှန်မှန်ယူ၍ ဖြင့် မျက်နှာနှင့် လိုက်ဖက်သည့် အသံတစ်မျိုး ပြီ။ ယခင်အသံနှင့် တာလျှင် မဆိုစလောက်ကလေး နိမ့်သွားသည်။ သည့်တော့ သိမ်မွေ့လာသည်။ ပိုပြီး ဆွဲဆောင်မှုရှိလာသည်။

"အားလုံးပြီးသွားရင် မင်း သရုပ်ဆောင်ဘက်ကို ဝင်ဖို့ စိတ်ကူး မကြည့်မိ လား နန်းစီ။ မင်းဘဝ အတွေ့ အကြုံနဲ့ရုပ်ရည်နဲ့ဆို ကောင်းကောင်းကြီး သမီး ဖြစ်နိုင်တယ်"

ဖေးက စိတ်လိုလက်ရ ပြောနေသည်။ နန်းစီက အပြုံးဖြင့် ပြန်ဖြေသည်။

"ရုပ်ရှင် လောကကို ဝင်ချင် ဝင်မိမလားမသိဘူး ဖေး။ ဒါပေမယ့် သရုပ် ဆောင်တော့ မလုပ်ဘူး၊ ကင်မရာဘက်ကပဲနေမယ်"

"အင်း ဟုတ်ပါပြီ။ ကိုယ်က တွေးကြည့်တာပါ။ ဒါထက် ဒီတစ်ပတ် တွေ လုပ်ဖို့ စီစဉ်ထားလဲဟင်"

"ပီတာကို ပြောထားတယ်၊ သူ့အတွက် ဓာတ်ပုံတွေ ရိုက်ပေးချင်တယ် သူ စင်တာဘာဘာရာကို သွားဖို့ ရှိတယ်။ လေယာဉ်ပျံနဲ့သွားမယ်တဲ့။ ကိုပါ ခေါ်သွားမယ်တဲ့။ ရိုက်ကွင်းတွေ အများကြီး ရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘဝကို ကိုယ်တောင် အားကျလာပြီ ကလေးရယ်"

ဖေးက နာရီ ငုံ့ ကြည့်သည်။

"ကဲ ဗုဒ္ဓဟူးနေ့မှာ ထပ်တွေ့ကြမယ်နော်"

"ဟုတ်ကဲ့ မမ"

နန့်စီ ခပ်ရွှင်ရွှင်နှုတ်ဆက်ပြီး နေရာမှ ထသည်နှင့် ဖရက်က အခန်းထဲ ခုန်ပေါက် ပြေးထွက်သွားသည်။ ဖေး၏ ရုံးခန်းကို သူ ကောင်းကောင်းကြ ရင်းနှီးနေပြီ။

အပြန်တွင် ပန်းခြံ ဘက်မှပတ်ပြီး ပြန်ခဲ့သည်။ ပန်းခြံကစားကွင်းတွ ဆော့နေကြသည့် ကလေးတွေကို ဓာတ်ပုံရိုက်သည်။ မျောက်ရှုံးအောင် ဆော့ ကြသည့် ကလေးတွေကို စိတ်ကြိုက်ပုံတွေ တဝကြီး ရွေးရိုက်နိုင်ခဲ့သည်။ အမြင့် တက်နေကြသည့် ပုံတွေ၊ ခုန်ပျံပြေးလွှား နေကြသည့်ပုံတွေ။ တစ်ယောက် တစ်ယောက် ထိုးကြိတ်ကျီစယ် နေကြသည့်ပုံတွေ။ ပြီးတော့ ခုံတန်းတစ်ခု တွင်ထိုင်ကာ သူတို့ကလေးတွေကို ငေးကြည့်နေမိသည်။ လှပသည့် နေ့တစ် ပျော်ရွှင်ဖွယ် နေ့တစ်နေ့ပါတကား။

* * *

"ရှင် ဒီကို ခဏခဏ လာလား"

မိုက်ကယ် ပန်းခြံခုံတန်း...တွင် ထိုင်နေရာမှ တအံ့တသြဖြင့် ခေါ ထောင်ကြည့်လိုက်၏။ စိမ်းစိမ်းစိုစို ကလေးတွေကို ခဏတဖြုတ် ငေးချင်သ ရုံးမှ တစ်နာရီလောက် လစ်ထွက်လာခဲ့ခြင်းဖြစ်၏။ နယူးယောက်၏ နွေဦးသ အလွန်ချစ်စဖွယ် ကောင်းလှသည်။ သစ်ပင်ပန်းမန်တွေ ပြန်လည် အသက် လာသော ရာသီမို့ ဖြူရော်ရော် နယူးယောက်မြို့ကြီးကို အစိမ်းရောင်သို့ ပြော ပေးနေသည်။ လူရှင်းသည့် ထောင့်တစ်ထောင့်မှ ခုံတန်းပေါ်တွင် ထိုင်ငေးနေ ဝင်ဒီတောင်ဆင်းနှင့် လာတိုးနေခြင်း ဖြစ်၏။

"ဟင့်အင်း၊ တစ်ခါမှ မလာဖူးပါဘူး။ ဒီနေ့တော့ နွေဦးပေါက် ငေးချင်တာနဲ့ ထွက်လာတာ"





"ဟုတ်လား၊ ကျွန်မလဲ ဒီလိုပဲ"

သူ့ လက်ထဲတွင် ရေခဲချောင်းကြီးနှင့် ဖြစ်နေသဖြင့် အမျိုးသမီးက ရှက်ကိုး ကန်း ဖြစ်နေပုံရသည်။ ချောကလက်ရည်တွေက ပျော်ကျလု နီးနေ၍ ငုံ့ပြီး ယူလိုက်သေးသည်။

"သိပ်ချိုမှာပဲနော်" နွေဦးလေကိုရှူရင်း မိုက်ကယ်က ခပ်ပြုံးပြုံး ပြော လိုက်သည်။

"အင့် စားပါလား"

သူက သုံးတန်းကလေးတွေ တစ်ယောက်နှင့် တစ်ယောက် ခွဲသလို ကမ်းပေးသည်။

"စားပါဗျာ စားပါ၊ ကျေးဇူးတင်ပါတယ်။ ထိုင်လေ"

စိတ်ထဲတွင် အောင့်သက်သက် ဖြစ်နေ၏။ တစ်ခါတစ်လေ ကလေး ရုံးမှ ထွက်လာခဲ့သည်၊ ဒီဖိုင်းဗိုသုကာမနှင့် လာတိုးနေသည်။ ဘာပဲဖြစ်ဖြစ် ရာသီ ဥတုမှာ ကြည်လင်နေ၍ စိတ်လက်ပေါ့ပါး ရွှင်လန်းစရာ ကောင်းနေသည်တော့ အမှန်။ ကောင်မလေးကို ကြည့်ရသည်မှာလည်း ခင်မင်ချင်စရာလေး။ ကလေးမ ရေခဲချောင်းကို အပြတ်ရှင်းပစ်လိုက်ပြီး ခုံတန်းပေါ်တွင် ဝင်ထိုင်လိုက်၏။

"ခုတလောမင်းဘာတွေ လုပ်နေတာလဲ"

"ဟူစတန်နဲ့ကင်းစပ် စီးတီးလေ။ ကျွန်မအလုပ်က ရှင့်ပုံတွေ ထွက်လာပြီး တော့ ငါးလ ခြောက်လကြာမှ စရတာ။ ရှင့်ပုံတွေကို အတွင်းပိုင်း ဒီဇိုင်းထုတ် တာ စိတ်ဝင်စားစရာ ကောင်းပါတယ်"

"ကိုယ်တော့ အဲဒီ ကလီစာ ထည့်တဲ့လုပ်ငန်းမှာ မင်းလောက် မကျွမ်းဘူး"

"အံမယ် ဒေါက်တာကြီးက ချီးနေပြန်ပြီ"

မျက်တောင်ကော့ကြီးတွေ အောက်မှာ သူ့မျက်လုံးတွေ ပြုံးလျက်။ ...လျက်။

"ဒါထက် အေဗရီနဲ့ မင်းနဲ့ ပြေလည်ရဲ့လား။ သူ့ကို ကိုယ်က အလုပ်တွေ ...င်းသလို မင်းကိုကော သူက ဖိနှိပ်နေတာပဲလား"

"အေဗရီဟာ ကျွန်မ မိတ်ဆွေကောင်းပါ။ သိပ်တော်တဲ့ အင်ဂျင်နီယာ ...ယောက်ပါ"

"သူနဲ့ ကိုယ်နဲ့ ငယ်ငယ်ကလေးထဲက တွဲခဲ့ကြတာလေ။ ညီအစ်ကိုတွေ ...ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



အေဗရီနှင့် မဆုံရသည်ပင် တော်တော်ကြာခဲ့ပြီ။ လွတ်လွတ်လပ်လ
တွေ့ချိန်ကိုမရတော့။ သူ့ ဘဝအဆင်ပြေပြေမှ ရှိရဲ့လားမသိ။ အေဗရီနှင့် ပ
သက်ပြီး သူ့မှာတာဝန်တွေ အများကြီးရှိနေပါလား။ ကိုယ့်ကိုယ်ကိုယ် မလုံသလို
ခံစားလိုက်ရ၏။ သိပ်ပြီး လျစ်လျူ ရှုထားရာများ ကျနေပြီလား။ နှစ်ယော
စလုံး ပြောင်းလဲလာခဲ့ ကြသည်တော့အမှန်။

"ရှင့်ကြည့်ရတာ အနီးအနားပတ်ဝန်းကျင်ကို မေ့နေပြီး ဟိုးအဝေးကြီး
မျှော်နေသလိုပဲ မစ္စတာဟီးလ်ယဒ်"

မိုက်ကယ် ပခုံးတွန့်လိုက်သည်။ "နွေဦးဟာ တစ်မျိုးပဲနော်။ တစ်
တစ်နှစ်ရဲ့ မှတ်တိုင်လိုပဲ။ ကုန်ခဲ့တဲ့ တစ်နှစ်စာ တစ်နှစ်စာ အကြောင်းပြန် တွေး
အကောင်းဆုံး အချိန်ပဲ"

"ကျွန်မလည်း အဲဒီလို စဉ်းစားလေ့ရှိပါတယ်။ ကျွန်မကတော့ စက်
ဘာကို သတ်မှတ်တယ်။ ကျောင်းဖွင့်ချိန် ပိတ်ချိန်ကို ယူထားတာလေ။ အ
အားဖြင့် ဇန်နဝါရီလကို သတ်မှတ်ကြတာများပါတယ်။ နွေဦးကတော့ ပို
သဘာဝကျ တာပေါ့လေ။ ဒီလက အရာရာတိုင်း အသစ်တဖန် ရှင်ပြန်ထမြော
တဲ့လ မဟုတ်လား။ ဘဝကိုလည်း အဲဒီလို တနှစ်တစ်ခါ ရွက်သစ်ဝေလို့ရ
သိပ်ကောင်းမှာနော်"

နှစ်ယောက်သား ပြုံးလိုက်ကြသည်။ ရေကန်ထဲမှာ ဘဲကလေးတွေ
လှမ်းငေးနေမိကြသည်။ ကန်တစ်ဝိုက်တွင် လူသူ အရိပ်အရောင်ပင် မမြင်
"ကဲဒါဖြင့် မနှစ်က ဒီအချိန်မှာ ရှင် ဘာလုပ်နေလဲ"

ကလေးမက ရိုးရိုးသားသားကလေး မေးလိုက်ခြင်းဖြစ်၏။ သို့သော် ခံထို
ရသူမှာတော့ ဓားချွန်ချွန်ဖြင့် အထိုးခံလိုက်ရ သလိုလို။

မနှစ်တုန်းက သည်နေ့၊ သည်ရက်. . .

မျက်ခုံးတွေရှုံ့ပြီး ဖြေလိုက်ရသည်။

"ခုလိုပါပဲ။ ဘာမှထူးထူးထွေထွေ မရှိလှပါဘူး" ဖြေပြီးတော့ နာ
ငုံ့ကြည့်သည်။ မတ်တတ်ထရပ်သည်။

"အေးကွာ၊ စကားပြောလို့တော့ ကောင်းပါရဲ့။ သွားလိုက်ဦးမယ်၊ အ
အဝေးရှိသေးတယ်"

ကြိုးကြိုးစားစား ပြုံးပြပြီး ထွက်ခဲ့သည်။





ဝင်ဒီတစ်ယောက်တည်း ထိုင်ကျန်ရစ်သည်။ ဘယ်လိုလူစားပါလိမ့်။
မျိုးပဲဟု စိတ်ထဲ မတင်မကျဖြစ်နေသည်။ တစ်ခါက အေဗရီကို မိုက်ကယ်
ကြောင်း မေးကြည့်ဖူးသည်။ အေဗရီက အရင်းနှီးဆုံး သူကိုယ်တိုင်သည်ပင်
ကယ်နှင့် မိုင်တစ်ထောင်လောက် အကွာအဝေးမှာ ရှိနေသလိုပဲဟု ဖြေ၏၊

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

အစည်းအဝေးတွင် ဝင်ဒီပါ ပါလာ၍ မိုက်ကယ် အံ့သြသွားသည်။ အေဗရီနှင့်အ
ပါလာခြင်းဖြစ်သည်။ ဆန်ဖရန်စစ္စကို ဆေးရုံကြီး၏ အတွင်းပိုင်း အပ
အသေးစိတ်ပုံစံ အကြောင်း ဆွေးနွေးမည့် အစည်းအဝေး မဟုတ်လာ
အဆောက်အအုံကြီး၏ မျက်နှာစာ အတွင်းပိုင်းကို ဝင်ဒီကတာဝန်ယူပြီး ဒီ
ထုတ်သည်။ ခန်းမကြီးများထဲတွင်တော့ ဗိသုကာနှင့် အနုပညာလက်ရာ
ပေါင်းစပ်ပြီး သရုပ်ဖော်မည်။ သည်အတွက် အေဗရီက သွားလေရာရာ
ပန်းချီပန်းပု အနုပညာရှင် တစ်ယောက်ကို မျက်စိဒေါက်ထောက်ပြီး ရှာ
နေသည်။ ရောမစီမံကိန်း ကြီးဖြစ်၍ အစီအစဉ်တွေကို အဆင့်ဆင့် ဆွေးနွေး
ရသည်။ အသေးစိတ် ဆွေးနွေးကြရသည်။

အစည်းအဝေးက စိတ်ဝင်းစားစရာ ကောင်းလှ၏။ အတတ်ပညာရှ
အတွေ့အကြုံတွေ ဖလှယ်ကြရသည်။ အစည်းအဝေးကို ဦးဆောင် ဆွေးနွေးသူ
တော့ မာရီယံ။ ဂျော့က မာရီယံ့ လက်ထောက်အဖြစ် ပံ့ပိုးသည်။ တွန်းအားပေး
သည်။ မိုက်ကယ်ကလည်း သူ့အပိုင်းကို သူ အကွက်စေ့စေ့ ဆွေးနွေးသည်
ဆန်ဖရန်စစ္စကို ဆေးရုံစီမံကိန်းသည် မိုက်ကယ် ဦးစီးရမည့် လုပ်ငန်းကြီး မဟုတ်
လား။ တစ်နိုင်ငံလုံးရှိ ဗိသုကာ ကုမ္ပဏီကြီးများနှင့် အပြိုင်ကြဲပြီး မရ အ
ယူထားခဲ့သည့် လုပ်ငန်းကြီး။ သည်ဆေးရုံကြီးပြီးလျှင် မိုက်ကယ့်နာမည် သည်
ထိပ်ဆုံးရောက်ရမည်ဟု မာရီယံ အားခဲထားခဲ့သည်။





ညခြောက်နာရီမှ အစည်းအဝေး ပြီးသည်။ အစည်းအဝေးတွင် ဝင်ဒီ၏
အမွှမ်းအစတွေကို တွေ့ကြရ၏။ သူ့ ဘက်က မှန်နေပြီဆိုလျှင် မာရီယံကိုပင်
အလျှော့မပေး။ အလုပ်နှင့် ပတ်သက်ပြီး မိုက်ကယ် သဘောကျသွား၏။ အေဗရီ
အလည်း ဝင်ဒီကို ပွဲထုတ်ရ၍ ကျေနပ်နေသည်။

အစည်းအဝေးပြီး၍ အပြင်ထွက်လာကြတော့ အေဗရီက ဝင်ဒီ့ ပခုံးပုတ်
ပြီး ချီးကျူးစကားဆိုသည်။ ထိုအခိုက် အေဗရီကို သူ့ အတွင်းရေးမှူးက လှမ်း
ခေါ်သဖြင့် အခန်းတစ်ခန်းထဲသို့ ဝင်သွားရာ ဝင်ဒီတစ်ယောက်တည်း အောက်
ထပ်သို့ ဆင်းလာခဲ့သည်။ မိုက်ကယ်နောက်မှ လိုက်လာပြီး တားလိုက်သဖြင့်
အံ့သြသွားသည်။

"မင်းဒီဇိုင်းတွေကို ကိုယ်သဘောကျတယ် ဝင်ဒီ။ တို့တစ်တွေ ရှေ့လျှောက်
ကောင်းကောင်းကြီး တွဲလုပ်လို့ရပါပြီ"

"ကျွန်မလည်း အဲဒီအတိုင်း မျှော်လင့်နေပါတယ်။ ဟို...ဟို နေ့လည်
ပိုင်းက ပန်းခြံထဲမှာ ကျွန်မပြောခဲ့တာ စိတ်အနှောက်အယှက် ဖြစ်သွားရင်
ခွင့်လွှတ်ပါနော်။ ဘာရည်ရွယ်ချက်နဲ့မှ မေးတာမဟုတ်ပါဘူး ရှင်။ ပြီးတော့..."

ကလေးမသည် တကယ် စိတ်မကောင်း ဖြစ်နေပုံ။ မိုက်ကယ်က လက်ကာ
ပြီး တားလိုက်၏။ ပြီးတော့ ပြုံးပြလျက်။

"မင်းမှာ ခွင့်လွှတ်စရာ ဘာအပြစ်မှ မရှိပါဘူးကွယ်။ ရိုင်းရိုင်းပျပျ
အပြန်ခဲ့တဲ့ ကိုယ့်မှာသာ အပြစ်ရှိတာပါ။ ကိုယ်က တောင်းပန်တဲ့ အနေနဲ့ ညစာ
ကျွေးပါရစေနော်"

"ညစာ" ဟူသည့် စကားလုံး သူ့နှုတ်မှ ထွက်သွားသည့်အတွက် မိုက်ကယ်
သူ့ကိုယ်သူ အံ့သြနေမိသည်။ တစ်နှစ်အတွင်း ဘယ်အမျိုးသမီးနှင့်မျှ ညစာ
မစား ဖြစ်ခဲ့။ ဝင်ဒီကိုတော့ လုပ်ဖော်ကိုင်ဖက် တစ်ဦးအဖြစ် ခင်မင် လာသလိုလို။
ကလေးမ အနေရ အထိုင်ရ ခက်သွားပုံရသည်။ ပါးကလေးတွေ ရဲနေသည်။

"လိုမယ် မထင်ပါဘူး ရှင်"

"မလိုဘူးဆိုလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွေးချင်လို့ပါ။ အားတယ်
မဟုတ်လား"

"ဟုတ်ကဲ့ရှင့်၊ အားတော့ အားပါတယ်"

"ဟုတ်ပြီ၊ တစ်နာရီ အတွင်း မင့်ဆီကို ကိုယ်အရောက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ လိပ်စာကို ကမန်းကတန်း ရေးမှတ်လိုက်သည်။ ပြီးတော့ ရုံးခန်းဆီသို့ ခတ်သုတ်သုတ်ပြန်လျှောက်လာသည်။ သင့်မသင့် တော်မတော် ပြန်စဉ်းစားနေမိ၏။ အို ဘာပဲဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ်။

နောက်တစ်နာရီ အကြာတွင် ဝင်ဒီ့ အခန်းသို့ သူရောက်နှင့်နေပြီ။ အိမ်ကြီးတစ်အိမ်ကို အခန်းတွေဖွဲ့ပြီး ငှားထားခြင်းဖြစ်၏။ အခန်းနောင ်-ႇင် ပန်းခြံကလေး ရှိသည်။ အခန်းကလေးမှာ သပ်သပ်ရပ်ရပ် ရှိလှ၏။ တံခါးကြီး အနက်ရောင်။ ကြေးဝါ တံခါးသော့ကြီးနှင့်။ အခန်းပြင်ဆင်ပုံမှာ အဟောင်းနှင့်အသစ်ကို ပေါင်းစပ်ထားသည့် ပြင်ဆင်မှုမျိုး။ ရှေးဟောင်း ပန်းပုလက်ရာတွေ အလွန့်အလွန် ခေတ်မှီသည့် အသုံးဆောင်တွေ။ အရောင်အသွေးစပ်ပုံက ခပ်ပြေပြေ။ အရိပ်ပန်းတွေက မီးရောင်ဖျော့ဖျော့တွင် ချစ်စရာကောင်းနေ၏။ ရှေးဟောင်းငွေထည် ပစ္စည်းတွေကို ဝင်ဒီ မြတ်နိုးပုံရသည်။

ဝင်ဒီက ညစာ စားကောင်းအောင်ဟု ဆိုကာ ဗော့ဒကာနှင့် ခရမ်းချဉ်ရည်ရောစပ်ထားသည့် 'ဘလပ်ဒီးမေရီ' တိုက်သည်။ သောက်ရင်း အလုပ်အကြောင်းတွေပဲ ပြောနေမိကြသည်။ ဒီဇိုင်းတွေ အကြောင်း၊ ပုံစံတွေ အကြောင်း ထုတ်ယောက် ဒိုင်းမြားတွေ အကြောင်း။ အားဖြည့်ကွန်ကရစ်တွေအကြောင်း။ အလုပ် အကြောင်းပြောဖြစ်ကြတော့ တစ်နာရီဟူသော အချိန်သည် ဘယ်လိုကုန်သွားမှန်း မသိလိုက်ကြ။ မိုက်ကယ်က ညစာပင် ထွက်မစားချင်တော့စကားသာ ဆက်ပြောနေချင်တော့၏။ သို့ပေမယ့် ပြင်သစ် ဟိုတယ်တစ်ခုတွင် နေရာ ကြိုမှာထား ပြီးသားလည်း ဖြစ်နေ၏။ သည်ဟိုတယ်က စည်းကမ်းကြီးသည်။ ကြိုတင်မှာ ထားသည့်တိုင် သတ်မှတ်ထားသည့် အချိန်ထက် ငါးမိနစ်မျှ နောက်ကျလျှင်လည်း အော်ဒါကို ဖျက်သိမ်းပစ်လေ့ ရှိသည်။

"မီအောင် ပြေးရမလိုဖြစ်နေပြီ။ မမီလည်း အကြောင်း မဟုတ်ပါဘူးနော်" ဟု ဝင်ဒီပြောတော့ မိုက်ကယ် လန့်သွားသည်။ ဝင်ဒီ့နှုတ်မှ ထွက်လာသည့်စကားလုံးများမှာ သူပြောချင်နေသည့် စကားလုံးများ မဟုတ်လား။ သည်ကလေးမတွင် တခြားဘာ အစီအစဉ်များ ရှိပါလိမ့်။

"မမီတော့ဘူး ဆိုပါတော့။ တို့ဘယ်သွားကြမလဲ၊ ဘယ်မှာစားကြမလဲ"

"မြစ်ဆိပ်ဘက်ကို လျှောက်သွားပြီး ရေရှုခင်းတွေကြည့်ရင် မကောင်းဘူးလား။ မော်တော်ကလေးတွေ၊ ရွက်လှေကလေးတွေလေ။ ပျော်ပွဲစားရင်းပေါ့"





သူ့အမူအရာက နောက်တောက်တောက် ကောင်မလေး တစ်ယောက်၏ ရာမျိုး ဖြစ်သွားပြန်သည်။ ဝတ်စားလာကြတာက ညစာစားဝတ်စုံတွေ။ တော့ ကမ်းနားဘက်ကို လမ်းလျှောက်ဖို့ အကြံပြုနေပြန်သည်။

"စားဖို့ကျတော့ကော"

"ဒီက ယူသွားမယ်လေ"

"ဖြစ်ပါ့မလား ဝင်ဒီရယ်၊ မင့်မှာ သစ်သီးထောပတ်တို့ ဘာတို့ ရှိရဲ့လား"

"သစ်သီးထောပတ်တော့ မရှိဘူး။ ပေါင်မုန့်ရှိတယ်၊ အသားတွေ ရှိတယ်။ းညှပ်မုန့် ဖုတ်သွားမယ်လေ။ ကျွန်မ လုပ်တတ်ပါတယ်"

ဝင်ဒီက ဂုဏ်ယူ ဝင့်ကြွားစွာ ပြောနေ၏။

"ကိုယ် ထင်တာထက်တောင် ပိုပြီး ကောင်းကောင်း စားရတော့ မှာပေါ့၊ တ်လား"

"စားပြီးမှ ပြော"

ဝင်ဒီက ရယ်ပြီး မီးဖိုခန်းထဲ ဝင်ပြေးသွား၏။

ဆယ်မိနစ်မျှ အကြာတွင် ပူပူနွေးနွေး အသားညှပ်မုန့်တွေ၊ ပေါင်မုန့်တွေနှင့် တ်လတ် ဆက်ဆတ် ဒိန်ခဲကြီး တစ်တုံးကို ခြင်းတစ်လုံးထဲ ထည့်ပြီး ယူလာ ည်။ စပျစ်သီးတွေ၊ သစ်တော်သီးတွေနှင့် ဝိုင်တစ်ပုလင်းလည်း ပါသေးသည်။

"အပြေးအလွှား လုပ်လာရတာ။ စားလို့ ရပ့ါမလား မသိဘူး"

သူ့ အမူအရာက တကယ် စိုးရိမ်နေသည့် ပုံ။

မိုက်ကယ် ရယ်လိုက်၏။

"မင်း ကိုယ့်ကို တကယ် မေးနေတာလား ဟင်။ ပြောရင် ယုံမလား၊ ဲ့ စားကောင်း သောက်ဖွယ်တွေကို ၁၂ နှစ်သားလောက် အထိပဲ ကိုယ် ခဲ့ရတာ။ နောက်ပိုင်း အဆောင်က ကျွေးသမျှနဲ့ ပြီးခဲ့ရတာပါ။ ခုလည်း တွေးလဲ။ အတွင်းရေးမှူး အမျိုးသမီးတွေ ရုံးခန်းထဲ ပို့ပေးတာတွေပဲ နေရတာ။ တစ်ခါတစ်ခါ လှည့်တောင် မကြည့်မိဘူး။ တစ်ခါတစ်ခါ ကိုယ် ရတဲ့ ဟင်းတွေကို ခွေးကျွေးတောင် စားမှာမဟုတ်ဘူး"

"တော်သေးတာပေါ့။ ဒါဆို ကျွန်မလက်ရာကို ကြိတ်မှိတ်စားလို့ ရမှာပါ။ လိုကြီး လုပ်နေတော့ အာဟာရ ပြတ်မနေဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



အာဟာရ ပြတ် မပြတ်တော့ မသိ၊ ပိန်ချုံးကျနေတာတော့ အမှန်။

"ကဲ ပြီးရင် သွားကြရအောင်"

ဝင်ဒီက ညော့်ခန်းပတ်ပတ်လည်ကို ဇေ့ကြည့်လိုက်ပြီး အညိုရောင် သိုးမွေး ခြုံထည်ကလေးကို လှမ်းယူသည်။ မိုက်ကယ်က စားစရာ ခြင်းတောင်းကို သည်။ ဆိပ်ကမ်းအရောက် လမ်းလျှောက်လာကြသည်။ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ကြသည်။ နှစ်ယောက်စလုံး ကြည်ကြည်လင်လင်။ ပျော်နေသလို သူတို့ ထိုင်သည့် နေရာမှာ မြစ်ပြင် ရှုခင်းကို ကောင်းကောင်းမြင်ရသည့် နေရာ ညချမ်းမှာ သာတောင့်သာယာ ရှိလှ၏။ ကောင်းကင်တွင် ကြယ်ကလေး တလက်လက်။ မြစ်ထဲတွင်တော့ မော်တော်တွေ၊ တွန်း သင်္ဘောတွေ၊ အပျော် ရွက်လှေတွေ ပြည့်နေသည်။ ပျော်ပွဲစားထွက်လာသူတွေလည်း ရှိသည်။ နွေဦး ရှုးကြသူတွေ မနည်းလှ။

"ခု အလုပ်ဟာ မင်းရဲ့ ပထမဆုံး အလုပ်လားဟင် ဝင်ဒီ"

မိုက်ကယ်က မုန့်တွေပါးလုပ်ပါးလောင်း စားရင်း မေးတော့ ဝင် ပြုံးပြုံးကလေး ခေါင်းညိတ်ပြသည်။

"ပထမဆုံး လျှောက်တဲ့ အလုပ်က ပထမဆုံး ရတာလေ။ အဲဒီတုန်း များ ပျော်လိုက်တာ။ ပါဆန့်ကောလိပ်က ဘွဲ့ရပြီး ပြီးချင်း ရှင်တို့ ကုမ္ပဏီ တစ်ခါတည်း လျှောက်တာပဲ"

"ဟုတ်လား။ ကိုယ်လဲ ဒါ ပထမဆုံး အလုပ်ပဲ"

အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား၊ အထူးသဖြင့် မာရီယံနှင့် အဆင် ပြေရဲ့လားဟု မေးချင်သည်။ သို့ပေမဲ့ မမေးရဲ၊ မေးလည်း မမေးသင့်။ အလု ကို သူကိုယ်တိုင်လည်း မနားမနေ လုပ်ပြီး နိုင်းစရာ ရှိလျှင်လည်း ကျဲခိုင်း ခိုင်း ခိုင်းတတ်သော သူ့အမေလို အမျိုးသမီးနှင့် ဘယ်သူ အဆင်ပြေနိုင် မည်နည်း။

"ရှင်တို့ တကယ်တော်တာပဲ၊ ရှင် အောင်မြင်မှာပါ မိုက်ကယ်"

မိုက်ကယ် ရယ်နေ၏။

"မင်း အလုပ်လဲ ရပြီ။ နောက်ပိုင်း ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ။ လက်ထ ပြီးတော့ ကလေးတွေ မွေးပေါ့၊ ဟုတ်လား"

ဒုတိယအကြိမ်



"လိုပါသေးတယ်။ နောင်ဆိုရင်တော့ ရှင် ပြောသလို လုပ်ဖြစ်မလား မသိ ဘူး။ ကျွန်မအနေနဲ့ အလုပ်မှာ တိုးတက်အောင်မြင်အောင် အရင် လုပ်ရဦး မယ်လေ။ သုံးဆယ် မပြည့်ခင်တော့ လက်မထပ်သေးပါဘူး"

"အင်း၊ မင်းကတော့ တစ်မျိုးပါလား။ ခုခေတ် မိန်းကလေးတွေဟာ ငယ် ငယ်ရွယ်ရွယ်နဲ့ လင်ယူကြတာ များတယ်နော်"

"ရှင်ကော၊ လက်မထပ်သေးဘူးလား"

ညစာကို မြိန်မြိန်ရှက်ရှက် စားပြီးကြပြီမို့ ဝင်ဒီက သစ်တော်သီး ဝါးရင်း ပြန်မေး၏။ မိုက်ကယ်က မြစ်ပြင်ဆီသို့ ငေးနေရာမှ

"ဟင့်အင်း၊ ဘယ်တော့မှ လက်မထပ်ဘူး"

ခေါင်းယမ်းပြီး ဖြေသည်။ ဝင်ဒီ တအံ့တသြ ကြည့်နေသည်။ သူ့မျက်လုံး တွေက အုံ့မှိုင်းရီဝေလာသည်။ ဝင်ဒီ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွား သည်။ ပြီးတော့မှ ဆက်ပြီး မေးဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်မမှာ မေးခွင့် ရှိရင်တော့ မေးချင်ပါတယ်။ ဘာဖြစ်လို့လဲဟင်"

"မေးပါ၊ ရပါတယ်။ အမှန်က အဲဒီမေးခွန်းမျိုးကို ရင်မဆိုင်ချင်လို့ ကိုယ် ထွက်ပြေးနေတာ တစ်နှစ်ရှိပြီ။ ဒီမနက် မင်းနဲ့ ပန်းခြံထဲမှာ တွေ့တဲ့ အထိ ဆိုပါတော့။ လူတစ်ယောက်ဟာ အမြဲတမ်း ဘယ်ပြေးနေနိုင်မှာလဲနော်"

ခဏရပ်ပြီး သူ့လက်တွေကို သူ ငုံ့ကြည့်နေ၏။ ပြီးတော့မှ ဝင်ဒီကို ပြန်မော့ ကြည့်လျက်

"မနှစ်က လက်ထပ်ဖြစ်မလို့ဘဲ။ လက်ထပ်ဖို့ . . . လက်ထပ်ဖို့ အသွား မှာ . . . အေဗရီလည်း ပါတယ်။ အေဗရီရယ်၊ ကိုယ်ရယ်၊ ကိုယ့် အမျိုးသမီးရယ် ပေါ့။ ကိုယ်တို့ ကားနဲ့ ကားကြီးတစ်စီးနဲ့ တိုက်မိတယ်လေ။ တို့တစ်တွေ ဒဏ်ရာ အကြီးအကျယ်ရပြီး နှစ်ယောက် သေသွားတယ်။ ဟိုဘက်ကားကြီးက ကားမောင်း သမားရယ်၊ ပြီးတော့ သူ . . . သူရယ်။ ကိုယ့်ချစ်သူလေ . . ."

မိုက်ကယ် မျက်ရည်မကျ။ ရင်ထဲတွင်တော့ ငိုနေသည်။ ဝင်ဒီက သူ့ မျက်လုံးကြီးတွေ အဝိုင်းသားနှင့် ကြောင်ကြည့်နေမိ၏။

"ဘုရား ဘုရား၊ ဝင်ဒီ စိတ်မကောင်းလိုက်တာ မိုက်ကယ်ရယ်။ တကယ့် အိပ်မက်ဆိုးကြီး ပါလားနော်"

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝင်ဒီ။ ကိုယ်က နှစ်ရက်လုံးလုံး သတိလစ်နေတယ်။ ကိုယ်ပြန်ပြီး သတိရလာတဲ့ နေ့မှာပဲ....သူ ...သူ"

မိုက်ကယ့်အသံ တိမ်ဝင်သွား၏။ ဆုံးအောင် ဆက်ပြောဖို့ ကြိုးစားသေးသည်။ သို့ပေမဲ့ ပြော မထွက်။ ပြောနိုင်ရမည်။ တစ်ယောက်ကို တစ်ယောက် အန်ထုတ်ပြီး အောဗရီကိုပင် မပြောခဲ့သည့် စကားလုံးတွေကိုလေ။

"နှစ်ပတ်ကြာတော့ ကိုယ် ဆေးရုံက ဆင်းရတယ်။ သူ့အခန်းကို သွားတော့ ဘာမှ မရှိတော့ဘူး။ ဆရာမ အဝတ်အစား ဝတ်ထားတဲ့ မိန်းမ နှစ်ယောက်က ပစ္စည်းတွေ အားလုံး အပျောက်ရိုက်သွားတယ်။ သူက ပန်းချီ ဆရာမလေ"

နှစ်ယောက်သား နှုတ်ဆွံ့စွာ အကြာကြီး ထိုင်နေမိကြ၏။ ပြီးတော့မှ သူ စကားပြန်ဆက်သည်။

"သူ့အခန်းထဲမှာ ဘာမှ မကျန်တော့ သလို ကိုယ့် ရင်ထဲမှာလည်း ဘာမှ မကျန်တော့ဘူး"

မိုက်ကယ် ခေါင်းမော့ကြည့်လိုက်တော့ ဝင်ဒီ့မျက်နှာပေါ်တွင် မျက်ရည်တွေ။

"ဝင်ဒီ စိတ်မကောင်းလိုက်တာ မိုက်ကယ်ရယ်"

မိုက်ကယ်က ခပ်မဆိတ်ပင် ခေါင်းညိတ်၏။ ပြီးတော့ ငိုချလိုက်သည်။ ဝင်ဒီကို ရင်ခွင်ထဲသို့ ဆွဲယူလိုက်ချိန်တွင် သူ့မျက်လုံး အိမ်ထဲမှာ မျက်ရည်တွေ တလိမ့်လိမ့် စီးဆင်းနေဆဲ။

* * *

"မိုက်၊ ကင်းဆပ်စီတီ ဆောက်လုပ်ရေး စီမံကိန်းက ဒီဇိုင်း ဗိသုကာမလေးကို ရှင် ဘယ်လို သဘောထားနေသလဲ ဟင်"

ပူအိုက်လွန်းသဖြင့် ဝင်ဒီအခန်းနောက်မှ ပန်းခြံကလေးထဲတွင် နှစ်ယောက်သား ပက်လက်ကုလားထိုင် တစ်လုံးစီနှင့် ထိုင်နေကြ၏။ သူတို့ ကိုယ်ပေါ်တွင် အတွင်းခံများသာ ရှိ၏။ မိုက်ကယ်က သတင်းစာ ဖတ်နေသည်။ ဝင်ဒီ လှမ်းမေးလိုက်သည်ကို မိုက်ကယ်မကြား။ စင်စစ် သရောင်းရှာကို သူ စိတ်ဝင်စားနေသည် မဟုတ်။

"မိုက်"

"ဟင်၊ ဘာလဲ"

"ဝင်ဒီ မေးနေတယ်လေ။ ဝင်ဒီ့ကို ဘယ်လို သဘောထားနေလဲလို့"

သူ ဘာမျှ မကြားသလို ငေးနေပြန်သည်။ ဝင်ဒီ စိတ်ပျက်လာပြီ။

"ကဲ ဘာလပ်ဒီးမေရီ ထည့်ပေးရဦးမလား"

"ဘယ်လို၊ အင်း ကောင်းသားပဲ။ ခဏနေရင် ရုံးပြန်သွားဦးမှာ"

ဝင်ဒီ့ပခုံးပေါ်မှ ကျော်ပြီး အဝေးသို့ လှမ်းကြည့်နေပြန်သည်။ သူ့မျက်လုံး ထဲတွင် ဘာကိုမျှ မြင်သည် မဟုတ်။

"ကောင်းတယ်... သိပ်ကောင်းပေါ့" ဟု ဝင်ဒီက ပြောသောအခါ

www.burmeseclassic.com



"မင်း ဘာဆိုလိုတာလဲ ဟင်" ဟု ပြန်မေးသည်။ ဝင်ဒီမျက်နှာကို ခဏ ေးကြည့်နေသည်။ ကလေးမ မျက်နှာပေါ်တွင် ဘာမျှ မတွေ့။ နောက်ထပ် ခဏကလေးဆက်ပြီး အကဲခတ်လိုက်မည် ဆိုလျှင် ဝင်ဒီ ခံစားချက်ကို သူ နားလည်နိုင်မည် မုချ။ သို့သော် သူက ဘယ်တော့မျှ သည်လို မကြိုးစား။

"ဘာမှ မဟုတ်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး"

"ဒီမယ် ဝင်ဒီ၊ တို့ ခုဆောက်မယ့် ဆန်ဖရန်စစ္စကို ဆေးရုံကြီးဟာ ပုဂ္ဂလိက ဆောက်လုပ်ရေး ကုမ္ပဏီတွေရဲ့ သမိုင်းမှာ အကြီးအကျယ်ဆုံး အဆောက်အအုံ ကြီးပဲ။ နောက်နှစ်နှစ်လောက် တို့တစ်တွေ ကျုံးရုန်းပြီး လုပ်ကြ ရလိမ့်မယ်"

"ကဲ ကဲ ထားလိုက်ပါ၊ ဝင်ဒီကို ရှင်းပြနေစရာ မလိုပါဘူး"

သူ့လက်ထဲမှာ သတင်းစာကို လွှင့်ပစ်လိုက်ပြီး ဝင်ဒီကို စားတော့ ဝါးတော့မလို ကြည့်လိုက်သည်။

"ငါ့ကို မင်းဆီ အချိန်မှန်မှန်လာနေရမယ့် စာပို့ရထားကြီးများ အောက်မေ့နေလို့လား"

"ဘာ ဘာ အချိန်မှန် ဟုတ်လား။ သော်မဆင် မိသားစုနဲ့ ညစာ စားဖို့ ချိန်းထားတယ်။ ရှင် ကိုးနာရီထိ ရောက်မလာဘူး။ ရှင် ရောက်တော့ ည ၁၁ နာရီ ခွဲနေပြီ ဒီလိုမှန်းသိရင် လိုက်သွားတာပေါ့"

"ဘာလို့ လိုက်မသွားတာလဲ။ ဘာလို့ ငါ့ကို ထိုင်စောင့်နေရလဲ"

"ဘာဖြစ်လို့ ထိုင်စောင့်နေရမှာလဲ၊ ရှင့်ကို ချစ်နေလို့ ဖြစ်မှာပေါ့။ ရှင် နည်းနည်းလေးမှ မစဉ်းစားမိဘူးလား။ ရှင်ဘယ်လို ဖြစ်နေတာလဲ မိုက်ကယ် ဟင်။ ရှင် ဘယ်သူ့ကို ကြောက်လို့ အလုပ်စားပွဲကနေပြီး ဝေးဝေး မသွားရဲ လောက်အောင် ဖြစ်နေတာလဲ။ ကျွန်မနဲ့ ချစ်မိမှာကို ကြောက်လို့လား မိုက်ကယ် ရှင့်အတွက် သိပ်နစ်နာသွားမှာမို့လား ဟင်"

"မဟုတ်တာ ဝင်ဒီရယ်၊ ကိုယ် ဘယ်လောက် အလုပ်များတယ် ဆိုတာ မင်း အသိဆုံးပါ"

"သိပါတယ်။ ကျွန်မ ဘယ်လောက်အထိ သိလဲ ဆိုရင် ရှင်အလုပ် စားပွဲမှာ ထိုင်နေတိုင်း အလုပ်လုပ်နေတာ မဟုတ်ဘူး၊ အလုပ်ပြီးတာ မဟုတ်ဘူး ဆိုတာ သိထားတယ်။ ရှင်ဟာ အလုပ်စားပွဲကို ဘဝကနေ ထွက်ပြေးပုန်းရှောင်ဖို့





ရာတစ်ခုအဖြစ် အသုံးချနေတာပါ။ ရှင်ဟာ ကျွန်မနဲ့ မတွေ့အောင်လည်း န်းတယ်။ ရှင့်ကိုယ် ရှင်လည်း ပြန်ပုန်းနေတယ်" နန်စီကိုလည်း ပုန်းနေတယ်ဟု ဆက်ပြောမည် ပြုပြီးမှ ဝင်ဒီ စိတ်ကို ထိန်းထားလိုက်၏။

"အို အဓိပ္ပာယ် မရှိ"

မိုက်ကယ် မတ်တတ်ရပ်ပြီး လမ်းလျှောက်နေသည်။ သူတို့နှစ်ယောက် ချစ် ဇာတ်လမ်း စခဲ့ပြီး ခုချိန်အထိ တနင်္ဂနွေ တစ်ရက်သာ အပြင်ထွက်လည် သေး၏။

"ကဲ ဆိုစမ်းပါဦး၊ ကျုပ်ဆီက မင်း ဘာတွေ မျှော်လင့်နေလို့လဲ။ မင်းကို အစကတည်းက မပြောဘူးလား၊ ငါ သိပ်ပြီးတော့"

"ဟုတ်ပါတယ်၊ သိပ်ပြီး မပတ်သက်ချင်ဘူးလို့ ပြောပါတယ်။ အဲဒါ ဘာလို့ သိလား။ တစ်သက်လုံး လက်မထပ်တော့ပါဘူး ဆိုတဲ့ စကား မတည်မှာ လို့ ရှင့်ကိုရှင် မယုံလို့ပေါ့။ ရှင်ဟာ အားလုံးကို ကြောက်နေတာ မိုက်ကယ်။ လို သူလို ခံစားရမှာကို ရှင် ကြောက်နေတာ။ ရှင်ဟာ ကျွန်မထက် ရှင့် လုပ်ကိုပိုပြီး အချိန်ပေးတယ်"

"အင်း အဲဒီတော့"

သူ့မျက်နှာမှာ ပကတိအတိုင်း။ လှုပ်ရှားမှု အလျှင်းမရှိ။ ဝင်ဒီကျောထဲ ဝင်သွားသည်။ သူ့အသွေးတွေ အသားတွေက မိုက်ကယ်ကို တောင့်တနေပြီ ဟုတ်လား။ သူ၏ ခပ်ရိုင်းရိုင်း အမူအရာတွေ၊ ကြေကွဲ ဆွေးမြည့်နေသည့် ျက်နှာနှင့် အားမာန်တွေကို ဝင်ဒီ ကွဲလမ်းစ ပြုနေပြီ။ သူ့ စိတ်ဝေဒနာကို ကုစား လိုက်ချင်သည်။ ဘာကိုပဲ ပေးရ ပေးရ။ သို့သော် မိုက်ကယ်သည် ဟိုးအဝေး သားတစ်ယောက်လို သူ့ထံသို့ ရောက်လာခဲ့လှသည်။ ဝင်ဒီသည် နန်စီနေရာ ကို မယူနိုင်ကြောင်း သူတို့ နှစ်ယောက်စလုံး နားလည်နေကြပါသည်။

ဝင်ဒီ အိမ်ထဲ ဝင်သွားသည်။ သူ့မျက်ရည်တွေကို မိုက်ကယ် မမြင်နိုင် ရန် မီးဖိုထဲသို့ တန်းဝင်သွားသည်။ ဗော့ဒကာ တစ်ခွက် ငှဲ့ထည့်ပြီး ရပ်နေမိ ၏ မျက်စိတွေကို မှိတ်ထားလိုက်၏။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ သည်။ သူ ပြန်များ သွားလေပြီလား။ ဗော့ဒကာကို မော့ချလိုက်၏။ ဖန်ခွက်လွတ် ပြန်ချစဉ် ပခုံးသား ညိုညိုများ ပေါ်သို့ သူ့လက်တွေ ကျရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ဝံ့။ သူ့ကိုယ်ငွေ့ နွေးနွေးကို ခံစားနေရသလိုလို။ စကားမှ မပြော ကြ။ ဝင်ဒီ့ ကိုယ်တွေ ပူနွေးလာပြီး ရွှေရင်မှာ တဖျပ်ဖျပ်။ ဒါကို မိုက်က သိနေသည်မှာ ကြာပြီ။ ဝင်ဒီသည် သူ့အတွက် တိမ်းညွှတ်ကြွေကျတော့ ပန်းကလေး။

"မင်းကို ကိုယ်လိုချင်တယ် ဝင်ဒီ"

ကြားလိုက်ရသည့် စကားလုံးများကြောင့် ရင်ထဲတွင် စူးခနဲ နာကျ သွားသည်။

သူ့ဘက်သို့ လှည့်မကြည့်မိအောင် ကြိုးစားပြီး ပေရပ်နေသည်။ ပေါ်မှ သူ့ လက်တွေသည် အငြိမ်မနေတော့။

"စောစောက ပြောတော့..."

"အဲဒါတွေ ထားလိုက်ပါတော့ ဝင်ဒီရယ်။ ကိုယ်ခု ခု သိပ်စိတ်လှုပ် နေပြီ"

သူ့ အသံသည် ဝင်ဒီ့ အသားအရေတွေအတိုင်း နူးညံ့လှ၏။

"စိတ်လှုပ်ရှားနေပြီ၊ ဟုတ်လား မိုက်ကယ်။ အချစ်လို့ မိုက်ကယ် မပြော နိုင်ဘူးလားဟင်။ အားနာ ပါးနာလေး ဖြစ်ဖြစ်လေ၊ 'သူ' နဲ့တုန်းကလည် ဒီလိုပဲ စိတ်လှုပ်ရှားတာပဲ မဟုတ်လား"

သူ့လက်တွေ ဆတ်ခနဲ ရပ်လိုက်သည်ကို သိလိုက်၏။ ဝင်ဒီ့စိတ်ထဲတွ ကျေနပ်သွားသည်။

"သူ့တုန်းကလည်း ဒီလိုပဲလားဟင်။ ချစ်ရမှာကို ကြောက်နေတာပဲလာ ခု သူ သေသွားပြီလေ။ သူ့ကို ဘယ်လောက် ချစ်ပါတယ်၊ လွမ်းပါတယ် ဆို သစ္စာရှင် အဖြစ်နဲ့ပဲ နေတော့မယ်ပေါ့၊ ဟုတ်လား"

သူ့ ဘက်သို့ လှည့်ကြည့်လိုက်တော့ မုန်းတီးမှု အငိုးအလျှံတွေ ထုတ်လွှ နေသည့် မျက်လုံး အစုံကို ရင်ဆိုင်လိုက်ရသည်။

"မင်း မင်းမှာ ဒီလိုပြောဖို့ ဘာ အခွင့်အရေးရှိလဲ ဟင်။ မင်း ပါး ရဲလွန်းလှချည်လား ဟင်"

ဝင်ဒီက သူ့အမေကို သွားသတိရလိုက်၏။ အေးစက် မာကျောပုံချင်း တစ်ထပ်တည်း။ သို့သော် မာရီယံကိုတော့ မိုက်ကယ် မမီနိုင်သေး။

"ဘာလို့ ငါ့ဘဝဇာတ်ကြောင်းကို မင်း ဗလောင်းဗလဲ လုပ်တာလဲ ဟင်





ဝင်ဒီက နောက်ဘက်မှ ကောင်တာ စားပွဲကို ခပ်မှီမှီရပ်ပြီး သူ့ကို မခိုး ကြည့်လိုက်၏။ မိုက်ကယ်က ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲပြီး ဝင်ဒီကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

"မိုက်ကယ်" ဟု အော်ပြီး ဟန့်တားလိုက်သေးသည်။ သို့သော် မိုက်ကယ် ခိုက်တော့။

တိတ်ဆိတ်နေသော မီးဖိုခန်းထဲတွင် နာရီကလေး တစ်လုံး၏ ချောက်ချက် သံမှအပ ဘာမျှ မကြားရ။ မိုက်ကယ် အပြင်သို့ ငေးနေသည်။ သူ့မျက်နှာတွင် ည်းပက်လက် ဖြစ်နေသည့် အရိပ်အရောင်တွေ ပေါ်နေ၏။

"မိုက်ကယ်၊ စိတ်မကောင်း ဖြစ်နေလား ဟင်"

မိန်းကလေးက မေးနေရသည်။ ဝင်ဒီကတော့ သူ့ကိုယ်သူသာ အပြစ်တင် ည်။ အဆိုးဆုံး ဘာဖြစ်လာနိုင်မည်လဲ အထိ တွေးသည်။ အဆုံးစွန်အားဖြင့် ပ်ဖြုတ်ခံရရုံပေါ့။

"ကိုယ် မကောင်းဘူး ဝင်ဒီ။ ကိုယ် တောင်းပန်ပါတယ်။ ကိုယ်ဟာ ယ်ကို သစ္စာမဲ့တဲ့ကောင် ဖြစ်သွားပြီ"

သူ့မျက်လုံးတွေထဲတွင် မျက်ရည်တွေ ဥနေသည်။

"အဲဒီအကြောင်း မေ့လိုက်ပါလား မိုက်ကယ်ရယ်"

ဝင်ဒီ ကြိုးကြိုးစားစား ပြုံးလိုက်သည်။ မိုက်ကယ့် မေးဖျားကလေးကို ပြီး

"ဘာတတ်နိုင်မှာလဲလေ၊ ကိုယ်က ချစ်မိပြီကိုး မိုက်ကယ်ရယ်"

ခုမှ ဝင်ဒီမျက်နှာကို စေ့စေ့ကြည့်မိသည်။ ပထမဆုံး အကြိမ် ကြည့်မိ ချောချောလှလှကလေး။ ပိုပြီး စိတ်မကောင်း ဖြစ်သွားသည်။

"တစ်ခါတလေ ကိုယ့်ကိုယ်ကို မုန်းတယ် ဝင်ဒီ။ ကိုယ်ဒီလို မဖြစ်သင့်"

ဝင်ဒီက လက်ချောင်း သွယ်သွယ်ကလေးဖြင့် သူ့ပါးစပ်ကို လှမ်းပိတ် သည်။

"ဝင်ဒီ နားလည်ပါတယ် မိုက်ကယ်"

မိုက်ကယ် ခေါင်းညိတ်သည်။ ဖြည်းဖြည်းချင်း ထရပ်သည်။ ဝင်ဒီက ပြင်ပေါ်တွင် လှဲလျက်က သူ့ကို မော်ကြည့်နေသည်။

"မိုက်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်" သူ့မျက်နှာသည် လွန်ခဲ့သည့် နာရီဝက်ခန့်ကနင့် စာရှု
တော်တော်ကြီး နူးညံ့လာသည်။ ဒါကိုတော့ ဝင်ဒီ ကျေနပ်နေမိသည်။

"တစ်ချိန်လုံး သူ့ကို အောက်မေ့နေတာပဲလား ဟင်"

သူ အကြာကြီး စဉ်းစားပြီးမှ ခေါင်းညိတ် အဖြေပေးသည်။ သူ့မျက်
တွေက မျက်ရည် မကျဘဲ ငိုကြွေးနေသည့်ပုံ။ ပြီးတော့ စကားတစ်လုံးမျှ မပြော
အိပ်ခန်းဆီသို့ အဝတ်လဲရန် ထသွားတော့သည်။ ဝင်ဒီက ချိတ်တွေ ပြတ်ထွ
ကုန်သော ရေကူးဝတ်စုံကလေးကိုပင် ကောက်မယူတော့ဘဲ အရက်ကောင်
ရှေမှ ခွေးခြေတစ်လုံးပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ မိုက်
ပြန်ထွက်လာသည်။ အပတ်အစား အပြည့်အစုံ ဝတ်လျက်။ လက်ဆွဲအိတ်ပြ
ကိုင်လျက်။ ရုံးကို သွားမည့် အဓိပ္ပာယ်။ ဆွယ်တာကို ပခုံးပေါ် လွှားထားသ
ရုံးမှာ နောက်ကျမည် ဆိုသည့် အဓိပ္ပာယ်။

ဝင်ဒီ့အတွက် စိတ်သက်သာစရာ တစ်ခုမျှ မပါ။

"ပြန်လာဦးမှာလားဟင်"

မေးပြီးမှ ကိုယ့်ကိုယ်ကို ဒေါသဖြစ်လိုက်မိ၏။ ခေါင်းယမ်းပြီး အဖြေ
လိုက်တော့ ပိုပြီး အခံရခက်သွားသည်။

"မနက် နှစ်နာရီ သုံးနာရီလောက်မှ ပြီးမှာ။ နောက်နေ့အတွက် အဝ
ရဦးမှာ ဆိုတော့ အခန်းကိုပဲ ပြန်မယ်လေ"

စောစောကလေးက နူးညံ့ သိမ်မွေ့မှုတွေ ပျောက်ကွယ်သွားပြီး 'ဘဝ
မိုက်ကယ်၏ မူလပုံပြန်ပေါ်လာသည်။ ချစ်ခန်းဖွင့်ပြီး ဆယ်မိနစ်၊ မိနစ်နှ
အတွင်း သူ့ကို စွန့်လွှတ်လိုက်ရပြီ ဆိုတာကို ဝင်ဒီ နားလည်လိုက်၏။ သည်
ထဲမှပင် ဝင်ဒီက နာကြည်းရကောင်းမှန်း မသိနိုင်တော့ဘဲ အချစ်တို
ဆက်လက် ဆင်နွဲနေမိ၏။

"ဒါဖြင့် မနက်ဖြန် ရုံးမှာတွေ့မယ်နော်" ဟု ပြောပြီး တံခါးဝထိ ပြ
ကလေး လိုက်ပို့ လိုက်သေးသည်။ မိုက်ကယ်က သူ့နဖူးပြင်ကို အသာ
ခပ်မြန်မြန် ထွက်သွားသည်ကိုပင် ဝင်ဒီ ကြည်နူးလိုက်ရသေး။ ဘာ့ကြော
သူ သိပ်ငိုချင်နေပြီ မဟုတ်လား။ မိုက်ကယ်ဟီးလ်ယဒ်၏ အချစ်ကို မရနိုင
ကြောင်း သိလိုက်ရပြီ ဖြစ်၍ ဝင်ဒီသည် တစ်ကိုယ်တည်း သည်းထန်စွာ ငို
ကျန်ခဲ့ရလေ၏။

* * *

# ၁၆

ဘက 'ပိုရှေ' ကားနက်ကြီးကို စက်ကုန်မောင်းချလာသည်။ ကျေးရွာ ရှုခင်း
သည် သူတို့နောက်တွင် ရိပ်ခနဲ ရိပ်ခနဲ ဝဲကျန်ရစ်ခဲ့၏။ ကားကို သည်လို
ည့်လို မောင်းရသည်မှာ လေယာဉ်ပျံ မောင်းရသကဲ့သို့ အရသာ ရှိလှ၏။
းကလည်း ကားရှင်းနေသည်ကိုး။

သူကို့နှစ်ယောက် တနင်္ဂနွေနေ့တိုင်း ကားစီးထွက်ကြသည်။ နံနက် ၁၁
ချိတွင် ပီတာက နန်စီကို လာခေါ်သည်။ တောင်ဘက်ပိုင်းသို့ ဝေးနိုင်သရွေ့
း ရောက်အောင် မောင်းကြသည်။ နေ့လယ်စာ စားသည့် တစ်နေရာတွင်
ရပ်သည်။ စားပြီး လက်ချင်းချိတ်ကာ အညောင်းပြေ အညာပြေ လမ်း
က်ကြသည်။ သူ့အကြောင်း ကိုယ့်အကြောင်းတွေ စကားဖောင်ဖွဲ့ကြသည်။
ာ့ ရှင်မြူးကြည်နူးစရာကိုပဲ ရွေးပြီး ပြောကြသည်။ ညနေစောင်းမှ
တက်သို့ ပြန်ဦးလှည့်လေ့ရှိ၏။

နန်စီက ကားလျှောက်မောင်းသည့် အစီအစဉ်ကို သိပ်သဘော ကျနေ
ည်။ ပီတာကိုလည်း တစ်စတစ်စ သံယောဇဉ် တွယ်လာပြီ။ ပီတာသည်
ဝ၏ ဗိသုကာ၊ သူ့ဘဝ၏ ကယ်တင်ရှင် မဟုတ်လား။ သူ အိပ်မက်မက်ခဲ့
တွေကို ပီတာက ဖန်ဆင်းပေးခဲ့ပြီ မဟုတ်လား။ တကယ်တွင်မူ ပီတာက
ပ်မက်ထဲတွင် ပါဝင်ခြင်း မရှိခဲ့သည့် အလှအပ အသစ်အဆန်းများကိုပင်
စ် ထည့်ပေးခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တော့ စန်တာခရုဇ် အနီးမှ ထမင်းဆိုင် တစ်ဆိုင်တွင် နေ့လယ် စားဖို့ ရပ်လိုက်ကြ၏။ ထမင်းဆိုင်က ပြင်သစ်ဆန်ဆန် ပြင်ဆင်ထားသည် သူတို့ကလည်း ပြင်သစ်ဆန်ဆန်ပင် မှာစား ကြသည်။ ဝိုင်အဖြူ သောက် သည်။ အစားအသောက်မျိုးစုံကို နန်စီ ယဉ်ပါးစ ပြုနေပြီ။

ရောင်စုံ ပုတီးကုံးကလေးနှင့် တောပွဲချေးတန်း ကလေးကိုကော၊ နေ အင်္ဂလန်ကိုပါ သူ့အာရုံတွင် မှေးမှိန်စပြုလာပြီ။ ပီတာဆိုသည့် ပုဂ္ဂိုလ် တန်ခိုးတော်ရှင် တစ်ပါးလို နန်စီကို အစစ ပြုပြင် ပြောင်းလဲပေးနေသည် ခုတော့ နန်စီ့ ခေါင်းထဲတွင် သိမ်ငယ်စိတ်တွေ၊ ကိုယ့်ကိုယ်ကို မယုံကြည်သ အတွေးတွေ မရှိတော့။ ဦးထုပ် ဆောင်းထားရသည့် အဆင့်၌ပင် ရှိ သော်လည်း နန်စီ ဘာကိုမျှ မကြောက်တော့။ မျက်နှာကို ပြုပြင်သည့် ကိ ပြီးလုခမန်း ရှိနေပြီ။ မျက်လုံးတစ်ဝိုက်တွင် ကျန်နေသည့် ပလတ်စတာတွေကို ရောမ မျက်မှန်ဝိုင်းကြီးဖြင့် ကာကွယ်ထားသည်။ နဖူးပိုင်းမှာလည်း ပြီးလု ဖြစ်နေပြီ။

ပီတာသည် လူသာမာန်တို့ မစဉ်းစားနိုင်သည့် လုပ်ငန်းကို တန်ခိုး ဟာ ပြသလို လုပ်ပြလိုက်ခြင်း ဖြစ်၏။ ခုတော့ နန်စီသည် သူ့ကိုယ်သူ မှ ကြည့်ပြီး ပီတာ ကတိပေးခဲ့သည့် အတိုင်း အလှအပတွေ စုဝေးနေပြီ ဖြစ်ကြော ယုံကြည်နေရပြီ။ ဦးထုပ်ကို ငိုက်ငိုက်ဆောင်းပြီး အကောင်းဆုံး အဝတ်အ တွေကို လျှောက်ဝယ်၏။ မူလ ကိုယ်အလေးချိန်ထက် ငါးပေါင်လျော့သွားသ ပိုပြီး သွယ်လျလှာပုံရှိ၏။ ကျားသစ်နက်မကလေး တစ်ကောင်လို ကျ တင့်တယ်နေ၏။ ဒုတိယအသံဖြင့် စကားပြောနေပြီ။ ပြောင်းလဲနေသော အသစ်ကို သူ ပြန်ပြီး သဘောကျနေပြီ။

"နာမည်ပြောင်းမလားလို့ စိတ်ကူးနေတယ် ပီတာ"

ဝိုင်ခွက်ကို နောက်ဆုံး တစ်ကျိုက်မော့ပြီး ရှက်ကိုးရှက်ကန်းကလေး ပြ ပြောလိုက်သည်။ ပီတာနှင့် ပြောရသည်မှာ ဖေးနှင့် ပြောရသည်ထက် လွတ်လပ်နေသလိုလို။

"ဒီလိုပဲ ဖြစ်ရမှာပေါ့ နန်စီ။ လူသစ် ဖြစ်လာပြီပဲ၊ နာမည်ပါ သစ်လိုက် ပိုလိုက်တာပေါ့။ ရွေးထားတာ ရှိပြီလား"





ပီတာက နန်စီကို အမြတ်တနိုး ကြည့်ပြီး ပြောသည်။ ဒန်းဟီးလီ စီးကရက် ဘာစ်လိပ် ထုတ်ညှိသည်။ အစာစားပြီးလျှင် အရက်ချို တစ်ခွက်သောက် ခြင်းကိုလည်း နန်စီ အကျင့်ဖြစ်သွားပြီ။ ပီတာက သူ့ကို အနေအထိုင် မှအကျင့်ကစပြီး အထက်တန်းကျကျ လေ့ကျင့်ပေးနေသည်။ ဘြော်... ည်လို ကြီးပြင်း လာရသည့် ဘဝမျိုးသည် ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်ပါသလဲ။

"ကဲ ဆိုပါဦး၊ ကိုယ့်မိတ်ဆွေ အသစ်ကလေးရဲ့ နာမည်က ဘယ်သူ တဲ့လဲ"

"မသေချာသေးပါဘူး ပီတာရဲ့။ မာရီအဒမ်ဆန် ဆိုရင်ကော ပီတာကြိုက် မလားဟင်"

ပီတာ ခေါင်းညိတ်သည်။

"အင်း မဆိုးပါဘူး၊ ကောင်းတယ် ကောင်းတယ်။ ဒီနာမည်ကို ဘယ်လို ဘာလဲ ပြောပါဦး"

"အမေ့နာမည်နဲ့ အချစ်ဆုံး သီလရှင် တစ်ပါးရဲ့ နာမည် ပေါင်းလိုက်တာ "

"ဟယ်၊ ဒါဖြင့် ကပြားနာမည်ပေါ့"

နှစ်ယောက်သား ပြိုင်တူ ရယ်လိုက်ကြသည်။ နန်စီ့ မျက်နှာတွင် ကျေနပ် ၊ နှစ်သိမ့်ခြင်းတို့ဖြင့် ပြုံးလျက်။ မာရီအဒမ်ဆန်။ သူ့ကိုယ်သူ သိပ်သဘော နေမိသည်။

"နာမည်ပြောင်းဖို့ ဘယ်တုန်းကစပြီး စိတ်ကူးရတာလဲ"

ပီတာက မီးခိုးငွေ့တွေထဲမှ နန်စီကို လှမ်းကြည့်ပြီး မေးသည်။

"သတိတောင် မထားမိပါဘူး ပီတာရယ်။ ပြီးတော့ ဒါလည်း အတည် ဖြစ်သေးပါဘူး"

"ဘာဖြစ်လို့ အတည်မဖြစ်ရသေးတာလဲ။ ခုကတည်းက အဲဒီ နာမည်ကို သုံးပါတော့လားကွယ်။ ဓာတ်ပုံရိုက်တဲ့ နာမည်ကိုလည်း မာရီအဒမ်ဆန်ပဲ ိုက်ပေါ့"

နန်စီ ပျော်သွားသည်။ ပီတာသည် နန်စီပျော်သွားအောင် လုပ်ပေးနေ တ်လား။ ပီတာက နန်စီ၏ ဓာတ်ပုံပညာအကြောင်း ပြောလျှင် သူ၏ အ ခွဲစိတ် ကုသနည်းကို အလေးအနက် ထားသည့်အတိုင်း သဘောထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ဓာတ်ပုံပညာနှင့် ဆေးပညာကို တစ်တန်းတည်း ထားသည့်နယ် နန်စီ၏ ပါရမီကို ပီတာက အလေးအနက် ယုံကြည်ထားခဲ့သည်။

"ဟုတ်တယ် နန်စီ၊ နာမည်အသစ်ကို သုံးပေတော့"

"ဘာလဲ၊ ပီတာ့ကို ပေးတဲ့ပုံတွေ အားလုံး မာရီအဒမ်ဆန်လို့ လက်မှ ထိုးပေးရမလား"

ပီတာက အလေးအနက် ပြောနေတော့ နန်စီ ပျော်လာသည်။ သူ့ဓာ တွေ၏ အနုပညာ တန်ဖိုးကို ဖေးနှင့် ပီတာတို့ နှစ်ယောက်သာ မြတ်မြတ်နိုး တန်ဖိုးထားမည့်သူ ရှိသည်။

"မင်းရဲ့ ဘဝ အဝန်းအဝိုင်းကလေးကို နည်းနည်းကလေး ချဲ့လိုက်ပါ နန်စီ"

သည်အကြောင်းအရာကတော့ အကြောင်းအရာ အသစ်မဟုတ်။ ဟိုတ က ဆွေးနွေးဖူးသည့် အကြောင်းအရာ ဖြစ်၏။ နန်စီက လက်ကာ ခေါင်းခါသည်။ နှုတ်ခမ်းကလေးကို တင်းတင်းစေ့ပြီး ပြုံးလျက်။

"အဲဒီအကြောင်း ပြန်မစပါနဲ့တော့ ပီတာရယ်"

"မစလို့ မဖြစ်ဘူး နန်စီ။ ဒီအကြောင်းကို မင်း သေသေချာချာ မစဉ်း မချင်း ကိုယ်ပြောနေမှာပဲ။ ကိုယ့်အစွမ်းအစကို ဘာလို့ ချုံတောထဲ ထိုးထား ဘာလို့ ဝါးလုံးခေါင်းထဲ လသာမှာလဲ။ မင်းဟာ ပန်းချီဆရာမ တစ်ယော ပိတ်သားပေါ်မှာပဲ ဖြစ်ဖြစ်၊ ဖလင်ကော်ပြားပေါ်မှာပဲ ဖြစ်ဖြစ်၊ ဓာတ်ပုံရိုက် ရိုက်၊ ပန်းချီရေးချင် ရေး၊ အတူတူပဲ။ ဒါတွေကို ထုတ်မပြဘဲ ဝှက်ထားတာ အနုပညာလောကကို ပြစ်မှုကျူးလွန်တာပဲ နန်စီ၊ ထုတ်ကို ပြရမယ်"

"ဟင့်အင်း... မပြဘူး၊ မပြဘူး"

နန်စီက အရက်ချိုတစ်ခွက်ကို မော့လိုက်ပြီး ရှခင်းကို ငေးနေသည်၊

"ပန်းချီပြပွဲတွေ လုပ်ခဲ့ဖူးပြီပဲ ပီတာရယ်"

"ကပ်စေးနှဲမနေစမ်းပါနဲ့ နန်စီ။ ပါရမီဆိုတာ မျှဝေခံစားရတယ်ကွ မာရီအဒမ်ဆန် အနေနဲ့ ဘာလို့ ဓာတ်ပုံပြပွဲ မလုပ်နိုင်ရမှာလဲ။ မာရီအဒမ် ဆိုတာ ဘယ်သူ ဘယ်ဝါမှန်း ဘယ်သူ သိသေးလို့လဲ။ မင်းမှာ ထိခိုက်စရာ ဘူး။ ဂရီတာဂါဘို ဆိုတဲ့ ရုပ်ရှင်မင်းသမီးကြီးဟာ ကမ္ဘာကျော်ပြီးမှ သူ့တို သူ ဇာတ်မြုပ်သွားတာပါ နန်စီ"





ပီတာက တောင်းပန် တိုးလျှိုးနေသည်။ သူပြောတာတွေက လက်မခံ ိုင်စရာ မရှိ။ သူ သတိမထားမိသည်မှာ တစ်ခုပဲ ရှိ၏။ ဓာတ်ပုံဆိုသည်မှာ န်းချီပညာနှင့် လင်မယား တော်စပ်နေသည်။ ဓာတ်ပုံပြပွဲ လုပ်ဖြစ်လျှင် ပန်းချီပြပွဲ ကို သတိရနေတော့မည်။ ပန်းချီပြပွဲကို သတိရနေလျှင်...

ယင်း၏ အကျိုးဆက်တွေကို ပီတာ မသိမမြင်နိုင်။ ကျောထဲတွင် စိမ့်သွား သည်။ သည် လောကထဲကို တရားဝင် ပြန်မသွားပါရစေနဲ့တော့ ပီတာရယ်။ ဆိုရာတွင် တိုက်တွန်းနေသူက ပီတာ ဖြစ်နေသည်။

"စဉ်းစားပါရစေဦး ပီတာရယ်" ဟု ပြောတော့ သူ အားတက်သွားပုံ ရသည်။ စဉ်းစားမယ်ဟု ဘယ်တုန်းကမျှ မပြောခဲ့စဖူးပဲ။ ခါးခါးသီးသီး ငြင်းခဲ့ သည်ချည်း မဟုတ်လား။

"အေး ဒီလိုမှပေါ့ မာရီရယ်" သည်တော့ နန်စီ ရယ်နေမိသည်။

"နာမည်ပြောင်းရတာ တစ်မျိုးကြီးပဲ နော်"

"ဘာဖြစ်လို့ တစ်မျိုးရမှာလဲ၊ မျက်နှာကိုတောင် ပြောင်းထားပြီပဲဟာ"

"မျက်နှာနဲ့ ပက်သက်လို့တော့ သိပ်ထူးထူးခြားခြား စိတ်မလှုပ်ရှားတော့ ပါဘူး။ ဖေးနဲ့ ပီတာကို ကျေးဇူးတင် ပါတယ်ကွယ်"

"ကိုယ် မင်းကို မာရီလို့ ခေါ်ရတော့မလား ဟင်"

နန်စီကို သက်သက် စနေခြင်း ဖြစ်၏။ နန်စီ့ မျက်လုံးတွေထဲတွင် အရောင် အဖျပ်ဖျပ်။ အသက်ဝင် လှုပ်ရှားလွန်းလှသည်။

"ခေါ်ချင်ခေါ်လေ၊ နာမည်နဲ့ လူနဲ့ တန်ရဲ့လားလည်း မသိပါဘူး"

"လိုက်ပါတယ်ဗျာ၊ နာမည်က လှ၊ လူကလည်းလှ"

ပီတာ ငွေရှင်းဖို့ လှမ်းခေါ်လိုက်သည်။ နေ့လယ်စာ စားပြီးတော့ ကမ်းခြေ ဘက်သို့ လျှောက်ကြသည်။ ဖရက်က သူတို့နောက်မှ တကောက် ကောက်။ နေ့လယ်စာ စားကြလျှင် သူ့ကို ကားထဲတွင် ထိုင်စောင့်ခိုင်းထားသည်။

တစ်နာရီခန့် လျှောက်ပြီးတော့ "မောပြီလား" ဟု ပီတာ ဂရုတစိုက် မေး၏။ နန်စီကို သိပ်အပင်ပန်း မခံစေချင်သေး။ ဆယ့်ရှစ်လအတွင်း ဆယ့်လေး ကြိမ်တိတိ ခွဲစိတ်ထားရသည် မဟုတ်လား။ နောက်တစ်နှစ် ဆိုလျှင်တော့ သူကောင်း ပကတိ ဖြစ်သွားမည်။

"ပြန်လှည့်ကြမလား" ထပ်မေးသည်။

www.burmeseclassic.com



"ပြန်စို့လေ။ ပြန်တောင် မပြန်ချင်တော့ဘူး"

ခေါင်းကလေး ငုံ့ပြီး အလိုမကျဟန်ဖြင့် ပြော၏။ သူ့ကို ကြည့်ရသည်မှာ ဆောင်းတွင်း ပန်းလို လန်းဆန်းနေဆဲ။ သို့သော် တစ်နာရီလောက်ဆို တော်သင့်ပြီ။

"နောက်နှစ်ဆိုရင် မင်း ကိုယ်နဲ့ အပြေးပြိုင်လို့ရပြီ မာရီ"

နှစ်ယောက်သား ရယ်ကြသည်။

"တကယ် ပြိုင်မှာနော်"

"ကိုယ်ရှုံးမှာပေါ့ကွ။ မင်းဘက်က သာရည်ရှိနေတာပဲ"

"ဘာများရှိလို့လဲ ပီတာရဲ့"

"အသက်လေ။ အသက်က စကားပြောတော့မှာပေါ့၊ မဟုတ်ဘူးလား"

"အံမယ်၊ သူက ဘယ်လောက်များ ကြီးသေးလို့လဲ"

ပီတာ သဘောကျပြီး ရယ်ပြန်သည်။

"မင်းရဲ့ အကြင်နာ မျက်လုံးတွေထဲမှာ ကိုယ့်ကို အမြဲတမ်း အဲဒီလိုပဲ မြင်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

ဆွေးရိပ်သမ်းနေသည့် မျက်လုံးတွေနှင့် အဝေးသို့ ငေးနေသည်ကို သတိပြုလိုက်မိ၏။ သူတို့ နှစ်ယောက် တရင်းတနှီး တန်းတူ ရည်တူ ဆက်ဆံနေကြပေမဲ့ အသက်က နှစ်ဆယ့်သုံးနှစ်မျှ ကွာခြားနေသည်။ ဒါကို နန်စီ လုံးဝသတိမထားခဲ့မိ။

သြော် နန်စီ၊ နန်စီ။ သူ့ကို ငယ်ရွယ်နုပျိုချင်လာအောင် ပြုလုပ်နိုင်စွမ်းသည့် တစ်ဦးတည်းသော မိန်းကလေး။ ပထမဆုံး မိန်းကလေး။

"နန်စီ"

မာရီကို သူ မေ့သွားပြီ။ သူ့အသံ လေးနက်နေသည်။ မျက်လုံးတွေက တစ်စုံတစ်ခုကို စူးစမ်းရှာဖွေနေသလို။

"မင်း၊ မင်းသူ့ကို တမ်းတနေတုန်းလား ဟင်"

သူ့အသံက ဆွေးမြည့်ကြေကွဲနေသည့် အသံ။ လည်ပင်းကို သိုင်းဖက်ပြီး ဟင့်အင်းဟု ပြောလိုက်ချင်ပါသည်။ သို့သော် ပီတာကို လိမ်မပြောချင်။ မျက်ရည်တွေ လည်လာသည်။ နောက် ခေါင်းကို အသာညိတ်ပြလိုက်သည်။

"အမြဲတော့ မဟုတ်တော့ပါဘူး"





အမှန်အတိုင်း ပြောလိုက်ခြင်းပါ။

"သူ့ကို ချစ်နေတုန်းပဲလား ဟင်"

နန်စီ မျက်နှာ တင်းသွားသည်။ ပီတာနှင့် မျက်လုံးချင်းဆိုင်ပြီးမှ ဖြေသည်။

"အဲဒါ သိပ်မသေချာဘူး ပီတာ။ သတိတော့ ရနေတာပဲ။ ဟိုတုန်းက အတိုင်းပဲ။ တစ်ရက်မှ မမေ့ဘူး။ ဒါပေမဲ့ အဲဒါအကြောင်း မဟုတ်တော့ဘူးလေ။ နန်စီလည်း မာရီဖြစ်လာပြီပဲ။ သူလည်း ပြောင်းလဲသွားလောက်ရောပေါ့။ ပြန်တွေ့ကြရင်တောင်မှ၊ အရင်အတိုင်း ပြန်ဖြစ်ဖို့ ဘယ်လွယ်တော့မလဲ။ ပြောဖို့ခက်ပါတယ် ပီတာရယ်။ နန်စီ အတိတ်က အိပ်မက်လို ဖြစ်နေတာ။ တစ်ခါတစ်ခါတော့လည်း သူနဲ့ ဆုံချင်တယ်။ ရင်ထဲမှာ ရှင်းသွားအောင်လေ။ တစ်ခါတစ်ခါကျတော့ လုံးဝ ပြန်မတွေ့ချင်တော့ဘူး"

နန်စီက ပင်ပန်းကြီးစွာ ရှင်းပြနေသည်။

"ဒီတော့လည်း အတိတ်ကို အိပ်မက်လိုပဲ သဘောထားပြီး မေ့မေ့ပျောက်ပျောက် နေရတော့မှာပေါ့"

"လွယ်ပါ့မလား ဟင်"

သူ့မျက်လုံးထဲတွင် ဝေဒနာအရိပ်ကို မြင်ရသည်။

နန်စီတွေးလိုက်သည်။ ဘဝတူများ ဖြစ်နေပြီလားဟူ၍။ ဒါကြောင့် ဘယ်သူနှင့်မျှ မတူအောင် သူ စာနာတတ်နေတာများလား။

"ပီတာ ဘာလို့ ခုထိ လက်မထပ်သေးတာလဲ ဟင်"

ရေစပ်ဆီသို့ လျှောက်လာခဲ့ကြသည်။ ဖရက်က ရှေ့မှ ကြိုပြေးလျက်။

"မေးတာ ရိုင်းရာများ ကျသွားလား ဟင်"

"ရပါတယ် နန်စီရယ်၊ တို့ သူငယ်ချင်းတွေပဲ ဟာ။ ကိုယ်ပြောနိုင်ပါတယ်။ အကြောင်းကြောင်းသော အကြောင်းများကြောင့် ဆိုပါတော့။ ကိုယ် ထင်တယ်လေ။ ကိုယ်တစ်ကိုယ်ကောင်း ဆန်တာလည်းပါမယ်၊ အလုပ်တွေ သိပ်များတာလည်း ပါမယ်။ အလုပ်ထဲမှာ ဘဝကို မြှုပ်ပစ်လိုက်သလို ဖြစ်သွားပြီ နန်စီ။ ပြီးတော့ ကိုယ့်စိတ်က အပြောင်းအလဲ မြန်တယ်။ ဘယ်မှာမှ အတည်တကျ မရှိလှဘူး"

"ဟင့်အင်း၊ အဲဒါတော့ မယုံဘူး"

မျက်လုံးချင်း ဆုံမိကြတော့ သူ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံမရှိနဲ့ နန်စီ၊ တကယ် အဲ့ဒီအတိုင်းပဲ"

သူ တွေသွားပြန်သည်။ သက်ပြင်းတစ်ချက် ချ၏။

"တခြားအကြောင်းတွေလည်း ရှိသေးတယ်လေ။ ကိုယ် အမျိုးသမီး တစ်ယောက်ကို ချစ်ခဲ့ဖူးတယ်။ အနှစ် နှစ်ဆယ် လုံးလုံး။ စတွေ့တော့ သူက ကိုယ့်လူနာလေ။ ဒီတော့ မျိုသိပ်ပြီး မပတ်သက်အောင် နေရတာပေါ့။ သူက ကိုယ်ချစ်နေမှန်း သူ လုံးလုံး မသိဘူး။ တော်တော်ကြီး နောက်ကျမှ သိသွားတယ်။ သူက အိမ်ထောင်နဲ့။ သူ့အမျိုးသားကလည်း ဆရာဝန်ပဲ။ တစ်နှစ်လောက်တော့ ကိုယ်တို့ ထိန်းထိန်းသိမ်းသိမ်း နေကြပါသေးတယ်။ နောက်တော့ ကိုယ်တို့ ပေါက်ကွဲကြတယ် ဆိုပါတော့။ အရူးအမူး ချစ်မိကြတယ်ပေါ့။

"တို့ ထွက်ပြေးဖို့၊ လက်ထပ်ဖို့၊ သားသမီးတွေ မွေးဖို့တော့ စိတ်ကူးကြတယ်။ ဒါပေမဲ့ အကောင်အထည် မဖော်ဖြစ်ပါဘူး။ ဒီလိုနဲ့ ဆယ့်နှစ်နှစ်လောက် ကြာသွားတယ်။ အချိန်တွေ ဘယ်လို ဘယ်လို ကုန်သွားမှန်းတောင် မသိလိုက်ဘူးပေါ့ကွယ်။ နောက်တော့ သေသေချာချာ စဉ်းစားပြီး ကိုယ်တို့ ဆုံးဖြတ်လိုက်ကြတယ်။ လက်မထပ်ဖို့လေ။ သူ့အိမ်ထောင်အတွက်ကော၊ ကိုယ့် ဘဝ ရှေ့ရေး အတွက်ကော အကောင်းဆုံး လမ်းကို ရွေးကြရတာပေါ့။ နေချင်သလို မနေရဘဲ နေသင့်သလို နေသွားရတာပေါ့၊ မဟုတ်ဘူးလား"

ဘယ်တုန်းကမှ စကားမစပ်ဖူးသည့် အကြောင်းတွေကို ပြောနေစဉ် နန်စီက သူ့ကို အကဲခတ်ကြည့်နေသည်။ ဟို အဝေးကြီးဆီသို့ ငေးနေ၏။

"ခု တစ်ယောက်နဲ့ တစ်ယောက် လုံးဝ မတွေ့ကြတော့ဘူးလားဟင်"

မေးပြီးမှ မမေးသင့်မှန်း သတိရပြီး ရှက်သွေးဖြာသွားသည်။

"မမေး သင့်ဘူး ထင်ပါတယ် ပီတာရယ်။ ခွင့်လွှတ်နော်"

"ကတ်သီးကတ်သတ်။ ကိုယ့်ဘဝမှာ မင်း မမေးသင့်တာ ဘာမှ မရှိဘူးလို့ မှတ်ထားပါနန်စီရယ်"

ငေးနေရာမှ သတိပြန်ဝင်လာသလို။ သူ့အသံမှာ ခါတိုင်းလိုပင် ကြင်နာခြင်း အပြည့်။ ညင်သာခြင်းအပြည့်။

"သူ ဆုံးသွားတယ် နန်စီ။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ကင်ဆာနဲ့ ဆုံးတာ။ မသေခင် ကိုယ် အားရပါးရ ပြုစုလိုက်ရပါတယ်။ နောက်ပိုင်းတော့ ရစ်ချတ်လည်း သိသွားတယ် ထင်တယ်။ ရစ်ချတ်ကလည်း သူ့ကို ဖွန့်မသွားတာ





ကိုပဲ ကျေးဇူးတင်နေရှာတာ။ တို့နှစ်ယောက် သူ့ကို အတူတူ သင်္ဂြိုဟ်ကြတယ်။ အတူတူ ငိုကြတယ်။ သိပ်နူးမြောဖို့ ကောင်းတဲ့ မိန်းကလေး။ သူလေ... သူ လစ်ဗီယာလေ၊ မင်းနဲ့... မင်းနဲ့ သိပ်တူတာ"

ပီတာ့ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ပြည့်လျှံနေ၏။ ပြီးတော့ တလိမ့်လိမ့် စီးကျလာသည်။ နန်စီက ကိုယ့်ပါးပြင်မှ မျက်ရည်ဥတွေကို သုတ်ဖို့ သတိမရပဲ ပီတာ့မျက်ရည်တွေကို ညင်ညင်သာသာကလေး သုတ်ပေးနေမိ၏။ လက်တွေကို ပြန်မရုပ်ဘဲ ပီတာ့မျက်နှာကို ဖြည်းဖြည်းချင်း ဆွဲနှိမ့်ယူသည်။ ပြီးတော့ နှုတ်ခမ်းတွေကို ဖွဖွကလေး နမ်းလိုက်သည်။ နှစ်ယောက်သား အကြာကြီး ရပ်နေမိသည်။ ပူးပူးကပ်ကပ်။ မျက်လုံးတွေ မှိတ်ထားကြသည်။ ရင်တွေ တလှပ်လှပ်။

ပီတာက သိုင်းဖက်လိုက်၏။ နန်စီ့ရင်ထဲတွင် နွေးသွားသည်။ မှီခိုအားထားရာ၊ ငြိမ်းချမ်းပျော်ရွှင်ရာကို တစ်နှစ်အတွင်း ပထမဆုံး ခံစားရခြင်း။ ပီတာက ဖက်ထားလျက်မှ နန်စီ့မျက်နှာကလေးကို အကြာကြီး ငုံ့ကြည့်နေ၏။ ပြီးတော့မှ ဖြည်းဖြည်းချင်း ငုံ့ပြီးနမ်းသည်။

မိန်းကလေးများနှင့် အဆက်အဆံ ရှိခဲ့ဖူးသော်လည်း လစ်ဗီယာ ဆုံးပြီး ကတည်းက အချစ်စိတ်ဟူ၍ တစ်ခါမျှ ပြန်မပေါ်ခဲ့။ နန်စီနှင့် မတွေ့မီအထိ ဆိုပါတော့။

"ကိုယ် ချစ်နေတယ်ဆိုတာ မင်း သိနေသလား ဟင်"

သူက ခပ်ခွာခွာ ဆုတ်ပြီး နန်စီကို ကြည့်ရင်း မေးသည်။ သူ့မျက်နှာတွင် တစ်ခါမျှ မမြင်ဖူးသော အပြုံး။ နန်စီ့ရင်ထဲတွင် လှိုင်းခတ်သွား၏။ ပျော်လိုက်တာ ကွယ်။ စိတ်မကောင်းလည်း ဖြစ်ပါရဲ့။ ချစ်ပါသည်။ ပီတာ့ကို ချစ်ပါသည်။ သို့ပေမဲ့ ဘယ်လို အချစ်မျိုးလဲ ဆိုသည်ကို ခွဲခွဲခြားခြား မသိသေးသလိုပဲကွယ်။

"နန်စီလည်း ချစ်နေတာပါ ပီတာရယ်၊ ဒါပေမဲ့ တစ်မျိုးပဲလေ"

"ခု လောလောဆယ် ဒါလောက်ဆိုရင်ပဲ ကိုယ် ကျေနပ်ပါတယ်ကွယ်"

လစ်ဗီယာနှင့်တုန်းကလည်း သည်လိုပဲ စခဲ့သည်။ သူတို့နှစ်ယောက် တူလွန်းလှပါကလား။

"သူ ဆုံးတုန်းက ဖေး အကူအညီ အများကြီး ရခဲ့တာပေါ့။ မင်းအတွက် ဖေးကို ကိုယ်ရွေးခဲ့တာ မှန်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဖေးသည် ပီတာကို အဘက်ဘက်က ဖြည့်ဆည်းခဲ့သူ ဖြစ်သည်။

"ဖေးဟာ တကယ်ချစ်ဖို့ကောင်းတဲ့ ဆရာဝန် တစ်ယောက်ပါ ပီတာ ပီတာ့လိုပါပဲ"

လက်ချင်းချိတ်ပြီး လမ်းလျှောက် ပြန်လာခဲ့ကြသည်။

"ပီတာ၊ နန်စီ တစ်ခု ပြောပါရစေနော်။ ဘယ်လိုပြောရမှန်းတောင် မသိဘူး ဒီလိုလေ၊ နန်စီ့အတိတ်နဲ့ ပတ်သက်လို့ပါ။ ရင်ထဲမှာ သိပ်မရှင်းသေးဘူး တစ်ခုချင်း တစ်စချင်းကို ရှင်းထုတ်ပစ်ချင်တယ် ပီတာရယ်။ အချိန်တော့ ယူရမယ် ပေါ့။ ပီတာစိတ်ဆင်းရဲမှာလည်း နန်စီ ကြောက်တယ်"

"ကိုယ်ဟာ အလောသုံးဆယ်သမား မဟုတ်ပါဘူး နန်စီရယ်။ ကိုယ် ဘယ်လောက် စိတ်ရှည်တတ်တယ် ဆိုတာ မင်း သိပါတယ်"

နန်စီ့ရင်ထဲတွင် အေးသွားသည်။ ထင်တာထက် ပိုပြီးများ သူ့ကို ချစ် နေပြီလား။ လမ်းလျှောက်လာရင်း ခေါင်းထဲသို့ အတွေးတစ်ခု လျှပ်စီးလက်သလို ဝင်လာသည်။ ရင်တွေခုန်သွားသည်။ မျက်လုံးတွေ တဖျပ်ဖျပ် ဖြစ်သွားသည်။ သည်သို့ ဖြစ်သွားသည်ကို ပီတာ သတိထားလိုက်မိသည်။ ကားနောက်ရောက် တော့ ပီတာက

"ကဲ ဆိုစမ်း၊ ဘာလဲ။ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟင့်အင်း၊ ဘာမှ မဟုတ်ပါဘူး"

"ကဲ ပြောပါ၊ ဒီတစ်ခါ ဘာလဲလို့"

သည်ကလေးမ ထူးထူးဆန်းဆန်းကလေးတွေကို စိတ်ကူးတတ်သည်။ တစ်ခါက နံနက်အရုဏ်တက်လောက်ကြီးတွင် သူ့ဆီ တယ်လီဖုန်း ဆက်သည်။ နေထွက်သည်ကို စောင့်ကြည့်ဖို့တဲ့လေ။

"နန်စီ၊ အဲလေ မာရီ။ နောက်ဆို မာရီပဲ့ ခေါ်မယ်။ မာရီ ဖြစ်ပြီနော် ကြားလား။ မာရီနဲ့ နန်စီနဲ့ ဘယ်သူက ပိုပြီး ထက်သလဲ"

"မာရီက ပို ထက်တာပေါ့။ မာရီက အတွေးအခေါ် သစ်တွေ၊ အတွေး အကြံတွေ ပိုများတာပဲ"

"စောစောက ဘာပြောမလို့လဲ ဟင်။ အကုန် မပြောချင်ရင် နည်းနည်း ကလေး ဖြစ်ဖြစ် ပြော"





နန်စီရယ်ပြီး ခေါင်းကိုသာ တွင်တွင်ယမ်းနေစဉ် ဖရက်က သူ့ပေါင်ပေါ် နံ့တက်လာသည်။ ပီတာ စက်နှိုးသည်။

"ကိုယ် တစ်ခု စဉ်းစားနေတယ် မာရီ။ ဒီနှစ်ကုန်လောက်မှာ မင့်မျက်နှာ အားလုံး ပြီးစီးတော့မယ်။ မာရီ အဒမ်ဆန် ဓာတ်ပုံပြပွဲလည်း အဲဒီအချိန်လောက် ကို ကိုက်ပြီး လုပ်မယ် စိတ်ကူးတယ်။ ဘယ်လို သဘောရလဲ"

"ဖြစ်နိုင်ကောင်းပါရဲ့"

ပြပွဲကိစ္စကို စိတ်ဝင်စားစ ပြုလာပြီ။ အထူးသဖြင့် သည်နေ့ နေ့လယ်တွင် သူ့ကိုယ်တွင်းသို့ သတ္တိတွေ ခွန်အားတွေ စိမ့်ဝင်လာသလို ခံစားရသည်။ မိုက်ကယ် နှင့် ပတ်သက်သည့် အမှန်တရားတွေကို ထုတ်ပြောလိုက်ရလို့ပဲလား၊ သို့မဟုတ် ပီတာ၏ ဘဝမှန်ကို ကြားရလို့ပဲလား၊ သို့မဟုတ် ထွေးနွေးသည့် ပီတာ့ ရင်ခွင်နှင့် အနမ်းပူပူတွေကြောင့်လား မသိ။

"နန်စီ… အဲလေ၊ မာရီ စဉ်းစားပါ့မယ်"

"လုပ်ပါ့မယ်လို့ ကတိပေးရမယ်။ စဉ်းစားနေကြတာ ကြာပြီပဲ။ ကတိ မပေးရင်"

ပီတာက ကားသော့ကို ဆွဲဖြုတ်လိုက်သည်။ မာရီ့ကို ကြည့်၍ ပြုံးသည်။

"ကတိမပေးရင် အိမ်ပြန်ဖို့ မပေးတော့ဘူး။ မကျေနပ်ရင် ကားသော့ကို လုလေ"

"ကဲ… အရှုံးပေးပါတယ်ရှင်။ ပီတာ ကြိုက်သလိုသာ လုပ်ပါတော့"

ဖရက်၏ အမွေးဖွားဖွားကလေးကို သပ်ရင်း ပြုံးပြုံးကလေး ပြောတော့ သူက "ဟင် ဒီလိုဆိုတော့လည်း လွယ်လှချည်လား" ဟု ဆိုသည်။ ဒါဆို ပြပွဲ လုပ်ဖို့ ဘယ်လို စီစဉ်ရမှာလဲဟု မေးတော့ ပီတာက သူ ကြည့်စီစဉ်မယ်ဟု ပြန်ဖြေသည်။

"ကဲ ဒါဖြင့် အားလုံး ကိစ္စပြီးပြီလို့ သဘောထားလိုက်တော့မယ်၊ ဟုတ်လား"

"ဟုတ်ပါပြီတဲ့ရှင်"

ပီတာက သူ့ဘဝကို နားလည်သလို သူ့အနုပညာကိုလည်း ခံစား နားလည် တတ်သူဟု မာရီ ယုံကြည်ထားသည်။

"ပြပွဲ လုပ်ဖြစ်တဲ့အတွက် မင်း နောင်တ မရစေရပါဘူး ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပီတာက မာရီ့မျက်နှာကို ညင်ညင်သာသာ ဆွဲယူပြီး ဖွဖွကလေး နမ်းလိုက်၏။ နောက် ကားစက်နှိုးသည်။ လောကသည် နှလုံးမွေ့လျော် ပျော်ဖွယ်ရာ အတိ။

ကမ်းခြေအတိုင်း တဖြည်းဖြည်း မောင်းပြန်ခဲ့သည်။ မာရီ့ အခန်းရှေ့ ရောက်တော့ ညနေ ၆ နာရီထိုးပြီ။ နေ့တာ တိုလွန်းသည် ထင်နေမိ၏။ တစ်ပိုင်းကလည်း မာရီ ပင်ပန်းနေလောက်ပြီ ဖြစ်၍ နားစေချင်သည်။

"ကဲ၊ ထိပ်ထားလေးရေ... ကောင်းကောင်း အနားယူလိုက်နော်။ ဝ အိပ်ပစ်လိုက်။ မနက်စောစော ရုံးခန်းထဲမှာ လန်းလန်းဆန်းဆန်း ကုံကော်ပန်းလေးလို တွေ့ချင်တယ်"

နောက်တစ်နေ့တွင် ပတ်တီးအချို့ ထပ်ဖြေသည်။ နောက်နှစ်လ အတွင်း နှစ်ကြိမ်ခွဲစိတ်ဖို့ ကျန်သေးသည်။ ဒီဇင်ဘာလဆို ခွဲစိတ်ဖို့ လုပ်ငန်း လုံး ပြီးဆုံးမည်။ ဇန်နဝါရီဆိုလျှင် ပတ်တီးတွေ အကုန်ဖြေနိုင်ပြီ။

"အပေါ် တက်ဦးမလားဟင်"

ပီတာ ခေါင်းခါသည်။

"ဒီအပတ်ထဲမှာ တို့ ညစာဆုံပြီးစားမယ်။ အဲဒီနေ့မှာ ခာတ်ပုံပြ သတင်းတွေ ပြောပြမယ်"

"အဲဒီပြပွဲကိစ္စကို စိတ်အဝင်စားကြီး မဟုတ်လှပါဘူး။ သူပဲ တက်ကြ နေတာ"

ခွေးကလေးကို ပွေ့၍ ကားပေါ်မှ ဆင်းပုံကို ငေးကြည့်ရင်းပီတာ ပြုံးနေ သည်။ ကားထွက်သွားတော့ ပီတာကို လက်ပြပြီး ခပ်သွက်သွက်ကလေး အပေါ် တက်ခဲ့၏။ သူ့တွင် လုပ်စရာကလေး တစ်ခု ရှိနေသေးသည်။ ကမ်းခြေမှာတုန်းက ပီတာနှင့် လမ်းလျှောက်ရင်း စဉ်းစားမိသည့် ကိစ္စ။ အပေါ်အင်္ကျီပင် မချွတ်နိုင်ဘဲ အဂတ်ပီရိုဆီသို့ တန်းသွားသည်။ အဝတ်အစားတွေ နောက်ရှိအရာဝတ္ထု တစ်ခုကို ဆွဲထုတ်လိုက်သည်။ ခန်းမထဲသို့ ယူလာပြီး မဖွင့်ခင် အကြာကြီး ငေးကြည့်နေမိ၏။ ဖုန်တွေတက်နေ၏။ မဖွင့်ရဲသလို ဖြစ်နေ၏။ မဖွင့်၍လည်း မဖြစ်။ ပန်းချီအိတ် အနက်ကြီးကို ဇစ်ဆွဲဖွင့်လိုက်၏။ အထဲမှ ပုံကြမ်းတွေ၊ ပန်ချီကား ငယ်ငယ်တွေ ထွက်လာသည်။ မပြီးသေးသည့် ကားတွေလည်း အများအပြား။ ကော်ဇောပေါ် တွင် ထိုင်ချလိုက်သည်။ ပန်းချီကား တစ်ချပ်ကို ကြည့်ပြီး ငိုင်နေမိ၏။ လွန်ခဲ့သည့်





ငင်နှစ်ခွဲခန့်က မိုက်ကယ်ကို မင်္ဂလာဆောင် လက်ဖွဲ့အဖြစ် ပေးမည့် ပန်းချီကား။ ငင်ပင်ခွကြားတွင် ကောင်းကလေး တစ်ယောက် ထိုင်နေသည့် ရှုခင်းပုံ။

မျက်ရည်တွေ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာသည်။ ဆယ့်ရှစ်လ ကောင် ကြာခဲ့ပါပြီကော။

ခုတော့ ပန်းချီကားကို အပြီးသတ်ရတော့မည်။ သူ့ရင်ထဲတွင် နင့်နင့်နဲနဲ ဆွေးသွားသည်။

ခုတော့ ပန်းချီကားပြီးလျှင် ပေးရမည့်သူမှာ ပီတာ ဖြစ်နေပါကလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

အရိုးခိုက်အောင် အေးစိမ့်နေသော နေ့တစ်နေ့။ ဦးထုပ်အဖြူပိုင်းကြီးကို ခပ်ငိုက်ငိုက် ဆွဲချလိုက်သည်။ ဆွယ်တာ နီရဲရဲကို ကော်လာထောင်လိုက်သည်။ ဖေး၏ ရုံးခန်းဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ဖရက်က ခါတိုင်းလိုပင် နံဘေးမှ သောက်ဆတ်ဘောက်ဆတ်နှင့်။ သူ့လည်စည်းနှင့် ကော်လာမှာလည်း အနီရဲရဲ။ မာရီငုံ့ကြည့်ပြီး ပြုံးလိုက်၏။ စိတ်ထဲတွင် ပျော်နေသည်။ ပေါ့ပါးရွှင်လန်းနေသည်။ ဖေး၏ ရုံးခန်းပေါ်သို့ ပြေးတက်လာခဲ့သည်။

"ဖေးရေ... ရောက်ပြီ" နွေးထွေးပြီး နေချင့်စဖွယ် ဖေး၏ ရုံးခန်းထဲတွင် သူ့အသံကလေး ပဲ့တင်ရိုက်သွားသည်။ အတွင်းခန်းဘက်ဆီမှ ချက်ချင်း ပြန်ထူးသံ ထွက်လာသည်။ အနွေးထည်ကို ချွတ်လိုက်သည်။ သိုးမွေးနုအဖြူရောင် ပါးပါးကို ရိုးရိုးစင်းစင်းကလေး ဝတ်လာသည်။ လွန်ခဲ့သည့်လထဲက ပီတာ ဝယ်ပေး သည့် ရွှေရင်ထိုးကလေးကို ထိုးလျက်။ ဦးထုပ်ကို အသာမပြီး မှန်ထဲသို့ လှမ်းကြည့် လိုက်၏။ ပြီးတော့ မှန်ထဲမှ မာရီကို လှမ်းပြုံးပြလိုက်၏။ မျက်နှာကို အပြည့်အစုံ မြင်ရပြီ။ မျက်မှန်ကြီးကို ဖြုတ်လိုက်ပြီလေ။ နဖူးပေါ်ပိုင်းတွင် ပလတ်စတာ အနည်းငယ်သာ ကျန်တော့သည်။ ပလတ်စတာ ခွာဖို့လည်း ရက်မဝေးလှတော့။ သည်တစ်ခါပြီးလျှင် ခွဲစိတ်ကုသမှု ကိစ္စတွေ လုံးဝ အစသတ် သွားပြီ။

"ဘယ်လိုလဲ ကိုယ့်ကိုယ်ကို သဘောကျနေလား နန်စီ"





သူ့နောက်တွင် ဖေးရပ်လာသည်ကို သတိပြုလိုက်မိ၏။ သူ့ကို အမြတ်တနိုး ကြည့်ပြီး ပြုံးနေသော ဖေးကို မှန်ထဲတွင် တွေ့လိုက်ရ၏။

"သဘောကျနေတယ်လို့ပဲ ထင်တယ် ဖေး။ နေသားတောင် ကျနေပါပြီ။ ဒါပေမဲ့ ဖေးကတော့ မာရီ့ကို အသိအမှတ် မပြုသေးသလိုပဲ"

အလိုမကျသည့် မျက်နှာကလေးဖြင့် ဖေးဘက်သို့ လှည့်ကြည့်လိုက် သည်။

"ဘာကိုပြောတာလဲ ဟင်၊ နန်စီ"

"ကြည့်လေ၊ ခုထိ နန်စီ နန်စီနဲ့ ခေါ်နေတုန်း။ မာရီလေ ဖေးရဲ့။ တရားဝင် ပြောင်းထားတဲ့ နာမည်နော်"

"အေးပါကွယ်၊ နောက် ကိုယ် သတိထားပါ့မယ်။ နှုတ်ကျိုးနေလို့ မေ့မေ့ သွားတာပါ"

အခန်းထဲတွင် ထိုင်နေကျ နေရာများတွင် နေရာယူကြသည်။

"ဟုတ်ပါတယ်လေ၊ အကျင့်တစ်ခုကို ဖျောက်ဖို့ဆိုတာ မလွယ်ဘူးနော်"

ပြောရင်း မျက်နှာညှိုးသွားသည်။ ဖေးက သူ့အတွေးကို မှန်းဆကြည့် နေ၏။

"အဲဒီအကြောင်းကို စဉ်းစားနေတာ ကြာပြီ ဖေး။ နောက်ဆုံးတော့လည်း ဘာသာသူ ပြီးသွားတာပါပဲ။ မာရီ သူ့ကို ခေါင်းထဲကနေ ဖျောက်လိုက်တော့ မယ် ဖေး"

"မိုက်ကယ့်ကို၊ ဟုတ်လား"

မာရီ ခေါင်းညိတ်ပြ၏။

ဖေးက လေးနက်သည့် မျက်နှာဖြင့် မာရီကို လှမ်းကြည့်လိုက်သည်။

"မင်းသူ့ကို မေ့နိုင်ပြီလို့ ဘာလို့ ပြောနိုင်တာလဲ မာရီ"

"တမင်ဆုံးဖြတ်လိုက်တာလေ။ ဒီနည်းပဲ ရှိတော့တာပဲ ဖေး။ နှစ်နှစ် တင်းတင်း ပြည့်တော့မယ်။ မာရီ့ဆီကို သူမှမလာတော့ပဲ။ ချစ်သူကို စွန့်ပြီး မေ့စကား နားထောင်သွားတာလေ"

ဖေးကို စိမ်းစိမ်းကြည့်နေသည်။

"သူက စပြီး မာရီ့ကို ဖြေလျှော့ပေးလိုက်တော့ မာရီကလည်း သင် သွားလိုရာ သွားတော့လို့ ပြောရုံရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဖွံ့ဖွံ့လမ်းလမ်း ဖြစ်လာပြီးမှ ဒီလောက် လွယ်လွယ် မေ့ပစ်ရ
ရပ့ါမလား မာရီ။ မင်း သူ့ကို တစ်ချိန်လုံး စောင့်နေခဲ့ပြီးမှ"

"အဲဒီ တစ်ချိန်လုံး သူ မာရီ့ကို နှိပ်စက်ခဲ့တာလေ"

"အဲဒီလို ဆုံးဖြတ်လိုက်တော့ မင်းဘယ်လို ခံစားရလဲ ဟင်"

"ဘာမှ မဖြစ်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာသန့်နေပြီပဲ။ ကိုယ့်ကို
ကိုယ် ဒေါသမဖြစ်တော့ဘူး။ မာရီ သူ့ကို တအားမုန်းသွားပြီ"

"သူ့အမေနဲ့ အပေးအယူလုပ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့တော့ မင်းကိုယ်မင်း
မမုန်းတော့ဘူးပေါ့"

ဖေးက သူ့ပျော့ကွက်ကို ဖမ်းနေကြောင်း မာရီသိသည်။ မတတ်နိုင်
ဒါကိုတော့ ကာကွယ်ရလိမ့်မည်။

"ရွေးစရာလမ်း မရှိတော့ ရှိတဲ့လမ်းပဲ လျှောက်ခဲ့ရတာယ်လေ ဖေးရဲ့"

"မင်းကိုမင်း မှားတယ်လို့ ထင်နေသေးလား ဟင်"

"ဟင့်အင်း၊ မာရီလည်း မှားတယ် မထင်ဘူး။ မိုက်ကယ်ကလည်း
လုပ်တာ သူမှန်တယ်ထင်နေမှာပဲ။ သေကောင်ပေါင်းလဲ ဖြစ်တာတောင်မှ တစ်
ကလေး လာကြည့်ဖော်မရတာ ကြည့်လေ။ မာရီကြောင့် သူ့မှာ အိပ်မပျော်
ညတွေ ရှိခဲ့မယ် ထင်လားဟင် ဖေး"

"မင်းမှာတော့ ခုထိ အိပ်မပျော်တဲ့ညတွေ ရှိတုန်း မဟုတ်လား နန်စီ"

"လုပ်ပြန်ပြီ နန်စီ။ မရှိတော့ဘူး ဖေး။ အိပ်မက်လို ဆုပ်ကိုင်မရ
ကိစ္စတွေကို မာရီ လက်မခံတော့ဘူး။ အဓိပ္ပာယ် မရှိ လပေါင်းများစွာ ခံစားခဲ့
ပြီပဲ၊ တော်လောက်ပြီပေါ့ ဖေးရယ်"

သူ အခိုင်အမာ ပြောသည့်တိုင် ဖေးက လုံးလုံး လျားလျားလက်
မခံချင်သေး။

"ကဲ ဒါဖြင့် ခု ဘာလုပ်မလဲ။ မိုက်ကယ့် နေရာကို ဘာနဲ့ အစားထိုးမ
ဘယ်သူနဲ့ အစားထိုးမလဲ ပီတာလား"

"ပထမတော့ အလုပ်ဖိလုပ်မယ်။ ခရစ်စမတ်မှာ တောင်ပိုင်းဘက်
ခရီးထွက်ပြီး ရိုက်ကွင်းတွေ ရှာမယ်။ ဓာတ်ပုံတွေ ရိုက်မယ်လို့ အစီအစဉ်
ဆွဲထားတယ် ဖေးရဲ့။ အရီဇိုးနားနဲ့ နယူးမက်ဆီကိုဘက်ကို သွားဖို့လေ။ မ
ကို မှာတော့ နှစ်ရက်လောက်ပဲ နေမယ်"





သူ့အစီအစဉ်တွေကို အားတက်သရော ပြောနေသည်။ ကျေနပ်နှစ်သိမ့်
နပုံ။ သို့သော် ဝေဒနာကို ကျိတ်မှိတ်ဖုံးကွယ်နေသည်ဟု ဖေး နားလည်နေသည်။
က်ကယ်ကို သူ လုံးလုံး စွန့်လွှတ်လိုက်ရပြီပေါ့။ စိတ်လျှော့လိုက်ပြီပေါ့။

"သုံးပတ်လောက် ကြာမယ် ထင်တယ် ဖေး"

"အဲဒါ ပြီးတော့ကော"

"အလုပ်ပြီး အလုပ်ပဲ။ အလုပ်တွေကို ဖိလုပ်မယ်။ ဆက်တိုက် လုပ်မယ်။
ပဲ ရှိတော့တာပေါ့ ဖေးရယ်။ ပီတာက ဇန်နဝါရီလောက်မှာ ပြပွဲလုပ်နိုင်အောင်
ဉ်နေတယ်လေ။ ဖေးပါ ရှိနေရမယ်နော်"

"ဘယ်အလွတ်ခံပါ့မလဲကွယ်"

"ပြပွဲအတွက် ရိုက်ထားတာတွေ မနည်းတော့ဘူး။ ဖေးကိုကော ပီတာ့ကိုပါ
ပြရသေးဘူး။ သူ သဘောကျမှာပါ"

"ဒါပေါ့၊ သူက မင်းလုပ်သမျှ သဘောကျနေတာပဲဟာ။ ဩော်၊ ဒါထက်
းရဦးမယ် နန် . . . အဲလေ မာရီ၊ ပီတာနဲ့ ပတ်သက်ပြီး မင်းဘယ်လို ခံစားရ
လဲ ဟင်"

မာရီသက်ပြင်းချသည်။ မီးလင်းဖိုထဲသို့ ငုံ့ကြည့်နေသည်။

"ပီတာနဲ့ ပတ်သက်ပြီး ခံစားရတာတွေကတော့ အများကြီးပေါ့ ဖေးရယ်"

"မင်း သူ့ကို ချစ်နေပြီလား"

"ဆိုပါတော့"

"မိုက်ကယ့်နေရာကို ပီတာ အစားဝင်နိုင်မယ်လို့ မင်းထင်တယ်ပေါ့"

"ဖြစ်နိုင်မယ် ထင်ပါတယ် ဖေး။ မိုက်ကယ့် နေရာကို ပီတာ အစားဝင်
ချင်နေတာပဲ။ ဒါပေမဲ့ တစ်မျိုးပဲလေ။ တစ်ခုခုက ဟန့်တားနေသလိုပဲ။ ပီတာကို
က်ခံဖို့ အဆင်သင့် မဖြစ်သေးတာလား မသိဘူး။ ပီတာကို ဒီထက်ပိုပြီး
းအပ်နိုင်တဲ့ အတွက်လည်း စိတ်မကောင်းဘူး ဖေး၊ သူက မာရီ့အပေါ်
ားလွန်း ကောင်းရှာတာ မဟုတ်လား"

"ပီတာဟာ တကယ် စိတ်ရှည်တဲ့ လူတစ်ယောက်ပါ မာရီ"

"ပီတာဟာ တကယ် စိတ်ရှည်လွန်းအားကြီးလို့ မာရီသူ့ကို ပိုပြီး အားနာ
ပေါ့ ဖေးရယ်"

မာရီက ဖေးနှင့် မျက်လုံးချင်း ဆိုင်လိုက်၏။ သူ့မျက်လုံးတွေက ကြကွဲ
လျက်။



www.burmeseclassic.com

www.burmeseclassic.com



"မာရီလည်း သူ့ကို သံယောဇဉ် တွယ်နေပါပြီ ဖေးရယ်"

"မင်းဘဝထဲက မိုက်ကယ်ကို ထုတ်ပစ်လိုက်ပြီ ဆိုတော့ စိတ်ထဲမှာ [illegible] လွတ်လပ်သွားမှာပေါ့၊ ဟုတ်လား"

မျက်နှာနှင့် နှုတ်ခမ်းတစ်ဝိုက်မှ ကြွက်သားကလေးတွေ တင်းမာ[illegible] ကြောင်းကို ဖေး သတိထားလိုက်မိ၏။

"မင်း လူတွေကိုကော၊ အချစ်ကိုကော၊ လက်မြှောက် အရှုံးပေးလိုက်[illegible] တော့ မဟုတ်ပါဘူးနော်"

"အရှုံးမပေးပါဘူး။ ဘာလို့ အရှုံးပေးရမှာလဲ"

ဖြေပုံက အလောတကြီး။ စဉ်းစဉ်းစားစား ထွက်လာသည့် စကား[illegible] တွေ မဟုတ်။

"ဟုတ်တယ်၊ အရှုံး မပေးရဘူး။ မိုက်ကယ်ဟာ ယောကျ်ားတိုင်းကို [illegible] စားပြုတာ မဟုတ်ဘူး။ ဒါကို မင်း ဘယ်တော့မှ မမေ့နဲ့သိလား။ တစ်ယော[illegible] ယောက်ကို မင်း ချစ်နိုင်ဦးမှာပါ။ ပီတာကို ဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ်[illegible] ဒါက မြေကြီးလက်ခတ် မလွဲပါ။ မင်းက သိပ်ကိုလှတဲ့ မိန်းကလေး မဟုတ်လ[illegible] ငယ်လည်း ငယ်သေးတယ်။ မင့်အနာဂတ်မှာ ဘဝတစ်ခုလုံး ရှိနေသေးတ[illegible]

"ပီတာလည်း အဲဒီလိုပဲ ပြောတယ် ဖေး"

ပြောသာ ပြောနေသည်။ သူ့ကို ကြည့်ရသည်မှာ သူ့စကားကိုသူ [illegible] ပြည့်ဝဝ ယုံကြည်ဟန် ဆောင်နေသည့် ပုံမျိုး။ ဖေးကို မော့ကြည့်သည်။ မျက်[illegible] ပြင်ပေါ်မှ ကြေကွဲမှုနှင့် ထိတ်လန့်မှုတို့ကို ဖုံးကွယ်ပြီး ပြုံးရယ်လျက်။

"နောက်တစ်ခု ဆုံးဖြတ်ထားတာ ရှိသေးတယ် ဖေး"

"ဆိုပါဦး"

"ဓာတ်ပုံလုပ်ငန်းကို ကမ္ဘာကျော်အောင် ဖောက်ချ လုပ်တော့မယ်"

"အပျော်သဘောလောက် မဟုတ်တော့ဘူးပေါ့"

ဖေးက သည်လို ဖြစ်လာမည်ကိုပင် စိုးရိမ်နေခြင်း ဖြစ်၏။ အချစ်[illegible] တွင် သူ ရှုံးခဲ့ရ၏။ မရှုမလှ ရင်ကွဲခဲ့ရ၏။ တစ်နည်းအားဖြင့် အရှုန့်အပယ်ခံခဲ့ရ[illegible] သည်အတွက် သူ့ကိုယ်သူ အလုပ်တွေဖြင့် ဖုံးအုပ်ထားမည်။ စင်စစ် သူသည် ကျော်ကြားချင်၍ မဟုတ်။



"မင်းဟာ အလှတရားကို ရှာဖွေ ထုတ်ဖော်ပေးနေတာ မာရီ။ [illegible]တရားကို မင်း ဖန်ဆင်းနိုင်စွမ်း ရှိတယ်။ အလှကို ရှာဖွေတဲ့ နေရာမှာ [illegible]သာ ပါရမီရှင် တစ်ယောက်ပါ မာရီ။ ဒါကိုတော့ မင်းက ကင်မရာ နောက်ကွယ် [illegible]ဝှက်မထားသင့်ဘူး"

သူ့မျက်လုံးတွေ မာကျောသွားပြန်၏။

"အဲဒီပါရမီ ဆိုတဲ့ဟာကို လွယ်လွယ်နဲ့ ရတာတော့ မဟုတ်ဘူး ဖေး။ [illegible]ရဲ့ဘဝမှာ ရှိတာတွေ အကုန်ပုံအောပြီး လဲလှယ်လိုက်ရတာ"

ခရစ်စမတ် လောကဝတ် စကားများ ဖလှယ်ကြပြီး လူချင်း ခွဲကြသည်။ [illegible]ရဲ့ အသံတွင် အဖော်မဲ့ခြင်း၊ အထီးကျန်ခြင်းတို့ လွှမ်းမိုးနေဆဲ။ ထွက်သွားသော [illegible]ရီကို ဖေး ငေးကျန်ရစ်သည်။ လမ်းလျှောက်ထွက်သွားပုံမှာ ပြီးခဲ့သည့် [illegible]နှစ်တည်း ဟူသော ကာလတွေကို အပြီးအပိုင် နှုတ်ဆက်ထွက်ခွာသွားသည့် [illegible]သား။ သူ ချစ်ခဲ့သည့် အရာအားလုံးကို ကျောခိုင်း သွားသည့် အလား။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ဖေး၏ရုံးခန်းမှ အပြန်တွင် အငှားကား တစ်စီးငှားပြီး ပြည်ထောင်စု ပန်းခြံ
တန်းမောင်းနိုင်းသည်။ ခရီးထွက်ဖို့ ကြိုတင် လက်မှတ် မှာထားပြီးသား။ ပိုက်
ပေးပြီး လက်မှတ်ဖြတ်ရုံသာ။ မိုက်ကယ်နှင့် ‘ဘာ့မူဒါ’ ကျွန်းသို့ သွားရသ
တစ်ခေါက်မှ လွဲ၍ တစ်ခါမျှ ခရီးရှည် မထွက်ခဲ့စဖူး။ ထိုစဉ်တုန်းက အိမ
ပွဲတော်ရက်ကြီးမှာပေါ့...။ ခေါင်းထဲ ဝင်လာသည့် အတွေးများကို ချက်ချ
မောင်းထုတ်ပစ်လိုက်ရ၏။ ကားကို စာတိုက် လမ်းမှ ချိုးခိုင်းပြီး မြို့ထဲသို့
စေသည်။ ဖရက်က ဖြတ်သန်းသွားလာနေကြသည့် ကားတွေကို ကြည့်လို
သူ့သခင်ကို မော်ကြည့်လိုက်နှင့်။ သူ့သခင်မ တစ်မှုထူးနေသည်ကို ခွေးက
ကပင် သိနေသယောင်။ လက်ပွေ့အိတ်ထဲမှ စီးကရက် တစ်လိပ်ကို ထုတ်
မီးညှိသည်။

“ဒီနေရာလား ခင်ဗျာ”

ကားသမားကလေးက စာတိုက်ထောင့်တွင် ရပ်ပြီး မေးသည်။ ရှေ့
တွင် စီနံ့ဖရန်စစ်ဟိုတယ်။

“ရပါတယ်၊ ဒီမှာပဲ ဆင်းမယ်”

ကားခပေးသည်။ တံခါးဖွင့်သည်။ ဖရက်ကို ချပေးသည်။ ပြီး
လူသွားလမ်းပေါ်သို့ ခုန်ပေါက် ထွက်ပြေးသွားသော ဖရက်နောက်သို့ ခပ်သွ
သွက်သွက် လိုက်သွားသည်။ လက်မှတ် ဝယ်ရမည့်ရုံက သိပ်မဝေးလှ။ ချက်ချ





ရောက်သွားသည်။ အချိန်စောနေသေး၍ တန်းစီဖို့ပင် မလို။ ဖေးနှင့် တွေ့ရသည့်
အချိန်က နံနက်စောစောချည်း မဟုတ်လား။ အတွေးတစ်ခု ရုတ်ခြည်း
ဝင်လာသည်။ အားလုံး ပြီးဆုံးခြင်းသို့ ရောက်ပြီ ဟူသော အတွေး။ သာမန်
သူလို ကိုယ်လို လွတ်လပ်သည့် လူသား တစ်ယောက် ဖြစ်ပြီ ဟူသော အတွေး။
စိတ်ကုဆရာဝန်၏ အကူအညီကိုလည်း မလိုတော့။ ကျောထဲ စိမ့်သွားသလိုလို
ခံစားလိုက်ရ၏။ လွတ်လပ်ခြင်းနှင့် အဖော်မဲ့ခြင်းကို တစ်ပြိုင်တည်း ခံစား
လိုက်ရ၏။ ပျော်လည်း ပျော်ရဲ့။ ငိုချင်သလိုလိုလည်း ဖြစ်မိရဲ့။

“ကျွန်မ ဘာလုပ်ပေးရမလဲရှင်”

ကောင်တာအတွင်းမှ မိန်းကလေးက လှမ်းမေးတော့ ပြန်ပြုံးပြလိုက်ရ၏။

“လက်မှတ်ယူမလို့ ထင်ပါရဲ့၊ ဟုတ်လား”

“ဟုတ်ပါတယ်၊ ကျွန်မ လွန်ခဲ့တဲ့ တစ်ပတ်ကတည်းက ကြိုတင် စာရင်း
ပေးထားပါတယ်။ မက်အယ်လစ္စတာပါ”

အသုံးမပြုခဲ့သည်မှာ ကြာပြီ ဖြစ်သည့် နာမည် ဟောင်းကို ခပ်စိမ်းစိမ်း
ဖြစ်နေသည်။ နာမည်ပြောင်းသည့် ကိစ္စက ဇန်နဝါရီလ ၁ ရက်နေ့တွင်မှ တရား
ဝင် ဖြစ်မည်။ သည်ခရီး အပြန်တွင် နန်စီမက်အယ်လစ္စတာ မဟုတ်တော့။
မာရီ အဒမ်ဆန် အဖြစ်ဖြင့် ပြန်လာရတော့မည်။ တစ်သက်လုံး မာရီ ဖြစ်သွား
ပေမည်။ သည်လို တွေးမိပြန်တော့ နန်စီဟူသည့် သူငယ်မကလေးကို ကြေကွဲစွာ
ဖြင့် လွမ်းဆွတ် တသစရာဖြစ်လာ ပြန်သည်။

မဆုံးနိုင်တော့သည့် နှစ်နှစ်တာ ခွဲစိတ်ကု ခရီးရှည်ကြီး၏ အဆုံးတွင်
မာရီ အဒမ်ဆန်ကို တရားဝင် မွေးဖွား သန့်စင်ခဲ့လေပြီ။ နန်စီမက်အယ်လစ္စတာ
သည် မေ့လျော့ခြင်းနှင့် အတူ ဇာတ်သိမ်းရပေတော့မည်။ သိမ်းပေစေပေါ့။
မိုက်ကယ် တစ်ယောက်လုံးကပင် မေ့လျော့ခဲ့ပြီပဲ။ သစ်စိမ်းချိုးချိုးခဲ့ပြီပဲ။ မာရီ
အနေနဲ့ကော ဘာ့ကြောင့် နန်စီကို မေ့မပစ်နိုင်ရမည်လဲ။ သည်လိုဆိုတော့ နန်စီကို
သတိရမည့်သူ ဟူ၍ တစ်ယောက် တစ်ကောင်မျှပင် မရှိတော့ဘူးပေါ့။ နန်စီကို
မြင်ဖူး တွေ့ဖူးသူတွေက မာရီကို တွေ့လျှင်လည်း ဘယ်လိုမျှ မှတ်မိနိုင် စရာ
အကြောင်း မရှိတော့။ မာရီက ပို၍ လှသည်။ ပို၍ အသံသာသည်။ မာရီ၏အသံမှာ
ဆွဲဆောင်မှု အပြည့်။ ထူးထူးခြားခြား စွံမက်စရာ ကောင်းသည့် အသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



အက သင်တန်းတက်ပြီး နောက်ပိုင်း သူ့လှုပ်ဟန် ရှားဟန်တွေမှာ ပိုပြီး ကျက်သရေ ရှိလာသည်။ ပိုပြီး ညက်ညောလာသည်။

"၁၉၆ ဒေါ်လာ ကျပါတယ်ရှင်"

အရောင်းစာရေးမ ကလေးက ကွန်ပျူတာ ဒိုင်ခွက်ကို လှမ်းကြည့်ပြီး ပြောလိုက်၏။ ပြီးတော့ မာရီကို ငေးကြည့်နေသည်။ လှလိုက်သည့် အမျိုးသမီး မျက်လုံးတွေကို သူ့ထံမှ လွှဲ၍ မရတော့။ ကိုယ်လုံး ကိုယ်ပေါက်ကော၊ သူ့ မျက်နှာပေါ်က အပြုံးကလေးကော ကျက်သရေရှိလိုက် ပါပေ့။ ယဉ်လိုက် ချောလိုက်ပါပေ့။

မာရီက ချက်လက်မှတ် ရေးပေးသည်။ နောက်ပြီး လေယာဉ် လက်မှတ်ကို လှမ်းယူသည်။ ပြီးတော့ အဆောက်အအုံထဲမှ ထွက်လာခဲ့သည်။ အပြင်တွင် ဒီဇင်ဘာလ၏ နေခြည်သည် တောက်ပလျက်။ သစ်လွင်လျက်။ ဘဝသစ် တစ်ခုဖြင့် ခရီးထွက်မည့် သူ့ကို ကြိုဆိုနေသည့် အလား။

နေဖို့ ထိုင်ဖို့ စိတ်ကြိုက် အခန်းတစ်ခန်းလည်း ရထားပြီ။ မြတ်မြတ် နိုးနိုး ချစ်မည့် ကြင်မည့် သူလည်း တွေ့ထားပြီ။ ဘာများ လိုပါသေးသနည်း။ 'မဂ္ဂနင်' ကုန်တိုက်ကြီးထဲသို့ ချိုးဝင်လိုက်၏။ ကိုယ့်ကိုယ်ကိုယ် ခရစ်စမတ် လက်ဆောင်ပြန်ပေးရန် တစ်ခုခု ဝယ်မည်ဟူသော စိတ်ကူးကြောင့် အလိုလို ပြုံးမိလျက်သား ဖြစ်သွားသည်။

ပထမထပ်တွင် လျှောက်ကြည့်သည်။ ဦးထုပ်တွေ၊ စကတ်တွေ၊ ဆွဲကြိုး တွေ၊ လက်ပွေ့အိတ်တွေ၊ အနွေးထည်တွေ မျိုးစုံရောင်းသည့် အထပ်။ နောက်ဆုံး တွင် နူးညံ့လှသည့် ကတ်ရှမီယား သိုးမွေးအဖြူတစ်ထည် ဝယ်ဖြစ်သည်။ နှင်းလို ဖြူဖွေးသည့် ဆွယ်တာနှင့် သူ့အသားအရောင်မှာ လိုက်ဖက်လှ၏။ ပီတာလည်း သဘောကျလိမ့်မည် ထင်၏။ ဘဲလေးအက သင်တန်းအပြီးတွင် သူ့ကိုယ်လုံး ကိုယ်ထည်မှာ ပို၍ လုံးကျစ်ပြည့်ဖြိုးလာ၏။ သည်ဆွယ်တာနှင့် ဆိုလျှင် သူ့ကိုယ်နေဟန်မှာ ပို၍ တင့်တယ် ပေါ်လွင်နေပေလိမ့်မည်။

နောက်တစ်ထပ်သို့ တက်လာခဲ့ပြန်သည်။ ဆိုင်ခင်းကျင်းပုံနှင့် လူတွေ ဝယ်ခြမ်းလှုပ်ရှားနေပုံကို လေ့လာနေသည်။ မုန့်မျိုးစုံဆိုင်ခန်းရှေ့တွင် ရပ်ပြီး ဖေးအတွက် ချောကလက် တစ်သေတ္တာဝယ်လိုက်၏။ လူနာတစ်ယောက် အနေဖြင့် ဆရာဝန်ကို ပေးဖို့ အသင့်လျော်ဆုံး လက်ဆောင် မဟုတ်လား။





"ကျေးဇူးတင်စွာဖြင့်၊ အချစ်၊ မာရီ" ဟု ကတ်ပြားပေါ်တွင် ရေးလိုက် သည်။ တော်ပြီပေါ့။ ဘာထပ်ရေးရဦးမည်လဲ။

"မိုက်ကယ်ကို မေ့နိုင်အောင် ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်" လို့ ရေးရဦးမှာလား။

"သွင်သွင် ရူးမသွားအောင် ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" လို့ ရေးဖို့လိုပါသေးသလား။

ပြီးတော့ တောင်စဉ်ရေမရ လျှောက်တွေးနေစဉ် တစ္ဆေအခြောက်ခံလိုက် ရသလို သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ အရောင်းစာရေးမကလေး လှမ်းပေးသည့် ကုန်ဝယ်ကတ်ပြားကို စက်ရုပ်တရုပ်လို လှမ်းယူလိုက်သည်။ မျက်လုံးများကမူ တစ်နေရာသို့ ငေးမြဲ ငေးလျက်။ အေဗရီပါလား။ လက်တစ်ကမ်း အကွာလောက်တွင် ရပ်ပြီး အမျိုးသမီး ခရီးဆောင် အိတ်တလုံးကို ကြည့်နေ၏။ မာရီ အကြာကြီး ငေးကြည့်နေသည်။ အကြာကြီး။ ပြီးတော့ မသိမသာ အေဗရီ အနားသို့ တိုးကပ်သွားသည်။ တွေ့ချင်စိတ်ကို တားဆီး၍ မရ။ သူ့ လက်မောင်း ကို ဆွဲလိုက်ချင်သည်။ သူ့အသံကို ပြန်ပြီး ကြားချင်လှပြီ။ အေဗရီမှတ်များ မှတ်မိသွားလေမည်လားဟု တွေးပြီး ရင်တွေ တထိတ်ထိတ် ခုန်လာသည်။ ဒါတော့ မဖြစ်နိုင်။ လုံးဝ မမှတ်မိနိုင်။ မှတ်မိသွားလျှင်ကော မည်သို့ ဖြစ်ကုန်မည်နည်း။ မမှန်းဆနိုင်။ မမှတ်မိသည်ကိုပင် ကျိတ်ပြီး ဝမ်းသာရတော့မည်။ သူ့ကို အကြာ ကြီး စောင့်ကြည့်နေနိုင်သည်။ သူ့အနားတွင် ရပ်နေနိုင်သည် မဟုတ်လား။

မိုက်ကယ်နှင့် အေဗရီ မတွေ့တာ ဘယ်လောက်များ ကြာပြီလဲ မသိ။ ဘာ့ဘာဟီးလ်ယန်း မှာပဲ အလုပ်ဝင်ဖြစ်သလား မသိ။ သူ့နံဘေးကပ်ပြီး သူကြည့် နေသည့် ပစ္စည်းနှင့် အနီးဆုံး လက်ဆွဲသားရေ အိတ်ပြားကလေးကို လှမ်းကိုင် ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံမိကြတော့ အေဗရီက ပြုံးပြသည်။ သူ့ နှုတ်ခမ်းများပေါ်တွင် အမြဲ တွေ့ရသော အပြုံးဟောင်း။ လွယ်လွယ်ကူကူ ပြုံးလေ့ ရှိသည့် အပြုံး။ သူ့ကို မှတ်မိသည့် အရိပ်အရောင်ဟူ၍ စိုးစိမ့်မျှ မတွေ့ရ။ အေဗရီက လက်ကိုပင် လှမ်းပြီး ပုတ်လိုက်သေး။

"ဟေး ချာတိတ်၊ တယ်လှပါလားကွ"

လွန်စွာ ရင်းနှီးခဲ့သည့်အသံ။ အလွန့်အလွန် ခင်မင်ကျွမ်းဝင်ခဲ့ရသည့် အသံ။ မနည်း ဟန်ဆောင်ထားရ၏။ အေဗရီ့ အသံကို ကြားလိုက်ရသည်နှင့်

www.burmeseclassic.com



နွမ်းခွေသွားသလို ခံစားလိုက်ရ၏။ မိုက်ကယ့် သူငယ်ချင်း တစ်ယောက်ကို တွေ့ရှုံဖြင့် သည်မျှ တုန်လှုပ်ချောက်ချားလိမ့်မည်ဟု ဘယ်တုန်းကမျှ မထင်မှတ်ခဲ့။ အတိတ်နှင့် ပတ်သက်ပြီး ပထမဆုံး ကြုံရသည့် ဆက်သွယ်မှု။

မျက်တောင်ကို ပုပ်ခတ် ပုပ်ခတ်လုပ်ပြီး မျက်ရည်မကျအောင် မနည်းကြီး ထိန်းလိုက်ရသည်။ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ရသည်။ လက်က အမှတ်မထင် လည်ပင်းဆီသို့ ရောက်သွားသည်။ မင်္ဂလာ ဆောင်မည့်ညက အေဗရီပေးထားသည့် ဆွဲကြိုးကလေးက ဆွဲလျက်သား။

"ခရစ်စမတ်လက်ဆောင် ဝယ်မလို့လား"

ပြောပြီးမှ မှားများသွားလေပြီလားဟု တွေးမိပြန်၏။ စကားမရှိ စကားရှာခြင်း သက်သက်။ အသံကိုများ မှတ်မိလေမလား ဟူသော အတွေးဖြင့် ရွှေရှိသိမ့်သိမ့် ခုန်နေဆဲ။ အေဗရီ့နှုတ်ခမ်းတွေပေါ်တွင် သူစိမ်းတစ်ယောက်ကို ပြုံးပြသည့် အပြုံးမျိုးသာ ပေါ်ပေါက်လာပြန်သည်။

"ဟုတ်ပါတယ်၊ အမျိုးသမီး ခပ်ငယ်ငယ် တစ်ယောက်ကို ပေးမလို့ဗျ မရွေးတတ်အောင် ဖြစ်နေလို့"

"သူက ဘယ်လိုနေလဲဟင်၊ လှရဲ့လား"

"ဟား၊ သိပ်အကျည်းတန်တာ"

မာရီရယ်လိုက်မိ၏။ ဤသည်မှာ အေဗရီ၏ ပင်ကိုစရိုက် မဟုတ် လားသည်တစ်ခါ လေးလေးနက်နက်လား၊ ခါတိုင်းလိုပဲလားဟု မေးလိုက်ချင် သည်။ မေး၍က မဖြစ်။

"အရပ်ကတော့ ခင်ဗျားလောက်ပဲဗျ၊ ဆံပင်က ခပ်နီနီ"

အေဗရီက မာရီကို တစ်ချက် ပြန်ကြည့်သည်။ သည်တစ်ခါတော့ သေသေချာချာ ကြည့်သည်။ အေဗရီက သူ့ထုံးစံအတိုင်း အာသာငမ်းငမ်း မျက်လုံးများဖြင့် တစ်ကိုယ်လုံးကို ခြုံကြည့်သည်။ မာရီ ရယ်ရမလား၊ စိတ်ပျက်ရမလား မသိလောက်အောင် ဖြစ်သွား၏။ အေဗရီ တစ်ယောက်ကတော့ အရင်အတိုင်း ပါပဲလား။

"ရှင်လိုချင်တာခရီးဆောင် အိတ်ကော ဟုတ်ရဲ့လား"

မိန်းကလေး တစ်ယောက် ရင်ခုန်စေမည့် ပစ္စည်းမျိုးကို ရွေးပေးပါတော့လား။ ပီတာဆိုလျှင် ဒါမျိုးတွေ သိပ်သိတတ်တာ။ ခရီးဆောင်အိတ်ဆိုတာကြီးက ခရစ်စမတ်လက်ဆောင် ပေးသည့် ပစ္စည်းမျိုးမှ မဟုတ်ဘဲ။





"ကျွန်တော်တို့ နှစ်ယောက် ခရီးထွက်ကြမလို့ဗျ။ ဒါကြောင့် အသုံးလည်း ကျအောင်၊ သူလည်း အံ့သြသွားအောင် သေတ္တာထဲမှာ ခရီးသွား လက်မှတ်ပါ ထည့်ပြီး လက်ဆောင် ပေးမလို့"

အေဗရီ တစ်ယောက် 'ထော' နေပြီဟု စိတ်ထဲတွင် တွက်လိုက်မိ၏။ နိုင်ငံခြား သားရေအိတ်ကချည်း ဒေါ်လာငါးရာ၊ လက်မှတ်ပါ ထည့်ပြီး လက်ဆောင် ပေးဦးမည် ဆိုပဲ။ ကွဲကွာခဲ့ကြသည့် နှစ်နှစ်အတွင်း အေဗရီ အလုပ် အကိုင် ကောင်းနေပုံ ရ၏။

"တော်တော် ကံကောင်းတဲ့ အမျိုးသမီးပဲ" ဟု မာရီက မှတ်ချက်ချလိုက်တော့ အေဗရီက "ကံကောင်းတာက ကျွန်တော်ဗျ" ဟု ခွန်းတုံ့ပြန်သည်။

"မင်္ဂလာခရီး ထွက်ကြမှာလား ဟင်"

ခပ်ရှက်ရှက်နှင့်ပင် ဆက်ပြီး စပ်စုနေမိ၏။ အေဗရီနှင့် စကားပြောရသည်ကို ပျော်နေမိသည်လေ။

"မဟုတ်ဘူးဗျ၊ အလုပ်ကိစ္စနဲ့ သွားရမှာ။ သူတောင် မသိသေးဘူး။ လုပ်စမ်းပါဦးဗျ၊ ဘယ်အရောင်ယူရမလဲ ဆိုတာ။ အညိုရောင် ယူရမလား၊ ဟိုဘက်က အစိမ်းကို ယူရမလား"

"ဟောဟို အနီစင်းနဲ့ အညိုရောင်ကို ယူပါလား၊ လှလိုက်တာမှ ပျံနေတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း မျက်စိကျနေတာ"

အေဗရီ ပျော်သွားပုံရ၏။ မာရီရွေးသည့် အိတ်ကိုပင် လက်ညှိုးထိုးပြီး အရောင်းစာရေးမကလေးအား ခေါင်းညိတ်ပြလိုက်၏။ သူက အရောင်တူ အိတ်သုံးလုံးပင် ဝယ်သည်။ နယူးယောက် လေယာဉ်ပျံပေါ် တင်ပေးဖို့ လေယာဉ်ကွင်းနံပါတ်ကို ရေးပေးသည်။ သို့ဆိုလျှင် အေဗရီ တစ်ယောက် နယူးယောက်မှာပင် ရှိနေတုန်းပေါ့။

"ခုလို ကူညီတဲ့ အတွက် ကျေးဇူးတင်ပါတယ် မစ္စ..."

"အဒမ်ဆန်ပါ။ ကျွန်မနဲ့ အကြိုက်ချင်း တူနေတာကိုပဲ ဝမ်းသာလှပါပြီရှင်။ ဒါထက် ကျွန်မ အမေးအမြန်းထူတာကို စိတ်မရှိပါနဲ့နော်။ ခရစ်စမတ်ကာလဆိုတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့ပါ"

www.burmeseclassic.com



"ကျွန်တော်လည်း ဒီလိုပဲဗျ။ ဒီအချိန်ရောက်ရင် ကျွန်တော့်စိတ်တွေ အဲ—ဟို... ခင်ဗျားပြောတဲ့ အတိုင်း တစ်မျိုးကြီးပဲ ဗျ"

"နယူးယောက်မှာ နေတယ် ထင်တယ်၊ ဟုတ်လား"

"ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော်က အလုပ်ကိစ္စနဲ့ ခရီးထွက်နေရတာ များပါတယ်"

မိုက်ကယ့် အမေးဆီတွင် အလုပ် လုပ်ဖြစ် မဖြစ် မသိရသေး။ မေး၍လည်း မဖြစ်။ အေဗရီနှင့် တွေ့ရသည့်တိုင် ပြောချင်သည်များကိုမှ ပွင့်ပွင့်လင်းလင်း မပြောနိုင်။ မေးချင်သည် တို့ကိုမူ ရင်ဖွင့်ပြီး မမေးနိုင် ဖြစ်ရသည့်အတွက် နာကျည်းသလို ဖြစ်လာသည်။ အေဗရီက ဖျတ်ခနဲ သူ့ကို စူးစူးစိုက်စိုက် ကြည့်လိုက်တော့ နှလုံးသွေးတွေ ရပ်တန့်သွားသလို လန့်သွားသည်။ တော်သေးသည်၊ သူ့အပြုံးက တစ်မျိုး။ မုတ်မိသည့် အပြုံးမျိုး မဟုတ်။ နဖူးအထက်ပိုင်းမှ ပလတ်စတာကို ပိုပြီး ကွယ်သွားအောင် ဦးထုပ်ကို မသိမသာ ဆွဲချလိုက်ရ၏။ ဖရက်ကို ကောက်ပြီး ရင်ခွင်ထဲတွင် ပွေ့ထားလိုက်၏။

"ဘယ်လိုမှတော့ မအောက်မေ့နဲ့ဗျာ။ တစ်ခုခု ကျွေးဖို့ ကျွန်တော် ဖိတ်ပါရစေလား။ ကျွန်တော့် လေယာဉ်ပျံ ထွက်ဖို့ အချိန်လိုပါသေးတယ်။ ကျွန်တော် ဖိတ်တာ လက်ခံမယ်ဆိုရင် စိန့်ဖရန်စစ်ဟိုတယ်"

အပြုံးဖြင့် ခေါင်းရမ်းပြလိုက်၏။

"ကျွန်မလည်း ခရီးထွက်ရမှာရှင့်။ အချိန်မရလို့ပါ။ ကျေးဇူးတင်ပါတယ် မစ္စတာ အေဗရီ"

သူ့အပြုံးတွေ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

"ခင်ဗျား ကျွန်တော့် နာမည်ကို ဘယ်လိုလုပ် သိလဲဟင်"

"ခုတင်က အရောင်းစာရေးမလေးကို ရှင်ရေးပေးလိုက်တာ မြင်လို့ပါ"

ခပ်သွက်သွက် ဆင်ခြေပေးလိုက်၏။ အေဗရီက စိတ်ပျက်သွားသလို ပခုံးတွန့်လိုက်၏။ တော်တော်လှတဲ့ မိန်းကလေး။ ဝင်ဒီနှင့် သူ ချစ်ခန်းဖွင့်ခဲ့ကြသည်မှာ သုံးလ ပြည့်တော့မည်။ သို့သော် မြာချောချောကလေးတွေ မြင်လျှင်တော့ ဖိတ်ချင် ကျွေးချင် မွေးချင်တုန်း။ စားချင် သောက်ချင်တုန်း။

သည်ဟာမကလေးနှင့် မဆုံရတာ နာတာပဲဟု တွေးနေမိ၏။ သို့တိုင် လက်တော့ မလျှော့ချင်သေး။





"ခင်ဗျားက ဘယ်လေယာဉ်ပျံကို စီးမှာလဲ မစ္စအဒမ်ဆန်"

"နယူး မက္ကဆီကို ကိုပါ"

သူ့ မျက်နှာသည် စိတ်ဓာတ် ကျသွားသည့် ကျောင်းသားကလေး တစ်ယောက်လို။ မာရီ မရယ်ဘဲ မနေနိုင်တော့။

"ကျွန်တော် ကံခေတာပေါ့ဗျာ။ ကျွန်တော်က နယူးယောက်ကိုများ သွားမလားလို့။ ခရီးဖော်တော့ ရပြီဆိုပြီး ဝမ်းသာနေတာ"

"ရှင် ဝယ်သွားတဲ့ လက်ဆောင်ကို ရှင့် အမျိုးသမီး သဘောကျမှာပဲ နော်"

သူ့ကို သတိပေးသည့် အနေဖြင့် တမင်ပြောလိုက်၏။

"ဟား၊ သိပ် သဘောကျမှာပေါ့။ ကဲဗျာ ဒါဖြင့်လည်း နောက်ဆုံကြဦး တာပေါ့"

"ရှင် ဆန်ဖရန်စစ္စကိုကို ခဏခဏ လာသလား ဟင်"

ထပ်ပြီး စပ်စုမိပြန်သည်။

"ခဏခဏတော့ မလာရပါဘူး။ ဒါပေမဲ့ လာစရာတော့ ရှိပါသေးတယ်။ နောက်ပိုင်းကျရင်တော့ ကျွန်တော် ဒီမှာ ကြာကြာနေရလိမ့်မယ် ထင်ပါတယ်။ ကျွန်တော်လုပ်တဲ့ ကုမ္ပဏီက ဒီမှာ လုပ်ငန်းကြီးတစ်ခု ကန်ထရိုက် ရထားတယ် လေ"

"ဒီလိုဆိုလည်း ကျွန်မတို့ နောက် ဆုံနိုင်ကြသေးတာပေါ့နော်"

ဝမ်းနည်းသံ ပါသွားသည်ကို ကိုယ့်ကိုယ်ကိုယ် သတိပြုလိုက်မိသည်။ အေဗရီ ဆိုသူမှာ မိုက်ကယ် မဟုတ်။ သူ့တွင် ဘာမျှ အပြစ် မရှိ။ သူသည် မိုက်ကယ့် မိတ်ဆွေကောင်း တစ်ယောက် မဟုတ်လား။ အရောင်း စာရေးမကလေး က သူတို့ နှစ်ယောက်ကို အကြာကြီး ငေးကြည့်နေသည်။ ခုမှ အိပ်မက်က နိုးသလို ငွေရှင်းဖို့ရန် အေဗရီကို လှမ်းပြောသည်။ လူချင်း ခွဲသင့်ပြီဟု မာရီ နားလည်လိုက်သည်။ အေဗရီ ချက်လက်မှတ် ရေးနေသည်ကို ငေးကြည့် နေမိသေး၏။ သူ့ ဘယ်ဘက် လက်မောင်းကို သွားဆုပ်တော့ တအံ့တသြ ဖြစ်ကြည့်၏။

"ပျော်ရွှင်ချမ်းမြေ့တဲ့ ခရစ်စမတ် ဖြစ်ပါစေရှင်" ဟု တိုးတိုးကလေး ပြောပြီး ခပ်သွက်သွက် ထွက်လာခဲ့တော့သည်။

www.burmeseclassic.com



ချက်လက်မှတ်ကို ကပျာကယာရေး၊ လက်မှတ်ထိုးပြီး အသွက်ဆုံး ပေးလိုက်၏။ ငုံ့ကြည့်လိုက်တော့ မစ္စအဒမ်ဆန်ဟူသည့် ကလေးမ ထွက်သွားပြီ။ မြုန်းစားကြီး။ လူအုပ်ကြီးထဲတွင် ရှာကြည့်သေးသည်။ အရိပ်အရောင်မျှပင် မတွေ့ရတော့။ မာရီက ဘေးလှေကားမှ ထွက်ပြီး အငှားကား တစ်စီးနှင့် လစ်ထွက်လာခဲ့ခြင်း ဖြစ်၏။ စိတ်ပန်း လူပန်းဖြစ်ပြီး ပြန်လာခဲ့သည့် နေ့တာ ရှည်လွန်းသော နံနက်ခင်း တစ်ခုပါတကား။

တိရစ္ဆာန် စောင့်ရှောက်ရေး အဖွဲ့သို့ အလျင်မောင်းခိုင်းသည်။ ရောက်လျှင် ဖရက်ကို ချပေးပြီး ကားပေါ်သို့ ပြန်ခုန်တက်သည်။ အိမ်တွင် အထုပ်အပိုးတွေ ပြင်ထားပြီးသား။ အထုပ်အပိုးတွေ ကောက်တင်ပြီး လေယာဉ်ကွင်းသို့ သွားရုံသာ။ ဖရက်ကို ထားခဲ့ရသည့်အတွက် ရင်ထဲတွင် မကောင်း။ ခေါ်သွား၍လည်း မဖြစ်။ သည်အတိုင်းထားခဲ့၍လည်း မဖြစ်။ အကောင်းဆုံး နည်းလမ်းကို ရွေးပြီး ထားခဲ့ ရခြင်းဖြစ်၏။

ခရီးက တစ်ကိုယ်တည်း သွားရမည့် ခရီး။ နန်စီမက်အယ်လစ္စတာ၏ နောက်ဆုံး ခရီး။ အခန်းကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ ပြန်ရောက်လျှင် အခန်း အပြင်အဆင်ပါ ပြောင်းပစ်ရမည်။ တံခါးကို ညင်ညင်သာသာ ပိတ်သည်။ ပြီးတော့ အားလုံးကို နှုတ်ဆက်စကားဆိုသည်။ တိုးတိုးကလေး။ မိုက်ကယ်ကော၊ အေဗရီကိုကော။ ပြီးတော့ သူ့ကိုယ်သူကော။ သူချစ်ခဲ့သည့် အရာတွေ အားလုံးကို ရည်ညွှန်းပြီး နှုတ်ဆက်သည်။

"ဂွတ်ဘိုင်"

လှေကားမှ ဆင်းလာခဲ့၏။ ကင်မရာ အိတ်နှင့် လက်ဆွဲသေတ္တာ တစ်ဖက်စီ ဆွဲလျက်။ ပါးပြင်နနှ ပေါ်တွင် မျက်ရည်ဥတွေ လိမ့်၍ လိမ့်၍ စီးကျလျက်။

***

၁၉

တာ လေယာဉ်ကွင်းသို့ လာကြိုချင်သည်။ မာရီက အလာခရီးတုန်းက အတိုင်း အပြန်တွင်လည်း တစ်ယောက်တည်း ပြန်လာချင်သည်ဟု အကြောင်း ကြားထားသည်။ ခရီးစဉ် တစ်လျှောက်လုံး အတွေ့အကြုံတွေမှာ အသစ်အဆန်း တွေချည်း။ ရင်ခုန်စရာတွေချည်း။ ပင်ပန်းပေမဲ့ စိတ်ငြိမ်းချမ်းမှုကို အပြည့်အဝ ခဲ့၏။ ဘယ်သူနှင့်မျှ စကားမပြောဖြစ်။ လုပ်စရာ ရှိသည်များကို ကြိုးကြိုးစားစား လုပ်ဖြစ်သည်။ ဒေသန္တရအသိတွေ အများကြီး တိုးလာသည်။ လေ့လာ မှတ်သား သည်။ စဉ်းစားတွေးတောသည်။ စိတ်ကို သည်အလုပ်ထဲတွင် မြှုပ်နှံထားလိုက် ဆိုသောအခါ အာရုံတွေ မထွေပြားတော့။ တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။ ပြီးတော့ စိတ်တွေ ပေါ့ပါး လွတ်လပ်လာသည်။

ခရီးမထွက်ခင် အေဗရီနှင့် တွေ့လိုက်ရသေးသည်။ ကျက်လုလု ဒဏ်ရာ ကို ပြန်ဆွပေးသလို ဖြစ်ခဲ့ရ၏။ တမ်းတစရာတွေ တသီကြီး ပြန်ပေါ်လာပြီး ဟောင်းတွေ အသစ်ပြန်ဖြစ်ခဲ့ရ၏။ ခုတော့ဘာဝဟောင်း၏ အစွန်းအထင်းတွေကို ယုံးမက်ဆီကိုတွင် ဆေးကျောသန့်စင်ခဲ့ပြီး ဘဝသစ်၏ နယ်နိမိတ်အတွင်းသို့ ဖြန့်ဝင်လာခဲ့ပြီ။

ခရစ်စမတ်ရက်များတွင် 'တာအို' မြို့ တစ်ဝိုက်ရှိ ဆီးနှင်းဖုံး ရှုခင်းတွေ ကို ဓာတ်ပုံရိုက်ရင်း အချိန်ကုန်ခဲ့သည်။ စကီတ်စီးချင်သော်လည်း မစီးဖြစ်ခဲ့။ ရှယ်များသည့် ကစားနည်းတွေကို မကစားပါဟု ပီတာကို ကတိပေးခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



လေ။ နေမှု သိပ်မခံဖို့လည်း ပီတာက အထပ်ထပ် မှာလိုက်သည်။ သူမှာကြားသမျှကို တစ်သဝေမတိမ်း လိုက်နာခဲ့မိ၏။ သူကလည်း ကိုယ့်ပြောစကားတွေကို နားထောင်သည် မဟုတ်လား။ အလာတုန်းက လေယာဉ်ကွင်းသို့ သူလိုက်ပို့ချင်သေးသည်။ မာရီက မပို့စေချင်ကြောင်း ပြောတော့ မပို့ဘဲ နေခဲ့သည်။ သူ့စိမ်းတွေ ကြားထဲတွင် တစ်ယောက်တည်း နှစ်မြုပ် ပျောက်ကွယ်နေသည်။ ဘယ်လောက် လုံခြုံမှု ရှိသည်လဲ။ ဘယ်လောက် လွတ်လပ်မှု ရှိသည်လဲ။

တစ်နှစ်ခွဲကျော်ကျော် လူမမြင် သူမမြင် နေလာခဲ့ရ၏။ ဧရာမ ပတ်တီးထုပ်ကြီးကို ခေါင်းပေါ်မှာ ရွက်လို့။ လူတွေ မမြင်အောင်၊ သတိမထားမိအောင် နေတတ်သည့် အကျင့် ရလာပြီးမှ မျက်နှာတွင် ပတ်တီးတွေ မရှိတော့အခါ လူတွေက သူ့ကို ပိုပြီး ဂရုစိုက်နေကြ၏။ ဘယ်လိုမှန်းလည်း မသိ။ သူ လှုပ်ရှားသမျှ၊ သူ ဝတ်စားသမျှကို လိုက်ပြီး ငေးကြည့်နေကြ၏။ ကျန်နေသေးသည် နဖူးက ပလတ်စတာကို ပိုပြီး လုံလုံခြုံခြုံ အုပ်မိအောင် ခရီးထွက်ခါနီး ဝယ်လာသည့် ဖြက်ကျယ်ကျယ် ဦးထုပ် အမည်းကြီးကြောင့်များလား။ ထူးထူးခြားခြားလည်း ဘာမျှ ဝတ်ဆင်ထားသည် မဟုတ်။ ချည်ထည်ဘောင်းဘီနှင့် ဆိတ်မွေးဂျာကင်ကိုပဲ ခရီးတစ်လျှောက်လုံး အဝတ်များခဲ့သည်။ တောင့်တင်း ကျစ်လျစ်သည့် သူ့ ကိုယ်ပေါ်တွင် ဘယ်အဝတ်ကိုပဲ ဆင်ဆင်၊ ဘယ်အဆင်ကိုပဲ ရွေးရွေး မိန်းမချင်းပင် ငေးရလောက်အောင် လှနေသည်ကို မာရီ သူ့ကိုယ်သူ ပြည့်ပြည့်ဝဝ မသိသေး။

လေယာဉ်ကွင်းမှ ထွက်ပြီး အငှားကား တစ်စီးဖြင့် အိမ်သို့ ပြန်သည်။ နောက်သို့ ပစ်မှီပြီး သက်ပြင်း တစ်ချက်ချလိုက်သည်။ နာရီကို ငုံ့ကြည့်သည်။ ၁၁ နာရီတောင် ထိုးပါပြီကော။ သည်နေ့တော်တော် ပန်းသွားသည်။ နံနက် ငါး နာရီ ကတည်းက ထပြီး ခေတ်ပုံတွေ ရိုက်လာခဲ့သည်။ ၁၂ နာရီတွင် အိပ်ဖြစ်အောင် အိပ်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရသည်။ မနက်ဖြန်သည် သူ့အတွက် အရေးကြီးဆုံးနေ့ မဟုတ်လား။ ပီတာက နဖူးမှ နောက်ဆုံး ပလတ်စတာတွေကို ခွာတော့မည်လေ။

မနက်ဖြန် ပီတာ့ရုံးခန်းမှ ပြန်လာလျှင် ကိုယ့်အခန်းတွင် ကိုယ် တစ်ယောက်တည်း ပြန်နေရမည်။ ပြီးတော့မှ အောင်ပွဲခံသည့် အနေဖြင့်၊ သို့မဟုတ် စခန်းသိမ်းပွဲအဖြစ်ဖြင့် နေ့လယ်စာကို အတူတူစားကြမည်။ ချုပ်ရိုးတွေ၊ ပလတ်စတာတွေ





းတွေ၊ ကတ်ကြေးတွေနှင့် ကင်းဝေးရတော့မည်။ သူလို ကိုယ်လို ဘဝဖြင့် တောထဲ ပြန်ဝင်နိုင်တော့မည်။ မာရီအဒမ်ဆန်သည် တရားဝင် လူသား တစ်ယောက် ဖြစ်လာတော့မည်။

အငှားကားဆရာက အဆောက်အအုံ တစ်ခုရှေ့တွင် ရပ်လိုက်မှ အတွေး သွားသည်။ အပေါ်ထပ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့သည်။ စိတ်ထဲတွင် းဆထားသည့် အခန်း အပြင်အဆင်များအတိုင်း တွေ့ရမည် အထင်နှင့်။ သော် သူ့အခန်းကလေးက ဘာမျှ မပြောင်းလဲ။ ယခင်ကအတိုင်း။ စိတ်ကူးယဉ် းမှုအတွက် ကိုယ့်ကိုယ်ကိုယ် ရယ်လိုက်မိ၏။ သူဖြစ်စေချင်တာတွေက တွေလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိသည်။ ပြန်လာမည့် ညတွင် မတွေ့ဖို့ ပီတာကို ပြောထားခဲ့သည်။ ခုတော့ အိပ်ခန်းထဲတွင် ပီတာ ကျနှင့် နေပြီး သူ့ကို ကြို နေစေချင်သည်များလား။ ရင်ထဲတွင် တစ်မျိုးကြီး နေ၏။ အဝတ်အစားတွေ ချွတ်လိုက်ပြီး အိပ်ရာပေါ်တွင် ပစ်လှဲလိုက်သည်။ တွေးစက်ဝိုင်းတွေ ချာချာလည်လျက်။ မနက်ဖြန် ၉ နာရီတွင် ပီတာ့အလုပ် တော့မည်။ ပြီးလျှင် ဘဝ တစ်ခုကို စရတော့မည်။ ခုနေ ထွက်ပြေးရင်ကောဟု းမိုက်မိုက် တွေးကြည့် မိသေးသည်။ ပြပွဲအတွက် အားလုံး အဆင်သင့် နေပြီ။ မျက်နှာ ပလတ်စတာ ခွာပြီး နောက်တစ်နေ့တွင် ဖွင့်မည်တဲ့လေ။ ာင်ထဲတွင် လှဲနေရင်း သူ့ ဆုံးဖြတ်ချက်တွေသည် မှန်မှ မှန်ပါ့မလားဟု ယဖြစ်နေမိပြန်၏။ မှန်ပါတယ် ဟု သူ့ဘက်မှ အားပေးမည့်သူ မရှိ။ သူ့မှာ ယောက်တည်း။

"အို တစ်ယောက်တည်းတော့ ဘာဖြစ်သေးလဲ"

ဝုန်းခနဲ ထရပ်သည်။ မီးဖွင့်၏။ သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်၏။ ခုံတစ်ရာကို မကျေမနပ် ဖြစ်နေသလို။ ကင်မရာကို ကောက်ကိုင်ပြီး မှန်ဆီသို့ း ရိုက်မိမတတ် ဖြစ်သွားသည်။

အို ဘာမှမစဉ်းစားတော့ပါဘူးဟု အတွေးဖြတ်ကာ အိပ်ရာပေါ်သို့ ပြန်လှဲချ ၏။ ပင်ပန်းလွန်းလှပြီ ဖြစ်၍ ချက်ချင်း အိပ်ပျော်သွားတော့၏။

မနက် ၆ နာရီတွင် အိပ်ရာမှ နိုးသည်။ အဝတ်အစားလဲပြီး ၇ နာရီ င် ထွက်ခဲ့သည်။ ပန်းဈေးတွင် ဝင်ပြီး ဓာတ်ပုံရိုက်သည်။ တရုတ်တန်းဈေးတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပုံတွေ အများကြီး ရိုက်ခဲ့သည်။ ပြီးတော့ တိရစ္ဆာန် စောင့်ရှောက်ရေး
အဖွဲ့မှ ဖရက်ကို ဝင်ခေါ်ပြီး ပီတာ့ ရုံးခန်းသို့ ကိုးနာရီ အရောက်လာခဲ့သည်။

"ကြည့်စမ်း၊ သိပ်ကို လှလာပါလား။ ဒီမနက် လန်းလဲ သိပ်လန်းတာ
အနွေးထည်ကလည်း အပျံစားပဲဟော့"

နယူးမက္ကဆီကိုမှ ဝယ်ခဲ့သည့် တောခွေးရေ ဝတ်ရုံရှည်ကို ပီတာ
အမြတ်တနိုး ကြည့်နေသည်။ မာရီက ဝတ်ရုံအောက်တွင် လည်ထောက်ဆွယ်တာ
အနက်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ပီတာကို ပြုံးပြီး ကြည့်နေသည်။
ဘယ်တုန်းကမှ မမြင်ဘူးခဲ့သည့် အပြုံးမျိုး။ ပြီးတော့ အခန်းထောင့်မှ အမိုက်ခြင်း
ဆီသို့ လျှောက်သွားသည်။ ဦးထုပ်ကို ချွတ်ပြီး ခြင်းထဲသို့ ထိုးချထည့်လိုက်
သည်။

"ကဲ၊ ဒေါက်တာ။ နောက် ဒါကြီး မလိုတော့ဘူး မဟုတ်လား"

ပီတာ ခေါင်းညိတ်သည်။

"ဘယ်တော့မှ ဦးထုပ်ဆောင်းဖို့ မလိုတော့ ပါဘူးကွယ်"

"ကျေးဇူးတင်ပါတယ် ပီတာ"

အနမ်းဖြင့် နှုတ်ဆက်ချင်ပါသည်။ သို့သော် သူ့ကို လွမ်းဆွတ်အောင်
ကြောင်း မျက်လုံးတွေနဲ့ပဲ ပြောပြလိုက်သည်။ ပီတာသည် သည်မနက်မှစ၍
သူ့ဆရာဝန် မဟုတ်တော့။ သူ့ဘဝနှင့် ပက်သက်မိသူ ဖြစ်လာတော့မည်။ အဲ
အတိုင်းအတာ အထိ ပတ်သက်မည်ဆို တာ သူကိုယ်တိုင် မသိသေး။ ချစ်ပါတယ်
ဟု ဝေဒနာကို အကြိမ်ကြိမ် ထုတ်ဖော် ကြွေးကြော်ခဲ့ကြသည့်တိုင် အဆုံးစွန်အထိ
တော့ မဆွေးနွေးခဲ့ကြသေး။ ပီတာကလည်း အလောတကြီး အဖြေတောင်းခြင်း
မပြုခဲ့။

"မာရီ သတိရနေပါတယ် ပီတာရယ်"

သူ့လက်မောင်းကို ညင်ညင်သာသာ ဆုပ်ကိုင်သည်။ ပြီးတော့ ထိုင်နေ
ကုလားထိုင်တွင် ဝင်ထိုင်ပြီး စောင့်နေသည်။

သူက မတ်တပ်ရပ်လျက်သား စောင့်ကြည့်နေ၏။ ပြီးတော့ သူ့ ဆုံလည်
ခွေးခြေကလေးကို ဆွဲယူပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

"ဒီမနက် မင်း အလျင်စလို နိုင်လှချည်လား မာရီ"

"ဒီနေ့ကို လပေါင်းနှစ်ဆယ်တောင် စောင့်ခဲ့ရတာပါ ပီတာရယ်"





"ကိုယ် နားလည်ပါတယ် မာရီလေးရယ်"

ကြွေခွက်ကလေးထဲမှ ကိရိယာတစ်ခုကို လှမ်းယူလိုက်သံကြားရ၏။
ပလတ်စတာကို နဖူးမှ ခွာယူနေသည်ကို သိလိုက်သည်။ အရေပြားပေါ်တွင်
ဘာမျှ မကျန်တော့။ အနှောင်အဖွဲ့ အဖအထေးတွေ တစ်ခုမျှ မရှိတော့။ လေဟာ
ပြင်ထဲသို့ လွှင့်ထွက်သွားရသလို စိတ်ထဲတွင် ပေါ့ပါး လွတ်လပ်သွား သည်။
ခွေးခြေကလေးကို နောက်သို့ ဖြည်းဖြည်း ရွှေ့သံ ကြားလိုက်ရသည်။

"ကဲ၊ မျက်စိဖွင့်နိုင်ပြီ မာရီ။ ပြီးတော့ မှန်သွားကြည့်တော့"

သည်ခုံမှ နေ၍ မှန်ဆီသို့ သွားကြည့်ခဲ့ရသည့် အကြိမ်ပေါင်း မရေမတွက်
နိုင်တော့။ ပထမဦးစွာ ပတ်တီးလုံးကြီး။ နောက် မျက်နှာတစ်ဝက်။နောက်
ဖြည်းဖြည်း ပလတ်စတာတွေ၊ ချုပ်ရိုးတွေ။ မာရီအာဒမ်ဆန်၏ မျက်နှာကို
ပြည့်ပြည့်ဝဝ တစ်ခါမျှ မတွေ့မမြင်ရသေး။ နန်စီမက်အယ်လစ္စတာ၏ မျက်နှာကို
မြင်ရသည်မှာတော့ နှစ်နှစ်တင်းတင်း ပြည့်ပြီ။

"သွားလေ၊ သွားကြည့်လေကွယ်"

ဘယ်လိုလဲ မသိဘူးနော်။ မကြည့်ရဲသလိုကြီးကွယ်။ ဖြည်းဖြည်း
ကလေးထပြီး မှန်ဆီသို့ တရွေ့ရွေ့ လျှောက်သွားမိသည်။ ပြုံးနေသော မာရီအာဒမ်
ဆန်ကို မှန်ထဲတွင် တွေ့ရသည်။ မျက်ရည်စီးကြောင်းကလေးတွေ ပါးပြင် တစ်ဖက်
တစ်ချက်တွင် တစ်လက်လက် ပေါ်လာ၏။ ပီတာက ခပ် လှမ်းလှမ်းမှ
ရပ်ကြည့်နေ၏။ သူ့ကို တစ်ယောက်တည်း ထားခဲ့ချင်သည်။ သည် တဒင်္ဂသည်
မာရီဟူသော သူငယ်မ၏ ကိုယ်ပိုင် တဒင်္ဂ မဟုတ်လား။

"ဘုရား ဘုရား။ သူ့မျက်နှာကလေးက လှလိုက်တာ ပီတာရယ်"

ပီတာ တိုးတိုးရယ်သည်။

"ဘယ်က သူ့မျက်နှာလဲ၊ မင့်မျက်နှာ သိလား။ ငါ့မျက်နှာလေးက လှလိုက်
တာလို့ ပြောလေ"

ခေါင်းကလေး ညိတ်ပြလိုက်ရသည်။ ပြီးတော့ သူ့ဘက်သို့ လှည့်ကြည့်
သည်။ ခုတော့ မာရီအာဒမ်ဆန် ဘဝသို့ ရောက်သွားပါပြီကော။

"အို... ပီတာရယ်"

ဘာမျှ ထပ်မပြောနိုင်တော့။ သူ့ရင်ခွင်ထဲသို့ ပြေးဝင်သွားမိ၏။
တစ်ယောက်ကို တစ်ယောက် လွတ်ထွက်သွားမည်ကို စိုးရိမ်နေကြသည့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အားဖက်ပြီး အကြာကြီး ရပ်နေမိကြသည်။ ပီတာ အနည်းငယ် ခွာလိုက်ကာ မာရီ့ မျက်ရည်တွေကို သုတ်ပေးသည်။ ညင်ညင်သာသာ၊ ကြင်ကြင်နာနာဖြင့်

"ငိုပါရစေ ပီတာရယ်၊ တစ်ကိုယ်လုံးစိုရွှဲသွားအောင် ငိုလိုက်စမ်းပါရစေ"

"ငိုလေ၊ တစ်ကိုယ်လုံး စိုရွှဲသွားတော့လည်း နေပူလှမ်းပြီး ခြောက်အောင် လုပ်တာပေါ့။ ဒါပေမဲ့ နေပြင်းပြင်းနဲ့ အပူမခံရဘူး၊ သိလား။ နောက် ဘာလုပ်ရ ဦး သေးလဲ ပြော။ ပထမဆုံး ဘာလုပ်ဖို့ စိတ်ကူးထားသလဲ"

"အလုပ်လုပ်မယ်လေ"

မာရီ ရယ်ပြီး ပြောသည်။ စောစောက ပီတာ ထိုင်ခဲ့သည့် ဆုံလည် ခွေးခြေကလေးပေါ်တွင် ထိုင်သည်။ ဒူးနှစ်ဖက်ကို ပိုက်ပြီး မေးစေ့ကို ဒူးပေါ်တင် ကာ ပတ်ချာလှည့်နေသည်။

"ဟေး လိမ်မှူးကျပြီး ခြေထောက် ကျိုးနေပါဦးမယ်ကွယ်"

"ကျိုးအောင် လုပ်ပါ့မလား ပီတာရယ်။ ဒီနေ့မနက် ဘဝသစ်ဖွင့် ကျင်းပရဦးမှာပဲဟာ"

ပီတာ့ မျက်နှာတွင် ပီတိတွေဖြာလျက်။ ဖရက်ကလည်း အပြုံးတနုံ့နုံ့ ဖြင့် သူ့သခင်မကို ခုန်ကာ ခုန်ကာ နှုတ်ဆက်နေသည်။ နှစ်ယောက်သား ဖရက် ကျောကို ပုတ်လိုက်သည်။

"ကိုယ်တို့ နေ့လယ်စာ စားဖို့ အစီအစဉ် ရှိသေးလို့လား ဟင်"

သူ့ မျက်လုံးထဲတွင် စိုးရိမ်ကြောင့်ကြမှု အရိပ်အရောင်တွေဖြင့် ရီဝေ နေ မာရီစိတ်မကောင်း ဖြစ်သွားသည်။ သူ့ရင်ထဲတွင် ဘာတွေ ဖြစ်နေသည်ကို သိပါသည်။ သူ့ကို ဘဝကြင်ဖော်အဖြစ် လက်ခံ မခံဟူသည့် ပြဿနာကို သိချင်နေရှာရော့မည်။ အလွန့်အလွန် စိတ်ထိခိုက်နေပုံဖြင့် သူ ရပ်မြဲ ရပ်နေ

မာရီ လက်ဆန့်ပေးသည်။

"ဘာလို့ နေ့လယ်စာ အစီအစဉ် မရှိရမှာလဲ ပီတာရဲ့"

မျက်လုံးချင်း ဆုံကြသည်။

"မာရီ့ဘဝအသစ်မှာ ပီတာအတွက် နေရာကော အချိန်ပါ ရှိစေရမှာ ပီတာရယ်၊ အမြဲတမ်းပါ။ ဒါကို သူ သိသားနဲ့။ ပီတာဟာ မာရီရဲ့ ဘဝသခင် ဥက္ကာ"





"ကိုယ်က အဓိက လူမဟုတ်ပါဘူး မာရီ၊ ကိုယ့်အဆင့်က ဘေးက ဝင်ကူတဲ့ အဆင့်လောက်ပါ"

မာရီယံ ဟီးလ်ယဒ်။ သည်နာမည်ကို ထည့်မပြောချင်။ သည်နာမည်ကို မာရီ ဘယ်လောက်နာကြည်း မုန်းတီးနေကြောင်း သိထားသည် မဟုတ်လား။ ဘာ့ကြောင့် ဘဝသခင်ဆိုသည့် စကားလုံးကို မာရီ သုံးစွဲလာပါလိမ့်။ သည်တော့ သူက ဟာသလုပ်ပစ်လိုက်ရသည်။

"ခုလို တောက်တိုမယ်ရလေးတွေ လုပ်ပေးခွင့် ရတဲ့အတွက် ကိုယ်က ကျေးဇူးတင်နေရသေးတယ် မာရီ။ နောက်လည်း လိုတာရှိရင် ခိုင်းနော်"

"ကောင်းပြီ။ ဒါဖြင့် ၁၂ နာရီခွဲမှာ နေ့လယ်စာ ကျွေး၊ ဟုတ်ပြီလား" စကားလုံးတွေက အပေါ်ယံလိုလိုနှင့် လေးနက်နေ၏။ မာရီ မတ်တတ်ရပ်သည်။ ဦးထုပ်ဝတ်ရုံ ချိတ်ထားသည့် နေရာသို့ လျှောက်သွားသည်။

"ဘယ်မှာ ဆုံကြမလဲ ပီတာ"

ကမ်းခြေ ဟိုတယ်တစ်ခုတွင် ဆုံရန် ပီတာက အကြံပြုသည်။ ရေရှခင်းကို ကောင်းကောင်းမြင်နိုင်သည့် ဆိုင်အသစ်။ ပင်လယ်ကွေ့၏ ဟိုမှာဘက်မှာ ကာကလေ တောင်တန်းတွေကိုလည်း လှမ်းမြင်နေရသည့် နေရာ။

"သဘောကျရဲ့လား" ဟု ပီတာက မေးသောအခါ "မာရီ့ အကြိုက်ပေါ့။ အစောကြီး ကြိုရောက်နှင့်နေမှာ။ ခါတ်ပုံ လျှောက်ရိုက်နေနှင့်မယ်လေ" ဟု ခပ်းတုံ့ စကားဆိုသည်။

"တခြား တစ်ခုခုလုပ်မယ်ဆိုရင်လည်း ကိုယ်က ကန့်ကွက်မလို့ မာရီ"

ပီတာက ဆေးခန်းတံခါးကို ဦးညွှတ်ပြီး ရိုရိုသေသေဖွင့်ပေးတော့ မာရီ ပြုံးချိပြီး ဟန်ပါပါထွက်သွားသည်။ အခန်းသို့ မပြန်၊ ကမ်းခြေသို့လည်း မသွားသေးဘဲ မြို့ထဲသို့ ထွက်ခဲ့၏။ ပီတာနှင့် နေ့လယ်စာစားဖို့ ဝတ်စုံကောင်း ကောင်း ဝယ်ချင်သေးသည်။ ဘဝမှာ အရေးကြီးဆုံးနေ့ မဟုတ်လား။ သည်နေ့ကို လှပပ ပျော်ပျော်ရွှင်ရွှင် ကုန်လွန်စေချင်သည်။ ကားထဲတွင် ထိုင်ရင်း ချက် လက်မှတ်စာအုပ်ကို တစ်ချက်ကြည့်လိုက်၏။ ခရစ်စမတ် မတိုင်မီက ရိုက်သည့် ဓာတ်ပုံတွေအတွက် ငွေရအောင် ပီတာဖန်တီးပေးခဲ့သည်ကို တွေးပြီး ပီတိဖြစ်နေမိ ၏။ အပိုသုံးဖို့ အများကြီး ထွက်လာ သည်။ ပီတာကိုလည်း တစ်ခုခု ဝယ်ပေးနိုင်ဦး မည်။



www.burmeseclassic.com

www.burmeseclassic.com



သိုးမွေးနု ဝတ်စုံတစ်စုံ ဝယ်လိုက်သည်။ ညိုဝါရောင်။ ဝတ်ကြည့်တော့ တိုင်းချုပ်ထားသလို ကွက်တိ ခွင်ကျကလေး။ ကိုယ်နေဟန်ကို ကြွကြွရွရွ ပေါ်လွင် စေမည့် ပုံမျိုး။ ဆံပင်အလှပြင်ဆိုင်ထဲသို့ ဝင်လိုက်၏ တစ်နှစ်အတွင်း ပထမဆုံး အကြိမ် ဆံပင်အလှ ပြင်ခြင်း။ မျက်နှာလှလှကလေး ပေါ်လာသည်။ ကျောက်မျက် ရတနာဆိုင်မှ ရွှေနားကွင်းကြီးတစ်ခု ဝယ်သည်။ လက်ပွေ့အိတ်နှင့် ဖိနပ်ကို အရောင်တူ ရွေးဝယ်သည်။ ပြီးတော့ အကြိုက်ဆုံး ရေမွှေး တစ်ပုလင်း။ မာရီသည် ဒေါက်တာ ပီတာဂရက်ဆင်နှင့် နေ့လယ်စာ စားဖို့ အတွက် ပြင်ဆင်နေခြင်းသာ ဖြစ်၏။ ခုတော့ မြင်မြင်သမျှ ဖိုသတ်တဝါတွေ ရင်ခုန် လှိုက်မောကြဦးမည် မုချ

နောက်ဆုံးတွင် ပီတာအတွက် ရွှေနာရီအိမ်ကလေး ဝယ်ပြီး နေ့ခွဲ တစ်ပါတည်း ထိုးခိုင်းသည်။ ပြီးတော့ အဂုားကားရှိရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ကမ်းခြေဟိုတယ်ရောက်တော့ မျက်လုံးပေါင်း များစွာတို့သည် မာရီ့အ ကို တငေးတမော ဖြစ်နေကြ၏။ သူ့အလှတွင် နစ်မြောနေကြ၏။ သို့သော် ပီတာ့ မျက်လုံးတွေလို အကြင်နာတော့ မပါကြ။

"ကြည့်စမ်း ကိုယ် လူများ မှားနေသလား"

"စင်ဒရဲလားလေးရယ်လေ၊ သဘောကျရဲ့လားဟင်"

"သိပ်ကျ သိပ်ကျ။ ကိုယ်တော့ မယုံနိုင်အောင်ပဲကွာ။ ခတ်ပုံ ရိုက်မ ဆိုပြီး အဲဒါတွေ လျှောက်ဝယ်နေတယ်ပေါ့၊ ဟုတ်လား"

"ဒါပေါ့၊ ဒီနေ့က နေ့ထူး နေ့မြတ်ပဲ ဥစ္စာ"

ပီတာက အံ့သြမဆုံး ငေးမောနေတုန်း။ ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်ချင် ကို မနည်း ထိန်းထားလိုက်ရသည်။ မာရီ့ လက်ခုံကလေးကို ခပ်တင်းတင်း ဆုပ်ပြီး အကြာကြီး ပြုံးနေသည်။

"ပျော်တယ်နော်။ မင်း ခုလို ပျော်နေတာ ကြည့်ပြီး စိတ်ချမ်းသာလိုက်တာ အချစ်ရယ်"

"တူတူပဲပေါ့ကွယ်။ မာရီ့ ဘဝ မာရီ့ အနုပညာ၊ ပြီးတော့ ပြီးတော့ မနက်ဖြန် လုပ်မယ့် ပြပွဲကအစ ပီတာသာ မရှိရင်... မာရီ့ ဘဝမှာ ပီတာ ရှိပါတော့တယ်"

"နောက်တစ်ယောက် ရှိသေးတယ်။ ဖရက်လေ"





နှစ်ယောက်သား ရယ်လိုက်ကြသည်။ ပီတာက နှစ်ယောက် အတွက် ဘလပ်ဒီးမေရီ' မှာမည် ပြုပြီးမှ ရှန်ပိန် မှာလိုက်သည်။

"အို... ပီတာရယ်၊ ရှန်ပိန် ဟုတ်လား"

"အင်းလေ ဘာဖြစ်သေးလဲ။ နေ့လယ်ပိုင်း ဆေးခန်း ပိတ်လိုက်မယ်လေ။ အချိန်တွေမှ အများကြီးပဲ။ မာရီ့မှာ တခြား အလုပ် မရှိရင်ပေါ့လေ"

"အို... ပီတာကလဲ၊ ဘာ အလုပ်လဲ"

"ဓာတ်ပုံ မရိုက်တော့ဘူးလား"

"အို... မရိုက်ပါဘူး၊ ဒီနေ့ဟာ နေ့ထူး နေ့မြတ်ပါဆို။ ဒီနေ့ ပျော်မယ်လေ"

ပြောပုံကို သဘောကျပြီး ပီတာ ရယ်နေသည်။

"ဘယ်လို ပျော်မှာလဲ။ ဘာလုပ်ချင်လဲ၊ ပြောလေ"

မာရီ စဉ်းစားသည်။ ရုတ်တရက် ခေါင်းထဲတွင် ဘာမျှ ပေါ်မလာ။ အတန် ကြာမှ ပီတာကို မော့ကြည့်သည်။ အားရပါးရ ပြုံးလျက်။

"ပင်လယ် ကမ်းခြေ သွားမယ်"

"ဗျာ။ ဒီ ဖန်နဝါရီလကြီးမှာ၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကယ်လီဖိုးနီးယားက ဗားမော့က်လောက် မအေးပါဘူး ပီတာရယ်။ စတင်ဆန်အထိ မောင်းသွားပြီး ဟိုဘက် ဆက်လျှောက်တာပေါ့"

"ကောင်းပါပြီတဲ့ဗျာ။ ရွှေမင်းသမီးကလေး သဘောပါပဲ"

ဝယ်လာတဲ့ လက်ဆောင် ပစ္စည်းကလေးကို ကမ်းခြေ ရောက်မှ ပေးမည်ဟု စိတ်ထိန်းထားခဲ့သည်။ လမ်းတွင် ထုတ်မပြောမိအောင် မနည်း ဂရုစိုက်ခဲ့ရသည်။ လက်ချင်း ချိတ်ပြီး လျှောက်ခဲ့ကြသည်။ လေတိုက်နေသည်က တဟူးဟူး။ နှင်းပွင့် တွေက လေနှင့် အတူ တဖွေးဖွေး။ မာရီက သားမွေး အင်္ကျီကို တင်းတင်း ခြုံ ပြီး ပီတာနှင့် ကပ်လျှောက်လာသည်။

"ပီတာ့ကို ပေးစရာ တစ်ခု ပါလာတယ်"

မာရီ တုံ့ခနဲ ရပ်ပြီး ပြောတော့ ပီတာ နားမလည်သလို ကြောင်သွားသည်။ ဘူးကလေးကို ထုတ်ပေးရင်း "ဒီနေ့ နေ့ခွဲလည်း တစ်ခါတည်း ထိုးလာတယ်။ ပီတာ သဘောကျပါတယ်နော်"

"မာရီရယ် ဘာလို့ အဲဒါမျိုးတွေ လုပ်လာရတာလဲ။ ကိုယ် မယူပါရစေနဲ့ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် နင့်နေ၏။ စက္ကူ အိတ်ကလေးကို ဖွင့်နေယင်း မနေတတ် မထိုင်တတ် ဖြစ်သွားသည်။ ရွှေနာရီ အိမ်ကလေးကို မြင်တော့ ဝမ်းသာအား ဖြစ်သွားသည်။ မာရီ့ ပခုံးကို လှမ်းဖက်ပြီး "ဘာလို့ အဲဒီလို လုပ်လာရတာလဲ" ဟု ဆူသည်။ သို့သော် တိုးတိုးကလေး။

"ဘာပြုလို့လဲ ဆိုတော့ ပီတာဟာ မာရီကို ဂရုမစိုက်ဘဲ ပစ်စလက်ခတ် ထားလို့တဲ့။ ဂရုစိုက်လာအောင်ပါတဲ့"

မျက်စောင်းကလေး တခဲခဲနှင့် ပြောနေသည်ကို ကြည့်ပြီး ပီတာ ရယ်သည်။ ပြီးတော့ ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်၏။ သည်တစ်ခါတော့ ရင်ထဲတွင် နိုအောင် နေသည့် ခံစားချက်တွေကို အနမ်းဖြင့် ဖွင့်ပြောလိုက်၏။ မာရီကလည်း တစ်ခါမျှ မတုံ့ပြန်ဖူးသည့် အနမ်းမျိုးဖြင့် တုံ့ပြန်နေ၏။ သည်တော့ ပီတာ ဣန္ဒြေ မဆောင် နိုင်လောက်အောင် မွှတ်မွှတ်သိပ်သိပ် ဖြစ်ရတော့သည်။

"ကိုယ် မနေတတ်တော့ဘူး အချစ်ရယ်"ဟု ရေရွတ်မိတော့ "မနေတတ် တော့ရင်" ဆိုပြီး ရယ်နေသည်။ ပီတာကို စချင် ကလိချင် နေသည့်လေ။

ပီတာ ရယ်ပြီး ဆွဲဖက်လိုက်ပြန်သည်။ ဘယ်လောက် ချစ်ဖို့ကောင်းသည့် ကလေးမလေးပါလဲ။ ပီတာ့ ရင်တွေ လှိုင်းထန်နေပြီ။ တုန်ယင်သော အသံဖြင့်

"မာရီ... အချစ်ရယ်... ကိုယ်လေ..."

မာရီက သူ ဆက်မပြောနိုင်အောင် မွှတ်သိပ် ပူနွေးသော အနမ်းဖြင့် နှုတ်ပိတ် လိုက်၏။ ရင်ခုန်သံတွေ မြန်သည်ထက် မြန်လာကြသည်။ အသက် ရှူသံတွေ စိပ်သည်ထက် စိပ်လာကြသည်။ ပီတာက ပြုန်းခနဲ လူချင်း ခွာလိုက်၏။

"တို့ တို့ ပြန်ကြစို့လားကွယ်"ဟု မောသံကြီးဖြင့် ပြောတော့ မာရီ ခေါင်း ညိတ်ပြီး ကားဆီသို့ သူ့ နောက်မှ အသာ လျှောက်လိုက်လာခဲ့၏။ မာရီက ပီတာလောက် ဣန္ဒြေ မပျက်လှ။ မာရီ့ အခန်းရှေ့ ရောက်တော့ ပီတာ့ဘက် လှည့်ပြီး"

"အချိန် ရှိရင် ခဏ တက်ဦးလေ။ ပေးစရာ တစ်ခု ကျန်သေးတယ်"

"တကယ်"

"အဟုတ်ပါ"





မာရီ ရှေ့မှ တက်သွား၏။ တိတ်ဆိတ်စွာဖြင့်။ အခန်းတံခါး ဖွင့်ပြီးသည့် တိုင် မီးမဖွင့်ဘဲ ဧည့်ခန်းကိုဖြတ်လျှောက်သွား၏။ ပန်းချီကား ခုံကို ပြတင်းပေါက် ဘက်မှ ဆွဲလှည့်သည်။ ပြီးတော့မှ မီးဖွင့်သည်။ ပီတာ့ ရှေ့တွင် ပန်းချီကား တစ်ချပ် ဘွားခနဲ ပေါ်လာသည်။ သစ်ပင်ပေါ်တွင် ကောင်လေး တစ်ယောက် ထိုင်နေသည့် ရှုခင်း။ ကောင်လေးကို သစ်ရွက်တွေ ကြားတွင် ရေးရေးသာ မြင် ရ၏။ ခရီး မထွက်ခင်ကလေးတွင် အပြီးသတ် ဆွဲပြီး ထားခဲ့ခြင်း ဖြစ်၏။ သည်နေ့ အချိန်မီ ပေးချင်သည့် အတွက်။ သည်နေ့ သည်အချိန်အတွက်လေ။ ပီတာ အကြောင်သား ငေးနေသည်။ ဘာမျှ နားမလည်သလို။

"မောင့် အတွက်လေ၊ ဆွဲထားတာတော့ ကြာပြီ။ ခုမှ အချောကိုင်တာ"

"ဩော်... အချစ်ရယ်"

ပီတာ့ မျက်လုံးတွေ အရောင် တဖျပ်ဖျပ်နှင့် ပန်းချီကား အနီးသို့ လျှောက် သွားသည်။ သူ့ အတွက် ပန်းချီကား တစ်ချပ် ဆွဲပေးသည် ဆိုသည်ကို မယုံနိုင် သေးသလို။ စိတ်လှုပ်ရှားလွန်းရသော နေ့ပါတကား။ ရင်ခုန်ရလွန်းသော နေ့ပါ တကား။

"ကိုယ် မယူပါရစေနဲ့ကွယ်။ မင်း ပေးထားတဲ့ ဓာတ်ပုံတွေလည်း မနည်း တော့ဘူး။ ကိုယ့်ကို မပေးနဲ့။ ပြပွဲမှာ တင်ပြလိုက်မယ်၊ မကောင်းဘူးလား"

"ဓာတ်ပုံက ဓာတ်ပုံ၊ ပန်းချီက ပန်းချီပဲ ပီတာရဲ့။ မတူဘူးလေ။ ဒါက မာရီကို ပြန်လည် မွေးဖွားခြင်းရဲ့ အထိမ်းအမှတ်။ ပထမဆုံး ပြန်ပြီး စုတ်တံ ကိုင်တဲ့ အထိမ်းအမှတ်။ ပြီးတော့ ဒီကားက မာရီ့ အတွက် ရေးကြီးတဲ့ ကား။ ဒါကြောင့် ပီတာ့ အတွက် ပေးတာပါ။ မငြင်းပါနဲ့ ပီတာရယ် နော်"

မာရီ့ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေနှင့်။ ပီတာက သူ့ ရင်ခွင်ဆီသို့ ဆွဲယူလိုက်သည်။

"ကောင်းလိုက်တဲ့ ကားကြီးနော်။ ကိုယ် ဘယ်လို လုပ်ပြီး ကျေးဇူးတင်ရ မှန်းတောင် မသိတော့ပါဘူးကွယ်။ မာရီ၊ မင်း ကိုယ့်အပေါ် သိပ်ကောင်းလွန်း နေပြီ သိလား"

"မပြောနဲ့၊ မပြောနဲ့ကွယ် အဲဒါမျိုးတွေ"

သည်တော့ ပီတာက သူ့ ဆန္ဒတွေကို အနမ်းဖြင့် ဖွင့်အန်ပြန်သည်။ သည် တစ်ကြိမ်တော့ နှစ်ယောက်သား စကား တစ်ခွန်းမျှ မပြောကြတော့။ ရင်ခုန်သံချင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်နေကြသည့် အလား။ အနမ်း မပျက် တရွေ့ရွေ့ လျှောက်သွားနေကြသည်။ နှစ်ယောက်စလုံးပင် တုန်ယင်လျက်။

ဟိုး အဝေး ပင်လယ်ဆီမှ လွင့်ပျံလာသည့်နှင်းမှုန်တိုင်း သတိပေး ဥသြသံကြီးကို သူတို့ သဲသဲကလေးမျှသာ ကြားမိတော့၏။

***

## ၂၀

"အဲဒီနောက်က ဇစ်ကို ဆွဲတင်ပေးပါဦး မောင်ရဲ့"

မာရီက ဆင်စွယ်ရောင် ကျောကုန်းကလေးကို လှည့်ပေးသည်။ ပီတာက ပခုံးသား နုနုကို နမ်းရင်း

"ဇစ်ကို အပေါ် ဆွဲမတင်ချင်တော့ဘူးကွယ်၊ အောက်ပဲ ဆွဲချချင်တယ်"

"ပီတာကလည်းကွယ်၊ အချိန် မရှိတော့ဘူးလေ။ သွားစို့"

မာရီ မျက်စောင်းကလေး ခဲပြီး ပြောတော့ နှစ်ယောက်သား ရယ်ကြပြန်သည်။ ပီတာက ညစာစား ဝတ်စုံကို ဝတ်ထားပြီးပြီ။ မာရီက လှလှပပ ချုပ်ထားသည့် ဝတ်စုံနက်ကို ဝတ်သည်။ လက်ရင်း ပွပွ၊ လက်ဖျား ရှုံ့ရှုံ့၊ ခါး သိမ်သိမ် ဝတ်စုံနှင့် လိုက်ဖက်လှ၏။ အနက်ရောင် ကောက်ကြောင်း ပန်းချီကား တစ်ချပ်ကို ငေးနေရသည့်နှယ်။ ပီတာပင်လျှင် ရင်သပ် ရှုမောနေရသည်။

"ဒုက္ခပါပဲကွယ်၊ လူတွေတော့ ဓာတ်ပုံတွေကို ကြည့်ကြတော့မယ် မထင်ပါဘူး။ ဓာတ်ပုံဆရာမကိုချည်း ဝိုင်းငမ်းနေကြမှာ သေချာတယ်"

"ဒီလောက်တောင်ပဲလား၊ ပိုလွန်းတယ်"

ကြည့်။ သူ့ ကိုယ်သူ ခုထိ မယုံသေး။ ဒါကို ပီတာက သဘောကျပြုံးနေယ်သည်။ အပြာနုရောင် ရုပ်အင်္ကျီတွင် စည်းထားသည့် လည်စည်းနှင့် ကုတ်အင်္ကျီကို ဆွဲတည့်လိုက်သည်။ အလွန်မတန် လိုက်ဖက် တင့်မောလှသည့် စုံတွဲပါတကား။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မာရီ။ ကားတွေကို မင်း လိုချင်တဲ့ အဆင်အပြင်အတိုင်း ချိတ်[illegible] ထားရဲ့လား"

ဟိုနေ့ နံနက်က ရှစ်နာရီမှ နိုးသည်။ မာရီ မရှိတော့။ နေ့လယ်ပိုင်း [illegible] အခန်းတွင် ပြန်ဆုံတော့လည်း မမေးဖြစ်ခဲ့။ စောင့်ထိန်းခဲ့ရသည့် အချိန်တွေ[illegible] အတိုးဖြင့် ဆပ်နေကြသည့် ချစ်သူ နှစ်ဦး မဟုတ်လား။ အိပ်ခန်းထဲတွင် တစ်[illegible] ခန့် တွေးတွေးပိုက်ပိုက် နေကြသည်။ ရေချိုးခန်းထဲတွင် နာရီဝက်ခန့် ရေချိုး[illegible] သည်။ နှစ်ပေါင်းများစွာ သည်လို နေခဲ့ကြသည့် ချစ်သူများ ပမာ။

သူ အဝတ်အစား ပြင်ဆင်နေသည်ကို မာရီ ပြုံးကြည့်နေ၏။ "အား[illegible] မာရီ့ စိတ်တိုင်းကျပါပဲ မောင်ရဲ့။ မောင်နဲ့ ဂျက်ရဲ့ စိတ်ကူးတွေ မဟုတ်လား"

ဂျက်မှာ ပီတာ၏ မိတ်ဆွေဟောင်းကြီး၊ ပြခန်းပိုင်ရှင်။

"မာရီတော့ ပန်းချီဆရာကနေ ဓာတ်ပုံသမားလုံးလုံး ဖြစ်သွားပြီ ထင်တယ် နော်"

"သေချာတာပေါ့။ မယုံ ကြည့်နေ၊ မာရီ ကမ္ဘာကျော် ဓာတ်ပုံသမား ဖြစ် သွားစေရမယ်"

ပီတာ နိမိတ်ဖတ်သည့် အတိုင်း ဖြစ်လာခဲ့၏။ ပြပွဲ ဖွင့်ပြီး နောက်တစ်နေ့ ထုတ် သတင်းစာများတွင် သတင်းတွေ၊ ဓာတ်ပုံတွေ၊ ဝေဖန်ချက် ဆောင်းပါးတွေ နှင့် ဝိုင်း 'ပို့'ကြသည်။ ဆန်ဖရန်စစ္စကို အနုပညာ လောကတွင် ဂယက်ရိုက်သွား သည်။ ကော်ဖီဝိုင်းတွင်ကော၊ ဘီယာဝိုင်းတွင်ပါ မာရီ့ ဓာတ်ပုံပြပွဲ အကြောင်းသာ တာစားနေတော့၏။

"ကဲ... ကိုယ် မပြောလား"

ပီတာက မာရီ့ထက် ပို ပျော်နေသည်။

"မင်းဟာ တောက်ပနေတဲ့ ကြယ်တစ်ပွင့် ဖြစ်သွားပြီ မာရီ"

"အို မောင်ကလည်းကွယ်"

ပီတာ့ ပေါင်ပေါ်တွင် ထိုင်ချလိုက်ရင်း သတင်းစာတွေကို လှန်လှောကြည့် နေသည်။

"မင်း မယုံရင် စောင့်ကြည့်ပါ။ နောက်တစ်ပတ် ဆိုရင် တစ်နိုင်ငံလုံးမှာ ရှိတဲ့ ဓာတ်ပုံ ကိုယ်စားလှယ်တွေ မင်းဆီ ဖုန်းဆက်စေရမယ်"

"မောင်ကလည်းကွယ်၊ တွေးလိုက်မှဖြင့် အလွန်အကျွံ ချည်းပဲ"





ပီတာ တွေးပုံ အလွန်ကြီး မဟုတ်လှပါ။ တနင်္လာနေ့တွင် လော့အိန်ဂျလိစ် [illegible]ရှိကာဂိုမှ လှမ်းခေါ်သည်။ နောက်နေ့တွင် ဖုန်းသံတွေ ပိုပြီးမစဲ ဖြစ်လာသည်။ [illegible]လို့ မဆုံး၊ ပြောလို့ မဆုံးတော့။ သို့သော် ပျော်နေသည်။ ဖုန်းခေါ်သံ ကြားတိုင်း [illegible]ဖြာနေမိ၏။ အေဗရီဆီမှ တယ်လီဖုန်း မလာမီအထိ ဆိုပါတော့။ ကြာသပ [illegible]ားနေ့ နေ့လယ်ပိုင်းတွင် ဖြစ်၏။ ဖလင်တွေ ဆေးနေစဉ် တယ်လီဖုန်းသံ [illegible]ည်လာသဖြင့် လက်သုတ်ပြီး ကောက်ကိုင်လိုက်သည်။ ပီတာ ထင်ပါရဲ့။ ညနေ [illegible]ယ်အချိန် ရောက်မည်ကို ဖုန်းဆက်မည်ဟု သူ ပြောသွားသည်။ နေ့လယ်ပိုင်း [illegible]းတွင်မူ ပီတာက သူ့ လူနာတွေ၊ အစည်းအဝေးတွေနှင့် အလုပ် ရှုပ်တတ်သည်။ [illegible]ရှိမှာကား ဖလင်တွေ၊ စက္ကူတွေနှင့် အမှောင်ခန်းထဲတွင် လက်မလည်အောင် [illegible]လုပ်များနေတတ်သည်။ ပြပွဲ ပြီးကတည်းက လာလိုက်သည့် အမှာစာတွေ။ [illegible]ာင်းအလုပ်ပုံတွေ၊ နှင်းရှုခင်းတွေက အများဆုံး။

"ဟဲလို"

"မစ္စအာဒမ်ဆန်ပါလား"

"ဟုတ်ပါတယ်"

ပီတာ မဟုတ်မှန်း သိလိုက်တော့ နှုတ်ခမ်းပေါ်မှ အပြုံးကလေးတွေ လျော့ [illegible]ပြသွားသည်။ ဘယ်သူပါလိမ့်။

"ကျွန်တော် သိတဲ့ မစ္စဒမ်ဆန်များ ဖြစ်နေမလားလို့။ ခရစ်စမတ် လက် [illegible]တင် ဝယ်ရင်း မဂ္ဂနင် ကုန်တိုက်မှာ မစ္စအာဒမ်ဆန် တစ်ယောက်နဲ့ ကျွန်တော် [illegible]တွေ့ဖူးခဲ့တယ်လေ။ အဲဒီတုန်းက ကျွန်တော်က လက်ဆွဲအိတ်တွေ ဝယ်တာလေ"

ဘာမျှ ပြန်မပြောမိ။ နှစ်ယောက်စလုံး အကြာကြီး နှုတ်ဆိတ်နေကြသည်။ [illegible]က်စသတ်တော့ အေဗရီကိုး။ သူ ဘယ်လို လုပ်ပြီး ဖုန်းနံပါတ် ရသွားပါလိမ့်။

"သြော်... ရှင်ကိုး"

"တော့်သေးတာပေါ့ဗျာ။ ကျွန်တော်တို့ ပြန်ဆုံကြသေးတယ်နော်။ ကျွန် [illegible]တော် ဒီရောက်နေတယ်။ ခုပဲ ပြပွဲ ကြည့်ပြီး ပြန်လာတာ။ ကျွန်တော် သိပ်သဘော [illegible]ကျနေလို့ ချီးကျူးချင်လို့ ဆက်တာပါ။ ကျွန်တော့် အမျိုးသမီးလည်း ပါလာ [illegible]တယ်။ မစ္စ တောင်းဆင်းလေ။ သူလည်း အရမ်းသဘောကျနေတယ်ဗျ"

မာရီ့ စိတ်ထဲတွင် သိချင်စိတ်တွေ ကြွလာသည်။ ကုန်တိုက်ပေါ်တွင် [illegible] [illegible]ခဲ့သည့် အမျိုးသမီး ဖြစ်မည်။ ဆက် မေးမနေတော့ပါဘူးလေ။ သ[illegible]ပြင်း [illegible]စ်ချက် ချပြီး ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပုံတွေကို သဘောကျတယ် ဆိုလို့ ဝမ်းသာပါတယ် မစ္စတာအေဗရီ"

"ကျွန်တော့် နာမည်ကို သတိရသေးသားပဲ"

ဪ... အေဗရီရယ်။

"ကျွန်မ အားလုံး မှတ်မိပါတယ်ရှင်"

"ခင်ဗျား ကျွန်တော်နဲ့ ပြန်ဆုံတာ ကံကောင်းပါတယ် မစ္စ အဒမ်ဆန်။ ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်ပါတယ်။ အလုပ် ကိစ္စကလေးတွေ တိုင်ပင်ရအောင်လေ"

"ဘယ်လို အလုပ်ကိစ္စပါလဲ"

အေဗရီ ဘာဆိုလိုနေပါလိမ့်။

"ဒီမှာ မစ္စအဒမ်ဆန်၊ ကျွန်တော်တို့ ဆန်ဖရန်စစ္စကိုမှာ ဇရာမ ဆေးရုံကြီး တစ်ခု ဆောက်မလို့ဗျ။ အလုပ်က တော်တော် ကြီးကျယ်မယ်။ အဆောက်အအုံ တိုင်းမှာ ခင်ဗျားပုံတွေ သုံးချင်တယ်။ အတွင်းပိုင်း ပြင်ဆင်မှု ကိစ္စတွေကိုလည်း ခင်ဗျားကို အပ်ချင်တယ်။ ခင်ဗျားရဲ့ ပညာလည်း တိုးတက် ပွံ့ဖြိုးလာဖို့ ရှိပါတယ်။ ခင်ဗျားရဲ့ ပုံတွေမှာ ဓာတ်ပုံ အနုပညာသာမက ဘဲ ဗိသုကာ အတွေးအခေါ်ရော ဘယ်လောက် ပါတယ် ဆိုတာ ကျွန်တော် အကဲခတ်လို့ ရပါတယ်"

အေဗရီက အားရပါးရ ဝင့်ဝင့်ကြွားကြွား ပြောနေသည်။ အမျိုးသမီးထံမှ ဝမ်းသာ အယ်လဲနှင့် ပြန်ကြားမည့် အသံကို အေဗရီ စောင့်နေသည်။ သူ မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်သွားသည်။

"ဪ၊ ရှင်က ဘယ်ကုမ္ပဏီကလဲ ဟင်"

မေးသာ မေးရသည်၊ အဖြေက သိပြီးနေပြီ။ အေဗရီ့ အဖြေကို အသက်မရှူနိုင်ဘဲ စောင့်နေမိ၏။

"ကော့တာဟီးလ်ယဒ် ကုမ္ပဏီပါ။ နယူးယောက်က ကုမ္ပဏီပါ မစ္စအဒမ်ဆန်"

"ကျေးဇူးတင်ပါတယ် မစ္စတာ အေဗရီ။ ဖြစ်မယ် မထင်ပါဘူး"

"ဘာပြုလို့လဲဗျ။ ကျွန်တော် နားမလည်နိုင်အောင်ဘဲ"

အေဗရီ့ အသံသည် စိတ်တိုနေသလို။

"ကျွန်မ မလုပ်နိုင်ပါဘူး။ စိတ်လည်း မဝင်စားပါဘူး မစ္စတာ အေဗရီ





"ဟာဗျာ၊ ကျွန်တော် ရှင်းပြပါရစေ၊ ကျွန်တော်တို့ ခဏ တွေ့ကြရအောင်ပါ"

"မဖြစ်နိုင်ဘူးရှင်"

"ကျွန်တော်က ပြောတောင် ပြီးပြီ၊ သူတို့ကလည်း"

"ကျွန်မ အဖြေ ပေးပြီးပါပြီ။ ကျွန်မ ဓာတ်ပုံတွေကို စိတ်ဝင်စားတာကို ကျေးဇူးတင်ပါတယ်"

တယ်လီဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချလိုက်၏။ ဓာတ်ပုံခန်းဆီသို့ ပြန်လျှောက်သွားသည်။ သူတို့နှင့် ဘာမျှ မပတ်သက်ချင်။ မိုက်ကယ်ဟီးလ်ယဒ်နှင့် ကင်းကင်း ရှင်းရှင်း ဖြစ်သွားပြီ မဟုတ်လား။ သူက စပြီး စွန့်လွှတ်ခဲ့သည် မဟုတ်လား။ သည်တော့ သူပေးသည့် အလုပ်ကိုလည်း ကိုယ်က ငြင်းလိုက်ရုံပေါ့။

တယ်လီဖုန်း မြည်လာပြန်သည်။ အမှောင်ခန်း တံခါးကိုပင် မပိတ်ရသေး။ အေဗရီပဲ ဖြစ်ရမည်။ ကိစ္စကို အပြတ် ရှင်းလိုက်ချင်၍ ဖုန်းကို ကောက်ကိုင်ပြီး ခပ်ကျယ်ကျယ် အော်ထည့်လိုက်၏။

"ရှင့်ကို အပြတ် ပြောပြီးပြီပဲ။ ကျွန်မ မလုပ်နိုင်ဘူးလို့"

"ဟောဗျား၊ ကိုယ် ဘာလုပ်မိလို့လဲ မရွှေမာရီရယ်"

ပီတာ့ အသံ။ ရယ်လည်း ရယ်ချင်နေပုံ။ အောင့်သက်သက်လည်း ဖြစ်သွားပုံ။ မာရီကတော့ စိတ်အေးသွားသည်။

"ဘုရား၊ ဘုရား။ ပီတာပါလား။ တောင်းပန်ပါတယ် မောင်ရယ်။ ဒီမှာ မဖြစ်နိုင်တာကို လူတစ်ယောက်က အတင်း ပြောနေလို့။ သူ မှတ်လို့ပါ"

"ဓာတ်ပုံ ပြပွဲရဲ့ အကျိုးအမြတ် မဟုတ်လား မာရီ"

"ဟုတ်တယ် မောင်ရေ အဲဒီ ဓာတ်ပုံကိစ္စပဲ"

"မင့် ဖုန်းနံပါတ်ကို ပြခန်းက ဘာလို့ ခပ်ကြောင်ကြောင် လူတွေကို ပေးနေရတာလဲကွယ်။ ပြောစရာ ရှိရင် သူတို့ကို ပြောထားခဲ့ပေါ့"

ပီတာ စိတ်ပျက်သွားပုံရသည်။

"ဟုတ်တယ်မောင်၊ ဂျက်ကို ပြောထားရဦးမယ်"

ချစ်သူ စိတ်အနှောင့်အယှက် ဖြစ်နေသည်ဟု ကြားရတော့ ပီတာ စိတ်မသက်မသာ ဖြစ်ရသည်။

"အချစ် နေကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် မောင်ရဲ့"

သို့သော် သူ့ အသံက တုန်လှုပ်ချောက်ချားနေပုံ။

"ကောင်းပြီ၊ မောင် တစ်နာရီ အတွင်း အရောက်လာခဲ့မယ်။ ဒီအတော အတွင်း ဘယ်သူ့ဆီကပဲ လာလာ၊ တယ်လီဖုန်းကို မကိုင်နဲ့။ ဟုတ်ပြီလား မောင် ကြည့်ရှင်းမယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

အေဗရီဆက်သည့် ကိစ္စကို အတိအကျ မပြောနိုင်သည့် အတွက် မာရီက သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားနေရသည်။ အေဗရီသည် ပီတာ ပြောသလို ခပ်ကြောင်ကြောင် လူ မဟုတ်။ မိုက်ကယ် ဟီးလ်ယဒ်၏ သူငယ်ချင်း။ မိုက်ကယ် နှင့် ပတ်သက်လာလျှင် သူ့မှာ တုန်လှုပ် ချောက်ချားလျက် ရှိနေဆဲ။ ဒါ ပီတာ မသိစေချင်။ တော်ပါသေးသည်။ ထိုနေ့က အေဗရီ နောက်ထပ် ဖုန်းမဆက် တော့။ နောက်တစ်နေ့ နံနက် အပြင် ထွက်ခါနီးမှ ဆက်လာသည်။

"ဟိုင်း၊ မစ္စအဒမ်ဆန်၊ အေဗရီပါဗျာ"

"ဒီမယ်ရှင့်၊ ဒီကိစ္စ ကျွန်မတို့ မနေ့ည ကတည်းက ပြတ်နေပြီ။ ကျွန် စိတ်မဝင်စားပါဘူးလို့ ရှင့်ကို ပြောပြီးပြီပဲ"

"ကျွန်တော့် ဘက်က ဘာမှ ပြည့်ပြည့်စုံစုံ မပြောရသေးခင် ခင်ဗျား စိတ်မဝင်စားဘူးချည်း ပြောနေတာကိုးဗျ။ ကျွန်တော်နဲ့ ကျွန်တော့် အမျိုးသမီး ခင်ဗျားကို နေ့လယ်စာ ဖိတ်ကျွေးဖို့ စီစဉ်ထားတယ် မစ္စအဒမ်ဆန်။ အဲဒီတော့ ကျွန်တော်တို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်ပါ။ ဒါလောက်နဲ့ ခင်ဗျားမှာ ဘာမှ မထိခိုက်ပါဘူး ထင်တယ်ဗျာ"

ဩော်၊ သူ ဘာမှ မသိရှာဘူးနော်။ သိပ် ထိခိုက်တာပေါ့ အေဗရီရယ်။

"မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မ အလုပ် မအားပါဘူး"

မာရီက တစ်လက်မမျှ မလျှော့။ အေဗရီသည် ဟိုတယ်ခန်းထဲတွင် ထိုင်ပြီး ဖုန်းပြောနေရင်း မျက်လုံးကြီး ကလယ် ကလယ်ဖြင့် ဝင်ဒီကို လှမ်းကြည့်လိုက် ၏။ စိတ်ပျက်လက်ပျက် အမူအရာ။ သူ နားမလည်နိုင်အောင် ဖြစ်နေသည် ကော့တာဟီးလ်ယဒ် ကုမ္ပဏီကို ဘာ့ကြောင့် သည်ကလေးမ ခါးခါးသီးသီး ငြင်းဆန်နေပါလိမ့်။ လုံးဝ သဘာဝမကျ။

"ဒါဖြင့် မနက်ဖြန် ဆိုရင်ကောဗျာ"





"ဒီမယ် အေဗရီ။ ဩော်... အဲ မစ္စတာ အေဗရီ၊ ကျွန်မ မလုပ်နိုင်ဘူး။ လုပ်ဘူး။ စိတ်လည်း မဝင်စားဘူး။ ဆွေးလည်း မဆွေးနွေးချင်ဘူး။ ရှင့်ကိုကော ရှင့် အမျိုးသမီးကိုကော မတွေ့ချင်ဘူး။ ကဲ ရှင်းပြီလား"

"ကောင်းပါပြီတဲ့ဗျာ။ စိတ်မကောင်းစရာပေါ့။ ဒါလောက် ကြီးမားတဲ့ အခွင့်အရေးကြီးကို ခင်ဗျား လက်မခံဘူး ဆိုတော့ ခင်ဗျားမှာသာ နေဂျာတွေ ဘာတွေ ရှိရင် ခင်ဗျားကို သူတို့ အပြစ်တင်ကြမှာပဲ"

"ကျွန်မမှာ ဘာ မန်နေဂျာမှ မရှိဘူး။ ဘယ်သူ့ စကားမှလည်း နားထောင်ဖို့ ဘူး"

"ကျွန်တော်တော့ ခင်ဗျား မှားနေသေးတယ် ထင်တာပဲ မစ္စအဒမ်ဆန်။ ပါလေ၊ ကျွန်တော်ကတော့ ခင်ဗျားကို ထပ်ပြီး နားချဦးမှာပဲ"

"ခုလို ကျွန်မကို စိတ်ဝင်စားတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒုက္ခမရှာ တော့ရှင်"

"ကောင်းပါပြီလေ။ ကျွန်တော့် လိပ်စာ ကတ်ပြား တစ်ခုတော့ ပို့လိုက်ပါ ။ ခင်ဗျား စိတ် ပြောင်းလာရင် ဆက်သွယ်နိုင်အောင်ပါ။ ဒီမှာပဲ ဖြစ်ဖြစ်၊ ယောက်မှာပဲ ဖြစ်ဖြစ်ပေါ့။ ကျွန်တော် ဒီမှာ လကုန်လောက် အထိ ရှိနေဦး ပါ။ နောက်လထဲမှာတော့ နယူးယောက်ရုံးကို ပြန်ထိုင်ရမယ်။ စဉ်းစားဖို့ နွေးဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်ဗျာ"

နန်စီ့ ဘက်က ဘာစဉ်းစားစရာ လိုတော့သလဲ အေဗရီရယ်။ နှစ်နှစ်တောင် ခဲ့ပြီပဲ။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ ဘယ်တော့မှ စိတ်ပြောင်းမှာ မဟုတ်ပါဘူး"

ဒုတိယ အကြိမ် ထပ်ပြီး စကား ဖြတ်လိုက်ပြန်သည်။ သည်တစ်ကြိမ်တော့ ကို ပုခက်ထဲသို့ ပြန်မထည့်တော့ဘဲ နံဘေးသို့ ချပြီး အမှောင်ခန်းထဲ ဝင်သွား တော့၏။

* * *

www.burmeseclassic.com

# ၂၁

ရိုးတွင်း ခြင်ဆီအထိ စိမ့်နေအောင် အေးသော ဖေဖော်ဝါရီလ၏ ရက်တစ်ရ
အေဗရီသည် ကုတ်အင်္ကျီအောက်မှ လည်ထောင် ဆွယ်တာကို နားရွက်
ဆွဲထောင်ပြီး ပတ်အဲဗင်းနယူးရှိ သူ့ ရုံးခန်းဆီသို့ အပြေး သွားနေ၏။ ညနေ
တွင် နှင်းမုန်တိုင်း ကျဦးတော့မည့် လက္ခဏာ။ လေက ကျင်နေအောင် အေး
နံနက် ရှစ်နာရီ ထိုးလုပြီ။ နေ့၏ အလင်းရောင် ဝိုးဝိုးဝါးဝါး ပေါ်မလာ
လုပ်စရာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေ၍ စောစော ထွက်ခဲ့ခြင်း ဖြစ်၏။ ဆန်
စစ္စကိုမှ ပြန်ရောက်ပြီး ပထမဆုံး ရုံး စတက်သည့်နေ့။ ဆယ်နာရီခွဲတွင် မာ
နှင့် တွေ့ရမည်။ မာရီယံ အတွက် မင်္ဂလာသတင်း အများအပြား ပါလာ
တော်သေးသည်။

အဝင်ခန်းမတွေထဲတွင် လူတွေ တဖွဲဖွဲ ရောက်စပြုနေပြီ။ အပေါ်ထပ်
ဓာတ်လှေကားဖြင့် တက်ခဲ့၏။ ဓာတ်လှေကားထဲတွင် လူတွေ အပြည့်။ သ
လောက် စောစော ချမ်းချမ်းစီးစီး ထဲတွင် လောဘသားတွေ လှုပ်လှုပ်ရွရွ ဖြ
ကြပြီ။ ဆန်ဖရန်စစ္စကိုတို့၊ လော့စ်အိန်ဂျလိစ်တို့မှာ တုန်းက ခြေလှမ်းကို
မှန်မှန် လှမ်းပြီး လျှောက်၍ ရသည်။ နယူးယောက် ရောက်သည်နှင့် တစ်ပြိုင်
ပိုသွက်ရတော့မည်။ ဘယ်သူ့ ကြည့်လိုက် ကြည့်လိုက် မပြေးရုံတစ်မည်။ နယူး
ယောက်မှ အလုပ်ကြီး အကိုင်ကြီးသမားများသည် မဏ္ဍာမြို့သားတွေလို အ
ကြီး ထကြရသည်။ သို့သော် သူ့ အထပ်သို့ ရောက်တော့ ဘယ်သူမှ မရောက်





သ။ အညိုရောင် ကော်ဇော အပြည့် ခင်းထားသည့် ခန်းမဆောင်ကို ဖြတ်ပြီး
ခစ်သား မှန်ကူကွက်တွေ ဖော်ထားသည့် သူ့ ရုံးဆီသို့ လျှောက်လာခဲ့သည်။
တ်ကယ့် ရုံးခန်းထက် အနည်းငယ် ကျဉ်းသော်လည်း အားလုံး အထက်တန်း
ကျ မွမ်းမံ ပြင်ဆင်ပေးထားသည်။ မာရီယံက ကော့တာဟီးလ်ယဒ် ကုမ္ပဏီ
ခန်းတွေကို ကောင်းသည်ထက် ကောင်းအောင် လုပ်သည့် နေရာတွင် ဘယ်
တုန်းကမျှ ငွေကို မချွေတာ။

အေဗရီ နာရီကို တစ်ချက် ငုံ့ကြည့်သည်။ ကုတ်အင်္ကျီကို ချွတ်ပြီး လက်
ဖက်ကို ပူနွေးလာသည် အထိ ပွတ်နေသည်။ နယူးယောက် ဆောင်းကို
ယ်တော့များမှ ခံနိုင်ရည် ရှိမည် မသိ။ သွေးတွေ ခဲမတတ် ခံစားရသည်။
ချို့ ဆောင်းရာသီများ ဆိုလျှင် အနွေးဓာတ်ကို တစ်ဆောင်းလုံး မခံစားလိုက်
သလိုလို။ ဆန်ဖရန်စစ္စကို ရာသီဥတုက သမသည်။ နေလို့ ကောင်းသည်။

ရုံးခန်းထဲ ရောက်နေသည့်တိုင် အေးစိမ့်နေဆဲ။ သို့သော် အချိန် များများ
ဖြုန်းနိုင်။ လက်ဆွဲ သေတ္တာ အပြားကလေးထဲမှ ရှိသရွေ့ စာရွက်စာတမ်းတွေ
စားပွဲပေါ်သို့ အကုန် ထုတ်ချလိုက်၏။ ပြီးတော့ အကြောင်းအရာတူတွေကို
သည်။ အစီရင် ခံစာတွေကို ရွေးထုတ်သည်။ အသေးအဖွဲ ကိစ္စကလေးတွေမှ
လျှင် အားလုံး အောင်အောင်မြင်မြင် ပြီးစီးခဲ့သည်။ အားလုံး စနစ်တကျ
င်ဆင်ပြီးမှ နာရီကို တစ်ချက် ကြည့်လိုက်သည်။ သူ့ မျက်နှာသည် လေးနက်
ည်ငြိမ်သွား၏။ နောက်ထပ် တစ်ကြိမ် စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်၏။ သည်
ခွပါ အောင်မြင်သွားလျှင် အစည်းအဝေးတွင် သတင်းကောင်း တစ်ခု ထပ်ပေး
မည် မဟုတ်လား။

အေဗရီက မာရီအဒမ်ဆန်၏ လက်ရာအချို့ကို နမူနာ ပြဖို့ ဝယ်လာခဲ့၏။
ရီယံနှင့် မိုက်ကယ် သည်ပုံတွေကို တွေ့သွားလျှင် သူ ဝယ်လာရကျိုး နပ်လိမ့်
ည်ဟု သိနေသည်။ မာရီယံ ကိုယ်တိုင် သည်မိန်းကလေးကို ခေါ်ဖို့ ကြိုးစား
ကောင်း ကြိုးစားလိမ့်မည်။ အေဗရီ ပြုံးလိုက်၏။ မာရီယံ ကိုယ်တိုင် ခေါ်မည်
ဆိုလျှင် မာရီအဒမ်ဆန်ဆိုသည့် အမျိုးသမီး ငြင်းပယ်နိုင်ရိုးလား။

မာရီ့ ဖုန်းနံပါတ်ကို လှည့်ပြီး ခဏ စောင့်နေလိုက်၏။ စင်စစ် လုံးဝ
လုပ်သင့်သည့် အလုပ်။ ဆန်ဖရန်စစ္စကိုတွင် မနက် ငါးနာရီ ဆယ့်ငါးမိနစ်သာ
သေးသည်။ ကိစ္စမရှိ။ အိပ်ရာမှ နိုးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို..." အိပ်ချင်မူးတူးသံဖြင့် ထူးသည်။

"အား မစ္စ... မစ္စအဒမ်ဆန်။ ကျွန်တော် ခုလို စောစောကြီး နှိုးရတဲ့အတွ ကြို့ပြီး တောင်းပန်ထားပါရစေ မစ္စအဒမ်ဆန်။ ကျွန်တော် အေဗရီပါ။ နယူး ယောက်ကနေ ပြောနေတာလေ။ ကျွန်တော် ခဏနေရင် အစည်းအဝေး တ တော့မယ်။ ကျွန်တော်တို့ ကုမ္ပဏီ လူကြီးတွေနဲ့ တွေ့ပါတော့မယ်။ ကျွန်ုေ ပြောခဲ့တဲ့ ကိစ္စကလေးများ ခင်ဗျား ပြန်စဉ်းစားနိုင်ဦးမလားလို့" ပြောနေ သူ့ကိုယ်သူ သံသယ ဖြစ်လာသည်။ ခေါ်မိတာ မှားပြီ ထင်ပါရဲ့။ တစ်ဖက် ဘာသံမျှ မကြားရ။ တိတ်ဆိတ်လွန်းမှုကြောင့် အေဗရီ ချောက်ချားနေပြီ။ အ အကြာတွင် ဖုန်းထဲမှ တုံ့ပြန်သံ ထွက်လာသည်။

"မနက် ငါးနာရီ အချိန်ကြီးမှာ၊ ရှင် ကျွန်မကို နှိုးပြီး ရှင်နဲ့ ရှင့် ကုမ္ပဏီ ဟိုဟာကြီးတွေ အကြောင်း... ဒုက္ခပါပဲ။ ရှင် ရှင် ရူးနေလား။ ကျွန်မ မလုပ် ဘူးလို့ ဘယ်နှခါ ပြောရမလဲ။ တယ်လီဖုန်း နံပါတ်ထဲ မရှိတဲ့ နံပါတ်နဲ့ ဖုန်းပြော တပ်ရမလို ဖြစ်နေပြီ"

နားထောင်နေရင်း အေဗရီ မျက်လုံးတွေကို မှိတ်ထားလိုက်မိ၏။ အ အတိုင်းရ ခက်သွားသောကြောင့် ဖြစ်၏။ နောက်တစ်ကြောင်းမှာ... အ သူ့ အသံ။ ထူးတော့ ထူးဆန်းသည်။ ကြားဖူးသည့် အသံမျိုး။ မာရီအဒမ်ဆ အသံနှင့် မတူ။ မာရီ့ အသံထက် နည်းနည်း မြင့်သည်။ ပိုပြီး နုပျိုသည်။ အဒမ်ဆန်၏ အသံနှင့် မတူသည်မှာတော့ သိသာလှ၏။ ဘယ်သူ့ အသံ တူပါလိမ့်။ စဉ်းစား၍ မရ။

"ရှင် ကျွန်မ ပြောနေတာ ကြားရဲ့လား၊ ဒုက္ခပါပဲ"

သူ၏ ဒေါသတကြီး အသံကြောင့် သတိ ပြန်ဝင်လာသည်။

တကယ်က မာရီအဒမ်ဆန်နှင့် ပြောနေတာပါကလား။ တစ်ဖက်မှ အ အကျယ် ဒေါပွနေသည့်ပုံ။

"ကျွန်တော် တကယ့်ကို ဝမ်းနည်းပါတယ်ဗျာ။ မလုပ်သင့် မလုပ်ထိုက် အလုပ်မှန်း ကျွန်တော် သိပါတယ်။ ကျွန်တော် မျှော်လင့်"

"လုပ်မနေနဲ့၊ ကျွန်မ ရှင့်ကို ပြောခဲ့တဲ့ အတိုင်းပဲ။ ဆွေးလည်း မဆွေး နိုင်ဘူး၊ စဉ်းလည်း မစဉ်းစားနိုင်ဘူး။ နောက် ရှင်တို့ အမင်္ဂလာ ဆေးရုံ အကြောင်းလည်း မကြားချင်ဘူး။ ဒါပဲ"





ဖုန်း ချသွားသံ ကြားလိုက်ရသည်။ သက်မဲ့ ဖုန်းကို လက်ထဲတွင် ကိုင်ပြီး တစ်ယောက်တည်း ရှက်ကိုးရှက်ကန်း ပြုံးနေမိ၏။

"ကဲ၊ ဘယ့်နှယ် ရှိစ"

မိုက်ကယ်က တံခါးပေါက်တွင် မှီရပ်ပြီး သူ့ကို ကြည့်နေကြောင်း အေဗရီ သိ။

"ဟေး၊ ဘာတွေ တစ်ယောက်တည်း ဆီမန်း မန်းနေတာလဲ။ မင်း ပြန်အလာ ကို ငါ စောင့်နေတာကွ။ အားလုံးက မင်းကို ကြိုနေကြတာပါ အေဗရီ"

မိုက်ကယ်က တယ်လီဖုန်း ကိစ္စကို သိပ် အလေးအနက် ထားဟန် မတူ။ ငယ်ချင်းနှင့် ပြန်ဆုံရ၍ ဝမ်းသာနေပုံ ရ၏။ မိုက်ကယ် တစ်လှမ်းချင်း လှမ်းဝင် လာသည်။ ပြီးတော့ ဧရာမ သားရေဖုံး ကုလားထိုင်ကြီး တစ်လုံးတွင် ဝင်ထိုင် သည်။

"မင်း ပြန်ရောက်လာတာ ဝမ်းသာတယ်ကွာ"

"ငါတော့ ဝမ်းမသာဘူး။ အရမ်း ချမ်းတာပဲ။ ဆန်ဖရန့်စစ္စကိုမှာဆို သိပ် အလို့ ကောင်းတာ။ ငါနဲ့ နယူးယောက် ဆောင်းနဲ့တော့ ကမ္ဘာ့ရန်ပဲ ထင်ပါ တယ်ကွာ"

"မင်း ဒါလောက် အအေး ကြောက်ရင်လည်း တောင်ပိုင်းဘက်ကို ပို့ရ သေးတာပေါ့ကွာ"

မိုက်ကယ် ပြုံးပြီး ပြောသည်။

"ဒါထက် မင်း ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

အေဗရီ ကုလားထိုင်နောက်ကို ပစ်မှီလိုက်ပြီး နောက် မခံချိ မခံသာ အမူ အရာဖြင့် ခေါင်းကုတ်သည်။

"အားလုံး အဆင်ပြေတယ်ကွာ။ အားလုံး၊ အားလုံး။ ငါ လုပ်လာတာတွေ ဘွားကြီး တွေ့ရင် ဖျားသွားမယ် သိလား။ ဒါပေမဲ့ကွာ... ငါ လုပ်ချင်တာ တစ်ခု မအောင်မြင်ခဲ့ဘူး။ အသေးအဖွဲ့ပါ၊ ဒါပေမဲ့ အဲဒါသာ ဖြစ်လိုက်ရင်ကွာ။ တို့ လုပ်ငန်းကြီး တိန်တိန် မြည်နေမှာပဲ"

"ဘာမို့လို့လဲကွ၊ မင့်ဟာက"

"အသေးအဖွဲ့ပါဆို။ အင်မတန် တော်တဲ့ ဓာတ်ပုံဆရာ တစ်ယောက် ငါ တွေ့ခဲ့တယ်။ အမျိုးသမီးကွ။ တို့နဲ့သာ တွဲလိုက်ရရင်ကွာ၊ ပျံနေမှာပဲ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော်တဲ့ အမျိုးသမီး ကွ။ သူ့ ပြပွဲကို ငါ သွားကြည့်ခဲ့တယ်။ အတွင်း ဒီဇိုင်း အပြင်အဆင်တွေ သရုပ်ဖော်ဖို့ သူ့ ပညာကို သုံးလိုက်ရရင်ကွာ။ ငါ မသွားခင် အစည်းအဝေးတုန်းက ဓာတ်ပုံတွေ ဘယ်လောက် သုံးမယ် ဆိုတာ ဆုံးဖြတ်ပြီးသားနော်။ ဟုတ်တယ် မဟုတ်လား မိုက်ကယ်"

"အဲဒီတော့"

"အဲဒီ အမျိုးသမီးကို ဘယ်လိုမှ စည်းရုံးလို့ မရဘူးကွာ။ ငါ့ကို အတင်း ခါထုတ်တယ်။ အကျိုးအကြောင်းကလေး ပြောချင်တာတောင် အဆွေးနွေး မခံဘူး"

အေဗရီ စိတ်ပျက်လက်ပျက် ပြောပြနေသည်။

"ဘာပြုလို့လဲကွ၊ သူ့ အလုပ်က တို့ အလုပ်ထက် ကြီးကျယ်နေလို့လား"

အလိုမကျသည့် လေသံဖြင့် မိုက်ကယ် မေးလိုက်၏။

"ဘာကြောင့်မှန်းကို မသိခဲ့ဘူးကွ။ အလုပ် အကြောင်း စပြောကတည်းက အပေါက်လမ်းကို မတည့်ဘူး။ ငါတော့ နားမလည်နိုင်အောင်ဘဲ မိုက်ကယ်"

မိုက်ကယ်က သူငယ်ချင်း ဖြစ်သူကို ကြည့်ပြီး သရော်ပြုံး ပြုံးနေသည်။

"ဘာလို့ နားမလည်ရမှာလဲ အေဗရီ။ မင်း တုံးလှချည့်လား။ ဒါလောက် ရှင်းနေတဲ့ ကိစ္စကို။ တို့ ကုမ္ပဏီရဲ့ အခြေအနေကို သိပြီးမှတော့ ပိုက်ဆံ များများ ရအောင် လုပ်တော့မှာပေါ့။ ငွေပါကွ။ ငွေ ပိုရအောင် မူပြတာပါ။ နေပါဦး၊ မင်း ပြောသလောက်ကော တော်လို့လား"

"ငါ တွေ့ဖူးသမျှထဲမှာတော့ အတော်ဆုံးပဲ။ ငါ သူ့ ကားတွေ ဝယ်ထားတယ်။ မင်း သဘောကျမှာပါ"

"အေး... တော်ရင်တော့ သူ တောင်းသလောက် ပေးရမှာပေါ့။ နောက်မှ ကြည့်မယ်ကွာ။ ပထမ မင်းကို ငါ မေးစရာ ရှိတယ်"

မိုက်ကယ့် မျက်နှာပေါ်တွင် ချက်ချင်း တည်ငြိမ် လေးနက်မှုတွေ ပေါ်လာသည်။ သည်အကြောင်း သူ ပြောချင်နေသည်မှာ ကြာပြီ။

"ဆိုပါဦးကွာ၊ ငါ ဘာများ အမှားအယွင်း ရှိလို့လဲ"

အေဗရီ အလေးအနက် ပြန်မေးလိုက်၏။

"ကတ်သီးကတ်သတ်ကွာ၊ ဘယ်ကလာ။ ငါ မေးရမှာ သိပ် တုံးသလိုများ ဖြစ်နေသလား မသိဘူး။ ငါ တကယ့်ကို လောကကြီးနဲ့ အဆက် ပြတ်နေခဲ့တာ အေဗရီ။ မင်းနဲ့ ဝင်ဒီနဲ့"





အေဗရီ ဘာမျှ ပြန်မဖြေသေးဘဲ မိုက်ကယ်ကို အကဲခတ်လိုက်၏။ ဘာခံစား မှု မတွေ့ရ။ သိချင်၍ မေးခြင်း ဖြစ်မည်။ မိုက်ကယ်နှင့် ဝင်ဒီတို့ ဇာတ်လမ်းကို အေဗရီ သိပြီးသား။ ဝင်ဒီ အပေါ် ထားရှိသည့် မိုက်ကယ့် သဘောထားမှာ ရှင်းသည်။ အားလုံး သိသည်။ အလေးအနက် မဟုတ်။ ဤသို့ သူငယ်ချင်း၏ နဲ့တော်ကျကို ကောက်ယူရသည်ကိုပင် အေဗရီ မျက်နှာ ပူနေမိသေးသည်။ ဝင်စစ် မျက်နှာ ပူရမည့်သူက မိုက်ကယ်။

အေဗရီနှင့် ဝင်ဒီက တကယ် ချစ်နေကြပြီ။ အလုပ်ကိစ္စနှင့် ဆန်ဖရန်စစ္စကို သို့ သွားရင်း တစ်လကြီးများပင် အတူ နေခဲ့ကြပြီး ဖြစ်၏။ ဒါကို ဝင်ဒီက သူတို့ မင်္ဂလာဆောင် ခရီးဟု နောက်ပြောင် ပြောလေ့ ရှိသည်။

"ဘယ်လိုလဲ အေဗရီ၊ ဖြေလေကွာ"

မိုက်ကယ့် နှုတ်ခမ်းများပေါ်တွင် အပြုံးငယ်ကလေး တစ်ချက် လက်သွားသည်။ သူ သိပြီးနေပြီဆိုသည့် သဘော။

"ငါ မင်းကို မပြောရသေးတဲ့ အတွက် စိတ်ထဲ မတင်မကျကြီး ဖြစ်နေတယ် သူငယ်ချင်း။ ဖြေရရင်တော့ ဟုတ်တယ်လို့ပဲ ဖြေရတော့မှာပေါ့ကွာ။ မင်း အတွက် ထိခိုက်သွားလား ဟင်"

"အို ဘာလို့ ထိခိုက်ရမှာလဲ၊ ငါ မတရားတဲ့ အကြောင်း ဝန်ခံပါတယ် သူငယ်ချင်း။ ဝင်ဒီ မင်းကို ပြောပြမှာပါ။ ငါ ဒီဘက်မှာ မဖွံ့တဲ့ အကြောင်းလေ"

မိုက်ကယ်က ခါးသီးစွာ ပြောနေသော်လည်း အေဗရီက နူးညံ့ ညင်သာစွာ ဖြင့်

"ဝင်ဒီက ထူးထူးထွေထွေ မပြောရှာပါဘူး သူငယ်ချင်း။ မင်း ပျော်ပျော် ရွှင်ရွှင် မရှိကြောင်းလောက်ပဲ ပြောပါတယ်။ ဒါကတော့ မင်းကော ငါကော သိပြီးသားပဲကွာ"

မိုက်ကယ် ခေါင်းညိတ်သည်။

"ငါ့ကို ကြောင်တောင် နိုက်တယ်လို့ မထင်ပါနဲ့ မိုက်ကယ်ရာ။ မင်းတို့ တွဲကြတော့ဘူး ဆိုတာ သိလို့ ငါနဲ့ ဖြစ်သွားကြတာပါ။ အေး ငါက စတယ် ဆိုတာတော့ ဝန်ခံပါတယ် သူငယ်ချင်း"

"အေးပါ။ မင်း သူ့ကို အလုပ် ခန့်ဖို့ ခေါ်လာကတည်းက ငါ ထင်တော့ ထင်လိုက်သား။ တကယ် တော်တဲ့ ကောင်မလေးပါ။ မင်းနဲ့လည်း ဖိုးလိုက်ပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ် ပြုံးလိုက်ပြန်သည်။

"မင်းတို့ တကယ် လေးလေးနက်နက်ပဲလား ဟင်"

အေဗရီက သူငယ်ချင်း ဖြစ်သူကို ပြန်ပြီး ပြုံးကြည့်သည်။

"အေးပေါ့ကွ"

"ဟုတ်လား။ ဒါဆို မင်း လက်ထပ်ဖို့ စိတ်ကူးနေပြီပေါ့"

သူ့ မျက်နှာ ညှိုမှိုင်းရီဝေသွားသည်။

တစ်လလုံးလုံး အတူ သွားနေကြသည်ကို သူ သတိမမူမိ။ နှစ်နှစ်လုံးလုံး သည်ကိစ္စမျိုးတွေကို သူ စိတ်မဝင်စားခဲ့။

"မင်း သူ့ကို လက်ထပ်မှာလားဟင်"

"တို့ စဉ်းစားတုန်းပဲ သူငယ်ချင်း။ မင်း သဘောတူပါတယ်နော်"

သက်သက် ရိလိုက်ခြင်း ဖြစ်သည်။ အားတုံ့အားနာ အချိန်တွေ ကျော်လွန် သွားပြီ။

"သဘော မတူစရာ မရှိပါဘူးဗျာ။ ငါ့ စိတ်ထဲမှာ စာမျက်နှာတွေ ဖော တစ်ရွက် ဒီတစ်ရွက် လွတ်နေသလိုပဲကွာ"

"မင်း အလုပ်တွေ ပိနေလို့ မသိတာပါ။ ရုံး တစ်ရုံးလုံး ဟိုးလေးတကျော် ဖြစ်နေတာ။ မသိတဲ့သူ ဆိုလို့ မင်း တစ်ယောက်ပဲ ရှိတယ်"

"ခွေးကောင်ကြီး၊ ငါ့ကို ပြောရောပေါ့"

"အေးပါကွာ၊ ငါ တောင်းပန်ပါတယ်။ နောက် ငါ ပြောစရာ ရှိရင် ပြောပါ့ မယ်။ ဒါထက် ငါတို့ လက်ထပ်ရင် မင်း ငါ့ရဲ့"

သူ့ လျှာကို သူ ကိုက်ဖြတ်ပစ်လိုက်ချင်သည်။ ဘာကြောင့် သည်အကြောင်း သွားစမိပါလိမ့်။ မိုက်ကယ် လက်ထပ်မည့် ညက သူက လူပျိုရံ လုပ်ခဲ့သည် မဟုတ်ပါလား။ ယခု သူ့ကို တစ်လှည့် လူပျိုရံ လုပ်နိုင်းဖို့ ပြောမိတော့မလို့။ မိုက်ကယ် မတ်တတ်ရပ်သည်။ ခေါင်းညိတ်သည်။ ပြီးတော့ သူငယ်ချင်း ဖြစ်သူ ကို လက်ဆွဲ နှုတ်ဆက်ဖို့ လျှောက်သွားသည်။ သို့သော် မျက်နှာ ညှိုးနေသည်။ သူ့ မျက်လုံးထဲတွင် ဆွေးရိပ်တွေ သမ်းနေသည်။ အေဗရီ ဘာပြောချင်သည်ကို သူ ကောင်းကောင်း သိလိုက်သည် မဟုတ်လား။

"ငါ... ငါ ဂုဏ်ယူပါတယ် သူငယ်ချင်း"

နှစ်နှစ်ကာကာ ပြုံးပြီး ပြော၏။ အပြုံး၏ နောက်ကွယ်မှ ဝေဒနာကိုတော့





ဖုံးဖိထားနိုင်စွမ်း မရှိ။ မိုက်ကယ်က စကားလမ်း ပြောင်းပြောသည်။

"ဆန်ဖရန်စစ္စကိုမှာ မင်း တွေ့ခဲ့တဲ့ ဓာတ်ပုံဆရာမ ကိစ္စတော့ ဘာမှ မပူ နဲ့။ သူ တကယ် နှိပ်မယ်ဆိုရင် မြက်မြက်ကလေး ပေးလိုက်မယ်။ ဘာသားနဲ့ ထုထားတာ မှတ်လို့ကွာ။ ချက်ချင်း ရောက်လာစေရမယ်"

"အေး... မင်း ပြောတဲ့အတိုင်း ဖြစ်ပါစေလို့ ငါ ဆုတောင်းပါတယ် မိုက်ကယ်"

"ဘာလို့ မဖြစ်ရမှာလဲ၊ စိတ်သာချနေ"

မိုက်ကယ်က ဟန်ပါပါ ဆလံသပြီး အခန်းထဲမှ ထွက်သွားသည်။ အေဗရီ အတွေး နယ်ချဲ့ပြီး ကျန်နေခဲ့၏။ မိုက်ကယ်ကို သူ့ အကြောင်း ပြောလိုက်ရ၍ ရင်ထဲ ပေါ့သွားသည်။ သို့သော် နှုတ်မစောင့် လျှာမစောင့် အာချောင်မိ၍ စိတ် မကောင်း ဖြစ်ရသည်။ နှစ်နှစ်ကျော် ကြာမြင့်ခဲ့သည့် အချိန်ထိ သူ့ အသည်းမှ ဒဏ်ရာက မကျက်သေး။ နန်စီနှင့် ပတ်သက်၍ အရိပ်အမြွက်ကလေး ပြောမိရုံဖြင့် သူ့ ရင်ထဲက ဝေဒနာသည် မျက်လုံးအိမ်တွင် အရိပ် ထင်လာတတ်၏။ သူက ရိုးရိုး ပြောလိုက်မိခြင်း ဖြစ်သော်လည်း သူငယ်ချင်း ဖြစ်သူမှာ နင့်နေအောင် ခံစားရရှာပေမည်။ အေဗရီ သူ့ ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေမိ၏။ စိတ်ပျက်လက်ပျက် ခေါင်းယမ်းပြီး သူ့ အလုပ် စားပွဲကို ပြန်ပြီး အာရုံစိုက်လိုက် ၏။ မာရီယံနှင့် တွေ့ဖို့ တစ်နာရီပင် မကျန်တော့။ ခဏ ကြာတော့ ဝင်ဒီ တံခါး ခေါက်သည်။ ပြီးတော့ ဆွဲဖွင့်သည်။ ပြုံးပြုံးကလေး လက်ယပ် ခေါ်သည်။

"လာလေ၊ ငါးမိနစ်ပဲ လိုတော့တယ်"

"ဟုတ်လား မြန်လှချည့်လား"

အေဗရီ စားပွဲမှ ခေါင်းထောင် ကြည့်ပြီး စိတ်လှုပ်ရှားစွာ ပြုံးလိုက်၏။ ဝင်ဒီ ဝတ်လာသည့် အရောင်အသွေး၊ ဆင်ယင်ထုံးဖွဲ့မှုမှာ သူ့ အကြိုက်နှင့် တစ် ထပ်တည်း။

"ကိုယ် ဒီမနက် မိုက်ကယ့်ကို ပြောလိုက်ပြီ ဝင်ဒီ"

အေဗရီ သူ့ကိုယ်သူ ကျေနပ်နေသည့်ပုံ။

"ဘာပြောတာလဲ"

ဝင်ဒီ ခေါင်းထဲတွင် ဆန်ဖရန်စစ္စကို ဆေးရုံကြီးနှင့် မာရီယံကို အစီရင် ခံရမည့် အလုပ်တွေသာ ရှိနေ၏။ အဘွားကြီးနှင့် တွေ့မည့် ချိန်းချင် အကြွက်



www.burmeseclassic.com

www.burmeseclassic.com



စေ့နိုင်သမျှ စေ့အောင် ပြင်ဆင်ထားရသည် မဟုတ်လား။ သည်ကြားထဲမှ အဟောက်ခံချင် ခံရသေးသည်။ မာရီယံကိုတော့ မကြောက်၍ မရ။ ကြောက်ရလောက်အောင်လည်း သူက စေ့စပ်သေချာသည်လေ။

"ကိုယ်တို့ အကြောင်း ပြောလိုက်တာလေ။ သူ သိပ်သဘောကျသွားတယ် ဝင်ဒီ"

"ကောင်းတာပေါ့"

ဝင်ဒီအနေဖြင့် မိုက်ကယ် သဘောကျမကျ သိပ်အရေးမထား။ ဂရုလည်း မစိုက်တော့။ အေဗရီ အနေဖြင့် အရေးထားရမည် ဆိုသည်ကိုတော့ သဘောပေါက်ထားသည်။ မိုက်ကယ်နှင့် ဝင်ဒီတို့၏ ဓာတ်လမ်း တိုကလေးမှာ ရင်ခုန်လှမ်းမောစရာ ဟူ၍ တစ်ခုမျှ မပါ။ မိုက်ကယ်ထံမှ မည်သည့် အကြင်နာမျိုးကိုမျှ သူ မရခဲ့။ နောက်တော့ သူတို့ နှစ်ယောက် အကြားတွင် ဘာမျှ မပတ်သက်ဖူးသလို ဖြစ်သွားကြသည်။

"အားလုံး အဆင်သင့်ပဲလားဟင်"

"ဆိုပါတော့။ ဒီမနက် ကိုယ် အဒမ်ဆန် ဆိုတဲ့ ကောင်မလေးဆီ ဖုန်းဆက်သေးတယ် ဝင်ဒီ။ ကိုယ့်ကို အပြတ်ဟောက်လွှတ်တယ်ကွာ"

"ရှက်ဖို့ ကောင်းလိုက်တာ"

မာရီယံ၏ ရုံးခန်းရှိရာ အထပ်သို့ တက်မည့် သီးသန့် လှေကားဆီသို့ လျှောက်နေရင်း နှစ်ယောက်သား အသံနိမ့်မြင့် ပြောလာကြခြင်း ဖြစ်၏။ မာရီယံ၏ ရုံးခန်းမှာ ရောမ ဆင်စွယ်ရောင် အခန်းကြီး။ ဓာတ်လှေကားထဲကိုကော ဓာတ်လှေကားဝမှ ရုံးခန်းအရောက် သွားလမ်းကိုပါ ကော်ဇော ခင်းထား၏။ အခန်းထဲတွင်လည်း ခန်းလုံးပြည့် ခင်းထား၏။ မာရီယံ့ ရုံးခန်းတစ်ဝိုက်တွင် ခြေသံကြားချင်လို့ပင် မကြားရ။ ရုံးခန်းမှ အပြင်သို့ မြင်ရသည့် မြင်ကွင်းမှာလည်း ကြည့်လို့ မဝ ငေးလို့ မဆုံးနိုင်အောင် လှသည့် ရှုခင်းတွေ။ ရုံးခန်းထဲသို့ အဝင်တွင် ဝင်ဒီ့ လက်ဖဝါး နုနုကလေးတွေ ချွေးစို့နေသည်။ မာရီယံက ဘယ်လောက်ပင် ပြုံးချိုနေသည် ဖြစ်စေ ဝင်ဒီ ချွေးစို့စမြဲ။ မာရီယံ့ အပြုံး၏ နောက်ကွယ်၌ ဘာတွေ ရှိတတ်သည်ကို သိနေပြီလေ။

"လန့်နေလား"





သစ္စာ့ဘောင်ခတ် မှန်တံခါးကြီးကို တွန်းပြီး မာရီယံ၏ အစည်းအဝေးခန်းသို့ အဝင်တွင် အေဗရီက တိုးတိုးကလေး ကပ်ပြီး မေးလိုက်သည်။

"သူကတော့ မလန့်တာကျနေတာဘဲ"

နှစ်ယောက်သား ကျိတ်ရယ်လိုက်ကြသည်။ စားပွဲရှည်ကြီးတွင် ဝင်ပြီး ကိုယ်စီ နေရာယူကြသည်။ ခန်းမထဲတွင် အရိုပ်ပန်းပင်များဖြင့် စိမ်းစိုနေ၏။ နံရံ တစ်ဖက်တွင် ကမ္ဘာကျော် အမေရိကန် ပန်းချီဆရာမ မေရီကက်ဆက်၏ လက်ရာ ဆီဆေးကားချပ်ကြီး တစ်ချပ်နှင့် ပီကာဆို၏ လက်ရာ တစ်ချပ် ချိတ်ထားသည်။ တစ်ဖက် နံရံတွင်မူ လက်ရာမြောက် ရှုခင်း ဓာတ်ပုံတွေ တိတ်ဆိတ်နေခြင်းမှ လွှဲလျှင် လောယာဉ်ပျံ စတက်ချိန်နှင့် တူလှ၏။ ဝင်ဒီ တစ်ယောက် ရင်တွေ ပိုနေသည်။ တစ်ခန်းလုံးကို တိတ်ဆိတ်ခြင်းက လွှမ်းခြုံထား၏။

မီးခိုးရောင်မှန် အပြည့် ဖုံးထားသည့် စားပွဲ ရှည်ကြီးတွင် လူ တစ်ဆယ့်နှစ်ယောက် ရောက်နှင့်နေပြီ။ မာရီယံ ဝင်လာ၏။ ဂျော့၊ မိုက်ကယ်နှင့် အတွင်းရေးမှူး ရုသ်တို့ ခြံရံလျှက်။ ရုသ်သည် စာရွက်စာတမ်းတွေ တစ်ပွေ့ကြီး ပိုက်လာ၏။ ဂျော့နှင့် မိုက်ကယ်က အကြောင်းအရာ တစ်ခုကို စိတ်ပါလက်ပါ ဆွေးနွေးလာကြသည်။

အစည်းအဝေး တက်ရောက်သူတွေကို မာရီယံ တစ်ချက် ဝေ့ကြည့်သည်။ လူ စုံမစုံ အကဲခတ်လိုက်ခြင်း။ ဝင်ဒီ့ စိတ်ထဲတွင် မာရီယံ၏ မျက်နှာမှာ အခြားအခြားသော နယူးယောက်သားတွေ၏ မျက်နှာလို ဖြူရော်ရော်နိုင်လှသည်ဟု ထင်လိုက်၏။ သူက အနောက် ကမ်းခြေ (ဆန်ဖရန်စစ္စကို)မှ မျက်နှာ ညိုညိုတွေ ထဲတွင် တစ်လလုံး နေခဲ့ရသည် မဟုတ်လား။

သို့သော် မာရီယံ ခါတိုင်းလိုပင် လှလှပပ ဝတ်စားဆင်ယင်ထား၏။ သေသေသပ်သပ် ထုံးဖွဲ့ထား၏။ သိုးမွေး ဆွယ်တာ အနက်နှင့် လေးဆင့် ပုလဲပုတီးကို လည်တွင် ဆင်မြန်းလျှက်။ အသားရောင်နှင့် လိုက်ဖက်လှသည်။ မိတ်ကပ်ကို မျက်နှာ မပြောင်ရုံကလေး လိမ်းထားသည်။ ဆိုးထားသည့် လက်သည်း အရောင်မှာ အနက်။ မိုက်ကယ်က သူ့ အမေ့ မျက်နှာကို ကြည့်သည်။ မျောတော့နေသည်ကို သတိထားလိုက်မိ၏။ အလုပ်တွေ များနေလို့ ထင်ပါရဲ့။ အဆောက်အအုံ လုပ်ငန်းကြီး ဆယ်ခုကို မေမေ တစ်ပြိုင်တည်း လုပ်နေသည်လေ။ စီမံကိန်းတိုင်းကို မေမေ မာရီယံက ချုပ်ကိုင်ထားသည်။ မိုက်ကယ်ကလည်း သူ့ အမေ၏ ခြေရာကို

www.burmeseclassic.com



နင်းနိုင်အောင် ကြိုးစားနေသည်။ အမေ လုပ်သူကလည်း နှစ်နှစ် အတွင်း သား၏ လုပ်ရည်ကိုင်ရည်ကို ကျေနပ်နေသည်။ ဤသို့ဖြင့် မိရိုးဖလာ လုပ်ငန်းကြီးကို ဆက်လက် ရှင်သန်စေရမည် မဟုတ်လား။ မိသားစု အဆက်ဆက်၏ သွေးချွေး ချွေးတွေဖြင့် အသက် ဆက်ရမည် မဟုတ်လား။ ဤနည်းဖြင့် ဘိုးဘွားပိုင် အမွေအနှစ်တွေကို ထိန်းရမည် မဟုတ်လား။

အစည်းအဝေး အဖွင့် မိန့်ခွန်းကို မာရီယံကပင် ပြောကြားသည်။ ပြီးတော့ ရှေ့မှ ဖိုင်တွဲ တစ်ခုကို လှမ်းယူ၍ ဌာနဆိုင်ရာ တာဝန်ရှိသူများကို မေးခွန်းများ မေးတော့၏။ ပြီးခဲ့သည့် အစည်းအဝေးမှ ဆွေးနွေးချက်များကို ပြန်လည် သုံးသပ် သည်။ ဆောင်ရွက် ပြီးစီးမှု အခြေအနေတွေကို ပြန်ကြည့်သည်။ အားလုံး အဆင် ပြေပြေ၊ ချောချောမွေ့မွေ့။ အောဗရီ့ အလှည့် ရောက်လာပြီ။ အောဗရီနှင့် ဝင်ဒီ ၏ လုပ်ဆောင်ချက်တွေကို မာရီယံ သဘောတွေ့နေ၏။ သူတို့ နှစ်ယောက်က ဆန်ဖရန်စစ္စကို စီမံကိန်း၏ တိုးတက်မှုတွေကို ရှင်းပြနေသည်။ မာရီယံက သူ့ ရှေ့တွင် ချထားသည့် ဇယားတွေကို ကြည့်ပြီး အောဗရီတို့ ခုံတွဲ၏ တင်ပြချက်များ နှင့် တိုက်ဆိုင် စစ်ဆေးနေသည်။ ပြီးတော့ မိုက်ကယ်ဘက်သို့ လှည့်ပြီး ပြုံးသည်။ ဆန်ဖရန်စစ္စကို ဆေးရုံ စီမံကိန်းသည် အကောင်အထည် ပေါ်စ ပြုနေပြီ မဟုတ်လား။

"ကျွန်တော့်မှာ မတင် မကျ ဖြစ်လာခဲ့တဲ့ ကိစ္စကလေး တစ်ခုပဲ ရှိတယ် ခင်ဗျ"

အောဗရီ သိမ်မွေ့စွာ တင်ပြ၏။

"အင်း၊ ဆိုပါဦးကွယ်။ ဘာများလဲ"

"ဓာတ်ပုံ ဆရာမကလေး တစ်ယောက် ကျွန်တော် တွေ့ခဲ့တယ်။ သူ့ လက်ရာတွေ ကြည့်ပြီး ကျွန်တော် သဘောကျလွန်းတာနဲ့ ကျွန်တော်တို့နဲ့ လုပ်ဖို့ ဆွေးနွေးတယ်။ ဘယ်လိုမှ ဆွေးနွေးလို့ မရခဲ့ဘူး။ ခါးခါးသီး ငြင်းလွှတ်တယ် ခင်ဗျ"

"ဘာသဘောလဲကွယ့်၊ အောဗရီ" မာရီယံ စိတ် အနှောင့်အယှက် ဖြစ်သွား သလို မေးသည်။

"မသိဘူး ခင်ဗျ။ တယ်လီဖုန်းထဲမှာ ကျွန်တော့် အသံ ကြားတာနဲ့ တူးတူး ခါးခါး ငြင်းတော့တာပဲ"





မာရီယံ့ မျက်ခုံးတွေ မြင့်တက်သွားသည်။

"မင်း ဘယ်ကုမ္ပဏီက ဆိုတာ သူ မသိဘူးလား အောဗရီ"

မိုက်ကယ် ကျိတ်ပြုံးလိုက်၏။ ကုမ္ပဏီ နာမည် ပြောရုံဖြင့် အလုပ်သမား တစ်ယောက်ကို လွယ်လွယ်ကူကူ ရမည်ဟု မေမေ ထင်နေသလား မသိ။ မေမေက သူ့ အလုပ်ကို သူ သိပ် တန်ဖိုး မြှင့်လွန်းအားကြီးသည်။ လူတိုင်းကို သူတို့ ခေါင်းခေါက်ပြီး ရွေးနိုင်သည်ဟု အောက်မေ့နေသလား မသိ။

"ကျွန်တော်တို့ ဘယ်ကုမ္ပဏီကပါ ဆိုတာ ပြောပါတယ်။ ပြောမရတဲ့အပြင် ပိုတောင် ဆိုးသွားသေးတယ်"

"ဘာ၊ ပိုတောင် ဆိုးသေးတယ် ဟုတ်လား"

သည်မနက် ပထမဆုံး အကြိမ် မာရီယံ့ ပါပြင်တွင် သွေးရောင် လျှမ်းသွား ၏။ မျက်နှာက မုန်တိုင်း ဆင်တော့မည့်နှယ်။ ကော့တာဟီးလ်ယဒ်ကို မလေးမစား လုပ်ဝံ့သူ မိန်းကလေးသည် အဘယ်သို့သော မိန်းကလေးမျိုးမို့နည်း။

"တို့နဲ့ အလုပ် လုပ်ရမှာကို ကြောက်နေတာ ဖြစ်မှာပေါ့"

သည်အတိုင်း မဟုတ်သော်လည်း အခိုက်အတန့်တော့ အဖြေ တစ်ခု ထွက် သွားအောင် မာရီယံ လုပ်လိုက်ခြင်း ဖြစ်၏။ မာရီယံ့ မျက်နှာပေါ်တွင် တင်းထား သည့် အကြောတွေ လျော့ပြေသွားမှ အောဗရီ သက်ပြင်းချနိုင်တော့သည်။

"မင်း ပြောတဲ့ ကလေးမက ဒါလောက်တောင်ပဲ တော်သလား"

"ဟုတ်ကဲ့။ ကျွန်တော်တော့ မရမနေ ခေါ်သင့်တယ် ထင်တာပဲ။ သူ့ ဓာတ်ပုံတွေ နမူနာပြဖို့ ယူလာပါတယ်"

"အလုပ် အကြောင်း ပြောတာကိုတော့ လက်မခံဘူး။ ဒါပေမဲ့ မင်းကိုတော့ ဓာတ်ပုံတွေ ပေးလိုက်တယ်ပေါ့၊ ဟုတ်လား"

"သူက ဓာတ်ပုံပြပွဲ လုပ်နေတာပါ။ ပြခန်းကနေ ကျွန်တော် ဝယ်လာတာပါ။ သူ မသိလိုက်ပါဘူး။ ကျွန်တော်တို့ အတွက် သုံးလို့ ရမယ်ထင်တဲ့ ပုံတွေ ဝယ်လာ ခဲ့တာပါ။ လက်ရာတွေက သိပ် အဆင့်အတန်း မြင့်ပါတယ်"

ဝင်ဒီ အခန်းတစ်နေရာမှ စားပွဲ တစ်လုံးဆီသို့ ရွရွကလေး လျှောက်သွား သည်။ လက်ဆွဲအိတ်ပြားကလေးထဲမှ မာရီ၏ လက်ရာ ရောင်စုံဓာတ်ပုံ သုံးပုံကို ထုတ်ပြီး ပြသည်။ ဆန်ဖရန်စစ္စကိုတွင် ရိုက်သည့် ပုံတွေ။ တစ်ပုံက ပန်းခြံ ခြင်း။ ပန်းခြံ ခုံတန်း တစ်ခုပေါ်တွင် အဘိုးအို တစ်ယောက် ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏ မျက်လုံးများသည် မြူးတူးစွာ ကစားနေကြသော ကလေးငယ်တစ်သိုက်အား ငေးကြည့်နေသည်။ ကင်မရာ အယူအဆအားဖြင့် သိပ် မထူးခြားလှ၊ သို့သော် အတွေးအခေါ် ပါသည်။ ကရုဏာရသ ပေါ်လွင်သည်။ နောက်တစ်ပုံမှာ ဆိပ်ကမ်း ရှုခင်း။ ပုစွန်ထုပ်တွေကို လူအုပ်ကြီးက တိုးဝှေ့ ဝယ်နေပုံ။ ပုစွန်ထုပ်သည်ကြီးကို အနီးကပ် ယူပြီး ရိုက်ထားသည့်ပုံ။ နောက်ဆုံး တစ်ပုံမှာ ဆန်ဖရန်စစ္စကို ရှုခင်း။ မြို့ခံတွေကော၊ ကမ္ဘာလှည့် ခရီးသည်တွေပါ ရှုမငြီးသည့်မြို့။ သည်မြို့ကို နှင်းတွေ ဝေခိုက်မှာ ရိုက်ထား၏။ အေဗရီက ဘာမျှ မပြောဓာတ်ပုံတွေကို မာရီယံ့ ရှေ့သို့ ချပြပြီး မတ်တတ်ရပ် စောင့်နေသည်။ ဓာတ်ပုံကြီးတွေကို မာရီယံ ငေးကြည့်နေ၏။ သေသေချာချာ ကြည့်ပြီးမှ ခေါင်းညိတ်သည်။

"အေဗရီ ပြောတာ မှန်တယ်။ ဒီကလေးမ တကယ် တော်တာပဲ။ တိုးကြိုးစားကြည့်သေးတာပေါ့"

"ဟုတ်ကဲ့ခင်ဗျာ"ဟု အေဗရီ ဝမ်းသာအားရ ပြော၏။

"မိုက်ကယ်"

မာရီယံ သူ့သား ဘက်သို့ လှည့်လိုက်သည်။ မိုက်ကယ်က သူ့ အခေါ်သည်ကို မကြား။ ဓာတ်ပုံတွေကို ငေးပြီး စူးစိုက်နေသည်။ ဓာတ်ပုံဆရာ၏ အကြောင်းအရာ ရွေးပုံ၊ ရှုထောင့် အယူအဆနှင့် အနုပညာမြောက်ပုံက သူ့ရင်ကို ညှို့ယူ ဖမ်းစားနေသည်။ သည်လက်ရာမျိုးနှင့် ရင်းနှီးဖူးသလိုလို။ ပြီးတော့ ဘာကြောင့်မှန်း မသိ။ ဆွေးသလိုလို၊ လွမ်းသလိုလို။ အဓိပ္ပာယ် မရှိသည့် အတွေးတွေကို ခေါင်းထဲမှ မောင်းထုတ်ဖို့ ကြိုးစားသည်။ ပုံတွေက ပုံကောင်းတွေ။ ကော့တာဟီးလ်ယဒ်က ဆောက်သည့် အဆောက်အအုံတွေနှင့် ဆိုလျှင် မည်မျှ ပန်ရလိမ့်မည်နည်း။

"မေမေတော့ သဘောကျတယ်၊ သားကော"

မိုက်ကယ် သူ့ အမေကို ခတ်မဆိတ် ကြည့်ပြီး ရိဝေစွာဖြင့် ခေါင်းညိတ်သည်။

"သူ့ကို တို့ ဘယ်နည်းနဲ့ ရနိုင်မလဲ အေဗရီ"

မာရီယံ ဆိုသည့် အမျိုးသမီးက ဘယ်တော့မှ အချိန်ကုန် မခံ။ တဲ့တိုးမေးခွန်း ထုတ်သည်။





"ကျွန်တော်တော့ မစဉ်းစားတတ်အောင်ဘဲ ခင်ဗျ"

"ငွေပါပဲကွယ်။ ငွေ ပေးရင် ဘာလို့ မရရှိမလဲ။ မင်း သူ့ကို လူကိုယ်တိုင် တွေ့ဖူးခဲ့လား။ ဘယ်လို မိန်းကလေးမျိုးလဲ"

"ခဏတော့ တွေ့ဖူးပါတယ်။ အရင် တစ်ခေါက်တုန်းက တွေ့ခဲ့တာလေ။ တော်တော် ချောတဲ့ မိန်းကလေးပါ။ တော်တော် ပြည့်ဝတဲ့ မိန်းကလေး ခင်ဗျ။ ဓာတ်ပုံမှာတော့ ပါရမီရှင်ပါပဲ။ ဓာတ်ပုံ မရိုက်ခင်က ပန်းချီဆွဲခဲ့တယ်လို့ သိရပါတယ်။ ငွေရေးကြေးရေးကိုလည်း သိပ်မှုမယ့်ပုံမျိုး မဟုတ်ဘူး ခင်ဗျ။ သူ ဓာတ်ပုံ စားပုံက ကြော်ကို အထက်တန်းကျတယ်။ ပြခန်း ပိုင်ရှင်ဆီမှာ စုံစမ်းတော့ ဆရာဝန် တစ်ယောက်က သူ့ကို မြေတောင် မြှောက်ပေးနေတာလို့ သိရပါတယ်။ ငွေနဲ့ မျှားလို့တော့ ရမယ် မထင်ဘူး ခင်ဗျ။ ကျွန်တော် သိတာတော့ ဒါလောက်ပါပဲ"

"အင်း... ဒီလို ဆိုတော့လည်း ငွေနဲ့ ခေါ်ဖို့ မလွယ်ဘူးပေါ့"

မာရီယံ့ မျက်နှာ တစ်ချက် တွေသွားသည်။ အတွေး တစ်ခု လျှပ်စီးလက်သွားသည်။ ဘုရား၊ ဘုရား၊ မဟုတ်ပါစေနဲ့။ မဖြစ်ပါစေနဲ့။

"ဘယ် အရွယ်လောက် ရှိပြီလဲ"

"သူ့ အသက်က မှန်းဖို့ ခက်တယ် ခင်ဗျ။ ဦးထုပ် အဝိုင်းကြီးကို ခပ်ငိုက်ငိုက် ဆောင်းထားတယ်။ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး။ ဒါမှမဟုတ်၊ နှစ်ဆယ့်ခြောက်လောက် ရှိမလားပဲ။ ဘာပြုလို့လဲ ဒေါ်ဒေါ်"

အဘွားကြီး ဘာကြောင့် အသက်ကိုပါ မေးနေရပါလိမ့်ဟု အေဗရီ နားမလည်နိုင်အောင် ဖြစ်နေသည်။

"အလကားပါ၊ သိချင်လို့ပါ။ ကဲ... ဒီကိစ္စ မင်းနဲ့ ဝင်ဒီ နှစ်ယောက်လုံး အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပြီ၊ မရခဲ့ဘူး။ ငါ ကိုယ်တိုင် ခေါ်ကြည့်သေးတာပေါ့။ ဆန်ဖရန်စစ္စကို ကိုလည်း သွားစရာ ရှိသေးတယ်လေ။ မင်းတို့ လူငယ်ချင်း မပြေလည်ပေမဲ့ ငါလို အဘွားကြီး ဝင်လိုက်ရင် တစ်မျိုး ဖြစ်ချင် ဖြစ်လာမှာပေါ့"

အေဗရီ ပြုံးလိုက်၏။ သူ့ကိုယ်သူ အဘွားကြီးဟု တင်စားသွားသည့်အတွက် ပြုံးလိုက်ခြင်း။ မာရီယံသည် အသက် ကြီးချင် ကြီးလာမည်။ မာန်လိုကား ဘယ်တော့မှ ချမည့် အမျိုးသမီး မဟုတ်။ အေဗရီက မာရီယံကို ကြည့်ပြီး ပြုံး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ တည်သွားသည်။ အသွားကြီး နေမှ ကောင်းရဲ့လား မသိ။ မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ဘယ်သူမျှ သတိမထားမိလိုက်မီ သူ ထ,ရပ်သည်။ အစည်းအဝေးကို ကျေးဇူးတင် စကားဖြင့် ရုပ်သိမ်းပြီး သူ့ ရုံးခန်းဘက်သို့ ထွက်သွားသည်။ အစည်းအဝေးခန်းနှင့် ရုံးခန်းကို ကူးသည့် တံခါးမကြီး ပိတ်သွားမှ ကျန်လူတွေ ခာတ်သေ့ကား ရှိရာသို့ အသီးသီး ထွက်ခဲ့ကြသည်။ သူ့ အလုပ် ကိုယ့် အလုပ်အကြောင်းတွေကို တတွတ်တွတ် ပြောဆိုနေကြဆဲ။ အေဗရီ မိုက်ကယ်နှင့် ဂျော့တို့ သုံးယောက်သာ ခန်းမထဲတွင် နောက်ဆုံး ကျန်ရစ်သည်။ ထိုစဉ်တွင် မာရီယံ့ ရုံးခန်းထဲမှ အတွင်းရေးမှူး ရှယ် ကြောက်အားလန့်အား ပြေးထွက်လာသည်။

"မစ္စတာ ဟီးလ်ယဒ်၊ မစ္စတာ ဟီးလ်ယဒ်၊ ရှင့် အမေ သူ… သူ…"

အားလုံး ကြက်သေ သေနေကြသည်။ ပထမဆုံး အသက်ဝင် လှုပ်ရှားလာသူမှာ ဂျော့။ ဂျော့က ရုံးခန်းထဲသို့ အပြေး ဝင်သွား၏။ သည်တော့မှ အေဗရီနှင့် မိုက်ကယ်လည်း နောက်မှ ပြေးလိုက်သွားကြ၏။ ဘာလုပ်ရမည်ကို သိသူမှာ ဂျော့ တစ်ယောက်သာ ရှိ၏။ ဆေးပုလင်းကို အမြန်ဆုံး ရှာသည်။ ရေ တစ်ဖန်ခွက်နှင့် ဆေးလုံးတွေကို တိုက်သည်။

ဖြူဖပ်ဖြူရော် ဖြစ်နေရာမှ အသားတွေ ပြာနှမ်းနှမ်း ဖြစ်လာသည်။ အသက်ကို ခဲရာခဲဆစ် ရှူနေသည်။ မိုက်ကယ် အလန့်တကြား ဖြစ်သွား၏။ တစ်ခုခုများ ဖြစ်သွားမှဖြင့်။ သူ့ မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်လျှံလာ၏။ တယ်လီဖုန်းဆီသို့ ပြေးသွားသည်။ ဒေါက်တာ ဝစ်ဖီးကို ခေါ်ဖို့ လှည့်နေတုန်း မာရီယံ လက်ကာပြသည်။ အားနည်းလှစွာဖြင့်။ ပြီးတော့ တိုးတိုးကလေး ပြောသည်။

"မခေါ်နဲ့ သား၊ ဝစ်ဖီး… ဝစ်ဖီး ရှိမှာ မဟုတ်… အချိန်က"

မိုက်ကယ်က ဂျော့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ မေမေ ဘာဆိုလိုတာပါလိမ့်။ ဂျော့သာ မရှိလျှင် သူ ဘာမျှ လုပ်တတ်မည် မဟုတ်။ ဘယ်ဆေးတွေ ဘယ်နေရာမှာ ရှိမှန်းလည်း သူ မသိ။ ပတ်ဝန်းကျင်နှင့် သူ မည်မျှ ကင်းကွာနေပြီလဲ။ မေမေ့ကို ငုံ့ကြည့်သည်။ ဆိုဖာခုံရှည် ပေါ်တွင် တုန်ယင် ဖျော့တော့လျက်။ ဒေါက်တာ ဝစ်ဖီးနှင့် မပြတ်တမ်း ပြသနေသည်ကို မိုက်ကယ် သိသည်။ ကြီးကြီးကျယ်ကျယ် ပြဿနာ မရှိဟု ထင်နေခဲ့၏။ မေမေ့တွင် ရောဂါ တစ်ခုခု ရှိနေသည်





မှာ သေချာပြီ။ စားပွဲပေါ်မှ ဆေးပုလင်းကလေးကို လှမ်းကြည့်လိုက်သည်။ ိုင်ထရို ဂျယ်လစ်စရင်း' ပါလား။ မေမေ့ ရောဂါက နှလုံးရောဂါပါလား။

"မေမေ"

မိုက်ကယ် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ပြီး သူ့ အမေ လက်ကို ကိုင်၍

"မေမေ ခဏ ခဏ ဒီလို ဖြစ်လားဟင်"

မိုက်ကယ် ကိုယ်တိုင်လည်း စိုးရိမ်စိတ်ဖြင့် ဖြူရော်နေ၏။ မာရီယံ မျက်စိ ငုံ့ကြည့်ပြီး ပြုံးသည်။ ပြီးတော့ ဂျော့ကို တစ်ချက် လှမ်းကြည့်သည်။ ဂျော့ သိပါတယ် နော်။

"စိတ်မပူပါနဲ့ သားရယ်"

အသံက နည်းနည်းကလေး ပိုမာလာ၏။

"မေမေ ကောင်းသွားမှာပါ"

"ဟင့်အင်း၊ မေမေ မကောင်းသေးပါဘူး။ ကျွန်တော် သိချင်တယ်။ ပြည့်ပြည့်စုံစုံ သိချင်တယ်"

အေဗရီက ခပ်ကြောင်ကြောင် ရပ်နေသည်။ သူ့ အတွက် အနှောင့်အယှက်များ ဖြစ်နေမလားဟု တွေးမိသည်။ ထွက်သွားဖို့လည်း မသင့်ပြန်။ မြင်ရသည့် မြင်ကွင်းကြောင့် အေဗရီ ထိတ်လန့်နေ၏။ နောက်ဆုံးတော့ မာရီယံသည်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပါလား။ ဆိုဖာခုံရှည် ပေါ်တွင် မခံမရပ်နိုင်သည့် ဝေဒနာနှင့် လဲနေသည့် ပုံမှာ ကြွေလွင့်တော့မည့် ပန်းတစ်ပွင့်နှယ်။ အဝတ်နက် သည် အသားအရေကို ပိုပြီး ဖြူဖျော့နေယောင် ထင်ရ၏။ မျက်လုံးများကတော့ ဖြည်းဖြည်း ကြည်လင်လာသည်။

"မေမေ၊ သား မေးနေတယ်လေ"

မိုက်ကယ်က မပြောမချင်း ဖွတ်မေးတော့မည့်ပုံ။

"အေးပါ သားရယ်၊ မေမေ ပြောပါ့မယ်"

သက်ပြင်းငယ်ကလေး တစ်ချက် ချသည်။ ဖြည်းဖြည်းချင်း ထိုင်သည် ခြေနှစ်ဖက်ကို ကော်ဇောပေါ်သို့ လွှဲချသည်။ ပြီးတော့ သားဖြစ်သူ၏ မျက်လုံးများ ကို ရင်ဆိုင်လိုက်သည်။

"မေမေ့မှာ နှလုံးရောဂါ ဖြစ်နေတာ ကြာပြီ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ပြင်းပြင်းထန်ထန် မဟုတ်ဘူး မဟုတ်လား မေမေ"

"ဟိုတုန်းကတော့ သား ပြောသလိုပဲ"

မာရီယံက ခပ်ပေါ့ပေါ့ လေသံဖြင့် ပြောသည်။

"ရှေ့လျှောက်ပြီးတော့ မေမေဟာ ရောဂါသည် အဘွားကြီး ဘဝနဲ့ နေရတော့ မယ်။ နေရရင်တောင်မှပေါ့လေ။ လောလောဆယ်တော့ ဒီဆေးပြားကလေးတွေ ကိုပဲ အားကိုးနေရမှာပဲပေါ့"

"မေမေ အဲဒီလို ဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ ဟင်"

"သိပ်တော့ မကြာသေးပါဘူး။ နှစ်နှစ်လောက်ပဲ ရှိဦးမှာပေါ့။ ဒီနှစ်ထဲမှာ ပိုဆိုးလာတာ"

"ဒါဆို မေမေ ဘာလို့ အနားမယူသေးတာလဲ"

မိုက်ကယ်က စိတ်ကောက်နေသည့် ကလေး တစ်ယောက်လို ပြောလိုက်၏။ ပြီးတော့ သူ့ အမေကို စိမ်းစိမ်း ကြည့်သည်။

"မဖြစ်ဘူး၊ မေမေ အမြန်ဆုံး အနားယူရမယ်"

မာရီယံ ဘာမျှ မပြောဘဲ ရယ်ရုံ ရယ်နေသည်။ ပြီးတော့ ဂျော့ကို ကြည့် သည်။ သည်တစ်ကြိမ် ဂျော့ပါ စိုးရိမ်နေပုံ ရ၏။

"အနားမယူနိုင်သေးပါဘူး သားရယ်၊ လုပ်စရာတွေက အများကြီးရယ် မေမေက သေတဲ့အထိ အလုပ် လုပ်သွားမှာပါ။ အိမ်မှာ အနားယူပြီး တစ်နေ့ ဘာလုပ်နေရမလဲ။ အဲဒီလို နေရရင် မေမေ ရူးသွားလိမ့်မယ် ထင်တယ်။ မေ အရွယ်နဲ့ ရုပ်ရှင် မဂ္ဂဇင်းတွေ၊ ရုပ်မြင်သံကြား ဇာတ်လမ်းတွေနဲ့ အချိန် ဖြုန်း ရမှာလား"

"ဘာဖြစ်လဲ မေမေရ၊ မေမေ ငယ်ငယ်လေး ရှိသေးတာပဲ"

အားလုံး ရယ်လိုက်ကြသည်။

"ဒါမှ မဟုတ်ရင်လဲ"

မိုက်ကယ်က သူ့ အမေကို တစ်လှည့်၊ ဂျော့ကို တစ်လှည့် ကြည့်လိုက် သည်။

"မေမေတို့ နှစ်ယောက်လုံး အနားယူကြပြီး လက်ထပ်ကြပါတော့လား ပြီးတော့ ပျော်ပျော်ကြီး နေကြပေါ့"

သည်ကိစ္စကို သူ ပထမဆုံး ပွင့်ပွင့်လင်းလင်း ပြောချလိုက်ခြင်း ဖြစ် ဂျော့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သို့သော် ကျေနပ်နေပုံ။

ဒုတိယအကြိမ်



"မိုက်ကယ်"

မေမေ မာရီယံ အသံသည် ခါတိုင်း အသံလို ပြန်မာလာသည်။

"ဘာတွေ လျှောက်ပြောနေတာလဲ။ ဂျော့ မနေတတ် မထိုင်တတ် ဖြစ်နေ ပြီ"

သားဖြစ်သူကို လှမ်းဆူသော်လည်း မိုက်ကယ့် အဆိုကြောင့် အလန့် တကြားလည်း မဖြစ်၊ ငြင်းဆန်ခြင်းလည်း မပြု။

"ဘာပဲ ဖြစ်ဖြစ်ပါလေ၊ မေမေဟာ အနားယူလောက်အောင်လည်း အသက် ကြီးသေးဘူး။ ကျန်းမာရေး အခြေအနေကလည်း အိပ်ရာထဲ လဲနေတဲ့ ဂီလာန ကြီးမှ မဟုတ်တာ။ သားလည်း မေမေ့ အနားမှာ ရှိနေသားပဲ။ ခု လောလောဆယ် အချိန်ပိုင်းကို ပြောတာလေ"

သည်တိုက်ပွဲတွင် သူ ရှုံးပြီဟု မိုက်ကယ် နားလည်လိုက်၏။ သို့သော် လွယ်လွယ်ကူကူတော့ လက်မြှောက် အရှုံးမပေးချင်သေး။

"ဒုက္ခပါပဲ မေမေရာ၊ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး။ ခရီး ထွက်ဖို့တော့ စားရလိမ့်မယ်၊ မေမေ ဘယ်မှ မသွားရဘူး။ ဆန်ဖရန်စစ္စကို ကိုလည်း သားပဲ သွားမယ်။ ကိုယ့်ဟာကိုယ် လုပ်နိုင်ပါတယ်။ မေမေက တစ်ယောက်တည်း အကုန် လိုက်ပါနေတာပဲ။ နားနားနေနေ နေရဦးမယ်၊ မဖြစ်ဘူး"

မာရီယံက ရယ်ပြီး သူ့ အလုပ် စားပွဲသို့ ထသွားသည်။ အလွန့်အလွန် ပန်းနွမ်းနယ်နေသည့်ဟန်။ ပြီးတော့ သားရေဖုံး ဆုံလည် ကုလားထိုင်ကြီးတွင် ရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ မိုက်ကယ်၊ ဂျော့နှင့် အေဗရီတို့က စိုးရိမ် တကြီး လှမ်းကြည့်နေကြသည်။

"သွားကြလေကွယ်၊ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်။ ဘာလို့ ဒါလောက် းရိမ်တကြီး ဖြစ်နေကြရတာလဲ"

"မသွားဘူး မေမေ။ လာ၊ အိမ်ပြန်စို့။ သား လိုက်ပို့မယ်"

မိုက်ကယ်က အမိန့်ပေးသလို ပိုင်စိုးပိုင်နင်း ပြောလိုက်သည်။ ပြီးတော့ သူ့ အမေ၏ တုံ့ပြန်မှုကို စောင့်ကြည့်နေသည်။ မေမေ မာရီယံ ခေါင်းခါသည်။

"မသွားနိုင်သေးပါဘူးကွယ်။ ကဲ... မိုက်ကယ် မင်းတို့ သွားကြစမ်းပါ။ ဒါ ဂျော့ကို ဆွဲထုတ်ခိုင်းရမလား"

ဂျော့ ပြုံးနေသည်။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



"မေမေ စောစော ပြန်ချင် ပြန်မယ်။ ခုတော့ မသွားနိုင်သေးဘူး။ မင်းတို့ ခုလို ဂရုစိုက်ကြတာ ကျေးဇူးတင်ပါတယ်။ သွားကြတော့။ ကဲ... ရှသ်"

တံခါးဆီသို့ လက်ညှိုးထိုးပြသည်။ အတွင်းရေးမှူး ရှသ်က ကျိုးနွံစွာဖြင့် တံခါး ဖွင့်ပေးသည်။ ဘာမျှ မတတ်နိုင်ဘဲ တန်းစီ ထွက်သွားကြရတော့သည်။ အားလုံးထဲတွင် ဘယ်သူ အင်အား အကြီးဆုံးလဲ။ မာရီယံ သိသည်လေ။

"မာရီယံ"

ဂျော့က တံခါးဝမှ သမင်လည်ပြန် ကြည့်ပြီး ခေါ်သည်။ သူ့ မျက်လုံးတွေ ထဲတွင် စိုးရိမ်အရောင်တွေ လွှမ်းနေဆဲ။

"ဘာလဲ ဂျော့"

မာရီယံ၏ မျက်နှာ တင်းမာမနေတော့။ ဂျော့က ပြုံးပြီး

"မိုက်ကယ် ပြောတာ ဟုတ်တယ် မာရီယံ၊ ပြန်စို့လား"

"ခဏလေးပါကွယ်"

"ဒါဖြင့် ကိုယ် နာရီဝက် အတွင်း ပြန်လာခဲ့မယ်နော်"

မာရီယံ ပြုံးသည်။ စားပွဲမှ ထလာပြီး ဂျော့ကို တွန်းထုတ်ယင်း တံခါးကို ပိတ်လိုက်သည်။ နှလုံးရောဂါ၏ လျှပ်တပြက် တိုက်ခိုက်မှုကို ဘာကြောင့် ခံလိုက် ရကြောင်း မာရီယံ သူ့ကိုယ်သူ သိသည်။ မည်သည့် စိတ်လှုပ်ရှားမှုကိုမျှ ခံနိုင်ရည် မရှိတော့။ သည်အတွက် မာရီယံ အလွန့်အလွန် စိတ် အနှောင့်အယှက် ဖြစ်သွား၏။ နာရီကို လှမ်းကြည့်၏။ ပြီးတော့ အောဗရီထံမှ ရသည့် ဖုန်းနံပါတ် ကို ကောက်လှည့်၏။ စိတ်ထဲမှာတော့ သေချာနေသည်။ သူပဲ ဖြစ်ရမည်။ မာရီ အဒမ်ဆန်၏ ပုံပန်းကို အောဗရီ ပြောပြနေကတည်းက အလိုလို သိနေသလို ဆန်ဖရန့်စစ္စကို ရောက်လျှင် သည်ကလေးမကို တွေ့ဖြစ်အောင် တွေ့ရမည်။ ဒေါက်တာ ပီတာဂရက်ဆင်၏ လက်ရာ ဘယ်လောက် အထိ ပြောင်မြောက်သည် ကိုလည်း ကြည့်ချင်သေးသည်။ မူလ ရုပ်မှ ဘယ်လောက် ပြောင်းလဲသွားသည် ကို သိနိုင်ပါ့မလား။ တွေးနေယင်း တစ်ဖက်မှ မိန်းကလေးက ထူးလာသည်။ မာရီယံ ပင့်သက်တစ်ချက် ရှိုက်လိုက်၏။ မျက်လုံးကို မှိတ်ထားသည်။ ပြီးတော့ တယ်လီဖုန်းထဲသို့ အညင်သာဆုံး စကား ပြောလိုက်၏။ လွန်ခဲ့သည့် နာရီဝက် ခန့်အတွင်းကမှ နှလုံးရောဂါဖြင့် သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရသည့် လူနာနှင့်





မတူတော့။ မာရီယံဟီးလ်ယဒ်၏ ပုံပြန်ပေါ်လာသည်။ သူ့ကိုယ်သူ ကောင်းကောင်း ကြီး စိတ်ထိန်းနိုင်သွားပြီ။

"မစ္စအဒမ်ဆန်ပါလားကွယ်။ ခု စကား ပြောနေတာမာရီယံဟီးလ်ယဒ်ပါ။ နယူးယောက်ကလေ"

အလုပ်နှင့် ပတ်သက်ပြီး ပြောပုံဆိုပုံတွေက ခပ်ပြတ်ပြတ်။ အေးစက်စက်။ တရင်းတနှီး မရှိလှ။ ကလေးမ အသံသည် သူကြားဖူးသည့် အသံတော့ မဟုတ်။ ဘာမျှ တိတိကျကျ အဖြေမရဘဲ ဖုန်းချလိုက်ရသည်။ တစ်နေ့တော့ သိရမှာပေါ့။

ထိုနေ့မှ စ၍ သုံးပတ်မြောက်နေ့တွင် ဆန်ဖရန်စစ္စကို၌ တွေ့ဆုံရန် ချိန်းဆို ထားလိုက်ပြီ။ ညနေ လေးနာရီ၊ အင်္ဂါနေ့။ မာရီယံက ပြက္ခဒိန်တွင် မှတ်သားသည်။ ပြီးတော့ ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်ပြီး မျက်လုံးကို မှေးထားလိုက်၏။ ကလေးမနှင့် တွေ့သည့်တိုင်အောင် အဖြူအမည်း ကွဲပါ့မလား။ ဒါထက် စဉ်းစား ရာ ကောင်းသည်မှာ နောက်ထပ် သုံးပတ်အထိ သူ အသက်ရှင်နေနိုင်ပါဦးမည် လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၂

ဆန်ဖရန်စစ္စကို 'ဖဲယားမောင့်' ဟိုတယ်ကြီးတွင် ဧည့်ခန်းပါ ပါသည့် အခန်း
တစ်ခုကို ငှား၍ မာရီယံ တည်းခိုသည်။ ဧည့်ခန်းတွင် ထိုင်စောင့်နေစဉ် နာရီ
ချက်ချက် မြည်သံက တိတ်ဆိတ်ခြင်းကို လွှမ်းမိုးနေ၏။ ရှုခင်းတွေက သာ
သည်။ ပင်လယ်ကွေ့ ရေရှုခင်းနှင့် ပင်လယ်ကွေ့ ဟိုမှာဘက်မှ 'မာရင်'မြို့က
၏ မှုန်ပျပျ ရှုခင်း။ သို့သော် ဘာမျှ သတိမထားမိ။ ကလေးမကိစ္စသာ သူ့
ထဲတွင် ကြီးစိုးနေသည်။ သူပဲလား။ သူ့ဘဝ ဘယ်လို ဖြစ်သွားပြီလဲ။ ဘယ်
ဘယ်ပုံ ပြောင်းလဲသွားပြီလဲ။ ဒေါက်တာဂရက်ဆင် လွန်ခဲ့သည့် နှစ်နှစ်က
သည့် အာမခံချက်အတိုင်း အကောင်အထည် ဖော်နိုင်ရဲ့လား။ အေဗရီအတွ
တော့ မာရီအဒမ်ဆန်သည် သူစိမ်း စိတ်သက်သက်။ မိုက်ကယ် ဆိုလျှင်
မိုက်ကယ်ဆိုလျှင် မှတ်မိနိုင်မည်လား။ ချစ်သူ တွေ့နေလောက်ပြီလား။ ဒါမှမဟု
မိုက်ကယ်လိုပဲ အချစ်ဟောင်းကို တမ်းတနေဆဲလား။ ဒါမှမဟုတ် သူ့ဘဝ
ခါးသီးရှုံ့မှုန်းနေပြီလား။ သူ လာစောင့်နေသည့် မိန်းကလေးသည် တစ်ချိန်
သူ့သား ချစ်ခဲ့သည့် ဘဝတဖြစ်လဲ မိန်းကလေးကော ဟုတ်နိုင်ပါမည်လ
ရိုးရိုးသားသား လုပ်ကိုင် စားသောက်နေသည့် ဓာတ်ပုံဆရာမကလေး
ယောက်ကို အေဗရီ မျက်စိ ကျလာခြင်းကော မဖြစ်နိုင်ဘူးလား။ ငါ့ဘာသ
အတွေး ခေါင်လွန်းနေတာများလား။





ထိုင်နေရင်း ခြေနှစ်ဖက်ကို ကွေးလိုက် ဆန့်လိုက် ကြက်ခြေခတ်ထားလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ လက်ပွေ့အိတ်ထဲမှ စီးကရက်ဘူးကို နှိုက်လိုက်ပြန်သည်။ ဘူးက အသစ်ကလေး။ ရွှေအတိ။ ဂျော့ ဝယ်ပေးထားသည့် ခရစ်စမတ်လက်ဆောင်။ မာရီယံဟီးလ်ယဒ်၏ အတိုကောက် စာလုံးကလေး နှစ်လုံးကို နီလာကျောက်ကလေးများဖြင့် စီခြယ်ထားသည်။ စီးကရက် တစ်လိပ်ကို ညှိပြီး အားရပါးရ ရှိုက်လိုက်သည်။ ဆိုဖာနောက်သို့ ပစ်မှီလိုက်ပြီး မျက်စိ အနားပေးလိုက်၏။ ပင်ပန်းနွမ်းနယ်လှပြီ။ တစ်မနက်လုံး ပျံသန်းခဲ့ရသည့် ခရီးက အဝေးကြီး။ တစ်ရက်လောက် နားလိုက်ဖို့ ကောင်းသေးသည်။ နားပြီးမှ လုပ်စရာ ရှိတာ လုပ်ဖို့ သင့်သည်။ သို့ပေမယ့် မစောင့်နိုင်တော့ဘူးလေ။

မီးလင်းဖို အထက်မှ နာရီကို လှမ်းကြည့်လိုက်သည်။ လေးနာရီ ဆယ့်ငါး။ နယူးယောက်မှာ ဆိုလျှင် ည ခုနစ်နာရီ ဆယ့်ငါး ရှိပြီ။ မိုက်ကယ် တစ်ယောက် အလုပ်စားပွဲတွင် ရှိနေဦးမည် မုချ။ အေဗရီကတော့ ဒီဗိုင်းဋ္ဌာနက ဟိုကောင်မလေးနှင့် ထွက်လည်နေရောပေါ့။ သူတို့အကြောင်း စဉ်းစားမိတော့ မာရီယံ့ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည်။ အေဗရီဆိုသည့် သူငယ်က မိုက်ကယ်လို လေးလေးနက်နက် မရှိ။ တစ်ခုတော့ ရှိတာပေါ့လေ။ မိုက်ကယ်လို မပျော်ရွှင်စရာ အကြောင်း သူ့မှာမှ မရှိဘဲ။ ငါ လုပ်နည်းလုပ်ဟန်တွေ မှားများ မှားနေပြီလား။ သည်နှစ်နှစ်လုံးလုံး ငါ့စိတ်တွေ မစ္စရိယ လွှမ်းနေခဲ့သလား။ ကလေးမ အပေါ် တစ်ဖက်သတ် အနိုင်ကျင့်ရာ ကျလွန်းနေသလား။ ဒါတော့ မဖြစ်နိုင်။ မိုက်ကယ်နှင့် ညီလို့ မရနိုင်အောင် အဆင့် ကွာလွန်းနေတာပဲ။ သည်လောက်ဆို မိုက်ကယ် တစ်ယောက်ယောက်နှင့် ဖြစ်ဖို့ ကောင်းလောက်ပြီ။ ဘာမျှ မဖြစ်နိုင် စရာ မရှိ။ သူ့မှာ အလုပ်ကော၊ ငွေကော၊ ဂုဏ်ကော အားလုံး ပြည့်စုံပြီးသား။ အမေရိက ပြည်ထောင်စုမှာ ရှိသည့် ထိပ်တန်း ကုမ္ပဏီကြီးတွေနှင့် ရင်ဘောင် တန်းနေသည့် ကော့တာဟီးလ်ယဒ်ရဲ့ ဥက္ကဋ္ဌလောင်းလေ။ သူ့မှာ အဘက်ဘက်က ခွန်အားတွေ အပြည့်။ ချစ်ခင်နှစ်လိုဖွယ်ရာတွေ အပြည့်။

သားအကြောင်း စဉ်းစားမိပြန်တော့ မာရီယံ့ မျက်နှာ နူးညံ့ပျော့ပျောင်းလာသည်။ ဘယ်လောက် တော်သည့် သားလဲ။ ဘယ်လောက် ပြည့်ဝတဲ့ သားလေးလဲ။ သို့ပေမယ့် သူ နေပုံက အထီးကျန်နိုင်လွန်းလှပါကလား။ ဒါကို မာရီယံ နားလည်ပါသည်။ အမေရင်းနှင့်ပင်လျှင် ခပ်ခွာခွာ နေသည် မဟုတ်လား။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာ ရောဂါ တစ်ခုမှ ပျောက်ကင်းသော်လည်း နာလန်ထအဆင့်သို့ မရောက်တော့သည့် လူမမာ တစ်ယောက်လို။ အသောက်အစားတော့ ရပ်သွားသည်။ မှုန်ကုပ်ကုပ် နေတာလည်း မတွေ့ရတော့။ သို့သော် ပိုပြီး အေးစက်စက် နိုင်လာသည်။ ပတ်ဝန်းကျင်ကို ပေယျာလကန် ပြုလာသည်။ သဲကန္တာရကို ခွဲနှင့် နပဲနှင့် ဖြတ်သန်းနေပြီး ဘာကြောင့် သည်ခရီးကို မိမိ လျှောက်နေပါလိမ့်ဟု ဇဝေဇဝါ ဖြစ်နေသည့် ကန္တာရ ခရီးသည်နှင့် တူလှသည်။

စင်စစ် သူ့ ဘဝတွင် ပျော်စရာ ရွှင်စရာ မွေ့လျော်စရာတွေ ဒုနှင့်ဒေး လိုတရသည့် ဘဝမျိုး။ သို့သော် သူ့တွင် ပျော်ဖို့ ရွှင်ဖို့ လုံးဝ အချိန် မရှိ။ အလုပ်ကို သည်မျှ စိတ်ပါနေတာကော ဟုတ်မှ ဟုတ်ရဲ့လား မသိ။ မိဖ ဘိုးဘွား တွေ အလုပ်ကို စိတ်ဝင်စားသလို စိတ်ဝင်စားခြင်းမျိုးကော ဟုတ်နိုင်ပါ့မလား တစ်ဆက်တည်းတွင် မိုက်ကယ် အဖေကို ကြည်ကြည်နူးနူး သတိရမိသည်။ အတွေးမျှင်ကလေးများသည် ထိုမှ တစ်ဆင့် ဂျော့ဆီသို့ လွင့်မျောသွားပြန်သည်။ ဘယ်လောက် ကျေးဇူးတင်ဖို့ ကောင်းသည့် ဂျော့လဲ။ ကော့တာဟီးလ်ယဒ်သည် ဂျော့ မရှိလျှင် သည်မျှ ချောချောမွေ့မွေ့ ရှိနိုင်မည် မဟုတ်။ ဂျော့သည် ခန္ဓာကိုယ် ကော ဦးနှောက်ပါ အားကောင်းမောင်းသန်သူ တစ်ယောက်။ ထက်မြက် ရုန့်ရှု တစ်ယောက်။ သူ့ကို နှစ်ပေါင်းများစွာ မသိကျိုးကျွံ ပြုထားခဲ့သည့် အတွက်တော့ မာရီယံ သူ့ကိုယ်သူ နားမလည်နိုင်အောင်ပင်။ ဂရုစိုက်ဖို့ အချိန်လည်း မရှိဘူး လေ။ သူ့ကိုသာ မဟုတ်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ခဲ့တာပါ။ မိုက်ကယ်တို့ ဖေဖေ ဆုံးပြီးကတည်းက ဆိုပါတော့။

တံခါး ခေါက်သံကြောင့် ပြုံးနေသည့် နှုတ်ခမ်းတွေ တည်သွား၏။ မတ်တတ် ရပ်လိုက်သည်။ အိပ်ရာမှ လန့်နိုးလာသူလို။ သူ ရောက်နေသည့် နေရာကို ရုတ်တရက် မသိသလို ကြောင်တောင်တောင် ဖြစ်သွားသည်။ လေးနာရီ နှစ်ဆယ့် ငါးမိနစ် ရှိပြီ။ သူ နှစ်ဆယ့်ငါးမိနစ်တောင် နောက်ကျခဲ့သည်ပေါ့။

မျက်နှာကို ပုံမှန် အနေအထားအတိုင်း ခပ်တည်တည် ထားပြီး တံခါးဆီသို့ လျှောက်သွားသည်။ အပြာရောင် ဝတ်စုံနှင့် ပုလဲပုတီးမှာ ပန်းရနေသည်။ ဆံပင် ကို လှလှပပ ပြင်ထားသည်။ လက်သည်းကို ဂရုတစိုက် ပြုပြင်ထားသည်။ မိတ်ကပ်ကို အသားကျ လိမ်းခြယ်ထားသည်။ သည်တော့ မာရီယံကို ခြောက်ဆယ် နား ကပ်နေသည့် အဘွားကြီးဟု ဘယ်သူမျှ မထင်နိုင်။ အလွန်ဆုံး မှန်းလျှင်





လေးဆယ့်ငါး။ မာရီယံသည် နုပျိုလှပနေဆဲ။ အနှစ် နှစ်ဆယ်လုံးလုံး အိုခြင်း နာခြင်း တရားကို အံတုခဲ့သည့် အမျိုးသမီး။

လက်ဆွဲအိတ်ပြားကလေးကို ကိုင်လျက် အထက်တန်း ကျကျ ဆင်ယင် ထုံးဖွဲ့ကာ တံခါးဝတွင် ရပ်နေသော မိန်းမချောကလေးကို မာရီယံက ခရီးဦးကြို ပြုလိုက်၏။

"မစ္စအာဒမ်ဆန် ထင်ပါတယ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ရှင့်"

မာရီယံ ခေါင်းညိတ်ပြီး ကြိုးကြိုးစားစား ပြုံးပြလိုက်သည်။

"မစ္စက် ဟီးလ်ယဒ်ပါလား"

သိလျက်နှင့် မေးလိုက်ရခြင်း။ မာရီယံကို လူကိုယ်တိုင် မတွေ့ဖူးခဲ့။ ဆေးရုံ တွင် ဆုံသည့် ညက တစ်မျက်နှာလုံး ပတ်တီးတွေ စည်းထား၍ မမြင်လိုက်ရ။ မိုက်ကယ် အခန်းထဲရှိ ဓာတ်ပုံတွေကို တွေ့ဖူးနေခဲ့၍ မှတ်မိနေခြင်း ဖြစ်၏။ မာရီယံကို ဘယ်မှာ တွေ့တွေ့ မာရီကတော့ မှတ်မိနေမည်သာ။ သူ့ကို နှစ်နှစ် လုံးလုံး အိပ်မက်ဆိုးတွေ မက်စေခဲ့သည့် အမျိုးသမီးကြီး။ တစ်ချိန်က မိခင်ရင်းလို ခင်တွယ်ဖို့ စိတ်ကူးယဉ်ခဲ့ရသည့် အမျိုးသမီးကြီး။

"တွေ့ရတာ ဝမ်းသာပါတယ်"

မာရီယံက သူ့လက် အေးစက်စက်ကို လှမ်းပေးလိုက်၏။ တံခါးဝတွင်ပင် ဝတ်ကျေဝတ်ကုန် လက်ဆွဲ နှုတ်ဆက်ကြသည်။

"ကဲ လာလေ၊ အထဲဝင်ပါ"

မာရီယံက ဧည့်ခန်းကို ညွှန်ပြပြီး ဝင်စေသည်။

"ကျေးဇူးတင်ပါတယ်"

မိန်းမသား နှစ်ယောက်တို့သည် ခံစားချက် ကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် စိမ်းစိမ်း ကြည့်နေကြ၏။ မာရီယံက သက်သောင့်သက်သာ ဝင်ထိုင် လိုက်၏။ ဧည့်သည် မိန်းကလေး အတွက် လက်ဖက်ရည်နှင့် ယမကာ အပျော့ စားများကို အသင့် မှာထားပြီး ဖြစ်၏။ ဆေါလာ သန်းဝက်နီးပါး အကုန်ခံထားရ သည့် မိန်းကလေးလေး။ ထင်သည့် အတိုင်း မှန်လျှင်ပေါ့။ သေသေချာချာ အကဲ ခတ်ကြည့်သည်။ မာရီတွင် ဘာမျှ ထူးခြားချက် မတွေ့။ သူ တွေ့ခဲ့ဖူးသည့် နန်စီ၏ ဓာတ်ပုံတွေနှင့် လုံးဝ ဆက်စပ်၍ မရ။ မဖြစ်နိုင်ဘူး ထင်ပါရဲ့။ မာရီယံ

www.burmeseclassic.com



က ကုလားထိုင် နောက်သို့ ခပ်လှန်လှန် ထိုင်ပြီး နောက်ထပ် အကဲခတ်ပြန်သည်။ ပြီးတော့ သူ့ အသံကို နားထောင်ကြည့်၏။ ဆေးရုံတွင် အပေးအယူ လုပ်ကြစဉ်က အသံကို မာရီယံ တစ်သက် မမေ့။

"ဘာသောက်မလဲဟင်၊ လက်ဖက်ရည်လား။ ဘီယာ သောက်ချင်ရင်လဲ ရပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတ် ဟီးလ်ယဒ်။ ကျွန်မ ဘာမှ မသောက်ချင်..."

မာရီ့ အသံက တိမ်ဝင်သွား၏။ မိန်းမသား နှစ်ဦးတို့သည် ပြင်းထန်လှသည့် ရင်မှ ဝေဒနာ ကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် စောင့်ကြည့်နေကြ၏။ ချိန်းဆိုထားကြသည့် လာရင်း ကိစ္စကို မေ့နေကြသလို။ မာရီယံက ကလေး၏ အလှကို အသေးစိတ် လေ့လာနေ၏။ ဆံပင်၏ ကောင်းခြင်း၊ အသားအရေ ကောင်းခြင်း၊ ကိုယ်ခန္ဓာ အချိုးအဆက်၏ ကောင်းခြင်း၊ အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း။ တစ်ခုချင်း လေ့လာသည်။ အားလုံး ခြုံပြီး လေ့လာသည်။ တကယ့်ကို ပြန်မကြည့်ဘဲ မနေနိုင်လောက်အောင် လှသည့် အလှပိုင်ရှင်မကလေး ပါကလား။ ဝတ်စားထားသည့် အဝတ်အစားတွေကလည်း အဖိုးထိုက် အဖိုးတန်တွေ။ သူ ရသမျှ ပိုက်ဆံတွေကို အဝတ်အစား တစ်မျိုးတည်း အတွက် သုံးနေသည့် မိန်းကလေးမျိုးလား။ သိုးမွေးနု ဆွယ်တာတွင် ပါရီတံဆိပ် အထင်းသား။ သားမွေး သားရေအိတ်နှင့် ဖိနပ်က 'ဂူချီ' ကုမ္ပဏီလုပ်တွေ။ ညို့ဝါ ရောင် သားမွေးရှည် ကုတ်အင်္ကျီက သွားရည် ကျချင်စရာ။

"ကုတ်အင်္ကျီက လှမှ လှကွယ်။ မင်းတို့ မြို့ရဲ့ ရာသီဥတုမျိုးမှာ နေချင်စရာ တယ်။ နယူးယောက်မှာ တို့ ဒီမလာခင် နှင်းထု နှစ်ပေလောက် ရှိမယ် ထင်တယ်"

ကလေးမကို မာရီယံ ပြုံးပြုံးချိုချို ပြောနေသည်။

"အမိုက်က နှစ်ဆယ့် နှစ်လက်မ၊ နှင်းက နှစ်လက်မလေး။ သိတယ် မဟုတ်လား၊ နယူးယောက် အကြောင်းလေ။ ဒါထက် နယူးယောက်ကို ရောက်ဖူးတယ် နော်"

မေးခွန်းက ပညာပါလှ၏။ မာရီကို ဘယ်သူဘယ်ဝါ ဆိုတာ အတည်ပြု နေခြင်း ဖြစ်မည်။ ရိုးရိုးစင်းစင်း ဖြေ၍ မဖြစ်။ နယူးယောက်မှာ နေဖူးတာပေါ့။ မိုက်ကယ်နှင့် လက်ထပ်ဖြစ်လျှင် အပြီးအပိုင် နေဖို့အထိ စိတ်ကူးခဲ့သည့် မြို့ကြီး ပဲ။ မာရီ့ မျက်နှာထားကော အသံပါ မာလာသည်။





"မရောက်ဖူးပါဘူး။ ကျွန်မ မြို့ကြီးပြကြီးတွေ သိပ်မရောက်ဖူးပါဘူး"

ခုလိုကျပြန်တော့ မာရီသည် တကယ့် အသစ်မွေးဖွားလာသော မာရီ။ နန်စီ၏ အတိတ်ဩဇာသည် သူ့တွင် ဘာမျှ သက်ရောက်ခြင်း မရှိ။

"ဟုတ်ကဲ့လား၊ ကိုယ်တော့ မယုံနိုင်အောင်ဘဲ။ မင်း ကြည့်ရတာ တကယ့် မြို့ကြီးသူ စစ်စစ် အတိုင်းပါကွယ်"

မာရီယံ ဒုတိယ အကြိမ် ပြုံးပြလိုက်ပြန်သည်။ သို့သော် သူ့ အပြုံးမှာ ကျားသစ်မ တစ်ကောင်က ယုန်သူငယ်ကို ပြုံးပြသည့် အပြုံးမျိုး။

"ကျေးဇူးတင်ပါတယ်"

မာရီ ရှည်ရှည်ဝေးဝေး ဆက်မပြောတော့ဘဲ ပေါင်ပေါ် တင်ထားသည့် ခရီးဆောင် သေတ္တာ ပြားပြားကလေးကို ထောင်ပြီး ဖွင့်လိုက်၏။ ကလေးမကို မျက်တောင်မခတ် စောင့်ကြည့်နေသည်။ ပြီးတော့ ဓာတ်ပုံ စာအုပ်ကြီးကို ထုတ်ပြီး မာရီယံ၏ လက်သို့ လှမ်းပေးလိုက်သည်။ မာရီယံ ဓာတ်ပုံ စာအုပ်ကို လှမ်းယူသည်။ မရှုံ့မရဲဖြင့်။ သူ့ လက်တွေ တုန်ယင်နေသည်ကို မာရီ သတိပြုလိုက်မိ၏။ သိသိသာသာ တုန်ယင်နေခြင်း ဖြစ်၏။ စာအုပ်ကို လွတ်မကျအောင် မနည်း ထိန်းကိုင်ထားရဟန် တူ၏။ မာရီယံ့ ကိုယ်ထဲမှ အားတွေမာန်တွေ ဘယ်ဆီ ရောက်ကုန်လေပြီလဲ။ သူ ပြုမှားမိခဲ့သည့် အကုသိုလ် အတွက် ကြမ္မာရဟတ် တစ်ပတ် လည်လာလေပြီလားဟုပင် မာရီယံ တွေးကြောက်လာသည်။ အမျိုးသမီးငယ်က အမျိုးသမီးကြီးကို စိမ်းစိမ်း ကြည့်နေ၏။ သို့သော် မာရီယံ အချိန်မီ ဣန္ဒြေဆည်လိုက်နိုင်သည်။ ဓာတ်ပုံတွေကို တိတ်ဆိတ်စွာ တစ်ရွက်ချင်း လှန်ကြည့် နေသည်။

"အင်း၊ ဒါကြောင့် အေဗရီ ဆိုတဲ့ သူငယ် မင်းကို တို့အလုပ် အတွက် အသေအလဲ လိုချင်နေတာကိုး၊ ချီးကျူးပါတယ်ကွယ်။ တကယ့်ကို တော်ပါပေ တယ်။ ဓာတ်ပုံ ရိုက်လာတာ တော်တော် ကြာပြီ ထင်တယ်နော်"

ရိုးရိုးသားသား မေးတာ ထင်ပါရဲ့။ သည်တော့ ရိုးရိုးပင် ဖြေလိုက်မိသည်။

"မဟုတ်ပါဘူး။ ဓာတ်ပုံ ရိုက်တာ သိပ်မကြာသေးပါဘူး။ ကျွန်မ အရင် ဘုန်းက ပန်းချီ ဆွဲပါတယ်"

"သြော်... ဟုတ်သားပဲ။ အေဗရီ ပြောသားပဲ။ အင်း အင်း"



www.burmeseclassic.com

www.burmeseclassic.com



မာရီယံ အံ့သြရပြန်သည်။ သည်တစ်ချက် တူရုံမျှဖြင့် သည်မိန်းကလေးကို နန်စီမက်အယ်လစ္စတာဟု ပြောနိုင်ပါမည်လား။

"ပန်းချီလည်း ကောင်းကောင်း ဆွဲတတ်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဆိုပါတော့"

မာရီက အဘွားကြီးကို ပြုံးပြီး ပြန်ပြောသည်။ အမျိုးသမီး နှစ်ယောက်တို့သည် ကိုယ့် ဝမ်းနာ ကိုယ်သာ သိနေကြသူများတည်း။ သို့အတွက် တစ်ယောက်ကို တစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့ ရင်ဆိုင်နေကြသည်။ မာရီက မာရီယံ ဟီးလ်ယဒ်အား ဆက်ဆံနေရသည်မှာ တစ်ဖက် မြင်မှန်ကို ဖြတ်သန်းပြီး ကြည့်နေရသည်နှင့် တူသည်။ မာရီယံဟီးလ်ယဒ်ကို သူက သိနေပြီး မာရီယံက သူ့ကို မည်သူမည်ဝါမှန်း မသိ။ သည်လျှို့ဝှက်ချက်ကို သူ တစ်ယောက်တည်း သိနေသည်ဟု မာရီ ထင်သည်။

"ဓာတ်ပုံ ပညာကိုလည်း ကျွန်မ မြတ်နိုးပါတယ်"

"ဘာပြုလို့ ပန်းချီ ဆက်မဆွဲတာလဲ ဟင်"

မာရီယံ သိချင်စိတ် ပြင်းပြစွာဖြင့် မေးလိုက်၏။

"ဘာပြုလို့လဲ ဆိုတော့ ကျွန်မ ဘဝ တစ်ခုလုံး ရုတ်တရက် ပြောင်းလဲသွားလို့ပါပဲ။ လုံးဝ ပြောင်းလဲသွားတဲ့ ပြောင်းလဲပုံမျိုး ဆိုပါတော့။ ကျွန်မဟာ ဘဝသစ်မှာ လူသစ် ဖြစ်နေပြီလေ။ ပန်းချီ ဆိုတာက ကျွန်မ အတိတ်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းပဲ။ အတိတ်ကို ကျွန်မ ပြန်မသွားချင်ဘူး။ အတိတ်နဲ့လည်း မဆက်စပ်ချင်ဘူး။ သိပ် ရင်နာစရာ ကောင်းလွန်းလို့ပါ"

ကလေးမ၏ စကားလုံးတွေသည် မာရီယံ၏ အရိုက်ကို ပင့်ထိုးလိုက်သလို ဖြစ်သွား၏။

"သြော်. . . ဟုတ်လား။ တို့တိုင်းပြည် အနေနဲ့တော့ မဆုံးရှုံးပါဘူးကွယ်။ ပန်းချီဆရာမ တစ်ယောက်ရဲ့ နေရာမှာ အလွန် တော်တဲ့ ဓာတ်ပုံ ဆရာမ တစ်ယောက် အစား ဝင်လာတာပဲ။ ဘယ်သူက မင်းကို ဓာတ်ပုံဆရာ ဖြစ်အောင် လုပ်ပေးတာလဲ ဟင်။ ဆန်ဖရန်စစ္စကိုက တကယ့်ကို အနုပညာရှင်တွေ ထွက်တဲ့ မြို့ပဲ"

မာရီက ပြုံးသည် ဆိုရုံကလေးမျှ ပြုံးပြီး ခေါင်း ခါလိုက်၏။ ဆန်းတော့ အတော်ဆန်းသည်။ သည်မိန်းမကြီးကို တူးတူးခါးခါး မုန်းလျက်နှင့် သူ လာတွေ့





ခြင်း ဖြစ်၏။ နမူးတွေ့ ဒူးတွေ့ တွေ့ရတော့လည်း တစ်မျိုးကြီး။ ခါးခါးသီးသီး ပြောရက် ဖြစ်နေ၏။ သည်အဘွားကြီးကို လုံးဝ ခွင့်မလွှတ်နိုင်သည်မှာတော့ မှန်သည်။ တစ်ပြိုင်တည်းတွင် ဟိုတုန်းကလို လားလား မုန်းထား၍ မရ ဖြစ်နေပြန်သည်။ သူ့ကို ကြည့်ရသည်မှာ ဟန်သာလျှင် ရှိပြီး ပုလဲတွေ အောက်မှ ခန္ဓာကိုယ်မှာ အားအင် မရှိတော့သလို ဇရာကို မိတ်ကပ်နှင့် ဖုံးထားမသော်လည်း လုံလုံခြုံခြုံ မရှိလှ။

ဆောင်းကို နေရာ ဖယ်ပေးရတော့မည့် နွေအိုကြီးနှင့် တူနေသည်။ မာရီက အဘွားကြီး၏ အမေးကို ပြန်ဖြေဖို့ စဉ်းစားလိုက်သည်။ ဘာတဲ့၊ သူမေးတဲ့ မေးခွန်းက။ သြော် သတိရပြီ။

"အနုပညာ လောကက ကျွန်မကို တင်ပေးတာ မဟုတ်ပါဘူး။ မိတ်ဆွေ တစ်ယောက်က မြေတောင် မြှောက်ပေးတာပါ။ သူက ဒီမြို့ခံ ဆရာဝန် တစ်ယောက်ပါ"

"ပီတာဂရက်ဆင်"

မာရီယံ့ နှုတ်ခမ်းမှ စကားလုံးကလေးများ ခုန်ထွက်သွားသည်။ တိုးတိုးကလေး အမှတ်မထင် လွှတ်ခနဲ ထွက်သွားခြင်း။ နှစ်ယောက်စလုံး ငြိမ်သက်နေကြသည်။ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း ကိုယ်စီဖြင့်။

"သူ့ကို သိလို့လား ဟင်"

သည်အဘွားကြီး ပီတာကိုများ သိနေလား။ ဘာပြုလို့ ပီတာ့ နာမည်ကို. . . သူ့ နှုတ်မှ လွှတ်ခနဲ ထွက်လာရတာလဲ။ ပီတာကများ ဘုရား၊ ဘုရား။ ဖြစ်နိုင်။ ဒါတော့ မဖြစ်နိုင်။

"အင်း. . . အဲ. . . သိတယ်"

မာရီယံ အကြာကြီး ချီတုံချတုံ ဖြစ်နေသည်။ ပြီးတော့မှ မျက်မှောင်ကြုတ်ကြည့်ပြီး. . .

"သိတာပေါ့ နန်စီ၊ သိပ် သိတာပေါ့။ မင်းကို သူ ပြုပြင်ပေးလိုက်ပုံကတော့ အံ့မခန်းပါပဲ"

မာရီယံက အပိုင် ခန့်မှန်းပြီး ဇွတ်အတင်း စွပ်စွဲလိုက်သည်။ မှားမှားမှန်မှန် အဖြူအမည်း ကွဲအောင်တော့ လုပ်ရမည်။

"ရှင် လူမှားနေပြီ ထင်ပါတယ်၊ ကျွန်မ နာမည်က-မာရီ. . ."



www.burmeseclassic.com

www.burmeseclassic.com



ယမင်းရုပ် အပေါင်းကလေး တစ်ခု တစ်စစီ ပျက်စီးသွားသည့်နယ်၊ မာရီ့ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ ပြတင်းပေါက် ဆီသို့ လျှောက်သွားပြီး အခန်းကို ကျောပေး ရပ်နေသည်။

"ဘယ်လို လုပ်ပြီး ကျွန်မကို သိတာလဲ"

သူ့ အသံမှာ ဒေါသဖြင့် တုန်ယင်နေ၏။ လွန်ခဲ့သည့် နှစ်နှစ်က အသံ မာရီယံသည် ပင်ပန်းတကြီးဖြင့် ကုလားထိုင် နောက်သို့ ပစ်မှီလိုက်၏။ စိတ်ထဲ တွင်တော့ ပေါ့ပါးသွားသလို။ တွက်ထားသည့် အတိုင်း မှန်နေပြီ မဟုတ်လား ပင်ပန်းကြီးစွာဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ လာရကျိုး နပ်ပေပြီ။

"ဘယ်သူ ပြောတာလဲ၊ ကျွန်မ သိချင်တယ်"

မာရီက တောင်းဆိုလိုက်၏။

"ဘယ်သူမှ မပြောပါဘူးကွယ်။ ငါ့ဘာသာ ငါ ဆက်စပ်ပြီး တွေးယူတာ လေ။ ဘာပြုလို့လဲတော့ မသိဘူး၊ မင့် ပုံပန်းကို အေဗရီ ပြောကတည်းက မင်းပဲ ဖြစ်မယ်လို့ ငါ တွေးမိတယ်"

"သူ . . ."

သေလိုက်ပါတော့ဟယ်။ မာရီ သူ့ကိုယ်သူ ကျိန်ဆဲလိုက်မိ၏။ ဘာ့ကြောင့် များ သူ့ အကြောင်း မေးချင်နေပါလိမ့်။ ဟုတ်တယ်။ သူ့ အကြောင်း သိချင် တယ်။ သည်ဝေဒနာတွေ ရင်ထဲမှာ ရှိနေတုန်းပဲလားကွယ်။ ဘယ်တော့များ သည်ဝဋ်က ကျွတ်မည်လဲ မသိ။

"ဘာပြုလို့ ကျွန်မကို လာတွေ့တာလဲဟင်။ ကျွန်မတို့ အပေးအယူ လုပ် ထားတဲ့ ကိစ္စကလေးကို လာပြီး အတည်ပြုတာပေါ့ ဟုတ်လား"

မာရီ ပြတင်းပေါက်တွင် ရပ်နေရာမှ နောက်သို့ ချာခနဲ လှည့်လိုက်သည်။

သူ့ အသည်းကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေသည့် မိန်းမကြီးအား စူးစူး ဝါးဝါး စိုက်ကြည့်လိုက်သည်။

"ကျွန်မ ပေးခဲ့တဲ့ ကတိ တည်မတည် လာကြည့်တာပေါ့ ဟုတ်လား"

"မင်း ကတိ တည်ကြောင်း အားလုံးက သက်သေ ပြနေပြီပဲ မဟုတ်လား"

မာရီယံ၏ အသံမှာ ပင်ပန်း နွမ်းနယ်နေ၏။ ညင်သာနေ၏။ ပြီးတော့ အလွန့်အလွန် အိမင်းနေ၏။





"မင်း ထင်းသလိုတော့ မဟုတ်ဘူး နန်စီ။ ဒါပေမဲ့ ဘာ့ကြောင့် လာခဲ့မိတယ် ဆိုတာ ငါ့ကိုယ်ငါတောင် သိပ် နားမလည်ဘူး။ မာရီဆိုတာ နန်စီ ဟုတ်မဟုတ် သိချင်တာရယ်၊ မင့် အခြေအနေကိုလည်း သိချင်တာရယ်ကြောင့်ပါ။ ပြီးတော့ ပြီးတော့ မင်းနဲ့လည်း စကားစမြည် ပြောချင်သေးတယ်လေ"

"ကျွန်မနဲ့ ဘာများ ပြောစရာ ရှိတော့လို့လဲ။ နှစ်နှစ် ကြာပြီးမှ ကျွန်မကို ဘာများ ထည့်စဉ်းစားစရာ လိုတော့လို့လဲ"

နှစ်နှစ်တာ စုဆောင်း အားဖြည့်လာခဲ့သည့် အမုန်း ခွန်အားတွေ နိုးထ လှုပ်ရှားလာပြီ။

"ပြောစမ်းပါဦး မစ္စက်ဟီးလ်ယဒ်။ ဒါမှမဟုတ် ပီတာဂရက်ဆင်ရဲ့ လက်ရာ ကို ကြည့်ချင်တာနဲ့ လာခဲ့တာလား၊ ဟုတ်လား။ ဒါဖြင့် ပြောစမ်းပါဦး။ ရှင့်ရဲ့ ဒေါ်လာ သိန်းသန်းတန် အရုပ်ကလေးကို သဘောကျရဲ့လား၊ ကုန်ရကျိုး နပ် တယ်ကော ထင်ရဲ့လား။

"ဖြေစမ်းပါဦးရှင့်။ ကုန်ရကျိုး နပ်ရဲ့လား။ ကျေနပ်ရဲ့လား"

မာရီယံ ကျေနပ်ပါသည်။ သည်လောက် ငွေတွေ အကုန်အကျ ခံပြီးမှတော့ ဒီလို မျက်နှာ လှလှလေး တစ်ခု ရသင့်သည်ပေါ့။ သို့သော် အမှားကြီး မှားခဲ့ပြီ။ အခုမှ မှားမှန်း ပိုသိလာသည်။ သို့သော် နောက်အကျကြီး ကျခဲ့ပြီ။ ဘဝတွေလည်း ပြောင်းလဲကြီး ပြောင်းလဲကုန်ကြပြီ။

ကလေးမ၏ ရင်ထဲသို့ မာရီယံ ထိုးဖောက် ကြည့်သည်။ မိုက်ကယ်နှင့် ဘာမျှ မခြားပါလား။ သိပ်၊ သိပ် နောက်ကျကုန်ပြီ ထင်ပါရဲ့ကွယ်။ ကံမကုန်လျှင် လည်း မင်းတို့ ပြန်ဆုံကြမှာပေါ့လေ . . .။

"မင်းဟာ တကယ့်ကို လှတဲ့ မိန်းကလေး တစ်ယောက်ပါ မာရီ"

"ကျေးဇူးတင်ပါတယ်တဲ့ ရှင်။ ပီတာဟာ တကယ် တော်တဲ့ ဆရာဝန် တစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်မ ဘဝက မကောင်းဆိုးရွား လက်မှာ အမိခံနေရတာ ကော ဘာထူးလဲ။ မျက်နှာ တစ်ခု အတွက် ဘဝ တစ်ခုကို ဖျက်ပေးလိုက်ရတာ လေ"

"ငါက မကောင်းဆိုးရွားပေါ့လေ၊ ဟုတ်လား"

မာရီကို ကြည့်ရင်း မာရီယံ တုန်တုန်ယင်ယင် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုနေ ပြောရင်တော့ တစ်မျိုးပေါ့လေ။ ဟိုတုန်းကတော့လည်း ကိုယ့်ဟာကိုယ် မှန်တယ် ထင်လို့ လုပ်ခဲ့တာပဲ"

"ဒါဖြင့် ခုတော့ကော"

မာရီက အဘွားကြီးကို မျက်လုံးချင်း ဆိုင်ပြီး မေးလိုက်သည်။

"ခုတော့ကော၊ မိုက်ကယ် ပျော်နေရဲ့လား။ ကျွန်မနဲ့ ခွဲရကျိုးကော နပ်ရဲ့လား မစွက်ဖက်ဘဲ ဟီးလ်ယဒ်။ ရှင့် စီမံချက်တွေကော အောင်အောင်မြင်မြင်ပဲလား"

စိတ်ကို မနည်း ထိန်းထားရသည်။ သူ့ ဝတ်ကောင်း စားလှတွေကို ဆောင့်ဆွဲပစ်လိုက်ချင်သည်။ ပုလဲပုတီးကို ဆွဲပြီး ပါးတွေ နားတွေကို ရိုက်ပစ်လိုက်ချင်သည်။

"မဟုတ်ဘူး မာရီ။ မိုက်ကယ်လည်း မင်းလိုပဲ။ မင်းတို့ နှစ်ယောက်စလုံး ကိုယ့်ဘဝကိုယ် ကြုံသလို ဆက်လျှောက်သွားကြမယ်လို့ ငါထင်ခဲ့တာ။ မိုက်ကယ်က အရင်ဘဝဟောင်းမှာပဲ နေတယ်။ ဘာကိုမှလည်း စိတ်မဝင်စားတော့ဘူး။ မင်း ကြည့်ရတာလည်း ဒီအတိုင်းပဲ။ တစ်ကိုယ်ရေ တကာယပဲလို့ ငါထင်တယ်။ မေးတော့ မမေးကောင်းဘူးပေါ့လေ"

"ဟုတ်ပါတယ်၊ ကျွန်မ ဒီအတိုင်းပါပဲ။ မိုက်ကယ်ကော ဟင်။ လက်မထပ်သေးဘူးလား"

မေးပြီးမှ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိပြန်သည်။ ခေါင်းခါလိုက်ပါစေလို့လည်း ဆုတောင်းနေမိသည်။

မာရီယံ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် မာရီ၊ သူ လက်ထပ်လိုက်တယ်"

မာရီယံသည် ခက်ရာခက်ဆစ် အသက် ရှူလိုက်ရ၏။

"သူ့ အလုပ်နဲ့သူ လက်ထပ်လိုက်တာလေ။ စားတယ်၊ အိပ်တယ်၊ အသက်ရှူတယ်။ ဒါပေမဲ့ သူ့မှာ ဘာခံစားချက်မှ မရှိတော့ဘူး။ အမေနဲ့လည်း မနေတော့ဘူးလေ"

မိစ္ဆာမကြီး။ စိတ်ထဲက ကျိတ်ပြီး ဆဲလိုက်သည်။

"ဒါဆို ခု ရှင် နားလည်ပြီပေါ့နော်။ ရှင် မှားမှန်း သိပြီ မဟုတ်လား ကျွန်မတို့ ဘယ်လောက် ချစ်ကြတယ် ဆိုတာ"

ရှေ့ဆက် မပြောနိုင်တော့။ မျက်နှာ၊ မျက်နှာ တစ်ခု အတွက်။





"ငါ နားလည်ပါတယ်လေ။ ဟိုတုန်းကတော့ ပြီးတော့လည်း ပြီးသွားမှာပဲလို့ ထင်ခဲ့တာကိုး"

"ခုတော့ကော"

"ထားပါတော့လေ၊ မင်းကိုတော့ သူ တစ်ခါမှ မမေးတော့ဘူး"

"သူ ကျွန်မကို ရှာသေးလားဟင်"

မာရီယံ ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"ဟင့်အင်း"

မိုက်ကယ် မရှာခြင်း၏ အကြောင်းရင်းကိုတော့ မာရီယံ မပြော။ မိုက်ကယ်က နန်စီ သေသွားပြီဟုပင် ယုံကြည်နေကြောင်း ထည့်မပြောလိုက်။ ယင်း မုသားတစ်ခုအတွက် မာရီယံ ခံနေရသည်မှာ မသက်သာလှပါ။ အမြဲတမ်း ရင်လေးနေခဲ့သည် မဟုတ်လား။ ကလေးမ၏ မျက်နှာတွင် အမုန်းရိပ်တွေ လွှမ်းမိုးလာပြန်သည်။

"ကဲ... ထားပါတော့။ ခု ကျွန်မနဲ့ တွေ့တဲ့ ကိစ္စက ကြည့်ရုံတင်ပဲလား။ ကျွန်မ ခုတ်ပုံတွေကို ကြည့်ချင်တယ် ဆိုတာကော တကယ်ပဲလား"

"ငါ့ကိုယ်ငါ သိပ်မသေချာဘူး နန်စီ... အဲလေ... မာရီ။ တွေ့ကို တွေ့ချင်တာနဲ့ ကြိုးစားပြီးလာခဲ့တာ။ မင်း ကိစ္စ ဘယ်လို ပြီးသွားတယ် ဆိုတာလဲ သိချင်တယ်လေ။ ပြောရရင်တော့ မကောင်းဘူး။ ငါလည်း သိပ်ကြာကြာ နေရတော့မယ်လို့ ငါ့ကိုယ်ငါ မထင်ဘူး မာရီ"

စိတ်ခုတ်ကျနေပုံဖြင့် မာရီကို ကြည့်ပြီး ပြောနေ၏။ ပြီးတော့ ပြောမိသည့်အတွက် သူ့ ကိုယ်သူ စိတ်အနှောင့်အယှက် ဖြစ်နေပြန်သည်။ မာရီကတော့ တုန့်မလှုပ်။ အတန်ကြာမှ သူ့ ပင်ကို အသံဖြင့် ခပ်တိုးတိုး ပြောသည်။

"ကြားရတာ ကျွန်မ စိတ်မကောင်းပါဘူး မစ္စက်ဟီးလ်ယဒ်။ ဒါပေမဲ့ ကျွန်မက လွန်ခဲ့တဲ့ နှစ်နှစ်လောက် ကတည်းက သေခဲ့ရတာပါ။ ဟိုတုန်းကတော့ တစ် ယောက်တည်း သေခဲ့တယ် ထင်မိတယ်။ ခုမှ ရှင့် သားပါ ကျွန်မနဲ့ အတူတူ သေခဲ့ရတယ် ဆိုတာ သိရတယ်။ ရှင့် လက်ချက်လေ၊ မစ္စက်ဟီးလ်ယဒ်။ ဒီတော့ ကျွန်မ ရိုးရိုးသားသား ပြောရရင် ရှင့်ကို သိပ်ပြီး စာနာစိတ်၊ ကြင်နာစိတ် ဖြစ်မိဘူး။ ရှင့် ကျေးဇူးတွေကတော့ ကြီးမားလှပါတယ်။ ယောကျ်ားတွေဆို ကျွန်မကို မြင်ရင် လန့်မပြေးတော့ဘဲ အမြတ်တနိုး ဝိုင်းကြည့်ကြတယ်။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြီးမားတဲ့ ကျေးဇူးတွေလဲ။ ဒါပေမဲ့ ကျွန်မ ကျေးဇူးမတင်ချင်ဘူး ရှင်ဟာ ကျွန်မကိုတင်မကဘူး မိုက်ကယ့် ဘဝကိုပါ ဖျက်ဆီးပစ်ခဲ့တာပဲ”

မာရီယံ တုံ့ပြန်စကား မဆိုဘဲ ခေါင်းညိတ်သည်။ ကလေးမ၏ တိုက်ခိုက်မှု ကို အကာအကွယ်မဲ့ ကျိတ်ခံနေရသည်။ ဒါတွေကို မာရီယံ နားလည်သည်လေ။ တစ်ယောက်တည်း ကျိတ်ပြီး နားလည်ခဲ့သည်လေ။ မိုက်ကယ်ကို ကြည့်ပြီး နားလည်ခဲ့သည် မဟုတ်လား။

“ငါတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွယ်”

“အကောင်းဆုံးကတော့ နှုတ်ဆက်စကား ပြောကြတာ အကောင်းဆုံးပဲ မစ္စက်ဟီးလ်ယဒ်”

မာရီက ပြောပြောဆိုဆို ကုတ်အင်္ကျီနှင့် လက်ဆွဲအိတ်ကို ကောက်ယူပြီး တံခါးဆီသို့ ထသွားသည်။ တံခါးလက်ကိုင် ဘုကို ကိုင်ကာ ခဏ ရပ်ပြီး မာရီယံ ကို ပြန်ကြည့်၏။ ခေါင်းကို မသိမသာ ညွှတ်၍ နှုတ်ဆက်တော့ မျက်ရည်တွေ သွင်သွင် စီးကျလာသည်။ မာရီယံ့ မျက်နှာတွင်လည်း မျက်ရည်တွေ လျှံကျလာ နေသည်ကို လှမ်းမြင်နေရ၏။ အဘွားကြီးသည် လုံးဝ စကား ပြောနိုင်အား မရှိတော့ သလို စိတ်ဝေဒနာ အပြင်းအထန် ခံစားနေရချိန်တွင် မိန်းကလေးက ပင့်သက် ရှိုက်ပြီး နှုတ်ဆက် စကား ဆိုသည်။

“သွားပါဦးမယ် မစ္စက်ဟီးလ်ယဒ်။ မိုက်ကယ့်ကို ပြောပါ။ ကျွန်မ မေတ္တာ ပို့လျက်ပါလို့”

တံခါးကို ညင်သာစွာ ပိတ်ပြီး ထွက်သွားသည်။ မာရီယံသည် ကျောက်ဆစ် ရုပ် တစ်ခုနှယ် ပကတိ ငြိမ်သက်စွာ ထိုင်နေ၏။ သူ့ အသည်းတွေ တစ်စစီ တစ်စစီ ကြေနေသလို နာနာကြည်းကြည်း ခံစားနေရ၏။ ရင်တွေ လေးလာသည် အသက် ရှူ၍ မဝတော့။ အစေခံ ခေါ်သည့် ခလုတ် ရှိရာသို့ ဒယီးဒယိုင် လျှောက် သွားရင်း လဲကျသွားသည်။ သို့သော် လုံးဝ သတိလစ်မသွားမီ ခလုတ်ကို နှိပ်လိုက် နိုင်သေး၏။

* * *

# ၂၃

တိတ်ဆိတ် ငြိမ်သက်နေသည့် ဆေးရုံဝရန်တာ တစ်လျှောက်တွင် သူ့ ခြေသံသည် ပဲ့တင်ထပ်သွား၏။ သူ့ ခြေလှမ်းတွေက မပြေးရုံ တစ်မည်။ ဘာ့ကြောင့် သူ တစ်ယောက်တည်း ရွေးခေါ်ပါလိမ့်။ နှစ်တွေ ဘယ်လောက် ကြာ၍ အခြေအနေ တွေ ဘယ်လို ပြောင်းပြောင်း မာရီယံ တစ်ယောက်ကတော့ မပြောင်းသေးပါလား။ နှုတ်တရွက် နိုင်မြဲ။ အပေါ်စီးက နေမြဲ။ တံခါးကို ဖွဖွကလေး ခေါက်လိုက်တော့ သူနာပြုမလေး ဆရာမကလေး တစ်ယောက်က ဖွင့်ပေးသည်။ သူ့ကို စူးစမ်းသည့် ချက်လုံးများဖြင့် ကြည့်သည်။

“ဒါ မစ္စက်ဟီးလ်ယဒ်ရဲ့ အခန်းပါလား၊ ကျုပ် ဂျော့ကဲလိုးဝေး ပါ”

သူ့ ကိုကြည့်ရသည်မှာ စိတ်ရောကိုယ်ပါ ပင်ပန်း နွမ်းနယ်လာပုံ။ မာရီယံ လုပ်ပုံတွေက ရဲတင်းလွန်းလှသည်။ တစ်ကိုယ်တော် ဆန်လွန်းလှသည်။ သည် အကြောင်း မိုက်ကယ်ကိုလည်း ပြောခဲ့ပြီ။ ခုလည်း ပွင့်ပွင့် လင်းလင်း ဝေဖန်ရဦး ည်။ ရောက်ရောက်ချင်းကို ပြောရမည်။

သူနာပြု ဆရာမကလေးက ပြုံးပြီး

“ဟုတ်ကဲ့ မစ္စတာကဲလိုးဝေး။ ကျွန်မတို့ မျှော်နေကြတာပါ”

မာရီယံကို ၆ နာရီခွဲတွင် ဆေးရုံတင်သည်။ ဂျော့က ဆန်ဖရန်စစ္စကိုမှ ည ၁၁ နာရီတွင် အရောက်လာနိုင်ခဲ့သည်။ ဆေးရုံရောက်ချိန်တွင် ည ၁၂ နာရီ သာရှိသေး၏။ နယူးယောက်မှ ဆန်ဖရန်စစ္စကို ခရီးကို သည်အချိန်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



အရောက်လာ နိုင်သည် ဆိုသည်မှာ ယုံနိုင်စရာ ပင်မရှိ။ ဂျော့၏ လျှင်မြန်မှု အသိအမှတ် ပြုသည့်အနေဖြင့် မာရီယံက ပြုံးပြသည်။ သူနာပြု ဆရာမက ဂျော့ကို အခန်းထဲသို့ ပို့ပေးပြီး အပြင်သို့ တိတ်တိတ်ကလေး ထွက်သွားသည်။

"ဟဲလို ဂျော့"

"ဟဲလို မာရီယံ၊ ဘယ့်နှယ် နေသေးလဲ ဟင်"

"ပင်ပန်းတယ် ဂျော့။ ဒါပေမဲ့ ဆရာဝန်တွေ အဆိုအရတော့ မသေနိုင်သေး ပါဘူး။ ဒီတစ်ခါဖြစ်တာ သိပ်ပြင်းပြင်း ထန်ထန် မဟုတ်ပါဘူး"

"ဒီတစ်ခါ ဟုတ်လား။ နောက်တစ်ခါ ဆိုရင် ကော"

ဂျော့၏ အမူအရာမှာ စိတ်တိုနေသည့် ခြင်္သေ့ တစ်ကောင်နှင့် တူနေ ခါတိုင်းလို နမ်းပြီး နှုတ်ဆက် ဖော်ပင်မရ။ ပြောချင်သည့် စကားတွေသည် ရင်ထဲတွင် ပြည့်လျှံ နေပုံရ၏။

"နောက်တစ်ခါ ကျတော့လည်း နောက်တစ်ခါ အလျောက်ပေါ့ ဂျော့ရယ် ခုတော့ အနားမှာ လာထိုင်ပါဦး။ ဂျော့ကိုကြည့်ပြီး ကိုယ်တောင် စိတ်လှုပ်ရှား လာပြီ။ ဘာစားမလဲ ဟင်။ ဆရာမကို သားညှပ် မုန့်တွေ ချန်ထားခိုင်းတ စားတော့ မလား"

"မစားချင်ပါဘူး။ စားလည်း မစားနိုင်ပါဘူး"

"ကဲ... ကဲ တော်ပါတော့ ဂျော့ရယ်။ ဘာလို့ ဒါလောက် စိတ်ပူနေရတာ လဲ။ တစ်ခါမှ ဂျော့ ဒီလိုဖြစ်တာ မတွေ့ဖူးပါဘူး။ ဒီလို မလုပ်စမ်းပါနဲ့ကွယ်"

"မာရီယံ ကိုယ့်ကို ဟိုလိုမလုပ်နဲ့ ဒီလိုမလုပ်နဲ့ မပြောခင် ကိုယ်ကပြော အဲဒီလိုပြောရလိမ့်မယ် မာရီယံ၊ မာရီယံ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အော လုပ်နေတာ ကြာပြီ။ ကိုယ်ဒီအတိုင်း ကြည့်နေ ခဲ့ရတယ်။ ကိုယ်နောက်ထ သည်း မခံနိုင်တော့ဘူး မာရီယံ"

မာရီယံ အိပ်ရာပေါ်မှ ပြုံးပြသည်။

"အနားယူနိုင်းဦးမလို့ မဟုတ်လား"

မာရီယံက ခပ်ပေ့ါပေ့ါ ပြောလိုက်သည်။ သို့သော် ဂျော့၏ မျက်နှာ အမူအရ က တည်ငြိမ် လေးနက်လျက်။

"ဟုတ်တယ် မာရီယံ၊ နားဖို့ကို ပြောမလို့ပဲ"

သူ လှိုက်လှိုက်လှဲလှဲ ပြောနေကြောင်း မာရီယံ နားလည်လိုက်၏။





"အို မဟုတ်တာ ဂျော့ကလဲ။ အဓိပ္ပာယ်မရှိ"

အကြောက်အကန် ပြော၍သာ ပြောနေရသည်၊ သည်တစ်ကြိမ် ဂျော့ကို နိုင်ယူနိုင်ပါဦးမည်လား မသိ။ မာရီယံ အိပ်ရာပေါ်တွင် ထထိုင်လိုက်၏။ တော့ ရင်ခုန်ခုန်နှင့် ပြုံးလိုက်သည်။

"မရဘူး မာရီယံ။ သည်တစ်ခါ ကိုယ် သေသေချာချာ စဉ်းစဉ်းစားစား ဖြတ် ပြီးပြီ။ အနှစ် နှစ်ဆယ် အတွင်း ကိုယ့်ရဲ့ ပထမဆုံး ကိုယ်ပိုင် ဆုံးဖြတ် က်ပါ မာရီယံ။ မင်း တစ်ယောက်တည်း မဟုတ်ဘူး။ တို့နှစ်ယောက်စလုံး နားယူကြမယ်။ မိုက်ကယ်နဲ့လည်း ဆွေးနွေးပြီးပြီ။ သူ ကိုယ့်ကို လေယာဉ်ကွင်း ထိ လိုက်ပို့တယ်။ တို့နှစ်ယောက် အပြတ် ဆွေးနွေး ခဲ့ပြီးပြီ။ မင်း ဒီတစ်ခါ ယ်လို ငြင်းလို့မှ မရတော့ဘူး"

"ရှင်တို့ တစ်ဖွေ ရူးနေကြပြီလား ဂျော့။ ဟင်၊ ရူးနေကြပြီလား"

မာရီယံ အိပ်ရာပေါ်တွင် ထိုင်လျက်က ဂျော့ကို ဒေါသ တကြီး လှမ်းကြည့် သည်။

"ကျုပ်က အနားယူပြီး ဘာလုပ်နေရမှာလဲ၊ တီတီကျကျ ပြောကြစမ်းပါဦး။ ထိုး ပန်းထိုး လုပ်နေရမှာလား"

"အဲဒါ မာရီယံ အတွက် အကောင်းဆုံးပါပဲ။ ဒါပေမဲ့ ဇာတွေ ပန်းတွေကို က်မှထိုး။ ပထမဆုံး လုပ်ရမယ့်အလုပ်က ကိုယ်တို့ အမြန်ဆုံး လက်ထပ်ဖို့ပဲ။ ဒ်နောက်မှ ကြိုက်တာလုပ်။ ဒါပေမဲ့ အလုပ်တော့ လုံးဝ ပြန်မလုပ်ရတော့ဘူး။ င်းရဲ့လား မစ္စက်ဟီးလ်ယဒ်"

ဂျော့က ခပ်တင်းတင်း ရာဇသံပေးလိုက်သည်။

"ဂျော့၊ ရှင် ကျွန်မကို လက်ထပ်ခွင့်ကလေးတောင်မှ မတောင်းတော့ဘူး ပဲလေ။ ဇကန္တ မိုက်ကယ့်ဆီက အမိန့်နဲ့ လာခဲ့တယ် ထင်တယ်၊ ဟုတ်လား"

သို့သော် မာရီယံ့ အသံတွင် ဒေါသမပါ။ ကြေကွဲနေပုံ၊ စိတ်လက် ဆုံ့ပါးနေ နားဖို့ လိုအပ်နေသည်မှာ ကြာပြီ ဖြစ်ကြောင်း သူ နားလည်ပါသည်။ သူ မ်းမာရေး အခြေအနေကိုလည်း သူ ပိုပြီး နားလည်လာသည်။ မာရီနှင့် တွေ့ပြီးမှ နားလည်လာခြင်း ဖြစ်သည်။

"မိုက်ကယ်က တို့နှစ်ယောက်ကို ဆုမွန်ကောင်း တောင်းပေးပါမယ်တဲ့။ က်ထပ်ခွင့်က တောင်းဖို့ လိုသေးလို့လားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျော့၏ အသံမှာ နူးညံ့ သိမ်မွေ့လာသည်။ ခုတင်ဆီသို့ လျှောက်လာပြီး မာရီယံ့လက်ကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်သည်။

"ခွင့်တောင်း ရဦးမယ်၊ ဟုတ်လား။ ကဲ ကိုယ့်ကို လက်ထပ်ခွင့် ပေးပါတော့ မာရီယံရယ်"

တစ်ချိန်လုံး မျိုသိပ်ခဲ့ရသည့် စကားလုံးများ။ ပြောချင်လွန်းခဲ့သည့် စကားလုံးများ။ လေယာဉ်ကွင်းသို့ အလာတွင် မိုက်ကယ်နှင့် မရွှံ့မရဲ တိုင်ပင်တော့ မိုက်ကယ် ပြောပုံက တစ်မျိုးကြီး။ အခမ်းအနား လုပ်ဖို့ပဲ လိုတော့တာ မဟုတ်လားတဲ့။ ပြီးပြီးသား ကိစ္စတစ်ခုကို တရားဝင်အောင် လုပ်ယူသည့် ကိစ္စတစ်ခု လိုလို။ ဘာပဲဖြစ်ဖြစ် မိုက်ကယ်ပြောပုံကြောင့် ဂျော့ အားတက်ရသည်တော့ အမှန်။

"ဘယ်လိုလဲ မာရီယံ၊ ကိုယ့်ကို လက်ထပ်ခွင့် ပေးမှာလား ဟင်"

ဂျော့က မာရီယံ၏ လက်ကို မလွှတ်သေးဘဲ အဖြေ တောင်းနေသည်။

မာရီယံ နှမ်းလျစွာ ခေါင်းညိတ်သည်။ ပြုံးသည်၊ သူ့အပြုံးက နောင်တ... လိုလို။

"လက်ထပ်ဖို့ စဉ်းစားသင့်တာ ကြာပြီနော် ဂျော့"

မာရီယံ့ ရင်ထဲတွင် ပြောစရာတစ်ခု ကျန်နေပါသေးသည်။ ပြောသင့် မပြော... သင့်ကို စဉ်းစားနေမိ၏။ ပြောဖို့ကတော့ သည်အချိန်သည် အသင့်ဆုံး အချိန်...

"စဉ်းစားခဲ့ပါတယ် မာရီယံရယ်... စဉ်းစားခဲ့ပါတယ်။ ငြင်းပယ်မှာ စိုး... ကိုယ်မပြောရဲလို့ မျိုသိပ် နေခဲ့ရတာပါ"

"မာရီယံ သိပ်မှားခဲ့တယ်နော်။ သြော် ဂျော့ရယ်"

သက်ပြင်း ရှည်ကြီး တစ်ချက်ချပြီး ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်သည်။

"ကိုယ့် ဘဝမှာ အမိုက်မှားဆုံး ပြစ်မှုကြီး တစ်ခုကို ကိုယ်ကျူးလွန် ခဲ့မိတယ် ဂျော့"

နေ့လယ်ပိုင်းက ခံစားခဲ့ရသည့် တုန်လှုပ်ဖွယ် ဝေဒနာရိပ်တွေ သူ့မျက်နှာ... တွင် ပြန်ပေါ်လာသည်။ ဂျော့က မာရီယံကို စိတ်မသက်သာစွာ စောင့်ကြည့်နေ... ၏။

"ဘာတွေ လျှောက်ပြောနေတာလဲ မာရီယံ။ မင့်လောက် နူးနူးညံ့ညံ့ ရိုးရိုး... လုပ်တတ်မဲ့ မိန်းမမျိုး ကိုယ် မတွေ့ဖူးသေးပါဘူး မာရီယံရယ်"





မာရီယံ၏ လက်ကို ယုယုယယ ဆုပ်ကိုင်၍ မပြတ်တမ်း ပွတ်သပ်ပေးနေသည်။ သည်လို ယုယခွင့် ရဖို့ကိုလည်း နှစ်ကာလများစွာ စောင့်ခဲ့ရသည် မဟုတ်လား။

"အဓိပ္ပာယ် မရှိတာတွေ လျှောက်တွေးပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲ မနေစမ်းပါနဲ့ မာရီယံရယ်"

မာရီယံ အိပ်ရာပေါ်တွင် မတ်မတ်ထိုင်လိုက်သည်။ ဂျော့၏ မျက်နှာကို စိန်းစိန်း ကြည့်နေသည်။ ဂျော့ ကိုင်ထားသည့် သူ့လက်တွေ အေးစက် တောင့်တင်းလာသည်။

"အဲ့ဒီ အဓိပ္ပာယ် မရှိဆိုတဲ့ ကိစ္စက လူတွေရဲ့ ဘဝကို ဖျက်ဆီး ပစ်လိုက်တယ် ဆိုရင်ကော၊ အဲဒီလိုဆိုရင် အဲဒီကိစ္စမျိုးကို မေ့မေ့ ပျောက်ပျောက် နေထိုက်ပါ့လား ဂျော့"

"ဘာ ဘာ၊ လူတွေရဲ့ ဘဝတွေကို ဖျက်ဆီးခဲ့တယ် ဟုတ်လား"

ဂျော့ စိတ်ရှုပ်သွားသည်။ မာရီယံကို ဆရာဝန်က ဘာဆေးတွေများ တိုက်ထားပါလိမ့်။ သူပြောနေသည့် စကားတွေ မှုမမှန်တော့ပါတကား။

မာရီယံ ခေါင်းအုံးတွေပေါ်တွင် ပြန်မှီ ချလိုက်၏။ မျက်လုံးတွေ မှိတ်ထားသည်။

"ဂျော့ နားလည်မှာ မဟုတ်ပါဘူး ကွယ်"

"ဘယ်လို လုပ်ပြီး ကိုယ် နားလည်နိုင်မလဲ မာရီယံရယ်"

အလင်းရောင် မှုန်ပျပျသာ ရှိသော အခန်းထဲတွင် ဂျော့၏ အသံမှာ တိုးညင် သိမ်မွေ့လျက်။

"ဖြစ်ကြောင်းကုန်စင်ကို သိရင် နားလည်မှာပါ။ အဲဒီအခါ ဂျော့ ကိုယ့်ကို လက်ထပ်ချင်မှာတောင် မဟုတ်တော့ဘူး"

"အို အဓိပ္ပာယ် မရှိ။ မင်းစိတ်ထဲမှ ဒါလောက် အနှောင့်အယှက် ဖြစ်နေတဲ့ ကိစ္စမျိုး ဆိုရင်တော့လည်း ကိုယ် သိခွင့်ရှိတယ် ထင်တယ် မာရီယံ။ ပြောစမ်းပါဦး ကွယ်၊ ဘာများလဲ"

ဂျော့က မာရီယံ၏ လက်ကို ကိုင်ထားဆဲ။ မာရီယံ မျက်လုံးတွေ ဖွင့်ကြည့်သည်။ ပြီးတော့ စကားမပြောခင် ဂျော့ကို အကြာကြီး စိုက်ကြည့်နေသည်။

"ပြောလို့ဖြစ်ပါ့မလား မသိပါဘူး ဂျော့ရယ်"

www.burmeseclassic.com



"ဘာဖြစ်လို့။ ကိုယ်တော့ မစဉ်းစားတတ်အောင်ပဲ မာရီယံ။ မာရီ၏ အကြောင်းကို ကိုယ် ချေးခါးအူမ သိတ'ယ်ထင်ခဲ့တာ"

နှစ်ပေါင်းများစွာ သူတို့နှစ်ယောက် ပွင့်ပွင့် လင်းလင်း တိုင်တိုင် ပင်ပင် ရှိခဲ့ကြသည် မဟုတ်လား။

"ဒီနေ့ သောက်တဲ့ဆေးတွေကြောင့်များ စိတ် ဂယောက် ဂယက် ဖြစ်နေ လားလို့ ကိုယ်တော့ တွေးပူစပြုနေပြီ မာရီယံ"

"ဒီနေ့ သောက်တဲ့ဆေးတွေကြောင့် မဟုတ်ပါဘူး ဂျော့ရယ်။ ဒီနေ့ ရင်ဆိုင် လိုက်ရတဲ့ အမှန်တရားကြောင့်ပါ"

မာရီယံ လေသံတစ်မျိုး ဖြစ်လာသည်။ တစ်ခါမှ မကြားဖူးသည့် အသံမျိုး သူ့ကို ငုံ့ကြည့်လိုက်တော့ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ အပြည့်။ ပန်းစွန်း သိုင်းဖက်ပြီး ထွေးပွေ့ နှစ်သိမ့် လိုက်ချင်ပါသည်။ သို့သော် သူ့တွင် အရေးတကြီး ပြောစရာတွေ ရှိနေကြောင်းသိ၍ အသာ ငြိမ်နေလိုက်ရသည်။ ဘုရား၊ ဘုရား သည့်နှစ်တွေ တစ်လျှောက်လုံး သူမသိဘဲ မာရီယံ တစ်ယောက်ယောက်နှင့်များ ဖြစ်နေခဲ့လို့လား။ သည် အတွေးကြောင့် ဂျော့ အထိတ်တလန့် ဖြစ်သွားသော် ဖြစ်ခဲ့သည့်တိုင်အောင်လည်း ဂျော့က ခွင့်လွှတ်မည်သာ ဖြစ်ပါသည်။ ကိုယ်က မြတ်မြတ်နိုးနိုး ချစ်ခဲ့မိပြီကိုး။ ကြာတောင့်ကြာရှည် စောင့်ခဲ့ရသည့် အခွင့်အရေး ရလာပြီးမှတော့ ဘယ်သူ ဖျက်ဖျက် မပျက်စေနိုင်တော့။

"ဒီနေ့ ဘာတွေဖြစ်လို့လဲ ဟင်၊ ပြောပါဦး မာရီယံရယ်"

ဂျော့က မာရီယံကို အနီးကပ် စိုက်ကြည့်ပြီး အဖြေကို စောင့်နေသည်။ သို့ရာတွင် မာရီယံ ဘာမျှမပြောသေးဘဲ မျက်လုံးတွေကို မှေးမိတ်လိုက်ပြန်သည်။ မျက်ရည်ဥတွေ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာသည်။ အတန်ကြာမှ ခေါင်းညိတ်သည်။ ပြီးတော့ တိုးတိုးကလေး ပြောသည်။

"ဟုတ်တယ် ဂျော့။ ဒီနေ့ ဖြစ်တာ"

"ဟုတ်လား။ ကဲ ဒါဖြင့် ခုကောင်းကောင်း နားလိုက်။ အဲဒီကိစ္စ ခဏ မေ့ထားလိုက်ကြရအောင်"

နောက်တစ်ကြိမ် ဗုန်းဗုန်းလဲမည်ကို ဂျော့ စိုးရိမ် ထိတ်လန့်စ ပြုလာပြီ။

"ကောင်မလေးကို ဒီနေ့ တွေ့တယ်"

"ကောင်မလေး ဟုတ်လား။ ဘယ်က ကောင်မလေးလဲ"





ဒုက္ခပါပဲ။ မာရီယံတစ်ယောက် ဘာတွေ ပြောနေပါလိမ့်။

"မိုက်ကယ်နဲ့ ဖြစ်တဲ့ ကောင်မလေး လေ"

မျက်ရည်စတွေ ခြောက်စပြုသွားပြီ။ မတ်မတ်ထိုင်လိုက်ပြီး ဂျော့ကို တည့်တည့် ကြည့်လိုက်ပြန်သည်။

"မိုက်ကယ်တို့ ကားတိုက်မှု ဖြစ်တဲ့နေ့ကို မှတ်မိလား။ မိုက်ကယ် နယူး ယောက်ကို ပြေးလာပြီး ကိုယ်နဲ့ စကားများကြတဲ့ ည လေ။ သူ ဒေါပွပြီး အခန်းထဲက ထွက်သွားတာလေ။ အဲဒီတုန်းက ကောင်မလေးကို သူလက်ထပ် တော့မယ့် အကြောင်း လာပြောတာ။ ဒီတော့ ကိုယ်က ဟို... ကောင်မလေးရဲ့ ကိုယ်ရေးရာဇဝင်ကို ပြလိုက်တယ်"

မာရီယံ၏ မျက်လုံးထဲတွင် မဝေးသေးသော အတိတ်ကို မြင်ယောင်လာပြီး ပြောနေရင်း အသံ တိမ်ဝင်သွားသည်။ ဂျော့က မျက်မှောင်ကြုတ်လိုက်သည်။ ဟုတ်ပြီ။ ဆရာဝန်တွေ ဘာဆေးများ တိုက်လိုက်သည် မသိ။ မာရီယံ စိတ်မမှန် တော့သည်မှာ သေချာနေပြီ။ ကောင်မလေးက ကားတိုက်သည့် ဒဏ်ရာတွေဖြင့် သေဆုံးခဲ့ပြီ မဟုတ်လား။

"ဪ မာရီယံရယ်၊ သတိထားပါကွယ်။ ကောင်မလေး အဲဒီမနက်ပဲ သေသွားပြီလေကွယ်"

မာရီယံ ခေါင်းကို သွက်သွက်ခါအောင် ယမ်းသည်။ မျက်လုံးတွေက ဂျော့ ထံမှ မခွာ။

"မဟုတ်ဘူး ဂျော့။ သူ မသေဘူး။ သူ မသေတာ ဝစ်ဖီးနဲ့ ကိုယ်ပဲ သိတယ် လေ။ သူ့ မျက်နှာ တစ်ခုလုံးတော့ ရစရာမရှိအောင် ပျက်စီးသွားတယ်။ မျက်လုံးနှစ် လုံးပဲ အကောင်းပကတိ ကျန်တယ် ဂျော့"

ဂျော့က မာရီယံကို စူးစူးစိုက်စိုက်ကြည့်ပြီး နားထောင်နေသည်။ မာရီယံ အကြီးအကျယ် စိတ်ထိခိုက်ပြီး တုန်လှုပ် ချောက်ချားနေသည်တော့ အမှန်။ သို့သော် စိတ်ဖောက်ပြန်နေခြင်း မဟုတ်သည်မှာလည်း သေချာသည်။ သူ့ အမှန် အတိုင်း ပြောနေသည်ဟု ဂျော့ ယုံကြည်လာသည်။

"အဲဒီ အခင်းဖြစ်တဲ့ညက ကိုယ်သူ့ အခန်းထဲ ရောက်သွားတယ် ဂျော့။ အဲဒီမှာ သူနဲ့ အပေးအယူ တစ်ခုလုပ်ပြီး အစီအစဉ် တစ်ခု ဆွဲလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ ငြိမ်ငြိမ်ကလေး စောင့်ကြည့်နေသည်။ မာရီယံသည် ပြင်းထန် သည့် ဝေဒနာတစ်ခုကို ကျိတ်မှိတ် ခံစားနေရသလို မျက်လုံးတွေကို မှိတ်လိုက်ပြန် သည်။ ဂျော့က သူ့လက်ကို ခပ်တင်းတင်းဆုပ်ပြီး

"မာရီယံ... မာရီယံ... ဘယ်လိုနေလဲ ဟင်"

မာရီယံ မျက်လုံး ဖွင့်ကြည့်နေသည်။ အသာအယာ ခေါင်းညိတ်သည်။

"ဘာမှ မဖြစ်ပါဘူး။ ဂျော့ကို ဒီအကြောင်း ပြောပြီးရင် ကိုယ့်ရင်ထဲမှာ ရှင်းသွားမှာပါ။ အပေးအယူ လုပ်တဲ့ ကိစ္စက ဒီလိုလေ။ တည့်တည့် ပြောရရင်တော့ သူ့မျက်နှာနဲ့ မိုက်ကယ်နဲ့ လဲဖို့ ကိစ္စပဲ။ ဝစ်ဖီးက အသား အစားထိုး ကုတဲ့နေရာမှာ သိပ်တော်တဲ့ ဆရာဝန်တစ်ယောက်ကို သိတယ်၊ ငွေတော့ ကြောက်ခမန်းလိလိ ကုန်မယ်။ ဒါပေမဲ့ အဲဒီဆရာဝန်က သူ့မျက်နှာကို အကောင်းပြန်ဖြစ်အောင် လုပ်ပေးနိုင်တယ်တဲ့။ ဒီတော့ ကိုယ်က ကောင်မလေးကို ပြောတယ်၊ သူ့ မျက်နှာကို အကောင်းပကတိ ပြန်ဖြစ်အောင်၊ ဘဝသစ်တစ်ခုမှာ လူသစ်အဖြစ် နေနိုင်အောင် စီစဉ်ပေးမယ်လို့။ အဲဒီအတွက် သူ့ဘက်က လိုက်နာရမှာက မိုက်ကယ်နဲ့ ဘယ်တော့မှ မတွေ့ဖို့ဘဲ ဂျော့"

"ဒါကို သူက သဘောတူတယ်ပေါ့၊ ဟုတ်လား"

"တူတယ် ဂျော့"

မာရီယံ့ အသံ အနည်းငယ် မာလာသယောင်ယောင်။

"ဒါဆို မိုက်ကယ်ကို သူ တကယ်မချစ်လို့ပေါ့။ မင်းက သူ့အတွက် အကောင်းဆုံး စီစဉ်ပေးတာပဲ မာရီယံ။ တကယ့် မေတ္တာစစ်နဲ့ ချစ်ရင် သူတို့ နှစ်ယောက်စလုံး ဒါကို လက်မခံရဘူး"

"မဟုတ်သေးဘူးလေ၊ ဂျော့။ ဆုံးအောင် နားထောင်ဦး"

မာရီယံ့ အသံ အေးစက်လာသည်။ မာကျော လာသည်၊ သို့သော် သည် တစ်ကြိမ် စိတ်ဆိုးရသည်မှာ သူ့ကိုယ်သူ ဖြစ်၏။

"ဒီကိစ္စမှာ ကိုယ်မရိုးသားခဲ့ဘူး ဂျော့။ မိုက်ကယ်ကိုတော့ ကောင်မလေး သေသွားပြီလို့ ပြောထားခဲ့တာ။ မတတ်နိုင်ဘူးလေ၊ မိုက်ကယ်သိရင် ဘယ်လိုမှ ဒီအစီအစဉ် ဖြစ်မှာ မဟုတ်ဘူး။ သူ့ဘက်ကလည်း တခြားနည်းလမ်းမှ မရှိတော့ဟာ။ ဒီတော့ သဘော တူရတော့ တာပေါ့။ သူ့ ဘဝမှာ ဘာမှ မရှိတော့ ဘူးလေ။ ကိုယ်ဟာ ကယ်တင်ရှင်ပဲပေါ့ ဂျော့။ ဒါပေမဲ့ ဒီနေ့ သူပြောသွားသလို





ကိုယ်ဟာ ကယ်တင်ရှင် မဟုတ်ဘဲ မကောင်းဆိုးရွားမကြီး ဖြစ်နေတယ်။ ကမ္ဘာဖျက် မကောင်းဆိုးရွားမကြီးဟာ မာရီယံပဲ ဂျော့"

"မိုက်ကယ်က ပြောင်းလဲခဲ့ပြီပဲ။ သူ ဒီကိစ္စကို မေ့နေလောက်ပါပြီ။ ဒဏ်ရာ တွေလည်း ကျက်လောက်ပါပြီ။ ခုနေ သူတို့ ပြန်တွေ့ကြရင်လည်း အရင်အတိုင်း ပြန်ဖြစ်ချင်မှ ဖြစ်ကြတော့မှာပါ မာရီယံ"

ဂျော့က မာရီယံ စိတ်သက်သာရာ ရစေမည့် စကားလုံးများကို ရွေးပြောနေ သည်။ သို့သော် မာရီယံ ဘယ်ရွေ့ ဘယ်မျှ ခံစားနေရသည်ကိုတော့ ဂျော့ စာနာ နားလည်နိုင်ပါသည်။ သားကို ချစ်သည့် ဖေဖြင့် အလွန်ကြောက်မက်ဖွယ် ကောင်းသည့် လောင်းကစားနည်းကို မာရီယံ ကစားခဲ့ပါကလား။ လောင်းကြေး က မိုက်ကယ့် ဘဝ။

"ဟုတ်ပါတယ် မာရီယံ။ သူတို့ ဘဝတွေက တစ်မျိုးတမည် ဖြစ်ကုန်ပြီလေ။ ဘယ်လိုမှ ပြန်ဆက်စပ်လို့ မရနိုင်တော့ပါဘူး"

"အဲဒါ ဖြစ်နိုင်တယ် ဂျော့"

မာရီယံ သက်ပြင်းချပြီး နောက်သို့ မှီလိုက်ပြန်သည်။

"မိုက်ကယ့် ဘဝကို သူ့အလုပ်က ဝါးမျိုပစ်လိုက်ပြီ။ သူ့မှာ အချစ်ဆိုတာ မရှိတော့ဘူး။ အကြင်နာဆိုတာလည်း မရှိဘူး။ ဘာဆိုဘာမှ မရှိတော့ဘူး။ ဒါကို ကိုယ်အသိဆုံးပဲ ဂျော့၊ ပြီးတော့ ကောင်မလေး..."

နေ့ခင်းပိုင်းက မြင်ကွင်းတွေကို တရစ်ဝဲဝဲ မြင်ယောင်လာပြန်သည်။

"ကောင်မလေးက သိပ်ကို လှတဲ့ ကောင်မလေး ဖြစ်လာတယ်။ တကယ့် အထက်တန်းကျကျ လှတဲ့ အလှမျိုး။ ဒါပေမဲ့ သူ့မှာ နာကျည်း ရွံမုန်းမှုတွေ ခါးခါးသီး လွှမ်းမိုးနေတယ်။ သူတို့ နှစ်ယောက်စလုံးဟာ ဘဝတူတွေ မဟုတ် လား"

"အဲဒါတွေ အားလုံးအတွက် မင်းမှာ တာဝန်ရှိနေတယ်ဆိုပြီး မင်းစိတ်ဆင်းရဲ နေတယ်ပေါ့လေ၊ ဟုတ်လား"

"ဒါပေါ့ ဂျော့ရယ်။ ဂျော့လည်း အားလုံး ကြားပြီးပြီပဲ။ သူတို့ နှစ်ယောက် ကြားကို ဝင်လိုက်မိတာကိုက မှားပါတယ်လေ"

ပြောရင်း မျက်ရည်ကျလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှားရှိရင် အမှန်ရှိရမှာပေ့ါ။ ပျက်အစဉ် ပြင်ခဏပေ့ါ မာရီယံ။ လောလောဆယ် ကောင်မလေးကို ဘဝအသစ် တစ်ခု မင်း တည်ဆောက်ပေးပြီးပြီပဲ။ ဘဝမှ ပိုပြီး မြင့်မားကောင်းမွန်တဲ့ ဘဝမျိုး"

"အဲဒီအတွက် ကောင်မလေးဟာ သူ့ကိုယ်သူ မုန်းနေတာ ဂျော့"

"ဒါဆို အဲဒီလောက် မိုက်မဲတဲ့ မိန်းကလေး ဘယ်ရှိတော့မလဲ"

မာရီယံ ခေါင်းယမ်းသည်။

"မဟုတ်ဘူး ဂျော့။ သူ မှန်တယ်။ ကိုယ်က လုပ်ပိုင်ခွင့် မရှိတဲ့ အလုပ်ကို သွားလုပ်ခဲ့မိတာ။ ခုတော့ မိုက်ကယ့်ကို ဖွင့်ပြောဖို့လည်း မာရီယံ သတ္တိ မရှိတော့ဘူး ဂျော့ရယ်။ ဘာလုပ်ရမလဲ ဟင်"

မိုက်ကယ်ကို မပြောသည်ပင် ခပ်ကောင်းကောင်းဟု ဂျော့ တွေးလိုက်သည်။ မိုက်ကယ်၏ ပေါက်ကွဲမှုသည် မာရီယံအတွက် များစွာ အန္တရာယ် ဖြစ်နိုင်သည် မဟုတ်လား။ သည်အကြောင်းသာ ဖွင့်ပြောလိုက်လျှင် သူ့အမေကို မိုက်ကယ် ဘယ်သောအခါမျှ ခွင့်လွှတ်နိုင်တော့ မည်မဟုတ်။

"မပြောတာဘဲ ကောင်းပါတယ် မာရီယံရယ်။ ခုမှတော့ ပြောလည်း မထူးတော့ပါဘူး"

ဂျော့၏ မျက်လုံးများထဲတွင် စိုးရိမ်ထိတ်လန့်မှု အရိပ်အရောင်တွေကို လှမ်းမြင်လိုက်တော့ မာရီယံ ပြုံးသည်။

"စိတ်ချပါ ဂျော့ရယ်၊ ပြောလည်း မပြောရဲပါဘူး။ ဒါပေမဲ့ သူ့နည်းသူ့ဟန်နဲ့ တွေ့စေအောင် လုပ်ပေးမယ်။ သူ့မှာ သိခွင့်ရှိနေတယ် ဂျော့။ ကောင်မလေးဆိုက ဖြစ်ကြောင်း ကုန်စင်ကို သူ သိချင် သိနိုင်တယ်လေ။ ကောင်မလေးက လက်ခံရင်ပေ့ါ။ အဲဒီအခါ မာရီယံကို ခွင့်လွှတ်တန် ကောင်းပါတယ်နော် ဂျော့"

"သူတို့ နှစ်ယောက်ရဲ့ အချစ်တွေ ပြန်လည် ရှင်သန်လာမယ်လို့ ထင်သေးလား မာရီယံ။ ကောင်မလေးက မိုက်ကယ်ကို လက်ခံပါတော့မလား"

"မပြောနိုင်ဘူး ဂျော့။ မာရီယံကတော့ တတ်နိုင်သမျှ ကြိုးစားပေးရမှာပဲ"

"အင်း ဒုက္ခ ဒုက္ခ"

"ကိုယ်စခဲ့တဲ့ ဇာတ်လမ်းကိုး ဂျော့ရဲ့။ ကိုယ့်ဘာသာကိုယ်ပဲ နိဂုံးချုပ်ပေးရတော့မှာပေ့ါ။ တာဝန်လည်း ရှိတယ်လေ"





"နေပါဦး မာရီယံ။ ဒီကြားထဲမှာ နှစ်,နှစ်လုံးလုံး ကောင်မလေးနဲ့ အဆက်အသွယ် ရှိနေခဲ့တာပေ့ါ၊ ဟုတ်လား"

"ဟင့်အင်း၊ ဒီနေ့ဟာ ပထမဆုံး ပြန်ဆုံတဲ့ နေ့ပဲ"

"ဟုတ်လား။ ဘယ်လိုလုပ်ပြီး တွေ့တာလဲ ဟင်"

"မာရီယံက တွေ့ဖို့စီစဉ်လိုက်တာပါ။ ပထမတော့ သူမှန်း မသေချာပါဘူး။ စိတ်ထဲမှာထင်တာနဲ့ ချိန်းလိုက်တာ။ တွေ့တော့မှ ကိုယ့် အတွေး မှန်နေတာ တွေ့ရတယ် ဂျော့"

မာရီယံက တစ်ယောက်တည်း သဘောကျနေသလို ပြုံးလိုက်၏။ နာရီဝက်အတွင်း ပထမဆုံးအကြိမ် ပြုံးခြင်း။

"အင်း၊ မာရီယံ အတွက် ဒီနေ့ဟာ တကယ့် အမှတ်ထင်ထင် နေ့ပါပဲလား"

ခုတော့ ဂျော့ နားလည်ပါပြီ။ မာရီယံ ဗုန်းဗုန်း လဲရခြင်း အကြောင်းကိုလေ။ တစ်ခါတည်း အသက်ပါမသွားသည်ကိုပင် ကျေးဇူးတင်ရပေဦးမည်။

"မာရီယံ စိတ်ထိခိုက်လွန်းလို့ပါ ဂျော့ရယ်။ နို့မဟုတ်ရင် မလွယ်ဘူး၊ သိလား"

မျက်ရည်လည်လာ ပြန်သည်။

"ဘယ်လောက် ဘယ်လောက် ကိုယ်မှားခဲ့တယ် ဆိုတာ ဒီနေ့မှ ဗူးပေါ်သလို ပေါ်တော့တာ။ သူတို့ နှစ်ယောက်စလုံးရဲ့ ဘဝတွေ ပျက်စီးသွားပြီဆိုတာ ဒီနေ့မှ သေသေချာချာ သိရတာ ဂျော့"

"တော်ပါတော့ မာရီယံရယ်။ အကောင်းဘက်ကလည်း လှည့်တွေးပါဦး၊ မိုက်ကယ်ကို နိုင်ငံတော် ဗီသုကာ တစ်ယောက်ဖြစ်အောင် မင်း လုပ်ပေးနိုင်ခဲ့တယ်။ ဒါတွေကို မာရီယံ မလုပ်ရင် ဘယ်သူ လုပ်ပေးနိုင်မှာလဲ"

"ကိုယ်လုပ်ပေးခဲ့တာတွေက အသည်းကြွေစရာတွေ၊ ရင်နင့်စရာတွေပါ ဂျော့"

"ဒီကလေးမက အဲဒီအတိုင်း ဖြစ်နေတယ် ဆိုရင်တော့ ကျေးဇူးတရားကို ခသိတတ်လွန်းရာ ကျနေပြီ မာရီယံ။ သူ ဒီဘဝရောက်အောင် အဖတ် ဆယ်ထားရတာတွေ၊ မျက်နှာအသစ်၊ ပတ်ဝန်းကျင် အသစ်၊ ကမ္ဘာအသစ်မှာ ရပ်တည်နေနိုင်တာကိုကော သူ ထည့်မစဉ်းစားတော့ဘူးလား"

"အဲဒီ ကမ္ဘာသစ်မှာ သူ့အတွက် ဘာမှ မရှိဘူး ထင်တယ် ဂျော့။ သူ့အတွက် သူ့ည ကမ္ဘာပဲ။ အဲဒီ နေရာမှာ မိုက်ကယ်နဲ့ သွားတူနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်လည်း သူတို့နှစ်ယောက် ဘဝတူတွေ အဖြစ်နဲ့ ဘဝအသစ်တစ်ခုကို ပြန်စနိုင်ကောင်း ပြန်စနိုင်မှာပါ။ ဒါပေမဲ့ လောလောဆယ်တော့ ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ။ ဒါတွေအတွက် ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ဒဏ်ခတ်နေဖို့ မလိုပါဘူး မာရီယံရယ်။ ကာလဒေသ အခြေအနေအရ အကောင်းဆုံးကို မင်းရွေးပြီး လုပ်ခဲ့တာပဲ မဟုတ်လား၊ သူတို့ နှစ်ယောက်စလုံး ငယ်ငယ်ကလေးတွေပဲ ရှိပါသေးတယ် မာရီယံ။ သူတို့ရှေ့မှာ အနာဂတ်တွေ တစ်ပုံတစ်ပြေကြီးပါ။ အဲဒီ အချိန်တွေကို သူတို့ မသုံးတတ်ရင်တော့ သူတို့ထိုက်နဲ့ သူတို့ကံပေါ့။ ဒါပေမဲ့ တို့ကတော့ သိပ် အချိန်အကုန် မခံနိုင်ဘူး မာရီယံ"

တို့အတွက်က အချိန်သိပ်မရှိတော့ဘူးဟု ပြောလိုက်ချင်ပါသည်။ သို့သော် ပြော၍ မထွက်။ မာရီယံက အိပ်ရာပေါ်သို့ ပစ်လှန်ချလိုက်တော့ ဂျော ခါးကိုင်းပြီး ရှေ့သို့ ငုံ့လိုက်သည်။ မာရီယံ လက်ဆန့် ကြိုလိုက်သည်။ ဂျော့က မာရီယံ့ကိုယ် အပေါ်ပိုင်းကို ထွေးဖက်လိုက်သည်။ မာရီယံ၏ ကိုယ်ငွေ့ နွေးနွေးကို ခံစားလိုက်ရသည်။

"ချစ်တယ် မာရီယံရယ်။ ကိုယ် စိတ်မကောင်းဘူး၊ သိလား။ အဲဒီဝေဒနာတွေကို ဘာလို့ ကိုယ့်ကို မျှဝေခံစားဖို့ ခွဲမပေးတာလဲ ဟင်။ အစကတည်းက ပြောခဲ့ဖို့ကောင်းတာ မာရီယံ"

"ပြောလိုက်ရင် ဂျော မုန်းသွားမှာ စိုးလို့ပါကွယ်"

မာရီယံ၏ ရှိုက်သံကို ဂျော့က သူ့ပခုံးသားတွေဖြင့် ဖိပြီး ပိတ်ပင်လိုက်သည်။

"မမုန်းနိုင်ပါဘူး မာရီယံရယ်။ မာရီယံ ဘာတွေ လုပ်ခဲ့လုပ်ခဲ့ ကိုယ်မမုန်းနိုင်ပါဘူး။ ကိုယ်က မာရီယံကို ချစ်ဖို့ကလွဲပြီး ဘာမှ မသိတာအမှန်ပါ။ ခုလို ကိုယ့်ကို ဖွင့်ပြောဖော်ရလို့ ပိုပြီး မြတ်နိုးရပါတယ် မာရီယံ။ မာရီယံ မပြောရင် ကိုယ် ဘာမှ သိနိုင်မှာ မဟုတ်ဘူး နော်"

"ပြောရမှာပေါ့ ဂျော့ရယ်။ ပြောပြီးတော့ ဂျော့ရဲ့ သဘောထားကိုလည်း သိချင်သေးတယ်လေ"

"ကိုယ့် အမြင် ပြောရရင်တော့ ဒီဇာတ်လမ်းမှာ အားလုံးဟာ တစ်ဖက်စွန်း အထိ အပြင်းအထန် ခံစားခဲ့ကြရသူတွေချည်းပဲ မာရီယံ။ ခုအချိန်ကျမှတော့ လုပ်သင့် လုပ်ထိုက်တာတွေ လုပ်ပြီး အသာကြည့်နေလိုက်ဖို့ပဲ။ အဲဒီလို လုပ်ပေးပြီး





တဲ့ နောက်ပိုင်း အဲဒီကိစ္စတွေကို ခေါင်းထဲက အားလုံး ထုတ်ပစ်လိုက်။ အသိစိတ်ကကော၊ မသိစိတ်ကပါ မေ့ပစ်လိုက်။ ဟုတ်ပြီလား။

"တို့နှစ်ယောက် ကိုယ့်ဘဝ ကိုယ်ပြန်စကြရဦးမယ်လေ။ စဖို့ အခွင့်အရေးလည်း ရှိတယ် မာရီယံ။ အားလုံးအတွက် ကောင်းမယ်ထင်တာတွေ မင်း အားလုံးလုပ်ပေးခဲ့ပြီးပြီ။ ဘာမှ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲနေစရာ အကြောင်းမရှိဘူး။ တို့လက်ထပ်မယ်၊ တစ်နေရာရာ သွားပြီး ဘဝကို တန်ဖိုးရှိရှိ အသုံးချမယ်။ သူတို့လည်း သူတို့ဘဝ သူတို့ ဆက်ဖန်တီး ကြပစေပေါ့"

"အဲဒီ အခွင့်အရေးတွေ မာရီယံမှာ ရှိသေးတာ သေချာရဲ့လား ဂျော့ရယ်"

ဂျော့က မာရီယံ့ မျက်နှာကို ငုံ့ကြည့်သည်။ ပို၍ နုပျို နေသလိုလို။

"သိပ်သေချာတာပေါ့ အချစ်ရယ်"

ဂျော့က မာရီယံကို နမ်းသည်။ ပထမ နူးညံ့နူးညံ့ သိမ်သိမ် မွှေ့မွှေ့ကလေး။ ပြီးတော့ မွတ်မွတ်သိပ်သိပ်၊ ပြင်းပြင်းပြပြ။

နန်စီကော၊ မာရီကော၊ မိုက်ကယ်ကော သူ့ခေါင်းထဲတွင် မရှိတော့။ ချစ်သူ မာရီယံမှလွဲလျှင် သူ့ အာရုံတွင် မည်သည့် အရာမျှ ထင်မကျန်တော့။

"ကဲ မာရီယံ၊ ကိုယ်ပြောတာ နားထောင်။ ခုက စပြီး အားလုံးကို မေ့ပစ်ရမယ်၊ ဟုတ်ပြီလား။ အိပ်ရေးဝဝ အိပ်ရမယ်။ မနက်ဖြန်ကျရင် မင်္ဂလာဆောင်ဖို့ ကိစ္စ ဆွေးနွေးမယ်။ တို့နဲ့ဆိုင်တာတွေပဲ စဉ်းစားတော့မယ်။ အဝတ်အစားတွေ ဘယ်လို ဝတ်မယ်ဆိုတာတို့၊ ဘယ်လိုပန်းတွေ ရွေးပြီး ဝယ်မယ်ဆိုတာတို့လို ကိစ္စမျိုးတွေပဲ စဉ်းစားမယ်၊ ရှင်းပြီလား"

မာရီယံက ဂျော့ကို မော့်ကြည့်ပြီး ရယ်သည်။ ပြီးတော့...

"ဂျော့... မာရီယံလည်း ဂျော့ကို ချစ်ပါတယ်ကွယ်"

"အင်း ချစ်တယ်ဆိုတော့ တော်သေးတာပေါ့၊ ဘာလို့လဲ သိလား။ ချစ်မှုးဆိုလည်း ကိုယ်က ဇွတ် လက်ထပ်တော့မှာပဲ။ သိကြာမင်း ဆင်းတားလို့တောင် မရတော့ဘူး၊ သိလား"

"ဟုတ်ပါပြီတဲ့ရှင်"

သူတို့ နှစ်ယောက် အပြုံးချင်း ပြိုင်နေကြစဉ် အခန်းတွင်းသို့ ဆရာမ ကလေး ခေါင်းပြူကြည့်လာသည်။ နံနက်တစ်နာရီထိုးပြီ။ ဆရာဝန်တွေက



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အခွင့်အရေးမျိုးတွေကို ပေးထားသည် ဖြစ်စေ၊ ဂျော့ ပြန်သင့်ပြီး ဂျော့က နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်၏။

မာရီယ့် နှုတ်ခမ်းကို ဖွဖွကလေး နမ်းသည်။ ညင်ညင် သာသာ။ လက်ကလေးနှစ်ဖက်ကို ဆုပ်နယ်သည်။ ကြင်ကြင် နာနာ။ ပြီးတော့ အပြည့်ဝဆုံး ပြုံးပြပြီး အခန်းထဲမှ မထွက်ချင် ထွက်ချင်ဖြင့် ထွက်သွားလေတော့၏။

မာရီယံ တစ်ယောက် ဘယ်တုန်းကမျှ မခံစားခဲ့ရဖူးသည့် စိတ်လက် ဆို ပါးမှုမျိုးဖြင့် အိပ်ရာပေါ်တွင် တစ်ယောက်တည်း မိန်းမော ကျန်ရစ်သည်။ နာရီကို တစ်ချက် လှမ်းကြည့်သည်။ မိုက်ကယ့်ထံ တယ်လီဖုန်းဆက်ဖို့ စိတ်ကူးသည်။ လုပ်စရာရှိသည်ကို ချက်ချင်း စဖို့ ဆုံးဖြတ်လိုက်၏။ တစ်မိနစ် တစ်စက္ကန့်မျှ အချိန်ကုန် မခံလိုတော့။ လေးခါတိတိ လှည့်မှ မိုက်ကယ် တယ်လီဖုန်းကို ကိုင် သည်။ အိပ်ချင် မူးတူးသံဖြင့် ထူးသည်။

"သား၊ မေမေပါ သားရဲ့"

"မေမေ၊ မေမေ သက်သာလား ဟင်"

မိုက်ကယ်က မီးခလုတ်ကို ဖွင့်ပြီး အိပ်ချင်စိတ်ကို ကြိုးစားပြီး မောင်းထုတ် ပစ်လိုက်၏။

"မေမေ နေကောင်းပါတယ် သား။ သားကို ပြောစရာ ရှိလို့"

"သား သိပြီးပါပြီ မေမေ။ ဂျော့ သားကို ပြောပြီးပါပြီ"

မိုက်ကယ်က ပျင်းတိပျင်းတွဲ သမ်းလိုက်ပြီး တစ်ယောက်တည်း ပြုံးလိုက် မိသည်။ ပြီးတော့ နာရီကို တစ်ချက်ငေ့ ကြည့်လိုက်သည်။ ဟိုက်၊ နယူးယောက်တွင် နံနက် ငါးနာရီ ဆိုတော့ ဆန်ဖရန်စစ္စကိုတွင် ည နှစ်နာရီပဲ ရှိဦးမှာပေါ့။ မေမေ ဘာလို့ သည်အချိန်ကြီး ဖုန်းခေါ်ပါလိမ့်။ အနားမှာ ဆရာမ ရှိရဲ့လား မသိ။

"မေမေ လက်ခံလိုက်ပြီ မဟုတ်လား ဟင်"

"သူ့ ကမ်းလှမ်းချက် နှစ်ခုစလုံးကို မေမေ လက်ခံလိုက်ရပြီ သား။ အနားယူ ဖို့ကောလေ" မိုက်ကယ် ရယ်လိုက်သည်။ ဂျော့ တစ်ယောက် အခွင့်အရေးကို အပြည့်အဝ အသုံးချလိုက်ပြီ မဟုတ်လား။ သူတို့ နှစ်ယောက်စလုံးအတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေမိသည်။

"ခု မေမေခေါ်တာ တခြားကိစ္စအတွက်ပါ"





မေမေ့အသံက အလုပ်ဆန်လာ ပြန်သည်။ တိကျ ပြတ်သားလာသည်။ မိုက်ကယ် မသက်မသာ ညည်းတွားလိုက်၏။ သည်လေသံကို ကောင်းကောင်း နားလည်နေသည် မဟုတ်လား။

"ညကြီးမင်းကြီး အလုပ်အကြောင်းတွေ ပြောမနေစမ်းပါနဲ့ မေမေရာ"

"အလုပ်အကြောင်း မဟုတ်ပါဘူး သားရဲ့။ ကောင်မလေးနဲ့ တွေ့တဲ့ အကြောင်း ပြောမလို့ပါ"

"ဘယ်က ကောင်မလေးလဲ"

သူ့ခေါင်းထဲတွင် ဘာဆိုဘာမျှမရှိ။ တစ်နေ့လုံး ပင်ပန်းလိုက်သည်မှာ လည်း ယားဂျပင် မကုတ်အားခဲ့။ အစည်းအဝေးက သုံးကြိမ်တက်ရသည်။ လာတွေ့သည့် ဧည့်သည် ငါးဦးကို လက်ခံ တွေ့ဆုံရသည်။ ဆန်ဖရန်စစ္စကိုတွင် အမေ တစ်ယောက်တည်း နှလုံးရောဂါဖြင့် ဗုန်းဗုန်းလဲရသည့် သတင်းက တစ်မှောင့်။

"ဟို ခတ်ပုံဆရာ ကောင်မလေးကို ပြောတာ မိုက်ကယ်။ အိပ်ချင်မူးတူးလုပ် မနေနဲ့။ ကောင်းကောင်းနိုးရဲ့လား"

"ဪ် သူလား။ အဲဒါဘာဖြစ်လဲ မေမေ"

"မေမေတို့ သူ့ကို ရမှ ဖြစ်မယ်"

"ဟုတ်လား"

"တကယ်ပြောတာ မိုက်ကယ်။ ခုထိတော့ သူ့ကို စည်းရုံးလို့ မရသေးဘူး။ ဂျော့လဲ တတ်နိုင်မယ် မထင်ဘူး။ သား ကိုယ်တိုင် ကြိုးစားမှ ဖြစ်မယ်"

"ဟာ မေမေကလည်း ကတ်သီးကတ်သတ်။ ဒီမှာ လုပ်စရာတွေ ဒါ လောက် ရှုပ်ပွနေတဲ့ဟာကို။ အေဗရီကို တာဝန်ပေးလိုက်ပေါ့"

"မရဘူးလေ။ အေဗရီကို သူ ခါထုတ်လိုက်ပြီးပြီပဲ။ အမျိုးသမီးက တကယ့် ခေါက်တန်းလွှာ ပုံစံမျိုးကွယ့်။ တော်တော်လည်း ထက်ပုံရတယ်။ တော့်တော့် သူ့ကို အဖက်လုပ်ချင်ပုံမရဘူး"

"ဒါလောက်တောင်ပဲလား"

"ဒီမယ် နားထောင်။ ဘယ်လိုနည်းနဲ့ ရရ၊ ဘယ်လောက်ပေးရပေးရ သား သူ့ကို ရအောင်လုပ်ရမယ်။ သားသူ့ကို အနိုင်ယူရမယ်။ ဖြစ်တဲ့နည်းနဲ့ သူ့ကို ဦးကပ်ရမယ်။ ခုချက်ချင်း မီရာလေယာဉ်ပျံနဲ့ လိုက်ခဲ့။ ကောင်းကောင်း မွှန်မွှန်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝတ်စားလာဦး၊ သိလား။ သူ့ကို အပြင်ခေါ်ထုတ်ပြီး ညစာ ဖိတ်ကျွေး ဟုတ်ပြီလား။ ဒီဆေးရုံကြီးအတွက် သူပါကို ပါမှ ဖြစ်မယ်။ မေမေ မအောင်မြင်တဲ့ ကိစ္စကို သား ဖြစ်အောင်လုပ်ပေး ရမယ်နော်"

မေမေမာရီယံသည် သည်တစ်ကြိမ် ခိုင်းစေပုံက တစ်မျိုး။ အမိန့် ပေးသလို လို၊ မြှောက်ပင့် ခိုင်းသလိုလို။ မာရီယံက တစ်ယောက်တည်း ပြုံးနေသည်။

"မဖြစ်နိုင်ပါဘူး မေမေရာ။ အဲဒီအတွက် အချိန် မပေးနိုင်ပါဘူး"

မိုက်ကယ် အိပ်ရာပေါ်တွင် တစ်ယောက်တည်း ပြုံးရင်း တွေးနေမိသည်။ အဘွားကြီး ဘာများ စိတ်ရှုပေါက်နေပါလိမ့်။

"မေမေ့ ဘာသာ မေမေကြည့်ရှင်းလိုက်ပါ မေမေရာ"

"ဟင့်အင်း။ အဲဒီကိစ္စကို မေမေပြောတဲ့ အတိုင်း မလုပ်ရင် ခုချက်ချင်း ပြန်လာပြီး အချိန်ပြည့် အလုပ်လုပ်မယ်။ မင်းတို့ တစ်တွေကို မောင်းထုတ်ပြီး ငါတစ်ယောက်တည်း လုပ်မယ်"

မေမေ ရာဇသံပေးပုံမှာ တကယ်မလိုက်နာလျှင် တကယ်လုပ်မည့် ပုံမျိုး သည်တော့လည်း မိုက်ကယ် ရယ်ရတော့၏။

"ကဲ လာခဲ့ပါ့မယ် မေမေရယ်၊ လာခဲ့ပါ့မယ်"

"ကောင်းပြီ။ ဒါဖြင့် မေမေ စောင့်ကြည့်နေမယ်"

"ဪ ဒုက္ခပါပဲ။ ကဲ ကောင်းပါပြီတဲ့ဗျာ၊ ကျေနပ်ပြီလား။ ခု သားပြန် လို့ရပြီလား မေမေ"

"အင်း အင်း၊ အိပ်တော့။ ဒါပေမဲ့ ဒီကိစ္စ အရေးတကြီး ချက်ချင်း ဆောင်ရွ ရမယ့် ကိစ္စဆိုတာ မှတ်ထားနော်"

"သူ့ နာမည်က ဘယ်သူ"

"အဒမ်ဆန့်တဲ့။ မာရီအဒမ်ဆန်"

"ဟုတ်ပါပြီ၊ သား မနက်ဖြန်စပြီး လုပ်ပါမယ် မေမေ"

"သားက လိမ္မာပါတယ်။ ကျေးဇူးတင်ပါတယ် သားရယ်။ ကဲ အိပ်တော့ နော်၊"

"မင်္ဂလာ ညပါ"

"မင်္ဂလာ ညပါ မေမေ။ မေမေ အားကြီးဆိုးတာပဲ။ ဪ ဒါထက် ဝမ်း ပါတယ် မေမေ။ သား လူပျိုရဲ့ လုပ်မယ်နော်"





"ဒါပေါ့။ သူများကို ဘယ်ပေးလုပ်ခိုင်း ပါ့မလဲ။ ကဲ ကဲ သား အိပ်လိုက်ကွယ်"

သားအမိနှစ်ယောက် တယ်လီဖုန်းကိုယ်စီ ချလိုက်ကြသည်။ မာရီယံဟီးလ် ၏ စိတ်အစဉ်သည် အေးမြတည်ငြိမ်သွားသည်။ ဖြစ်စေချင်တာတွေ ဖြစ်လာ သည် ဖြစ်စေ၊ ဖြစ်မလာသည် ဖြစ်စေ၊ လောလောဆယ်တော့ စိတ်သက်သာနေ သလို။ သို့ပေမဲ့ သိပ်များနောက်ကျနေပြီလား မသိ။ နှစ်နှစ်ဆိုသည့် အချိန်က း နှင့်ချိပ်နှင့် အပုံကြီး ဝေးစေသည့် အချိန်များလား။ သို့တစေ သည့်ထက်ကော တာများပိုပြီး လုပ်ပေးနိုင်ဦးမည်လဲ။ သည်လိုလည်း မဟုတ်နိုင်သေးဘူးထင်ပါရဲ့။ ားကို ဘာကြောင့် အမှန်အတိုင်း ဖွင့်မပြောရဲရမည်လဲ။

မာရီယံ သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။ လေးလံလာသည့် မျက်ခွံတွေကို ားတင်းပြီး ပင့်တင်လိုက်သည်။ ကိုယ့်လုပ်ရပ်တွေ အားလုံး အမှန်ချည်းဟု ိုယ့်ကိုယ်ကိုယ်လည်း မယုံကြည် ဝံ့သေး။ အချိန်ယူ စဉ်းစားဖို့တော့ ကောင်း ည်။ သို့ပေမဲ့ စောင့်မနေနိုင်တော့။ မိုက်ကယ်ကို ဖြစ်ကြောင်းရယ်မှ ကုန်စင် ပြာပြ၍တော့ မဖြစ်။ သူ့ ဘာသာ သိသွားတာက ပိုကောင်းပါတယ်လေ။ တ် ချမ်းသာအောင် ကြံဖန်တွေးကြစတမ်း ဆိုလျှင်တော့ သူတို့နည်း သူတို့ဟန် င့် သိသွားခြင်းက ပိုပြီးကောင်းသည် အမှန်။ သို့မှသာ မာရီယံအနေနှင့် ာနိုင်မည် မဟုတ်ပါလား။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၄

ဂျော့က မာရီယံ၏ နှုတ်ခမ်းကို ရွရွကလေး နမ်းလိုက်သည်နှင့် ဂီတသံသည် ငြိမ့်ငြိမ့်ကလေး လှုးလွန့်လာ၏။ မာရီယံက ဂီတ ပညာရှင် သုံးဦးသာ ငှားရမ်းထားခဲ့၏။ မင်္ဂလာ အခမ်းအနားကို မာရီယံ၏ အခန်းတွင် အကျဉ်းရုံး၍ ကျင်းပသည်။ ဧည့်သည် စုစုပေါင်း ခုနစ်ဆယ်ခန့်သာ ဖိတ်သည်။ ထမင်းစားခန်းကို ရှင်းပြီး ကပွဲဆောင်အဖြစ် ပြောင်းလဲဧည့်ခံသည်။ ယမကာနှင့် အစား အသောက်တို့ကို စာကြည့်ခန်းထဲတွင် အလျှံပယ် ပြင်ဆင်ထားပေးသည်။ အမှတ်ထင်ထင် နေ့။ ပျော်ဖွယ်ရွှင်ဖွယ်တို့ဖြင့် ပြီးသည့်နေ့။

ဖေဖော်ဝါရီလကုန် ရက်ပိုင်းမို့ နယူးယောက်တွင် အေးအေးမြမြ တောက်ပပနှင့် သာယာနေသည်။ မာရီယံ၏ ကျန်းမာရေး အခြေအနေမှာ အကောင်းဆုံး ဖြစ်နေသည်။ ဂျော့ကတော့ ပျော်မဆုံးမော်မဆုံး တပြုံးပြုံး။ မိုက်ကယ်က မာရီယံ၏ ပါးနှစ်ဘက်ကို နမ်းသည်။ မာရီယံက ဂျော့နှင့် မိုက်ကယ်တို့ ကြားတွင်ရပ်ပြီး တိုင်းမဂ္ဂဇင်း သတင်းထောက် ဓာတ်ပုံရိုက်ဖို့ အချိန်ပေးလိုက်သည်။

မာရီယံသည် ဇာနားကွပ် ပယင်းရောင် ဝတ်ရုံရှည်ကြီးကို ဆင်မြန်းထားပြီး ဂျော့နှင့် မိုက်ကယ်က ရိုးရိုး ကုတ်အင်္ကျီနှင့် ဘောင်းဘီအစင်းကို ဝတ်ထားကြသည်။ ဂျော့၏ ရင်ဘတ်တွင် အဖြူရောင် ဖော်မွှားပန်းတစ်ပွင့် ထိုးထားပြီး မိုက်ကယ့် ရင်ဘတ်တွင်တော့ အနီရောင်။ ဂျော့လက်ထဲတွင် အညိုရောင် သစ်





န်းတွေကို ပွေ့ထားသည်။ ကယ်လီဖိုးနီးယားမှ အထူးတလည် မှာယူထားသည့် န်းများ။

"ကဲ မစ္စက် ကဲလိုးဝေး"

မိုက်ကယ်က သူ့လက်မောင်းကို ကွေးပေးလိုက်ပြီး ယမကာ ခုန်းဆီ သွားဖို့ ါတော့ မာရီယံက ဆယ်ကျော်သက်မကလေး တစ်ယောက်လို ရယ်လိုက်သည်။ ူမှာမည် အသစ်ကို သူသဘောကျနေသည့် အလား။ ပြီးတော့ ဂျော့ကို ကြည့်ပြီး ုံးနေသည်။ မိုက်ကယ်ကလည်း သူတို့ နှစ်ယောက်ကို ကြည့်ပြီး ပျော်နေသည်။ ူ မိခင်နှင့် ဂျော့သည် လိုက်ဖက်လှသည် မဟုတ်လား။ သူတို့ နှစ်ယောက် ရောပသို့ သွားပြီး နှစ်လအနားယူကြမည်။ အဘွားကြီးကို အလုပ်မှ အနားယူဖို့ ားချ၍ ရသည်ကိုပင် ကျေးဇူးတင် နေရသေး။ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေ ားလုံး မိုက်ကယ့် လက်ထဲရောက်လာပြီ။ ကော့တာဟီးလ်ယဒ်၏ ဥက္ကဋ္ဌ။ တ်ထဲတွင် သိပ်မလှုပ်ရှားမိ။ အသက် နှစ်ဆယ့်ခုနစ်နှစ်သား ဧရာမ မဟာ ုပ်ငန်းကြီး တစ်ခု၏ ဥက္ကဋ္ဌကို တိုင်းမဂ္ဂဇင်းက မျက်နှာဖုံး တင်ပေးသည်။ ည်တော့လည်း ရင်ခုန်ချင်သလိုလို။ မေမေနှင့် ဂျော့တို့၏ မင်္ဂလာ တင်းသည်လည်း 'ပုဂ္ဂိုလ်ကျော်များ' သတင်းကဏ္ဍတွင် ဖော်ပြကြလိမ့်ဦးမည် င်သည်။

"သားက တကယ့်ကို ခန့်ချော ချောတာနော်"

စာကြည့်ခန်းသို့ အဝင်တွင် မေမေက ပြောသည်။ စားပွဲတွေပေါ်တွင် န်းအိုးတွေ၊ ယမကာနှင့် အစားအသောက်တွေက အလျှံပယ်။ စားပွဲထိုးတွေက ၏ တစ်ဖက်တွင် တန်းစီပြီး ရပ်စောင့်နေကြသည်။

"ဒီည မေမေက ပိုလှနေပါတယ် မေမေရဲ့။ အိမ်ကို ပြင်ဆင်ထားတာတွေက ည်း ပျံ့နေတာပဲ"

"လှတယ်လား"

မေမေ့ကို ကြည့်ရသည်မှာ ပို၍နုပျိုပြီး ပို၍ သွက်လက်နေသည်။ စားပွဲထိုး တွေအား ဧည့်ခံပုံဧည့်ခံနည်းတွေ အသေးစိတ် ညွှန်ကြားပြီး ဧည့်သည်တွေကို တ်ဆက်ဖို့ မိုက်ကယ့် လက်ကို ဖြုတ်ထွက်သွားသည်။ ဘယ်လောက် ကြည့်ကောင်းလဲ။ ဘယ်လောက် ကျက်သရေရှိတဲ့ မေမေလဲ။

မိုက်ကယ့် နှုတ်ခမ်းများသည် အလိုလို ပြုံးမိလျက်သား ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ကြည့်ရတာ သိပ် ကြည်နူး နေသလိုပဲ မစ္စတာ ဟီးလ်ယဒ်"

ကြားဖူးသလိုလိုရှိသည့် အမျိုးသမီးအသံ ကြည်မြမြ။ လှည့်ကြည့်လိုက်တော့ ဝင်ဒီ။ သူ့အနားတွင် ကပ်ပြီး ရပ်လျက်။ ဝင်ဒီနှင့် ဆုံလျှင် အရင်က ရှိုးတိုးရှန့်တန့် မဖြစ်တော့။ နေသား ကျသွားပြီ။ စေ့စပ်ကြောင်းလမ်းခြင်း အထိမ်းအမှတ်အဖြစ် အေဗရီ ဝယ်ပေးသည့် စိန်လက်စွပ်ကလေးကို ဝတ်ထား သည်။ လာမည့် နွေရာသီတွင် သူတို့ နှစ်ယောက် လက်ထပ်ကြတော့မည် ဪ... လူပျို့ရဲ့ လုပ်ရဦးမည်ဆိုပါလား။

"မေမေ့ကို ကြည့်စမ်း ဝင်ဒီ၊ ဘယ်လောက် လှလဲ"

ဝင်ဒီ ခေါင်းညိတ်သည်။ သူ့ကို ကြည့်ပြီး ပြုံးသည်။ ခုနေတော့လည်း သူ ပျော်နေသလိုလို ပါပဲလား။ မိုက်ကယ်ကို ဝင်ဒီ သေသေချာချာ နားမလည် ကိစ္စမရှိဘူးလေ။ နားလည်ဖို့လည်း မကြိုးစားတော့ဘူး။ အေဗရီ တစ်ယောက် ရှိနေပြီပဲ။ သူ့ဘဝတွင် အေဗရီလောက် ဘယ်သူမျှ သူ့ကို ပျော်ရွှင်မှု မပေးနိုင် စဖူး။

"လာမယ့် နွေဆို မင်းလည်း ဒီလိုလှနေမှာပါ ဝင်ဒီ။ ကိုယ်တော့ သတို့သား လုပ်ရမှာ ရှက်တယ်။ ရှက်စရာကြီးနော်"

မိုက်ကယ် သည်နေ့ ထူးခြားနေပါလားဟု ဝင်ဒီ ထင်လိုက်မိ၏။ ဝင်ဒီ ပြုံး လိုက်ပြန်သည်။ သူ့ကို အေဗရီ ခင်မင်သလို ခင်မင်ချင်စိတ်တွေ ခုမှ ဝင်ဒီ့ ရင်ထဲ စိမ့်ဝင်လာသည်။

"ယော့ကောင်ကြီး၊ ငါ့ ချစ်ချစ်ကို မင်းက ကပ်ရိနေတယ်ပေါ့လေ၊ ဟုတ် လား"

အေဗရီက ရှန်ပိန်သုံးခွက်ကို ပူးကိုင်လာပြီး မိုက်ကယ်ကို ဒေါက်ဖြုတ်လိုက် သည်။

"ရော့ ရော့၊ မင်းတို့ နှစ်ယောက် အတွက်။ ဟေး ဒါထက် မိုက်ကယ် မင်း အဘွားကြီးကို ငါတောင် သဘောကျလာပြီ"

"မင်း နောက်ကျသွားပြီပေါ့။ ငါက ဂျော့ကို ပေးလိုက်ပြီလေ"

အေဗရီက ယူကျုံးမရသည့် အမူအရာ လုပ်ပြတော့ သုံးယောက်သား ပြိုင်တူရယ်လိုက်ကြသည်။ ဂီတသံသည် ပို၍ ပျံ့လွင့်လာ၏။





"ဟိုက်၊ အဲဒါ ငါကရမယ့် တီးလုံးကွ။ ငါနဲ့ မေမေနဲ့ ကနေတုန်း ဂျော့က ငါ့နေရာ ဝင်ယူရမှာ"

မိုက်ကယ်က ကပွဲခန်းမဆီသို့ အလောတကြီး ထွက်သွားတော့ အေဗရီ သဘောကျလွန်း၍ အသံထွက်အောင် အော်ရယ်နေသည်။

"သူ ဒီနေ့ သိပ်ပျော်နေပုံ ရတယ်နော် အေဗရီ"

"ဟုတ်တယ် ဝင်ဒီ၊ တစ်ခါတလေလည်း ဒီလို ရှိဦးမှပေါ့ကွယ်"

အေဗရီက ရှန်ပိန်ကို အားရပါးရ မော့လိုက်၏။ ပြီးတော့ ဝင်ဒီကို ကြည့်ပြီး ပြုံး၏။

"မင်းလည်း ဒီနေ့ ပျော်နေတာပဲ မဟုတ်လား"

"မောင်နဲ့ တွေ့ပြီးကတည်းက ဝင်ဒီ အမြဲတမ်း ပျော်နေတာပါကွယ်။ ဒါထက် ဟို ခါတ်ပုံ ဆရာမကလေး ကိစ္စ ဆက်လုပ်သေးလားဟင်။ မေးမယ် မေးမယ်နဲ့ အချိန်ကို မရဘူး"

အေဗရီ ခေါင်းယမ်းသည်။

"ဟင့်အင်း။ မိုက်ကယ် ဆက်လုပ်လိမ့်မယ်"

"သူက ဘယ်လိုလုပ် အချိန်ရမှာလဲ" ဝင်ဒီ တအံ့တသြ မေးလိုက်သည်။

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ သူဖြစ်အောင် စီစဉ်မယ်တဲ့။ မိုက်ကယ့် အကြောင်း သိတယ်မဟုတ်လား။ သူ နောက်တစ်ပတ်ထဲမှာ သွားလိမ့်မယ်။ အဲဒီ ကိစ္စကော၊ တခြား ကိစ္စတွေ အတွက်ပါပေါ့"

ဘယ်လိုပါလိမ့်ဟု ဝင်ဒီ စဉ်းစားနေသည်။ မိုက်ကယ်ကို ဘယ်လိုမျှ နား မလည်နိုင်ပါလား။ အေဗရီက လွဲပြီး သူ့ကို ဘယ်သူမျှ နားမလည်ကြဘူး ထင်ပါ ရဲ့။ တစ်ခါတစ်ခါ အေဗရီပင်လျှင် နားလည်ရဲ့လား မသိ။

"တို့လည်း ကကြရအောင်လား အချစ်ရယ်"

အေဗရီ ဖန်ခွက်ကို ချပြီး ဝင်ဒီကို သိုင်းဖက်လိုက်သည်။ ပြီးတော့ တစ်ဖက် ခန်းသို့ တွဲခေါ်သွားသည်။

"ပျော်လိုက်တာ မောင်ရယ်"

သူတို့နှစ်ယောက် ကလို့မှ အထာမကျသေး၊ မိုက်ကယ် ဝင်လာပြီး

"ဟေ့ ငါ့အလှည့်ကွ" ဟု ဝင်ဒီကို တောင်းသည်။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



“ဟာ နာတော့မှာပဲ။ ခုမှ စကာရှိသေး။ ဒါနဲ့ မင်းက အဘွားကြီးနဲ့ ကမယ်ဆို”

“ငါ့ကို ခေါက်ပြီး ဂျော့နောက်ပါသွားပြီကွ”

“ဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ”

အေဗရီက ဝင်ဒီကို လွှတ်မပေးတော့ မိုက်ကယ် ဖွတ်ဝင်ပြီး သုံးယောက်တွဲကသည်။ ဝင်ဒီက တခစ်ခစ် ရယ်လျက်။ သူတို့ နှစ်ယောက်စလုံး ပျော်နေကြသည်ကို ကြည့်ပြီး ဝင်ဒီ သဘောကျနေ၏။

သည်လိုပွဲမျိုး ကျင်းပဖို့အတွက် သည်လိုပင် ယမကာကလေး တမြမြနှင့် ကောင်းခြင်း ခု သည်ချိန်ခါ လုပ်ဖို့ အတွက် အသွားတွင်...

“အေဗရီ၊ မင့်ချစ်ချစ်နဲ့ ငါ က,မှာနော်။ ပေးရင်ပေး၊ မပေးရင်”

“မပေးတော့ မင်း ဘာလုပ်မလဲ”

“ဘာမှ မလုပ်ဘူး၊ ဒီအတိုင်း ငါ လိုက်နှောင့်ယှက်နေမှာပဲ။ ဒီသုံးယောက်တွဲကြီးကို အဘွားကြီး မျက်စိနောက်လှရောမယ်။ မောင်းမထုတ်တော့ ငါ့ကို ပြောချင်သလို ပြော”

ဝင်ဒီ ကျိတ်ပြီး ရယ်နေရသည်။ သူတို့ နှစ်ယောက်ကို ကြည့်ရသည်မှာ ကိုယ့်မွေးနေ့တွင် ကိုယ် ပျော်နေကြသည့် ကလေးနှစ်ယောက်နှယ်။

“ကဲ... ရှင်တို့နှစ်ယောက် လုပ်တာနဲ့ ဝင်ဒီ ခြေလှမ်းတွေ မှားကုန်ပြီ။ မင်္ဂလာကိတ်မုန့် သွားစားကြရင် မကောင်းဘူးလား”

အေဗရီနှင့် မိုက်ကယ် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်ကြ၏။

“ကောင်းတာပေါ့” ဟု ပြိုင်တူပြောကြသည်။ အမျိုးသမီး၏ လက်မောင်း တစ်ဖက်စီကို ဟန်ပါပါချိတ်ပြီး တစ်ဖက်ခန်းသို့ ကူးခဲ့ကြပြန်သည်။ မိုက်ကယ်က ဝင်ဒီ့ ခေါင်းပေါ်မှ ကျော်ပြီး အေဗရီကို မျက်ခုံးရှုံ့ပြရင်း

“ဝင်ဒီက တကယ် အက,ကောင်းတာကွ။ ငါ့ ဖိနပ်တော့ ပျက်စီးပါပြီ” ဟု ပြောတော့ အေဗရီက “ငါ့ဖိနပ်လည်း ကြည့်ပါဦးကွာ၊ ရစရာ မရှိတော့ပါဘူး” ဟု ပြန်နောက်သည်။ ဝင်ဒီက နှစ်ယောက်စလုံးကို တံတောင်နှင့် တွက်လိုက်၏။

“သူများ ဖိနပ်ကိုတော့ ငုံ့မကြည့်ကြဘူး။ ခြေထောက်တွေကို နင်းလိုက်ကြတာလည်း ရစရာမရှိတော့ဘူး။ သွား၊ နှစ်ယောက်စလုံး ငမူးတွေ”





“ဟောဗျာ၊ ငမူးတွေတဲ့”

အေဗရီက ပြုံးတုံးပြတဲ လုပ်ပြတော့ မိုက်ကယ် အော်ရယ်သည်။ တစ်နေရာတွင် ရပ်ပြီး မင်္ဂလာ ကိတ်မုန့်ကို စားကြရင်း မင်းပရိတ်သတ်ကို လှမ်းငေးနေကြသည်။ တောက်တောက် ပပ သစ်သစ် လွှင်လွှင်။ ပုလဲအရောင်၊ စိန်ရောင်၊ ကျောက်မျက် ရတနာမျိုးစုံတို့၏ အရောင်တွေက တဖျပ်ဖျပ်။ နုနု ငယ်ငယ်တွေကော၊ ပျိုပျို အိုအိုတွေကော။

“အေး၊ အေဗရီ... သူတို့တွေ ဟိုမှာ စုနေတုန်း တို့ အဝ တီး ကြရအောင်” မိုက်ကယ်က ပြောတော့ အေဗရီက “အေး၊ ငါတို့ ကျောင်းမှာ ဘိုင်ကျတဲ့ အချိန်တွေကို သတိရလိုက်တာကွာ” ဟု မှတ်ချက်ချသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်သည်ကို ကြည့်ပြီး သူတို့ တကယ် ပြောနေသည်လား၊ သို့မဟုတ် နောက်နေကြသည်လား ဆိုသည်ကို ပင်ဒီ တစ်ယောက် ဇဝေဇဝါ မရ ဖြစ်နေသည်။

“မျက်နှာကို ပေါင်ဒါနဲ့နဲ သွားဖို့လိုက်ဦးမယ်။ ရှင်တို့ နှစ်ယောက် နိုးမစားကြဦး နော်”

“စိတ်ချသွား ဝင်ဒီ၊ ကိုယ် မင့်ကောင်ကြီးကို အလစ်မပေးပါဘူး”

မိုက်ကယ်က နဖူးရေတွန့်ပြီး ရှန်ပိန်တစ်ခွက် ထပ်မော့လိုက်ပြန်သည်။ မိုက်ကယ်ကို သည်ပုံသဏ္ဍာန်မျိုးဖြင့် ဝင်ဒီ တစ်ခါဘူးမျှ မတွေ့စဖူး။ အေဗရီ ပြောသည်မှာ မှန်နေပြီ။ ‘သူလည်းလေ လောကီသားပေမို့ ’ ငိုမယ်၊ ရယ်မယ်၊ ချွေးချိန်ရှိသလို ပျော်ရွှင်ချိန်လည်း ရှိလာမှာပေါ့တဲ့။

“တော်စမ်းပါ။ ရှင်တို့ နှစ်ယောက်စလုံး တကျိတ်တည်း တညာဏ်တည်း”

“ကတ်သီး ကတ်သတ်ကွယ်။ ကဲ သွား၊ လုပ်စရာရှိတာ လုပ်လေ။ တို့ နှစ်ယောက် အရှိန်ယူလိုက်ဦးမယ်”

မိုက်ကယ် ပြောပြောဆိုဆို စားပွဲထိုးတွေ လာပေးသည့် ရှိပိန်နှစ်ခွက်ကို အေဗရီအား လှမ်းပေးသည်။ သူ့ခွက်ကို ဝင်ဒီအား မြှောက်ပြပြီး အမျိုးသမီးအခန်းဆီသို့ ညွှန်ပြလိုက်သည်။

“ဘယ်လောက် ချစ်စရာ ကောင်းတဲ့ ကောင်မလေးမလဲ မိုက်ကယ်၊ ဟင်း... တို့အကြောင်း မင်းကို ဖွင့်ပြောတုန်းက မင်း ဒေါသူပုန် ထမယ်ထင်နေခဲ့တာ။ တော်သေးတာပေါ့ကွာ၊ မင်းက နားလည်မှု ရှိပေလို့”



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလို့ ဒေါသူပုန်ထရမှာလဲ အောပရီရ။ သူနဲ့မင်းက ရွှေနဲ့ မြပဲဟာ ပြီးတော့ ငါက ဒါတွေ အတွက် အချိန်ရှိတဲ့ကောင်မဟုတ်ပါဘူးကွာ"

"မကြာခင် မင်းအချိန်ရှိလာတော့မှာပါ မိုက်ကယ်ရာ"

"မင်း ပြောတဲ့အတိုင်း ဖြစ်ချင်လည်း ဖြစ်လာမှာပေါ့လေ။ လောလောဆယ်တော့ ဒီပွဲပြီးရင် မင်းတို့နှစ်ယောက်က လက်ထပ်ဖို့ လုံးပန်းကြ။ ငါကတော့ အလုပ်တွေကို လုံးပန်းရဦးမယ်"

သည်တစ်ခါ မိုက်ကယ့် မျက်နှာညိုမသွားတော့။ ကြည်ကြည် လင်လင်ရွှင်ရွှင်ပြုံးပြုံး။ သူ့ ဖန်ခွက်ကို မြှောက်လိုက်သည်။ ပြီးတော့ သူငယ်ချင်း ဖြစ်သူကြည့်ပြီး တောင်းဆုချွေသည်။

"တို့တတွေ အားလုံးအတွက်"

* * *

၂၅

ဆန်ဖရန်စစ္စကို လေဆိပ်တွင် လေယာဉ်ပျံက ငြိမ့်ငြိမ့်ကလေး ဆင်းသက်သည်။ မိုက်ကယ်က ခရီးဆောင်သေတ္တာ ပြားကလေးကို ပိတ်လိုက်၏။ တစ်ပတ်အတွင်း ဆန်ဖရန် စစ္စကိုတွင် လုပ်စရာတွေက အပုံအပင်။ တွေ့ဆုံရမည့် အာဏာပိုင် ဆရာဝန်ကြီးတွေ၊ စစ်ဆေးကြည့်ရှုရမည့် ဆောက်လုပ်ရေး စခန်းတွေ။ မနည်းပါလား။ မြို့ခံ အဖွဲ့ အစည်းတွေ၊ ဗိသုကာတွေနှင့်လည်း တွေ့ရဦးမည်။ ပုံတွေကို ပြန်ပြီး စစ်ဆေး ညှိနှိုင်းရဦးမည်။

သည်ကြားထဲ ခတ်ပုံဆရာမကိစ္စက တစ်မျှောင့်။ အချိန်မှ လောက်ပါ့မလား မသိ။ မဖြစ်ဖြစ်အောင်တော့ လုပ်ရမည်ပေါ့။ ခါတိုင်းလိုပဲပေါ့။ အိပ်ချိန် စားချိန်တွေကိုပါ အလုပ်ထဲ ဆွဲသွင်းရတော့မည်ပေါ့။ လေယာဉ်အမိုးနှင့် ကပ်လျက်ရှိသည့် စင်ပေါ်တွင် ခေါက်တင်ထားသော နှင်းကာအင်္ကျီကိုယူပြီး လက်မောင်း တစ်ဖက်တွင် တင်လိုက်၏။ အခြား ပထမတန်း ခရီးသည်တွေ နောက်မှ အဆင်းတွင် လေယာဉ်မယ်က သူ့ကို စိုက်ကြည့်နေသည်ကို သတိထားလိုက်မိ၏။ ခါတိုင်းလိုပင် မသိကျိုးကျွံ ပြု၍ ဆက်လျှောက်သွား သည်။ စိတ်လည်း မဝင်စားနိုင်၊ အချိန်လည်း မပေးနိုင်သည့် ကိစ္စတွေ မဟုတ်လား။ အပြင်တွင် ကားစောင့်နေသိမ့်မည်။ နေ့လယ် နှစ်နာရီ မိနစ်နှစ်ဆယ် ရှိနေပြီ။ နယူးယောက် ရုံးခန်းတွင် တစ်နေ့စာ အလုပ်တွေကို တစ်မနက်ခင်းနှင့် အပြတ် လုပ်ပစ်ခဲ့သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖရန်စစ္စကို စံတော်ချိန်အရ ဆိုလျှင် အလုပ်တွေ အများကြီး ထပ်လုပ်နိုင်သေးသည်။ အနည်းဆုံး အစည်းအဝေးတော့ လေးငါးနာရီ ထိုင်နိုင်သေးသည်။

မနက်ဖြန်တွင် နံနက်စာ စားရင်း အစည်းအဝေး တစ်ခုခေါ်ဖို့ စီစဉ်ထားပြီးပြီ။ နံနက် ခုနစ်နာရီ တိတိ။ မိုက်ကယ် သူ့ဘဝကို သည်အတိုင်း လှုပ်ရှားနေသည်မှာ ကြာပြီ။ အလုပ်သည် သူ့မယား၊ အလုပ်သည် သူ့ ဘုရားဆိုသလို ဖြစ်နေသည်။

ဘဝတွင် အရင်းနှီးဆုံးဆို၍ သုံးယောက်ပဲ ရှိသည်။ တစ်ယောက်က စပိန်ကမ်းခြေရှိ မာယော်ကာကျွန်းတွင် အပျော်ကြီးပျော်ရွှေမည်၊ နောက်တစ်ယောက်ကတော့ ဝင်ဒီ အပြုအစု အယုအယတို့တွင် ကြည်မွေ့နေသည်လေ။ မိုက်ကယ်ကမူ သူဖန်ဆင်းမည့် ဆေးရုံကြီး လှလှပပ ပေါ်ထွက်လာဖို့ လုံးပန်းရသည်ကိုပင် ပျော်မွေ့နေသည်။ လေယာဉ်ကွင်း အဆောက်အအုံဆီသို့ ဖြတ်လျှောက်ရင်း ပြုံးလိုက်သည်။ သည် စီမံကိန်းကြီးသည် သူ့ ရင်သွေးပင် မဟုတ်လား။

"မစ္စတာ ဟီးလ်ယားဒ်ပါလား ခင်ဗျာ"

ယာဉ်မောင်းသမားက သူ့ကို ကောင်းကောင်းကြီး မှတ်မိ၏။ ခေါင်းညိတ်ပြလိုက်တော့ "ကားက ဟိုဘက်မှာပါ ခင်ဗျာ" ဟု ခရီးဦးကြိုပြုသည်။ ယာဉ်မောင်းသမား ပစ္စည်းတွေ သယ်ပိုးနေစဉ် သူက ကားနောက်ခန်းတွင် တက်ထိုင်နေလိုက်၏။

ဆန်ဖရန်စစ္စကိုသည် သာတောင့်သာယာ ရှိလှပါကလား။ နယူးယောက်၌ ရေခဲနေချိန်တွင် ဆန်ဖရန်စစ္စကို၌ အပူချိန် ၆၅ ဒီဂရီရှိသည်၊ စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်ကို ငေးကြည့်နေမိ၏။ နယူးယောက်တွင် သစ်ပင်တွေမှာ အရိုးပြိုင်းပြိုင်း။ အရောင်အဆင်း ကင်းမဲ့လျက်။ နောက် တစ်လလောက်အထိ အရိုးကို အရွက်ဖုံးနိုင်ဦးမည် မဟုတ်။ နယူးယောက်တွင် သစ်ပင်တွေမှာ နွေဦးကို စောင့်ရသည့် ကာလမှာ ကြာတောင့်ကြာရှည်ရှိလှ၏။ ထွေးနွေးသည့် နေရောင်ခြည်သည် တစ်ဖန်ပြန်၍မှ ပေါ်လာပါဦးမည်လားဟု သံသယ ဖြစ်ချင်စရာ။ သည်နှစ်ဖြင့် စိမ်းစိမ်းစိုစို တွေ့ရတော့မှာ မဟုတ်ပါဘူးဟု စိတ်ပျက် အားလျှော့ချိန်လောက် ရောက်တော့မှ ရွက်နုကလေးတွေ ကိုင်းဖျားကိုင်းနားတွင် မထွက်ချင့်ထွက်ချင် ထွက်လာလေ့ရှိသည်။ စိမ်းစိုသည့် နွေဦးဆိုသည်ကို မေ့သလောက်ပင်ရှိခဲ့ပြီ။ သတိရဖို့ အချိန်လည်း မရှိဘူးလေ။





ယာဉ်မောင်းသမားက တည်းခိုမည့် ဟိုတယ်သို့ တန်းမောင်းသွား သည်။ ကုမ္ပဏီ အလုပ်သမားတွေက အစည်းအဝေး ခန်းမကြီး တစ်ခန်းနှင့် နေဖို့အခန်းကြီး တစ်ခန်း ငှားပေးထားသည်။ အားလုံး အသင့်အနေအထားတွင် ရှိနှင့်နေ၏။ လိုအပ်လျှင် နှစ်ခန်းစလုံးတွင် တစ်ပြိုင်တည်း အစည်းအဝေး ရှိချင်ရှိနေမည်။ ထိုည ကိုးနာရီတွင်မှ လုပ်စရာ ရှိတာတွေ၊ ပြင်ဆင်စရာတွေ အသင့် ဖြစ်သည်။ သည်တော့မှ ပင်ပန်းရမှန်း၊ ဆာလောင်ရမှန်း သတိရတော့၏။ အခန်းတာဝန်ခံရုံးသို့ ဖုန်းဆက်ပြီး ဟင်း တစ်မျိုးမျိုး ပို့ပေးဖို့ မှာကြားလိုက်သည်။

နယူးယောက်တွင် သန်းခေါင်ကျော် ရောမည်။ ပင်ပန်းသော်လည်း အလုပ်တွေ သိသိသာသာကြီး ပြီးသွား၍ ဝမ်းသာနေမိ၏။ လည်စည်းကို လျှော့ပြီး ဆိုဖာနောက်မှီဆီသို့ ပစ်လှန်ချလိုက်သည်။ ခြေထောက်ကို ကော်ဖီစားပွဲပေါ် တင်လျက်။ မျက်စိကို အသာပိတ်ထားသည်။ အခန်းထဲတွင် မေမေ့အသံ ပျံ့လွင့်လာသည်ဟု ခံစားလိုက်ရသည်။ ဟို ကောင်မလေးကို သားခေါ်ပြီးပြီလား။

"ဟာ ဒုက္ခပါပဲ" ဟု နှုတ်မှထွက်သွားတော့ တိတ်ဆိတ်နေသည့် အခန်းထဲတွင် သူ့အသံ ဟိန်းသွား၏။ စောစောက သောက်ထားခဲ့သည့် ဝီစကီနှင့် စီးကရက်နံ့သည် အခန်းထဲတွင် သင်းကြိုင်နေဆဲ။ ဟင်းလာမပို့မီ အားနေသားပဲဟု စဉ်းစားမိပြီး ဖုန်းဆက်ဖို့ စိတ်ကူးလိုက်သည်။ ဖုန်းနံပါတ် ရှာတွေ့တော့ တယ်လီဖုန်း ဒိုင်ခွက်ကို လှည့်သည်။ သုံးလေးကြိမ် လှည့်မှ တစ်ဖက်က ဖုန်းကိုင်သည်။

"ဟဲလို" ဟု အမျိုးသမီးက ထူးသည်။

"မင်္ဂလာပါ မစ္စအာဒမ်ဆန်၊ ကျွန်တော် မိုက်ကယ်ဟီးလ်ယားဒ် ပါ"

နှလုံးသွေးကြော ရပ်သွားမည်လားဟု မာရီ အောက်မေ့လိုက်၏။ မနည်းစိတ်ထိန်းပြီး အသက်မှန်မှန် ရှူလိုက်သည်။

"အော်... ရှင် ဆန်ဖရန်စစ္စကို ရောက်နေတာလား မစ္စတာ ဟီးလ်ယားဒ်"

သူ့လေသံမှာ အောင့်သက်သက် ဖြစ်နေသည့် အသံ။ စိတ်တိုနေသည့်လေသံ။ အိပ်နေတုန်း နှိုးမိသဖြင့် စိတ်တိုနေသည် ထင်ပါရဲ့။ သို့မဟုတ် အိမ်ကို ဖုန်းခေါ်တာ မကြိုက်လို့များလား။ အို ဂရုစိုက်လို့။

"ဟုတ်တယ် မစ္စအာဒမ်ဆန်၊ ကျွန်တော်တို့ တွေ့ကြရအောင်လေ။ နည်းနည်းပါးပါး ဆွေးနွေးစရာလေးတွေ ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး။ ကျွန်မမှာ ဘာမှ ဆွေးနွေးစရာ မရှိဘူး။ ရှင့်အမေကို ကျွန်မ အပြတ် ပြောလိုက်ပြီးပြီပဲ"

တယ်လီဖုန်းကိုင်ထားသည့် မာရီ့လက်မှာ တဆတ်ဆတ် တုန်ခါနေသည်။

"ကျွန်တော့် အမေ ခင်ဗျားကို နောက်ဆုံး သတင်းပေးမသွားဘူး ထင်တယ်"

အလုပ်အကြောင်း စပြောတော့မည် ဆိုသည်နှင့် မိုက်ကယ့် လေသံက သူ့အမေအသံနှင့် တူလာသည်။

"ခင်ဗျားနဲ့ တွေ့တဲ့ညမှာ ကျွန်တော့် အမေ နှလုံးရောဂါနဲ့ ဆေးရုံ တင်လိုက်ရတယ်။ ခင်ဗျားနဲ့တော့ ဘာမှမဆိုင်ပါဘူး ထင်ပါတယ်။ မေမေနဲ့ ခင်ဗျားနဲ့ ဘာတွေ ဆွေးနွေးကြတယ်ဆိုတာ ကျွန်တော် သိပ်မသိဘူး။ ဒါပေမဲ့ အလုပ်အကြောင်း ဆွေးနွေးဖြစ်ကြမယ် ထင်ပါတယ်"

"ဟုတ်ကဲ့"

မာရီ တုံ့ဆိုင်းဆိုင်း ဖြစ်နေ၏။

"ကျွန်မ ကြားရတာ စိတ်မကောင်းပါဘူး။ ဘယ့်နှယ်နေသေးလဲ ဟင်"

"လုံးဝ နေကောင်းသွားပါပြီ"

မိုက်ကယ့် မျက်နှာတွင် ပြုံးရိပ်သန်းသွားသည်။

"ပြီးခဲ့တဲ့ အပတ်က လက်ထပ်တယ်လေ။ ခု ဥရောပမှာ သွားပြီး အနားယူနေပါတယ်"

မာရီ အံ့ကြိတ်လိုက်သည်။ လက်ထဲမှ တယ်လီဖုန်းကို ပေါက်ခွဲ ပစ်လိုက်ချင်သည်။ ဘယ်လောက် အကြံ ပက်စက်တဲ့ မိန်းမကြီးလဲ။ တစ်ပါးသူတွေ၏ ဘဝတွေ ဘဝတွေကို ဖျက်ဆီးချေမွ ထားခဲ့ပြီး သူကတော့ လင်အသစ်နဲ့ ပျားရည်ဆမ်းခရီး ထွက်နေသည်တဲ့။

"ဒီတော့ ကျွန်တော်တို့ ဆက်ဆွေးနွေးစရာတွေ ရှိဦးမှာပါ။ ကဲ ဘယ်မှာ ဆုံကြမလဲ။ ကြားနေ နိုင်ငံတစ်ခုခုကို သွားမလား"

မိုက်ကယ် ခပ်ရွှင်ရွှင် ပြောနေသည့်တိုင် တစ်ဘက်က တင်းမာဆဲ။

"ကျွန်မ ပြောပြီးပြီပဲ၊ မလိုတော့ပါဘူးလို့"

မာရီက တိုတိုပြတ်ပြတ် ပြောလိုက်တော့ မိုက်ကယ့် မျက်လုံးတွေ မှေးကျသွားသည်။ ပင်ပန်းလှပြီ။ ဘာမဟုတ်သည့် ကိစ္စကလေးကြောင့် စိတ်ရှုပ်မခံနိုင်တော့။





"ကောင်းပြီလေ။ ကျုပ် ဖဲယားမောင့် ဟိုတယ်မှာ တည်းတယ်။ ခင်ဗျား စိတ်ပြောင်းလာမယ်ဆိုရင် အကြောင်းကြားပေါ့။ ဟုတ်ပြီလား"

"ဘယ်တော့မှ မပြောင်းဘူး မှတ်"

"ကောင်းပါလေ့ဗျာ"

"ဂွတ်နိုက် မစ္စတာဟဒ်ဝါ့"

"ဂွတ်နိုက် မစ္စအဒမ်ဆန်"

ပြတ်တောင်းတော့လည်း တီခနဲ ဆိုတာမျိုးပါလားဟု မာရီတွေးနေ သည်။ မိုက်ကယ်နှင့်လည်း မတူတော့ပါလား။ သူ့လေသံက လောကကို ဂရုမစိုက်သည့် လေသံမျိုး။ နှစ်နှစ်အတွင်း သူ ဘာတွေများ ဖြစ်ခဲ့ပါလိမ့်။ တယ်လီဖုန်းကို ပြန်ချပြီး မာရီ တစ်ယောက် အကြာကြီး ထိုင်ငိုင်နေမိ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

"အချစ် ဒီနေ့ ဘာအလိုမကျလို့လဲ ဟင်။ မျက်နှာထား တင်းနေသလိုပဲ"

နေ့လယ်စာ စားပွဲတစ်ဖက်မှ ပီတာက မာရီ့ကို ကြည့်ပြီး ပြောတော့ မာရီ ခေါင်းခါသည်။ ဝိုင်ခွက်ကလေးကို ဟိုဘက် သည်ဘက် လှည့်နေသည်။

"အလုပ်အကြောင်း စဉ်းစားနေတာပါ။ မနက်ဖြန်ကျရင် ဘယ်လို ရိုက်ကွင်းတွေ ရှာရမယ်ဆိုတာ တွေးနေတာ ပီတာ"

မာရီ လိမ်ပြောနေသည်ကို သူတို့နှစ်ယောက်စလုံး သိနေကြသည်။ မနေ့ ညက မိုက်ကယ်နှင့် တယ်လီဖုန်း ပြောပြီး နောက်ပိုင်းတွင် မာရီ့ စိတ်တွေ တိမ်းတိမ်း မွှေမွှေ ဖြစ်နေခဲ့၏။ အတိတ်၏ အရိပ်တွေက ခြောက်လှန့်လာပြန်သည်။ နောက်ဆုံးနေ့ မြင်ကွင်းက ဘယ်လိုမှ ဖျောက်ဖျက်၍ မရ။ တောပွဲဈေးရှုခင်း ပြီးတော့ စက်ဘီးကိုယ်စီ စီးနေကြပုံတွေ။ ရောင်စုံ ပုတီးကုံးကလေးကို ကော လက်ထပ် တော့မည် ဆိုသဖြင့် မင်္ဂလာ ဝတ်စုံတွေ ဆင်ယင်ထုံးဖွဲ့လိုလေ ပြီးတော့... ပြီးတော့ ဆေးရုံတွင် မာရီယံဟီးလ်ယဒ် ပြောခဲ့သည့် အသံတွေက ပဲ့တင်ထပ်လာ သလိုလို။သည်တုန်းက တစ်ကိုယ်လုံး ပတ်တီးတွေ ဖွေးဖွေးဖြူလို့ မြင်ကွင်း အားလုံးမှာ စွဲလမ်းနေသည့် ရုပ်ရှင်ကား တစ်ခုပမာ။ ဘယ်လို ဖျောက်ဖျက်ရမလဲကွယ်။

"မာရီ အချစ်ရယ်၊ မင်း နေကောင်းရဲ့လား ကွယ်"

ချစ်သူ ဆရာဝန်၏ စိုးရိမ်တကြီး မေးသံ။





"အို နေကောင်းပါတယ် မောင်ရဲ့။ စိတ်မရှိနဲ့နော်။ ဒီနေ့ တွေ့ရဆုံရတာတွေ သိပ်အပေါက်အလမ်း မတဲ့လို့။ သိပ်ပင်ပန်းနေလို့လည်း ဖြစ်ချင်ဖြစ်မှာပါ"

သို့သော် ပီတာက မာရီကို ကောင်းကောင်း အကဲခတ်နိုင်သည်။

သူ့မျက်လုံးထဲတွင် ဟိုတုန်းက ထင်ဟပ်နေကျ သောကရိပ်တွေ ထင်ဟပ်နေပြန်ပြီ မဟုတ်လား။

"ဖေးနဲ့ တွေ့သေးလား ဟင်"

"သူ့ကို ဒီနေ့ နေ့လယ်စာ ဖိတ်ကျွေးမလို့။ အချိန်ကို မရဘူး။ ဓာတ်ပုံပြပွဲ ပြီးကတည်းက ဘယ်မှာ အားတော့လို့လဲ ပီတာရယ်"

မာရီက ပီတာကို မြတ်မြတ်နိုးနိုးကြည့်ပြီး ပြုံးလိုက်သည်။

"နေ့တစ်ဝက်က အမှောင်ခန်းထဲမှာ ကုန်ပြီးတစ်ဝက်က ကင်မရာ တစ်လုံးနဲ့ မြို့ထဲ ပြေးနေရတဲ့ ဥစ္စာ"

"မဟုတ်ဘူးလေ၊ ကိုယ်ပြောတာက ဖေးကို မိတ်ဆွေ သူငယ်ချင်း အနေနဲ့ သွားတွေ့လားလို့ ဆိုလိုတာ မဟုတ်ဘူး။ သူ့ကို ဆရာဝန် တစ်ယောက်အနေနဲ့ သွားတွေ့သေးလားလို့ မေးတာ"

"ဟင့်အင်း၊ ပီတာကို ပြောပြီး ပြီပဲ၊ ခရစ်စမတ် မတိုင်ခင်ကတည်းက ရပ်လိုက်ပြီလို့"

"ဒါပေမဲ့ ရပ်လိုက်တာဟာ မာရီ့ ဆုံးဖြတ်ချက်လား၊ ဖေးရဲ့ ဆုံးဖြတ်ချက်လားဆိုတာ ကိုယ်မသိရသေးဘူး လေကွယ်"

"ဆုံးဖြတ်ချက်ကတော့ မာရီ့ ဆုံးဖြတ်ချက်ပါ။ ဒါပေမဲ့ ဖေးက မကန့်ကွက် ပါဘူး ပီတာရဲ့"

စိတ်ကုဆရာဝန်ကို သူ တွေ့ဖို့ လိုနေသေးသည်ဟု ပီတာ ထင်နေသည့်အတွက် မာရီ စိတ်မကောင်း ဖြစ်ရသည်။

"ပင်ပန်းလို့ပါကွယ်၊ ဘာမှမဟုတ်ပါဘူး"

"ဟုတ်ကဲ့လား မာရီရယ်။ တစ်ခါတစ်ခါ ကိုယ် အားမရဘူး။ ဟိုတုန်းက ဖြစ်ခဲ့တာတွေကို တွေးပြီး ထိတ်လန့် နေသလိုပဲ"

"အို မောင်ကလည်းကွယ်၊ အတွေးခေါင်လိုက်တာ"

"ဒါ သဘာဝပဲ မာရီ။ အတိတ်ရဲ့ အရိပ်ဟာ နှစ်နှစ်မကဘူး။ အနှစ်နှစ်ဆယ် အစိတ်ထိ လွှမ်းမိုးနိုင်တာမျိုးကွယ့်။ အတိတ်ဆိုတာ လွယ်လွယ်နဲ့ မေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ရတာမျိုး မဟုတ်ဘူး။ ကြိုးကြိုး စားစား မေ့အောင် လုပ်သည့်တိုင်အောင် မသိစိတ်မှာ ကျန်နေတတ်တယ် မာရီ"

"အို ဘယ်မှာမှ မကျန်ဘူး"

"အေးလေ၊ ဒါတော့ မင်းအသိဆုံး ဖြစ်မှာပေါ့။ ကိုယ်က စိုးရိမ်လို့ပါ။ ဘဝအသစ်မှာ အဲဒီအရိပ်ကြီးထိုးနေရင် မင်း အောင်မြင်သင့်သလောက် မအောင်မြင်မှာ စိုးလို့ပါ။ ထားပါတော့လေ၊ ဒါနဲ့ ပတ်သက်ပြီး ကိုယ် သိပ်ပြောဖို့ မလိုပါဘူး ဒါပေမဲ့ ဖေးဆီတော့ သွားလိုက်ပါဦး မာရီရယ်၊ မမှား ပါဘူး"

ပီတာ့ မျက်နှာက တကယ်စိတ်ပူနေပုံ။

"မလိုပါဘူး ပီတာရယ်"

မာရီ နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး ပြောလိုက်သည်။ ပီတာက မာရီ့ လက်ခုံကလေးကို ပုတ်ပြီး နှစ်သိမ့်သည်။ သည်ကိစ္စကို အစ ဖော်ပေးမိသည့် အတွက် တောင်းပန်စကားကိုမှု မပြော။ မာရီ အခြေပျက်နေသည်ကို သူ ကောင်း ကောင်းကြီး သိနေသည် မဟုတ်လား။

"ကဲ သွားကြရအောင်လား"

ပီတာ အညင်သာဆုံး ပြုံးပြီး ပြောတော့ မာရီက တုံ့ပြန် ပြုံးပြသည်။ သို့သော် သူ့အပြုံးက လျော့လျည်းလျည်း။ တစ်စုံတစ်ခုက သူ့ကို စိုးမိုးဖိစီးနေ သည်မှာ သေချာပြီ။ မိုက်ကယ်နှင့် စကားပြောပြီးကတည်းက။

ပီတာက စားပွဲထိုးကို ချက်လက်မှတ် တစ်စောင် ထုတ်ပေးလိုက်သည်။ အပြာရောင် ကတ္တီပါ အနွေးထည်ကို မာရီအား ကူဝတ်ပေးသည်။ မိုးသားနှင့် ဘလောက်စ်နှင့် အဖြူရောင် စကတ်တို ဝတ်ထားသည်။ မာရီသည် ဝတ်ကောင်း စားလှတွေကို အဆင့်အတန်းမြင့်မြင့် ဝတ်ဆင်လေ့ရှိသည်ကို ပီတာ သဘောကျ မဆုံး။

"ကိုယ် ပြန်ပို့ပေးမယ်နော်"

"နေပေ့စေ ပီတာ။ ပြခန်းကို ဝင်လိုက်ဦးမယ်။ ဂျက်နဲ့ ဆွေးနွေးစရာ ကလေးတွေရှိလို့။ အခန်းကို အပြင်အဆင် ပြောင်းပစ်ချင်တယ်။ နောက်ပိုင်းမှာ တဲ့ ပုံတွေထက် စောစောပိုင်း ကားတွေက ပိုပြီး အရောင်း သွက်နေတယ် အဲဒါကြောင့် ကားချပ်တွေကို ဟိုပြောင်း ဒီရွှေ့ လုပ်မလားလို့"

"သိပ် လုပ်သင့်တာပေါ့ မာရီ"





ပီတာက-မာရီ့ ပခုံးကို ဖက်ပြီး ထွက်လာခဲ့သည်။ အပြင်တွင် နွေဦး၏ နေခြည်သည် ထွန်းသစ်တောက်ပလျက်။ မနက် စောစောက ကျခဲ့သည့် နှင်းခဲတွေ အရည်ပျော် ဆင်းသွားကြလေပြီ။ ထွေးနွေး လှပသည့် နေ့။ ပီတာ၏ ကားနက်ကြီး ဆီသို့ ရောက်တော့ ပီတာက မာရီကို တံခါးဖွင့်ပေးသည်။ မာရီက စကတ်ကို သိမ်သိမ် မွေ့မွေ့ကလေး အနားသိမ်းပြီး ငြိမ့်ငြိမ့်ကလေး ဝင်ထိုင်လိုက်၏။ ပီတာ သူ့နံဘေးတွင် ထိုင်ပြီး ကားစက်နှိုးသည်။ မာရီ သူ့ကို ငေးကြည့်ပြီး ပြုံးလိုက်သည်။ အလွန် ဂရုစိုက်လွန်းသည့် ပီတာပါလား။

တစ်ခါတစ်ခါ မာရီ စဉ်းစားကြည့်သည်။ သူ့ကို ပီတာ ချစ်နေသည်မှာ ကိုယ်ဖန်ဆင်းလိုက်သည့် ပစ္စည်း တစ်ခုကို ချစ်တတ်သည့် အချစ်မျိုးလား။ သည်လိုမှ မဟုတ်၊ သူ့အချစ်ကို ပြည့်ပြည့်ဝဝ မတုံ့ပြန်နိုင်ပဲ အတိတ်တစ္ဆေ၏ ခြောက်လှန့်ခြင်းကို ခံနေရဆဲ ရှိသည့်အတွက် ပိုပြီး ကရုဏာ သက်နေခြင်း မျိုးလား။ သည်လို တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်မိသည်။ နှစ်နှစ်ကာကာ ချစ်ဖို့ ကြိုးစားတိုင်း မမြင်နိုင်သည့် အရာတစ်ခုက သူတို့ နှစ်ယောက်ကြားတွင် ဟန့်တားနေသလိုလို။ အားလုံး သူ့အပြစ်တွေပါလား။ ပီတာ တွေးတောပူပန်သည့် ကိစ္စမှာ အလွန် စဉ်းစားစရာကောင်းသည့် ကိစ္စ ပါကလား။ ဘဝသစ်ကို အဟောင်းရဲ့ အလွှမ်းမိုး ခံနေရလျှင် အောင်မြင်သင့် သလောက် မအောင်မြင်မှာ စိုးလို့ပါတဲ့။ ဖေးဆီ သွားလိုက်ဦးမှ ထင်ပါရဲ့။

"ဒီနေ့ အချစ် စကားနည်းလှချည်လား ဟင်။ အလုပ်အကြောင်း စဉ်းစား နေတာမှ ဟုတ်ရဲ့လား"

မာရီက မလုံမလဲ ခေါင်းညိတ်လိုက်၏။ လက်ဖဝါး နုနုကလေးကို ပီတာ့ ဒူးပေါ်သို့ လှမ်းတင်လိုက်သည်။

"တစ်ခါတစ်ခါ စဉ်းစားမိတယ် သိလား။ ဘာပြုလို့များ မာရီကို ပီတာ ဒါလောက် သည်းခံနေသလဲလို့"

"ချစ်လို့ပေါ့ကွယ်။ ကိုယ် သိပ်ကံကောင်းလို့ပေါ့။ ကိုယ့်အတွက် မာရီဆိုတဲ့ ကောင်မလေးဟာ ထူးခြားလွန်းလို့ပေါ့။ မင်း သိရက်သားနဲ့ မာရီရယ်"

ဒါကိုလည်း မာရီတွေးပြီး အံ့သြရပြန်ပါသည်။ သူနှင့် ဖြစ်ခဲ့ဖူးသည့် တခြားမိန်းကလေးတွေကိုလည်း သူ သည်စကားမျိုးပဲ ပြောခဲ့လေသလား။ ကျောထဲတွင် စိမ့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှိတ်ထားလိုက်၏။ နောက်သို့ ပစ်မှီလိုက်သည်။ တည်ငြိမ်အောင် ကြိုးစားနေခိုက် မျက်လုံးအပြူးသား ဖြစ်သွားသည်။ လမ်းဘေးသို့ တအားဆွဲချ လိုက်သောကြောင့် ဖြစ်၏။ သူတို့ရှေ့ဘက် လမ်းပေါ်တစ်နေရာတွင် ရပ်ထားသည့် ထရပ်ကားကြီးကို တအားကျော်တက်လာသော ကားတစ်စီးသည် အရှိန်မထိန်း နိုင်ပဲ သူတို့ကားဆီသို့ ထိုးဆင်းလာသည်။ ကားနှစ်စင်း တိုက်မိလု ဆဲဆဲတွင်မှ ပွတ်ကာသီကာကလေးလွဲသွားသည်။ တစ်ဖက်မှကားသည် တစ်ပတ်ပြန်လည် သွားပြီး လမ်းပေါ်သို့ ပြန်တက်သွားသည်။ မာရီ မျက်လုံးကြီးတွေ အပြူးသားနှင့် ကြောင်ကြည့်နေသည်။ အော်ဖို့ကို သတိမရ။ ဘုရားတ ဖို့ကို သတိမရ။ သူတို့ မျက်နှာတွင် သွေးတစ်စက်မျှ မရှိတော့သလို။ သူ့လက်က ရှေ့မှ ရင်တားကို တအား ဆုပ်ကိုင်လျက်။ တစ်ကိုယ်လုံး အေးစက်သွားသည်။ မေးဖျားကလေး တဆတ်ဆတ် တုန်လာသည်။ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ ဝဲနေ၍ ဘာကို မျှ သဲသဲကွဲကွဲ မမြင်တော့။ အသိအာရုံတွင် ထင်ဟပ်လာသည်မှာ လွန်ခဲ့သည့် နှစ်ဆယ့်နှစ်လက မြင်ကွင်း။ ပီတာ ချက်ချင်း နားလည်လိုက်သည်။ မာရီ တက် သွားပြီ။ ကားကို ရပ်ပြီး မာရီကို သူ့ရင်ခွင်ထဲ ဆွဲသွင်းဖို့ လက်လှမ်းလိုက်၏။ မာရီ တစ်ကိုယ်လုံးတောင့်တင်းနေသည်။ ပီတာ လက်နှင့် သူ့ကို ထိလိုက်တော့ ငယ်သံပါအောင် အော်တော့သည်။ ကားကလေးထဲတွင် သူ့အော်သံသည် နားကွဲ မတတ် စူးစူးရှရှ ဆူညံ သွားသည်။ ပီတာက အတင်းဖက်၊ အတင်းပွေ့ပြီး ဆွဲခါသည်။ သတိရလာအောင် ခပ်ကြမ်းကြမ်း ဆွဲလှုပ်သည်။

"ရှူး ရှူး၊ မာရီ... ဘာမှ မဖြစ်ပါဘူး အချစ်ရယ်။ ဒီမှာ... မင်း ဘာမှ မဖြစ်ဖူးလေ။ နောက် အဲဒီလို ဘယ်တော့မှ မဖြစ်စေရဘူးကွယ်နော်... နော်"

သည်တော့မှ မာရီ တရှိုက်ရှိုက် ငိုကြွေးရင်း သူ့ရင်ခွင်ထဲသို့ ပျော့ခွေကျ လာတော့၏။ ပီတာက မာရီ့ မျက်နှာနှင့် ဆံပင်တွေကို ပွတ်သပ်ရင်း တကယ်ပင် ဘာမျှ မဖြစ်ကြောင်း ပြောပြနေ၏။ လက်တစ်ဖက်ကို မလွှတ်တမ်း ကိုင်ထား၏။ အတော်ကြီးကြာမှ အကြောက်ပြေသွားပြီး တည်တည် ငြိမ်ငြိမ်ဖြစ်လာ၏။ သည်တော့မှ ပီတာက အညင်သာဆုံး လေသံဖြင့်

"အချစ်ရယ်၊ ဖေးဆီပြန်သွားပါဦးကွယ်။ မင်းရဲ့ ဒဏ်ရာတွေ မကျက် သေးပါဘူး၊ နော်"





ဖေးဆီ ပြန်သွားရဦးမည်တဲ့။ ဒဏ်ရာတွေ မကျက်သေးဘူးတဲ့။ မိုက်ကယ် ကို ချစ်တဲ့အချစ်ကို ဒဏ်ရာတဲ့လား။ သည်ဒဏ်ရာကိုတော့ ဘယ်သူကျက်အောင် ကုပေးနိုင်မှာလဲ ပီတာရယ်ဟု ပြောလိုက်ချင်သည်။ မိုက်ကယ် တယ်လီဖုန်း ဆက်သည့် အကြောင်းကို ပြောပြလိုက်ချင်သည်။ ဘယ်ဖြစ်နိုင်ပါဦး မလဲနော်။ မိုက်ကယ်နှင့် ပြောနေစဉ်တုန်းက စိတ်ကို ဘယ်လောက်ထိန်းထိန်း၊ ရင်ထဲမှာ သည်လောက် သည်လောက် လှုပ်ရှားနေသည်ကို ပီတာသိလို့ ဘယ်ဖြစ်ပါ့မလဲ။ မိုက်ကယ့်အသံ ကြားရရုံမျှနှင့် သူ့ကိုယ်တွေ ပူနွေးလာပြီး သူ့ရင်တွေ တလှပ်လှပ် ဖြစ်ခဲ့ရသည် မဟုတ်လား။ သူ့ရှိရာကို ပြေးချသွားပြီး သူ့ရင်ခွင်ထဲကို.... သူ့နှုတ်ခမ်းတွေကို...။ ဒါတွေကို ဘယ်လိုလုပ်ပြီး ပီတာအား ပြောပြနိုင်ပါမည် လဲ။ သည်တော့ ပီတာကို ပင်ပန်း နွမ်းနယ်လှသည့် မျက်လုံးတွေ ဖြင့် ခပ်စင်းစင်း ကြည့်ပြီး သူပြောသည့်အတိုင်း အသာ ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပါပြီ ပီတာရယ်၊ သွားတာပေ့ါ"

"အဲဒီလိုမှပေ့ါ။ ကိုယ် အိမ်ပြန်ပို့ ပေးမယ်နော်"

ပီတာ့ အသံက သိမ်မွေ့နူးညံ့လှသည်။ မာရီ ခေါင်းညိတ်၏။ ပြခန်းသို့ သွားနိုင်ဖို့ အင်အားလည်း မရှိတော့။ မာရီ့ အိမ်သို့ ရောက်သည်အထိ စကား တစ်လုံးမျှ ထပ်မပြောမိကြ။

"အပေါ်ထိ လိုက်ပို့ ရဦးမလား ဟင်"

ပီတာမေးတော့ မာရီက အသာခေါင်းခါ ပြသည်။ ပီတာ့ ပါးကို မွှမွှနမ်း သည်။

"ကျေးဇူးပါ"

ရိုးရိုးကလေး ပြောပြီး ကားပေါ်မှ ဆင်းသည်။ နောက်သို့ လှည့်မကြည့် တော့။ လှေကားကို တစ်လှမ်းချင်းတက်လာခဲ့သည်။ သူ့ပခုံးပေါ်တွင် နှစ်ဆယ့် နှစ်လမျှ စုဆောင်း ထားခဲ့သော အထီးကျန် အဖော်မဲ့ ဝေဒနာ ဝန်ထုပ်ကြီးသည် ၍ လေးလံဖိစီးလျက်။ သည်လို ဖြစ်ရသည်မှာ မိုက်ကယ်ကြောင့်။ အနာဟောင်း ကို ဆွလာသူမှာ မိုက်ကယ်။ ငြိမ်းချမ်းစ ပြုနေသည့် သူ့ဘဝ ရေကြည်ကြည်ကို နယ်အမှုန်တွေ ထလာစေသူမှာ မိုက်ကယ်။ ပြီးတော့ သူလိုချင်သည်မှာ မာရီ၏ တက်ပုံများသာ ဖြစ်၏။ သည် သေနာကောင်က ဘာပြုလို့များ တခြားတစ် ယောက်ယောက်ဆီ မသွားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းရောက်တော့ အိပ်ရာပေါ်သို့ ပစ်လှဲ ချလိုက်သည်။ ဖရက်က အိပ်ရာခြေရင်းဘက်သို့ ခုန်တက်လာပြီး ပွတ်သီးပွတ်သပ် လုပ်နေ၏။ ခါတိုင်းလို မွှေ့မွှေ့ ပိုက်ပိုက် မလုပ်ချင်တော့။ အောက်ပြန်ချပေးလိုက်၏။ မျက်နှာကျက်ကို ငေးကြည့်ပြီး တစ်ယောက်တည်း အကြာကြီး စဉ်းစားခန်း ဝင်နေမိ၏။ ဖေးဆီကို ဖုန်းဆက်ရကောင်းမလား။ ဆက်ဖို့ကော လိုလို့လား။ တွေးနေရင်း ခြေကုန် လက်ပန်းကျပြီး မျက်ခွံတွေ လေးလာသည်။ ထိုစဉ် တယ်လီဖုန်း မြည်လာသည်။ မကိုင်ချင်သော်လည်း ထကိုင်လိုက်ရသည်။ ပီတာ စိတ်မချလို့ ဆက်တာထင်ပါရဲ့။ သူ့ကို သည့်ထက်သည် စိတ်ပူအောင် လုပ်ဖို့တော့ မသင့်။ ဖုန်းကို ကောက်ကိုင် လိုက်သည်။

"ဟဲလို" ခပ်တိုးတိုးကလေး ထူးလိုက်သည်။

"မစ္စ အဒမ်ဆန်"

ဘုရား။ ဘုရား။ ပီတာ မဟုတ်ပါလား။ သူ…သူ။

မျက်စိကို နှာနှာ မှိတ်ထားလိုက်ရသည်။ မျက်ရည် မကျအောင် မနည်း ထိန်းထားရသည်။ တစ်ကိုယ်လုံး လှုပ်ရှားသွားသည်အထိ သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်သည်။

"ဒုက္ခပါပဲ မိုက်ကယ်ရယ်၊ ကိုယ့်ဘာသာ အေးအေးနေပါရစေ"

တယ်လီဖုန်းကို ခပ်သွက်သွက် ပြန်ချလိုက်သည်။ တစ်ဖက်မှ မိုက်ကယ် တစ်ယောက် ဖုန်းခွက်ကို စိုက်ကြည့်ပြီး ကြောင်နေသည်။ မိုက်ကယ်တဲ့။ ဘာပြု မိုက်ကယ်လို့ ခေါ်ပါလိမ့်။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ မိုက်ကယ့် ဦးနှောက်ထဲ ချာချာလည်သွားသည်။

* * *

၂၇

နောက်တစ်နေ့ နံနက်တွင် မာရီသည် ပင်ပန်း နွမ်းနယ်စွာဖြင့် ပြခန်းဆီသို့ လာခဲ့သည်။ ဖရက်က နံဘေးမှ ကပ်လျက်။ ဆောင်းဘီအနက်၊ ဆွယ်တာ အစိမ်းရင့်ရောင်ကို ဝတ်လာသည်။ သူ့ အသားရောင်နှင့် လိုက်ဖက်ပေါ လွင်လှ၏။ သို့သော် ညက အိပ်မပျော်သဖြင့် ခါတိုင်းလို မရွှင်။ မိုက်ကယ်နှင့် ချစ်ခဲ့ပုံတွေ၊ နောက်ဆုံးနေ့၏ ရင်ခုန်စရာ၊ ကြည်မောစရာ၊ ထိတ်လန့်စရာ မြင်ကွင်းတွေကို တစ်ညလုံး မြင်ယောင်နေသည်။ တစ်သက်မျှ မဟုတ်၊ နောက်ဘဝများစွာအထိ မေ့၍ရနိုင်တော့မည် မဟုတ်ဟု သူ သဘောပေါက်လိုက်၏။

"မာရီ အလုပ်တွေ သိပ်ပင်ပန်းနေပြီ ထင်တယ်ကွယ်"

ဂျက်က သူ့စားပွဲမှ လှမ်းပြော၏။ ဂျက်သည် ဝတ်နေကျ ဝတ်စုံကို ဝတ်ထား၏။ ပြင်သစ် ဂျင်းဘောင်းဘီ အပြာမှာ ထိပ်တန်း အပ်ချုပ်ဆိုင်ကြီး တစ်ခုမှ အော်ဒါချုပ်ဖြစ်၍ သူ့ကိုယ်နှင့် အံဝင်ခွင်ကျ။ လည်ထောင် ဆွယ်တာပေါ်တွင် သားရေ ဂျာကင်ကို ထပ်ဝတ်ထား၏။

"ဒါမှ မဟုတ်၊ တို့ အချစ်တော် ဆရာပီတာနဲ့ လည်တာ သိပ်ညဉ့်နက်သွားလို့လား" ဂျက်မှာ တစ်နွယ်ငင် တစ်ဇင်ပါ ဆိုသလို အချစ်ဆုံး သူငယ်ချင်း ပီတာနှင့် ပတ်သက်ပြီး မာရီကိုပါ သံယောဇဉ်တွယ် ခင်မင်နေပြီ။

မာရီ ဘာမျှ ပြန်မပြောဘဲ ပြုံးရုံကလေး ပြုံးနေပြီး ဂျက်ငှဲ့ပေးသည့် ကော်ဖီကို တစ်ကျိုက်ချင်း သောက်နေ၏။ ကော်ဖီမှာ ဂျက်အကြိုက် ပြင်သစ်မှ

www.burmeseclassic.com



ယူလာခဲ့သည့် အပြင်းစား ကော်ဖီစစ်စစ် ဖြစ်၏။ ဂျက်သည် ကော်ဖီသာမက အခြားအခြားသော ပစ္စည်းအသုံးအဆောင် အများအပြားကိုလည်း ပြင်သစ်မှ တကူးတက မှာယူ သုံးစွဲလေ့ရှိ၏။ ဒါတွေမရှိလျှင် အမေရိကတွင် သူအသက် မရှင်နိုင်တော့သည့် အလား။ ဂျက်တစ်ယောက် ရိုးရာဓလေ့ကို မြတ်နိုးပုံနှင့် အထက်တန်းကျကျ နေတတ်ပုံများကို မာရီက သဘောကျနေသည်။ သူ့မွေးနေ့တွင် မာရီက ပြင်သစ်ပြည်လုပ် ခရီးဆောင် အိတ်ပြားကလေးနှင့် ပြင်သစ်လုပ် အိမ်သာသုံး စက္ကူတစ်လိပ် လက်ဆောင်ပေးခဲ့စဉ်ကဆို ဂျက် သဘောကျမဆုံး ဖြစ်ခဲ့သည်။

"ပီတာနဲ့ သိပ်အချိန်မကုန်ပါဘူး ဂျက်ရဲ့။ အမှောင်ခန်းထဲမှာ အချိန်တွေ သိပ်ကုန်လို့ ဖြစ်မှာပေါ့"

"မာရီ၊ မင်းရူးနေပြီလား။ ဘာဖြစ်လို့ ဒါလောက် အလုပ်ကိုချည်း ဖိလုပ်နေရတာလဲ ဟင်။ မင်းလို မိန်းကလေး တစ်ယောက်ဟာ ကပွဲခန်းမတွေထဲမှာ အချိန်ဖြုန်းသင့်တာ"

"နောက်မှ နောက်မှ။ ခုတော့ အလုပ်ကို ဖိလုပ်ရဦးမယ် ဂျက်ရေ"

မာရီက နောက်တင်မည့် သူ့ကားသစ်တွေ အကြောင်းကို ရှင်းပြသည်။ ဆန်ဖရန်စစ္စကို မြို့ကြီး၏ လမ်းဘေး အနိဋ္ဌာရုံ မြင်ကွင်းပုံများ။ ဂျက်သည် ကျေနပ်နှစ်သိမ့်စွာ ခေါင်းတညိတ်ညိတ် နားထောင်နေ၏။

"ကြိုက်ပြီ မာရီ။ ကောင်းတယ်၊ သိပ်ကောင်းတယ်။ အမြန်ဆုံးသာ လက်စသတ်အောင် လုပ်ပေတော့၊ သိလား"

ဂျက်က အသေးစိတ် အစီအစဉ်တွေ ပြောတော့မည် ဟန်ပြင်လိုက်စဉ် သူ့ရှုံ့ခန်း တံခါးခေါက်သံကို ကြားလိုက်၏။ တံခါးခေါက်သံကြားရုံဖြင့် သူ့အတွင်းရေးမှူးမှန်း ဂျက်သိလိုက်၏။ မာရီက ထုံးစံအတိုင်း ဂျက်ကို စသည်။

"ဂျက် အဆက်ကလေးတွေထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့"

ဂျက် ပြုံးပြီး ပခုံးတွန့်လျက် "အရေးထဲမှာကွာ" ဟု ရေရွတ်ရင်း စားပွဲကို ပတ်ကာ တံခါးဆီသို့ ထသွားသည်။ တံခါး အပြင်ဘက်ရောက်သောအခါ သူ့အတွင်းရေးမှူး မကလေးက သူ့အား တီးတိုးတီးတိုး သဖန်းပိုးထိုးလုပ်သည်။ ခေါင်းအညိတ်ညိတ်ဖြင့် နားယောင်နေသည့် ဂျက်၏ မျက်နှာမှာ ရွှန်းပနေသည်။ နောက်ဆုံး အတည်ပြုချက် ပေးသည့် အနေဖြင့် ခေါင်းကို ခပ်ညိတ်ညိတ်ပြုပြီး





အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။ နောက် စားပွဲတွင် ပြန်ထိုင်ပြီး မာရီကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။

"အံ့ဩစရာ တစ်ခု ပြောစရာ ရှိတယ် မာရီ"

တံခါးခေါက်သံ ပေါ်လာပြန်သည်။ ဂျက်က ဆက်ပြော၏။

"တကယ့်ကို အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က မင့်ဓာတ်ပုံတွေကို စိတ်ဝင်စားနေတယ်တဲ့"

ထိုစဉ် ဝုန်းခနဲ တံခါးပွင့်သွားသည်။ ဘာတွေ ဖြစ်ကုန်ပါလိမ့် ဆိုသည်ကို ပြည့်ပြည့်စုံစုံ နားမလည်လိုက်ဘဲ မာရီ နောက်သို့ လှည့်ကြည့်လိုက်၏။ တံခါးဝတွင် ရပ်နေသူကား မိုက်ကယ်။ မာရီ ပါးစပ် အဟောင်းသား ဖြစ်သွား၏။ လက်ထဲမှ ကော်ဖီပန်းကန်မှာ တဆက်ဆက် တုန်ခါလျက်။ ရှပ်အင်္ကျီအဖြူပေါ်တွင် အနက် ရောင်ဝတ်စုံကို ဝတ်ထားသည်။ ရှပ်အင်္ကျီအဖြူတွင် လည်စည်းမှာ အနက်။ တကယ့် သန်းကြွယ် သူဌေးဂိုက် ဖမ်းနေ၏။

မာရီက ကော်ဖီပန်းကန်ကို ချပြီး သူဆန့်တန်းပေးလာသည့် လက်ကို လှမ်းဆုပ်လိုက်ရ၏။ မိုက်ကယ်သည် ပြခန်း ပိုင်ရှင်၏ ရုံးခန်းထဲတွင် မြင်နေရသည့် ဓာတ်ပုံ ဆရာမကလေးကို မြင်မြင်ချင်း သဘောကျသွား၏။ တယ်လီဖုန်းထဲတွင် မချေမငံ ပြောလွှတ်သည့် အသံ ပိုင်ရှင်မှ ဟုတ်ပါလေစ။ သူ စိတ်တိုနေတုန်း ဒုန်းဆက်မိလို့ ဖြစ်မှာပါလေဟု မိုက်ကယ် ဖြေတွေး တွေးလိုက်သည်။ သူ့ ရည်းစားနှင့် စိတ်ဆိုးနေလို့လား။ ဒါမှမဟုတ် အရက်မူးနေခိုက်နှင့် ကြုံလို့လားမှ မသိဘဲ။ အနုပညာသည် လောကဆိုသည်မှာ ပြော၍ မရ။ သို့သော် မိုက်ကယ်က သူ့ အတွေးတွေကို မျက်နှာပေါ်တွင် မပေါ်လွင်အောင် ထိန်းထားနိုင်ခဲ့၏။ မာရီသည်လည်း အလားတူပင်။

"ရှာလိုက်ရတာဗျာ။ နောက်ဆုံး ခုလိုတွေ့ရတော့ ကျွန်တော် ဝမ်းသာလို့ မဆုံးပါဘူး မစ္စအဒမ်ဆန်။ ခင်ဗျား့ လက်ရာတွေ တွေ့ရတော့မှ ကျွန်တော် သဘောပေါက်ရပါတယ်။ ပညာမာန ရှိလောက်ပါပေတယ်"

မိုက်ကယ်က အားပါးတရကြီး ပြုံးလိုက်၏။ မာရီ ဂျက်ကို လှမ်းကြည့်လိုက်၏။ ဂျက်က မိုက်ကယ်ကို လက်ဆန့်ပေးလိုက်သည်။ ကော့တာဟီးလ်ယန်းအား မာရီ့ ဓာတ်ပုံတွေကို စိတ်ဝင်စား နေခြင်းအတွက် သူသည် မာရီ့ကိုမစား ကျတ်ယူမဆုံး ရှိနေ၏။ မာရီ့ ဓာတ်ပုံတွေကို စိတ်ဝင်စားနေခြင်းမှာ သူ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်း အတွက် မဟုတ်ကြောင်း၊ ကော့တာဟီးလ်ယဒ် ကုမ္ပဏီအတွက် ဖြစ်ကြောင်းကို မိုက်ကယ်က အတွင်းရေးမှူးမှ တစ်ဆင့် ပြောထားနှင့်ပြီ မဟုတ်လား။ သို့ရာတွင် ဂျက်တစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ပျော်နေ သလောက် မာရီက မတုန်မလှုပ်။ ထိုင်ဆဲကုလားထိုင်တွင် ကျောက်ဆစ်ရုပ်လို ထိုင်လျက်။ မိုက်ကယ့် မျက်လုံးတွေနှင့် မဆုံမိအောင် တမင်လွှဲထားသည်။ အေး စက်စက် အပြုံးငွေ့ကလေးတစ်ခု သူ့နှုတ်ခမ်းများတွင် ယှက်သန်းနေသည်။

"ကျွန်တော် လုပ်ချင်တဲ့ အစီအစဉ်တွေ ခင်ဗျားတို့ နှစ်ယောက်လုံးကို ရှင်းပြပါရစေ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ပြောပါ ပြောပါ"

ဂျက်က ပြောပြောဆိုဆို မိုက်ကယ်အား ကော်ဖီငှဲ့ပေးရန် သူ့ အတွင်းရေးမှူးအမျိုးသမီးကို အချက်ပြလိုက်သည်။ ပြီးတော့ ထိုင်ခုံတွင် ထိုင်ပြီး မိုက်ကယ် ပြောသရွေ့ကို နားထောင်နေသည်။ မိုက်ကယ်တင်ပြသည့် အချက်အလက် အသေးစိတ်များ၊ အခွင့်အလမ်းများမှာ အခြားအခြားသော ဓာတ်ပုံဆရာ၊ ပန်းချီဆရာတို့အဖို့ အငမ်းမရ ဖြစ်စေမည့် ကမ်းလှမ်းချက်များ ဖြစ်၏။ သို့သော် မိုက်ကယ် စကားဆုံးသွားသည် အထိ မာရီသည် ကျောက်ရုပ်ပမာ ငြိမ်နေဆဲ။ ခဏနေမှ ခေါင်းကို အသာအယာညိတ်သည်။ ပြီးတော့ မိုက်ကယ်ကို တည့်တည့် ကြည့်လိုက်၏။

"ကျွန်မရဲ့ အဖြေဟာ အရင်အတိုင်းပါပဲ မစ္စတာ ဟီးလ်ယဒ်"

"ဩော်၊ ဒီအကြောင်း ဆွေးနွေးကြဖူးတာပေါ့၊ ဟုတ်လား"

ဂျက်ကနားမလည်နိုင်သလိုတအံ့တသြ မေးလိုက်သည်။ မိုက်ကယ်က ခပ်သွက်သွက် ရှင်းပြသည်။

"ဟုတ်ပါတယ်။ ကျွန်တော့် သူငယ်ချင်းရယ်၊ ကျွန်တော့် အမေရယ် မစ္စအဒမ်ဆန်နဲ့ ဆွေးနွေးဖူးပါတယ်။ ကျွန်တော်နဲ့လည်း ဖုန်းနဲ့ ပြောဖူးကြပါတယ်။ ဒါပေမဲ့ ပြည့်ပြည့်စုံစုံ မဆွေးနွေးရသေးတော့ မစ္စအဒမ်ဆန်က ငြင်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် ခုလို အသေးစိတ် ရှင်းပြရင်တော့ စိတ်ပြောင်းလာမယ်လို့ ကျွန်တော် မျှော်လင့်လာခဲ့တာပါ"

ဂျက်က နားမလည်နိုင်သလို မာရီကို လှမ်းကြည့်၏။ မာရီကတော့ ခေါင်းကိုသာ တွင်တွင်ခါလျက်။





"ဝမ်းနည်းပါတယ် ရှင်၊ လုပ်ကို မလုပ်နိုင်လို့ပါ"

"ဘာပြုလို့ မလုပ်နိုင်ရမှာလဲ"

ဂျက် အားမလို အားမရ ဝင်ပြောလိုက်သည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ဒေါသ ထွက်ချင်သလိုတောင် ဖြစ်လာသည်။

"မလုပ်ချင်လို့ပေါ့ ဂျက်ရဲ့"

"အနည်းဆုံး ကျွန်တော်တို့ ကမ်းလှမ်းချက်ကို ငြင်းပယ်ရတဲ့ အကြောင်းကလေးတော့ သိခွင့်ရှိရင် သိပါရစေဗျာ"

မိုက်ကယ့် အသံသည် အလွန် နူးညံ့သိမ်မွေ့ နေ၏။ ဆွဲဆောင်မှု အပြည့် ရှိနေ၏။ တော်ရုံလူကို သူ့ဘက်ပါအောင် စည်းရုံးနိုင်မည့် လေသံမျိုး။ သို့သော် မာရီကိုတော့ စိတ်ပြောင်းလာအောင် တတ်နိုင်စွမ်း မရှိ။

"ကျွန်မကို အနုပညာ မာနလို့ နာမည်မတပ်ပဲ ဘဝင်မြင့်နေတယ်လို့ ပြောချင်လည်း ပြောနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မ အဖြေဟာ ဒီအတိုင်းပါပဲ။ ဘယ်တော့မှလည်း ပြောင်းလဲမှာ မဟုတ်ဘူးမှတ်ပါ မစ္စတာဟီးလ်ယဒ်"

ကော်ဖီလက်ကျန်ကို နောက်ဆုံး မော့သောက်ပြီး မတ်တတ်ရပ်လိုက်သည်။ အမျိုးသား နှစ်ယောက်ကို ကြည့်သည်။ မိုက်ကယ်နှင့် လက်ဆွဲ နှုတ်ဆက်ပြီး

"ကျွန်မကို စိတ်ဝင်စားတာ ကျေးဇူးတင်ပါတယ်။ ရှင်တို့ ကုမ္ပဏီနဲ့ ထိုက်တန်တဲ့လူ တစ်ယောက်ယောက်ကို တွေ့မှာပါ။ ဂျက် ကူညီပါလိမ့်မယ်။ ဒီပြခန်းမှာ လူတော်တွေ အများကြီး ရှိပါတယ်"

"ကျွန်တော်လိုချင်တာက ခင်ဗျား တစ်ယောက်တည်းပဲ ဆိုရင်ကော ဗျာ"

မိုက်ကယ့် အသံသည် စောစောကလို မဟုတ်တော့။ စိတ်မရှည်လို ဖြစ်လာသည်။

ဂျက်ကို ကြည့်ရသည်မှာ သွေးလေ လည်ပတ်မှုတွေ ရပ်သွားသလို ထင်ရ၏။ မည်သို့ ဖြစ်စေ မာရီက သည်စစ်ပွဲကို အရှုံးပေးလိမ့်မည် မဟုတ်။ ရှုံးခဲ့ရသည့် ပွဲတွေက များခဲ့ပြီလေ။

"ဒါ အဓိပ္ပာယ် မရှိပါဘူး မစ္စတာ ဟီးလ်ယဒ်။ ပြီးတော့ ကလေးဆန်လွန်းပါတယ်။ ကျွန်မပြောတာ ရှင်းရှင်းကလေးပါ။ ကျွန်မ မလုပ်နိုင်ပါဘူး။ နောက်တစ်ယောက် ရှာပါ၊ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကုမ္ပဏီခွဲက တခြား တစ်ယောက်ယောက်နဲ့ တွဲလုပ်ရမယ်ဆိုရင်ကော"

မာရီက ခေါင်းကို တွင်တွင် ယမ်း၏။ တံခါးဆီသို့ လျှောက်သွား၏။

"ခင်ဗျား နည်းနည်းကလေးမှ ပြန်မစဉ်းစားနိုင်တော့ဘူးလား မစ္စအဒမ်ဆန်"

ခေါင်းကိုယမ်းကာ ခွေးကလေးကို အဖော်ပြုလျက် ထွက်သွားသည့် အမျိုးသမီးအား ယောကျ်ားသား နှစ်ယောက်တို့က ငေးကျန်ရစ်သည်။ မိုက်ကယ်သည် အချိန်ကုန် ခံမနေတော့။ မျက်မှောင်ကြုတ်လျက် အငူသားထိုင်နေသော ပြခန်းပိုင်ရှင်ကို ထားခဲ့ပြီး အပြင်သို့ ပြေးထွက်ခဲ့သည်။

"ဗျို့ နေပါဦးဗျ"

လုပ်သင့်သည် မလုပ်သင့်သည်ကိုပင် မစဉ်းစားတော့ပဲ မိုက်ကယ်က မာရီနောက်မှ ပြေးလိုက်သွား၏။ မီလာသည်နှင့် . . .

"ကျွန်တော် ခဏလေး လမ်းလျှောက်လိုက်ပါရစေနော်"

"လိုတော့ မလိုပါဘူး။ ဒါပေမဲ့ ရှင့်သဘောလေ"

မာရီသည် မိုက်ကယ့် မျက်လုံးတွေနှင့် ရင်မဆိုင်မိအောင် ရှေ့တူရူသို့ ကြည့်ပြီး လျှောက်နေ၏။ မိုက်ကယ်ကသာ နံဘေးမှ ငဲ့စောင်းငဲ့စောင်း ကြည့်ရင်းလိုက်လေသည်။

"ဒီမယ် မစ္စအဒမ်ဆန်၊ ခင်ဗျားလုပ်တာ သိပ်အဓိပ္ပာယ် မရှိဘူး ထင်တယ်ဗျာ။ ကျွန်တော်တို့ ကုမ္ပဏီကို ပုဂ္ဂိုလ်ရေးအရ မကျေနပ်တာ ရှိနေလို့လား။ ဒါမှမဟုတ် ကျွန်တော်တို့ကို ဘယ်လို နားလည်ထားလို့လဲ။ ဒါမဟုတ် ကျွန်တော့်ကို သဘောမကျလို့လား"

"မထူးတော့ပါဘူးရှင်"

"ဗျာ၊ ဘာလို့ မထူးရမှာလဲ။ ထူးတယ်ဗျ၊ သိပ်ထူးတယ်"

မိုက်ကယ် ရှေ့မှ ပိတ်ရပ်လိုက်၏။ မာရီ့ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"ကျွန်တော့်မှာ သိဖို့အခွင့်အရေး ရှိတယ်ဗျ၊ သိလား"

"ဪ . . . ဟုတ်လား"





နှစ်ယောက်သား အကြာကြီး ကြောင်ပြီး ရပ်နေမိကြသည်။ နောက်ဆုံးတွင်မှ မာရီ စကားဆိုသည်။ စိတ်ကို လျှော့လိုက်သည်။

"ဟုတ်ပါတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့်ပါ"

"တော်သေးတာပေါ့ဗျာ။ အဲဒီလို အကြောင်းပြချက် မရှိဘဲဆိုရင်တော့ ခင်ဗျားကို ရူးနေတယ်လို့ပဲ ကျွန်တော် စွပ်စွဲရတော့မှာ"

မာရီ ရယ်သည်။ မိုက်ကယ့်ကို ကြည့်ပြီး ကြည်နူးသလိုလိုပင် ဖြစ်လိုက်မိသေး။

"ခုကော ရှင် ဘယ်လို ပြောနိုင်မလဲ။ ကျွန်မရူးချင် ရူးနေမှာပေါ့"

"အဲဒါတော့ ပြောနိုင်တယ်ဗျ။ ခင်ဗျား မရူးပါဘူး။ ကော့တာဟီးလ်ယဒ်ကိုလား၊ ကျွန်တော့်ကိုလား တစ်ခုခုကို မုန်းနေတာပါ"

မိုက်ကယ် အစဉ်းစားရ ကျပ်နေ၏။ သူကိုယ်တိုင်ကော သူတို့ ကုမ္ပဏီကြီး တစ်ခုလုံးတွင်ပါ မိန်းတစ်ယောက်က အမုန်းပွားရလောက်အောင် ဘာပြဿနာမျှ မရှိခဲ့ပါပဲလျက်။ ပြည်နယ် အသီးသီး၏ အစိုးရ အဖွဲ့များနှင့်ပင် သင့်သင့်မြတ်မြတ် ရှိနေပါလျက်။ သည် သူငယ်မ အပြုအမူက လုံးဝ အဓိပ္ပာယ်မရှိ။ ရှုံးခွဲ တစ်ခုခုမှ တစ်ယောက်ယောက်နှင့်များ ပြဿနာ ဖြစ်ခဲ့လေသလား။ ဖြစ်နိုင်သည်။ ဒါပဲ ဖြစ်ရမည်။

"ကျွန်မ ရှင့်ကို မမုန်းပါဘူး မစ္စတာဟီးလ်ယဒ်"

အတန်ကြာ လမ်းလျှောက်ပြီးမှ သည် စကားလုံးများကို မာရီ ပြောဖြစ်၏။

"သေချာရဲ့လားဗျာ၊ ဒါဆို ခင်ဗျား တော်တော် အမူအရာ ကောင်းတာပဲ"

မိုက်ကယ် ပြုံးသည်။ ပထမဆုံးအကြိမ် ငယ်ရုပ်ဆင်သည့် အပြုံးကို မာရီမြင်လိုက်ခြင်း။ ဘော့စတွန်ရှိ သူ့ အခန်းကလေးထဲမှာ သူ့ကို မခံချင်အောင် စသည့်အခါမျိုးတွင် ပြုံးသည့် အပြုံးမျိုး။ သည် အတိတ် တစ်စိတ်တစ်ပိုင်းကလေးသည်ပင် သူ့အသည်းနှလုံးတွေကို သွင်သွင် ကွဲကြေစေပြန်လေပြီ။ မျက်နှာလွှဲလိုက်ရပြန်သည်။

"ကျွန်တော်တို့ ကော်ဖီသောက်ကြရအောင်လား ဗျာ"

ငြင်းဖို့ စိတ်ကူးသည်။ သို့သော် ကိစ္စကို တစ်ခါတည်း အပြီးအပြတ် ဖြတ်တာကောင်းမည်။ သို့မှ သူ နောက်မလာတော့မှာဟု အတွေးပွန့်မိ၏။

www.burmeseclassic.com



"သောက်လေ၊ ရပါတယ်"

လမ်းတဘက်ရှိ ကော်ဖီဆိုင်ကလေးဆီသို့ ဖြတ်ကူးခဲ့ကြသည်။ ဖရက်ကန့်ဘေးမှ ကပ်လျက်လိုက်လာသည်။ ကော်ဖီကြမ်း မှာကြသည်။ အမှတ်မထင် မိုက်ကယ်ကို သကြား ကမ်းပေးမိသည်။ အနည်းဆုံး နှစ်ခဲထည့်နေကျ မဟုတ်လား။ တော်သေးသည်။ သူ သတိထားမိဟန် မတူ။ ကျေးဇူးတင်ကြောင်း သာမန်ပဲ ပြောသည်။

"ကျွန်တော်တော့ ဘယ်လိုပြောရမှန်း မသိတော့ပါဘူးဗျာ။ မစ္စအာဒမ်ဆန်ရဲ့ လက်ရာတွေကို ကြည့်ပြီး တစ်မျိုးကြီး ဖြစ်နေတယ်။ ကျွန်တော့်ကို တစ်နည်း တစ်ဖုံ ဖမ်းစားနေသလိုပဲ။ ဒီပုံတွေကို မြင်ဖူးတွေ့ဖူး နေသလိုလို။ ခင်ဗျားပုံတွေက ဘာတွေ ပြောပြနေတယ်ဆိုတာ ကျွန်တော် နားလည်နေတယ်။ သိလား။ အဲဒါ ဖြစ်နိုင်ရဲ့လားဟင်"

ဖြစ်နိုင်တာပေါ့ကွယ်၊ သိပ် သိပ်ဖြစ်နိုင်တာပေါ့။ အစကတည်းက ချစ်သူ့ပုံတွေ၊ ကားတွေကို မျှဝေခံစား နားလည်ခဲ့သူ မဟုတ်လား။ ခေါင်းကို အသာညိတ်ပြပြီး သက်ပြင်းချလိုက်မိ၏။

"ဖြစ်နိုင်မယ် ထင်ပါတယ်။ ရှင်က ရှင့်အလုပ်အတွက် သိပ် စိတ်ထက်သန်နေတာကိုး"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော်ဆိုလိုတာက အဲဒီထက် ပိုတယ်။ ကျွန်တော် ပြောတော့ မပြောတတ်ဘူးဗျ။ အဲဒီပုံတွေ အားလုံး ကျွန်တော် မြင်ဖူးပြီးသားတွေလို ခံစားနေရတယ်။ ကျွန်တော့်ကို ကြောင်တယ်လို့ ထင်သွားပြီလား ဟင်"

လက်ရာတွေကို မှတ်မိနေလျှင် ချစ်သူကို ဘာလို့ မမှတ်မိရတာလဲကွယ်။ သည်မျက်လုံးတွေကို မမှတ်မိတော့ဘူးတဲ့လား။ မျိုသိပ်စိတ်က မေးချင်နေသေးသည်။ သို့ရာတွင် ကော်ဖီကိုသာ ခပ်မဆိတ် သောက်ချနေမိ၏။

"ခင်ဗျား ကျွန်တော်တို့နဲ့ လက်မတွဲနိုင်တာ ကျွန်တော့်ရင်ထဲ မကောင်းဘူးဗျာ။ လုံးဝ မဖြစ်နိုင်ဘူးပေါ့ ဟုတ်လား"

မာရီက ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းယမ်းသည်။

"ငွေကြောင့်လား ဟင်"





"ဟင့်အင်း။ မဟုတ်ပါဘူး"

"ဟုတ်တယ်၊ ငွေကြောင့် မဟုတ်မှန်းတော့ ကျွန်တော် သိနေတယ်"

မိုက်ကယ်က သူ့အိတ်ထဲတွင် အသင့် ပြင်ဆင်လာသည့် စာချုပ်စာတမ်းတွေ အကြောင်း မပြောတော့။ မာရီ လက်ခံလိုက်လျှင် ရမည့်ငွေတွေမှာ နည်းနည်းနောနော မဟုတ်။ ထုတ်ပြောလျှင်လည်း အကြောင်း ထူးတော့မည် မဟုတ်သည်ကို သိနေပြီ။ ပို၍ပင် ဆိုးသွားစရာ အကြောင်း ရှိသေးသည် မဟုတ်လား။

"အကြောင်းရင်းကို သိခွင့်ရှိရင် သိပါရစေလားဗျာ"

"အလကားပါရှင်၊ ကျွန်မအတိတ်က ကျွန်မကို ခြောက်လှန့်နေတာပါ"

ပြောပြီးမှ ကိုယ့်ဘာသာကိုယ် အံ့သြနေမိသည်။ ဘာကိစ္စ ပွင့်ထွက်သွားရမှာလဲ။

"ကျွန်တော် ထင်တော့ ထင်သားပဲ၊ ဒီလိုပဲ ဖြစ်ရမယ်လို့"

သူတို့နှစ်ယောက်စလုံး အီတလီ စားသောက်ဆိုင်ကလေးထဲတွင် တည်တည်ငြိမ်ငြိမ် ဖြစ်သွားကြပြီ။ ကြေကွဲစရာ လိုလို။ မိုက်ကယ် သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်နေမိ၏။

"ကျွန်တော့် အမေဟာ တော်ရုံလူကို အထင်မကြီးဘူး မစ္စအာဒမ်ဆန်။ ဒါပေမဲ့ ခင်ဗျားလက်ရာတွေကိုတော့ သဘောကျလို့ မဆုံးအောင် ဖြစ်နေတယ်"

"ကျွန်မတော့ ဒီလိုမထင်ပါဘူး။ ရှင့် အမေဟာ သူ့အလုပ်မှ သူ့အလုပ်လို့ ထင်တယ်ဆို"

"အဲဒါတော့ ဟုတ်တယ်။ ဒါကြောင့် ခင်ဗျားပိုပြီး ဝမ်းသာစရာ ကောင်းတာပေါ့။ ကျွန်တော့် အမေတောင် ခင်ဗျားကို စိတ်ဝင်စားနိုင်တယ် ဆိုတော့"

"ရှင်ကတော့ သိပ်ကံကောင်းတာပေါ့နော်"

မာရီ့ လေသံတွင် နာကြည်းခါးသီးမှုတွေ ပါလာပြန်သည်။ မိုက်ကယ် နားမလည်နိုင်အောင် ဖြစ်သွားပြန်၏။ ဘာကြောင့် စိတ်လှုပ်ရှားလာသည် မသိ။ နားထင်က အမာရွတ်ကို စမ်းကြည့်လိုက်မိ၏။ မာရီက ကော်ဖီပန်းကန်ကို ဆတ်ခနဲ ချလိုက်ပြီး မိုက်ကယ့်ကို ငေးကြည့်နေသည်။

"အဲဒါ ဘာဖြစ်တာလဲ ဟင်"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အမာရွတ်ကို ပြောတာ"

မာရီက အမာရွတ်ကလေးကို စိုက်ကြည့်နေသည်။ သေသေချာချာ ခန့်မှန်းနိုင်ခဲ့သည်။ ဟိုညက ရခဲ့သည့် ဒဏ်ရာဖြစ်ရမည်။

"ဘာမှ မဟုတ်ပါဘူး၊ တလောက ရခဲ့တဲ့ ဒဏ်ရာကလေးပါ"

"သိပ်မကြာသေးဘူးနဲ့ တူတယ်နော်"

"နှစ်နှစ်လောက် ရှိခဲ့ပါပြီ"

မိုက်ကယ် မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

"မဖြစ်လောက်တဲ့ ဒဏ်ရာကလေးပါဗျာ။ အပေါင်းအသင်းတွေနဲ့ သွားရင်း မတော်တဆ ထိခိုက်မှုကလေး ဖြစ်တုန်းကပါ"

မိုက်ကယ်က အသေးအဖွဲ ကိစ္စကလေးတစ်ခုသဖွယ် ပြောနေသဖြင့် မာရီသည် သူ့မျက်နှာကို ကော်ဖီပန်းကန်နှင့် လှမ်းပေါက်လိုက်ချင်စိတ် ပေါ်လာသည်။ အပေါင်းအသင်းတွေနဲ့တဲ့။ သာမန်ထိခိုက်မှု ကိစ္စကလေးမျိုးတဲ့။ ဘယ်လောက် ပါးရိုက်ပစ်ချင်စရာ ကောင်းလိုက်ပါသလဲ။ ကဲ မာရီ၊ ညည်း သိချင်တာတွေ သိရပြီလေ။ ဘာလိုတော့လဲ။ လက်ဖွေ့အိတ်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။ အေးစက် မာကျောလှသည့် မျက်လုံးတွေဖြင့် မိုက်ကယ်ကို စူးစူး ကြည့်လိုက်၏။ ပြီးတော့ လက်ကို ဆန့်ပေးလိုက်ရင်း

"ကော်ဖီ တိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာ ဟီးလ်ယဒ်"

"ဟင် သွားတော့မလို့လား။ ကျွန်တော် ဘာများပြောမှား ဆိုမှားရှိလို့လဲဗျာ"

ဘုရားရေ၊ ငါ ဘာများ လွန်သွားလို့ပါလိမ့်။ သူ မျက်လုံးတွေကို ရင်ဆိုင် ကြည့်လိုက်မိသည်။ ကျောထဲ စိမ့်သွားသည်။

"တကယ်တော့ ရှင်ပြောတာ မှားနေတယ်"

သည်တစ်ကြိမ် လန့်သွားသူက မာရီ။ သူ ပြောလိုက်မိသည့် စကားလုံး များအတွက် သူ လန့်သွားသည်။

"ရှင်တို့ ဖြစ်တဲ့ ကိစ္စကို သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ ဒါကို အသေးအဖွဲ ကိစ္စကလေးပါလို့ ပြောလို့ ဘယ်ရမလဲ။ ရှင့် အပေါင်းအသင်း နှစ်ယောက်ဟာ မသေရုံတမယ် ဒဏ်ရာတွေ ရကြတယ်ဆို။ ကျွန်မ မှတ်မိ သလောက် ပြောတာပါနော်။ အဲဒါတွေကို ရှင် လုံးလုံးဂရုမစိုက်ဘူးပေါ့၊ ဟုတ်





လား။ ဒါတွေကို ရှင် လုံးလုံးမေ့ထားပြီး ရှင့် မဟာ အလုပ်ထဲမှာပဲ ရှင့်ဘဝကို မြှုပ်ထားတယ်ပေါ့၊ ဟုတ်လား"

"ဟေ့ ငါ့ မဟာအလုပ်ထဲမှာ ငါ့ဘဝ ငါ မြှုပ်ထားတာ မင့်ရဲ့ အလုပ်လား၊ ကဲ။ မင်းနဲ့ ဘာဆိုင်သလဲ"

"လူသား တစ်ယောက်အနေနဲ့ ဆိုင်တယ်။ ရှင်ဟာ လူမဟုတ်ဘူး။ ဒါကြောင့် ရှင့်ကို မုန်းတယ်"

"ဟေ့... ကလေးမ၊ မင်းရူးနေလား"

"ဟုတ်တယ်၊ ဟိုတုန်းက ရူးခဲ့တယ်။ ခုတော့ မရူးတော့ဘူး ရှင့်"

မာရီ ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သွားသည်။ မိုက်ကယ် ပါးစပ် အဟောင်းသားနှင့် ငေးကျန်ရစ်သည်။ အတန်ကြာမှ မမြင်စွမ်းနိုင်သည့် အင်အား တစ်ရပ်က သူ့ခန္ဓာကိုယ် အတွင်းသို့ တိုးဝင်လာသလို ဝုန်းခနဲ ထ၍ အိတ်ထဲမှ ငါးဒေါ်လာတန် တစ်ရွက်ကို စားပွဲပေါ် ပစ်ထားခဲ့ပြီး မာရီ့နောက်သို့ တအား ပြေးလိုက်သွား၏။ ပြောပြရမည်။ ရှင်းပြရမည်။ အသေးအဖွဲ ကိစ္စကလေး မဟုတ် တဲ့ ဘဝနှင့် ချီ၍ အရေးကြီးသည့် ကိစ္စဖြစ်ကြောင်း ရှင်းပြရမည်။ အသက်တမျှ ချစ်ရသည့် ချစ်သူ သေဆုံးခဲ့ရကြောင်းကိုကော ပြောရမည်လား။ သည် သူငယ်မ က ဘာမို့ ပြောရမည်လဲ။ ပြောချင်သည့် တိုင်အောင်လည်း သူပြောခွင့် မရတော့။ လမ်းပေါ်ရောက်တော့ မာရီသည် တက္ကစီ တစ်စင်းပေါ် တက်ပြီး ထွက်ခွာသွားနှင့် လေပြီ။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

ကမ်းခြေ ရောက်ပြီးနောက် သုံးချောင်းထောက်ကို ဆွဲထုတ်နေစဉ် လူတစ်ယောက် လာနေသည်ကို သတိထားလိုက်မိ၏။ သူ့ဆီသို့ တည့်တည့်မတ်မတ်ကြီး လျှောက် လာ နေပါကလား။ သေသာ သေလိုက်ချင်သည်။ မိုက်ကယ်ရယ် လေ။ သဲသောင် ကုန်းကလေးတွေကို ဖြတ်ကျော်ပြီး လာနေသည်။ ပြီးတော့ မျက်နှာချင်းဆိုင် လာရပ်သည်။

"ကျွန်တော့်မှာ ပြောစရာ ကျန်နေသေးလို့ပါ"

"ကျွန်မ မကြားချင်ဘူး"

"ပြတ်တောင်းလှချေလား ဗျာ။ ဒါပေမဲ့ ကျွန်တော်ကတော့ ပြောစရာ တာ ပြောဖြစ်အောင် ပြောရမှာပဲ။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဘဝထဲ ဝင်ပြီး ကျွန်တော် ဟာ ဘယ်လို သတ္တဝါပါလို့ ခင်ဗျားမှာ ပြောရေးဆိုခွင့် မရှိဘူး မစ္စအဒမ်ဆင် ခင်ဗျား ကျွန်တော့်ကိုတောင် ကောင်းကောင်း သိသေးတာ မဟုတ်ဘဲနဲ့"

မာရီ့ စကားလုံးသည် မိုက်ကယ်ကို တစ်ညလုံး အိပ်မပျော်နိုင်အောင် နှိပ်စက်ခဲ့၏။ သို့ဖြင့် ဂျက်ထံမှ တစ်ဆင့် စုံစမ်းပြီး မာရီ ရှိနိုင်မည့် နေရာ မေးမြန်းကာ လိုက်လာခဲ့ခြင်း ဖြစ်၏။ လာသာ လာခဲ့သည်၊ ရည်ရွယ်ချက်တော့ တိတိကျကျ မရှိလှ။ သို့သော် ထပ်တွေ့ဖို့ လိုသေးသည်ဟုတော့ နားလည် သည်။





"နေပါဦး၊ မင်းက ဘာကိစ္စ ကျုပ်ဘဝကို ထင်မြင်ချက်တွေ ဆုံးဖြတ်ချက် တွေ ပေးနေရတာလဲ၊ ဘာ အဓိပ္ပာယ်လဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ ကျွန်မမြင်တာကို ကျွန်မ ပြောတာပဲ"

မာရီက အေးစက်စက် ပြန်ပြောရင်း ကင်မရာမှန်ဘီလူးကို လဲနေသည်။

"ကဲ ဒါဖြင့် ဆိုစမ်းပါဦး၊ ဘာတွေများ မြင်သလဲ"

"ရှင်ဟာ အနှစ်မပါ အကာပြွပြွ ဆိုတဲ့လူမျိုးပဲ။ ရှင့်မှာ အသည်းနှလုံး မရှိဘူး။ ရှင့် အလုပ်ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့ လူ။ ဘယ်သူ့မှ ဂရု မစိုက်တဲ့ လူ။ မေတ္တာတရား ခေါင်းပါးတဲ့ လူ။ လူ့ အန္တ"

"ခွေးမ။ မင်း ငါ့ အကြောင်း ဘာ ဘယ်လောက် သိလို့ လျှောက် ပြောနေ တာလဲ။ ငါ့ ရင်ထဲမှာ ဘာတွေဖြစ်နေလို့ ဘယ်လို လုပ်နေရတယ် ဆိုတာ မင်း ဘာနားလည်လဲဟင်။ မင်းကိုယ်မင်းကော ဘာများ အောက်မေ့ နေလို့ ကျုပ်ကို ဂရုစရာ မရှိအောင် ဝေဖန်နေရတာလဲ"

မာရီက မိုက်ကယ်ကို ကွင်းလျှောက်သွားပြီး ကင်မရာကို အနီးအဝေး ချိန်နေသည်။

"ပော့ မင်း ငါပြောတာ ကြားလား"

မိုက်ကယ်က သုံးချောင်းထောက်ပေါ်မှ ကင်မရာကို လှမ်းဆွဲလိုက်၏။ မာရီသည် ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် မျက်နှာထားဖြင့် ရင်ဆိုင် လိုက်၏။

"ရှင် ကျွန်မ ဘဝထဲက တစ်ခါတည်း ထွက်သွားပါ"

ရင်ထဲတွင် ဆက်ပြောနေမိ သေးသည်။ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက လိုလေ၊ သေနာကောင်ရဲ့။

"မင်းဘဝနဲ့ ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး။ မင့် ဓာတ်ပုံနဲ့ မင်းရဲ့ ဓာတ်ပုံပညာကိုသာ ဝယ်ချင်တာ။ ဒါထက် ဘာမှ မပိုဘူး၊ နားလည်လား။ ငါ့ အကြောင်း ဝေဖန်ချက်တွေ၊ ထင်မြင်ချက်တွေ မင်းဆီက ဝယ်ဖို့ လာတာ မဟုတ် ဘူးကွ၊ နားလည်ရဲ့လား"

ဒေါသကြောင့်ပြောရင်း ဆတ်ဆတ် တုန်လာသည်။ မာရီ ဘာမျှ မပြော ပြန့်ခင်းထားသည့် စောင်ပေါ်မှ လက်ဆွဲအိတ်ဆီသို့ လျှောက်သွားသည်။ ဇစ်ကို ဆွဲပြီး သေတ္တာကို ဖွင့်သည်။ ဓာတ်ပုံတွေကို ဆွဲထုတ်ပြီး လှမ်းပေးရင်း

www.burmeseclassic.com



"ဒါဖြင့်ရော့။ ရှင့် ဘာသာရှင် ကြိုက်သလိုလုပ်။ ကဲ ကျွန်မဆီက ခုချက်ချင်း ထွက်သွားတော့"

စကား တစ်လုံးမှ ပြန်မပြောတော့ဘဲ မိုက်ကယ် ချာခနဲ လှည့်ထွက်သွားပြီး ကားရပ်ထားခဲ့သည့် နေရာသို့ လျှောက်သွားသည်။ မာရီကလည်း တစ်ချက်မျှ သူ့ကို လှည့်မကြည့်တော့ဘဲ အလင်းရောင် နည်းသွားသည် အထိ တစ်နေ့လုံး ဓာတ်ပုံ ရိုက်နေခဲ့သည်။

အခန်းသို့ ပြန်ရောက်တော့ ကြက်ဥကြော်သည်။ ကော်ဖီနွေးသည်။ ပြီးတော့ အမှောင်ခန်းထဲသို့ တန်းဝင်သည်။ နံနက် နှစ်နာရီအထိ အလုပ် လုပ်နေသည်။

တယ်လီဖုန်း မြည်လာတော့ ကောက်မကိုင်မိ။ ဘယ်သူနှင့်မျှ စကား မပြောချင်တော့။

နောက်တစ်နေ့ နံနက် ကိုးနာရီတွင် ကမ်းခြေ တစ်နေရာရာသို့ ပြန်သွားဦးမည်။ နာရီ နှိုးစက်ကို ရှစ်နာရီတွင် ရွှေ့ထားလိုက်၏။ အိပ်ရာပေါ် လှဲချလိုက်သည်နှင့် အိပ်ပျော်သွားတော့၏။

ယနေ့ ကမ်းခြေတွင် မိုက်ကယ်နှင့် တွေ့လိုက်ရသည့် အဖြစ်အပျက်ကြောင်း ရင်ထဲတွင် ပေ့ါပါးသွားသည်။ ကိုယ့်ကိုယ်ကိုယ်တော့ ရှုံးသွားရမည်လေ။ မတွေ့လိုသည့်ကြားက သူ ဖွတ်လာတွေ့တော့ ပိုလို့ ရှင်းသွားသည်ပေါ့။

နောက်တစ်နေ့တွင် အိပ်ရာမှ နိုးပြီး နာရီဝက် အတွင်း ရေမိုးချိုး အဝတ်အစား လဲသည်။ သတင်းစာ ဖတ်ရင်း ကော်ဖီသောက်သည်။ အလုပ်ခွင် အဝတ်များကိုသာ ဝတ်ထားသည်။ ဟောင်းနွမ်း နေပြီ။

သတ်မှတ်ထား ချိန်တိတိတွင် အခန်းမှ ထွက်ခဲ့သည်။ လှေကားထစ်များကို ဖရက်နှင့် အတူဆင်းနေရင်း သည်နေ့ ရိုက်မည့် ရိုက်ကွင်းများကို ကြံတွေးလာသည်။ လှေကား အောက်ဆုံးထစ်ရောက်တော့ အသက်ရှူ မှားမတတ် ဖြစ်သွား၏။

လမ်းတစ်ဖက်တွင် ရပ်ထားသည့် ထရပ်ကားကြီးပေါ်တွင် ဧရာမ ပုံစံကားချပ်ကြီး တစ်ချပ်။ ပုံစံ သင်ပုန်းတွင် ကပ်ထားသည့် ပုံတွေမှာ သူ့ ဓာတ်ပုံတွေ ကားမောင်းသမားက မိုက်ကယ် ဟီးလ်ယဒ်။ မနေ့က ပေးလိုက်သည့် ပုံတွေ ကပ်လာခြင်း ဖြစ်၏။





ကားကို မာရီ့ လှေကားထိပ်ထိ မောင်းယူလာသည်။ သူက ပြုံးကြည့်နေသည်။ မာရီ လှေကားပေါ်တွင် ထိုင်ချလိုက်၏။ မိုက်ကယ်က ကားပေါ်မှ ဆင်းပြီး လျှောက်လာသည်။ မာရီ ရယ်မိသည်။ မိုက်ကယ် ပြုံးပြီး သူ့ နံဘေးတွင် ဝင်ထိုင်သည်။

"ဘယ့်နှယ် သဘောကျရဲ့လား"

"ရှင်ဟာ တော်တော် ရယ်စရာလုပ်တတ်တဲ့ လူပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကြည့်လို့ ကောင်းတယ် မဟုတ်လား။ ကဲ စဉ်းစားကြည့်စမ်း၊ ပုံစံထဲမှာ ကပ်ထား တာတောင် ဒါလောက်ကောင်းနေရင် တကယ့် ဆေးရုံကြီးမှာ မင့်လက်ရာတွေ ချိတ်လိုက်ရရင် ဘယ်လောက် ရင်ခုန်စရာ ကောင်းမလဲ။ ဘယ်လောက် ပန့်ရလိုက်မလဲ"

ခုလည်း ရင်ခုန်နေပါပြီ မိုက်ကယ်ရယ်။ ဒါကိုတော့ ပြောလို့ ဘယ်ဖြစ်မလဲနော်။

"ကဲ လာပါ၊ တို့ မနက်စာ ဝာခ်ခုသွားစားရင်း စကားပြောကြတာပေါ့"

သည်နံနက် မိုက်ကယ် စကားတွေ ဖောင်လောက်အောင် ပြောနေသည်။ ငြင်းပယ်ထားသည်ကို မေ့ထားသည်လား မသိ။ သည်နေ့နံနက် အစီအစဉ်တွေ အားလုံးကို ဖျက်ကာလတ်တလော အစီအစဉ်ဆွဲပြီး လာခဲ့ခြင်း ဖြစ်၏။

သူက တစ်ဖက်သတ် စိတ်ချလက်ချ စည်းရုံး ပြောဆိုနေပုံမှာ ဝမ်းသာစရာလည်း ကောင်းလှလေစွ။ ဆက်ပြီး ပြင်းပြင်းထန်ထန်ပင် မငြင်းချင်တော့။

"ငြင်းတော့ ငြင်းရမှာပဲ၊ ဒါပေမဲ့"

"မနေ့ကနဲ့စာရင် တော်သေးတာပေါ့။ ကားနဲ့ သွားကြမယ်နော်"

"ဒီဟာကြီးနဲ့၊ ဟုတ်လား"

ကားကြီးကို လက်ညှိုးထိုးပြပြီး ရယ်မိပြန်သည်။

"ဒါပေါ့၊ ဘာဖြစ်လဲ"

နှစ်ယောက်သား ထရပ်ကားကြီး၏ ရှေ့ခန်းသို့ ခုန်တက်လိုက်ကြသည်။ ပြီးတော့ ငါးဖမ်းဆိပ်ကမ်းသို့ နံနက်စာစားရန် မောင်းချလာသည်။ ကားကြီးတွေ ... များအပြား ရပ်ထားသည်ကို တွေ့ရ၏။ သို့ရာတွင် ဧရာမ ဓာတ်ပုံကားချပ်ကြီး ... ပါသည့် ကားကတော့ သူတို့ တစ်စီးတည်း။

www.burmeseclassic.com



မထင်ဘဲနှင့် နံနက်စာက စားလို့ ကောင်းလှသည်။ တိုက်ပွဲကို ခဏနား ထားကြသည်။ အနည်းဆုံး ကော်ဖီသောက်ချိန်အထိ ရွှေ့ဆိုင်းထားနိုင်ကြသည်။

"ကဲ ကျွန်တော့်ကို ယုံပြီလား"

မိုက်ကယ်က ကော်ဖီပန်းကန်ပေါ်မှ ကျော်ကြည့်ပြီး သူ့ ကိုယ်သူ စိတ်ချ လက်ချဖြင့် ခပ်ပြုံးပြုံး ပြောလိုက်၏။

"ဟင့်အင်း။ ဒါပေမဲ့ ပျော်စရာကောင်းတဲ့ မနက်ခင်းကလေးပါ"

"ကျွန်တော်ကတော့ ခုလို မနက်စာ ကျွေးခွင့် ရတာကိုပဲ ကျေးဇူးတင်နေ ရမှာပါ။ ဒါပေမဲ့ ကျွန်တော် ဒီလိုလုပ်လေ့ မရှိဘူး"

"ဆိုပါဦး၊ ဘယ်လိုလုပ်လေ့ ရှိလဲဆိုတာ"

"ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို ကိုယ့်အကြောင်းကိုယ် ပြောပြခွင့် ပြုပြီပေါ့။ ခင်ဗျားထင်နေတဲ့ ကျွန်တော် မဟုတ်ကြောင်းလေ"

မိုက်ကယ် ခပ်ရိရိကလေး ပြောလိုက်၏။ မနေ့က မာရီ၏ ဝေဖန်ချက်များ တွင် မှန်တာတွေလည်း ပါသည်။

"ကောင်းပြီ၊ ကျွန်တော် ပြောပြမယ်။ ခင်ဗျား ပြောတာ မှန်သင့် သလောက် မှန်တယ်။ ကျွန်တော့် ဘဝမှာ အလုပ်ကလွဲပြီး ဘာမှ မရှိတော့ဘူး"

"ဘာဖြစ်လို့။ ရှင့်ဘဝမှာ တခြားဘာမှ မရှိတော့လို့လား"

"မရှိတော့ဘူး ဆိုပါတော့။ အလုပ်မှာ အောင်မြင်တဲ့ လူတွေဟာ ဒီ... ချည်းပါပဲဗျာ။ သူတို့မှာ အလုပ်ထက် ဘာမှ ပိုပြီး အချိန်မပေးနိုင်တော့ဘူးလေ"

"ဒါကတော့ မိုက်မဲရာ ကျလွန်းပါတယ်။ အောင်မြင်မှု အတွက် ရှင်... ဘဝကို အဆုံးခံလိုက်ရတာလား။ အလုပ်မှာကော ဘဝမှာကော အောင်မြင်... လူတွေ ရှိကြသားပဲ"

"ခင်ဗျားကတော့ နှစ်ခုလုံး အောင်မြင်တာပဲပေါ့၊ ဟုတ်လား"

"ခုတော့ မဟုတ်သေးပါဘူး။ တစ်နေ့ ဖြစ်လာမှာပေါ့။ ဒါက ဖြစ်နိုင်... ကိစ္စပဲ"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ ကျွန်တော့် ဘဝ အကျိုးပေး... တစ်မျိုးကိုး။ ဒါကြောင့် ဖြစ်မှာပါ"

သည် စကားလုံးကလေးများကြောင့် မာရီ့ မျက်လုံးတွေ နူးညံ့ မေး... သွားသည်။

ဒုတိယအကြိမ်



"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်တော့် ဘဝဟာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားတယ် မစ္စအဒမ်ဆန်။ ကျွန်တော့် ဘဝ ရည်မှန်းချက်တွေ အားလုံး သဲထဲ ရေသွန်ဖြစ်သွားခဲ့ရတယ်။ ဒါပေမဲ့ အဲဒီ အပျက်အစီးတွေအတွက် ကျွန်တော် ထိုက်ထိုက်တန်တန် လျော်ကြေးရခဲ့ပါတယ်"

ကောတာဟီးလ်ယဒ်ရဲ့ ဥက္ကဋ္ဌ ဖြစ်ခဲ့ရတာလေ။ ဒါကိုတော့ ပြောဖို့ မသင့်သဖြင့် မိုက်ကယ်က ထုတ်မပြော။

"ဟုတ်လား၊ ရှင့်ကြည့်ရတာ တစ်ကိုယ်ရေ တကာယသမား ထင်တယ်။ လက်မထပ်သေးဘူးလား"

"ဟင့်အင်း။ အချိန်လည်း မရှိဘူး။ စိတ်လည်း မရှိတော့ပါဘူး ဗျာ"

သူ့ပြောပုံကြောင့် ရင်မှာ လှုပ်ရှားသွားမိသည်။

ကြည့်စမ်း၊ သူလည်း ကိုယ့်လိုပါပဲလားဟု မာရီ ကြိတ်တွေးလိုက်မိ၏။

"ရှင် အသည်းကွဲခဲ့ဖူးတယ်နဲ့ တူတယ်၊ ဟုတ်လား"

"ဆိုပါတော့ ဗျာ။ ဒါထက် ခင်ဗျားကော"

"ကျွန်မလည်း လက်မထပ်ရသေးပါဘူး"

"ခင်ဗျားကော ဘာထူးလို့လဲ၊ ကျွန်တော့်ကို ရစရာမရှိအောင် ဝေဖန် ပြီး၊ ခင်ဗျားလည်း ခင်ဗျာ့ အလုပ်ဆိုမှ အလုပ်။ အလုပ်ထဲမှာ ဘဝကို မြှုပ်နှံထား ပြီး ခင်ဗျား ကမ္ဘာကျဉ်းကျဉ်းကလေးကို တံခါးပိတ်ထားတယ် မဟုတ်လား။ အထီးကျန်သမား အချင်းချင်း ဘာလို့ ကျွန်တော့်ကို ဒါလောက် တင်းမာ နေရတာ လဲဗျာ။ ဒါတော့ မတရားပါဘူး"

သူ့အသံက နူးညံ့ ပျော့ပျောင်းလှသည်။ သို့သော် တစ်ဖက်သားကို အပြစ်တင်သံ ပါနေ၏။

"ရှင်ပြောတာ ဟုတ်ကောင်း ဟုတ်မှာပေါ့။ ကျွန်မ စိတ်မကောင်းပါဘူး"

မာရီ့ အနေဖြင့် မိုက်ကယ့် ထင်မြင်ချက်ကို ငြင်းနိုင်စွမ်း မရှိ။ သူ့စကား လုံးများကို အနလုံ ပဋိလုံ ဆင်ခြင်နေခိုက် မိုက်ကယ့် လက်တစ်ဖက်က သူ့လက်ကို လာကိုင်သည်။

သည်တော့ နှလုံးသားကို ဓားချွန်ချွန်ဖြင့် စိုက်လိုက်သလို နာကျည်းသွား သည်။ လက်ကို အထိတ်တလန့် ဆွဲယူလိုက်၏။ မျက်လုံးတွေက မကြည်လင်ပြန် တော့။ သောကမြူမှုန်တွေ ရစ်ဆိုင်းလာပြန်သည်။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ အတော့်ကို နားလည်ရ ခက်တဲ့ အမျိုးသမီးပဲ မစ္စအဒမ်ဆန်"

"ကျွန်မကိုယ် ကျွန်မ သိပါတယ်။ ဒါပေမဲ့ အဲဒါတွေ ကျွန်မ ရှင်းပြ နိုင်စွမ်း မရှိပါဘူး"

"ကျွန်တော့်ကို စမ်းပြီး ပြောကြည့်ပါလား ဗျာ။ ကျွန်တော်ဟာ ခင်ဗျား ထင်နေသလို အနှစ်မဲ့တဲ့ လူ့အနှ၊ လူ့ အခွံ မဟုတ်ရပါဘူး ဗျာ"

"ကျွန်မ နားလည်ပါတယ်"

မိုက်ကယ်ကို စိန်းစိန်းကြည့်မိပြန်သည်။ ငိုချင်သည်က လွှဲပြီး ရင်ထဲတွင် ဘာမျှ မကျန်တော့။ အပြီးအပိုင် နှုတ်ဆက် ရပေတော့မည်။ ပြန်လည် ဆုံတွေ့ရန် အကြောင်း မရှိတော့ဘူးလေ။ သက်ပြင်းငယ်တစ်ခုကို တိတ်တခိုးချပြီး လက်မှ နာရီကို ငုံ့ကြည့်လိုက်၏။

"ကဲ ခွင့်ပြုပါဦး။ ကျွန်မ အလုပ်ချိန် ရောက်ပြီ"

"ကျွန်တော်တို့နဲ့ အလုပ်လုပ်ဖို့ နည်းနည်းလေးများ စဉ်းစားမိသေးလား မစ္စအဒမ်ဆန်"

"မဖြစ်နိုင်လို့ပါ ရှင်"

သည်ကိစ္စကို မအောင်မြင်ပဲ လက်မြှောက် ပြန်ရမည်ကို မိုက်ကယ် ရှက်၍ မဆုံးဖြစ်နေ၏။ သည် မိန်းကလေးကို ဘယ်လိုမှ စည်းရုံး၍ မရတော့ဟု စိတ်နှလုံး ဒုံးဒုံးချလိုက်သည်။

သူကြိုးစားခဲ့သမျှ အချည်းနှီး ဖြစ်ကုန်လေပြီ။ အလွန်အသည်းမာသည့် မိန်းကလေးပါလား။ သည်ကြားထဲက ဘာပြုလို့များ သူ့ကို သဘောကျနေမိပါ လိမ့်။ နှစ်နှစ်အတွင်း မလှုပ်ရှားခဲ့သော ရင်တွေ ခုန်ချင်သယောင်ယောင်။

"ကိုယ့် စည်းရုံးရေး မအောင်မြင်တဲ့ အထိမ်းအမှတ်နဲ့၊ ပြီးတော့ မာရီကို ဂုဏ်ပြုတဲ့ အနေနဲ့ ညစာ ကျွေးပါရစေနော်"

မာရီက မိုက်ကယ့် မျက်နှာကို ကြည့်ပြီး ရယ်သည်။ သူ့လက်ကို ပုတ်ပြီး

"ဖြည်းဖြည်းပေါ့ ရှင်။ ခုလောလောဆယ်တော့ ကျွန်မ မြို့ပြင် ထွက်စရာ ကလေး ရှိနေလို့"

သေလိုက်တော့ မိုက်ကယ်။ တစ်ပွဲပြီး တစ်ပွဲ ရှုံးနေပါပေါ့လား ဟု မိုက်ကယ် သူ့ကိုယ်သူ ဒေါပွမိ၏။

"ဘယ်ကို သွားမှာလဲ ဟင်"





"ကျွန်မ အရပ် ခဏ ပြန်မလို့ပါ။ လုပ်စရာကလေးတွေ ရှိလို့"

နာရီဝက်အတွင်း ချလိုက်သည့် ဆုံးဖြတ်ချက် ဖြစ်၏။ ခုမှပင် ဘာလုပ် ရမည်ကို မာရီ ပြက်ပြက်ထင်ထင် မြင်လာသည်။ အတိတ်ကို မြှုပ်နှံဖို့မဟုတ်။ အတိတ်ကို တူးဖော်ဖို့ ဖြစ်၏။ ပီတာ ပြောသည်မှာ မှန်နေသလိုလို။ သူ့ အတိတ် ဒဏ်ရာသည် လုံးဝ မကျက်သေး။ လုံးဝ ကျက်သွားအောင် တစ်ခါတည်း အပြတ် ကုစားပစ်ရမည်။

"နောက် ကျွန်တော် ဆန်ဖရန်စစ္စကို ရောက်ရင် လာတွေ့ပါရစေဦးနော်။ ကံကလေးများ ပိုကောင်း လာပါစေလို့ ဆုတောင်းပြီး လာပါဦးမယ်ဗျာ"

အဲသည် အခါကျတော့လည်း လုပ်ငန်းဖြစ်ချင် ဖြစ်သွားမှာ ပေါ့လေ။ အဲသည်လောက်ဆို မစ္စက်ပီတာ ဂရက်ဆင် ဖြစ်နေလောက်ပြီ မဟုတ်လား။ အသည်း ဒဏ်ရာကလေးက နည်းနည်းကလေး ကျန်နေသေးတယ်လေ။ အဲသည် အချိန်လောက်ဆို ကောင်းကောင်းကြီး ပျောက်ကင်းသွား လောက်ရောပေါ့။

ကားဆီသို့ နှစ်ယောက်သား လမ်းလျှောက်ပြီး ပြန်လာကြသည်။ စကားမှ မပြောမိကြ။

မိုက်ကယ်က မာရီ့ အခန်းအရောက် ပြန်ပို့ ပေးသည်။ ကျေးဇူးတင် ကြောင်း လောက်သာ တိုတိုပြောပြီး လက်ဆွဲ နှုတ်ဆက်ကာ လေယာဉ်ဆီသို့ လျှောက်လာခဲ့၏။

မိုက်ကယ်က မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ငေးကြည့် ကျန်ရစ်သည်။ ရင်ထဲတွင် ဟာကျန်ရစ်သလို ခံစားလိုက်ရသည်။ အမြတ်တနိုး ထားသည့် ပစ္စည်းကလေး တစ်ခု ဆုံးရှုံးရသလို ပါပဲလား။

ကိုယ့်ကိုယ်ကိုယ်လည်း ကောင်းကောင်း နားမလည်နိုင်။ လပေါင်းများစွာ အတွင်း ပထမဆုံး အကြိမ် အလွန့်အလွန် အထီးကျန်နိုင်သည့် ဝေဒနာကို ခံစားရ သောနေ့။ ရင်ထဲတွင် ဟာလာဟင်းလင်းဖြင့် ကားကြီးကို မောင်းထွက်လာသည်။

မာရီက ပီတာဆီသို့ ချက်ချင်း ဖုန်းဆက်သည်။

"ဒီည၊ ဟုတ်လား။ မောင့်မှာ အစည်းအဝေး တန်းလန်းကြီးနဲ့ အခွ ရယ်"

ပီတာ စိတ်ရှုပ်သွားပုံ ရ၏။ လူနာတွေကလည်း အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစည်းအဝေးပြီးတော့ လာခဲ့နော်။ အရေးကြီးလို့ပါကွယ်။ မာရီ မနက်ဖြန် ခရီးထွက်မလို့"

"ဘယ်ကို ထွက်မှာလဲ၊ ဘယ်လောက် ကြာမှာလဲ ဟင်"

သူ ထိတ်လန့် စိုးရိမ်သွားပုံ ရ၏။

"ဒီကျမှ ပြောမယ်။ ဒီည ဆက်ဆက်လာနော်"

"အေးပါကွယ်။ ၁၁ နာရီလောက် လာခဲ့မယ်လေ။ အလောတကြီး နိုင်လှ ချည်လား။ ရက်ရွှေ့လို့ မရဘူးလား ဟင်"

"မရဘူး"

ရက်မရွှေ့နိုင်ပါ။ အစောကြီးက သည်ကိစ္စကို ရှင်းခဲ့ဖို့ကောင်းသည်။ ခုလောက် ရက်တွေကြာခဲ့သည်ကပင် မိုက်မဲရာ ကျလွန်းနေပြီ။

"ကောင်းပြီလေ၊ မောင် လာခဲ့ပါ့မယ်"

ပီတာ ဖုန်းချသွားတော့ လေယာဉ်ရုံးကို လှမ်းပြီး ဆက်ရသည်။ ကြိုတင် လက်မှတ်အတွက် စီစဉ်လိုက်ရ၏။ ပြီးတော့ တီရှဲ့ခါ့ဆရာဝန်ကို ဖုန်းဆက်ပြန် သည်။ ဖရက်ကို အပ်ခဲ့ဖို့။ ။

* * *

၂၉

လက်မှတ်ယူထားသည့် လေယာဉ်ပျံသန်းမှု အစီအစဉ် ပြောင်းလိုက်သဖြင့် ဖေးနှင့် ပြေးတွေ့ဖို့ အချိန်ရလိုက်၏။ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည့်အပြင် သက်သောင့် သက်သာလည်း ရှိလှသော အခန်းထဲတွင် ထိုင်စောင့်နေသည်။

သည်အခန်းထဲရောက်လျှင် အကျင့်ဖြစ်နေသည့်နှယ် ဆိုဖာကို ဖော့ထဲသို့ ပစ်မှီပြီး မီးလင်းဖို နံ့ပေါ်သို့ ခြေဆန့် တင်လိုက်၏။ ခြေထောက်မှ ကြိုးသိုင်းဖိနပ် လှလှကလေးကို အဓိပ္ပာယ်မရှိ ငေးကြည့်နေမိ၏။ အသိအာရုံသည် ဟိုအဝေးသို့ ပျံ့လွင့်နေ၏။ ဖေး ဝင်လာသည်ကိုပင် မသိလိုက်။

"မင်း ကမ္ဘာ့ဒွာန်း ရှုနေတာလား၊ အိပ်ပျော်နေတာလား မာရီ"

ဖေးကို ပြုံးပြလိုက်၏။ ဖေးက မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်သည်။

"စဉ်းစားနေတာပါ ဖေး။ ဖေးနဲ့ ပြန်တွေ့ရသော ဝမ်းသာတယ် ဖေးရယ်"

အံ့ဩစရာ ကောင်းလောက်အောင် စိတ်ထဲတွင် ကြည်နူးနေမိသည်။ ဖေး၏ အခန်းက ထူးဆန်းသည်လေ။ ကိုယ့်အိမ် ကိုယ့်ရာကို ပြန်လာရသလို။ သည် အခန်းကလေးထဲတွင် အပျော်ကြီး ပျော်ခဲ့ဖူးသည် မဟုတ်လား။ ခက်ခဲ ပင်ပန်းသည့် အချိန်တွေလည်း ရှိခဲ့သည်ပေါ့။

"မင်း ဘယ်လောက် လှပစိုပြည်နေတယ်ဆိုတာ ကိုယ်ထပ်ပြောရဦး မလား။ ပြောရဖန်များတော့ မင်း နားအည်နေလောက်ပြီ ထင်တယ်"

ဖေးက တအားပြုံးပြီး ပြောတော့ ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုး ကြားရလို့ ဘယ်မှာ ငြီးငွေ့တယ် ရှိပါ့မလဲ ဖေးရယ်"

ဖေး တစ်ယောက်နှင့်သာလျှင် ရိုးသား ပွင့်လင်းရဲသည်လေ။

"ဘာအတွက်လာတယ်ဆိုတာ ဖေး အကဲခတ်မိမှာပါနော်"

တည်ငြိမ်စွာ ကြည့်ပြီး ဖေးကို မေးသည်။

"အဲဒီမေးခွန်းကို ကိုယ့်ဘာသာကိုယ် မေးနေတာကွယ်"

အပြုံးငယ်ကိုယ်စီ ပြုံးလိုက်ကြပြန်သည်။ ခပ်တွေတွေ တွေးပြီး ပြောမိသည်။

"မာရီ မိုက်ကယ်နဲ့ တွေ့တယ် ဖေး"

"မင်းကို သူ တွေ့သွားပြီပေါ့၊ ဟုတ်လား"

ဖေး လေသံမှာ ဝမ်းသာသည်ထက် စိုးရိမ်သည့် ဘက်သို့ ကဲနေသည်လေသံ။

"ဟုတ်တယ်၊ မဟုတ်ဘူး ဖေး။ သူ မာရီအဒမ်ဆန်ကို တွေ့သွားတာပါ။ သူ ဘာမှ မသိသေးဘူး။ သူတို့ ကုမ္ပဏီက လူတစ်ယောက်က မာရီ့ ဓာတ်ပုံတွေကို တွေ့သွားတယ်။ ကော့တာဟီးလ်ယဒ် အတွက် လိုချင်လှချည်ရဲ့ဆိုပြီး မာရီ့ကို သဲသဲမဲမဲ စည်းရုံးကြတယ်။ ဒီမှာ ဆောက်မယ့် ဆေးရုံကြီးအတွက်တဲ့။ မာရီ ခါထုတ်ပစ်လိုက်တယ်"

"ဒါဆို တကယ် ဂုဏ်ယူစရာ ကောင်းတာပဲ မာရီ"

"သွားစမ်းပါ ဖေးရာ။ မာရီ့ ဓာတ်ပုံတွေကို သူတို့ ဘယ်လောက် ချီးမြှောက် ချီးမြှောက်၊ မာရီ ဂရုမစိုက်ပါဘူး"

မုသားပါသည်ကို ကိုယ့်ဘာသာ ကိုယ်သာ သိလိုက်၏။ သူ့ ဖန်တီးမှုတွေကို မိုက်ကယ် ချီးကျူးလိုက်လျှင် ရွှေရင် တသိမ့်သိမ့် ဖြစ်ရသည်ချည်း မဟုတ်လား။

"နောက် သူ့အမေကိုယ်တိုင် လိုက်လာတယ်။ အဘွားကြီးကိုလည်း မာရီ ခေါက်လိုက်တယ်။ မရဘူးဆို မရဘူးဘဲ။ သူတို့နဲ့လည်း မလုပ်နိုင်ဘူး။ မာရီ့ ကားတွေကိုလည်း သူတို့ကို မရောင်းဘူး။ အပြတ်ပဲ"

"သူတို့ ထပ်လာသေးလား"

"သဲသဲမဲမဲပါဆို"





"တကယ်တော့ ဒါဟာ ဝမ်းသာ ဂုဏ်ယူစရာပါကွယ်။ မင်းဘယ်သူ ဘယ်ဝါဆိုတာ သူတို့ မသိကြဘူးလား"

"အဘွားကြီး တစ်ယောက်ပဲ သိတယ်။ ဒါကြောင့်များ မိုက်ကယ်ကို တမင် ထပ်လွှတ်လိုက်တာလား မသိဘူး"

ခြေထောက်ကို ငုံ့ကြည့်ပြီး ငြိမ်သက်နေမိပြန်သည်။ စိတ်တွေ ပျံ့လွင့်မိပြန်သည်။ မာရီယံနှင့် ဆုံသည့် နေ့အကြောင်း ပြန်တွေး နေမိ၏။

"မာရီယံ ဟီးလ်ယဒ်နဲ့ တွေ့တော့ မင်း ဘယ်လို ခံစားရလဲ"

"ဟာ၊ ပြောမနေနဲ့။ တအား ဒေါပွတာပဲ။ အမုန်းခွန်အားတွေ အပြည့်ပဲ။ ဒီမိန်းမကြီးရဲ့ ရက်စက်မှုတွေကို တစ်ခုချင်း ပြန်မြင်လာတယ်လေ။ မုန်းတယ်"

စကားလုံးများ၏ နောက်ကွယ်မှ အဓိပ္ပာယ်ကို ဖေးက ကောင်းကောင်းကြီး နားလည်လိုက်သည်။

"အင်း၊ အဲဒီတော့"

"အဲဒီတော့" သက်ပြင်း တစ်ချက်ချပြီး ဖေးကို မာရီ မော့ကြည့်သည်။

"အဟောင်းတွေ အသစ်ဖြစ်ရတာပေါ့ ဖေးရယ်။ အကုန် ပြန်ပေါ်လာတော့ တာပေါ့။ တစ်ချိန်တုန်းက သူ ကြိုက်အောင် ဘယ်လိုလုပ်မယ်၊ မိုက်ကယ့် ဇနီးဖြစ်လာရင် ဘယ်လိုနေမယ်၊ ဘယ်လို ထိုင်မယ်နဲ့"

"သူက ခုထိ မင်းကို ငြင်းပယ်တုန်းပဲလား"

"အဲဒါတော့ သိပ်မသေချာဘူး ဖေး။ ဒီအတိုင်းပဲ နေမှာပါလေ။ တစ်ခု တော့ ရှိတယ်၊ အဘွားကြီး သိပ် မကျန်းမာဘူးတဲ့။ သူလုပ်ခဲ့တာတွေကို သူ နောင်တရနေပုံတော့ ရတယ်။ မိုက်ကယ်လည်း ဒီနှစ်နှစ်လုံးလုံး လုံးဝ ပြောင်းလဲသွားတယ်တဲ့။ သူလည်း ဘဝ ပျက်တာပဲတဲ့ ဖေး"

"အဲဒါကို မင်း ဘယ်လို ခံစားရသလဲ မာရီ"

"စိတ်ထဲမှာ ပေါ့သွားသလိုပဲ"

သက်ပြင်းချပြီး တိုးတိုးကလေး ပြောသည်။ ပင်ပန်း နွမ်းနယ်စွာဖြင့်

"မာရီ နားလည်ပါတယ်လေ။ အဲဒါတွေဟာ မာရီ့ အဖို့ ဘာမှမထူးတော့ ပါဘူး ဆိုတာ။ သူ့ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ပေါ့။ ဓာတ်လမ်းက ပြီးခဲ့ပြီပဲ။ နိဂုံးချုပ်ခဲ့ ပြီပဲ။ ကြာခဲ့ပြီပဲ။ မဟုတ်ဘူးလား ဖေးရယ်။ သူနဲ့ မာရီဟာ တစ်ဘဝစီ ဖြစ်သွားကြပြီလေ။ သူမှ မာရီ့နောက်ကို လိုက်မလာတာ။ မာရီသာ ဘယ်သူ ဘယ်ဝါဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရင် အလုပ်အတွက်တောင် လာပြီး ဆွေးနွေးမှာ မဟုတ်ဘူး၊ ခုတော့ မာရီလည်း ဟိုတုန်းက နန်စီ မဟုတ်တော့ဘူး"

"မင်း အဲဒါကို ဘယ်လိုလုပ် သိလဲ မာရီ"

"သူနဲ့ တွေ့ပြီးပြီပဲ။ သူဟာ ခံစားမှုမရှိတဲ့ လူတစ်ယောက်လို အေးစက်မာကျောနေပြီ ဖေးရဲ့"

"ဒါနဲ့ သူ့ဘ၀ ပျက်ပြီဆို။ စိတ်ဓာတ် ကျနေတယ်၊ ဆွေးမြည့် ကြေကွဲနေတယ်၊ စက်ရုပ် တစ်ရုပ်လို ဖြစ်နေတယ်ဆိုတာတွေကကော မာရီ"

"မာရီ့ အပေါ် သစ္စာမဲ့တာ၊ စွန့်ပစ်တာ၊ သူ့ရဲ့ဘော ကြောင်တာတွေကိုကော ထည့်ပြောဦးမှပေါ့ ဖေးရဲ့။ အဲဒါတွေက မာရီ ခံခဲ့ရတဲ့ အဖြစ်မှန်တွေလေ"

"သေချာရဲ့လားကွယ်။ သူ့ကို တွေ့တော့လည်း မင်း ဒီလိုပဲ ခံစားနေရတုန်းလား ဟင်"

"ဟုတ်တယ် ဖေး၊ သူ့ကို မုန်းတယ်"

မာရီ့ အသံက မာကျော ခက်ထန်လာပြန်၏။

"အဲဒါ မင်း သူ့ကို ချစ်နေတုန်းမို့များ ဖြစ်နေမလား မာရီ"

မာရီ ငြင်းချက်ထုတ်မည် ပြုပြီးမှ ဘာမျှ မပြောဘဲ ခေါင်းယမ်း ပြလိုက်သည်။ သူ့ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ ဝဲလာသည်။ ဖေးကို အကြာကြီး စိုက်ကြည့်နေသည်။ ဘာမျှ ဆက်မပြော။

"နန်စီ၊ မင်း သူ့ကို ချစ်နေတုန်းပါကွယ်။ ဟုတ်တယ် မဟုတ်လား ဟင်"

ဖေးက အမည်ဟောင်းကို တမင် ဖော်ထုတ်လိုက်၏။ ကလေးမသည် ဧရာမ သက်ပြင်းရှည်ကြီး တစ်ချက်ချသည်။ ဆိုဖာ နောက်သို့ ပစ်မှီသည်။ မျက်နှာကျက်ကို မော့ကြည့်သည်။ ပြီးတော့ အနိမ့်အမြင့် မရှိသော အသံဖြင့် စိတ်ကုဆရာဝန်၏ အမေးကို ဖြေသည်။

"နန်စီကတော့ ချစ်နေမလား မသိဘူး ဖေး။ နန်စီ့ အငွေ့ အသက်ကလည်း မာရီမှာ နည်းနည်းကလေးပဲ ကျန်တော့တာပဲ။ ဒါပေမဲ့ မာရီကတော့ မိုက်ကယ်ကို မချစ်တာ သေချာတယ် ဖေး။ မချစ်နိုင်ဘူး"

ဖေးကို ဝမ်းနည်းပမ်းနည်း မော်ကြည့်ပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့"





"ဘာဖြစ်လို့ ဆိုတော့ သူကမှ မာရီကို မချစ်တာ။ မဖြစ်နိုင်ပါဘူး ဖေးရယ်။ ဒီကိစ္စကို အပြီးအပြတ်ရှင်းမှ ဖြစ်တော့မယ်။ လုံးဝ ဖြတ်ပစ်မှ ဖြစ်တော့မယ်။ အဲဒါကြောင့် ဖေးဆီ ပြေးလာတာ။ မိုက်ကယ်ကို ချစ်နေတုန်းပါလို့ ပြောပြီး ဖေး ပခုံးကို ဖက်ငိုပြဖို့ လာတာ မဟုတ်ဘူး ဖေး။ ဖေးကို အဲဒါမှင့် ပြောချင်လို့။ ပိတ်ကိုကျတော့ ပြောလို့ မဖြစ်ဘူးလေ။ တစ်ယောက်ယောက်ကို ပြောလိုက်ရမှ ရင်ထဲပေါ့သွားမှာ"

"မင်းလာတာ ကိုယ်ဝမ်းသာပါတယ် မာရီရယ်။ ဒါပေမဲ့ ဒီကိစ္စကို မင်း ပြောသလို ရှင်းဖို့ ပြောသလောက် လွယ်ပါ့မလား ဆိုတာပဲ ကိုယ်စဉ်းစားနေတာပါ။ ဖြတ်တယ်တို့ ပြတ်တယ်တို့ ဆိုတာ ပြောတော့သာ လွယ်တာနော် မာရီ"

"တကယ်တော့ ဖေးရယ်၊ ပြတ်ခဲ့တာက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကပါ။ မာရီ ပျော့လို့ ခုလောက် တဝဲလယ်လယ် ဖြစ်နေတာ။ အဲဒီတော့"

မာရီက မတ်မတ်ထိုင်လိုက်ပြီး ဖေးကို စိန်းစိန်းကြည့်သည်။

"မနက်ဖြန် မာရီ ဘော့စတွန်ကို သွားမယ်။ ကိစ္စကလေး တစ်ခုလုပ်စရာ ရှိနေသေးတယ်"

"ဘာကိစ္စများလဲ မာရီ"

တစ်နာရီ အတွင်း မာရီ ပထမဆုံး အကြိမ်အဖြစ် ပြုံးလိုက်သည်။

"မိုက်ကယ်နဲ့ ဟိုတုန်းကလုပ်ခဲ့တဲ့ ကိစ္စကလေး တစ်ခုရှင်းဖို့ ကျန်နေသေးလို့ ဖေးရဲ့။ မာရီတို့ နှစ်ယောက် အထိမ်းအမှတ်ကလေး တစ်ခု လုပ်ထားတာ ရှိတယ်။ အဲဒီ နေရာကလေးကို သူ သွားမသွား သိချင်တယ်။ မာရီလည်း သွားဖို့ တာဝန် ရှိတယ်လေ"

"ဖြစ်ပါ့မလား မာရီ။ မင်းကိုယ်မင်း ကြံ့ခိုင်မှု ရှိပြီလို့ ယုံကြည်ရဲ့လား"

"ရတယ် ဖေး၊ ရတယ်" မာရီ သူ့ကိုယ်သူ စိတ်ချလက်ချ လေသံဖြင့် ဖေးကို ပြောနေ၏။

"အဲဒီကိစ္စ အတွက် သက်သက် သွားချင်တာလား မာရီ"

"ဟုတ်ပါတယ် ဖေးရဲ့"

"ကိုယ့်ကိုယ်ကိုယ် ဘယ်သူ ဘယ်ဝါဆိုတာ မိုက်ကယ်ကို ပြောမပြတော့ဘူးလား။ ဒါမှ သူ့ သဘောထားကို သိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း။ ဘယ်တော့မှ မပြောဘူး မေး။ ဓာတ်လမ်းက ပြီးခဲ့ပါပြီ... ပြီးတော့လည်း..."

သက်ပြင်းတစ်ချက် ဖြတ်ပြီး ချသည်။ သူ့လက်ချောင်းကလေးများ... ငုံ့ကြည့်သည်။

"ပီတာ့အပေါ် သစ္စာမဲ့ရာကျမှာပေါ့ မေးရယ်"

"ကိုယ့်ကိုယ်ကိုယ် သစ္စာမဲ့ရာ မကျအောင်လည်း စဉ်းစားဦးလေ မာ..."

"ဒါကြောင့် ဘော့စတွန်ကို သွားမယ် ပြောတာပေါ့။ မေးပြောတာလည်း မာရီ စဉ်းစားပါတယ်။ ဘော့စတွန်က ပြန်လာရင် မာရီ တကယ့်ကို လွတ်လပ်... မိန်းကလေး တစ်ယောက် ဖြစ်သွားမှာပါ။ အဲဒီတော့မှ ဘဝတစ်ခုလုံး ပီတာ့... ပုံအောပြီး ပေးနိုင်မှာ။ ပီတာဟာ တကယ့်သူတော်ကောင်းကြီးပါ။ သူ့ ကျေးဇူး... ကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ပါဘူး မေးရယ်"

"မင်း သူ့ကို တကယ် ချစ်လို့လား ဟင်"

မာရီ့ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ချက်ချင်း မလုံမလဲ ပြန်... သည်။

"ချစ်ပါတယ် မေးရဲ့"

"ဒါဖြင့် ခုကော ဘာဖြစ်လို့ ပုံအောပြီး မချစ်နိုင်ရတာလဲ"

"မိုက်ကယ်က ကြားထဲမှာ ခံနေသေးတာကိုး"

"ဒါက လွယ်လွယ်ကလေးပဲ မာရီ။ မိုက်ကယ်ကို ခေါက်လိုက်ပေါ့"

"စိတ်ရှုပ်ပါတယ် မေးရယ်"

မာရီ အကြာကြီး ငြိမ်ပြီး ငေးနေသည်။

"တစ်ခုခုက တားဆီးနေသလိုပဲ။ ဟုတ်တယ် မေး၊ မာရီ့ကိုယ် မာ... လည်း လုံးဝ ဘဝင်မကျဘူး။ တစ်ခါတစ်ခါ စိတ်ထဲက မိုက်ကယ်ကို စောင့်နေ... သလိုပဲ။ တစ်ခါတစ်ခါလည်း အဲဒါနဲ့ ပြောင်းပြန်။ မာရီကိုက မဟုတ်တာ... လေ..."

"ဘာဖြစ်လို့ အဲဒီလို ကိုယ့်ကိုယ်ကိုယ် မှားတယ်လို့ ပြောနိုင်ရတာလဲ"

"သေတော့ မသေချာဘူး မေး။ ဒါပေမဲ့ စိတ်ထဲမှာ သိနေတယ်။ ပီတာ... ဟာ မာရီ့ကို ဘက်စုံ နားမလည်ဘူး။ သူ ဖန်ဆင်းခဲ့တဲ့ မာရီ့အဒမ်ဆန်ကို... ကွက်ပြီး သိနေတယ်။ မာရီ မဖြစ်ခင်က ဘဝကို သူ ဘာမှ မသိဘူး"





"မင်း သူ့ကို ပွင့်ပွင့်လင်းလင်း ပြောပြပေါ့"

"ပြောတာက ရပါတယ်။ သူ သိချင်ပါ့မလားလို့။ ခုတော့ ချစ်ရတာ... တစ်မျိုးကြီးပဲ မေးရယ်။ အချစ်ခံရတာပဲ ရှိတယ် မာရီ့ အတွက် ဘာမှ မရသလိုကြီး ပဲ"

"ဒါကတော့ကွယ်၊ လောကမှာ တခြား ယောက်ျားတွေလည်း ရှိပါသေး တယ်"

"ဒါပေမဲ့ ပီတာလောက် တော်တဲ့ လူတော့ ရှားမယ် မေး။ ပြီးတော့ ပီတာ့ကို ငြင်းစရာအကြောင်းက ရှိမှ မရှိတာ"

"အိုး မချစ်ရင် ငြင်းလို့ ရတာပေါ့။ ဒီလောက်ကောင်းတဲ့ အကြောင်းပြ ချက် ဘယ်မှာ ရှိမလဲ မာရီ"

ပြောရင်း ပြောရင်း မာရီ့ စိတ်ထဲတွင် မတင်မကျ ဖြစ်လာသည်။

"ဒါဆိုလည်း သိပ်ပူမနေနဲ့ မာရီ။ ခေါင်းအေးအေး ထား။ ပြဿနာ... သူ့ဘာသာ သူရှင်းသွားလိမ့်မယ်။ ပြန်လာရင် လာခဲ့ဦးနော်။ ထပ်ပြီး ဆွေးနွေး... ...အောင်။ ပထမဆုံး မိုက်ကယ်နဲ့ ရှင်းစရာရှိတယ်ဆိုတဲ့ ကိစ္စကို ရှင်းခဲ့၊ ဟုတ်ပြီ... လား"

"ဟုတ်တယ် မေး၊ အဲဒါ အကောင်းဆုံးပဲ"

အခုမှပဲ အလုံးကြီး ကျသွားသလို ဖြစ်သွား၏။ သည်တော့ မေးဆီလာခဲ့မိ... သည့်အတွက် ဝမ်းသာရသည်။

မေးက နာရီကြည့်သည်။ မာရီနှင့် စကားပြောခဲ့သည်မှာ တစ်နာရီခွဲ... ကြာသွားသည်။ တက္ကသိုလ်တွင် တစ်နေ့တစ်နာရီ ပို့ချနေရသည့် သင်တန်းချိန်... ...နီးနေပြီ။

"ပြန်ရောက်ရင် လာဦးနော်"

"ပြန်ရောက်ရောက်ချင်း ပြေးချလာမယ် မေး"

"ကောင်းပါပြီကွယ်၊ ဂရုတစိုက်သွား နော်။ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲ... ...စေမယ့် အကြောင်းတွေ ခေါင်းထဲ သိပ်မထားနဲ့၊ ဟုတ်ပြီလား။ အကြောင်းထူးရင် ...နှုန်းလှမ်းဆက်လိုက် နော်"

မေးဆီမှ ပြန်လာတော့ စိတ်လက်ပေါ့ပါးပြီး ရွှင်လန်းလာသည်။ ...ချိန် ...သုံး ဖိစီးနေသည့် ကိစ္စကြီး တစ်ခုလုံးကို မေးက ဖယ်ရှားပေးလိုက်သလို ရင်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ တကယ်တော့ သည်နေ့ ဖေးနှင့် ပြောခဲ့သည့် အကြောင်းအရာများ သည် ပီတာ့ကို ရှင်းလင်းပြောပြဖို့ ကြိုးလာလျှင်လည်း များစွာ အထောက်အကူ ပြုမည့် အချက်အလက်များ မဟုတ်ပါလား။

* * *

# ၃၀

တာ . . . ဘော့စတွန်ကို ဟုတ်လား။ ဘာကိစ္စလဲ မာရီ။ ကိုယ်တော့ နားမည်နိုင် သာက်အောင်ပဲ"

ပီတာ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံ ရသည်။ ညှိုးသွားသည်။ ပီတာကို ည်ပုံစံဖြင့် မြင်ရခဲ့သည်။ သူ့အဖို့ သည်နေ့ အလုပ်ကလည်း ပင်ပန်းလာသည်။ ည်းအဝေးတွေလည်း ဆက်တိုက်။ ဆေးရုံသစ်ကြီး ကိစ္စကြောင့် ပို၍ အလုပ်ရှုပ် ရသည်။ တစ်နံနက်လုံး ဗိသုကာတွေ၊ အင်ဂျင်နီယာတွေနှင့် ဆွေးနွေး နေရ ည်။ ဘာဖြစ်လို့များ သည်ကော်မတီထဲ ပါနေရပါလိမ့်။

"ဘာလို့ သွားမှာလဲ မာရီရယ်၊ အဓိပ္ပာယ် မရှိ"

"ဘာမှ မပူပါနဲ့ ပီတာ။ မာရီ့မှာ အတိတ်က အရိပ်တွေ မရှိတော့ပါဘူး။ တော့လည်း သွားဖို့အတွက် အားလုံး စီစဉ်ပြီးနေပြီ"

"အတိတ်က အရိပ်တွေ မရှိတော့ဘူး၊ ဟုတ်လား။ ဒါဖြင့် ဟိုနေ့က းတိုက်မယ် ဖြစ်တုန်းက ဘယ်လို ဖြစ်သွားတာလဲ"

"သြော် မောင်ကလည်းကွယ်။ လုပ်စရာ ကိစ္စကလေး တစ်ခုရှိလို့ ဆိုတာ မ်းပါ။ အဲဒီ ကိစ္စရှင်းပြီးရင် မာရီ လုံးဝ လွတ်လပ်သွားပြီ။ သန်ဘက်ခါ ရောက်မှာပါ"

"ဟုတ်ကော ဟုတ်ရဲ့လား မာရီရယ်"

"အဟုတ်ပါ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာရီ့ လေသံသည် တည်ငြိမ်လျက်။ သူ့ ဆုံးဖြတ်ချက်ကို ပြင်မည့်ဟန် မပေါ်။ ပီတာ ဘာမျှ ဆက်မပြောနိုင်တော့။ ဆိုဖာ နောက်မှီပေါ်သို့ ပစ်မှီလိုက်ရင်း သက်ပြင်း တစ်ချက်ကို ပင်ပန်းနွမ်းနယ်စွာ မှုတ်ထုတ်လိုက်၏။

"ကောင်းပြီလေ၊ ကိုယ်တော့ ဘာမှ နားမလည်ဘူး မာရီ။ မင်းဘာလုပ် နေတယ် ဆိုတာ မင်းကိုယ်မင်းတော့ သိမှာပေါ့။ တစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မောင်ရယ်၊ ဘာမှ မပူပါနဲ့"

"မပူဘဲနေလို့ ရမတဲ့လားကွယ်။ မယုံလို့တော့ မဟုတ်ပါဘူး။ ဟို... မာရီ စိတ်ထိခိုက်စရာတွေ ထပ်ကြုံရမှာ စိုးတာပါ။ ကိုယ် မာရီကို တစ်ခု မေးမယ် စိတ်မဆိုးနဲ့နော်"

ဘုရား ဘုရား။ မာရီ ရင်တွေ ခုန်လာသည်။ ဟိုကိစ္စ မဟုတ်ပါစေနဲ့။ ပီတာ မေးမည့် မေးခွန်းက သူ တွေးကြောက်နေသည့် ကိစ္စမဟုတ်။ ပီတာ မာရီ့ကို သေသေချာချာ အကဲခတ်ကြည့်နေသည်။

"မေးလေ... မေးပါ"

ခွဲစိပ်မှုတစ်ခုကို ခံရတော့မည့်နှယ် အမေးကို စောင့်နေသည်။

"မိုက်ကယ် ဟီးလ်ယဒ် ဒီကို ရောက်နေတယ် ဆိုတာ မာရီ သိလား ဟင်"

"သိသားပဲ"

မာရီ တည်ငြိမ်စွာ ပြန်ဖြေသည်။

"သူနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီလေ။ ပြခန်းမှာ ဆုံတာ။ သူ့ ကုမ္ပဏီ အတွက် အလုပ်ကိစ္စ ပြောတယ်။ မာရီက ခါထုတ်ပစ်လိုက်တယ်"

"မင်း ဘယ်သူ ဘယ်ဝါဆိုတာ သူ သိသွားပြီလား"

"ဟင့်အင်း"

"ဘာဖြစ်လို့ မပြောလိုက်လဲ"

မိုက်ကယ့်အမေနှင့် ပဋိညာဉ်ပြုခဲ့သည့် အပေးအယူ ကိစ္စကို ပြောရန် အချိန်ရောက်ပြီ။ သို့သော် နောက်ကျခဲ့ပြီလေ၊ ပြောနေလျှင်လည်း အကြောင်း ထူးတော့မည်မှု မဟုတ်ဘဲ။





"ပြောတော့ကော ဘာထူးမှာလဲကွယ်။ ပြီးတာတွေ ပြီးပြီပဲ"

"တကယ်ပဲလား မာရီ"

"တကယ်ပါ ပီတာ။ ဘော့စတွန်သွားမှာလည်း အဲဒီ ကိစ္စပါ"

"ဒါဆို ကိုယ် ဝမ်းသာပါတယ် မာရီရယ်"

ပြောသာ ပြောရသည်။ ပီတာ့ မျက်နှာတွင် စိုးရိမ်မှု အရိပ်အရောင်တွေက ရစ်သိုင်းနေဆဲ။

"မင်း သွားတဲ့ ကိစ္စက မိုက်ကယ်ဟီးလ်ယဒ်နဲ့တော့ မပတ်သက်ပါဘူး နော်"

မပတ်သက်နိုင်မှန်းသိလျက် သေချာအောင် မေးလိုက်ရခြင်း ဖြစ်၏။ မနက်ဖြန် အစည်းအဝေးတွင် မိုက်ကယ်လည်း ရှိနေမည်။ သူနှင့်ပါ တွေ့ရမည်ကို ပီတာသိထားသည် မဟုတ်လား။ မာရီ ခေါင်းခါသည်။

"မဆိုင်ပါဘူး။ ပီတာပြောတဲ့ သဘောနဲ့ မဆိုင်ဘူး။ မာရီ့ ကိစ္စပါ။ လောလောဆယ်တော့ ဒီကိစ္စအကြောင်း ဒါလောက်ပဲ ပြောပါရစေဦး ပီတာရယ်"

"ကောင်းပါပြီ ဗျာ၊ ကောင်းပါပြီ"

"ကျေးဇူးပါပဲ ပီတာရယ်"

သည်ည မာရီနှင့် အတူ အိပ်ချင်သည်။ သို့သော် ဖွဖွကလေး နမ်းပြီး နှုတ်ဆက်လျက်ပြန်ခဲ့သည်။ သူ တစ်ယောက်တည်း နေချင်ရှာမည်ကို ပီတာ သိနေသည်။

ငြိမ်းအေး တိတ်ဆိတ်သော ည။

စိတ်လက် ပေါ့ပါး ကြည်လင်စွာ အိပ်ရာမှ နိုးလာသည်။ နံနက် စောစော ဖရက်ကို တီရှ္ဗာန် ဆရာဝန်ဆီ သွားအပ်သည်။ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်သည်။ တည်ငြိမ်အေးဆေးမှု အပြည့်ဖြင့်။

တကယ်တော့ သူလုပ်သည့် အလုပ်သည် လုပ်သင့် လုပ်ထိုက်သော အလုပ်တစ်ခု ဖြစ်ကြောင်း သူ ယုံကြည်သည် မဟုတ်လား။

လေယာဉ်ကွင်းသို့ အစောကြီး ကြိုရောက်နေနှင့်သည်။ ဘော့စတွန်သို့ နယူးယောက်စံတော်ချိန် ည ကိုးနာရီတွင် လေယာဉ်ဆိုက်သည်။ ကိစ္စကို ညတွင်းချင်း အပြတ်ဆောင်ရွက်မို့ စိတ်ကူးသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အလောတကြီး လုပ်စရာ အကြောင်း မရှိသဖြင့် နောက်နေ့မှ လုပ်ဖို့ ဆုံးဖြတ်လိုက်၏။ ကားကို ညကတည်းက ငှားထားလိုက်သည်။ မနက်ကျလျှင် မောင်းထွက်သွားပြီး မောင်းပြန်လာရုံပင်။ နောက်ဆုံးထွက်မည့် လေယာဉ်ဖြင့် ပြန်မည်။

မွန်မြတ်သည့် အလုပ်တစ်ခုကို ဆောင်ရွက်ရန် ရောက်ရှိလာသည့် သာသနာပြုအဖွဲ့မှ အမျိုးသမီးတစ်ဦးလို ကိုယ့်ကိုယ်ကိုယ် ခံစားမိ၏။ ဟိုတယ်ခန်းကလေးတွင် ငြိမ်းချမ်းစွာ အိပ်ရာဝင်သည်။ မြို့ထဲသို့ လည်ပတ်ချင်စိတ် လုံးဝမရှိ။ ပေါင်းဟောင်းသင်းဟောင်းတွေနှင့် တွေ့ဖို့ ဆန္ဒလည်း မဖြစ်မိ။

ဩော် ဘော့စတွန်ကို တကယ် ပြန်ရောက်နေတာကော ဟုတ်ရဲ့လား။ အိပ်မက်များလေလားကွယ်။ စင်စစ် အိပ်မက်နှင့်ပင် တူလှပါသည်။ နှစ်နှစ်မျှ ကြာမြင့်ခဲ့ပြီ ဖြစ်သည့် အိပ်မက်ဟောင်းကြီးလေ။ ခုတော့ သည်အိပ်မက်ဟောင်းကြီးကို ထာဝရ မခွဲနိုင်ခွာမီ နောက်ဆုံး အကြိမ်အဖြစ် လာရောက်နှုတ်ဆက်ခြင်းပင် မဟုတ်ပါလား။

* * *

# ၃၁

"ဒေါက်တာ ဂရက်ဆင်"

"ဆို"

မာရီ လေယာဉ်ကွင်းမှ ဖုန်းဆက်သဖြင့် စကားပြောပြီးခါစ အတွေး နယ်ချဲ့နေစဉ် အတွင်းရေးမှူးမကလေး ဝင်လာသည်။ မာရီ ခရီးထွက်သွားသည့်အတွက် ရင်ထဲတွင် မတင်မကျကြီး ဖြစ်နေသည်။ မတားသာ၍သာ လွှတ်လိုက်ရသည်။ စိတ်ကတော့ ခပ်လေးလေး။ ပြန်မရောက်မချင်း စိတ်ပူနေရဦးမည်။ အတွင်းရေးမှူးမကလေးကို နွမ်းနယ်စွာဖြင့် မော့ကြည့်လိုက်သည်။

"ပြောလေကွယ်"

"မစ္စတာ ဟီးလ်ယာဒ်ဆိုတာ ရောက်နေပါတယ်။ သူနဲ့ အတူ လက် ထောက် သုံးယောက်လည်း ပါတယ်။ ဆရာနဲ့ ချိန်းထားပြီးသားလို့ ပြောပါတယ်"

"အေး အထဲခေါ်ခဲ့ပါ"

ဘုရား ဘုရား။ ဘုရား တရုံကလွဲပြီး ဘာများ တတ်နိုင်ပါဦးမည်လဲ။ အို ဘာဖြစ်ဖြစ်၊ မိုက်ကယ်ဆိုတဲ့ ကောင်လေးကို တွေ့ဖူးတာပေါ့။

လက်စသတ်တော့ သူ့သား အရွယ်ကလေးပါလား။ ဒါကို မာရီ ယှဉ်ပြီး တွေးမိရဲ့လား မသိ။

အင်္ဂျင်နီယာ လေးဦးနှင့် ဆရာဝန်ကြီးတို့ လက်ဆွဲ နှုတ်ဆက်ကြသည်။ အစည်းအဝေး စကြသည်။ ဗိသုကာများက သူတို့ လုပ်ငန်းကြီး အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ပီတာဂရက်ဆင်ထံမှ အကူအညီတွေ အကြံဉာဏ်တွေ အပုံကြီး လိုကြောင်း တင်ပြကြသည်။

ဒေါက်တာ ဂရက်ဆင် အပါအဝင် ဆရာဝန်ကြီး ၁၅ ယောက်က သူတို့နှင့် ပူးတွဲ ပံ့ပိုးနေပြီ ဖြစ်၍ ဆေးရုံကြီးမှာ ကမ္ဘာကျော်ဆေးရုံကြီး တစ်ခုဖြစ်ဖို့ သေချာနေပါပြီ။

ဒေါက်တာ ဂရက်ဆင်အဖို့ ငြင်းစရာ အကြောင်း မရှိ၍ လွယ်လွယ်ကူကူ ပင် သဘောတူမှုရကြသည်။ အသားအစားထိုး ကုသည့် ဌာနတွင် ဒေါက်တာ ဂရက်ဆင်အတွက် ရုံးခန်းတစ်ခု ဖွင့်ပေးရန်နှင့် ဒေါက်တာဂရက်ဆင်ကလည်း သူ၏ ဌာနဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များကို စည်းရုံးပေးမည့် အကြောင်းများကို သဘောတူကြသည်။

ပီတာသည် သူတို့ ပြောသမျှကို စက်ရုပ်ဆန်ဆန် ခေါင်းညိတ်နေပြီး တစ်ချိန်လုံး မိုက်ကယ်ကို စောင့်ကြည့် အကဲခတ်နေမိ၏။

အလွန် မွန်ရည်သည့် လူငယ်ကလေးပါကလား။ အသေအလဲ ကိုက်ရ ခိုက်ရမည့် ပြိုင်ဘက်တစ်ဦးလို မမြင်နိုင်တော့။ သူ မြင်ရသည်မှာ အလွန် နုပျိုငယ် ရွယ်သည့်၊ အလွန် ချောမော ခံ့ညားသည့် လူရွယ်တစ်ယောက်။

သူ့ အလုပ်တွင်ကော၊ သူ့ ကိုယ်သူကော ယုံကြည်မှု အပြည့်ဖြင့်။ မာရီနှင့် တူလွန်းလေစွဟု စိတ်တွေ မတည်မငြိမ်ဖြင့် တွေးလိုက် မိသည်။

သူတို့နှစ်ယောက်စလုံးတွင် ခွန်အားတွေ အပြည့်ရှိကြသည်။ ရည်ရွယ် ချက် မြင့်မားပုံချင်းကလည်း တစ်ထပ်တည်း။ ဒါတွေကို မျက်ဝါးထင်ထင် တွေ့မြင် ရပြီဆိုတော့ ပီတာ အားငယ်သွားသည်။

သူ့အတွက် မျှော်လင့်ချက်နှင့် ဝေးသွားပြီလိုလို ခံစားလိုက်ရသည်။ အစည်းအဝေးတွင်လည်း စိတ်မဝင်စားတော့။ ဘာတစ်ခွန်းမျှ ဝင်မပြောတော့ဘဲ မိုက်ကယ်ကိုသာ ငေးကြည့်နေမိတော့၏။ လပေါင်းများစွာ သူ ရှောင်ရှားနေခဲ့သော အဖြစ်မှန်နှင့် ရင်ဆိုင်ရန် သူ့ကိုယ်သူ ချိန်ဆနေ၏။

ဘာကြောင့် သည်မနက်မှ ရွေးပြီး မာရီ ထွက်သွားရသည်ကိုလည်း ခုမှ တွေးပြီး အံ့ဩနေမိသည်။ တကယ်ပဲ အတိတ်ကို မြှုပ်နှံဖို့ သွားခြင်း ဖြစ်နိုင်ပါ့ မလား။ ပြန်လည် တူးဖော်ဖို့ များလား မာရီရယ်။

---

ဒုတိယအကြိမ်



ပထမဦးဆုံး အကြိမ်အဖြစ် ပီတာ အထိတ်တလန့် တွေးလိုက်မိသည်။ သည် ဇာတ်လမ်းတွင် သူသည် တတိယလူ အဖြစ် ပါဝင်ရန် သင့်မသင့်။ မိုက်ကယ်ကို ကြည့်နေရင်း သူ့မျက်စိထဲတွင် မိုက်ကယ်အစား မာရီကို မြင်နေမိ၏။

သည် သူငယ်သည် သည်ကလေးမ၏ ဘဝ တစ်စိတ်တစ်ပိုင်းပါလား။ ထိုဘဝ တစ်စိတ်တစ်ပိုင်းကို သူ မသိ။ သူသိသည်မှာ သည်မှာ ဘက်ပိုင်း၏ မာရီအဒမ်ဆန်သာ ဖြစ်၏။

နန်စီ အသည်းနှလုံးကို သူ ဘာမျှ မသိခဲ့။ သူသိသည်မှာ သူ့လက်များဖြင့် ဖန်ဆင်းခဲ့သည့် မာရီအဒမ်ဆန်သာ မဟုတ်လား။

ခုတော့ သူ နားလည်လိုက်ပြီ။ နှစ်ဘဝစံ မာရီ့ အကြောင်းလေ။ တစ်စစီ တစ်စစီ ဖြစ်နေခဲ့သော အစိတ်အပိုင်းကလေး ပေါင်းများစွာသည် စုစည်းလာပြီး ပုံပေါ်စ ပြုလာပြီ။

သည်တော့ ရင်ထဲတွင် ဟင်းလင်း ပွင့်သွားသလို ခံစားလိုက်ရ သည်။ ဆုံးရှုံး စွန့်လွှတ်ရတော့မှာလား မာရီရယ်။

တကယ်တော့ မဆင်နွှဲအပ်သည့် တိုက်ပွဲကို ဆင်နွှဲခဲ့မိခြင်း ပါလား။ မိမိ၏ အတိတ်မှ အချစ်ဟောင်းကို မာရီနှင့် အစားထိုးခဲ့မိခြင်း ပါလား။

သူ ဖန်ဆင်းခဲ့သည့် မာရီ၏ ရုပ်သွင်တွင် သေလွန်ခဲ့လေပြီးသော ချစ်သူ လစ်ဇီယာ၏ အဆင်းသဏ္ဌာန်တွေ ဘာကြောင့် တစ်ပိုင်းတစ်စ ပါဝင်နေခဲ့လေ သလဲ။ ရင်မှာ အစဉ်ငြိတွယ်နေခဲ့သည့် လစ်ဇီယာကို မာရီ အဖြစ်သို့ အတတ်နိုင် ဆုံး ပြောင်းလဲခဲ့မိခြင်း မဟုတ်လား။

သည်လို လုပ်ပိုင်ခွင့်မျိုးကော သူ့တွင် ရှိနိုင်ပါ့မလား။ ပီတာ့ တစ်သက် တွင် မိမိ၏ လူနာတစ်ဦးကို မည်သည့် အနှောင်အဖွဲ့မျိုးမျှ မပြုလုပ်ခဲ့ဖူးသည်တော့ အမှန်။

မာရီ့ ဘဝက ထူးထွေ ဆန်းပြားလွန်း၍သာ ဤသို့ ပြုမူမိခြင်း ဖြစ်၏။ တစ်ကောင်ကြွက် တစ်မျက်နှာ၊ ကူကယ်ရာမဲ့ ကလေး မဟုတ်လား။ သူမှ တစ်ပါး မာရီကို ဘယ်သူကယ်၍ ဘယ်သူ ဆည်နိုင်ပါမည်လဲ။

သည်တော့ သူ့တွင် ကယ်တင် ပိုင်ခွင့် ရှိလာသည်ပေါ့။

တစ်ခုပဲ ရှိသည်။ ကယ်တင်ရုံမက သိမ်းပိုက်ခွင့်ပါ ရှိသင့်ပါမည်လား။ မိုက်ကယ်ကို ကြည့်နေရင်း ကြည့်နေရင်း မာရီ့ ဘဝတွင် သူ ပါဝင်သည့် ကဏ္ဍမှာ ဖခင်တစ်ဦး၏ ကဏ္ဍမျှသာ ဖြစ်ကြောင်း သဘောက ပေါက်လာသည်။

---

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



သည်အချက်ကို မာရီ လောလောဆယ် သဘောမပေါက် သေးသည့်တိုင် တစ်နေ့တွင် သည်လို မြင်လာနိုင်မည် မုချ။

အစည်းအဝေး ပြီးဆုံးသွားပြီ။ အသီးသီး မတ်တတ်ရပ်၍ လက်ဆွဲနှုတ်ဆက်ကြသည်။ မိုက်ကယ့် အဖွဲ့ဝင် သုံးဦးက ရုံးခန်းတွင်းမှ အလျင်ထွက်ပြီး စည့်ခန်းတွင် စောင့်နေကြ၏။

မိုက်ကယ်နှင့် ဒေါက်တာ ပီတာဂရက်ဆင်က အလ္လာပသလ္လာပ ပြောရင်း ကျန်ရစ်၏။ ထိုစဉ် မိုက်ကယ့် မျက်လုံးများသည် ဆရာဝန်၏ ပခုံးပေါ်မှ ကျော်၍ နံရံဆီသို့ စူးစိုက်သွားသည်။

ကြည့်စမ်း၊ ကြည့်စမ်း။ လွန်ခဲ့သည့် နှစ်နှစ်က နန်စီဆွဲခဲ့သည့် ပန်းချီကား...။

မင်္ဂလာဆောင် လက်ဖွဲ့ ဖြစ်မည့် ကား...။

သူ သေဆုံးခဲ့ပြီးနောက် သူနာပြု ဆရာမနှစ်ယောက် ခိုးယူသွားသည့် ပစ္စည်းများနှင့် အတူ ပျောက်ဆုံးသွားသော ပန်းချီကား။

သည်ဆရာဝန်၏ ရုံးခန်းသို့ မည်သို့မည်ပုံ ရောက်လာခဲ့ပါ သနည်း။ ပြီးတော့ ကားမှာ အပြီးသတ် ဆွဲပြီးသား။ မိုက်ကယ်သည် စိတ်ညို့ခံထားရသူပမာ ပန်းချီကား ဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

ဆရာဝန် မည်သို့မျှ မတားဆီးနိုင်မီ ပန်းချီကားအောက်သို့ သူ ရောက်နေပြီ။ မိုက်ကယ်ကို ဘယ်အရာကမျှ တားဆီးနိုင်စွမ်း ရှိမည် မဟုတ်တော့။ ပန်းချီကား ထောင့်မှ လက်မှတ်ကို မြင်ရသည်။ သေသေချာချာ ဖတ်ကြည့်တော့ သူထင်သည့် အတိုင်းပင်။ စာလုံး သေးသေးကလေးများဖြင့် ထိုးထားသည့် လက်မှတ်မှာ မာရီအမ်ဆန်။

"ဘုရားရေ... အို... ဘုရား ဘုရား"

သည်စကားလုံးများက လွဲပြီး မိုက်ကယ့် နှုတ်မှ နောက်ထပ် ဘာမျှ ထွက်မလာနိုင်တော့။ ဒေါက်တာ ဂရက်ဆင်က သူ့ကို အကြောင်သား ငေးကြည့်နေမိ၏။

"ကြည့်စမ်း... ဘာလို့ ဒီကိစ္စကို... ဘုရား၊ ဘုရား"

နားလည်ပြီ။ ခုတော့ နားလည်လိုက်ပါပြီ။

နန်စီ သေပြီဟု လိမ်ပြောခဲ့ကြသည်။ နန်စီ မသေ။ မသေ။ တကယ်တော့ နန်စီဟာ မာရီပဲ။ ဒါကြောင့် ဒါလောက် ခါးခါးသီးသီး မုန်းနေတာကိုး။

ဒုတိယအကြိမ်



ဒါကြောင့် သူ့ကားတွေကို ကြည့်ပြီး ရင်ထဲမှာ လှုပ်ခါ ခဲ့ရတာကိုး။ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ ပြည့်လာသည်။ ဒေါက်တာဂရက်ဆင်ဘက်သို့ လှည့်လိုက်သည်။

ပီတာက သူ့ကို ဝမ်းပန်းတနည်း ငေးကြည့်နေ၏။

"ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီကွာ။ သူ့ဘဝ သူ နေပါစေတော့ ဟီးလ်ယဒ် ရယ်"

ပြောလို့သာ ပြောရသည်။ စိတ်ထဲကတော့ သိနေ၏။ မိုက်ကယ်ကို ဘယ်နည်းနဲ့မျှ နောက်ဆုတ်ခိုင်း၍ ရမည် မဟုတ်။ မာရီ ဘယ်မှာ ရှိနေသည်ကိုပင် ပြောပြလိုက်ချင်သည့် ဆန္ဒတွေ နက်နက်နဲနဲ ဖြစ်ပေါ်လာ၏။

သို့သော် မိုက်ကယ် သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

"သူတို့ ကျုပ်ကို ညာတယ် ဒေါက်တာ ဂရက်ဆင်။ အဲဒါ ခင်ဗျား သိလား။ သူသေပြီလို့ ကျုပ်ကို ပြောထားကြတယ်"

သူ့ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံနေပြီ။

"ကျုပ်ဟာ နှစ်နှစ်လုံးလုံး ရှင်လျက်နှင့် သေနေခဲ့ရတယ်။ စက်ရုပ်တစ်ခုလို အလုပ်လုပ်ခဲ့ရတယ်။ သူ့အစား ကျုပ်ပဲသေပါစေတော့လို့ ဆုတောင်းရင်း တစ်ချိန်လုံး တနုံ့နုံ့ ခံစားခဲ့ရတယ်"

သူ့ရင်ထဲတွင် ဆို့နင့်နေသလို ရှေ့ဆက်မပြောနိုင်ဘဲ ရပ်သွားသည်။ ဒေါက်တာ ဂရက်ဆင်က မိုက်ကယ်ထံမှ မျက်နှာ လွှဲလိုက်သည်။

"ကျုပ် သူ့ကို ဒီမှာ လာတွေ့တော့... ကျုပ်... လုံးဝ မရိပ်မိဘူး။ ဩော်... ဒါကြောင့် ကျုပ်ကို သတ်ပစ်ချင်အောင် မုန်းနေတာကိုး။ ဟုတ်တယ် မဟုတ်လား၊ သူ ကျုပ်ကို တူးတူးခါးခါး မုန်းနေပြီ မဟုတ်လား"

မိုက်ကယ်သည် နီးရာ ကုလားထိုင် တစ်လုံးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။

"မင်းကို သူ မမုန်းပါဘူးကွယ်။ ပြီးခဲ့တာတွေကို ပြီးခဲ့တဲ့ အတိုင်းအတိတ်မှာ မြှုပ်နှံခဲ့ဖို့ပဲ သူ ဆန္ဒရှိတာပါ။ ဒါတော့ သူ့မှာ လုပ်ပိုင်ခွင့် ရှိတယ်လေ"

ငါကလည်း သူ့ကို ရပိုင်ခွင့် ရှိတယ်လေဟု ထည့်ပြောလိုက်ချင်သော်လည်း မပြောနိုင်။ မပြောရက်။ သို့သော် သူ ဘာဆက်ပြောချင်သည်ကို သိလိုက်သလို မိုက်ကယ့် ခေါင်းထဲတွင် ဆုံးဖြတ်ချက်တစ်ချက် ဝင်းလက်သွားသည်။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



သည် ခါတ်ပုံ ဆရာမကလေး၏ နောက်တွင် ဆရာဝန်တစ်ယောက် ရှိခဲ့သည်ဟု ကြားဖူးခဲ့သည် မဟုတ်လား။

သူနားတွေ အူသွားသည်။ နှစ်နှစ်တာမျှ ကျိတ်ခဲခိုအောင်းနေခဲ့သော ဒေါသယမ်းအိုးသည် တစ်မုဟုတ်ချင်း ပေါက်ကွဲလေပြီ။ ဝုန်းခနဲ ထပြေးသွားကာ ဆရာဝန်၏ အင်္ကျီရင်ဘတ်ကို တအားဆွဲပြီး ဆုပ်ကိုင်လိုက်၏။

"သူ့ အတိတ်ကို မြှုပ်နှံလိုက်မယ်တို့ ဘာတို့ ဆိုတာတွေ ခင်ဗျားက ဘယ်လို ပြောနိုင်မလဲ။ ခင်ဗျားမှာ ပြောဖို့ကော ဘာအခွင့်ရှိလဲ။ ခင်ဗျား ဘယ်လို လုပ် သိလဲ။ အဲဒီ ကျုပ်တို့ရဲ့ အတိတ်ဆိုတာကို ခင်ဗျား ဘယ်လောက်သိလို့လဲ၊ ဒီကိစ္စဟာ သူ့အတွက်ကော ကျုပ်အတွက်ပါ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ခင်ဗျားသိရဲ့လား။

"ဘာလဲ။ သူ့ဘဝ သူနေပါစေတော့ ဟုတ်လား။ ကျုပ်ကို သူ့ဘဝထဲက မောင်းထုတ်ပြီး ခင်ဗျားက အပိုင်စီးမယ်ပေါ့ ဟုတ်လား၊ ဟုတ်လား ဂရက်ဆင်။ ဟုတ်တယ် မဟုတ်လား။ ခင်ဗျား တော်တော် အကျင့်ယုတ်တဲ့ လူ။ ခင်ဗျား ကြီးက ကျုပ်ဘဝကို ကလေးကစားစရာများ အောက်မေ့နေလား၊ ဟုတ်လား၊ နန်စီကိုယ်တိုင်မပြောမချင်း ကျုပ် ဘာမှ မယုံဘူးဗျ၊ မယုံဘူး"

"သူ့ကို မနှောင့်ယှက်ပါနဲ့တော့လို့ မင်းကို ပြောပြီးပြီပဲ"

ဆရာဝန် အသံမှာ တည်ငြိမ်လျက်။ ဆရာဝန့် မျက်လုံးတွေမှာ မိုက်ကယ့် မျက်နှာကို တည့်တည့်ကြည့်လျက်။

မိုက်ကယ် နောက်ဆုတ်လိုက်၏။ သူ့မျက်နှာတွင် စိတ်ရှုပ်ခြင်း၊ ဒေါသ ဖြစ်ခြင်းတို့နှင့် အတူ မျှော်လင့်ခြင်း အရိပ်အရောင်တွေ အထင်းသား ပေါ်လွင်နေ သည်။ နှစ်နှစ်အတွင်း ပထမဆုံး ပြန်လည် အသက်ဝင်လာခြင်းမျိုး။

"မဟုတ်ဘူး ဒေါက်တာ၊ အဲဒီ စကားလုံးကို မာရီအဒမ်ဆန်က ပြောတာ၊ နန်စီက ကျွန်တော့်ကို နှစ်နှစ်အတွင်း စကားတစ်လုံးမှ မပြောသေးဘူး၊ ရှင်းစရာ တွေ ပြောစရာတွေ သူ့မှာ ရှိနေမှာ သေချာတယ်။ ဘာဖြစ်လို့ သူ ခါတ်မြှုပ် နေရတာလဲ၊ ဘာဖြစ်လို့ ကျုပ်ကိုအဆက်အသွယ် မလုပ်တာလဲ။ ဘာဖြစ်လို့ သူသေပြီလို့ ကျုပ်ကို ပြောကြတာလဲ။ အဲဒါတွေကို နန်စီလုပ်တာလား၊ ဘယ်သူ လုပ်တာလဲ။ နေပါဦး ဒါထက်..."

ဒုတိယအကြိမ်



မေးမည့် မေးခွန်းကို တော်တော်နှင့် နှုတ်က မထွက်ဖြစ်။ ဘာ့ကြောင့်ဆို အဖြေကို သူ သိနှင့်နေပြီးသောကြောင့်တည်း။

"သူ့အတွက် ခွဲစိတ်ကုသ စရိတ်တွေကို ဘယ်သူပေးလဲ"

မိုက်ကယ်က ဒေါက်တာ ဂရက်ဆင်၏ မျက်နှာတည့်တည့်ကို စူးစူး စိုက်စိုက် ကြည့်ပြီး မေးလိုက်သည်။

"မောင်ရင့် မေးခွန်းတွေအားလုံး ကျုပ် ဘယ်နားလည်နိုင်ပါ့မလဲ"

"ဒါဖြင့် ခင်ဗျား နားလည်တာကို ဖြေ"

"ကျုပ်မှာ ဖြေပိုင်ခွင့်..."

"ခင်ဗျားကြီး ကျုပ်ကို ဒီလိုလုပ်လို့ မရဘူးဗျ"

မိုက်ကယ် ရှေ့တိုးလာပြန်သည်။ ပီတာက လက်ကာပြပြီး

"စရိတ် အားလုံး မောင်ရင့်အမေက အကုန်အကျခံတာပါ။ အခင်းဖြစ်ပြီး နောက်ပိုင်း ခုထိဆိုပါတော့။ ဒါဟာ မစ္စက်ဟီးလ်ယဒ်ရဲ့ အကောင်းဆုံး လက် ဆောင်ပဲ မိုက်ကယ် ဟီးလ်ယဒ်"

မဟုတ်ပါစေနှင့်ဟု ဆုတောင်းနေသည့် ကြားက ထင်သည့်အတိုင်း ဖြစ်နေသည်။ လက်စသတ်တော့ သူ့ဘဝ ကောင်းစားရေးအတွက် မိုက်မိုက်မဲမဲ စီမံကိန်း ချခဲ့သူမှာ သူ့အမေပါကလား။ နန်စီရှိရာသို့ သူ့ကို အရောက်ပြန်ပို့ ပေးခဲ့သူမှာလည်း သူ့အမေပင်။ မိုက်ကယ်က ဆရာဝန်ကိုကြည့်ပြီး ခေါင်းတဆတ် ဆတ် ညိတ်လိုက်၏။

"ကဲ ခင်ဗျားကကော၊ ခင်ဗျားနဲ့ နန်စီရဲ့ ဆက်ဆံရေး အခြေအနေကို ကျုပ် တိတိကျကျ သိချင်တယ်"

"အဲဒါ မောင်ရင်နဲ့ မဆိုင်ပါဘူးကွာ"

"ဟော့လူ... ခင်ဗျား"

မိုက်ကယ့် လက်တွေက ဆရာဝန်၏ ကုတ်အင်္ကျီ ရင်ဘတ်ဆီသို့ ရောက် သွားပြန်သည်။ ပီတာက လက်တစ်ဖက်ဖြင့် တွန်းရင်း

"ဟေ့၊ မင်းတော်တော့။ မင်းလိုချင်တဲ့ အဖြေတွေ အားလုံး မာရီဆီမှာပဲ ရှိတယ်။ သူ ဘာဖြစ်တယ်၊ ဘယ်သူ့ကို လိုချင်တယ်ဆိုတာ သူပဲ သိမယ်။ မင်း ကိုကော၊ ငါ့ကိုကော ငြင်းချင်ငြင်းမယ်။ မင်း နားလည်လား။ မင်းက သူ့ကို

ဆွေမှုန်စာပေလုပ်ငန်း

www.burmeseclassic.com



နှစ်နှစ် လုံးလုံးကြီး ပစ်ထားခဲ့တယ်။ သူကလည်း မင်းကို အဆက်အသွယ် မလုပ်ခဲ့ဘူး။ ငါ့ကိုတော့ သူ့ အဖေအရှုယ် ဖြစ်နေပြန်တယ်…"

ပီတာသည် စကားဖြတ်ပြီး သူ့စားပွဲမှ ကုလားထိုင်တွင် လေးလံစွာ ထိုင်ချလိုက်၏။ ပြီးတော့ သနားစဖွယ် ပြုံးသည်။

"ပြဿနာက သူပဲ ဖြေရှင်းနိုင်မယ် သူငယ်ချင်း။ ကိုယ်တော့ အဲဒီလိုပဲ သဘောပေါက်တော့တယ်"

မိုက်ကယ်က လက်ပတ်နာရီကို ငုံ့ကြည့်၏။

"သူ့အခန်းကို ကျုပ်လိုက်သွားမယ်"

"မောင်ရင် သူ့အခန်းသွားလို့ ဘာမှ အကျိုးမထူးဘူး"

ပီတာက မေးစေ့ကို ပွတ်ပြီး မိုက်ကယ်ကို စောင့်ကြည့်နေသည်။ ကံကောင်းပါစေဟု ဆုတောင်းမိမတတ် ဖြစ်သွား၏။

"မောင်ရင် ဒီမရောက်ခင်ကလေးပဲ သူလေယာဉ်ပျံကွင်းက ဖုန်းဆက်တယ်"

သည်တစ်ကြိမ် တုန်လှုပ်ချောက်ချားသွားရသူမှာ မိုက်ကယ်။

"ဘာဗျ… သူ ဘယ်သွားတာလဲ ဟင်"

ပီတာ ချီတုံ ချတုံ ဖြစ်နေ၏။ ဘာမျှ ပြောစရာ မလို။ မပြောလျှင်လည်း သူဘာမျှ တတ်နိုင်မည် မဟုတ်။ ပြောစရာ မလို…။

"ဘော့စတွန်ကို သွားတယ်"

မိုက်ကယ်က ပီတာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်လာသည်။ နှုတ်ခမ်း အစုံတွင် ပြုံးရိပ်သမ်းသွားသည်။ ပြီးတော့ တံခါးဆီသို့ တဟုန်ထိုး ပြေးသွားတော့၏။ တံခါးဝ ရောက်မှ ပြန်လှည့်ပြီး ပီတာကို လက်တစ်ဖက်ဖြင့် အလေးပြုလိုက်သည်။ ပြုံးလျက်။

"ကျေးဇူးတင်တယ် ဒေါက်တာ"

* * *

# ၃၂

ရုဏ်တက်လောက်တွင် နိုးနေသည်။ ပေါ့ပါးလျက်။ ရွှင်လန်းလျက်။ လပေါင်းများစွာအတွင်း သည်နေ့သည် နေလို့ အကောင်းဆုံးနေ့။

မမြင်နိုင်သည့် အနှောင်အဖွဲ့များမှ လွတ်မြောက်တော့မည့်နေ့ မဟုတ်သား။

တစ်နံနက်ခင်းတွင် မိုက်ကယ်နှင့် သစ္စာထားခဲ့ကြသည့် ချစ်ကတိ အထိမ်းအမှတ်ကလေးသည် ကလေးကလား နိုင်သော်လည်း တစ်ချိန်လုံးရစ်ပတ် နှောင်ဖွဲ့နေခဲ့သည်။ ထိုစဉ်က အသည်း နှလုံးထဲက ဆိုခဲ့သည့် သစ္စာစကားများ မဟုတ်သား။

နံနက်စာပင် မစားတော့ဘဲ ကော်ဖီနှစ်ခွက် ဆင့်သောက်ပြီး ငှားထားသည့်ကားကို မောင်းထွက်လာခဲ့၏။ နှစ်နာရီခန့် မောင်းရမည်ဖြစ်၍ ဆယ်နာရီတွင် ရောက်မည်။ မွန်းတည့်ချိန်လောက်တွင် ဟိုတယ်သို့ ပြန်ရောက်မည်။ နေ့လယ်ပိုင်း ထွက်မည့် လေယာဉ် မီနိုင်သေးသည်။

ဆန်ဖရန်စစ္စကိုသို့ စောစောရောက်လျှင် ပီတာကို သူ့ရုံးခန်းမှာ ဝင်ခေါ်မည်။ သို့မှ အံ့သြသွားမည်။ သနားစရာ့ ပီတာ။

သူ့ခမျာ စိတ်မချဘဲ လွှတ်လိုက်ရရှာသည်လေ။

လမ်းတစ်လျှောက်လုံး ပီတာ့ အကြောင်း စဉ်းစားလာခဲ့သည်။ ပီတာကို သည့်ထက်ပို၍ ပေးဆပ်နိုင်ခဲ့ဖို့ ကောင်းသည်။ ပေးချင်ပါတယ် ပီတာရယ်။ ဒီက အပြန်မှာ မာရီ လုံးဝ ပြောင်းလဲလာတော့မှာပါ ပီတာ။



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးက နယူးအင်္ဂလန် တောင်ပိုင်းကို ဖြတ်မောင်းနေသည်။ ပတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်မိ။ ရွခင်းတွေက မှုန်မှိုင်းမှိုင်း ပြာနှမ်းနှမ်းရှိနေသော သစ်ပင်တွေတွင် ရွက်နုတွေ မဝေသေး။ နှစ်နှစ်လုံးလုံး သည်မြင်ကွင်းတွေ အသက် မဲ့နေခဲ့သလို။

တောပွဲ ဈေးလုပ်သည့် ရွာကလေးကို ဖြတ်တော့ ကိုးနာရီခွဲပြီ။ ပွဲခင်းနေရာကို မှတ်မိနေသေးသည်။ ရင်ထဲတွင် နင့်သွား၏။ အသက်ရှူ၍ မဝချင်သလို ဖြစ်လာသည်။

ကမ်းခြေဘက်သို့ ဆက်မောင်းလာသည်။ တစ်နေရာတွင် ကားကိုရပ်ပြီး ကားပေါ်မှ ဆင်းလိုက်၏။ ခြေထောက်တွေ တောင့်တင်းနေသော်လည်း ပင်ပန်းသည်ဟု မထင်ရ။ စိတ်ထဲတွင် ပေါ့ပါးရွှင်လန်း နေသည်။ လှုပ်ရှား၍လည်း နေသည်။

လုပ်စရာ ရှိသည်ကိုတော့ လုပ်ရမည်။ သစ်ပင်ကြီးကို လှမ်းမြင် နေရပြီ လေ။ ကမ်းခြေရှုခင်းကို အကြာကြီး ငေးနေမိ၏။ သည် ပတ်ဝန်းကျင်ကတော့ သူတို့၏ လျှို့ဝှက်ချက် ကလေးကို သိနေကြမည်ထင်၏။ သည်နေရာသို့ သူ ပြန်အလာကို စောင့်နေကြသည့်နှယ်။

ထိုနေရာသို့ ဖြည်းဖြည်း လေးလေး လျှောက်သွားသည်။ မိတ်ဟောင်း ဆွေဟောင်း တစ်ယောက်နှင့် တွေ့ဖို့ သွားနေသလို။ သို့ပေမဲ့ မိတ်ဟောင်း ဆွေဟောင်းတော့ မဖြစ်နိုင်တော့ဘူး ပေါ့နော်။ တရံရောအခါက ချစ်ခဲ့သည့်အမှု မှန်သမျှသည် ခုတော့ သူစိမ်းပြင်ပြင် ဖြစ်ကြရတော့မည်လေ။ သည်နေရာသည် နန်စီမက်အယ်လစ္စတာ၏ သင်္ချိုင်းမြေ ဖြစ်ရတော့မည် မဟုတ်လား။

သဲသောင်ကို ဖြတ်လျှောက်သွားသည်။ ကျောက်ဆောင်ကြီးမှာ မှုန် နေရာတွင် ဘာဆိုဘာမျှ အပြောင်းအလဲ မရှိပါကလား။ ပြောင်းလဲခဲ့သည်က သူနှင့် မိုက်ကယ်ရယ်လေ။ တစ်သက်မခွဲဟု သစ္စာနှံခဲ့ကြသူတွေသည် ခုတော့ ကျောချင်းကပ်၍ တရွေ့ရွေ့ ခွာပြီး တစ်ကမ္ဘာဆီသို့ သွားကြရတော့မည်။

ကျောက်တုံးကြီး နံဘေးတွင် အကြာကြီး ရပ်နေမိ၏။ လုပ်ရမည့် အလုပ် အတွက် ခွန်အားတွေ စုစည်းနေသည့် အလား။ နောက်ဆုံးတွင် ခါးကိုကိုင်း ရှိသရွေ့အားတွေကို သွန်ပြီး တွန်းသည်။





ခဏကြာတော့ ကျောက်တုံးကြီး ရွေ့သွားသည်။ တစ်ဖက်သို့ လည် ထွက်သွားသည်။ သည်တော့မှ သဲထဲကို သူ အလောတကြီး ယက်သည်။ ဟော တော့။ မရှိတော့ ပါလား။

ကျောက်တုံးကြီးကို ထပ်တွန်းပြီး အောက်ဘက်ကို ထပ်ဆွကြည့်ပြန် သည်။ မရှိတော့။ ရောင်စုံပုတီးကလေး မရှိတော့။ စိတ်ပျက်လက်ပျက်နှင့် ကျောက် တုံးကို သူ့နေရာသို့ ပြန်တွန်းပို့မည် လုပ်နေစဉ် နောက်မှ အသံတစ်သံ ကြားလိုက် ၏။

"မင်း ဘယ်ရမလဲ၊ ပိုင်ရှင်က မင်းမှမဟုတ်တာ။ ဒီပစ္စည်းပိုင်ရှင်က ကိုယ့်ချစ်သူ ကွ။ ကိုယ့် ရင်ထဲမှာ အမြဲ ရှိနေတဲ့ ကိုယ့်ချစ်သူ"

မိုက်ကယ့် အသံတွေ တုန်ယင်လာပြီး မျက်ရည်တွေ စီးကျလာသည်။ သည်နေရာကို ရောက်ပြီး ညတစ်ဝက်လုံးလုံး ငုတ်တုတ် ထိုင်စောင့်နေခဲ့ရသည်။ သူ့ထက် စောရောက်အောင် ဂျက်လေယာဉ် တစ်စင်းကို စင်းလုံးငှားပြီး လာခဲ့ရ သည်။

မိုက်ကယ်က လက်ဆန့်ပြီး လက်ခုပ်ထဲမှ ပုတီးကလေးကို ပြသည်။ သဲတွေ လူးနေသည့် ပုတီးကလေး။ သည်ပုတီးကလေးကို ကြည့်ပြီး မာရီ မျက်ရည် တွေတွေကျလာသည်။

"ချစ်သူကို နှုတ်ဆက်စကား ဘယ်တော့မှ မဆိုဘူးလို့ ကိုယ် သစ္စာဆိုခဲ့ တယ်နော်။ ဘယ်တုန်းကမှ နှုတ်ဆက်စကား မဆိုခဲ့ပါဘူးကွယ်"

မျက်ရည်တွေ အပြည့်ဖြင့် အကြည့်ချင်း ဆုံကြသည်။

"ဒါဖြင့် ဘာလို့ လိုက်မရှာလဲ"

"အားလုံးက သေသွားပြီလို့ ပြောထားတာကိုး"

"ဒီကလည်း သူ့ကို ဘယ်တော့မှ ပြန်မဆက်တော့ ပါဘူးလို့ ကတိပေး ထားရတယ်လေ။ မျက်နှာအသစ် ရဖို့အတွက် ပေါ့။ အဲဒီတုန်းက ကတိပေးလိုက်ရ တာက သူ တွေ့အောင် ရှာမှာပဲထင်လို့၊ သူက လိုက်မရှာတော့..."

"ဒီလိုမှန်းသိရင် မြေလှန် ရှာတာပေါ့ကွယ်။ မင်းဆိုခဲ့တဲ့ ကတိစကားတွေ ကိုကော မှတ်မိသေးရဲ့လား ဟင်"

မျက်လုံးကလေးတွေ မှိတ်ထားလိုက်သည်။ ပြီးတော့ ကလေး တစ် ယောက်လို တတွတ်တွတ် ရွတ်ဆိုနေသည်။ ပထမဆုံးအကြိမ်အဖြစ် နန်စီ၏

www.burmeseclassic.com



အသံနှင့် တူသလိုလို ခံစားလိုက်ရသည်။ သူစွဲလမ်းနှစ်သက်ခဲ့ဖူးသည့် အသံ။

ဤကျောက်ဆောင်အောက်တွင် မြှုပ်နှံထားသည့် ဤပစ္စည်းကလေးကို ကော မည်သည့်ရည်ရွယ်ချက်ဖြင့် မြှုပ်နှံထားရှိသည်ကိုကော အစဉ်သတိရလျက် ရှိနေပါမည်ဟု ကတိသစ္စာဆိုပါသည်။

"မင်း ကိုယ့်ကို တကယ် မေ့နိုင်ပြီလား ဟင်"

မိုက်ကယ့် မျက်လုံးအိမ်ထဲမှ မျက်ရည်ဥတွေ ပါးပြင်ပေါ်သို့ တသွင်သွင် စီးကျနေလေပြီ။

နန်စီ ခေါင်းခါသည်။

"မေ့ဖို့တော့ အပြင်းအထန် ကြိုးစားခဲ့တယ်"

"နန်စီရယ်... ကိုယ့်ကို ပြန်ချစ်နိုင်ပါဦးမလား ဟင်"

ရှေ့ဆက်ပြီး စကားပြော၍ မရတော့။ နန်စီ့ အနား တိုးသွားပြီး ရင်ခွင်ထဲသို့ အသာအယာ ဆွဲယူလိုက်၏။ တင်းတင်းကြီး ဖက်ထားလိုက်၏။

"ဩော်... နန်စီရယ်... ကိုယ် အမြဲတမ်း ချစ်ခဲ့တာပါကွယ်။ မင်းသေတယ်ဆိုတော့ ကိုယ်ပါ လိုက်သေချင်တာပါ နန်စီ။ မထူးပါဘူးလေ၊ ခုလည်း သေခဲ့တာနဲ့ အတူတူပါပဲ"

နန်စီမှာ စကားပြော၍ မထွက်တော့ဘဲ မိုက်ကယ့် ရင်ခွင်တွင် မျက်နှာအပ်၍ သည်းထန်စွာ တသိမ့်သိမ့် ငိုကြွေးနေတော့၏။

မျှော်လင့်ခြင်း ကင်းမဲ့စွာဖြင့် မျှော်တခဲ့ရသည့် ရက်တွေ၊ လတွေ၊ နှစ်တွေအတွက်လေ။ အရုပ်ကလေး တစ်ရုပ်ကို ရသည့် ကလေးငယ် တစ်ယောက်လို။ နောက်တစ်ကြိမ် လွတ်ထွက်သွားမည်ကို စိုးရိမ်နေသည့် အလား မိုက်ကယ်ကို တအား ပြန်ဖက်ထား၏။

အားရအောင် ငိုပြီးမှ အသက်ကို ဝအောင်ရှူကာ

"ချစ်တယ်ကွယ်၊ မောင့်ကို ချစ်လွန်းလို့ လိုက်ရှာနိုး တွေ့လာနိုးနဲ့ စောင့်နေခဲ့ရတာပါ"

"နန်စီ... မာရီ... အို... ဘယ်လိုခေါ်ရမှာလဲကွယ်"

ပီဘိကလေးတွေလို မျက်ရည်အရွဲသားနှင့် ရယ်လိုက်ကြသည်။

"လက်ထပ်ကြစို့နော်။ ဒီတစ်ခါ လူလူသူသူ မင်္ဂလာဆောင်ကြမယ်။ လူတွေအများကြီး ဖိတ်မယ်။ ဂီတသံတွေ ပျံ့လွင့်နေစေရမယ်"

ဒုတိယအကြိမ်



မိုက်ကယ်က သူ့အမေ မင်္ဂလာဆောင်ကို သတိရနေသည်။ ဘာကြောင့် န်း မသိ၊ မေမေ့အပေါ် ဖြစ်ပေါ်ခဲ့သည့် ဒေါသတွေ ငြိမ်းပြေသွားကြလေပြီ။ လုံးဝ ခွင့်လွှတ်နိုင်စရာ မရှိသည့် အပြစ်အတွက် မိခင်ကို ခွင့်လွှတ်ချင်နေသည်။

ချစ်သူ ရင်ခွင်ထဲပြန်ရောက်လာပြီလေ။ ဘာလိုပါတော့သလဲ။ ငုံ့ကြည့်ပြီး ပြုံးလိုက်၏။ မျက်စိထဲတွင်တော့ မင်္ဂလာ အခမ်းအနားကြီးကိုပဲ မြင်ယောင်နေသည်။

နန်စီက ခေါင်းယမ်းသည်။ မိုက်ကယ့် နှလုံးသွေးတွေ ရပ်တန့် သွား လောက် အထိတ်တလန့် ဖြစ်သွား၏။

"အဲဒီလောက် အကြာကြီး စောင့်ရဦးမှာလား မောင်ရယ်။ အဲဒီ လူတွေ၊ တာတွေကော လိုသေးလို့လားဟင်"

"ဒါဖြင့်၊ ဒါဖြင့်... နန်စီက ခုချက်ချင်း၊ ခုချက်ချင်း..."

မိုက်ကယ် နှုတ်ဆွံ့နေသည်။ ဆက်မပြောရဲ။ မပြောရက်။

"အင်းလေ၊ ဘာဖြစ်လဲ။ ခုချက်ချင်း ပေါ့။ နောက်ထပ် မစောင့်ပါရစေနဲ့ တော့ မောင်ရယ်။ နန်စီ ကြောက်တယ် သိလား။ ဒီကြားထဲ တစ်ခုခု ထပ်ဖြစ်မှာ ကြောက်နေတယ်။ ဒီတစ်ခါ မောင့်ကို ထိခိုက်မှဖြင့်..."

မိုက်ကယ် ခေါင်းညိတ်သည်။ ချစ်သူကို တင်းသည်ထက် တင်းတင်းဖက် ထားလိုက်သည်။ အရှေ့ယွန်းယွန်းမှ နေဝန်း၏ ဝင်းဖျော့ဖျော့ ရောင်ခြည်သည် တိမ်ထုကို ဖောက်ထွင်းကာ ပင်လယ်ပြင်ကို ဆွတ်ဖျန်းလိုက်၏။ ရေလှိုင်းသံတို့ ိုးသက် ညင်သာစွာ ထွက်ပေါ်နေ၏။

သည် အဓိပ္ပာယ်ကို မိုက်ကယ် တစ်ယောက် ကောင်းစွာ နားလည်လိုက် ါ၏။

စာချစ်သူများအားလေးစားလျက်

မြတ်ငြိမ်း

၁၆–၉–၀၁

www.burmeseclassic.com